# သီတာရေစင်

အရှင်သီရိကာဍ္ဍနာဘိဝံသ

ဒွါဒသမအကြိမ်

# ကန်တော့လွှာ

ရတနာသုံးပါး

မိဘများနှင့်

သင် - ကြား - မြင် - ရာ

မြတ်ဆရာအား

ဝမ်းသာရွှင်မြူး

ကြည်နူးအာရုံ

လက်ကြာမုံဖြင့်

မာန်ဟုန်ကင်းကွာ

ကန်တော့ပါ၏ ။

စာရေးသူ

# ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| စာမူခွင့်ပြုချက် | = | ၂၃၀၆၉၅၀၅၀၉ |
| မျက်နှာဖုံးခွင့်ပြုချက် | = | ၃၂၀၆၀၃၀၅၀၉ |
| အကြိမ် | = | ဒွိဒသမအကြိမ် |
| ထုတ်ဝေသည့်ကာလ | = | ၂၀၁၁၊ အောက်တိုဘာလ |
| အုပ်ရေ | = | ၃၀၀၀ |
| စီစဉ်သူ | = | နေမျိုးဝင်း (တိ=နိ)ပုံနှိပ်တိုက် |
| ကွန်ပျူတာစာစီ | = | ဦးပညာသာမိ (ဆင်ဖြူကျောင်း) မော်လမြိုင်မြို့ |
| မျက်နှာဖုံးနှင့်အတွင်းပုံနှိပ် | = | ဦးအောင်သန်း (၂)၊ မြဲ(၀၃၁၆၅) တိပိဋက – နိကာယပုံနှိပ်တိုက်။ |
| အတွင်းပန်းချီ | = | ဦးဘကြည်၊ ဘယဲညို၊ ဦးအေးမြင့် |
| ထုတ်ဝေသူ | = | ဦးအောင်သန်း (၂) (၃၀၀၇) အမှတ် (၁၂) စကားဝါလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့ ။ |
| ဖြန့်ချိရေး | = | သစ္စာမဏ္ဍိုင်ပိဋကတ်စာအုပ်ဆိုင် အမှတ် ၂–၃၊ ၆၂–၆၃ ရွှေတိဂုံတောင်ဘက်မုခ်၊ ရန်ကုန်မြို့။ ဆိုင် – ၃၈၃၇၅၁၊ ၃၈၇၈၄၉၊ ၃၈၃၅၁၁ လိုင်းခွဲ (၁၈၅)၊ (၁၆၄) |
| တန်ဖိုး | = | ၂၂၀၀ ) |


အမှတ် ၂၈၄၄၂
ရက်စွဲ ၂၃.၉.၂၀၁၃

# ကျေးဇူးဆပ်ပဏ္ဏာ

အနန္တဂိုဏ်းဝင်

ကျေးဇူးရှင်မိဘများဖြစ်ကြသော

ခမည်းတော် ဦးညိုစိမ့်

မယ်တော် ဒေါ်ပိုးမျှင်

တို့အားလည်းကောင်း

ရဟန်းဒကာ–ရဟန်းအမများဖြစ်ကြသော

ဦးဘသိန်း + ဒေါ်အုန်းမယ်၊ သမီး– မလှသစ် (မိတ္ထီလာ)

ဦးဟော့ကျင် + ဒေါ်ကြိုင်(မော်လမြိုင်)

မိသားစုတို့အားလည်းကောင်း

ဤသီတာရေစင်စာအုပ်ဖြင့်

ကျေးဇူးဆပ်ပါသည်။

# ကျေးဇူးတင်လွှာ

မိဘနှင့်သားသမီးအကြောင်းရေးသားရန် တိုက်တွန်းအားပေးတော်မူသော
" နိုင်ငံတော် သြဝါဒါစရိယ၊ အဂ္ဂမဟာပဏ္ဍိတ "
ကျေးဇူးတော်ရှင် ကော့လှာဆရာတော်ဘုရားကြီးအား
ဂါရဝတရားဖြင့် ဦးထိပ်မှာထားလျက်

ကျေးဇူးတင်လွှာအမှတ်(၁)= သီတာရေစင်ကို ရှုမြင်သုံးသပ် တည်းဖြတ်ပေးကြသောဆရာတော်များနှင့်အကြံ ဉာဏ်ပေးကြသော လူ ပုဂ္ဂိုလ် များအား ကျေးဇူးတင်ပါသည်။

ကျေးဇူးတင်လွှာအမှတ်(၂) = စာအုပ်ဖြစ်မြောက်အောင် ကူညီဆောင်ရွက်ပေးကြသော အရှင်နန္ဒဝံသ (ဝဲပျံ)၊ အရှင်ရာဇိန္ဒသိရိ(ရန်ကုန်-အိမ်တော်ရာ) တို့အား ကျေးဇူးတင်ပါသည်။

ကျေးဇူးတင်လွှာအမှတ်(၃) = ကွန်ပျူတာစာစီပေးသော ဦးပညာသာမိ (ဆင်ဖြူကျောင်း)နှင့်၊ စာပိုဒ်ခွဲကာ ပြင်ဆင်ပေးသော မောင်မျိုးအေး (ဆွေမိုးမိတ္တူ) တို့အား ကျေးဇူးတင်ပါသည်။

ကျေးဇူးတင်လွှာအမှတ်(၄) = ပထမအကြိမ် ရိုက်နှိပ်ခဲ့စဉ်က တစ်ဦးတည်း ဓမ္မဒါနအဖြစ် လှူဒါန်းပေးကြသော (ဦးစစ်နိုင်) ဒေါ်မြအေး၊ သား-ကိုဇော်နိုင်+မခင်အေးသန်း မိသားစုတို့အား အထူးကျေးဇူးတင်ပါသည်။

စာရေးသူ

## သုံးသပ်ရှုမြင် သီတာရေစင်

ဤသီတာရေစင်စာအုပ်သည် အနန္တမေတ္တာရှင်ဖြစ်ကြကုန်သော မိခင်ဖခင်ဆရာသခင်တို့၏ သားသမီးနှင့် တပည့်များအပေါ် ထားအပ်သော ထုထည်ကြီးမားလှသော မေတ္တာ, ကရုဏာ, စေတနာတို့၏သဘောထားကို လူတိုင်း ဖတ်ရှုသူတိုင်း စိတ်ဝင်စားလာနိုင်အောင် ပြင်ပဗဟုသုတများစွာဖြင့်လည်းကောင်း၊ ဘုရားဟောဇာတ်ဝတ္ထုအကြောင်းစုံသာကေတို့ဖြင့်လည်းကောင်း၊ လူငယ်လူရွယ်လူကြီးပါမကျန် မြန်မာပြည်ထောင်တစ်ဝန်းလုံးရှိနိုင်ငံတော်ကြီးနှင့်တကွ အမျိုးဘာသာသာသနာတော်ကို ချစ်မြတ်နိုးကြတဲ့ ပုဂ္ဂိုလ်အားလုံး စိတ်ပါဝင်စားလာအောင် ဤသီတာရေစင်စာအုပ်ကို ရေးသားထားသောကြောင့် မိဘနှင့်သားသမီးတို့၏အကြား အတွေးများ, အသိများ, အမှတ်များ, အပေါင်းများခြင်းခံစားနေရတဲ့ ဆိုးဝါးလှသော တရားယုတ် အမြစ်ပါပြုတ်၍ အမိမြန်မာနိုင်ငံတော်အတွက် တာဝန်သိ၍ တာဝန်ရှိတဲ့ သားလိမ္မာသမီးရတနာတွေဖြစ်လာနိုင်ကြပါလိမ့်မည်။

(ဘဒ္ဒန္တသြဘာသ - ကော့လှာကျောင်းဆရာတော်)
အဂ္ဂမဟာပဏ္ဍိတ

ထွဋ်ခေါင်ဆရာတော်သည် ဤသီတာရေစင်စာအုပ်ကို လောကုတ်လောကီနှစ်လီသော ဗဟုသုတများဖြင့် လောကမှာ ကျေးဇူးအကြီးမားဆုံးဖြစ်သော မိဘနှစ်ပါးအကြောင်းကို ရေးသားတင်ပြထားသောကြောင့် အားလုံးသောလူသားများသည် ၎င်းသီတာရေစင်စာအုပ်ကို သေချာစွာကြည့်ရှု၍ မိဘနှစ်ပါးကို ကောင်းကောင်းကျေးဇူးဆပ်ပြီး ပစ္စုပ္ပန်ကောင်းကျိုးသာမက နောင်တမလွန် ကောင်းရာသုဂတိဘဝများသို့လည်း ရောက်ရှိနိုင်ကြပေလိမ့်မည်။

**(ဘဒ္ဒန္တဝိစိတ္တ– မြို့တော်ဦးဆရာတော်)**

ရတနာသုံးပါး မိဘဆရာ ဤငါးဖြာနှင့် လေးစားထိုက်သူ ရိုသေထိုက်သူ ဘယ်သူ ဘယ်ဝါ သေချာဃဏ တိကျသေချာသိသောသူ, သိလျက်လုပ်သောသူ ရှားပါးလာသော ယခုအချိန်အခါ၌၊ ဤကဲ့သို့ လူသားတို့၏ မေ့လျော့နေသော ပမာဒတရားကို တပ်လှန့်နှိုးကာ ဝိုးတဝါး အမြင်မကြည်ဖြစ်နေသည်ကို ထင်ရှားပီပြင်သတိဝင်စေလျက်၊ ကျေးဇူးတရားမသိသေးသောပုဂ္ဂိုလ်များလည်း အသိယှဉ်၍ သိတတ်သာစေပြီး၊ ကျေးဇူးသိတတ်ပြီးပုဂ္ဂိုလ်များလည်း မိမိတို့သိတတ်သော ကျေးဇူးအတွက် ပီတိသောမနဿများဖြစ်စေလျက်၊ ဆထက်တိုးပွား အကျိုးများမည်ဖြစ်သောကြောင့် ဤသီတာရေစင်ဟူသောစာအုပ်မှာ ပုဂ္ဂိုလ်တိုင်း ဖတ်သင့်မှတ်သင့်သော စာကောင်းတစ်ခုဖြစ်ပါကြောင်း ။

**(ဦးသုဇာတ– ဦးခန္တီဗုဒ္ဓရက္ခိတကျောင်း)**

''ဤသီတာရေစင်သည် အာဒိ,မဇ္ဈ,ပရိယောသာန–အစအလယ်အဆုံး သုံးပါးလုံး ကောင်းပါသည်''ဟူ၍တော့ ကာယကံရှင်ကိုယ်စား ကြားဝင်၍မကြွားချင်ပါ။

သို့သော်– ယနေ့ခေတ်ရုပ်ဝါဒတိုးတက်ထွန်းကားမှုနောက်သို့ တကောက်ကောက်လိုက်ပါရင်း မိမိတို့၏ မူရင်းစိတ်ဓာတ်များ တဖြည်းဖြည်း ဆုတ်ယုတ်, ပျက်စီး, ညှိုးဖျင်း,နိမ့်ကျ၍လာနေသော အချို့အချို့သော သားသမီးများအတွက် လိုအပ်လျက်ရှိသည့် ကွက်လပ်ကလေးတစ်ခုကို သတိမူ၍ မြူမြင်ရလေအောင်၊ မိုးလွန်မှထွန်ချမဖြစ်ရလေအောင် **ထူးခြားသောအတွေးအခေါ်၊ ပေါ်လွင်သောအရေးအသား၊ ထင်ရှားသောအဖြစ်အပျက်၊ ထက်မြက်သည့် အယူအဆ၊ စုံလှသည့်အကြောင်းအရာ၊ သာယာသည့်စကားလုံးအသုံးအနှုန်းတို့ဖြင့်** ယထာဘူတကျကျတင်ပြဖြည့်စွက်ပေး**ထားသည့် စာအုပ်ကောင်းတစ်အုပ်**–ဟူ၍သာ ဆိုရပါစေလား။

**(အရှင်ဝိစိတ္တသာရ– ကမ္ဘာနီ)** ၊ စိန်မမပါဠိတက္ကသိုလ်

စာရေးသူသည် သားသမီးတိုင်းအား မိဘကျေးဇူးကို သိစေလို၍၊ လိမ္မာစေလို၍၊ မိဘနှင့်သားသမီးအကြောင်း လက်လှမ်းမီသမျှ လေ့လာပြီး မီးမောင်းထိုးပြထား၏၊ (၁)မိဘကျေးဇူးသိသောသူ၊ (၂) မိဘကျေးဇူးမသိသောသူ-ဟူ၍ နှစ်မျိုးရှိသည့်အနက် မိဘကျေးဇူးကို မသိသောသူအတွက် စားရေးသူထိုးပြလိုက်သည့် မီးမောင်းက စူးစူးရှရှ ပို၍လင်းသလို၊ မိဘကျေးဇူးသိပြီးသူအတွက်လည်း တစ်မျိုးလင်းအားပေးကာ အထောက်အကူပြု အားထားရာဖြစ်နေသည်ကို တွေ့ရှိရပါသည်၊ ထို့ကြောင့် ဤသိတာရေစင် စာအုပ်သည် စာရှုသူအတွက် အမြဲတမ်း အအေးဓာတ်ကို ပေးနေလိမ့်မည်ဆိုတာ ယုံကြည်ပါသည်၊ ဖတ်ရှုလေ့လာကြပါလို့ - တိုက်တွန်းလိုက်ပါရစေ ။

**(ဘဒ္ဒန္တဉာဏောဘာသ- တောင်လေးလုံးဆရာတော်)**

**သိတာရေစင်စာအုပ်ကလေးကို ဖတ်ရှုလိုက်ရသောအခါ** မျက်မှောက်ခေတ် မြန်မာနိုင်ငံတော်တစ်ဝန်း၌ မိဘနှင့်သားသမီး၊ သားသမီးနှင့်မိဘ အချင်းချင်းသဟဇာတ မဖြစ်ကြပဲ ဝိရောဓိဆန်သော ဆက်ဆံရေးများ တိုးပွားလာချိန်မှာ မိဘတို့၏ ဂုဏ်ရည်များနှင့် နေနည်းထိုင်နည်း ဆက်ဆံနည်းများကို ပေါ်လွင်ထင်ရှားအောင် သိတာရေစင်က ညွှန်ပြထားသောကြောင့် သိတာရေစင် စီးဆင်းရာနောက်သို့ လိုက်ပါရင်း သိတာရေစင် အိုအေစစ်ကလေး သောက်သုံးခွင့်ရကာ တစ်ကိုယ်လုံး ချမ်းချမ်းမြမြ ရှိလှပေသည်။ ထို့ကြောင့် ဤသိတာရေစင်သည် မိဘဂုဏ်ရည်သိရှိလိုသူများ၊ မိဘနှင့်သားသမီး၊ သားသမီးနှင့်မိဘ သဟဇာတဖြစ်လိုသူများ၊ လူငယ်လူရွယ်များသာမက လူကြီးများပါ ဖတ်သင့်မှတ်သားသင့် သောက်သုံးသင့်သော သိတာရေစင် အမှန်ပင်ဖြစ်ပါကြောင်း ။

**(ဘဒ္ဒန္တကောသလ္လ- အတုလရန်အောင်ကျောင်း)**

ထွဋ်ခေါင်ဆရာတော်၏ "**သိတာရေစင်**"အမည်ရှိ ဤစာအုပ်၌ အကျွန်ုပ်သည် '**စာတည်း**'မဟုတ်၊ '**လူတည်း**'ဖြစ်သည်၊ '**လူတည်း**'ဆို၍ လူကို ဒုတ်စသည်တို့ဖြင့် ရိုက်နှက်၍ ဆော်တီးသောကြောင့် လူတည်း-ဟု ခေါ်သည်မဟုတ်၊ ဤစာအုပ်ရေးသားသူ၏ အကြောင်းအရာကို တင်ပြသူဖြစ်သောကြောင့် 'လူတည်း'ဟုခေါ်သည်။

**မှန်ပေသည်**၊ ဤစာအုပ်ရေးသားသူသည် စာအုပ်ထဲ၌ သူရေးခဲ့သမျှအကြောင်းအရာတို့ကို အကျွန်ုပ်အား တစ်ခုမကျန် ပြောပြပြီးမှ ရေးသားသူဖြစ်၏။ တစ်စုံတစ်ခုသော အကြောင်းအရာကို ရေးတော့မည်ဆိုလျှင် အဘယ့်ကြောင့်

ဤသို့တွေးကာ ရေးရသည်–စသည်ဖြင့် အကျွန်ုပ်အား ပြောပြသည်တို့ကို အကြိမ်ကြိမ်အဖန်ဖန် ကြားနေခဲ့ရသောကြောင့် သူ၏ဆန္ဒ သူ၏စေတနာ သူ၏လုပ်ဆောင်ချက်တို့သည် အလွန်တရာမှ အကြောင်းအကျိုး ရှေ့နောက်ထောက်ထားမှု ပြည့်စုံလှသဖြင့် သူ၏ရေးသားပြီး ဤစာသားများသည် တစ်စုံတစ်ခုမျှ ဝေဖန်စရာ ထောက်ပြစရာဟူ၍ မိမိအနေဖြင့် မတွေ့မမြင်ရပါ–ဟု ဆိုလျှင် လွန်အံ့မထင် ။

(ဘဒ္ဒန္တနန္ဒဝံသ– ဝဲပုံစာသင်တိုက်)

စာမူကြမ်းကို မပြီးစမ်းမီ စာအုပ်နာမည်လေးမြင်လိုက်သည်နှင့် သီတာရေစင်ပမာ စီးဆင်းနေသည့် မိဘတို့၏မေတ္တာတရားကို သားသမီးတွေသိအောင် တင်ပြခြင်းသာဖြစ်ပေလိမ့်မည်–ဟု ထင်ခဲ့မိ၏။

သို့သော် အတွင်းစာသားများကို ဖတ်ကြည့်လိုက်သည့်အခါ သီတာရေစင်က ဤကဲ့သို့ သားသမီးအတွက်ချည်း ရေးထားသည်မဟုတ်၊ မိဘအပိုင်း သားသမီးအပိုင်း လိုင်းက နှစ်လိုင်း၊ စုန်ရေနှင့်ဆန်ရေက မျှမျှတတ၊ သားသမီးများအတွက်ဆုံးမချက်, မိဘများအတွက် လမ်းညွှန်ချက်စသည်တို့ကို သာဓကများစွာ ဥပမာ ဥပမေယျစုံလင်စွာ တန်ဆာဆင်၍ ခေါင်းစဉ်မာတိကာ (၁၀၀)တိတိဖြင့် ရေးသားထားသည်ကို တွေ့ရ၏။

ထို့ကြောင့် မိဘတွေကိုယ်တိုင် သားသမီးလေးများကို ပေးဖတ်ပါက မိဘတို့ကိုယ်စား ဤသီတာရေစင်က သားသမီးများကို အသိဉာဏ်ပေးကာ ဆုံးမသွားပါလိမ့်မည်၊ သားသမီးများက မိဘနှစ်ပါးကို ပေးဖတ်မည်ဆိုလျှင်လည်း ဤသီတာရေစင်က မိဘများ၏အားနည်းချက် လိုအပ်ချက်ကို ထောက်ပြကာ လမ်းညွှန်မှုပေးပါလိမ့်မည်။

ထိုမျှမက မိသားစုတိုင်းအတွက် မရှိမဖြစ်လိုအပ်သောကြောင့် (သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ)ဟူသည်နှင့် ကိုယ့်မိတ်ဆွေသူငယ်ချင်းအပေါင်းအသင်းများကိုလည်း အသိဉာဏ် အလှူအဖြစ် ဓမ္မဒါနပြုသင့်သော စာအုပ်ကောင်းတစ်အုပ်ဖြစ်ပါကြောင်း

ဦးဝါယမ (အောင်မင်္ဂလာကျောင်း)

# ပရိသတ်ထံမှ ပဲ့တင်သံ

* တချို့နေရာ တချို့စာသားတွေက စာအုပ်ထဲကလာတာမဟုတ် ရင်အုပ်ထဲက လာတဲ့ စကားတွေမှန်း အသံထွက်ဖတ်ကြည့်လိုက်ရုံနဲ့သိတယ်၊ ဒါကြောင့်လည်း စာသင်သား။ ဦးပဥ္စင်းကိုရင်လေးတွေက သူတို့ရင်ကို တိုက်ရိုက်ထိမှန်တဲ့ သီတာ ရေစင်ပဲ–လို့ ပြောနေကြတာကိုး။

  ဦးပဥ္စင်းလေးတစ်ပါးကဆိုရင် "မိဘနှစ်ပါး အသက်ထင်ရှားရှိနေတုန်း ငါ–ဓမ္မာစရိယဘွဲ့ရချင်တယ်, မိဘနှစ်ပါးအစုံအလင်နဲ့ ဘွဲ့နှင်းသဘင် တက်ချင်တယ်၊ ဘွဲ့ယူသည့်မြင်ကွင်းကို မိဘတို့အား မြင်စေချင်တယ်" ဆိုတဲ့ စာပိုဒ်တွေဟာ သူ့အတွက် တွန်းအားတစ်ခုပါပဲ–တဲ့၊ သူ့ကို သတိပေးလိုက် သလိုပါပဲ–တဲ့။

(ဦးတေဇနိယ စာချ၊ ညောင်တုန်းတိုက် ရန်ကုန်)

* ဘုရားဒကာကျောင်းဒကာဖြစ်မှတော့ မိဘကိုပစ်ထားပါ့မလား။ ပစ်ထားခဲ့သူရှိ ရင်လည်း တစ်ရာမှာ တစ်ယောက်မို့ စာမဖွဲ့လောက်ပါဘူး။

  မင်းစာအုပ်ကို လူတစ်ရာဖတ် တစ်ရာလုံးကြိုက်လိမ့်မယ်လို့ မမျှော် လင့်နဲ့၊ တစ်ရာမှာ ဆယ်ယောက်လောက် အသိတရားရသွားတယ်ဆိုရင် ကျေနပ်တော့။

(ဦးရာဇိန္ဒသီရိ၊ ဓမ္မရံသီကျောင်းတိုက်၊ ရန်ကုန်)

* စာရေးသူကိုယ်တိုင် ဝန်ခံထားသလို ဖတ်မိသမျှ မှတ်မိသမျှထဲမှ အကောင်းဆုံး လေးတွေရွေးပြီး အတွေးဆက်ချဲ့ထားမှတော့ ဒီစာအုပ်ကောင်းရောပေါ့ နော့။

(ဦးသောဓက အသောကာရုံရေလယ်တိုက်၊ မိတ္ထီလာ)

* စာအုပ်ကိုငုံ့ဖတ်လိုက်, ဗီရိုထဲက မှန်ပုံးတွေကိုမော့ကြည့်လိုက်နဲ့ မရှိတော့တဲ့ မိဘတွေကို သတိရနေမိတယ်ကွာ။

(ဦးကုသလ ရွှေရေးဆရာတော်၊ မော်လမြိုင်)

* သီတာရေစင်ကို နောက်တစ်ခေါက် အေးအေးဆေးဆေး ပြန်ဖတ်ကြည့်လိုက်မှ အရသာ ပိုရှိလာတယ်။ ထိုးဇာတ်ကလေးတွေနဲ့ဆိုတော့ စာအုပ်ကဖတ်ရတာမပျင်းပါဘူး။

(မခင်ဝင်း–ခိုင်အထည်ဆိုင်၊ မော်လမြိုင်မြို့)

* အမျိုးသမီးတစ်ယောက်ကပြောတယ်၊ "သီတာရေစင်–က မိဘဘက် သားသမီးဘက် မျှမျှတတ ရေးထားလို့ကြိုက်တာ–တဲ့၊ သားလေးကြီးလာရင် ပေးဖတ်ဖို့ ဒီစာအုပ်ကို

သေသေချာချာ သိမ်းထားရမယ်" တဲ့၊ "အစ်မသားက ဘယ်အရွယ်ရှိပြီလဲ"မေးတော့၊ "ငါးလ"–တဲ့။

(မမွန်မွန်မြင့်၊ မြန်မာ့စီးပွားရေးဘဏ်၊ ဝမ်းတွင်းမြို့)

* သီတာရေစင်ကို သုံးအုပ်လာဝယ်လိုက်၊ ငါးအုပ်လာဝယ်လိုက်၊ ဆယ်အုပ်လာဝယ်လိုက်နဲ့၊ ဝယ်သူများကိုမေးကြည့်တော့ "လက်ဆောင်ပေးမလို့" တဲ့၊ "ဘာများကောင်းလို့လဲ"ဆိုတော့၊ "အစ်မ ဖတ်ကြည့်ပေါ့" တဲ့။

(မယုယုလွင် – ကျော်ကျော်စာပေ၊ မော်လမြိုင်)

* အရင်က စာအုပ်အပါးလေးတွေ မကြာခဏ ဓမ္မဒါနပြုဖူးပါတယ်၊ အခုလည်း မွေးနေ့မှာ သီတာရေစင်(၂၅)အုပ်ကို ဓမ္မဒါနပြုခဲ့ပါတယ်၊ စာအုပ်က စာသား များပြီး နည်းနည်းထူတာမို့ တကယ်စိတ်ဝင်စားမည့်သူများကိုသာ ဦးစားပေးပြီး လှူဒါန်းခဲ့တာ။ ရွှေမြင့်တင်ဆရာတော်နဲ့ ဓမ္မမိတ်ဆွေများက ကြိုက်ကြတယ်ဆိုလို့ ကိုယ့်အလှူအတွက် ဝမ်းသာလို့မဆုံးပါဘူး။

(မခင်မာကြည် –ဂျီအီး တစ်ခွဲ မိတ္ထီလာ)

* အိမ်က မြေးအကြီးကောင်ကပြောတယ်၊ "သီတာရေစင်စာအုပ်မှာ ဘုန်းဘုန်း ထည့်ရေးလိုက်တာနဲ့ သားတို့တော့ ဆိုင်ကယ်နဲ့ဝေးပါပြီဗျာ" တဲ့။

(ဒေါ်ခင်အုန်း–မော်လမြိုင်)

* "အမေစားရသော ထမင်းတစ်နပ်" အကြောင်း တီဗွီမှာ နားထောင်ဖူးပေမယ့် သီတာရေစင်ဖတ်လိုက်မှ ပိုပြီးရှင်းသွားတော့တယ်၊ ရွာကအမေကို ကျေးဇူး ဆပ်ချင်လို့ ဒီစာအုပ်ရေးပါတယ်–ဆိုတဲ့ ဘုန်းဘုန်း၊ ကျေးဇူးဆပ်ရကျိုးနပ်ပါတယ်။

(မကြည်ကြည်ဆွေ – မြန်မာ့စီးပွားရေးဘဏ်၊ ဝမ်းတွင်းမြို့)

* ဘုန်းကြီးရေးတဲ့ စာအုပ်ဖြစ်ပေမယ့် ဗုဒ္ဓဘာသာဝင်တွေသာမက အရပ်ထဲက ဘာသာခြား သူငယ်ချင်းတွေကတောင် သီတာရေစင်ကိုကြိုက်လွန်းလို့ လက်ဆောင်ပေးခဲ့ရသေးတယ်။

(မခိုင်ခိုင်မော်–မော်လမြိုင်)

* မလေးရှားမှာ အလုပ်လုပ်နေတဲ့ သားဖြစ်သူက "သီတာရေစင်ကို မိတ္တူကူးပြီး မြန်မာမိတ်ဆွေ သူငယ်ချင်းများကို လက်ဆောင်ပေးချင်ပါတယ်။ စာရေးသူဘုန်းကြီးက ခွင့်ပြု၊ မပြု လျှောက်ထားပေးစမ်းပါ"... တဲ့။ မိဝေးဖဝေး တစ်နယ်တစ်ကျေးက သားသမီးတွေ ဆိုတော့လည်း သူတို့မိဘတွေကို လွမ်းနေကြမှာပဲ။

(ဦးမောင်ဝင်း – ဒိုင်းဝန်ကွင်း၊ မော်လမြိုင်)

# ချစ်ဦးညို ရေးသားပူဇော်သော ရှေ့ပြေးစာ

ပရိယတ် ပဋိပတ် ကုံလုံတော်မူကြပါသော၊ ဆရာတော်ကြီး (၈)ပါး၏ အမှာစာ၊ သုံးသပ်ရှုမြင်ချက်များလည်း ပါရှိပြီးဖြစ်၊ ဒုတိယအကြိမ် ပုံနှိပ်ထုတ်ဝေနိုင်ပြီးလည်း ဖြစ်သော **'လေးဘွဲ့ရဓမ္မာစရိယ၊ ထွင့်ခေါင်ဆရာတော် အရှင်သီရိကဥ္စနာဘိဝံသ'** ၏၊ ဤ **'သီတာရေစင်'** စာအုပ်နှင့်ပတ်သက်၍၊ ကျွန်တော့်အနေဖြင့် အမှာစာ (သို့မဟုတ်) မိတ်ဆက်လွှာ (သို့မဟုတ်) ဥယျောဇဉ် . . . စသည်တို့ကို ရေးသားနေရန် မလိုအပ်ကြောင်း၊ ဦးစွာ သဘောပေါက်မိပါသည်။ သို့သော် ချမ်းအေးရိပ်သာ အရှင်ဝိလာသ (စာရေးဆရာ ဝေမိုး ကျွန်းလှ) မှတဆင့် **ထွင့်ခေါင်ဆရာတော်** က အမှတ်တရစာတစ်ပုဒ် ရေးပေးစေလိုကြောင်း မိမိထံ အမှာစကားမြွက်ကြားတော်မူသောအခါ မငြင်းသာ၊ မငြင်းရက်၊ မငြင်းရဲ ဖြစ်ရပါသည်။ ထိုထက်မူ **'သီတာရေစင်'** ပထမအကြိမ်ထုတ် စာအုပ်(ကျမ်း)ကို ဖတ်ရသောအခါ . . . မငြင်းသာ၊ မငြင်းရဲ၊ မငြင်းရက် ဆိုသည်ထက်၊ မုချပင် အမှတ်တရစာရေးအပ်ကြောင်း ဝမ်းမြောက်စွာ နားလည်လိုက်ပါတော့သည်။

**'ရွှေဖလား ငွေနားကွပ်'** စရာမလိုဟုဆိုကြပါသည်။ မှန်ပါသည်၊ ပင်ကိုယ် အသုံးဝင် တန်ဘိုးနှင့်တကွ၊ လူတို့နှစ်ခြိုက်ခြင်းခံရသည့်တန်ဘိုး၊ ရောင်းဝယ်ဖလှယ်ရေး တန်ဘိုးတို့နှင့် ပြည့်စုံပြီးဖြစ်သော **'ရွှေဖလား'** သည် သူ့ပကတိအားဖြင့်ပင် တန်ဘိုး ထိုက်နေပြီဖြစ်ပါသည်။ **(ရွှေဖလားမှာ ရွှေနားကွပ်လည်း ပါရှိပြီးဖြစ်ပါသည်။)**

သို့ဖြစ်ပါ၍ ကျွန်တော်သည် မိမိ၏အမှတ်တရစာကို **'ချစ်ဦးညို ရေးသားပူဇော်သော ရှေ့ပြေးစာ'** ဟုပင် ခေါင်းစဉ်တပ်လိုက်ရပါသည်။ မင်းခမ်းမင်းနား အစုံအလင်ဖြင့် ထွက်ကြွတော်မူလာတော့မည့် သဘင်တွင် သူငယ်တော်များက နေရာတော်ခင်းတာဝန်ဖြင့် ရှေ့ပြေးထွက်ကြသည်ဟု ဆိုပါသည်။ ယခု ကျွန်တော်၏ **ရှေ့ပြေးစာ** ကို **'နေရာတော်ခင်း'** ဟု သဘောထားစေလိုပါသည်။

အတ္တနော–မတိ ကို ဦးစွာပြောပါရစေ ။ ။ မိဘမေတ္တာအကြောင်း ရေးသား–သီဆို–တီးမှုတ်–ခင်းကျင်း–ဟောကြား . . . မှုများက ကျွန်တော်တို့ဆီမှာ အတော်ကြီးကို များနေလှပါပြီ။ မည်မျှပင်များပြားစေကာမူ ဤအကြောင်းအရာက လူတို့ကို ဖမ်းစားညှို့ငင်ဆဲပင်ဖြစ်သည်။ မိဘမေတ္တာကို သိကြ၊ ဆင်ခြင်ကြ၊ နားလည်ကြ၊ ခံစားကြ၊ မိဘကျေးဇူးကို တုံ့ဆပ်ကြ၊ မိဘမေတ္တာကျေးဇူးကို ယောင်လို့များတောင် မေ့ပျစ်မှားကြနဲ့၊ ကျေးဇူးဆပ်လျှင်လည်း ထိုက်တန်စွာ ဆပ်ကြ. . . . .။ ကျွန်တော်တို့

အယပ်ထပ် မြင်ရ၊ ကြားရ နာရသော အချက်များဖြစ်သည်။

**ထိုအသံများကို နာရင်း** ကျွန်တော့်စိတ်တွင် ထင်မြင်လာသည့်အချက် တစ်ချက်ရှိပါသည်။ "**မြန်မာ့လူ့အဖွဲ့အစည်းမှ လူငယ်၊ လူရွယ်၊ လူကြီး၊ သားသမီးနေရာရထား သူများသည် အကယ်ပင် မိဘမေတ္တာကျေးဇူးကို မသိသူ၊ နားမလည်သူ၊ မတုံ့ဆပ်သူ၊ ပြစ်မှားစော်ကားသူတွေ ဖြစ်နေကြပြီလား . . .**"။

မူးယစ်ဆေးစွဲခြင်းကြောင့်၊ သေရည်လွန်ကဲခြင်းကြောင့်၊ စဉ်းစားဆင်ခြင်ဉာဏ်ပျောက်သွားလောက်အောင် အမျက်မာန် ပြင်းထန်ခြင်းကြောင့် . . . . စသည့်အကြောင်းများဖြင့်၊ အမိအဘတို့ကို တစွန်းတစ ပြောရဲ–လုပ်ရဲ–ပြောရက်–လုပ်ရက်ကြသည့် သာဓကများ မရှိမဟုတ် ရှိနိုင်ပါသည်၊ ရှိနေကြပါသည်။ သို့သော် ထိုထိုဖြစ်ရပ် သာဓကများမှာ ရာနှုန်းအနည်းစုပင်ဖြစ်လေသည်။ ဖြစ်တောင့် ဖြစ်ခဲဟုပင် **ကျွန်တော်** ဆိုလိုက်ချင်ပါသည်။

များစွာသောရာနှုန်းတွင် ပါဝင်နေသည်မှာ '**ကျေးဇူးမဆပ်တတ်ခြင်း**' ပင် **ဖြစ်ပါလိမ့်မည်**။

ဖဝါးလက်နှစ်လုံး၊ ပခုံးလက်နှစ်သစ် ... စသည့်စကားရပ်များ ...
မိဘကျေးဇူး ... ဆပ်ဖူးပြီလား ... စသည့်စကားရပ်များ ...
ကျေးဇူးရှင် ... ဖေဖေနှင့်မေမေ ... စသည့်စကားရပ်များ ...
မွေးမေ ပေးသော အသည်းကိုယူကာ ကလျာနွဲ့နှောင်းဆီ ...စသည့်စကားရပ်များ ...

အမေ့ခြေရာ ... အမေ့နို့ဖိုး ... အမေနေ့ ... စသည့်စသည်များသည် လွန်စွာလေးစား မြတ်နိုးဖွယ်ကောင်းပြီး၊ လွန်စွာ တာဝန်သိ၊ တာဝန်ကျေကြသော လှုပ်ရှားမှုများ ဖြစ်ကြပါပေသည်။

ထို့ထက်ပို၍ ပဓာနကျသောအချက်မှာ '**ကျေးဇူးဆပ်တတ်ခြင်း**' ပင်ဖြစ်သည်ဟု ကျွန်တော်ယူဆမိပါသည်။

အတ္တနော–မတိ ဟု ကျွန်တော်ဆိုခဲ့ပြီးပါပြီ။

ထွန်းခေါင်ဆရာတော်ရေးသားသော '**သီတာရေစင်**' တွင် ကျွန်တော်သည် **ထိုအချက်ကို အဓိကထား၍** ရှာဖွေမိပါသည်။ (ကျန်အချက်များကို – 'ဝါး' ပစ်ခဲ့သည်ဟု **မဆိုလိုပါ)။ တွေ့ပါသည်။ ကျေးဇူးဆပ်တတ်ခြင်း...**။

'**သီတာရေစင်**' ၏ ပဋ္ဌမပိုင်းနှင့် ဆဋ္ဌမပိုင်း ဖြစ်ပါသည်။ အကျယ်မညွှန်းတော့ပါ။ ဆိုင်ရာ စာမျက်နှာများတွင် ဖတ်ရှုနိုင်ကြပါသည်။

ထိုစာလုံးများ စာပိုဒ်များအတွက် ထွဋ်ခေါင်ဆရာတော်၏ စေတနာအား ဤစာမျက်နှာထက်မှနေ၍ ကျေးဇူးတင်စွာရှိခိုး အပ်ပါသည်။

ဆရာတော်သည် ရှေ့ပိုင်းအခန်းများတွင် ခေါင်းစဉ်ငယ်များ ခွဲကာ ခွဲကာ၊ ကိုယ်တိုင်အတွေ့အကြုံ၊ တဆင့်ခံအတွေ့အကြုံ (စာပေ၊ ဂီတ၊ ရုပ်ရှင်၊ ဒိဋ္ဌလောက ဖြစ်ရပ်များ) တို့ကို အခြေခံ၍ တစ်ဝကြီး ဖော်ပြရေးသားခဲ့လေသည်။ စေတနာအားကြီး လှသဖြင့် ဆရာတော်မှာ ဉာဏ်အားတွေ ပွင့်ကာ၊ ကံ (အရေးအသား၊ အတင်အပြ) ကလည်း ကွက်ကွက်ကွင်းကွင်း၊ ရှင်းရှင်းပြက်ပြက် သရုပ်ပေါ်လှပါသည်။

**'သီတာရေစင်'** ဌ ကျွန်တော်နှစ်သက်ဝမ်းမြောက်စွာ အနုမောဒနာ အကြိမ်ကြိမ် ခေါ်ရသော . . . စာမျက်နှာများစွာပါရှိရာတွင် နှစ်သက်ဝမ်းမြောက်ခြင်း၏ အထွတ် ဟုဆိုရမည့် အပိုင်းကား စာအုပ်၏နောက်ဆုံး စာမျက်နှာပင်ဖြစ်လေသည်။

**'အဖေရင်း – အမေရင်း ကို ပယ်ရှင်းနိုင်ကြပါစေ'** ခေါင်းစီးဖြင့် နိဂုံးကမ္ပတ် အဆုံးသတ်လိုက်သော စာနှစ်မျက်နှာ...

အနည်းငယ် ကောက်နှုတ်ဖော်ပြပါရစေ

**'အမှန်စင်စစ်၊ ဘဝဆက်တိုင်း တော်စပ်နေသည့် အမေရင်း၊ အဖေရင်းတို့မှာ တဏှာနှင့် အဝိဇ္ဇာ တို့ပင်ဖြစ်၏။'**

**'ဝိပဿနာဉာဏ်တည်းဟူသော အစွမ်းထက်သည့် လက်နက်ဖြင့် ဘဝအဆက်ဆက် တော်စပ်နေသော (ဝါ) ဘဝများစွာ၌ ခန္ဓာအမျိုးမျိုးကို မွေးဖွားပေးနေသော တဏှာ တည်းဟူသော အမိရင်းကိုလည်းကောင်း၊ အဝိဇ္ဇာ တည်းဟူသော အဖရင်းကို လည်းကောင်း ရှင်းလင်းပယ်သတ်နိုင်အောင် ကြိုးစားနိုင်ကြပါစေ...။'**

ဤစာပိုဒ်များကြောင့် ကျွန်တော်၏ရှေ့ပြေးစာ အပိုင်း (၁) တွင် (**ရွှေဖလားမှာ ရွှေနားကပ်လည်း ပါရှိပြီးဖြစ်သည်**) ဟု ဆိုခဲ့ခြင်းဖြစ်ပါသည်။

ရစ်ပါးသောရသတို့ဖြင့် ထုံမွှမ်း ရေးဖွဲ့ခဲ့ပြီးသကာလ ဤသို့လျှင် ဓမ္မရသ၊ သန္တရသ၌ တည်ဆိုက်နှလုံးသွင်းစေခဲ့သော **ထွဋ်ခေါင်ဆရာတော်** အား တပည့်တော် ရှိသေစွာ ရှိခိုးပါ၏ ဘုရား။

ချစ်ဦးညို

၂၀၀၆၊ မတ် (၉)

# အရှင်သီရိကဉ္စနာဘိဝံသ

၏

# လူ့ဘဝဇာတ်ခုံပေါ်က
# သရုပ်ဆောင်များ

ထွက်ပါပြီ

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | **(က) အမှာစာ** | |
| | **(ခ) ပထမပိုင်း (လူတိုင်းရှိကြ မိနှင့်ဖ)** | |
| ၁။ | မကောင်းကွာကြ မိနှင့်ဖ | ၁ |
| ၂။ | နီးကပ်လွန်းလျှင် ဘယ်မမြင် | ၃ |
| ၃။ | မြင်အောင်ကြည့်ပါ လက်ဦးဆရာ | ၅ |
| ၄။ | ဖန်တီးရှင်ဘဝ ပြန်ကြည့်ကြ | ၈ |
| ၅။ | ကျေးဇူးကိုပြိုင် နိုင်မတဲ့လား | ၁၁ |
| ၆။ | မိဘမေတ္တာ ပြိုင်ကြည့်ပါ | ၁၄ |
| ၇။ | ပြိုင်ရဲရဲ့လား သားသမီးများ | ၁၇ |
| | **(ဂ) ဒုတိယပိုင်း (ကျေးဇူးကြီးလှ မိနှင့်ဖ)** | |
| ၈။ | သိတတ်စအရွယ် ချစ်ကြတယ် | ၂၃ |
| ၉။ | နတ်သမီးမေးလာ ပထမပုစ္ဆာ | ၂၃ |
| ၁၀။ | ဒုတိယပုစ္ဆာ အဖြေရှာ | ၂၄ |
| ၁၁။ | အင်္ဂါမစုံလည်း ချစ်တာပဲ | ၂၅ |
| ၁၂။ | အကျည်းတန်လှ ငယ်စဉ်က | ၂၆ |
| ၁၃။ | နီတာရဲလေးလည်း ချစ်တာပဲ | ၂၇ |
| ၁၄။ | သန္ဓေတည်စ ချစ်ခင်ကြ | ၂၈ |
| ၁၅။ | စောင့်ရှောက်ပြုပြင် စိတ်ကူးယဉ် | ၂၉ |
| ၁၆။ | အမေနဲ့သေမင်း စစ်ခင်းရပြီ | ၃၀ |
| ၁၇။ | အကောင်းဆုံးကိုပင် ပေးလိုက်ချင် | ၃၂ |
| ၁၈။ | အသက်ကိုလည်း စွန့်ရဲသည် | ၃၃ |
| ၁၉။ | ကြီးမားလှသည့် မိမေတ္တာ | ၃၄ |
| ၂၀။ | မိဘမေတ္တာ အဖြာဖြာ | ၃၅ |

၂၁။ တိရစ္ဆာန်မိခင် ကြည့်စေချင် ၃၇
၂၂။ ရေးဖွဲ့လို့မကုန် မိဘဂုဏ် ၃၉
၂၃။ နို့ရည်ကိုသောက် သွေးမဖောက်နှင့် ၃၉

## (ဃ) တတိယပိုင်း (အနုပညာလောက မိနှင့်ဖ)

၂၄။ မိဘဇာတ်ကား လူကြိုက်များ ၄၃
၂၅။ သူ့ခေတ်နဲ့ကွယ် သူတွင်ကျယ် ၄၅
၂၆။ သည်ဇာတ်လမ်းကို သည်လိုမြင်သည် ၄၆
၂၇။ အမေ့ခြေရာ အဖြေရှာ ၄၆
၂၈။ ပုဂံမှာသာတဲ့လ ကြည့်ဖူးကြ ၄၇
၂၉။ အံ့ဩလို့ကွယ်ဘယ်မဆုံး စကားပြောသောအသည်းနှလုံး ၅၀
၃၀။ ကြည့်ခဲ့ဖူးသည် ဘယ်ပန်းချီရေးလို့မမီ ၅၁
၃၁။ မင်းကတော်အလား လွှန်ပြစ်မှား ၅၁
၃၂။ သင်ခန်းစာယူလိုက် သမီးမိုက် ၅၅
၃၃။ အဖေနဲ့သား နောင်တတရား ၅၆
၃၄။ နေပေါ်ကျတဲ့ လရဲ့အရိပ် ၆၀
၃၅။ ဂီတလက်နက် အစွမ်းထက် ၆၂
၃၆။ မိဘတေးသံ ကြိုက်ကြပြန် ၆၅
၃၇။ ငါ့လိုနောင်တ မရကြစေနဲ့ ၆၆
၃၈။ ဂီတသံကြားမှ အမေကိုသတိရ ၆၇
၃၉။ အမေ့ရဲ့ထံ အရောက်ပြန် ၇၀
၄၀။ အမေနှင့်တွေ့ခါ ဆွမ်းကျွေးရာ ၇၂
၄၁။ ရန်ကုန်ပြန်ရောက် ကြံတိုင်းမြောက် ၇၅
၄၂။ စာပေလောက မိနှင့်ဖ ၇၇
၄၃။ ကျေးဇူးဆပ်ပြ မြတ်ဗုဒ္ဓ ၇၈
၄၄။ လောကီစာပေ ဖတ်ကြည့်လေ ၈၀
၄၅။ လေမှာနစ်သောငှက် အပျံခက် ၈၁

၄၆။ နောင်တလမ်းကြောင်းပေါ်က မင်းကတော် ၈၂
၄၇။ အမေခေါ်ရမှာ ရှက်လို့ပါ-တဲ့ ၉၅
၄၈။ သားဆိုးသမီးဆိုး ပစ်ရိုးထုံးစံမရှိ ၉၈
၄၉။ နောင်တအပိုနှင့် မငိုစေချင် ၁၀၁


## (င) စတုတ္ထပိုင်း (အပြင်လောက မိန့်ပ)


၅၀။ မျက်ရည်ကျရ လူ့ဘဝ ၁၀၃
၅၁။ မျက်ရည်မခန်း ရှင်ရဟန်း ၁၀၅
၅၂။ တမလွန်ဖခင် ရှိစေချင် ၁၀၆
၅၃။ အတိတ်နယ်ဆီ ရောက်ခဲ့ပြီ ၁၀၇
၅၄။ မွေးရပ်ဌာနီ ပြန်ခဲ့ပြီ ၁၁၁
၅၅။ ရွှေတောင်ပြုံဆင်း ကွယ်နေမင်း ၁၁၂
၅၆။ ဆေးမတိုက်ချင်သည့် သမီးမိုက် ၁၁၆
၅၇။ ချမ်းသာမခွဲ ဆင်းရဲမခွါ ၁၁၇
၅၈။ အဖေကိုပင် ဖုတ်ကောင်ထင် ၁၁၈
၅၉။ ဦးဘမောင်ကိုယ်စား ပြောကြားချင် ၁၂၃
၆၀။ မိဘအတွက် ကုသိုလ်ဆက်ပါ ၁၂၅
၆၁။ မိဘပြစ်မှား ဆိုးကျိုးများ ၁၂၆
၆၂။ မိခင်ပါးရိုက် သမီးမိုက် ၁၂၉
၆၃။ အမေပြစ်မှား မြေမျိုသား ၁၃၃
၆၄။ ကျေးဇူးကန်းငြား ပြောစကား ၁၄၀
၆၅။ မိဘမေတ္တာ စုန်ရေသာရှိ ဆန်ရေမရှိ ၁၄၃
၆၆။ ပြန်၍လိမ္မာမည်ဆိုလျှင် အစွမ်းကုန်မိုက်ကြည့်စေချင် ၁၄၈
၆၇။ စဉ်းစားသိနှင့် ခံစားသိ ၁၅၆
၆၈။ ကိုယ်ပြုသည့်ကံ ကိုယ့်ထံပြန် ၁၆၀


## (စ) ပဉ္စမပိုင်း (ကျေးဇူးဆပ်ကြ မိန့်ပ)


၆၉။ သူတော်ကောင်းစိတ်ဓာတ် ကိန်းဝပ်စေ ၁၆၅

၇၀။ အစ်ကိုကကာယအား ညီလေးကဥစ္စာအား ၁၆၆
၇၁။ အမေလည်းလိုက်မည် သားဘုန်းကြီးဆီ ၁၆၇
၇၂။ မာတာမိခင် ရှိစေချင် ၁၆၈
၇၃။ မိဘတမ်းတ ကျွေးချင်ကြ ၁၆၉
၇၄။ အမေ့စကားနှင့် အိပ်မက်တံတား ၁၇၀
၇၅။ ကျေးဇူးသိသော ယောဆရာတော် ၁၇၁
၇၆။ ကျေးဇူးတော်ဆပ် မင်းကွန်းအရှင်မြတ် ၁၇၂
၇၇။ မွေးမိခင်နှင့် ကော့လှာအရှင် ၁၇၂
၇၈။ ကျေးဇူးသိရှာ ဂန္ဓာရုံဆရာ ၁၇၃
၇၉။ ကျေးဇူးဆပ်ပြ အရှင်ယောသိတ ၁၇၃
၈၀။ မိခင်ဒေါ်နန်းသောင်းနှင့် သားကောင်းဦးသန့် ၁၇၃
၈၁။ မိခင်ဆီလှမ်း ဗိုလ်အောင်ဆန်း ၁၇၄
၈၂။ ကလေးဟုပင် စိတ်မှာထင် ၁၇၄
၈၃။ ပြုစုဖို့ရာ မခက်ပါ ၁၇၇
၈၄။ မိခင်မိုက်နှင့် သားလိမ္မာ ၁၇၉
၈၅။ ကိုယ့်ဖက်ကကြည့်တော့လက်ဖမိုး, သူ့ဖက်ကကြည့်တော့လက်ဖဝါး ၁၇၉
၈၆။ မွေးနေ့ပြုခါ သတိရပါ ၁၈၃
၈၇။ မိဘအရိပ်က လွန်အေးမြ ၁၈၄
၈၈။ တော်လည်းတော်စေ ကောင်းလည်းကောင်းစေ ၁၈၅


## (ဆ) ဆဋ္ဌမပိုင်း (တန်းတူထားကြ မိနှင့်ဖ)


၈၉။ နာမည်ငါး၀ မိနှင့်ဖ ၁၈၇
၉၀။ ဘယ်သူကသာပြီး ဂုဏ်ပိုကြီးသလဲ ၁၉၀
၉၁။ မိခင်တိုင်းက မကောင်းကြ ၁၉၅
၉၂။ အဖေ့ကျေးဇူးမှ သာကြတယ်ထင် ၁၉၇

၉၃။ အမေနေ့အစ ဦးသုခ ၁၉၈
၉၄။ တန်းတူထားကြ မိန္နင့်ဖ ၁၉၉
၉၅။ အမေနာမည်မတပ်လို့ မကျေနပ်ကြပြန်ဘူး-တဲ့ ၂၀၃
၉၆။ နောက်ဆုံးကျတော့လည်း မိဘကမိဘပါပဲ ၂၀၄
၉၇။ ကိုယ့်တာဝန်သာကျေပါစေ မိဘကိုမဆန်းစစ်လေနှင့် ၂၀၅
၉၈။ ကျေးဇူးတော်မြတ် ကျေအောင်ဆပ်နည်း ၂၀၆
၉၉။ ငွေပုံပေးကာ ကျေးဇူးဆပ်ရုံနှင့် လုံလောက်ပြီလား ၂၀၈
၁၀၀။ အဖေရင်း အမေရင်းကို ပယ်ရှင်းနိုင်ကြပါစေ ၂၁၁

- မာတိကာပြီး၏ -

# (ည)

## (က) အမှာစာ

**အတွေးရှင်းမှ အရေးရှင်းတယ်** ၁၃၆၆ – ခုနှစ်၊ နတ်တော်လဆန်း (၁)ရက်နေ့မှစ၍ ဤစာမူကြမ်းကို စတင်ရေးသားပါသည်။ အမှန်အားဖြင့် စာရေးခြင်းဟူသည် ကိုယ်ပြောချင်သည့်အကြောင်းအရာများကို တစ်ဖက်သားအား စာနှင့်စကားပြောခြင်းပင်ဖြစ်၏။ ထိုသို့စာရေး၍ စကားပြောရာ၌ စာဖတ်သူများ နားရှင်းစေရန် အရေးရှင်းဖို့တော့လိုသည်။ အရေးရှင်းဖို့ကလည်း အတွေးရှင်းဖို့လိုပြန်၏။ **"အတွေးမရှင်းက အရေးမရှင်း၊ အတွေးရှင်းမှ အရေးရှင်းတယ်"** ဟု ဆိုစကားရှိသည် မဟုတ်ပါလား။

ထို့ကြောင့် အတွေးရှင်းစေရန်အတွက် အထောက်အကူပြုမည့် သာဓကများစွာကို ဆက်လက်ရှာဖွေရပြန်သည်။ အကယ်၍ သာဓကမပါခဲ့သော် မိမိစကားက ခိုင်မာမှုမရှိရုံသာမက **"သာဓကဝိနိမုတ္တော ဥမ္မတ္တကော"** ဟု ဆိုလေတော့ အရူးစကားပမာ တောင်ရောက်မြောက်ရောက်နှင့် ကပေါက်တိကပေါက်ချာ ဖြစ်ကုန်ပေလိမ့်မည်။

**ဖွေရှာသည့်အခါ နှစ်နေရာ** သက်သေသာဓကရှာဖွေရာ၌ တွေ့နိုင်သည့်နေရာ နှစ်နေရာရှိ၏။ တစ်နေရာက ပြင်ပလူ့လောကဖြစ်၍၊ နောက်တစ်နေရာက စာပေဖြစ်ပါ သည်။ စာပေဟူရာ၌ ဓမ္မစာပေ,လောကီစာပေအပြင် ၎င်းနှင့်ဆက်နွယ်နေသည့် ရုပ်ရှင် သဘင် ဂီတတို့လည်းပါဝင်၏။ ယင်းတို့မှာလည်း စာဖတ်သူများ အပြင်လောကသားများအတွက် အထူးအဆန်းတော့ မဟုတ်ပါချေ။ **အကြောင်းကား–** အပြင်လူ့လောကအတွင်း၌ တကယ်ဖြစ်ပျက်နေသည့် အကြောင်းအရာများကိုပင် ပြုပြင်ဖန်တီးကာ အနုပညာပစ္စည်းအဖြစ် ပြန်လည်တင်ပြကြသောကြောင့်ဖြစ်ပါသည်။ ယခုလည်း မိမိရေးသားမည့် အကြောင်းအရာက မိ,ဘ အကြောင်း။ မိ,ဘဆိုသည်မှာလည်း လူသားတိုင်းနှင့်မကင်းကြ။

**လူတိုင်းတောင့်တာ အာဟာရ** မိ, ဘ နှင့် မကင်းသည့် လူသားတိုင်း အနုပညာပစ္စည်းများအနက် တစ်ခုမဟုတ်တစ်ခုတော့ ဝါသနာပါတတ်ကြ၏။ **မှန်ပါသည်–** လောကလူသားတစ်ယောက်အတွက် အာဟာရနှစ်မျိုး လိုအပ်သည် ဟု ပြောချင်၏။ ရုပ်အာဟာရနှင့် စိတ်အာဟာရ။ ရုပ်အာဟာရအတွက် ထမင်း ဟင်း

လက်ဖက်ရည် အချို အချဉ် စားစရာမျိုးစုံ။ စိတ်ဒ္ဒာဟာရအတွက်ကတော့ ရုပ်ရှင် ဗွီဒီယိုနှင့် တေးဂီတ သီချင်းများ ပါဝင်ပါသည်။ မြန်မာလူမျိုးပီပီ ကြည်မြပီသသည့် မြန်မာသံဂီတကို နားဆင် သီဆိုလိုက်ရလျှင် ပင်ပန်းနွမ်းနယ်မှုတွေပျောက်ကာ စိတ်ထဲမှာ လန်းဆန်းသွားတတ်ကြ၏။ သည်လိုနှင့် ရုပ်အာဟာရကိုသာမက မိမိတို့နှစ်သက်ရာ စိတ်အာဟာရကိုပါ မှီဝဲသုံးစွဲရင်း မိမိတို့၏ဘဝကို ဆွဲဆန့်ခဲ့ရသည့်အကြိမ်ပေါင်းလည်း မနည်းတော့ပေ။

**အနီးဆုံးသာဓက ထောက်၍ပြ** ယင်းစိတ်အာဟာရဖြစ်သော အနုပညာပစ္စည်းများ၌လည်း မိဘမေတ္တာဘွဲ့ဇာတ်လမ်းတွေက များစွာရှိနေသောကြောင့် ဆရာကြီးဦးသုခ "**အမေ စားရသော ထမင်းတစ်နပ်**"အကြောင်း ဟောပြောရာ၌ ဂီတရသကိုအခြေခံ၊ ထိုမှတစ်ဆင့် ဒေသနာရသမှ ဓမ္မရသသို့ ကူးပြောင်းကာ ဟောပြောသကဲ့သို့၊ မိမိလည်း လူတိုင်းနှင့်မကင်းသည့် မိ,ဘအကြောင်းကို ရေးသားရာ၌ လူတိုင်းစိတ်ဝင်စားကြသော (ဝါ) အားလုံးနှင့် ယဉ်ပါးပြီးဖြစ်သော အနုပညာနယ်ပယ်မှလည်းကောင်း၊ အနီးပတ်ဝန်းကျင်ရှိ လူ့လောကအဖြစ်အပျက်များမှလည်းကောင်း၊ အမြဲမြင်တွေ့နေကျ နားရည်ဝနေသောအကြောင်းအရာများကိုသာ ဦးစားပေး၍ တင်ပြထားပါသည်။ ဒါမှသာ လူ့ဘဝနှင့် အနီးစပ်ဆုံး စာတစ်ပုဒ်ဖြစ်လိမ့်မည်ဟု ယုံကြည်သောကြောင့် ဘုရားဟောကျမ်းဂန်လည်း လက်မလွှတ်စေရ၊ လောကီသာဓကလည်းတင်ပြလျက် ခပ်သွက်သွက်ရေးသားလိုက်ရ၏။

**ငါးကြင်းဆီနှင့် ငါးကြင်းကြော်** ဘုရားရှင်လက်ထက် ဇာတ်နိပါတ်တော်လာ သာဓကများသည့် တရားတိတ်ခွေများမှလည်းကောင်း၊ မိဘမေတ္တာဘွဲ့စာအုပ်များမှလည်းကောင်း၊ ရှေးလူကြီးသူမများထံမှလည်းကောင်း လေ့လာမှတ်သားကြားနာဖူးသော ဇာတ်လမ်းများဖြစ်သောကြောင့် ဤစာအုပ်၌ အကျဉ်းချုပ်မျှသာထုတ်ပြပြီးလျှင် ထင်လွယ်မြင်လွယ် ယနေ့ခေတ်ကာလ သာဓကများနှင့် ဇာတ်လမ်းမဟုတ်သော ဘုရားဟောကျမ်းဂန်လာ ဒေသနာများကိုသာ ခပ်များများ ထည့်ပေးထားပါသည်။

ငါးကြင်းဆီနှင့် ငါးကြင်းပြန်ကြော်ရသည့်မို့ ဆူဖြိုးလွန်းသော ငါးကြင်းသားမှ အဆီထွက်လာစေရန် ပုလင်းထဲမှာရှိသော နှမ်းဆီ၊ (သို့မဟုတ်) ပဲဆီ တစ်မျိုးမျိုးကို

ချူဆီအဖြစ်နှင့် အနည်းအကျဉ်းတော့ ထည့်ရပါလိမ့်ဦးမည်။ သည့်အတွက် မိမိ၏ အကြောင်းနှင့် တချို့ပုဂ္ဂိုလ်များ၏ နာမည်ပါ ထည့်ရေးထားသော်လည်း တချို့ သာဓကများ၌ နာမည်ဖော်ပြမထားပါ။ တိုက်ဆိုင်မှုရှိလျှင် 'ခွင့်လွှတ်ပါ ' ဟုလည်း စကားပလ္လင်မခံချင်။ တိုက်ဆိုင်သွားပါက ''ဩော်– တို့မိသားစုအဖြစ်မျိုးပါဘဲလား'' ဟုသာ မှတ်ယူစေချင်ပါသည်။

**မကြည့်ဖြစ်တာ အတော်ကြာ** ရုပ်ရှင် ဗွီဒီယို– ဆိုသော်လည်း ယခုနောက်ပိုင်းမိမိကျောင်းပေါ်တွင် တီဗွီပင်မထား၊ မကြည့်အားသည်မှာ နှစ်ချို၍ပင်ကြာခဲ့ပြီ။ သို့သော် ကိုယ်ပိုင်သားသမီးမရှိသည်မို့ ကိုယ်တိုင်မိဘနေရာရောက်မနေသော်လည်း ကျေးဇူးရှင်မိဘနှစ်ပါးကြောင့် မိဘမေတ္တာဘွဲ့ဇာတ်လမ်းမျိုးဆိုလျှင်တော့ စိတ်ဝင်စားမိပြန်သေး၏။ ဓမ္မာဇာလယ ဓမ္မာစရိယသင်တန်း စာဝါနား၍ အားလပ်သည့်အချိန်မျိုး ဖြစ်နေရကား ''**ဘုန်းကြီးအား, ဘုရားရွှေ့**''ဆိုသော်လည်း အလုပ်မရှိ အလုပ်ရှာ၊ ဘုရားကိုပင် မရွှေ့အား၊ အနီးအနားရှိစာအုပ်များကိုသာ သရဲမရဲစီး သလိုဖတ်ဖြစ်ခဲ့၏။ ထိုသို့ဖတ်ရာ၌ ကြံနှင့်တူသော စာမျိုးဆိုလျှင် အရည်ကိုမျိုချ၍ အဖတ်ကိုထွေးထုတ်ပစ်လိုက်၏။ နွားနို့နှင့်တူသောစာမျိုးဆိုလျှင် အရည်ရော နို့မလိုင် အဖတ်ပါမျိုချခဲ့၏။ ပါးစပ်ကကွမ်းဝါး၍ စာကိုဖတ်နေသော်လည်း အရည်လည်းမရ အဖတ်လည်းမရ ကွမ်းနှင့်တူသောစာမျိုးဆိုလျှင်တော့ ပါးစပ်ထဲ ငုံထားသော ကွမ်းနှင့်အတူ အားလုံးကိုထွေးထုတ်ပစ်လိုက်၏။

**စာအုပ်ကောင်းလျှင် သတိရချင်** တစ်ခါတလေ စာကောင်းပေကောင်းလေးများဖတ်ရလျှင် စာဖတ်သူ မိတ်ဆွေများကို သတိရမိ၏။ ''ဩော်–သူတို့ ဒီစာမျိုးမှဖတ်ဖြစ်ရဲ့လားမသိ၊ ဖတ်ဖြစ်ရင်လည်း ထပ်နွှေးရာရောက်၊ မဖတ်ဖြစ်သေးရင်လည်း ပီတိမျှဝေ ခံစားစေချင်၍'' သည်မိဘမေတ္တာအကြောင်းများကို ရေးဖွဲ့ရခြင်း ဖြစ်ပါသည်။ **မိမိဖတ်မိသမျှ အကြောင်းအရာ၊ မှတ်မိသမျှစကားလုံးများထည်းမှ အကောင်းဆုံးလေးတွေရွေး၊ သင့်တော်သလို နေရာပေးပြီး အတွေးဆက်ချဲ့ကာ ရေးသားထားကြောင်း ရိုးသားစွာဝန်ခံပါသည်။**

**ပြောစရာတွေက ပေါလွန်းလှ** အမေချစ်သူတွေက အမေကို အမွှန်းတင်ကြ၊ အဖေချစ်သူများကလည်း အဖေကိုနေရာပေးကြနှင့် အဖေ အမေ ပြိုင်ပွဲများ။

မိဘနှင့်သားသမီးတို့အကြား အသွားအပြန် အတက်အကျ စုန်ရေဆန်ရေသဘောတရားများ။ မိဘနှင့်သာသမီးတို့၏ ဆက်ဆံရေးနှင့် အတုယူစရာ လိုက်နာရမည့်ကျင့်ဝတ်များ သင်ခန်းစာယူစရာ ရှောင်ကြဉ်ရမည့်အချက်များ –စသည်ဖြင့် ပြောချင်တာ ရေးချင်တာ တွေက များလွန်းလှ၏။ များလွန်းသည့်အတွက် "ငါးသိုင်းများတော့ ဟင်းဟုန်"ဆိုသလို မျိုး ဖြစ်သွားမှာလည်း စိုးရသေးသည်။

**မှားယွင်းမှုရှိလျှင် တောင်းပန်ချင်**

ထိုမှုမက မိဘမေတ္တာကိုသိကြရာ၌"စဉ်းစားသိ, ခံစားသိ"ဟု နှစ်မျိုးရှိသည့်အနက် သားသမီးတွေရကာ ကိုယ်တိုင် မိဘနေရာရောက်မှ မိဘတို့၏မေတ္တာတရားကို ခံစားနားလည်နိုင်သည်ဆိုပါလျှင် မိမိမှာ ထိုခံစားသိမျိုးမရှိ၊ စဉ်းစားသိအဆင့်သာရှိသောကြောင့်လည်းကောင်း၊ (လူငယ်ကြိုက်ဖြစ်လိမ့်မည်အထင်ဖြင့်) ဦးနှောက်ကို ခါးတောင်းမကျိုက်ပဲ မိမိရေးတတ်သလို ခပ်လွယ်လွယ်ဖြင့်သာ ရေးသားလိုက်ရသောကြောင့်လည်းကောင်း၊ ဝါရင့်ဆရာတော်လေးများ , သမ္မာရင့်ပုဂ္ဂိုလ်ကြီးများ၏စာနှင့် မနှိုင်းယှဉ်စေလိုပါ။ အကယ်၍ အမှားအယွင်းနှင့် လိုအပ်နေသည်များရှိခဲ့သော် ကိုယ်ချင်းစာတရားဖြင့် နားလည် ခွင့်လွှတ်စေချင်ပါသည်။

**သီတာရေစင် အမည်တွင်**

မိမိသည် ကော့လှာဆရာတော်ဘုရားနှင့်အတူ မနက်ခင်းတိုင်း ဦးခန္တီ ဦးဖိနပ်ဖက်ဆီသို့ လမ်းလျှောက်ထွက်လေ့ရှိ၏။ (လမ်းထွက်လျှောက်ခြင်းမဟုတ်)။

တစ်မနက်ဆီမှာတော့ ကော့လှာဆရာတော်ဘုရားက မိဘမေတ္တာနှင့် ပတ်သက်၍ ---

"နေ–ဆိုတာ အမြဲမလင်းနိုင်ဘူး၊ နေဝင်မိုးချုပ်တော့ လုံးလုံးကွယ်ပျောက်ရတယ်၊ လ–ဆိုတာလည်း တိမ်လွှာဖုံးတဲ့အခါ မသာနိုင်ပြန်ဘူး။ မိဘမေတ္တာကတော့ သားသမီးတွေအပေါ်မှာ အမြဲတမ်း ထွန်းလင်းတောက်ပနေတာ၊ ဒီတော့ နေ+လတို့နဲ့ မတင်စားနဲ့၊ ရေနဲ့သာ တင်စားကွာ၊ ရေက လူတိုင်းနဲ့မကင်းဘူး၊ လူတိုင်းအတွက် အရေးကြီးတယ်၊ အေးမြတယ်၊ သန့်စင်တယ်၊ ကြည်လင်တယ်၊ မိဘမေတ္တာကို တင်စားဘို့အကောင်းဆုံးကတော့ ရေ–ပဲ"ဟု မိန့်ကြားတော်မူသည့်အခါ – – –

မိဘမေတ္တာနှင့်ရေဟု ဆိုလိုက်သည်နှင့် မိမိတို့ငယ်စဉ်ဘဝ အမြဲကြားခဲ့ရဖူးသည့်

သီချင်းလေးတစ်ပုဒ်ကို ပြန်၍သတိရမိ၏။

[ *ကြီးမားတဲ့ထိုမေတ္တာ × ကြီးမားလှတဲ့ထိုမေတ္တာ×*
*သီတာရေစင်ပမာ × × တသွင်သွင်စီးကျလေတာ* ] တဲ့။

ဂီတစာဆို ကိုသက်ဦး၏လက်ရာ /ရေခဲချောင်းအဆိုတော်မ၏ အသံ/ မိဘမေတ္တာသံစဉ်တေးသွားတစ်ပိုင်းတစ်စ/သီတာစမ်းတမျှ အေးမျှလှသည့် မိဘတို့၏မေတ္တာတရား/ ကော့လှာဆရာတော်၏ မိန့်စကား/ နောက်ဆုံးတော့ ထိုအရာအားလုံးကပင် သည့်စာအုပ်အတွက် အသင့်တော်ဆုံး နာမည်လေးတစ်ခုကို ရွေးချယ်ပေးလိုက်၏။ **"သီတာရေစင်"**တဲ့၊

အထူးသတိပြုရန်မှာ လိမ္မာသူများအတွက် **နှလုံးအေးဆေး** -နောင်တအပူရှိနေသူများ**အတွက် အပူငြိမ်းဆေး** တစ်ခွက်မျှသာဖြစ်သော ဤသီတာရေစင်ကို သား.သ**မီးနှင့်မိဘ** လောကလူသားတို့အကြောင်းကို ရေးသားတင်ပြထားသည့် **"လောကအကျိုးပြု"** စာအုပ်အဖြစ်သာ မြင်စေချင်ပါသည်။ သွားသုတ်သုတ်၊ လာသုတ်သုတ်၊**စားသုတ်သုတ်**ခေတ်ကြီးထဲမှာ ပင်ပန်းနွမ်းနယ်မှုတွေကြားမှ စိတ်**အပန်းတော်လည်း** ပြေစေ၊ ဗဟုသုတလည်းရစေ၊ အသိအလိမ္မာတရားလည်း တိုးပွားစေ- ဟူသော ရည်ရွယ်ချက်ဖြင့် သီတာရေစင်ကို ရေးသားရပါသည်။

စာအုပ်အဖြစ် စီမံဖန်တီးရာ၌လည်း အကြောင်းအရာများကို တကွဲတပြားစီမဖြစ်စေချင်သလို၊ နှစ်အုပ်လုံးစုံအောင် ရှာဖွေရ၊ ကိုင်ဆောင်ရမည့်ဒုက္ခမျိုးမှ ကင်းဝေးစေချင်သောကြောင့် စေတနာထားပြီး သိပ်သည်းကျစ်လျစ်စွာ စာတစ်အုပ်တည်းနှင့် အပြီး**စီစဉ်လိုက်ရ**၏။ နောက်ဆုံး ဤသီတာရေစင်ကြောင့် မိဘကျေးဇူးကို မဆပ်နိုင်သည့်တိုင်ပြစ်မှား**စော်ကားသူ**များ နည်းပါးသွားမည်ဆိုပါလျှင် သည့်စာရေးရကျိုးနပ်ပြီဟု ဆိုနိုင်ပါသည်။ **(ရုပ်ဒဏ်ရာရသည်ထက် စိတ်ဒဏ်ရာရသည်က ပို၍ဆိုးသောကြောင့် မလိမ္မာသူများကို တုတ်နှင့်ဆုံးမသည်ထက်** နှုတ်ဖြင့် ဆုံးမသည်က ပို၍ထိရောက်**သည် မဟုတ်ပါလား)။**

**ဤသီတာရေစင်**-ကိုဖတ်ရှုရာ၌ မိဘနှစ်ပါး၏ ရုပ်ပုံလွှာကို မြင်ယောင်စေလျက်စိတ်ဖြင့်**အသံထွက်ကာ တက်သံကျသံ**များနှင့်တကွ ခံစားချက်ပါထည့်ဖတ်မည်ဆိုလျှင် ဤသီတာရေစင်ကလည်း **သင့်ကို ရသနှင့်သုတ** တစ်ခုခုပြန်ပေးလိမ့်မည်-ဟု ယုံကြည်ပါကြောင်း ---

အမှာစာ ပြီး၏

အရှင်သီရိကဥ္စနာဘိဝံသ

၀၅၇ - ၂၄၀၃၄

# သီတာရေစင်

(ပထမပိုင်း)

လူတိုင်းရှိကြ မိနှင့်ဖ



နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## မကောင်းကွာကြ မိန္ဒင့်ဖ

လောကမှာ ဆရာနှင့်တပည့် အမြဲဒွန်တွဲနေသကဲ့သို့ မိဘနှင့်သားသမီးတို့သည်လည်း အမြဲဒွန်တွဲနေကြ၏။ မည်သူတစ်ဦးတစ်ယောက်မျှ သင်ဆရာ မြင်ဆရာ ကြားဆရာ ဟူသော ဆရာသမားတို့နှင့်မကင်းနိုင်ကြချေ။ ထိုနည်းတူစွာ လောကလူသားများတွင်လည်း မိဘနှစ်ပါးနှင့်ကင်းသည့်ပုဂ္ဂိုလ်ဟူ၍ တစ်စုံတစ်ယောက်မျှမရှိ။ ၁၉၄၀–ခုနှစ်ဆီက ဗုဒ္ဓဝင်ဆရာကြီးဦးထွန်းစိန် ရေးသားပြုစုသော "**အမေ့ကျေးဇူး**" စာအုပ်၌ "ဘုရားနှင့်ကင်းသောသူ၊ တရားနှင့်ကင်းသောသူ၊ သံဃာနှင့်ကင်းသောသူ၊ နောက်ဆုံး ဆရာသမားနှင့်ကင်းသောသူ ဟူ၍ ရှိကြသော်လည်း အမိ,အဖနှင့်ကင်းသောသူမျိုးကား မရှိပါချေ"ဟု ရေးသားထား၏။

**မှန်ပါသည်**။ အနန္တောအနန္တငါးပါးတွင် ကျန်လေးပါးနှင့်ကင်းချင်ကင်းမည်၊ မိဘနှင့်တော့ ကင်းလို့မရ။ လောကလူသားမှန်သမျှ မိုးပေါ်က **ဘွားခနဲကျလာသည်** မဟုတ်၊ မြေလွှာကလည်း ဖောက်ခွဲ၍ထွက်လာကြသည်မဟုတ်၊ **မည်သည့်တန်ခိုးရှင်** ကမျှလည်း မဖန်ဆင်းခဲ့၊ လူသားမိခင်ရင်း၏ကိုယ်ဝယ် **ပဋိသန္ဓေမနေဘဲနှင့်လည်း** မွေးဖွားခြင်းဆိုတာမျိုးက မရှိနိုင်။ ထို့ကြောင့် လူသားအားလုံးတို့သည် (**စိဉ္စမာန, အမ္ဗပါလီ , ဝေဠုဝတီ, ပဒုမဝတီ နှင့် ယနေ့ခေတ် ဖန်ပြွန်သန္ဓေသားများမှလွဲလျှင်**) အမိဝမ်းမှ လာခဲ့ကြသူများပင် ဖြစ်ကြကုန်၏။

**မှတ်ချက်**/ ဖန်ပြွန်သန္ဓေသား–ဟူသည် ဖန်ပေါင်းချောင်ဖြင့် သိပ္ပံနည်းကျ သားဖောက်သော လူသားများဖြစ်၏။

ထိုကဲ့သို့ အမိဝမ်းမှလာခဲ့သူများဖြစ်သောကြောင့် မွေးသမိခင်မှာ တစ်ဦးတစ်ယောက်တည်းသာ ရှိနိုင်ပါသည်။ မိဘနှစ်ပါးအနက် အမိသည် ကိုးလလွယ် ဆယ်လဖွား ပင်ပန်းဆင်းရဲခံပြီး ရင်သွေးငယ်အား လောကကြီးထဲရောက်အောင် ပို့ဆောင်ပေးခဲ့ရသည်။ အသက်နှင့်ရင်း၍ ကျေးဇူးကြီးမားလွန်းလှ၏။ ဖခင်ဟူသည် တစ်ဦးမကရှိနိုင်သလို တစ်ခါတစ်ရံ မည်သူမည်ဝါဟုပင် မရေရာမသေချာ။ အငှားကိုယ်ဝန်ဆောင်၍ မွေးဖွားလာပါလျှင် ဖခင်လုံးဝမရှိပဲနှင့်လည်း လူ့လောကထဲရောက်လာခဲ့ရ၏။ ဒါလည်းပဲ မိခင်မရှိပဲနှင့်တော့မရောက်နိုင်။

မိ,ဘမဲ့ကလေးများကျောင်းမှ ရင်သွေးငယ်လေးများပင် သူတို့အား မွေးဖွားပေးလိုက်သည့်မိခင်တွေ စောင့်မျှော်ရှိခဲ့ကြ၏။ (မိခင်မရှိပဲ လူသားတစ်ဦးဖြစ်လာနိုင်ပါမည်လော) သို့သော် သူတို့မှာ (မေမေ)လို့ခေါ်စရာ တစ်ဦးတစ်ယောက်မျှမရှိ။ တချို့များကျတော့ တရုတ်ကားထဲကလို မေမေလတ်သာမက၊ မေမေကြီးရော မေမေလေးပါမကျန် ခေါ်စရာ အမေတွေက ပေါလွန်းလှ၏။ မြန်မာအမျိုးသမီးတစ်ယောက်က ပြောသည်မှာ- - -

"ကျွန်မဘဝမှာ အမေသုံးယောက်ရှိခဲ့ပါတယ်။ မွေးတဲ့အမေ၊ ကျွေးမွေးသုတ်သင် ပညာသင်ပေးခဲ့တဲ့ မွေးစားအမေ၊ ခုအချိန်ထိ အနားမှာ အမြဲရှိနေတဲ့ မေမေရဲ့ အမေ၊ (အဘွား) ပေါ့။ အဘွားကိုလည်း မေမေ-လို့ပဲခေါ်တယ်လေ"-တဲ့။

ဩော်- မိဘမဲ့ဂေဟာမှ ကလေးများမှာတော့ မွေးစားအမေအဖြစ် အဖော်လုပ်မည့်သူပင် မရှိပါကလား၊ အကယ်၍ ရှိစေဦးတော့၊ သားသမီးအရင်းနှင့်မခြား ချစ်ခင်ယုယဖို့ ခဲယဉ်းပြန်သေး၏။ မိဘမဲ့ဂေဟာမှ သမီးငယ်လေးတစ်ယောက်အား အုပ်ထိန်းသူဆရာမက အားပေးစကားပြောကြားသည်မှာ ---

"သမီးလေးရီရီ- အခု မာမာ့ရဲ့ သွန်သင်ဆုံးမမှုတွေကို နှလုံးသားထဲမှာ အမြဲ သိမ်းထားနော်၊ ဘယ်သူနဲ့ပဲနေရနေရ တာဝန်သိတဲ့ကလေးဖြစ်အောင် ကြိုးစားပါ၊ ဘဝပေးအခြေအနေ ဘယ်လောက်ပဲဆိုးပါစေ ကိုယ့်စိတ်နှလုံးကို သန့်ရှင်းအောင်ထားရမယ်၊ ပြီးတော့ မင်းကို မွေးခဲ့တဲ့အမေကို မမြင်ဖူးပေမယ့် မင်းကောင်းကောင်းတန်ဖိုးထားရမယ်၊ ဘယ်သူတွေဘာပြောပြော မင်းရဲ့မိခင်ကိုစော်ကားတဲ့အတွေးမျိုး ဘယ်တော့မှ မတွေးရဘူးနော်။ သူဟာ မင်းကို သန္ဓေသားဘဝမှာ အရည်ဖျော်မပစ်ပဲ လူလောကထဲ ရောက်အောင် ပို့ဆောင်ပေးခဲ့တဲ့ကျေးဇူးရှင်ပဲ၊ မွေးဖွားပေးခဲ့တာလေးတစ်ခုတည်းနဲ့တင် ကျေးဇူးရှင်ဖြစ်နေပြီ၊ ဒီတော့ဘယ်ကလေးမှ အမေမရှိပဲ မွေးဖွားမလာဘူးဆိုတာ မြဲမြံမှတ်ထား။ မင်းအနေနဲ့ အကြွင်းမဲ့ယုံကြည်ဖို့က "ကလေးတိုင်းမှာ အမေရှိတယ်"ဆိုတာပဲ၊ ဒါ့ကြောင့် "ငါ့မှာ အမေရှိတယ်၊ အမေရှိတယ်"ဆိုတဲ့ စိတ်ဓာတ်ခွန်အားကို မြှင့်တင်ပြီး အလုပ်လုပ်ရင် ဘဝမှာဘာမဆို အောင်မြင်မှုရမှာအသေအချာပဲ" ဟု ပြောဆိုဆုံးမခဲ့ဖူး၏။

ကလေးတိုင်းမှာ အမေရှိသတဲ့။ ဟုတ်သားပဲ၊ မိဘမဲ့ဂေဟာဆိုသော်လည်း သေချာတာကတော့ သည်ကလေးများမှာ အမေမမဲ့ကြဘူးဆိုတာပဲ၊ နောက်ဆုံး အဖေဆိုတာ မရေရာသော်မှ အမေကတော့ အသေအချာရှိခဲ့ကြ၏။

**အဖမေ**

**ဗမ္မာတိုင်းမှာ အမြော်အမြင်ရှိပြုရင်**
**အပူလိုင်းကြော ဝေနိကတွေနဲ့**
**လူတိုင်းတော အမေရှိကြတယ်**
**မရေမရာ ပတော်ဦးတွေကြောင့်**
**ဇဝေဇဝါ အဝေမသိတောင်မှ**
**အမေ–ဆိုတာ အသေအချာရှိခဲ့ကြတယ် ။** (အောင်လိုင်ထွန်း)

ကလေးတိုင်းမှာ အမေရှိသောကြောင့် မိဘမဲ့–ဟူသောစကားလုံးဖြင့် ကလေးများ၏စိတ်ကို မနှိပ်စက်သင့်၊ သူငယ်တန်းဖတ်စာထဲကလို **"ငိုဖို့မလိုပါ–ရဲဖို့လိုသည်"**ဟု အားပေးရင်း **"မိဘမဲ့ဂေဟာ"**အစား (ဆိုင်းဘုတ်မှာရေးထားသည့်အတိုင်း) လူငယ်ဖွံ့ဖြိုးရေး **"ပရဟိတဂေဟာ"** ဟုသာ ခေါ်စေချင်၊ ပြောစေချင်သည်။

ယခုအခါ ဆရာဖြစ်နေသူများသည် တစ်ခါတုန်းက တပည့်တွေဖြစ်ခဲ့ကြသလို၊ အိမ်ထောင်တွေကျ သားသမီးတွေရလို့ မိဘနေရာရောက်နေကြတဲ့ လူလတ်ပိုင်းပုဂ္ဂိုလ်တွေ၊ မြေးတွေ မြစ်တွေရလို့ အဘိုးအဘွားအရွယ်ရောက်နေကြတဲ့ လူကြီးပိုင်းပုဂ္ဂိုလ်တွေ၊ သည်ပုဂ္ဂိုလ်တွေအားလုံးလည်း တစ်ချိန်တုန်းကတော့ သားသမီးတွေပင် ဖြစ်ခဲ့ကြသည်မဟုတ်ပါလား။ သားသမီးဖြစ်ခဲ့လျှင် မိဘဆိုတာ ရှိခဲ့ရမည်။ အမေ– ဆိုတာ ရှိခဲ့ရမည်။

ထို့ကြောင့် အရပ်ထဲ၌ပြောကြသည်မှာ **"ဆရာ–ဆိုတာ တစ်ခါတုန်းက တပည့်ပါပဲ၊ ယောက္ခမ–ဆိုတာ တစ်ခါတုန်းက သမက်ပါပဲ၊ အမေ–ဆိုတာ တစ်ခါတုန်းက သမီးပါပဲ"**တဲ့။ သည်စကားပြောရသည်မှာ ကလေးသူငယ် လူရွယ်လူလတ်များသာမက လူကြီးမိဘနှင့် အဘိုးအဘွားတို့လည်း ၎င်းတို့ ငယ်စဉ်အတိတ်ဘဝဆီက မိဘများ၏ပုံရိပ်ကို ပြန်၍အမှတ်ရစေလို့၊ **အောက်မေ့စေ** လိုသောကြောင့်ဖြစ်၏။

## နီးကပ်လွန်းလျှင် ဘယ်မမြင်

တချို့ကလည်း **"အဟောင်း–ဆိုတာ တစ်ခါတုန်းက အသစ်ပါပဲ"**ဟု ပြောကြပြန်သေး၏။ **မှန်ပါသည်**–အဟောင်းမရှိပဲ အသစ်ကို**မဖန်တီး**နိုင်၊ အသစ်အသစ်တို့သည် အဟောင်းအဟောင်းတို့မှ မွေးဖွားလာကြရ၏။ **သားသမီးကိုအသစ်**– မိဘကို အဟောင်းဟုဆိုပါလျှင် သားသမီးနှင့်မိဘ၊ အသစ်နှင့်အဟောင်းသည် မည်သည့်အခါမျှ

ခွဲခြားမရနိုင်သလို ဝေးကွာ၍လည်းမသွားသင့်ပေ၊ ဒဂါးပြား၏ခေါင်းနှင့်ပန်းသည် ကျောချင်းကပ်လျက်ရှိသကဲ့သို့လည်းကောင်း၊ အတွင်းနှင့်အပြင်သည် နံရံတစ်ဖက်သာခြားသကဲ့သို့လည်းကောင်း၊ မေတ္တာစိတ်ဓာတ်က နီးနီးကပ်ကပ်ရှိနေကြရမည်၊ သားသမီးနှင့်မိဘ နေရပ်ဌာန ခြားချင်ခြားနေပါစေ မေတ္တာကမ္ဘာကတော့ မခြားဘို့အရေးကြီး၏ ဆီနဲ့ရေပမာ မဖြစ်စေဘဲ နို့နဲ့ရေအလား တစ်သားတည်း ဖြစ်ကြလျှင် အကောင်းဆုံးပင် ဖြစ်ပေလိမ့်မည်။ တချို့များ တစ်အိမ်တည်းမှာ အတူနေပြီး နီးကပ်နေသော်လည်း "**နီးတကျက် ကျက်**"ဆိုသောစကားလို စိတ် စေတနာ မေတ္တာတရားများ ဝေးကွာနေတတ်၏ ၊ "**နီးလွန်းတော့လည်းမမြင်**"ဆိုတာမျိုး ဖြစ်နေပါလိမ့်မည်။ **(အာသန္နာပိ န ဒိဿန္တိ)**။

ထိုကဲ့သို့မဖြစ်ရလေအောင် သားသမီးကလည်း မိဘ၏ဂုဏ်ကျေးဇူးနှင့်တန်ဖိုးကို နားလည်အောင်ကြိုးစားရမည်၊ မိဘကလည်း သားသမီးအပေါ် အရိပ်တကြည့်ကြည့်ရှိနေရမည်၊ (ဥမမယ် စာမမြောက်မှသည်– အရွယ်ရောက်သည်အထိပေါ့)၊ တစ်ခါတရံ မိဘများက ပြင်ပလူမှုရေး စီးပွားရေးကိစ္စများကို ဦးစားပေးလွန်းသည့်အတွက် သားသမီးနှင့်ကင်းကွာနေတတ်၏၊ မိမိအိမ်မှာ ထုဆစ်သွန်းလုပ်နေသည့် ကျောက်ဆစ်ရုပ်ကလေး မင်းသားမင်းသမီးရုပ် မပေါက်ပဲ ဘီလူးရုပ်ပေါက်နေသည်ကို သတိမပြုမိကြ ၊ဘီလူးရုပ်ပေါက်လာလျှင်တော့ ရွှေကြုတ်အတွင်းမှာ ထည့်သွင်းပြီး အလှကြည့်လိုက်မယ်– လို့များ စိတ်မကူးလေနဲ့၊ [***အချိန်တန်တော့လည်း × အရေးအထားဆို အသွေးအသားကို × ပူဆာတတ်လာတယ်***] ဟူသော သီချင်းစာသားမျိုးလို ဖြစ်နေပေလိမ့်မည်။

အကယ်၍ အချိန်အပြည့်အဝပေးကာ ထုဆစ်ပြုနိုင်ပါသော်လည်း လိမ္မာပါးနပ်မှု ကိုင်တွယ်မှုမကျွမ်းကျင်ပြန်လျှင် ကျောက်ဆစ်ရုပ် ပန်းပုရုပ်ကလေးများ ပုံမကျပန်းမကျနှင့် မလှမပ ဖြစ်နေတတ်ပြန်၏ ၊ ထိုကဲ့သို့ အချိုးမကျသည့်အရုပ်မျိုး တန်ဖိုးကြီးပါဦးမည်လော သားသမီးများကလည်း ကျူရှင်ကျောင်းနှင့် အပေါင်းအသင်းတို့ကြားတွင် မအားလပ်ရအောင် လှည့်ပတ်ပြေးလွှားလှုပ်ရှားနေရသောကြောင့် မိဘတို့၏အကြင်နာ မေတ္တာ စေတနာကိုနားမလည် ၊ တန်ဖိုးထားရကောင်းမှန်းမသိ ၊ တစ်အိမ်တည်းမှာ နီးကပ်စွာရှိနေသော်လည်း မိဘကျေးဇူးကိုမမြင်၊ ပြင်ပသူစိမ်းတစ်ရံဆံပုဂ္ဂိုလ်က တစ်ခါလေး ကူညီခဲ့ဖူးသည်ကို တကယ့်ရောမကျေးဇူးရှင်ကြီးပမာ မှတ်ထင်နေတတ်ကြ၏။

"**နီးလွန်းတော့လည်းမမြင်**"ဟူသောစကားရှိ၏၊ စာဖတ်ခြင်းကို ခေတ္တရပ်၍ သင်၏ မျက်စိကို ခေတ္တမှိတ်ထားကာ တစ်မိနစ်ကြာမှ ပြန်ဖွင့်လိုက်ပါ၊ သင်မျက်စိမှိတ်ထားစဉ်က ဘာကိုမြင်နေရသနည်း–ဟု မေးခဲ့လျှင်၊ အတော် အူကြောင်ကြောင်နိုင်တဲ့မေးခွန်းပဲ–ဟု မယူဆဘဲ သင်မည်သို့ဖြေဆိုမည်နည်း၊ ဘာဆိုဘာမှကိုမမြင်ရဘူး–ဟု မပြောလေ

နှင့်၊ မျက်စိအကြည့်ဓာတ်၏ရှေ့တည့်တည့်တွင် ပိတ်ဖုံးကာကွယ်ထားသည့် မျက်ခွံရှိနေသည် မဟုတ်ပါလား၊ ၎င်းမျက်ခွံ၏အတွင်းသားကို နီးကပ်လွန်းသည့်အတွက် မမြင်ရခြင်းသာ ဖြစ်ပါသည်။

ထိုနည်းတူစွာ မိဘကျေးဇူးကိုလည်း နီးကပ်လွန်းလို့ မမြင်နိုင်တာမျိုးလည်း ဖြစ်နေတတ်၏။ အိမ်မှ စိတ်ဆိုး၍ဆင်းလာစဉ်က ထမင်းတစ်နပ်ခေါ်ကျွေးခဲ့ဖူးသည့် သူငယ်ချင်း၏အကြောင်းကို အိမ်ပြန်ရောက်သည့်တိုင် ရေပက်မဝင် ရွှန်းရွှန်းဝေအောင်ပြောဆိုနေတတ်ကြသည်၊ ထမင်းတစ်နပ်ခေါ်ကျွေးဖူးသည့် သူငယ်ချင်းကိုပင် မဟာကျေးဇူးရှင်ကြီးအလား အားရရွှင်ပြုံး မီးခိုးမဆုံး မိုးမဆုံး ချီးမွမ်းနေပါလျှင် သင့်ကို နေ့စဉ် ထမင်းကျွေးနေသည့် မိဘများ၏ကျေးဇူးတရားကို ဒီလိုအားရပါးရ ချီးမွမ်းပြောဆိုဖူးပါသလား၊ နီးကပ်လွန်းလို့ မမြင်ရတာမျိုး ဖြစ်သွားပါလိမ့်မည်။

ဒါကြောင့်မို့လည်း မိဘအတွက် ငွေငါးထောင်ပေးဖို့ လက်တွန့်နေသော်လည်း ၎င်းသူငယ်ချင်းအတွက်ဆို ငွေတစ်သောင်း အကူအညီပေးဖို့ ဝန်မလေးတတ်ကြချေ။ ထိုကဲ့သို့မဖြစ်စေပဲ တစ်ရက်တာ တစ်ခဏမျှ ကူညီခဲ့ဖူးသူကို မဟာ့မဟာကျေးဇူးရှင်ကြီးဟု ထင်နေကြမည့်အစား တစ်ဘဝလုံးအတွက် အနစ်နာခံ ကိုယ်ကျိုးစွန့် ချစ်လို့မဝအောင် ကူညီခဲ့ကြတဲ့ မိဘနှစ်ပါး၏ကျေးဇူးကိုသာ မြင်အောင်ကြည့်ပါ–ဟု တိုက်တွန်းလိုပါသည်။

## မြင်အောင်ကြည့်ပါ လက်ဦးဆရာ

မိဘများသည် မိမိတို့ပြုစုပျိုးထောင်ပေးနေသည့် သားသမီးလေးများ၏ တိုးတက်မှု ဆုတ်ယုတ်မှုကိုလည်းကောင်း၊ မိမိတို့စိတ်ကြိုက်ပုံဖော်နေသည့် ဖယောင်းရုပ်ကလေးများ၏ လုပခန့်ညားမှု အကျည်းတန်မှုတို့ကိုလည်းကောင်း မျက်ခြည်မပြတ်ကြည့်တတ်မြင်တတ်ဖို့လိုသလို၊ သားသမီးနှင့်ပတ်သက်၍ မိမိတို့၏အားသာချက် အားနည်းချက်များကိုလည်း ပြန်လည် စစ်ဆေးကြည့်ရှုဖို့လိုပါသည်၊ လိုရင်းကတော့ **မိဘများသည် "သားသမီးကိုလည်း မြင်အောင်ကြည့်၊ ကိ သ့်ကိုယ်ကိုလည်း မြင်အောင်ကြည့်"**ဟု ဆိုလိုပါသည်။

မိဘနှစ်ပါးသည် သမိုင်းပေးတာဝန်အရ မျိုးဆက်ပြန့် ႕းရေးတာဝန်သာမက ၎င်းမျိုးဆက်ကောင်းမွန်ထက်မြက်ရေးအတွက်ပါ တာဝန်ရှိ၏။ "အိမ်အသုံးစရိတ်အတွက် ကျပ်ငွေရှာပေးနိုင်ရင်ပြီးတာပဲ၊ သားသမီးတွေလည်း ထမ... ျးကျောင်းထားပေးနိုင်ရင်

တာဝန်ကျေပြီပေါ့'ဟု မယူဆလေနှင့်၊ ဤကဲ့သို့ အသိတိမ်အတွေးတိမ်သောမိဘများသည် မျိုးဆက်ထက်မြက်ရေးကို အလေးအနက်မထားတတ်ကြ၊ မိမိတို့ရင်သွေးငယ်များအား အလှပဆုံးကျောက်ဆစ်ရုပ် ကျောက်ကောင်းတစ်ပွင့်ဖြစ်လာစေရန် ကြိုးစားနေကြသော အတွေးနက်သည့်မိဘများကတော့ မျိုးဆက်ထက်မြက်ရေးကိုပါ ရှေ့ရှုကြ၏။

မိဘနှစ်ပါးသည် သားသမီးများ၏ ပုဗ္ဗာစရိယ–လက်ဦးဆရာများဖြစ်သည်ကို မမေ့ကြလေနှင့်၊ ကျောင်းစာသင်ခန်းသည် အရေးအဖတ်အတွက် အဓိကတာဝန် ထမ်းဆောင်ပြီး အတွေးအခေါ်အယူအဆနှင့် အလေ့အကျင့်စရိုက်တို့မှာ– မိဘများ၌ တိုက်ရိုက်တာဝန် ရှိပါသည်။

လက်ပွန်းတတီးနေထိုင်သဖြင့် ရင်သွေးငယ်များ လူမှန်းသိတတ်စအချိန်တွင် မိဘများကို အတုခိုးလေ့ရှိကြ၏။ မိဘစရိုက်ကြမ်းလျှင် သားသမီးကြမ်းနိုင်သည်၊ စည်းကမ်း ရှိသောမိဘများမှ ဆင်းသက်လာသောသားသမီးများ စည်းကမ်းရှိကြ၏၊ အတွေးအခေါ် အယူအဆခေါင်းပါးသူမိဘများမှ ဆင်းသက်လာသောသားသမီးများ လေးနက်စွာမတွေး ခေါ်နိုင်သည်မှာ ဘာမျှမဆန်း။

မိဘတိုင်းသားသမီးကိုချစ်ကြတာ သဘာဝပါ၊ ဒါပေမယ့် ချစ်တတ်ဖို့တော့လိုပါ သည်၊ အချစ်လွန်အလိုလိုက်ကာ ပျက်စီးသွားသည့်သားသမီးတွေလည်းမနည်းတော့၊ မိဘကဝတ္တရားကျေပွန်စွာ ဆောင်ရွက်ပေးပြန်တော့လည်း သားသမီးတွေဖက်က သားသမီး ဝတ္တရားအတိုင်း ပြန်သိတတ်ကြဖို့လိုပြန်ရော၊ မိဘနှင့်သားသမီး ကိုယ့်တာဝန် ကိုယ်ကျေပွန်ကြလျှင် အကောင်းဆုံးပင်ဖြစ်ပါလိမ့်မည်။

တချို့မိဘများ သားသမီးကိုချစ်ကြရာ၌ ချစ်ရာမရောက်နှစ်ရာရောက်နေ၏၊ ပန်းကိုတော့လိုချင်၏၊ အပင်ကိုတော့ မပျိုးတတ်ကြ၊ မိဘကအချစ်လွန်အလိုလိုက်၍ သားသမီးများ ပျက်စီးရသည်မှာ များလှချေပြီ၊ ဆိုင်ကယ်မှောက်၍ ချိုင်းထောက်ကလေး အားပြုကာ တဖြည်းဖြည်းလှမ်းလျှောက်ကျင့်နေသော ဆယ်တန်းကျောင်းသား သားတော် မောင်အား ဝမ်းနည်းစွာငေးကြည့်နေရှာသည့် ဖခင်ကြီးခမျာ မချိတင်ကဲနှင့်––

"ငါ့သားရယ်– အဖေ့ဘဝမှာ သားနဲ့ပတ်သက်လို့ မဟာအမှားကြီးနှစ်ခုကျူးလွန် ခဲ့မိပါတယ်၊ အဲဒါကတော့ ငါ့သားကိုမုန့်ဖိုးတွေ အများကြီးပေးခဲ့မိတာရယ်၊ သားပူဆာတဲ့ ဆိုင်ကယ်ကို ဝယ်ပေးခဲ့မိတာရယ်၊ ဒီနှစ်ခုပါပဲကွယ်" ဟု စိတ်ထဲမှာ ကြေကွဲဝမ်းနည်းစွာ

ဖြင့် သူ့ကိုယ်သူအပြစ်တင်နေမိပါသတဲ့။

ဩော်– စိတ်ရှည်လက်ရှည်ထုလုပ်ခဲ့ရသည့် ပန်းပုရုပ်ကလေး၊ အချောသပ်ကာ ပြီးစီးခါနီးကျမှ ကျိုးပဲ့ပျက်စီးသွားရသည်မှာ ပန်းပုဆရာ၏အားနည်းချက်တစ်ခုကြောင့်ပင် မဟုတ်ပါလား၊ ကျိုးပဲ့နေသည့်ပန်းပုရုပ်ကလေးက တုတ်ကောက်ကလေး ထောက်ကာ ထောက်ကာနှင့် မျက်စိအောက်မှာ မြင်တွေ့နေရသေး၏၊ တချို့များ (တစ်စစီကျိုးပဲ့နေ တယ်) ဟူသော သီချင်းလို တစ်စစီတစ်ပိုင်းစီ ကြေမွပျက်စီးသွားသဖြင့် တမလွန်ခရီးသို့ပင် စောစီးစွာအပို့ခံလိုက်ကြရ၏၊ ထို့ကြောင့် ပိုက်ဆံရှိသည့်မိဘများ သားသမီးကိုချစ်လျှင် ဆိုင်ကယ်ဝယ်မပေးသင့်၊ လူငယ်ဆိုသည်က ဆိုင်ကယ်ပေါ်ရောက်လျှင် ပင်ကိုယ်စိတ် ပျောက်ခါ မြောက်တောက်တောက်ဖြစ်သွားတတ်ကြ၏၊ လူအထင်ကြီးအောင်ဆိုပြီး ဆိုင်ကယ်စီးရင်း လက်ကိုပင် လွှတ်ပြလိုက်သေး၏၊ ဒါကြောင့်မို့လည်း တချို့ ခပ်နောက်နောက်ပြောတတ်ကြသည်မှာ''**ဆိုးမိုက်နေတဲ့သားသမီး ဆိုင်ကယ်တစ်စီးသာ အမြန်ဝယ်ပေးလိုက်**'' တဲ့)။ တစ်ခါတစ်ရံ ကိုယ်ကအမောင်း မကြမ်းဘဲ ဖြည်းဖြည်းမှန်မှန်သွားနေသော်လည်း (ကားလမ်းပေါ်မှာ ကိုယ့်ဆိုင်ကယ်တစ်စီး တည်းရှိသည်မဟုတ်) တခြားအမောင်းကြမ်း သော ကားနှင့်ဆိုင်ကယ်တို့၏အန္တရာယ် ရုတ်တရက်ဖြတ်ဝင်လာသည့် ကလေးသူငယ်နှင့် ခွေးတို့၏အန္တရာယ်ကလည်း ရှိသေး၏၊ အန္တရာယ်ကကြီး သေဘေးနှင့်နီးသည့်အတွက် ဆိုင်ကယ်စက်နှိုးနေသည့်သားသမီးအား (**သတိနှင့်သွား**)ဟု မမှာဖူးသည့်မိဘရှိပါသလား။

၂၀၀၅–ခုနှစ် နှစ်လပိုင်းကုန်ခါနီးလောက်က ဖြစ်လိမ့်မည်ထင်ပါသည်၊ ကျူရှင် သွားသည့် ဆယ်တန်းကျောင်းသား၏ဆိုင်ကယ်နှင့် တူဝရီးနှစ်ယောက်စီးလာသည့်ဆိုင်ကယ် တို့ အရှိန်ပြင်းစွာတိုက်မိရာ တူမကခြေကျိုး အဒေါ်အပျိုကြီးက သေဆုံးခဲ့ရ၏၊ နောက်ပိုင်း စိတ်ညစ်လွန်းလှ၍ ၎င်းကျောင်းသား၏ဖခင်ခမျာလည်း စိတ်ထိခိုက်ကာ ရုတ်တရက် သေရရှာပါသတဲ့၊ မိမိနှင့် ခင်မင်ရင်းနှီးသူ အသိဒကာမတစ်ဦးက ပြောပြသည်မှာ ''အိမ်က သားအကြီးကောင် ကျူရှင်တက်လည်းဆိုင်ကယ်နဲ့၊ ကျောင်းသွားလည်း ဆိုင် ကယ်နဲ့၊ သူ့အဖေကြိုပို့ပေးမယ်ဆိုတာလည်း လက်မခံဘူး၊ အဲဒါ–သားအိမ်ပြန် မရောက်မချင်း (**လမ်းမှာ ဘာများဖြစ်လာမလဲဟဲ့**)ဆိုပြီး အမြဲစိတ်ပူနေရတယ်''ဟု ပြောကြားခဲ့ပါသေး၏။ **မှန်ပါသည်**– လမ်းမှာတစ်စုံတစ်ရာမဖြစ်ခဲ့သော်ကောင်း၏၊ ဖြစ်ခဲ့သော် သင်ခန်းစာတစ်ခုရရန် ပေးဆပ်လိုက်ရသည့် အရင်းအနှီးတန်ဖိုးနှင့် နောက် ဆက်တွဲ ဆိုးကျိုးများကား ကြီးမားလွန်းလှပေ၏၊ ထို့ကြောင့် ဆိုင်ကယ်မောင်းသည့်အခါ **ကလေး ရယ်,ခွေးရယ်,ခဲရယ်ဤသုံးမျိုးကို** သတိပြုကြပါ–ဟူသော တိုက်တွန်းချင်ပါသည်၊

သားသမီးတို့ဘဝ သာယာလှပအောင်ပုံဖော်ရာ၌ အနုအကြမ်း

စုံလင်စွာ ခြောက်ချည်တစ်လုံးနှင့် မြောက်ချည်တစ်ခါ လိမ္မာပါးနပ်စွာဖြင့် ကိုင်တွယ်ထုဆစ် တတ်ဖို့လိုသလို၊ မိမိကိုယ်ကိုလည်းမြင်အောင်ကြည့်ကာ ပြန်လည်ဆန်းစစ်တတ်ဖို့လို သေး၏၊ သားဖြစ်သူအား အရက်မကောင်းကြောင်းပြောကာ အရက်မသောက်ဖို့ တားမြစ် နေသူဖခင်၏ခါးကြား၌ အရက်ပုလင်းထိုးထားလျှင် သင့်ပါမည်လော ။

ဒေါသကိုမထိန်းနိုင်သောဖခင်၏ ထင်းချောင်းနှင့်လှမ်းပစ်မှုကြောင့် သားဖြစ်သူ၏ မျက်စိတစ်ဖက် ထင်းစမှန်လျက်ပျက်စီးရသည်မှာ မည်သူ့လက်ချက်ပါနည်း၊ သားလူပျို ပေါက်အရွယ်ရောက်သော် ကျောက်မျက်လုံးတစ်ဖက်အား မျက်မှန်နက်တစ်လက်ဖြင့် အမြဲတမ်းကာကွယ်လျက် အရှက်ရစေခဲ့သူမှာ မည်သူပါနည်း။

အိမ်ရှေ့မှာဈေးဝယ်သူလာသဖြင့် သမီးငယ်လေးအား မီးဖိုနားထားကာ ဈေးသွား ရောင်းမိသောမိခင်၊ ကလေးငယ်၏ငိုသံကြောင့် မီးဖိုထဲပြေးအကြည့် မြင်ရက်စရာကမရှိ၊ သမီးငယ်၏အောက်ပိုင်းတစ်လျှောက် ရေနွေးအိုးမှောက်ကျကာ အသားနုနုလေးများပင် လန်ကျနေ၏၊ သမီးအပျိုပေါက်အရွယ်ရောက်သော် ခြေထောက်တစ်ဝိုက်ရှိအဖြူကွက်များ အား လူမမြင်အောင် ထမီစလေးဖြင့် အမြဲဖုံးနေရသည်မှာ မည်သူ့အသုံးမကျလို့ပါနည်း။

''ကဲ– ငါ့သားကျောင်းမပြေးနဲ့၊ ရုပ်ရှင်ရုံမှာလည်းသွားမကြည့်နဲ့၊ သွားကြည့်ရင် ငါနဲ့အတွေ့ပဲ'' ဟု ဆိုသော ဖခင်မျိုးကလည်းရှိသေး၏၊ ရုပ်ရှင်ရုံရောက်သော် ဖခင်ဖြစ်သူ အား ရုံထဲမှာတွေ့မြင်ရလေ၏၊ ဒါ့ကြောင့် မင်း ငါနဲ့တွေ့မယ်–ဟု ပြောခဲ့သည်ကိုး။

နောက်ဆုံးပြောချင်သည်မှာ စရိုက်ကြမ်းကာ ဘာသာတရားကိုင်းရှိုင်းမှု နည်းသော သားသမီးအားပြုပြင်ဆုံးမလိုလျှင် မိဘကိုယ်တိုင်က **''ငါ–စရိုက်ကြမ်း သလား၊ ဘာသာတရားကိုင်းရှိုင်းမှုရှိသလား''** ဟု ပြန်၍မြင်အောင်ကြည့်သင့်၏၊ သို့မဟုတ်ပါက လက်ဦးဆရာ ကချလာတွေဖြစ်သွားလိမ့်မည်၊ မိမိကိုယ်ကိုမြင်မှ သူတစ်ပါးကိုပြုပြင်ဆုံးမလို့ လွယ်ကူမည်မဟုတ်ပါလား။

## ဖန်တီးရှင်ဘဝ ပြန်ကြည့်ကြ

ပညာမစုံအိမ်ထောင်မကျမီအတွင်း သားသမီးတို့၏ဘဝသည် အဖန်ကီးခံဘဝ မျိုး၌သာရှိသေး၏၊ မိဘနှစ်ပါး၏ပြုပြင်ဖန်တီးမှု ဆုံးမမှုအောက်မှာ တဖြည်းဖြည်း လူလားမြောက်ခဲ့ကြရ၏၊ မိဘတို့၏ဖန်တီးပေးမှုမှန်သမျှသည် ကိုယ့်အတွက်ချည်းသာ ဖြစ်သည်ကို သိဖို့လို၏၊ တာဝန်ပိုင်းအနေဖြင့်လည်း အသိတာဝန်မျိုးမဟုတ်သေး

ပေးအပ်တာဝန်မျှသာရှိ၏၊ ၎င်းငယ်စဉ်ဘဝတာဝန်များသည် အလွန်အမင်းထင်ရှားကာ ကြီးမားသောတာဝန်များလည်းမဟုတ်ကြ၊ မိဘစကားနားထောင်၍ ပညာရေးကိုအထူး ကြိုးစားရုံနှင့် တာဝန်ကျေနိုင်လေ၏။

သည်လိုနှင့် ပညာလည်းစုံကြင်ယာလည်းစုံကာ အိမ်ထောင်ကျလာပြီးသည့် နောက် ပေးအပ်တာဝန်မျှသာမဟုတ်တော့ပဲ အိမ်ထောင်သည်ဘဝ အသိတာဝန်တွေပါ ပိုလာခဲ့ရ၏၊ သည်အချိန်သည်အခါမျိုး၌ မိဘတို့ဝတ္တရားကျေခဲ့ပြီမို့ ဒီသားဒီသမီးနှင့် ပတ်သက်၍ မိဘနှစ်ပါးတွင် မည်သည့်တာဝန်မျှမရှိ၊ ဘာတာဝန်ကိုမျှလည်းယူစရာ မလိုတော့ပေ။

သို့သော် တချို့သားသမီးများ အိမ်ထောင်ရက်သားကျပြီးသည့်တိုင် အဖန်တီး ခံဘဝမှ မလွတ်နိုင်ကြသေး၊ ဖန်တီးရှင်မိဘတို့က စိတ်တိုင်းမကျသေး၍ မိဘဝတ္တရား ငါးပါးကျေပြီးဖြစ်သော်လည်း အဝေးကပင်လမ်းညွှန်ကာ ဖန်တီးပေးနေရတာမျိုးလည်း ရှိသေး၏၊ အကယ်၍ သားသမီးများသည် ကိုယ့်အစွမ်းအစနှင့်ကိုယ် ရပ်တည်နိုင်ပါမူကား မိဘတို့က ဆက်လက်ဖန်တီးပေးရန် မလိုတော့ချေ၊ သားသမီးများလည်း ဖန်တီးခံဘဝမှ လွတ်ပြီ–ဟုဆိုနိုင်၏။

ဤနေရာ၌ တစ်ခုပြောချင်သည်မှာ ''ကိုယ့်ခြေထောက်ပေါ်ကိုယ်ရပ်တည်နိုင်ပြီ မိဘလောင်းရိပ်အောက်ကလွတ်ပြီ'' ဆိုပြီးတော့လည်း မိဘစကားနားမထောင်တာမျိုး ကလန်ကဆန်ပြန်လုပ်တာမျိုး လုံးဝမဖြစ်သင့်၊ မိဘကမှန်တယ်ထင်လို့ ဆုံးမသည့်အခါ ''အမေတို့က ဘာသိလို့လဲ၊ ကျုပ်က သိလို့တတ်လို့လုပ်နေတာ၊ နေရာတကာ ဝင်မပါနဲ့ ဘာမှန်းလဲမသိဘူး''ဆိုပြီးပြန်မပြောပါနှင့်၊ သားသမီးကပြန်ငေါက်သည်ကို ခံလိုက်ရလျှင် ၎င်းမိခင်ခမျာ မည်မျှစိတ်ဆင်းရဲရှာမည်နည်း၊ သားသမီးအိမ်ကပ်နေရသည့် မိဘမျိုး ဆိုလျှင် ဒုက္ခတရားက ပိုပြီးကြီးမားလွန်းလှ၏၊ သားသမီးက အရေးမလုပ်တော့လို့ လူပိုလူလျှံဖြစ်ကာ လမ်းဘေးရောက်သွားခဲ့ရတဲ့ မိခင်တွေလည်း များလှပေလိမ့်မည်။

တချို့မိခင်ဖခင်များဆိုလျှင် သားသမီးကိုပြန်မပြောရဲလို့ ကွယ်ရာမှာပင် ခင်မင် ရင်းနှီးသူများအား – – –

**''ငါမွေးခဲ့လို့ငါကျွေးခဲ့လို့ လူတစ်လုံးသူတစ်လုံးဖြစ်လာကြတာ၊ ကျေးဇူးဆပ်ဖို့ မဟုတ်ပါဘူး၊ငါ့ရဲ့စေတနာ မေတ္တာကိုနားလည်ပြီး ငါ့ကိုပြန်မပြောရင် တော်ပါပြီ၊**

**အခုတော့ ငါသိပ်ခံစားရတယ်'' ဟု ရင်ဖွင့်ရရှာပါသတဲ့။**

အိမ်ထောင်သည်ဘဝ၌ မျိုးဆက်သစ်ရင်သွေးငယ်လေးများ ပေါက်ဖွားရရှိလာသောအခါ၊ ၎င်းလူလတ်ပိုင်းသားသမီးများသည် ဖန်တီးရှင်ဘဝသို့ အလိုလိုရောက်ရှိလာကြတော့၏။ အရွယ်အားဖြင့်ကြည့်ပါမူ ဒုတိယအရွယ်နှင့်တတိယအရွယ်၏ အစပိုင်းလောက်ဖြစ်ပေလိမ့်မည်၊ မျိုးဆက်သစ်ရင်သွေးလေးများကို ထောက်ဆပါက မိဘလည်းဖြစ်နိုင်သလို မိအိုဖအိုတို့ကိုထောက်ဆပါက သားသမီးလည်းဖြစ်နေပြန်သောကြောင့် တာဝန်အကြီးဆုံးကာလဟု ဆိုနိုင်ပါသည်၊ အောက်ကရင်သွေးငယ်လေးများကို ငုံ့ကြည့်ကာ ကြွေးသစ်ချရသလို၊ အပေါ်ကမိအိုဖအိုတို့ကို မော့ကြည့်၍လည်း ကြွေးဟောင်းပြန်ဆပ် နေရသည့်ကာလမျိုးဖြစ်၏။ တကယ်တော့ လူလတ်ပိုင်းအရွယ်သည် ကား မိမိရင်သွေးများအတွက် ဖန်တီးရှင်ဖြစ်သလို မိအိုဖအိုတို့အတွက်လည်း ဖန်တီး ရှင်ပင် ဖြစ်နေပြန်၏။

**မှတ်ချက် /** ဤနေရာ၌ တစ်ခုစဉ်းစားမိသည်မှာ မိအိုဖအိုတို့သည် ၎င်းတို့ငယ်ရွယ်စဉ်ဘဝတုန်းကလည်း မိဘတို့၏ဖန်တီးခံဖြစ်ခဲ့ကြပြီး၊ ယခုလို အိုမင်းမစွမ်းဖြစ်သောအချိန်မှာလည်း သားသမီးတို့၏ဖန်တီးခံဘဝ ရောက်ရပြန်သည်ကို သတိပြုမိ၏။

များသောအားဖြင့် လူလတ်ပိုင်းသားသမီးများသည် သူတို့၏မျိုးဆက်သစ်များအတွက် အာရုံစိုက်များလွန်းပြီး မိအိုဖအိုတို့ကိုတော့ မေ့နေတတ်ကြ၏။ ရင်သွေးငယ်များအတွက် ငွေဘယ်လောက်ကုန်ကုန် အတိုးမျှော်ကာ ကြွေးသစ်ချဖို့ဝန်မလေးသော်လည်း မိဘတို့၏ ကြွေးဟောင်းကို ပြန်ဆပ်ဖို့ကျတော့ တွန့်တိုနေတတ်ကြ၏။။ အတိုးမပြောနှင့် အရင်းကိုတောင် ပြန်မပေးချင်ကြ။ အများကပြောကြ သည်မှာ ''**မိဘနေရာရောက်မှ မိဘမေတ္တာအလိုလိုနားလည်လာလိမ့်မယ်**''တဲ့။

တချို့သားသမီးတွေ မိဘနေရာရောက်နေသော်လည်း နားမလည်ပါ၊ တချို့ ကျပြန်တော့ မိဘမေတ္တာ မိဘကျေးဇူးကို အတွင်းစိတ်ကသိနေသော်လည်း အပြင် ဘက်လက်ကတော့ မိဘဆီသို့အရောက်ကျဲကြ၏၊ ထိုကဲ့သို့မဖြစ်ရလေအောင် မိဘ တို့၏စေတနာ မေတ္တာ ကျေးဇူးတရားများကို အမြဲသိနေဖို့အရေးကြီး၏။

မိဘနှစ်ပါး၏ပြုပြင်ဖန်တီးမှု လိမ္မာပါးနပ်စွာထိန်းသိမ်းစောင့်ရှောက်မှုကြောင့် လူ့လောကအလယ် ထည်ထည်ဝါဝါခန့်ခန့်ညားညားနှင့် စီးပွားဥစ္စာပြည့်စုံကာ ချမ်းသာ သုခ ခံစားရသောအခါမျိုး၌ မိဘတို့၏ဂုဏ်ကျေးဇူးကို အထူးသိမြင်ဖို့အရေးကြီး၏၊ ထိုအခါမျိုးတွင် သားသမီးတို့၏ရင်ထဲအသည်းထဲမှာ တစိမ့်စိမ့်ဖြင့် ကျေးဇူးတင်လို့ကို

မဆုံးနိုင်လောက်အောင် ခံစားချက်ကပြင်းထန်ကြရမည်၊ ကိုယ်တိုင်ရင်သွေးရတနာ ရလာပြီဆိုသောအခါ၌ကား မိဘများအပေါ် ကိုယ်ချင်းစာတရားဖြင့်နားလည်ကာ သည်းခံ ခွင့်လွှတ်ကြရမည်။

ထိုအသိအမြင်မျိုး ထိုခံစားချက်မျိုး ကိန်းအောင်းလာပြီဆိုပါက မိဒိုဖအိုတို့၏ အနာဂတ်အရေးရင်လေးစရာရှိမည်မဟုတ်တော့ပေ၊ သားသမီးတိုင်းက တယုတယနှင့် ဂရုစိုက်ကြပေလိမ့်မည်၊ တကယ်တမ်းစဉ်းစားကြည့်လျှင် အရွယ်လွန်မိဘများကို ပြုစုရသည်မှာ ငယ်ရွယ်သူများကိုပြုစုစောင့်ရှောက်ရသလောက် မခဲယဉ်းလှပါ။ ငယ်ရွယ်သူ များလို ဆုံးမပဲ့ပြင်သွန်သင်နေစရာမလိုပဲ စိတ်ချမ်းသာစွာဖြင့် အေးငြိမ်းသောဘဝမျိုး ရစေရန် ဖန်တီးပေးရုံသာရှိ၏။ ထို့ကြောင့် ဘုရားအလောင်း သာလိကေဒါရကျေးမင်းလို ကြွေးသစ်လည်းချ, ကြွေးဟောင်းကိုလည်း စိတ်ပါလက်ပါ ပြန်ဆပ်နိုင်ရလေအောင် ဖန်တီးရှင်ဘဝရောက်နေသည့် လူလတ်ပိုင်းသားသမီးများက ဖန်တီးခံမိဒိုဖအိုတို့၏ ဂုဏ်ကျေးဇူးကို အထူးသိမြင်အောင် နောက်ကြောင်းပြန်၍လှည့်ကြည့်ကြစမ်းပါ – ဟုသာ တိုက်တွန်းချင်ပါသည်။

## ကျေးဇူးကိုပြိုင် နိုင်မတဲ့လား

**'ကျေးဇူး'** ဟူသော စကားနှင့်ပတ်သက်၍ ကျေးဇူးတရားသည် မိဘနှင့်သားသမီး တို့ကြားမှာလည်းရှိ၏၊ ဆရာနှင့်တပည့်တို့၏အကြားမှာလည်းရှိ၏၊ မိတ်ဆွေသူငယ်ချင်း အပေါင်းအသင်းတို့၏အကြားမှာလည်းရှိ၏၊ လူတစ်ဦးနှင့်လူတစ်ယောက်အကြား ကျေးဇူးခံ ကျေးဇူးစားတွေကား များလှချေ၏၊ (မိဘနှင့်သားသမီးတို့ကြားမှာတော့ ကျေးဇူးဟူသော စကားလုံးသည် သားသမီးဘက်ကကြည့်၍ သုံးခြင်းဖြစ်ပေလိမ့်မည်၊ မိဘတွေ ပေးအပ် သည်က မေတ္တာ၊ ဒါကိုပင် သားသမီးတွေဘက်ကပေးဆပ်လိုက်သည့်အခါ ကျေးဇူး တရားဖြစ်သွားတော့၏။ သားသမီးများ၏ကျေးဇူးတင်ခံလို၍ ပြုစုခဲ့ကြခြင်းမဟုတ်သည်ကို သတိပြုရမည်)။

ရှေးလူကြီးများပြောကြသည်မှာ – **"ကိုယ်ကသူတစ်ပါးကို ကူညီခဲ့တာတွေ မေ့ပစ်လိုက်ပါ၊ တစ်ဖက်သားက ကိုယ့်အပေါ်ပြုထားတဲ့ ကျေးဇူးတရားကို အမြဲသတိ ရနေပါ"** တဲ့၊ အခွင့်မသာလို့ မဆပ်ဖြစ်ခဲ့ရင်တောင် ပရိသတ်အလယ်ခေါင်မှာ ထုတ်ဖော်ပြောရဲရမှာပေါ့၊ ယခုတော့ သည်လိုမဟုတ်ကြ၊ တချို့များ ကျေးဇူးတရားကို

အဟုတ်တကယ်မေ့သွားတတ်ကြ၏၊ မမေ့သူကလည်း မေ့ချင်ဟန်ဆောင်ကာ တုံ့ပြန်မှုဆိုတာမရှိ၊ **'ကျေးဇူးတင်ပါ၏'** ဟူသောစကားလေးငါးလုံးနှင့် အပြုံး တစ်ချက်ပေးကာ ကြာတော့လည်း မေ့သွားတတ်ကြပြန်ပါရော့လား၊ ကူညီခဲ့ရသည်မှာ တစ်ခါနှစ်ခါမက မကြာခဏဆိုလျှင် ကူညီသူ၏ရင်ထဲမှာ ဘဝင်မကျသလိုဖြစ်ကာ နောက်ဆုံးတော့ **''တော်ပါပြီကွာ''**ဆိုပြီး ကူညီချင်စိတ်တွေ ကုန်ခန်းသွားကြတော့၏။ မည်သူရေးမှန်းမသိ ကဗျာလေးတစ်ပုဒ်ဖတ်ဖူး၏။

* **ကျေးဇူးပဲ** – ဆိုတဲ့ အပြုံးလေးတစ်ခုနဲ့ ကျေနပ်ခဲ့ရပေါင်းလည်းများပြီ၊
* **ကူညီပါ** – ဆိုတဲ့ စကားလေးတစ်လုံးနှင့်လည်း ညာခိုင်းခံခဲ့ရပေါင်းများပြီ၊
* **ခဏလေးပါ**–ဆိုတဲ့ ငွားရမ်းမှုတွေကြောင့် ဆုံးရှုံးခဲ့ရပေါင်းလည်းများပြီ၊
* **နက်ဖြန်ခါ**– ဆိုတဲ့ ချိန်းဆိုမှုတွေကိုလည်း စောင့်ခဲ့ရပေါင်းများပြီ၊
* **သည်းခံပါ**– ဆိုတဲ့ တောင်းပန်မှုတွေကိုလည်း ခွင့်လွှတ်ခဲ့ရပေါင်းများပြီ၊

ဒါတွေကြောင့်လားမသိ ကျွန်ုပ်၏အရေပြားများ ထူလွန်းအားကြီးလို့ ဆူးသွားနဲ့ထိုးလည်း မပေါက်၊ အပ်ကိုပင် ကောက်စေခဲ့ပြီ–တဲ့။

ဤကဗျာလေးထဲမှအဖြစ်မျိုး မကြာခဏ တိုးဖူးကြပါလိမ့်မည်၊ မြတ်စွာဘုရား ရှင်ကလည်း **''လောက၌ ကျေးဇူးသိသောပုဂ္ဂိုလ်ရှား၏၊ ကျေးဇူးကိုသိသော်လည်း လူပုံအလယ်၌ ထုတ်ပြောဝံ့သည့်ပုဂ္ဂိုလ်သည် ပို၍ရှား၏၊ အရှားပါးဆုံးကတော့ ကျေးဇူးဆပ်သည့်ပုဂ္ဂိုလ်ပင်ဖြစ်ကြောင်း''** ဟောကြားတော်မူခဲ့ပါ၏။

**မှန်ပါသည်**– ကျေးဇူးရှင်ဆရာက ဗျိုင်းတိရစ္ဆာန်ဖြစ်နေသည့်အတွက် ''ကျွန်တော့ ဆရာဟာ ဗျိုင်းပါ'' ဟု ထုတ်ဖော်မပြောဝံ့သည့်လုလင်ခမျာ ဆရာကို ကာပြန်၍ အာလုံ့စူးခဲ့ရသည်မဟုတ်ပါလား၊ ကိုယ့်ထက်မြင့်မြတ်တဲ့ပုဂ္ဂိုလ်ဆီက ကျေးဇူးလေးများရှိလျှင် အာဝဇ္ဇန်းတရွှင်ရွှင်နှင့်ပြောလို့ကိုမဆုံးတော့၊ ကိုယ့်ထက်နိမ့်ကျ တဲ့လူတစ်ယောက်ဆီက ကျေးဇူးရှိတာကျတော့ ၎င်းပုဂ္ဂိုလ်၏ကျေးဇူးဂုဏ်ကို လူပုံအလယ်မှာ ထုတ်ဖော်၍မပြောရဲကြ၊ ဒါကြောင့်မို့လည်း ဘုရားရှင်က ရှားပါးပုဂ္ဂိုလ် စာရင်းမှာ ထည့်သွင်းထားခြင်းဖြစ်၏။

ပါဠိစာပေ၌ ''မက္ခ''ဟူသော ပါဠိစာလုံးရှိ၏၊ မက္ခ–ဟူသည် သူ့ကျေးဇူးကိုချေ ဖျက်တတ် ကျေးဇူးကန်းတတ်သော ဒေါသတစ်မျိုးတည်း၊ တချို့က ကျေးဇူးမေ့ရုံမက ကျေးဇူးပင် ကန်းတတ်ကြ၏၊ မိဘကျေးဇူး ဆရာသမားတို့၏ကျေးဇူး မိတ်ဆွေကောင်း

တို့၏ကျေးဇူးကို ကျေးဇူးဟုပင်မထင်၊ ကျေးဇူးလည်းမတင်နိုင်ပဲ (ငါ့အပေါ်မှာ သူ့ကျေးဇူး ဘာရှိလို့လဲ) ဟု ကျေးဇူးကန်းတတ်ကြသည်။ တချို့ကျပြန်တော့ **(ကျေးဇူးရှိမှ ကျေးစွပ်တယ်)**ဟူသောစကားလို ကျေးဇူးကန်းရုံတင်မက သားရေပေါ်အိပ် သားရေနားစားကာ ကျေးဇူးရှင်ကိုပင် ကျေးစွပ်တတ်ကြပါသေးသည်၊ ထိုသူမျိုးကို (မိတ္တဒုဗ္ဘိ) မိတ်ဆွေပြစ်မှားသူ လူယုတ်မာ–ဟု ခေါ်၏။ သူတစ်ပါးကျေးဇူးဟူသည်မှာ အကြွေးတင်သလိုတင်နေသော အရာတစ်မျိုးပင်ဖြစ်၏၊ ထိုကျေးဇူးကိုအခွင့်မသာ၍ မဆပ်ရသေးသော်လည်း ကျေးဇူးရှင်မှန်း အသိအမှတ်ပြုကာ ဆပ်နိုင်သည့်နေ့ ဆပ်ခွင့်ကြုံသည့်အခါ၌ကား မြိန်မြိန်ရှက်ရှက်နှင့်အားရပါးရ နှစ်သက်ကျေနပ်စွာ ဆပ်ကြရပါမည်။ **(ကိုယ်ကျင့် အဘိဓမ္မာ)**။

ကြားဖူးသည်မှာ ကျောက်တစ်လုံးဆရာတော်ငယ်စဉ်က **(ဟဲ့ကောင်လေး နေပူထဲမကစားနဲ့ သွားသွား အိမ်ပြန်)** ဟုပြောဆိုဆုံးမခဲ့သည့်ဦးလေးဖြစ်သူအား တခြားဘာကျေးဇူးမျှမရှိပဲ ၎င်းစကားလေးတစ်ခွန်းကိုပင် ကျေးဇူးတင်လွန်းလို့ နောင်တစ်ချိန်မှာ ဆရာတော်က သူ့ကျောင်းခေါ်၍ သင်္ကန်းဝတ်ပေးပြီး ကျွေးမွေးပြုစု စောင့်ရှောက်ထားခဲ့ကြောင်းသိရ၏။ ဩော်–တချို့များ ကျေးဇူးတရားကိုတောင် ကြဲဖန်ပြီးတော့ တင်လိုက်ကြပါသေးလား။

ဘုရားရှင်ကိုယ်တိုင်သော်မှ မိဘကျေးဇူးကို တရားနှင့်ဆပ်ပြသွားတော်မူခဲ့၏၊ မိခင်၏ကျေးဇူးဆိုလျှင် ဒီဘဝမှာ ဆပ်ခွင့်မကြုံသဖြင့် တမလွန်အထိပင် လိုက်၍ ဆပ်တော်မူခဲ့ရ၏။ ဘုရားရှင်၏တပည့်သာဝက လောကလူသားများမှာလည်း ယခုလက်ရှိပစ္စုပ္ပန် ဘဝအတွက် ကျေးဇူးအများဆုံးပုဂ္ဂိုလ်သည် မိဘနှစ်ပါးပင်ဖြစ်၏၊ သားသမီးတို့အား အသက်ပေးကာ **(အသက်နှင့်ရင်းကာ)** မွေးပေးလာခဲ့သည့်မိခင်၊ ဘဝတစ်ခုလုံးပေးကာ ကျွေးမွေးစောင့်ရှောက်လာခဲ့သည့်ဖခင်၊ သည်မိဘနှစ်ဦး၏ဂုဏ် ကျေးဇူးကား **(လောကီနည်းဖြင့်)** ဆပ်၍မကုန်နိုင်လောက်အောင် ကြီးမားလွန်းလှ၏၊ အတိုင်းအဆပမာဏကို မည်သည့် အရာနှင့်မျှ နှိုင်းယှဉ်ပြ၍မရသလို၊ ယှဉ်ပြိုင်လာသည့် အရာအားလုံးသည်လည်း အရှုံးနှင့်သာ ရင်ဆိုင်သွားကြရ၏။

**ပထဝီဝေဖြိုက် ပတ္တံ–** ယူဇနာနှစ်သိန်းလေးသောင်းထုထည်ပမာဏကို အားကိုးအားထား ပြုကာ ယှဉ်ပြိုင်လာသော မဟာပထဝီမြေကြီးသည် တို့အမေ တို့အဖေတို့ရဲ့ ဂုဏ်ကျေးဇူး နားရောက်သည့်အခါ ဝါးရွက်ကလေးပမာဏသေးငယ်သွားသဖြင့် သူ့ကိုယ်သူအရှုံးပေး

ကာ နောက်ပြန်လှည့်ပြေးခဲ့ရပါသတဲ့။

**သိနေရှ ဦးနဝါမိတ်**– ယူဇနာရှစ်သောင်းလေးထောင် အမြင့်ပမာဏလောက်ကို အဟုတ်ကြီးထင်ပြီး အမြင့်ချင်းလာတိုင်းတဲ့ မြင်းမိုရ်တောင်မင်းခမျာ မိဘကျေးဇူးနားလည်းရောက်ရော သူကိုယ်တိုင် နွားဦးချိုလေးပမာဏသေးငယ်သွားသည့်အတွက် ထွက်ပြေးခဲ့ရပြန်ပါရော့လား။

**စက္ကဝါဠ် သူစိုးဃရံ** –"လောကမှာသူ့ကိုယ်သူအကျယ်ဆုံး"ဆိုပြီး ဂုဏ်ယူဝင့်ကြွားစွာဖြင့် လာ၍ပြိုင်သော စကြာဝဠာကြီးလည်း မိဘတို့၏ဂုဏ်ကျေးဇူးနားရောက်သည့်အခါ သူ့ခမျာ အပ်နဖားပေါက်လောက်သာရှိသဖြင့် လက်မြှောက်ခါ အရှုံးပေးသွားရပြန်ပါသတဲ့။

**သမုဒ္ဒေါ ပါတိဓောာ ယထာ** "ကုန်းနေက ကိုးကုဋေထဲ၊ ရေနေကဆယ်ကုဋေပဲ"မို့ ကုန်းမြေထက်ပင်ကျယ်တယ်ထင်ကာ ယှဉ်၍လာသော ပင်လယ်အဏ္ဏဝါသမုဒ္ဒရာကြီးများလည်း မိဘကျေးဇူးနားရောက်သည့်အခါ မိုးရေပေါက်ကလေးတစ်စက်မျှသာရှိသဖြင့် အရှက်ရကာ လှည့်ပြန်ခဲ့ရပါသတဲ့။

| | | |
|---|---|---|
| * အနန္တဂိုဏ်းဝင် | မိဘပင် | ဂုဏ်အင်ကြီးမာသည်၊ |
| * မိဘဂုဏ်ကို | ယှဉ်ပြိုင်လို | မြင်းမိုရ်တောင်ကငယ်လိမ့်မည်၊ |
| * မိဘဂုဏ်အင် | ပြိုင်လာလျှင် | ကောင်းကင်ပြင်ကကျဉ်းလိမ့်မည်၊ |
| * မိဘဂုဏ်စု | ပြိုင်လာတု | မြေထုမြေလွှာပါးလိမ့်မည်၊ |
| * မိဘဂုဏ်မှာ | ပြိုင်လို့လာ | အဏ္ဏဝါကကျဉ်းလိမ့်မည်၊ |
| * မိဘဂုဏ်က | ပြိုင်မရ | အဆရာထောင်သာလိမ့်မည်။ |

## မိဘမေတ္တာ ပြိုင်ကြည့်ပါ

မိဘကျေးဇူးကို ယှဉ်ပြိုင်လာသည့်အရာအားလုံး အရှုံးပေးသွားကြရသလို၊ သားသမီးအပေါ်ထားသည့် မိဘနှစ်ပါး၏ မေတ္တာလက်နက်အစွမ်းထက်ပုံမှာလည်း "အံ့သြကုန်နိုင်ဘွယ်"ဟုပင် ဆိုရလိမ့်မည်။

ဤနေရာ၌ အနည်းငယ်ကြိုတင်၍ ရှင်းပြစရာရှိသေး၏။ တခြားမဟုတ်၊ မိဘက သားသမီးကိုချစ်သည့်အချစ်, မိဘက သားသမီးအပေါ်ထားသည့်မေတ္တာကို မေတ္တာစစ်ဟုလည်းကောင်း၊ (၅၂၈)ဟုလည်းကောင်း လွဲမှားစွာ မှတ်ထင်နေကြခြင်းတည်း၊ အမှန်

အားဖြင့်ကား မိဘနှင့်သားသမီးတို့၏အချစ်သည် တဏှာပေမ, ဂေဟာသိတပေမ, မေတ္တာပေမ, မေတ္တာအတုသာ ဖြစ်ပါ၏။ တရားကိုယ်အားဖြင့် အကုသိုလ်လောဘပင်ဖြစ်သည်၊ မေတ္တာစစ်၏ တရားကိုယ်ကား ''အဒေါသ''ကုသိုလ် –ကြိယာတစ်ခုခုသာဖြစ်ရမည်။

မိဘက သားသမီးကိုချစ်ရာ၌ တစ်ခါတစ်ရံမျှ မေတ္တာစစ်မဖြစ်နိုင်တော့ဘူး– ဟု မမှတ်ရ၊ အခါပေါင်းများစွာ မေတ္တာစစ်လည်း ဖြစ်ကြပေမည်သာ၊ အကယ်၍မေတ္တာစစ်ဖြစ်နေသည့်အချိန်မျိုး၌ကား မိဘနှစ်ပါး၏မေတ္တာကို မည်သည့်အရာမျှ မယှဉ်ဝံ့ကြ။

ရှေးသရောအခါ မိခင်နွားမကြီးက သားငယ်နွားကလေးကို နို့ချိုတိုက်ကျွေးနေစဉ် မုဆိုးက လှံဖြင့်ထိုးသတ်လေရာ၊ မိခင်မြတ်၏မေတ္တာတန်ခိုးကြောင့် လှံမတိုးဘဲ ထန်းရွက်ပမာ ပျော့ခွေကျသွားလေသတဲ့၊ နို့ချိုတိုက်ကျွေးနေစဉ်က မိခင်နွားမကြီး၏ရင်မှာ မေတ္တာစစ် (**ကုသိုလ်စိတ်**)တွေ တဖွားဖွားဖြစ်နေသည်ကို မုဆိုးခမျာမသိရှာ၊ ခါတိုင်းဖြစ်နေကျ မေတ္တာတု–ဟုများထင်လေရော့သလားမသိ၊ နောက်ဆုံးတော့ မိခင်မေတ္တာကိုယှဉ်ပြိုင်လာသည့် လက်နက်အားကိုးလှံနှင့်ထိုးသည့်မုဆိုးသည်ပင် လက်တွင်ကိုင်ထားလှံဖျားကွေးကာ အရှုံးပေးသွားရပါသတဲ့။

**မှတ်ချက် /** ဥတေနမင်းနှင့် သာမာဝတီတို့၏ဇာတ်လမ်းကိုထောက်လျှင် မိဘနှင့်သားသမီးတို့သာမက ဆွေမျိုးဉာတိ ဇနီးမောင်နှံတို့၏အကြားမှာလည်း မေတ္တာစစ်များ ဖြစ်နိုင်လေသည်။

**တရံရောအခါ သီဟဗာဟုမင်းသားက သူ့ဖခင်ခြင်္သေ့မင်းအား မြားနှင့်ခွင်းရာ သားအပေါ်မှာချစ်ခင်သည့် ဖခင်၏မေတ္တာစစ်ကို မယှဉ်ဝံ့သည့်အလား မြားသည်ရှေ့မတိုးပဲ သီဟဗာဟုမင်း၏ ခြေရင်းမှာသာ ပြန်ကျ၍ အရှုံးပေးခဲ့ရသတဲ့၊ (မိဘမေတ္တာအကာမဖက် အနှစ်သက်သက်ဖြစ်ကြောင်း သားလူမိုက်ကမသိသော်လည်း အသက်မရှိတဲ့မြားက သိ၏)**

နောက်တစ်ခါကြားဖူးသည်မှာ အမေတစ်ခုသားတစ်ခု၊ မိခင်နာမည် ဒေါ်နှင်းမြ၊ သားဖြစ်သူက မောင်ဖြူ၊ မောင်ဖြူတစ်ယောက် **စီးပွားရေးအတွက်** အဝေးတစ်နေရာ ရောက်နေစဉ်၊ ရွာမှာကျန်ရစ်သူမိခင်ကြီးခမျာ ကျန်းမာရေးကမကောင်း။ အိပ်ရာထဲလဲကာ ဝေဒနာအပြင်းအထန်ခံစားနေရ၏၊ နှုတ်မှလည်းကယောင်ကတမ်းဖြင့်––

''သားလေး–သားလေးမောင်ဖြူ၊ သားလေးဘယ်မှာရှိနေလဲ၊ သားလေးနဲ့တွေ့ချင်လိုက်တာ၊ ကျွန်မသားလေးကို **ခေါ်ပေးကြပါ**။ သားလေးကျန်းမာ

**ပါစေ ချမ်းသာပါစေ၊ အန္တရာယ်ကင်းကင်းနဲ့ အမေ့ထံ အမြန်ရောက်ပါစေ''**ဟု သူ့သားကိုတမ်းတကာ မေတ္တာပို့နေသည့်အခိုက်၊ တိုက်တိုက်ဆိုင်ဆိုင်ပင် သားဖြစ်သူက လည်း ငွေထုပ်ပိုက်ခါ အပြေးလာနေစဉ် -- မိခင်ရှိရာရောက်ခါနီးမှ စီးလာသည့် ခရီးသည်တင်ကား မျှော်လင့်မထားပါပဲ ဓားပြတိုက်ခံရတော့၏။

သူ့မိခင်အတွက် မစားရက်မသောက်ရက် ခြစ်ခြုတ်ကုတ်ကတ်၍ စုဆောင်းကာ ရှာဖွေလာသောငွေကို မပေးလိုသဖြင့် ပြန်လည်ခုခံရာ၊ ဓားပြဗိုလ်ကစိတ်တိုတိုနှင့် မောင်ဖြူ့ခေါင်းကို သေနတ်ပြောင်းတေ့ကာ မောင်းခလုတ်ကိုဖြုတ်လေတော့၏။ ပထမတစ်ချက်-ကျည်ကမထွက်၊ မိုးပေါ်ထောင်၍ဖောက်၏-ကျည်ကဒိုင်းခနဲထွက်၏။ သည်လိုဖြစ်နေသည်မှာ တစ်ခါ, နှစ်ခါမက သုံးခါတိတိဆိုတော့ ဓားပြဗိုလ် မျက်လုံးပြူး ရလေပြီ၊ ယမ်းငွေ့တလူလူလွင့်နေဆဲ သူ့သေနတ်ပြောင်းဝကို မကျေမနပ်ငုံ့ကြည့်လိုက်၊ မောင်ဖြူကို တအံ့တသြမော့ကြည့်လိုက်၊ နောက်ကိုခြေတစ်လှမ်းဆုတ်လိုက်နှင့် နောက်ဆုံးတော့ ငွေထုပ်ကို မောင်ဖြူဆီသို့ လှမ်းပစ်ပေးကာ တစ်ကြိုးတည်းလစ်လေ တော့၏။

မောင်ဖြူကိုကြည့်မည်ဆိုလျှင် မိခင်နာမည်ရေးထိုးထားသည့် လက်ကိုင်ပုဝါလေး၊ မိခင်ကြီးကိုယ်တိုင် အမှတ်တရပေးလိုက်သည့် လက်ကိုင်ပုဝါ၊ အပြာနုရောင်လေးကို အရှည်လိုက်လိပ်ကာ သူ့နဖူးမှာစည်းထားသည်ကို တွေ့ရပါလိမ့်မည်၊ ခရီးသည်များမှာ သူတို့ပစ္စည်းပါသွားသည်ကိုပင် မေ့လျော့သွားလောက်အောင် မောင်ဖြူအား တအံ့တသြ ကြည့်နေကြစဉ်၊ သူကလည်း လက်ကိုင်ပုဝါလေးကို တယုတယဖြည်ကာ တရှိုက်မက်မက် နမ်းနေတော့၏။ သူ့မျက်စိထဲမှာက သူ့မိခင်၏ရုပ်ပုံလွှာ ၊ နားထဲမှာလည်း မွေးမိခင်၏ မေတ္တာပို့သံကို ကြားနေရသယောင်ယောင်၊ ဓားပြခေါင်းဆောင်၏သေနတ်ကျည်ဆန်ပင် ဆလံတင်ကာ အရှုံးပေးသွားရသည်မှာ မာတာမိခင်ကျေးဇူးရှင်၏ စွမ်းအင်ကြီးမား မေတ္တာတရားကြောင့်ပင်မဟုတ်ပါလား။

*[ မိဘနှစ်ပြာ x သားသမီးအပေါ်မှာ နှစ်နှစ်ကာကာ x ပို့တဲ့မေတ္တာ–*
*သီတာရေစင်ပမာ – တသွင်သွင်စီးကျလေတာ --]*

ထို့မျှမကမိဘမေတ္တာနှင့်နှိုင်းယှဉ်လာသည့် ပန်းရွှေကြာနှင့်စမ်းရေပြာသည်လည်း ကောင်း၊ ဒေါင်းဖလ်ဝါနှင့် စန်းစန္ဒာတို့သည်လည်းကောင်း ကြည်ဖြူစွာနှင့်ပင် သူ့အလိုလို အရှုံးပေးသွားခဲ့ကြပြန်၏။ ကြာပန်းဆိုသည်က အမြဲတမ်းပွင့်လန်းနေသည်မဟုတ်၊ အချိန် တန်လျှင် နွမ်းကြွေရမြဲမို့ ထာဝရမညှိုးနွမ်းတဲ့အလှပန်းလေးတစ်ပွင့်ဖြစ်သော မိဘမေတ္တာ

ပန်းကို အရှုံးပေးသွားခဲ့ရ၏။

စမ်းရေပြာကိုလည်းကြည့်ပါဦး၊ တသွင်သွင်စီးဆင်းကာ အေးမြတာချင်းတူသော်လည်း မိဘမေတ္တာက သားသမီးအပေါ်အမြဲစီးဆင်းနေတဲ့ မခန်းသောစမ်းချောင်းကလေး ဖြစ်ပြီး၊ သူ့မှာကတော့ နွေအခါဆို အလိုလိုခန်းခြောက်တတ်သောကြောင့် ကြောက်ကြောက်လန့်လန့်နှင့်ပြောသွားသည်မှာ "မိဘမေတ္တာကို မယှဉ်ပါရစေနဲ့"တဲ့။

ဖခင်က သားသမီးအပေါ်မှာ ရဲရဲရင့်ရင့်နဲ့ နွေးထွေးတဲ့မေတ္တာဓာတ်ကိုပေးသောကြောင့် နေတစ်စင်းနှင့်လည်းကောင်း၊ မိခင်က အေးမြတဲ့မေတ္တာဓာတ်ကိုပေးသောကြောင့် လတစ်မင်းနှင့်လည်းကောင်း နှိုင်းယှဉ်ကြည့်မိပြန်၏၊ တချို့များ နှိုင်းယှဉ်ရှုမြင်မှုမက -

*"မေမေ့မေတ္တာ – နှိုင်းဆိုရာသည် – ညဥ့်ခါငွေလရောင်ခြည်တည်း၊*
*ဖေဖေ့မေတ္တာ – ဥပမာသည် – နေ့ခါနေမင်းရောင်ခြည်တည်း"*

ဟု ကဗျာလေးများပင် စပ်လိုက်ကြပြန်သေး၏၊ သို့သော် 'နေ'နှင့်'လ'တို့မှာ မိဘမေတ္တာကို မယှဉ်သာသည့်အားနည်းချက်များရှိနေကြောင်း စဥ်းစားကြည့်မှ သတိပြုမိ၏။

မှန်ပါသည်၊ နေမင်းလည်း အချိန်တန်တော့ အနောက်ဂေါယာကျွန်းသို့ ယွန်းရစမြဲ၊ လမင်းကလည်း တစ်ခါတစ်ရံ "တိမ်ဖုံးပါလို့ လမသာ"ဆိုတာမျိုးဖြစ်တတ်ပြန်၏၊ မိဘတို့၏မေတ္တာအလင်းရောင်သည်ကား သားသမီးတို့အပေါ်မှာ သာတစ်လှည့်-မသာတစ်လှည့်(သာတဲ့အခါသာပါလိမ့်မယ်)ဆိုတာမျိုးမဟုတ်၊ အချိန်အခါမရွေး ရင်သွေးများ၏ဘဝလမ်းခရီးတစ်လျှောက်မှာ အမြဲတမ်း ထွန်းလင်းတောက်ပနေမည်သာဖြစ်ပါ၏။

* မိဘမေတ္တာ ပန်းရွှေကြာနှင့်
ပမာနှိုင်းဆို မတိုင်းလိုဘူး
ထိုပန်းကြွေကာ နွမ်းတတ်လို့ ။

* မိဘမေတ္တာ စမ်းရေပြာနှင့်
ပမာခိုင်းဆို မနှိုင်းလိုဘူး
ထိုစမ်းနွေမှာ ခန်းတတ်လို့ ။

* မိခင်မေတ္တာ စန်းစန္ဒာနှင့်
ပမာယှဉ်ဆို မမြင်လိုဘူး
ထိုစန်းတိမ်လွှာ ဖုံးတတ်လို့ ။

* ဖခင်မေတ္တာ ဒေါင်းဖလ်ဝါနှင့်
နှိုင်းကာယှဉ်ဆို မပြောလိုဘူး
ညဆိုနေမင်း ကွယ်တတ်လို့ ။

## ဖြိုင်ရဲရဲ့လား သားသမီးများ

ဤသို့လျှင် မိဘတို့၏ဂုဏ်ကျေးဇူးနှင့် မေတ္တာတရားအပေါ် ပုံပမာခိုင်း၍ နှိုင်းလာသည့်အရာမှန်သမျှ ရှိုင်းသွားကြ၏၊ ယှဉ်ပြိုင်လာသည့် သက်ရှိသက်မဲ့အရာအားလုံးအရှုံး

ပေးသွားကြရ၏။ ဒါတောင်မှ သူငယ်နှပ်စား မလောက်လေးမလောက်စား ကျေးဖူးတရားနားမလည်တဲ့ သားလူမိုက်က မိဘနှင့်မယား တစ်ပွဲတစ်လမ်း အားစမ်းလာသည့်ပြိုင်ပွဲမှာ သူကိုယ်တိုင် ဒိုင်ဝင်လုပ်ကာ မယားကိုအနိုင်ပေးသဖြင့် မိခင်ဖခင်တို့ ရှုံးခဲ့ရသည့် ပွဲစဉ်တွေက ရှိနေသေး၏။ ၎င်းပွဲခွင်တွေကို မကြည့်ချင်သော်လည်း မြင်နေရ၏။ မကြားချင်သော်လည်း နားဆင်နေရ၏။ ဝမ်းနည်းစရာကောင်းလေစွ။

အနည်းငယ်ရှင်းပြပါအံ့– လင်မယားသမီးရည်းစားအချစ်သည် (၁၅၀၀)အချစ်၊ မိချစ်ဖချစ် မောင်ချစ်နှမချစ်သည် (၅၂၈)အချစ်ဟု ပြောနေကြ၏။တချို့ကလည်းပြောတတ်ကြသည်မှာ "တို့ချစ်တာ တစ်ထောင့်ငါးရာမဟုတ်ပါ၊ ငါးရာနှစ်ဆယ့်ရှစ်နဲ့ချစ်တာပါ"တဲ့၊ ဂဏန်းနှစ်ခုပေါင်းပြီး "နှစ်ထောင် နှစ်ဆယ့်ရှစ်–အချစ်ပါ"ဟု ဆိုသူကဆိုပြန်သေး၏။ တစ်ထောင့်ငါးရာကတော့ (**တစ်ထောင့်ငါးရာ ကိလေသာ**)လို့ ဆိုထားမှတော့ အချစ်စစ်တွေတာတွေ ပြောနေစရာမလိုလောက်အောင် ရှင်းပါ၏၊ သားနှင့်အမိ–မောင်နှင့် နှမအချစ်မျိုးသည် "ငါးရာနှစ်ဆယ့်ရှစ်" အချစ်မျိုးမှာ ဝင်–မဝင်ကိုတော့ စိစစ်ကြည့်ကြဖို့ လိုပါသည်။

အမှန်တကယ်အားဖြင့် ငါးရာ့နှစ်ဆယ်ရှစ်သွယ်မေတ္တာသည် မေတ္တာပွားပုံပွားနည်း အပြားကိုသာ ပြခြင်းဖြစ်၏၊ လူတစ်ယောက်တည်းအပေါ်မှာ ဤငါးရာ့နှစ်ဆယ်ရှစ်သွယ် မေတ္တာလုံးဖြင့် အာရုံပြုကာ မေတ္တာထားနိုင်သည်–ဟု အထင်မှားနေကြသည်၊ ငါ့သား ငါ့မယား ငါ့မောင် ငါ့နှမ ချစ်ခင်ကြခြင်းမှာ ဤငါးရာနှစ်ဆယ့်ရှစ်ထဲ၌ တိုက်ရိုက်ပါဝင်နိုင်ပါသလား၊ အချစ်ဆိုတိုင်း နေရာတကာ မေတ္တာစစ်မဟုတ်သည်ကိုတော့ သတိပြုရမည်။

ရှိစေတော့– သားအမိချစ် မောင်ချစ်နှမချစ်ကို ငါးရာနှစ်ဆယ့်ရှစ်–အချစ်ဟုပင် သုံးနှုန်းကာ ရေးသားပါအံ့၊ သားအပေါ်မှာချစ်ခင်သည့် မိဘနှစ်ပါး၏ ငါးရာနှစ်ဆယ့်ရှစ်နှင့် ဇနီးမယား၏ လင်သားအပေါ်မှာ ချစ်ခင်သည့် တစ်ထောင့်ငါးရာ–အချစ်တို့ အားပြိုင်လွန်ဆွဲပွဲများ ရှေးယခင်ကလည်းရှိခဲ့သလို၊ ယခုခေတ်မှာလည်း ရှိနေဆဲပင်၊ တစ်နည်းအားဖြင့် "**ယောက္ခမနှင့်ချွေးမတို့၏ သားနှင့်လင်ယောကျ်ားအပေါ် အချစ်ပြိုင်ပွဲ**" ဟုလည်း ဆိုနိုင်၏။

မလိမ္မာသည့် သားမိုက်များကား တဏှာစရိုက်သူ့အကြိုက်သို့ စိုက်စိုက်ပါအောင်လိုက်ပြီးလျှင် မိခင်ဖခင်တို့အား ဥပေက္ခာပြုထားကာ ၊ နောက်မှပေါက်သည့် ချွေကြာပင်အလား ဇနီးမယားကိုတော့ အလိုလိုက်တတ်ကြ၏၊ တချို့များ "**မဖက်လိုက်၍ မိုက်ဖက်**

**ပါကာ–မယားထိစားကြည့်**" ဆိုသည့်အတိုင်း မယားကိုထိလာလျှင် မိဘသောဘာသော နားလည်မည်မဟုတ်၊ တကယ်လုပ်မည့်သူများပင် ရှိပေလိမ့်မည်။

ဒါကြောင့်မို့လည်း ကြားဖူးသည့်ဇာတ်လမ်းများကိုလေ့လာကြည့်လျှင်– ကမ္ဘာဦး အစကပင် ဓမ္မာသောကဖြစ်လာကြသော ယောက္ခမနှင့်ချွေးမ နဂိုကမှ အဆင်မပြေကြရ သည့်အထဲ (**မိဘပြောတော့ တစ်လ, မယားပြောတော့ တစ်ည၊ 'သို့မဟုတ်' မိဘပြော တစ်ည , မယားပြော ခဏ**) ဟု ဆိုကြသည့်အတိုင်း သားဖြစ်သူက မယားဖက်ပါနေသ ဖြင့် ငါးရာနှစ်ဆယ့်ရှစ်ပိုင်ရှင် မွေးမိခင်တို့ အရှုံးပေးလိုက်ရသည့်ဇာတ်လမ်းများသာဖြစ် တော့၏။

ဒိုင်လုပ်ကာ အနိုင်အရှုံးဆုံးဖြတ်သည်က မိဘမေတ္တာနားမလည်သည့် သားမိုက် ဖြစ်နေသောကြောင့် ဇနီးမယားစကားအောင်မြင်ရသည်မှာ ဆန်းတော့မဆန်းလှပေ၊ ဇာတ်လမ်းတွေကိုလည်း ကြည့်ပါဦး– – –

* ချွေးမလုပ်သူက သံပုရာသီးကိုပင် ကြိုးကြာဥလုပ်ခါ လိမ်ညာ၍ ယောက္ခမ အား ကျွေးပြီးလျှင် လင်ယောက်ျားအထင်မှားအောင် ကုန်းတိုက်သည့်ဇာတ်လမ်း။

* မယားမိုက်၏ကုန်းတိုက်မှုကြောင့် မိခင်အိုအား အိမ်ပေါ်မှနှင်ချလိုက်သည့် အတွက် သူတစ်ပါးအိမ်မှာ အစေခံသွားလုပ်နေရသည့် အမေအို၏ဇာတ်လမ်း။

* မယားစကားယုံစား၍ မယားကိုအချစ်ပိုကာ မိခင်အိုအား သချိုင်းကုန်းတွင် အရှင်လတ်လတ် မြေမြှုပ်သတ်ဖို့ကြိုးစားတဲ့ သားလူမိုက်အကြောင်း (**ရွှေချဉ်ပေါင် ကိုယ်တော်လို မိခင်ကိုကာပြန်၍ မယားထံခြေကန်ရှုန်းနေသည့် သားလူမိုက်တွေက လည်း လောကမှာ အထင်အရှားရှိနေကြ၏**)။

* ဇာတ်လမ်းတစ်ခု၌ကား မယား၏ကုန်းချောစကားတွင် နားဝင်၍ မျက်မမြင် ဖခင်အိုကြီးအား မြေမြှုပ်ရန် သချိုင်းကုန်းမှာ ကျင်းတူးနေစဉ် မျက်မမြင်ဖခင်အိုကတော့ လှည်းပေါ်မှာ ငုတ်တုတ်ထိုင်လျက် ဘာကိုမျှမသိရှာ၊ ထိုအခါ အဖိုးကိုသနား၍ ကယ်တင် ရန်လိုက်လာသော သူ့မြေးကလေးကလည်း သူ့အဖေနှင့်မနီးမဝေးတွင် နောက်ထပ်ကျင်း တစ်ကျင်းတူးနေသည်ကို ဖခင်ကမြင်၍ မေးကြည့်ရာ–

"အဖိုးကို မြေမြှုပ်သတ်ဖို့ အဖေက ကျင်းတူးနေသလို၊ သားကလည်းအဖေ့ကို မြေမြှုပ်ဖို့ရာ နောက်ထပ်ကျင်းတစ်ကျင်းထပ်တူးနေတာပါ" ဟု သားငယ်၏ အဖြေစကားကြားရတော့မှ အသိတရားရသွားသည့် ဖခင်ဖြစ်သူ၏ဇာတ်လမ်းစသည်ဖြင့် အဖြစ်အပျက်တွေ များလှချေ၏။

အရှင်မဟာမောဂ္ဂလ္လာန်အလောင်း သတို့သားသည်ပင်လျှင် မယားစကားကိုနား ဝင်လျက် မျက်မမြင် မိဘတို့အား ရိုက်နှက်သတ်ဖြတ်ခဲ့သေးသည်မဟုတ်ပါလား။

မိမိကိုပြုစုလုပ်ကျွေးခဲ့တဲ့မိဘနှင့် မိမိကပြန်ပြီးလုပ်ကျွေးနေရတဲ့မယား အချစ်ချင်း ပြိုင်လာသည့်အခါ ဒိုင်လုပ်သူသားက မယားကိုအနိုင်ပေးသဖြင့် မိဘတို့အရှုံး ပေးခဲ့ရသည့် ပွဲမျိုးတွေ မနည်းတော့ပေ။ သိသမျှသာ ပမာပြုရလျှင် သာဓကတွေ ရာချီသွားပေလိမ့်မည် ''မယားသောက အစားရ၏ ၊ မိဘသောက အစားမရ''ဟူသော အမှန်သဘောကို မသိမမြင်နိုင်တော့လောက်အောင် ဇနီးမယားထံမှ မည်သည့်အရာတွေ ကများ ဖုံးလွှမ်းလိုက်ပါသနည်း၊ တစ်ထောင့်ငါးရာဆိုတော့ အရေအတွက်ကပိုများ နေလို့လား၊ ဒါမှမဟုတ် (မိန်းကလေးလက်နက်ဆိုတာ မျက်ရည်စက်ပါ)ဟု ဆိုကြသည့် အတိုင်း မယားကမျက်ရည်လက်နက်ကိုပဲ အသုံးပြုခဲ့လို့များလား မပြောတတ်၊ ချစ်မျက်စောင်းတို့ ဒေါင့်ကပ်မျက်ဝန်းတို့လည်း ပါပါလိမ့်မည်။ ဒါကြောင့်မို့လည်း–

မိန်းမက ကိုယ့်မိဘမကောင်းကြောင်းပြောလာသည်ကို အလွယ်တကူလက်ခံ ယုံကြည်ခဲ့သော်လည်း မိန်းမ၏မိဘ (ယောက္ခမ) မကောင်းကြောင်းကိုတော့ ပြန်မပြောရဲပေ၊ ယောက္ခမမကောင်းကြောင်းပြောလိုသည့်ယောက်ျားက သူ့မိန်းမအား ''ယောက္ခမဆိုတာ ကွာ ဘယ်တော့မှ''ဟု စကားစရုံရှိသေး၊ ချစ်မယားလေးက ကြားဖြတ်၍ ''ပြောလေ– မောင်, ပြောပါ , မောင့်မိဘတွေဟာလည်း မေ့ယောက္ခမတွေပါပဲ'' ဟု မျက်နက်ဝန်းလေး ဒေါင့်ကပ်ကာ ဆိုလိုက်သည်နှင့် ယောက်ျားဖြစ်သူ အသံတိတ်သွားခဲ့ရသည်မဟုတ်လား၊ တချို့မိန်းမများကြတော့ ''ဘယ်အချိန်ပြောလျှင် ငါ့လင်ယောက်ျား နားဝင်လိမ့်မည်''ဟု အချိန်အခါကိုပါ ရွေးချယ်တတ်ပုံရ၏။ မိန်းမက သူ့ကြောင့် ဓားမပဲ့သွားတာတောင် လင်တော်မောင်ကို ညအိပ်ရာဝင်ချိန်မှာ ပြောလိုက်တော့ ''အို – ပဲ့ပဲ့ကွာ''တဲ့၊ မနက်မိုးလင်း ထင်းခုတ်ဆင်းမည် – ဆိုမှ ညကပြောခဲ့သည့် ဓားမပဲ့ကြီးကို ကြည့်ကာ စိတ်တိုတိုနဲ့ မိန်းမကို ထရိုက်ပါလေရော၊ (ဓားမကလည်း နည်းနည်းမဟုတ်ပဲ သုံးမရအောင် ပဲ့သွားသည် ကို)မယားစကားကိုနားထောင်ကာ မိဘကိုတောင် ဒုက္ခပေးဝံ့သည့် သားဆိုးသားမိုက်များ သည် မိဘကျေးဇူး မိဘမေတ္တာကို မသိနားမလည် တန်ဖိုးမထားသောကြောင့်ဖြစ်၏။

အကယ်၍သာ မိဘကျေးဇူးသိနားလည်သည့် သားလိမ္မာဖြစ်ပါက ဇနီးမယား၏ ကြီးမားသောစကားသုံး၍ တိုက်လုံးခိုက်လုံးများကိုကြားရပါက မယားဖြစ်သူအား လက်ညှိုး ငေါက်ငေါက်ထိုးကာ– ''မင်း– ငါ့အမေအကြောင်း ဘာမှမပြောနဲ့၊ အမေနဲ့သာတည့် အောင်နေ၊ မနေနိုင်ရင်ဆင်းသွား''ဟု ပြောကာ မယားအား အိမ်မှနှင်ချပေလိမ့်မည်။ မြန်မာဗွီဒီယို ဇာတ်ကားတစ်ကားတွင်လည်း သားဖြစ်သူက မိန်းမစကားကိုနားမဝင်၊

မိခင်ကိုသာ ဦးထိပ်မှာထားပြီး ဇနီးမယားအားပြောသည်မှာ–

"မင်းရဲ့အချစ်ထက် ငါ့အမေရဲ့အချစ်ကို ငါကပိုပြီးတန်ဖိုးထားတယ်၊ မင်းငါ့ကို ချစ်တာ မင်းရဲ့အကျိုးအတွက် ရယူလိုမှု့ပိုင်ဆိုင်လိုမှုတွေနဲ့ချစ်တာ၊ ငါ့အမေရဲ့အချစ်က ပေးဆပ်ခြင်းသက်သက်မို့ ဖြူစင်တယ်, သန့်ရှင်းတယ် ဘယ်လိုမှ ယှဉ်လို့မရဘူး၊ မြင်းမိုရ်တောင်နဲ့ ပင်လယ်အဏ္ဏဝါ သမုဒ္ဒရာတွေတောင် အရှုံးပေးသွားရတဲ့ ငါ့မိခင်ရဲ့အချစ်၊ ငါ့မိခင်ရဲ့မေတ္တာကို မင်းရဲ့အသေးအမွှားမေတ္တာလေးနဲ့ လာမပြိုင်နဲ့၊ မြင်းမိုရ်တောင်ကို ဖိုးစေ့နဲ့ပေါက်သလိုပဲ ဖြစ်လိမ့်မယ်" ဟု ပြောခဲ့ဖူး၏။ ဇာတ်ကားအမည်က "ပြိုင်ရဲရဲ့လား" တဲ့ ကြည့်ဖူးသူများ သိလောက်မည်ထင်ပါ၏။ သည့်ထက်ပို၍ သရုပ်ဆောင်အမည်တွေပါ ရုပ်ရှင်ပဟေဠိဝှက်သလို ထည့်ပြောနေရလျှင်မကောင်းတော့။

သားဖြစ်သူက **"မယားဂုဏော အနန္တော"**ဟု သဘောမထားပဲ၊ **"မာတာပိတု ဂုဏော အနန္တော"**ကိုသာ သဘောကျနှစ်ခြိုက်သူဖြစ်၏။ မှန်ပါသည်– လင်ယောကျ်ားများအတွက် သားမယား၏ဂုဏ်ကျေးဇူးကြီးမားလှကြောင်း ဘယ်ဘုရားမှ မဟော၊ မိဘနှစ်ပါး၏ဂုဏ်ကျေးဇူးသည်သာ သားသမီးတို့အပေါ်၌ ကြီးမားကြောင်းကို ဘုရားအဆူဆူပင် ဟောကြားတော်မူခဲ့သည်မဟုတ်ပါလား။

ဒါကြောင့်မို့လည်း သားလိမ္မာက မိခင်ကြီးအား အနားမှာထားကာ သူ့မယားအား လှမ်းမေးသည်မှာ (ဘယ့်နှယ်လဲ – ပြိုင်ရဲရဲ့လား)တဲ့။ သည်တော့လည်း မိခင်၏မျက်နှာမှာ သားလိမ္မာအတွက် ပီတိပြုံးကို တွေ့မြင်ရသလို၊ ယောက္ခမကို နှိမ်ချင်စော်ကားချင် သည့်မယားခမျာမှာတော့ သူ့စကားမအောင်မြင်သဖြင့် စိတ်မကောင်းဖြစ်ခါ ခေါင်းကလေး ငုံ့နေရရှာ၏။

မိခင်က ကောင်းပါလျက် ချွေးမဖြစ်သူ ယုတ်မာသောကြောင့်သာ "ပြိုင်ရဲရဲ့လား" ဟု မေးလိုက်ရခြင်းဖြစ်၏။ (သည်နေရာ၌ **"မိခင်ကို ချစ်တတ်လွန်းသောသား, မိသားစုအပေါ် အလိုက်သိလွန်းသောသားသည် လင်ယောကျ်ားကောင်းတစ်ယောက် မဖြစ်နိုင်"** ဟူသော အဆိုအမိန့်စကားတစ်ရပ်နှင့် မရောထွေးစေချင်ပါ)။ မိဘကျေးဇူး မိဘ မေတ္တာသည် မည်သည့်အရာနှင့်မျှ နှိုင်းယှဉ်၍မရအောင် ကြီးမားလှကြောင်းကိုသာ ပြောလိုရင်းဖြစ်၏။

**မိဘကျေးဇူး မြင်းမိုရ်ဦး–**ဟူသည်နှင့်အညီ မိခင်ကြီး၏ကျေးဇူးဂုဏ်မှာ အပုံကြီး ကြီးမား၍ မယား၏ဂုဏ်က မြူမှုန်လောက်သာရှိသောကြောင့် သားသမီးတို့၏ ကောင်းကျိုးကိုအလိုလားဆုံးပုဂ္ဂိုလ်မှာလည်း မိဘများပင်ဖြစ်ပေလိမ့်မည်၊ တခြားသူစိမ်းတစ်ရံဆံ ပုဂ္ဂိုလ်များကိုမဆိုထားနှင့်၊ ချစ်လို့ယူထားသော မယားကပင် မိမိ၏ကောင်းကျိုးကိုလိုလားပါ

၂၈၄၄၂
သုတေသနစာကြည့်တိုက်

သည်–ဟု ဆိုလာငြားအံ့၊ ၎င်းမယား၏ပြောစကားသည် မိဘတို့စိတ်ဆိုး၍ ထိပ်ထိုးခေါင်းခေါက် အော်ငေါက်ရိုက်နှက်နေသလောက်မျှ ခရီးရောက်မည်မဟုတ်ပေ။

ထို့ကြောင့် မိခင်တစ်ဦးတည်းကိုပင် ချိန်ခွင်တစ်ဖက်မှာတင် , ကမ္ဘာလောကကြီးကို ကျန်တစ်ဖက်ပေါ်တင်ကာ ချိန်စက်ကြည့်ပါက မိခင်ရှိရာ ချိန်ခွင်ဘက်က အလေးချိန်မှာ ဇောက်ထိုးကြီးသာနေပါလိမ့်မည်။ "**အမေသည် လူသာအိုသည် , အမေ့မေတ္တာ အိုသည်မရှိ" အမေ့ခန္ဓာကိုယ်က သေးငယ်သော်လည်း အမေ့မေတ္တာတရားတွေက ကမ္ဘာလောကကြီးထက်ပိုပြီး ကြီးမားလွန်းလှပါသည်**၊ မိဘနှစ်ပါးလုံး ရှိနေခြင်းသည် ရွှေတောင် ငွေတောင်ကြီးပေါ်ပေါက်နေခြင်းနှင့်တူညီသည်ကို သားလိမ္မာ သမီးရတနာများသာ အသိဆုံးဖြစ်ပါ၏။


ဤပထမပိုင်း၌ နောက်ဆုံးပြောချင်သည်မှာ– မြတ်စွာဘုရားရှင် ဟောကြားတော်မူသည့် (၃၈)ဖြာ မင်္ဂလာတွင် မိဘလုပ်ကျွေးခြင်းဟူသော (**မာတာပိတုဥပဋ္ဌာနမင်္ဂလာ**) ပါရှိ၏၊ ကြွင်းသောမင်္ဂလာတရား (၃၇)ပါးကား အများနှင့်ဆက်ဆံသော်လည်း ဤမာတာပိတုဥပဋ္ဌာနမင်္ဂလာကမူ မိဘရှိသေးသောသားသမီးတို့နှင့်သာ ဆက်ဆံ၍ ၎င်းသားသမီးတို့သာ ရရှိနိုင်လေ၏၊ မိဘတို့ကွယ်လွန်သွားပါက ဤမာတာပိတုဥပဋ္ဌာနမင်္ဂလာကို ပြုလုပ်ချင်ပါသော်လည်း မရနိုင်၊ ဤဘဝတွင် အစဝိုး၍ ဆုံးရှုံးရလေတော့၏၊ ဤအချက်ကို ထောက်က မိဘနှစ်ပါးသည် ချစ်မယားထက် ပိုပြီးအရေးကြီးသည်ကို သိဖို့ကောင်းလှ၏။

ရှေးတုန်းကများ မိဘနှစ်ပါးအား အိမ်ဦးခန်းမှာထား၍ မိဘနှစ်ပါးလုံး စုံလင်သည်ကိုပင် ဂုဏ်တင်ကာ ပြောတတ်ကြရုံမက (**ငါက အမိကိုလုပ်ကျွေးနေသည်၊ ငါက အဖကိုပြုစုနေသည်**) ဟု မင်္ဂလာတစ်ခုအနေနှင့် ပြိုင်လိုက်ကြသေး၏၊ သောဏနန္ဒဇာတ်တော်ကိုကြည့်က သိနိုင်ပါသည်၊ ယနေ့ခေတ်မှာကျတော့ မိအိုဖအိုတို့အား "**ဒီအမယ်ကြီးဟာ အသာနေတာမဟုတ်ဘူး၊ နေရာတကာဝင်ရှုပ်တယ်၊ ဒီအဖိုးကြီးနှယ် လူငယ်တွေကြားထဲ ပါချင်လိုက်တာ လွန်ရော**"ဆိုပြီး ရင့်သီးသောစကားလုံး အသုံးအနှုန်းတို့ဖြင့် မိုက်လုံးထွားနေကြတော့၏။

ဤအချက်များကို သတိထား၍ မိဘတို့အား ငြိုငြင်ခြင်းမရှိစေဘဲ၊ မိဘများ အိုမင်းရင့်ရော်နေသည်ကိုပင် "မိဘကို ငါတို့ ပြုစုခွင့်ရမယ့် **တကယ့်မင်္ဂလာကြီးပါတကား**"ဟု စိတ်ထားဖြူစင်စွာဖြင့် မွေးမြူနိုင်ကြပါစေ–––

**ပထမပိုင်းပြီး၏**

# သီတာရေစင်
## (ဒုတိယပိုင်း)
ကျေးရူးကြီးလှ မိန္နင့်ဖ



## သီတတ်စအရွယ်ချစ်ကြတယ်

ကလေးသူငယ်များ၏ ချစ်စရာအကောင်းဆုံးအရွယ်သည် ရင်ခွင်ပိုက် နို့ချိုတိုက်ကျွေးသည့်အရွယ် , ခန္ဓာကိုယ်မနိုင့်တနိုင်နှင့် ခြေလှမ်းတတ်ခါစအရွယ် , မပီကလာပီကလာနှင့် တီတီတာတာပြောတတ်သည့်အရွယ်ပင်ဖြစ်၏။ ထိုကဲ့သို့ နုနုနယ်နယ်အရွယ်လေးများဆိုလျှင် ချီပိုးချင်သူ ချော့မြှူချင်သူတွေ ပေါများလွန်းလှပေ၏။

မိခင်ဖြစ်သူက ရင်သွေးတစ်ယောက်တည်းသာမက နှစ်မွှာသုံးမွှာမွေးလည်း အပန်းမကြီး၊ ဝိုင်းဝန်းပြီးတော့ ချော့မြှူထိန်းပေးကြ၏။ ချစ်စရာကောင်းလှသည့် အရွယ်ကလေးမို့ ပြင်ပသူစိမ်းတစ်ရံဆံပုဂ္ဂိုလ်များပင် သည်မျှချစ်ကြပါလျှင် မိခင်ဖခင်တို့၏ ရင်တွင်းမှ ချစ်ခြင်းမေတ္တာတရားကို မည်ရွေ့မည်မျှ–ဟု ခန့်မှန်းချက်ဂဏန်းကို ကုန်းခန်းစေတော့၏။

ရင်ခွင်တွင်းမှာ နို့စို့နေသော သားငယ်သမီးငယ်လေး၏ ကြည်လင်ရွှင်ပျမျက်နှာလှလှလေးကို မမိုတ်မသုန်တဲ့ မျက်လုံးအစုံနဲ့ ဝမ်းသာကြည်နူးစွာ ကြည့်ရှုနေသော မိခင်၏ မျက်နှာသည် မည်သည့်အရာနှင့်မျှ နှိုင်းဆလို့မရအောင် ကမ္ဘာပေါ်မှာ အသန့်ရှင်းဆုံး, အလှပဆုံး, ကျက်သရေအရှိဆုံးမျက်နှာအလှပင် ဖြစ်ပေလိမ့်မည်။

## နတ်သမီးမေးလာ ပထမပုစ္ဆာ

တစ်ခါတရံ နို့စို့နေရင်းမှ ရင်သွေးငယ်လေးက မွေးမိခင်၏ဆံပင်ကို ဆောင့်ဆွဲ၏။ မျက်နှာကို ခြေနှင့်ကန်၏။ လက်နှင့်လည်းရိုက်ပုတ်၏။ သို့သော် မိခင်ဖြစ်သူမှာ ''**ဟဲ့–ငချေး–အမေ့သားကြီး**''စသည်ဆိုကာ စိတ်မဆိုးရုံအပြင် တိုး၍ပင် အချစ်ပွားရရှာပါသတဲ့။

သည်နေရာ၌ မဟော်သဓာဇာတ်တော်လာ ထီးချက်စောင့်နတ်သမီးမေးသည့် ပုစ္ဆာနှစ်ရပ်ကို အဖြေနှင့်တကွ ထုတ်ပြလို၏။

(မေး) **ရင်ဘတ်မျက်နှာ၊ ကျောက်ကန်ကာ၊ ရိုက်ပါငြားသော်လည်း ချစ်ခြင်းမေတ္တာ၊ ပို၍လာ၊ မနာဘယ်သူနည်း။**

(ဖြေ) **သုံးလအရွယ်၊ သားသူငယ်ကို၊ ရင်ဝယ်ထွေးပိုက်၊ နို့ချိုတိုက်သည့်၊ခိုက်အခါတွင် ကြည်ရွှင်မပျက်၊ ရင်ခွင်ထက်မှ၊ ခြေလက်ငင်သာ၊မိမျက်နှာကို၊ ရိုက်ခါပုတ်ခတ်၊ ကျောက်ကန်လတ်လည်း၊ ချစ်ခြင်းမေတ္တာ၊ ပို၍လာသည်၊ သည်းချာပုတ္တ ရင်နှစ်ပါဘုရား။**

**မှတ်ချက်** / ရင်ခွင်ပိုက်သားငယ်လေးက မျက်နှာကို ခြေနှင့်ကန်၊ ဆံပင်ဆောင့်

ဆွဲတာလောက်ကို မပြောနဲ့၊ ရန်ကုန် လှိုင်သာယာရှိ ရပ်ကွက်တစ်ခုမှ မိခင်ဖြစ်သူ မသိန်းရှင်တစ်ယောက် မျက်စိတစ်ဖက်ပေါက်ထွက်ရသည်မှာ ရင်ခွင်ပိုက်သားငယ်၏ လက်ချက်ပင်ဖြစ်ပါ၏။ သားကလေး ''နောင်နောင်''အား ရင်ခွင်ထဲမှာထားကာ ထမင်းအိုးငုံ့နေစဉ် ကလေးငယ်က ဆွဲမိဆွဲရာ လက်ထဲပါလာသည့်ထင်းစဖြင့် မတော်တဆ ထိုးမိသောကြောင့် မိခင်ခမျာ မျက်စိတစ်ဖက်ပျက်ပါရော့လား၊ မျက်စိတစ်ဖက် ပျက်သော်လည်း မိခင်မေတ္တာက ပျက်မသွား၊ မျက်လုံးတစ်ဖက် ကျောက်မျက်လုံး ထည့်ကာ အရုပ်ဆိုးအကျည်းတန်သွားသော်လည်း သားအပေါ်တွင် ချစ်ခင်သည့်မေတ္တာ တရားကား လှပနေဆဲသာဖြစ်ပါ၏၊ ဖခင်ဖြစ်သူ ကိုမြသောင်းကလည်း စိတ်မကောင်း ဖြစ်ရုံကလွဲ၍ သားတော်မောင်အပေါ်တွင် အပြစ်မမြင် ပို၍ပင် ချစ်ခင်မြတ်နိုးမိပါသတဲ့။

(ဆင်ဖြူကျောင်း ဦးစာရိန္ဒ၏ပြောပြချက်)

## ဒုတိယပုစ္ဆာ အဖြေရှာ

တချို့ ခုနစ်နှစ်ရှစ်နှစ်အရွယ်ရှိ သားငယ်လေးများက ပေကပ်ကပ်ဂျစ်ကန်ကန် နှင့် မိဘကို ကလန်ကဆန်ပြန်လုပ်တတ်ကြ၏၊ မိဘစကားနားမထောင်၊ ခိုင်းတာကိုမလုပ်၊ ကြွပ်ဆတ်ဆတ်နှင့် မာကျောကျောမို့ ပြောဆိုဆုံးမမရသည့်အခါ မိဘများက ရိုက်နှက်ဆုံးမတတ်၏၊ ထိုမှုမက ကရုဏာဒေါသဖြင့် ''**အိမ်မှာမနေနဲ့ ဆင်းသွား**''ဟု ဆိုကာ နှင်ထုတ်တတ်ကြသော်လည်း အချိန်တန်၍ အိမ်ပြန်မရောက်လျှင် မိဘတွေရင်မှာ နေဆယ်စင်းမက ပူပြင်းလာကြ၏။ ''**စိတ်ကောက်ပြီး ဆင်းသွားတဲ့သားလေး ဘယ်နားလေးကများ ပေါ်လာလေ မလဲ**''ဟု တွေးကာ လည်တဆန့်ဆန့်နဲ့ မျှော်ကြရရှာ၏။

သားလေးပြန်လာရင် အဆင်သင့်စားနိုင်အောင် ထမင်းပွဲလေးပြင်ကာ စောင့်နေ တတ်ကြ၏၊ နေဝင်မိုးချုပ်သည့်အထိ အိမ်ပြန်ရောက်မလာပါက စိတ်ပူပန်ကာ တောင်ပြေး လိုက် မြောက်ပြေးလိုက်နှင့် (မနိုင်းကောင်း–နိုင်းကောင်း သားငယ်ပျောက်ရှာသည့် မိခင်ချွေးမကြီးပမာ) တစ်တောလုံးတစ်ရွာလုံး ဘုရားကုန်းနှင့်ဇရပ်ပါမကျန် မွှေလှန်ကာရှာ တတ်ကြ၏၊ အိမ်မှနှင်ထုတ်ခဲ့ပါသော်လည်း မျက်စိအောက်ကပျောက်နေရှာသည့် သားငယ် အား စိတ်ထဲကလည်း မနာနိုင်ပဲ ပို၍ပင် မေတ္တာပွားကာ သနားကြရရှာပါသတဲ့၊ ထို့ ကြောင့်ပင် မဟော်သဓာဇာတ်တော်၌–

(မေး) **ဆဲရေးတိုင်းထွာ၊ နှင်ထုတ်ခါ၊ မလာလိုသော်လည်း၊**

**ချစ်ခြင်းမေတ္တာ၊ပို၍လာ၊ မနာဘယ်သူနည်း**– ဟု ထီးချက်စောင့်နတ်သမီးက

မေးသည့်အခါ မဟော်သဓာသုခမိန်က–

(ဖြေ) **ခုနှစ်နှစ်မှ၊ ရှစ်နှစ်အဝင်၊ သားရွှေစင်ကို၊ မိခင်မာတာ၊ နိုင်းစေပါလည်း၊ မနာမယူ၊ ရှောင်ဖယ်မှု၍၊ ပြုံးစူဒေါသ၊ စိတ်မာန်ထလျက်၊ ရိုက်နှက်ပါလည်း၊** ချစ်ခြင်းမေတ္တာ၊ ပို၍လာသည်၊ သည်းချာပုတ္တရင်နှစ်ပါဘုရား– ဟု ဖြေဆိုခဲ့ခြင်းဖြစ်ပါ၏။ ဤနေရာ၌ တစ်ခုပြောချင်သည်မှာ ၎င်းသားငယ်လေးက ကြီးပြင်းလာသည်အထိ အလွန်တစ်ရာ ဆိုးပေတေနေပါသော်လည်း မိခင်၏အချစ်ကတော့ လျော့သွားမည်မဟုတ်ချေ။ ဆိုးမိုက်သည့်သားနှင့် လိမ္မာသည့်တူ မည်သူ့ကိုများ အချစ်ပွားပါသလဲဟု မိခင်ကြီးအားမေးလျှင် သားကိုပင် အချစ်ပိုသည်–ဟု ဖြေပေလိမ့်မည်၊ မိခင်တစ်ဦး၏ ရင်တွင်းမှလာသော အစစ်အမှန်ခံစားချက်စကားကို နားဆင်ကြည့်ပါ၊ သားအကြီးဆုံးက ဆိုးမိုက်လှသည်ကို သိလျက် အိမ်မှာအတူနေသည့် လူလိမ္မာတူကလေးအား ''ဒီမှာ– ငါ့တူ တစ်သက်လုံးမှတ်ဖို့ အဒေါ်ပြောခဲ့မယ်၊ ငါ့တူသည် လိမ္မာရေးခြားရှိသည့်အတိုင်း ဒေါ်လေးကလည်း အတော်ပင် ချစ်ခင်ပါ၏။ သို့သော်လည်း အဒေါ့်သားမိုက်လောက်တော့ဖြင့် ငါ့တူအပေါ်၌ အချစ်ဓာတ် မစူးရှလှပေ၊ ထို့ကြောင့် တခြားသူများက ငါ့တူကို (**သားအရင်းနှင့်မခြား မေတ္တာထားပါသည်**) ဟု ဆိုလာငြားက ဘယ်တော့မှ မယုံစားလေနဲ့''ဟု ပြောဆိုဆုံးမပါသတဲ့။

## အင်္ဂါမစုံလည်း ချစ်တာပဲ

ရင်ခွင်ပိုက်ခါ နို့ချိုတိုက်ကျွေးသည့်အရွယ် လမ်းလျှောက်တတ်ခါစအရွယ်ဖြစ်သော ရင်သွေးငယ်လေးများက ဖြူဖြူဖွေးဖွေး ဝဝတုတ်တုတ်နှင့် ချောမောလှပနေပါလျှင် မြင်သူ တိုင်းက ချစ်ကြခင်ကြ၏၊ အကယ်၍ ၎င်းအရွယ်ကလေးငယ်တစ်ယောက် ခြေလက်အင်္ဂါ မစုံလင်ခဲ့သော် (သို့မဟုတ်) အသားမည်းကာ အကျည်းတန်နေခဲ့သော် မိခင်ရင်းမှလွဲ၍ မည်သူမျှချစ်နိုင်ကြမည်မဟုတ်ပေ။

မိခင်ရင်းကတော့ ကိုယ့်သားသမီး ရုပ်ချောမှလှမှ ခြေလက်အင်္ဂါစုံလင်မှသာ ချစ်ခင်ကြသည်မဟုတ်၊ ခြေလက်အင်္ဂါမပါသည်ဖြစ်စေ , ကျိုးကန်းနေသည်ဖြစ်စေ , မျက်စိမမြင်ရသည်ဖြစ်စေ , နှုတ်ခမ်းကလေးပဲ့နေသည်ပင်ဖြစ်စေ အသံပြာအသားမည်း နှုတ်ခမ်းကွဲ၍ သွားကျဲပုကွ ရုပ်မလှသည်ဖြစ်စေ , အားငယ်ချို့တဲ့ရှာသည့် သားသမီးဆိုလျှင် ချစ်စိတ်အပြင် သနားစိတ်ကပင် ပို၍လာပြန်သေး၏။ အသားမည်းကာ ပြာနှမ်းနှမ်းဖြစ်နေသော်လည်း မနမ်းသည့်မိခင်ဟူ၍မရှိ၊ ချစ်စရာမကောင်းသော သားကလေးကိုပင် မိခင်မေတ္တာက အလျှော့မပေးပဲ လေးလေးပင်ပင် ချစ်ခင်မြတ်နိုးနိုင်ပါသတဲ့ ။ (**ဩော်–အမှန်တကယ်အားဖြင့်လည်းမိမိတို့အားလုံးလှချောလှလှတွေချည်းမဟုတ်ကြပါတကား**)။

ယခုသည်စာ ရေးဆဲမှာပင် – ဖခင်ဖြစ်သူ မဟာပတာပမင်းကြီး၏ ရက်စက်မှုကြောင့် သွေးတစ်စက်စက်နှင့် ခြေပြတ်လက်ပြတ် ဖြစ်နေရှာသည့် သားတော်လေး ဓမ္မပါလကို တယုတယပွေ့ပိုက်လျှက် (ကိုင်း – အခုမှတော့ဖြင့် အင်္ဂါမစုံတဲ့ (၇)လ အရွယ် သားတော်လေးက အရှင်မင်းကြီးကို ရန်မပြုနိုင်တော့ပါ။ သည့်ကလေးနှင့် တော်ရာသွားပြီး လုပ်ကိုင်စားသောက်ပါရစေတော့)ဟု ပြောဆိုရင်းနန်းတွင်းမှ ထွက်ခွာခွင့်ပေးဖို့အကြောင်း ငိုယိုတောင်းပန်နေရှာသည့် စန္ဒာဒေဝီမိဖုရားကြီးကိုသာ မိမိစိတ်မှာ မြင်ယောင်နေမိပါတော့၏။

## အကျည်းတန်လှ ငယ်စဉ်က

မိမိတို့အမြွှာညီအစ်ကိုနှစ်ယောက်အနက် တစ်ယောက်ကရုပ်လှ၊တစ်ယောက်က ရုပ်ဆိုးသဖြင့် ''ကိုလူချောတို့ လာချေပြီ''ဟူ၍ကား ပြောလို့မရနိုင်(ညောင်ရမ်း ညီနောင်တို့လို တစ်ယောက်ကထမင်းဆာလျှင် လိုက်ဆာသည်မျိုးလည်းမရှိ)။ စာရေးသူမိမိ၏ အမြွှာအစ်ကိုသည် လသားအရွယ်၌ ဝဝတုတ်တုတ် ဖြူဖြူဖွေးဖွေးနှင့် ချစ်စရာကြီးမို့ အထိန်းတော် အချော့တော်တွေ ပေါလွန်းလှ၏။ တော်ကြာ– ဟို အဒေါ်က ခေါ်သွားလိုက်၊ ခဏနေ–ဟိုအစ်မတွေလက်ထဲပါသွားလိုက်နှင့် နို့ဆာသည့်အချိန်၌သာ မိခင်ရင်ခွင် ပြန်ရောက်လေ့ရှိ၏။

''အငိုတတ်သည့်ကလေး–နို့ပို၍စို့ရတတ်သတဲ့''၊ အကင်းပါးစွာ အငိုသန်သည့်မှာလည်း အစ်ကိုက မိမိထက် တစ်ပန်းသာပြန်၏၊ နုံနုံအအနှင့် ပုဗ္ဗေစ အခြေမလှရှာသည့် မိမိခမျာမှာတော့ ချော့မြှူမည့်သူမရှိသဖြင့် အမိရင်ခွင်မှာသာ အနေများခဲ့ရသည်။ အတိတ်ကံမွဲ၍ အားလုံးကရွှေမျက်နှာလွှဲကြသည်မို့ စိတ်အား ငယ်နေရသည့်အထဲ အဖေဖြစ်သူက မိမိအားကြည့်ကာ ''ဟဲ့– နင့်သားအငယ်ကောင်က မည်းခြောက်ခြောက် ပိန်ကပ်ကပ်နဲ့ ရုပ်ကလည်းဆိုးလိုက်တာအကြီးကောင်နဲ့မတူဘူး''ဟု အပြစ်တင်သဖြင့် မွေးမိခင်က ''အဲဒါ တော်နဲ့တူလို့ဖြစ်မှာပေါ့''ဟု မျက်စောင်းထိုးကာ ပြန်ပြောလိုက်သဖြင့် အဖေ့အသံတိတ်သွားသောဟူ၏။ ''ဒီလောက်အရုပ်ဆိုးတဲ့ကလေး သူများသာပေးပစ်လိုက်'' ဟု မပြောသည့်အတွက် အဖေ့ကိုပင် ကျေးဇူးတင်ရပါသေးသည်။

ထိုစဉ်က မိမိရုပ်ကလည်း မည်မျှလောက်တောင်ဆိုးနေသည်မသိခဲ့၊ အဖေက အကိုဖြစ်သူအား တယုတယပွေ့ချီတတ်သော်လည်း မိမိကတော့ ဖခင်၏ရင်ခွင်ထက် တက်ရောက်ခွင့်မရခဲ့ပါ၊ တစ်နေရာတည်းမှာ နှစ်ယောက်အတူချိန်းကာ လာခဲ့ကြပါလျက် မိမိခမျာမှာတော့ အတိတ်ကံက နံ့ချာလွန်းလှ၏၊ ဖြစ်နိုင်လျှင် ''ရုပ်ဆိုးသူတို့ငိုပွဲ''ကိုသာ

အသံကုန်ဟစ်လိုက်ချင်တော့၏။ သည်မျှကံဆိုးနေလျှင် "အမေရယ်–ရိုးရိုးအမြွှာမဟုတ်ပဲ၊ မနန်းစိုး မနန်းစံတို့လို (ဒါမှမဟုတ်) အေးအေးငြိမ်း အိအိငြိမ်းတို့လို ရင်ချင်းဆက်လေးသာ မွေးလိုက်ပါတော့လားဗျာ၊ ဒါမှသာ (တစ်နိုင်ငံလုံး ဟိုးဟိုးမကျော်ချင်နေပါစေ, မနန်းစံလို သေချင်လည်းသေသွားပါစေ)၊ အစ်ကိုတစ်ယောက်တည်းကိုသာရွေးပြီး ချိုးချင်သူများ လက်တွန့်သွားကြမည်ဖြစ်သလို၊ မိမိလည်းအစ်ကိုနှင့်တွဲကာ အဖေ့ရင်ခွင်ထက် တက်ရောက်ခွင့်ရမည်မဟုတ်ပါလား။

ရုပ်ဆိုးရသည့်အထဲ အမြွှာဖြစ်နေသည်မို့ "နှစ်ယောက်ပေါင်းမှ ခေါင်းကတစ်ကျပ်"ဟုလည်း အပြောခံရပြန်သေး၏၊ (ဦးနှောက်က ကျပ်မပြည့်ဟု ဆိုလိုဟန်တူပါသည်) ညီအစ်ကိုနှစ်ယောက်ပြေးလွှားဆော့ကစားသည့်အရွယ်၌ နေဝင်မိုးချုပ် အချိန်တန်လို့ အိမ်ပြန်မရောက်လျှင် မိခင်ဖြစ်သူက (အကြီးကောင်ရေ–အငယ်ကောင်ရေ)ဟု ခုနှစ်အိမ် ရှစ်အိမ်သာမက တောင်ရွာမြောက်ဖျား တစ်ရွာလုံးကြားအောင် အသံကုန်ဟစ်၍ ခေါ်တတ်၏။

မိမိတို့ငယ်စဉ်ဘဝက အမေ့အော်ခေါ်သံကို ယခုလို လူလားမြောက်ကာ အသက်အရွယ်တွေကြီးလာသည့်တိုင်အောင် ကြားယောင်နေဆဲဖြစ်သလို၊ လက်ထဲမှ ဆေးလိပ်ကိုလည်း မီးတရဲရဲဖြစ်အောင် ဖွာထုတ်လျက် တုတ်တစ်ချောင်းကိုင်ကာ စတိုင်ကျကျနှင့် အိမ်ပေါက်ဝမှာ ထိုင်စောင့်နေတတ်သော အမေ့ဟန်ပန်ကိုလည်း ယခုအချိန်ထိ မြင်ယောင်နေဆဲပင်၊ ရုပ်ရှင်ထဲမှ ဒေါ်မေနွဲ့ကို မြင်လေ–ရွာကအမေအိုကို ပို၍သတိရလေပင် ဖြစ်ပါတော့၏။ ဤနေရာ၌ မိမိ၏ပြောလိုရင်းမှာ ရုပ်ဆိုးသည့်သားသမီးကို မည်သူကမျှ တယုတယနှင့် မချစ်ခင်ကြသော်လည်း မွေးမိခင်ကတော့ သနားစိတ်နှင့် ပို၍ပင် ချစ်ခင် ယုယကြောင်း သိစေလိုရင်း ဖြစ်ပါသည်။

## နီတာရဲလေးလည်း ချစ်တာပဲ

"သားတို့ရုပ်ရည်၊ သီတာမည်သား၊ ရေကြည်ချမ်းမြ၊ တစ်ပေါက်ကျက၊ **မိဘတို့ဝမ်း၊ ငြိမ်းစတမ်း**" တဲ့။ သားသမီးကရုပ်လှသည်ဖြစ်စေ, အကျည်းတန်ကာ အရုပ်ဆိုးသည်ဖြစ်စေ သားသမီးကိုချစ်သည့်မိခင်၏ မေတ္တာသည် ယခုလိုချစ်စရာကောင်းသည့် ရင်ခွင်ပိုက်အရွယ်ရောက်မှသာ မဟုတ်သေးပါ၊ မွေးခါစ နီတာရဲလေးဘဝတုန်းကလည်း ချစ်ခဲ့ကြ၏။

မွေးဖွားပြီးခါစ ဖဝါးလက်နှစ်လုံး ပခုံးကလက်နှစ်သစ် အသွေးတုံးအသားတုံး

နီတာရဲလေးတုန်းကများဆိုလျှင် သွေးမတော်သားမစပ်ပါက တကယ့်ကို မသတီစရာလေး ပင် ဖြစ်၏။ လက်နှင့်ကိုင်ကြည့်ဖို့မပြောနဲ့ စေ့စေ့တောင်မကြည့်ရဲကြ။

သို့သော် မိဘနှစ်ပါးအတွက်ကတော့ ပျို့အန်ချင်စရာ ထိုနီတာရဲလေးကိုပင် တစိမ့်စိမ့်နှင့် ကြည့်လို့မဝ ရှုလို့မဝ၊ ရင်သွေးရတနာ၏ လှတစ်မျက်နှာလေးကို မြင်လိုက်ရ သည်နှင့် မိဘနှစ်ပါး၏ ချစ်ခြင်းမေတ္တာအဟုန်သည် သားသမီးတို့၏တစ်ကိုယ်လုံးကို ဖုံးလွှမ်း၍သွားတော့၏။ သားသမီးတို့၏ အရေပါးကိုဖောက်၍ အရေထူတိုင်အောင်, အရေထူကို ဖောက်၍အကြော, အကြောကိုဖောက်၍အသား, အသားကိုဖောက်၍အရိုး, အရိုးကိုဖောက်ထွင်း၍ ရိုးတွင်းချဉ်ဆီတိုင်အောင် တစိမ့်စိမ့်ပျံ့နှံ့ဝင်ကာ တည်ရှိပါသတဲ့၊ ဒါကြောင့်မို့လည်း မိခင်မာတာ ပြောလာသည့်စကားက "**သူများတွေ စေ့စေ့လေးတောင် မကြည့်ရဲတဲ့ မေမေ့ နံဘေးက ပိုးတုံးလုံးဖြူဖွေး–အမေ့အမြင်မှာတော့ မေမေ့ ငွေလမင်းလေးပါပဲ**"တဲ့၊ ဒါလည်းပဲ သားသမီးအပေါ်ထားသည့် မိဘနှစ်ပါး၏ ချစ်ခြင်း မေတ္တာအစတော့မဟုတ်သေးပေ။

## သန္ဓေတည်စ ချစ်ခင်ကြ

အမှန်တကယ်အားဖြင့် နီတာရဲလေးဘဝ မျက်နှာကလေးမြင်လိုက်ရမှ ချစ်ခင် ကြသည်မျိုးမဟုတ်ပဲ၊ "**သားလေးလား–သမီးလေးလား? ဝေခွဲမရမီ သန္ဓေတည် စကပင်**" ချစ်ခင်မြတ်နိုးခဲ့ကြ၏။ တစ်နေ့တစ်နေ့အကြိမ်ပေါင်း ထောင်သောင်းမက မေတ္တာတွေ ပို့ခဲ့ကြ၏။ ရင်သွေးရတနာ၏အနာဂတ်အရေးအတွက် စိတ်ကူးလေးတွေယဉ်ရ သည်မှာလည်း မမောနိုင် မပန်းနိုင်။

မိမိတို့၏ရင်သွေးရတနာလေးအတွက် လောကမှာ အကောင်းဆုံးဆိုတာတွေကို ဖန်တီးပေးလိုက်ချင်၏။ ရင်သွေးလေးအတွက်ဆိုလျှင် တစ်လောကလုံးကိုပင် ရင်ဆိုင်ရန် အသင့်၊ (**ကိုယ်ဝန်ဆောင်မိခင်များ မွေးဖွားခါနီးပြီဆိုလျှင် စိုးရိမ်ထိတ်လန့်ကြောက် ရွံ့စိတ်တွေနဲ့ သချိုင်းကို တစ်နေ့မျက်စောင်းသုံးခါတောင်ထိုးပါသတဲ့**) သုံးခါမကလို့ အကြိမ်တစ်ရာပင်ဖြစ်ပါစေ၊ မိခင်၏အသက်ကို သားသမီးအတွက် တစ်ဝက်ပေးထား ပြီးဖြစ်သောကြောင့် နောက်ဆုံးရင်သွေးလေးအသက်ရှင်ဖို့အရေး မိခင်၏အသက်ကို ပေးဆပ်ရမည် ဆိုလျှင်တောင် သေမင်းကိုရင်ဆိုင်ရဲသည့်သတ္တိ မိခင်ဆီမှာအပြည့်ရှိ၏။

သို့မို့ကြောင့်လည်း မီးဖွားရင်းမီးတွင်းမှာပင် အသက်စွန့်ကာ သေမင်းကိုရင်ဆိုင် သွားသည့်မိခင်တွေ မြောက်များစွာရှိခဲ့သည်မဟုတ်ပါလား၊ လူသားလေးတစ်ယောက်

လူ့လောကထဲ ရောက်လာဖို့ လူသားတစ်ယောက်က နေရာဖယ်ပေးလိုက်သည့်သဘော မျိုးပင်၊ မွေးဖွားခါနီး ဖနီးသည်က သူ့ကိုယ်သူစိတ်မချ၍ လင်ယောက်ျားဖြစ်သူအား မှာကြားနေသည်မှာ---

"ရင်သွေးလေးအသက်နဲ့ မိခင်အသက် တစ်ခုခုကိုစွန့်ရမယ်ဆိုရင် ရင်သွေး လေးအသက်ကိုသာ ရှင်အောင်စောင့်ရှောက်ပါနော်၊ လူကြီးအသက်ထက် ကလေး အသက်ကိုသာရှင်ပါစေနော်၊ ကလေးအတွက် ကျွန်မ စိတ်ချပါ ရစေနော်" ဟု နော်ချင်းထပ်လျက် မျက်ရည်ဝဲကာ တတွတ်တွတ်မှာနေရှာပါသတဲ့၊ ဩော်– တော်ရုံတန်ရုံသတ္တိမျိုးဖြင့် သည်စကားမျိုးကို မည်သူပြောရဲသနည်း၊ ရင်သွေး လေးအတွက် အသက်ပေးကာ ချစ်ရဲသူမှာ မိခင်မှလွဲ၍ တစ်ခြားမည်သူများရှိပါ သေးသနည်း၊ ရင်သွေးရတနာ၏ မျက်နှာလေးမှ မမြင်ရသေးမီ သန္ဓေတည်စဘဝမှာပင် မိခင်၏ချစ်ခြင်း မေတ္တာသည် အသက်ကိုစွန့်ရဲလောက်သည်အထိ ကြီးမားလွန်းလှပေ၏။

လူသားအမေတွေမပြောနဲ့ တိရစ္ဆာန်မိခင်များတွင် ကြက်ကလေး ငှက် ကလေးများ ကိုပင်ကြည့်ပါ၊ သန္ဓေတည်စဥဘဝမှာပင် ရင်အုပ်မကွာ၊ ဥကို–ရင်နှင့် အုပ်ကာ အပူငွေ့ပေးပြီး ဖွားအောင်လုပ်ပေးတတ်သည်မှာ မိခင်၏ချစ်ခြင်းမေတ္တာပင် မဟုတ်ပါလား။

## စောင့်ရှောက်ပြုပြင် စိတ်ကူးယဉ်

မိခင်၏ချစ်ခြင်းမေတ္တာသည် ရင်သွေးရတနာသန္ဓေတည်စမှာပင် စတင်ခဲ့၏၊ ကိုယ်ဝန်ဆောင်စဉ်ကာလအတွင်း ရင်သွေးလေးအား ထိခိုက်မည့်အစာဆိုလျှင် မစားပဲနေ၏၊ ထိခိုက်မည့်အလုပ်ဆိုလျှင် ရှောင်ကြဉ်၏၊ ဒါ–အမေဆိုတဲ့ မိန်းမတွေဆီမှာပဲ ရှိသည့် စိတ်ခံစားမှု၊ သည်ခံစားမှုသာမက စိတ်ကူးယဥ်မှုတွေကလည်း တစ်မျှော်တစ်ခေါ်–

"သားလေးလား သမီးလေးလား၊ ဘာလေးပဲဖြစ်ဖြစ် ကျွန်မကတော့ချစ်ရမှာပဲ၊ (သားဖြစ်လျှင်တော့ အမေနဲ့တူတတ်သည်၊ သမီးဖြစ်လျှင်တော့ အဖေနဲ့တူတတ် သည်"တဲ့) သားလေးကတော့ မျောက်ရှုံးအောင်ဆော့တော့မှာပဲ၊ တစ်အိမ်လုံးကို ပြောင်းဆန်နေလိမ့်မယ်၊ ပြောမရဆိုမရနဲ့ ဂျစ်ကန်ကန်ကောင်လေးများဖြစ်နေရင် ဒုက္ခ၊ သားကို မူကြိုထားသည်နှင့် သား၏ရန်ပွဲတွေကို အမေက ခဏခဏ လိုက်ရှင်းနေရ လိမ့်မယ်ထင်တယ်၊ ကျွန်မဖြစ်စေချင်တာကတော့သားကို ထက်ထက်မြက်မြက် တည်တည်ကြည်ကြည်နဲ့ ဖြောင့်မတ်သူပဲ ဖြစ်စေချင်တယ်။

တကယ်လို့ သမီးဆိုရင်ရော သူများကိုအနိုင်ကျင့်ဗိုလ်ကျတတ်တဲ့ စွာတေးမလေး

မဖြစ်ပါစေနဲ့၊ ကျွန်မငယ်ငယ်ကလို ဇီဇာကြောင်တတ်လျှင်တော့ အိမ်ကထည့်ပေးလိုက်တဲ့ ထမင်းဘူးကို ဆရာမက ကိုင်ကြည့်တာနဲ့ ရွံတယ်ဆိုပြီး မစားပဲငိုနေလိမ့်မယ် ကြည့်နေ၊ သမီးလေးအရွယ်ရောက်တဲ့အခါ ကလေကချေကောင်လေးနဲ့များ အဆက်ဖြစ်သွားရင် ဘာရမှာလဲ ကျွန်မကတော့ အတင်းခွဲရမှာပဲ၊ ရုပ်ရှင်ထဲမှာဆို ကျွန်မက မိခင်မိန်းမကြမ်း၊ ဗီလိန်အခန်းကပေါ့၊ အဲဒီအခါ (**အမေတို့ မတရားဘူး**)လို့များ သမီးလေးကပြောနေမလား ပဲ၊ သမီးလေးကို သိမ်သိမ်မွေ့မွေ့နဲ့ သဘောမနောဖြူသူလေးဖြစ်စေချင်တယ်၊ အဲဒီလို ဖြစ်အောင်တော့ ကျွန်မက သွန်သင်ဆုံးမပေးတတ်ရမှာနော့။

ပညာတတ်ကြီးတွေဖြစ်အောင်လည်း ကြိုးစားခိုင်းရမယ်၊ သားဆိုရင်သူ့အဖေ ထက် ဆယ်ဆသာစေရမယ်, သမီးလေးဆိုရင်လည်း ကျွန်မထက် ဆယ်ဆပိုတော်စေရ မယ်၊ ကျွန်မရင်သွေးလေးတွေ မျက်နှာမငယ်ရအောင် ခုကတည်းက အသင့်ပြင်ဆင်ထား ရမယ်၊ ကြောက်ရွံ့အားငယ်စိတ်တွေ မဖြစ်ရလေအောင် သူတို့ရှေ့ကနေ မားမားမတ်မတ် ရပ်တည်ပေးရမယ်''။

ဤသို့စသည်ဖြင့် မုန့်ဆီကြော်က ဘယ်ဆီနေမှန်းမသိသေး၊ စိတ်ကူးလေး တွေယဉ်လိုက်ရသည်မှာ မပြီးနိုင်မဆုံးနိုင်၊ ရင်သွေးအပေါ် ချစ်ခင်တွယ်တာသည့် မိခင်စိတ်ကြောင့် အရာအားလုံးကိုပင် တဒင်္ဂမေ့လျော့သွားတတ်ကြ၏၊ အမေဆိုတဲ့ လူတစ်ယောက်ရဲ့ ဗိုက်ထဲ နောက်ထပ်လူလေးတစ်ယောက်ရှိလာပြီ ဆိုသည်နှင့် အမေက ဒုတိယနေရာသို့ အလိုအလျောက်ရောက်သွားသည်မှာ မိခင်မေတ္တာပင်မဟုတ်ပါလား။

သည်မျှဆိုလျှင် သားသမီးကိုချစ်သည့် မိခင်တစ်ဦး၏ ချစ်ခြင်းမေတ္တာအစကို သိနိုင်လောက်၏၊ မိခင်တစ်ဦး၏ ချစ်ခြင်းမေတ္တာနှင့်အတူ ရင်သွေးရတနာအတွက် စိတ် ကူးယဉ်ပုံဖော်မှုတွေက တစ်မျှော်တစ်ခေါ်၊ အနာဂတ်ရည်မှန်းချက်တွေက တစ်လှေကြီး တစ်လှည်းကြီးမက များလွန်းလှချေ၏။

## အမေနဲ့သေမင်း စစ်ခင်းရပြီ

သည်လိုနှင့်ကမ္ဘာဇလေလှုပ်ခါ အာဝေဏိကဒုက္ခကို ခံစားရမည့်အချိန် ရောက်ပြန်တော့ ''**ယောက်ျားဖောင်စီး, မိန်းမမီးနေ**''ဟူသော အန္တရာယ်အချက်ပေး ခေါင်းလောင်းသံကို ကြားရပြန်သည်၊ ရင်သွေးလေး မွေးဖွားရသည့် မိခင်လောင်းတစ်ဦး၏ ခံစားရသည့်ဝေဒနာ မည်မျှပြင်းထန်သည်ကို စာဖွဲ့၍မပြနိုင်ပါ၊ ဝေဒနာကကြီးမား လွန်းလှသဖြင့် တချို့များ ငယ်သံပါအောင်အော်ဟစ်ပြီး တဒီးဒီးကျလာသည့် ချွေးသီး

ချွေးပေါက်များက တဖြိုင်ဖြိုင်ကျလာသည့် မျက်ရည်မိုးများနှင့်အတူ မျက်ရည်နှင့် ချွေးရောထွေးကာ ခွဲခြားလို့ပင် မရနိုင်လောက်အောင် ခံစားချက်က ပြင်းလွန်းလှ၏။ **အမယ်လေး–တ,ပြီး** ညည်းနေရှာသည့်သမီးအား အနီးအနားရှိ မိခင်ကြီးကတောင် အားပေးရသည်မှာ "**မညည်းနဲ့သမီးရေ–အမေတို့တုန်းကလည်း ဒီလိုပဲ**"တဲ့။

အဆင်မသင့်လျှင် မိခင်၏အသက်ကိုပင် စွန့်လွှတ်ရစမြဲမို့ မီးဖွားခန်းအပြင်ဘက်မှ ခင်ပွန်းသည်၏ အင်္ဂလိမာလသုတ်ရွတ်သံကလည်း တောင်ရောက်မြောက်ရောက်နှင့် ကပေါက်တိ ကပေါက်ချာ၊ ခေါက်တုံ့ခေါက်ပြန် ထိုင်ရမလိုထရမလို ဖြစ်နေဟန်ကလည်း ရေလယ်ခေါင် ဖောင်စီးရသည်ထက်ပင် ပို၍ဂနာမငြိမ်ဖြစ်နေပေလိမ့်မည်၊ ခါသားစားမိ သလို ဗျာများနေသည့်ကြားမှ ချစ်မယားက မွေးဖွားပေးလိုက်မည့်ရင်သွေးလေးအတွက် "**ခါတိုင်းထက်ပို၍ ငါအလုပ်ကြိုးစားမယ်**" ဟူသော အခိုင်အမာဆုံးဖြတ်ချက်များဖြင့် ကလေးငယ်၏ အူဝဲ–ဟူသောအသံကို နားစွင့်နေပေလိမ့်မည်။

တေးပြုစာဆိုတစ်ဦးကလည်း "**အသည်းနှလုံးကစကားပြောကြသည်**" ဟူသော အမည်ဖြင့် မိခင်၏ခံစားချက်ကို ဂီတဖြင့် ဖွင့်ဆိုခဲ့၏။

*(အသည်းနှလုံးက × အမြဲပြုံးလို့ စကားပြောကြသည်*
*သားရွှေစင် ဖွားမြင်ပြန်တော့လည်း × အားမာန်ခဲလို့ မျက်ရည်ရွှဲစို*
*ချွေးသံယို၍ - တဖိုလှိုက်လှိုက် - တရှိုက်ငင်ငင် - တပင်ပန်းပန်း*
*ဆန့်တန်းလိမ့်လူး မိန်းမူးညီးညျ ×သည်းအူပြတ်မျှ ခံစားရပါသည်)*

ဒုက္ခအမျိုးမျိုး ကိုးလတိုင်တိုင် စိတ်ခိုင်ခိုင်ထား ခံစားပြီးသော် ကိုးလကျော် ဆယ်လတွင်းမှာတော့အမေနဲ့သေမင်း စစ်ခင်းကြရပြီ၊ မီးတွင်းထဲမှာ သေမင်းနဲ့စီးချင်း ထိုးရင်း အားမာန်တင်းကာ ပြောလာပုံက "**သေလောက်အောင်နာကျင်ပေမယ့်– အမေမကြောက်ပေါင် သေပလေစေကွဲ့**" တဲ့။

ဩော် မွေးမိခင်၏– **ကြီးမားလိုက်သည့်ကျေးဇူးတော်**
**အဆုံးမရှိသည့်ကျေးဇူးတော်**
**အတုမရှိသည့်ကျေးဇူးတော်**
**အပြည့်ပြန်ဆပ်ခွင့်မရသည့်ကျေးဇူးတော်** (လောကီနည်း

သည်ကျေးဇူးတော်များ၏ပိုင်ရှင် မိခင်ဟူသမျှတို့အား အစဉ်ထာဝရလေးစားပါ၏။ တ... ဂုဏ်ကျေးဇူးများကို မကြည့်ပါနှင့်၊ မိမိတို့ကို လူ့လောကထဲရောက်အောင် ပို့ဆောင်ပေး

ခဲ့သည့် ဤကျေးဇူးဂုဏ်တစ်ချက်ကလေးနှင့်ပင် သားသမီးများက အားရပါးရ ကျေးဇူးတော် ပြန်ဆပ်ကြဖို့ ကောင်းနေတော့၏။ ထို့ကြောင့် မွေးမိခင်အား ပြစ်မှား ပြောဆိုတော့မည်ကြလျှင် ကိုယ့်ကိုမွေးခဲ့စဉ်က သေမင်းကို စိန်ခေါ်လိုက်သည့် မိခင်၏ စကားသံကိုသာ ပြန်၍ကြားယောင်လိုက်ကြစမ်းပါ–ဟု တိုက်တွန်းချင်ပါသည်။

## အကောင်းဆုံးကိုပင် ပေးလိုက်ချင်

သေလုမျောပါး နာကျင်စွာ မွေးဖွားခဲ့ပြီးတဲ့နောက် သားသမီးမျက်နှာလေး မြင်လိုက်ရတဲ့အချိန်ကစပြီး မိခင်ခမျာ စေတနာ မေတ္တာ ကရုဏာမိုးတွေ ရေတံခွန်လို တဝေါဝေါနှင့် သွန်ချလိုက်မိပါတော့၏။ အူဝဲ–ဟူသောအသံကလေး ကြားလိုက်ရသည်နှင့် မိခင်မေတ္တာက ရင်သွေးလေးအတွက်ဆိုလျှင် အဆုံးစွန်ပေးဆပ်ကာ ခွင့်လွှတ်အနစ်နာခံ ဖို့အသင့်ဖြစ်နေ၏။ ကမ္ဘာပေါ်မှာ အကောင်းဆုံးဆိုတဲ့အရာအားလုံး သိမ်းကျုံးယူလို့ရရင် ချည်မျှင်နဲ့ရအောင်ငင်ပြီး ကိုယ့်သားသမီးအတွက် စောင်ရက်လို့ ခြုံပေးထားလိုက်ချင်ပါ သတဲ့။

ကိုယ့်သားသမီးအတွက် အကောင်းဆုံးကိုမှမရရင် ဘာကိုမျှမပေးချင်၊ ကြယ် ဆိုရင်လည်း အားလုံးထက်တောက်ပသာလွန်တဲ့ ရှုဝံကြယ်ကိုသာ ပေးလိုက်ချင်သတဲ့၊ ငှက်ဆိုရင်လည်း အတောင်အလက်တွေကို အသက်ထက်မြတ်နိုးတဲ့ ဇာမဏီငှက်ပဲဖြစ်စေ ချင်သတဲ့၊ ရတနာဆိုရင်လည်း ကမာကောင်လေးတွေရဲ့ ရင်တွင်းဖြစ် ပုလဲစစ်စစ်ကိုသာ ဆင်မြန်းပေးချင်ပါသတဲ့၊ ဩော်– သားသမီးအတွက် မိခင်တစ်ဦး၏ ရွှေရောင်အတ္တများ ဟုပင် ဆိုရပါလိမ့်မည်၊ မည်သို့ပင်ဖြစ်စေ မိဘဟူသည် သူတို့ငယ်စဉ်ကမရခဲ့တဲ့အောင် မြင်မှုတွေ, မဖြစ်ခဲ့တဲ့ရည်မှန်းချက်တွေကို သူတို့သားသမီးလေးများအား ရစေချင် ဖြစ်စေ ချင်ကြသည်မှာ မိဘမေတ္တာပင် မဟုတ်ပါလား။

သားသမီးအတွက် မုန်းဆစ်တက်ကူး ကြိတ်ကြိတ်ပြီး ရှုံးခဲ့ရုံမက နေ့ရက်ရှိသမျှ ပြုစုစောင့်ရှောက်ပေးနေရသည့် ဒုက္ခအပူကို သီတာဂူစန်းရတနာကဲ့သို့ ချမ်းသာသုခ– ဟုပင် မှတ်ထင်နေတတ်ကြသည်မှာလည်း မိဘမေတ္တာပင်ဖြစ်ပါတော့၏၊ ထိုမေတ္တာပိုင် ရှင်မွေးမိခင်အား မိမိတို့ အဘယ်မှာလျှင် မေ့နိုင်ဖွယ်ရာ ရှိပါချေတော့အံ့နည်း။

**(ရင်သွေးဟူက ချစ်မဝတည့် မိဘတံထွာ သားတကာနှင့် တစ်ရာနှစ်ကဲ လည်ချင်းနွဲ့လည်း ရောင့်ရဲမထင်)** [သုတမဥ္ဇူဆရာ]

# အသက်ကိုလည်း စွန့်ရဲသည်

မိခင်၏နို့ချိုကိုစို့ရင်း သူ့မိခင်အပေါ် မှိုရိုအားကိုးတဲ့မျက်လုံးလေးများနှင့် မိခင်မျက်နှာမော့ကြည့်နေရှာတဲ့ ရင်သွေးလေးရဲ့အကြည့်ဟာ သူကလေးအတွက်ဆိုရင် မိခင်မှာ ကမ္ဘာကြီးကိုပင် ယှဉ်ပြိုင်တိုက်ခိုက်ပြီး ကာကွယ်ပေးနိုင်တဲ့ စွမ်းပကားတွေကို ပိုင်ဆိုင်လာစေတော့၏၊ ထို့ကြောင့်ပင် မိခင်ဟူသည် ရင်သွေးအတွက်ဆိုလျှင် **ကိုယ့်အသက်ကို စွန့်ဖို့ရာ ဝန်မလေးသလို၊ သူတစ်ပါးအသက်ကို သတ်ဖြတ်ဖို့ရာလည်း ဝန်လေးတော့မည် မဟုတ်ချေ။**

၁၉၇၃–ခုနှစ်ဆီက ရန်ကုန်နှင့် ဒလအကူး တိုးအေးသင်္ဘောနစ်မြုပ်ခဲ့သည်ကို မှတ်မိကြပေလိမ့်မည်၊ ဆောင်း– အငြိမ့်မင်းသမီးခေါင်းဆောင် ဝင်းဝင်းအေးတို့ပင် ပါသွားကြောင်းသိရ၏၊ သင်္ဘောမြုပ်အပြီး (၁၅)ရက်အကြာ တိုးအေးအား ပြန်လည်တူးဖော်ရာ၌ တစ်ဦးနှင့်တစ်ဦး ဖက်လျက်သေဆုံးနေကြသော သားအမိနှစ်ဦး၏ အရိုးစုများက ဝမ်းနည်းကြေကွဲဖွယ်ရာ မိခင်တစ်ဦး၏ မေတ္တာသရုပ်ကို ပို၍ပေါ်လွင်စေတော့၏၊ သည်မြင်ကွင်းကိုကြည့်ကာ ရင်မှာမချိလွန်းလှသဖြင့် စာရေးဆရာသမိန်သောင်းက ကဗျာတစ်ပုဒ်ဖြင့် မိခင်မေတ္တာကို ဂုဏ်ပြုခဲ့ပါသေး၏၊ (တိုးအေး ပေါ်မှ အို–မိခင်) တဲ့။

တစ်ပိုင်းတစ်စမျှ ဖော်ပြရသော်–––

## တိုးအေးပေါ်မှ အိုမိခင်

* နေ့ရက်လျှား၍ ဆယ့်ငါးရက်မြောက်
ချိန်ခါရောက်မှ ရေအောက်ကဖော်
တိုးအေးပေါ်ဝယ် ညှိုးရော်ကြေကွဲ
မိခင်ဖွဲ့ကို အသည်းနှင့်ဖွယ်မြင်ရသည်။

* ရေစီးကလှုပ် လှိုင်းကပုတ်၍
စုပ်သည့်ရေမွှား စားသည့်ရေပိုး
အကြောင်းဆိုးလည်း တိုးကာကပ်ကာ
မေ့သည်းချာအား မကွာမကွဲပိုက်ပွေ့ဆဲ။

* အို–မိခင်– – –
သင်ဘေးကင်းရာ ကူးခပ်ပါ၍
လွတ်ရာအဝေး ပြေးနိုင်ပါလျက်
မပြေးရက်၍ အသက်စတေးလိုက်ရော့သလား။

အို–မိခင် – – –
ကိုယ်လျှင်မရှိ အမိသော်လည်း
သားတော်ခဲဟု စွဲလာဆိုထုံး
စကားလုံးကို ချေမှုန်းတော်လှန်လိုက်ရော့သလား။

✱ အို–မိခင် – – –
သင်နှင့်အတူ သင့်သည်းအူနယ်
ရည်တူပြည့်သိပ် မိခင်စိတ်ဖြင့်
ယိုဖိတ်မေတ္တာ စေတနာကို
ခါခါဦးညွှတ်လိုက်ပါ၏။ ။

## ကြီးမားလှသည့် မိမေတ္တာ

ရေးမြို့နယ် ဘဲလမုကျေးရွာ၌ ဖခင်ဖြစ်သူက အိမ်အောက်မှာ တောင်းရက်နေစဉ် ဖူးဖူးဝါးဝါးအော်သံနှင့်အတူ အိမ်၏အရှေ့ဘက်ထောင့်၌ရှိသော ရေတွင်းထဲသို့ နို့သွာသမီးလေး ရုတ်တရက်ကျသွားသည်ကိုမြင်သဖြင့် ဖခင်ရင်းခမျာ ကပျာကယာပြေးလာ၍ ဘာလုပ်လို့ဘာကိုင်ရမှန်းမသိ၊ အင်္ကျီနှင့်ခေါင်းပေါင်းကိုချွတ် ပုဆိုးကိုခါးတောင်းကျိုက်လျက် နက်လှစွာသောရေတွင်းထဲငုံ့ကြည့်လိုက် အနီးတစ်ဝိုက်ရှိ လူများအားအော်ဟစ်အကူအညီတောင်းလိုက်နှင့် ဝန်းကျင်တစ်ဝိုက် ပွက်လောရိုက်ကာ ဆူညံသွားတော့၏။

ထိုစဉ်ခဏ ထင်းခွေရာမှပြန်ရောက်လာသော အမျိုးသမီးက ရေတွင်းအနီးရှိလူများအား ရုတ်တရက်တွန်းဖယ်လျက် နက်လှစွာသောရေတွင်းထဲသို့ ဝုန်းခနဲ ခုန်ဆင်းသွားပါတော့၏။ ဖခင်ရင်းခမျာ ခါးတောင်းကျိုက်ခါ ပျာယာခတ်နေသဖြင့် မည်သူမည်ဝါဆင်းသွားမှန်းပင် သတိပြုမိဟန်မတူ၊ ၎င်းအမျိုးသမီး၏ သက်စွန့်ကြိုးပမ်းကယ်တင်မှုကြောင့် သမီးငယ်လေး သေမည့်ဘေးမှကင်းဝေးခဲ့ရ၏။

ကယ်တင်ရှင်ကား မည်သူနည်း? အစ်မလား – အဒေါ်လား စဉ်းစားနေစရာမလို၊ မသေကောင်းမပျောက်ကောင်း သမီးကလေးအား တယုတယ ပွေ့ပိုက်ခါ နမ်းရှိုက်နေသည့် ဇနီးမယားအား လင်ယောကျ်ားက တအံ့တသြကြည့်လျက်/ မိခင်၏ရင်ခွင်ထက်မှ သမီးလေးကလည်း ခါးတောင်းကျိုက်ဖြုတ်ရန်ပင် မေ့နေရှာသော ဖခင်အားနှုတ်ခမ်းလေးစူ မျက်စောင်းလေးချိတ်ကာ အားမလို အားမရဟန်ဖြင့် မော့ကြည့်လျက်/

ဖခင်ဖြစ်သူကတော့ သမီးငယ်၏ မျက်လုံးလေးများကိုပင် ရင်မဆိုင်ဝံ့သည့်

အလား မျက်လွှာချလျက်/ မဝသောကြည့်ခြင်းဖြင့် သမီးငယ်အားကြည့်နေရှာသည့် မိခင်၏မျက်နှာမှာကား -- ပီတိဖြာလျက်။

အတ္တသမံ ပေမံ နတ္ထိ – ဟုဆိုသော်ငြား မိမိနှင့်တန်းတူမဆိုထားနဲ့ မိမိအသက် ထက်ပင် ပို၍ ချစ်မြတ်နိုးတတ်သော မိခင်များကတော့ အထင်အရှားပင် ရှိနေကြပါ၏။ ဒါကြောင့်မို့လည်း ကိုယ်ဝန်ကြီးတကားကားနဲ့ ဗိုက်ပူမတို့ကြုံးဝါးလိုက်ပုံက "ဒုက္ခပေါင်းစုံ လာရဲလာကြည့် ဖျာလိုရက်ပြီး နင်းပစ်မယ်၊ မိုးကြိုးတွေပစ် လျှပ်စီးတွေလက် ကမ္ဘာပျက်ပါ စေ နေရဲတယ်၊ ငါ့ရှေ့မှာလေ တွေ့သမျှရင်ဆိုင် အန္တရာယ်ဆိုရင်တော့ အမေရှင်းမယ်၊ အားမငယ်နဲ့နော် အမေ့ရင်သွေး အမေရှိတယ် မင်းအနားမှာ"တဲ့၊ သည့်မိခင်၏ဗိုက်ထဲ ဒီသတ္တိနှင့်စွမ်းပကား မည်သူကများ ထည့်ပေးလိုက်ပါသနည်း။

## မိဘမေတ္တာ အဖြာဖြာ

* ဘုရားအလောင်း ပဒုကုသလဇာတ်တော်၌ မိခင်ရင်းကို အပြီးအပိုင်စွန့်ခွါ၍ လူတို့နေရာဌာနသို့ ထွက်ခွာသွားသောသားဖြစ်သူအား စိတ်မဆိုးရုံအပြင် အသက်မွေး ဝမ်းကြောင်းပညာကိုပင် သင်ပေးလိုက်ပြီး ရင်ကွဲနာကျ သေခဲ့ရှာသည့် အဿမုခီဘီလူးမ ၏ ကြီးမားလှသည့် မိမေတ္တာ။

* မိခင်ဖြစ်သူက လူသတ်တရားခံအစစ်ဖြစ်သော်လည်း အမှန်အတိုင်း ဝန်မခံ သဖြင့် သားဖြစ်သူအား ရိုက်နှက်စစ်တော့မှ သားအပေါ်ချစ်သည့်မိခင်စိတ်ကြောင့် အမှန်ကိုဝန်ခံသွားသည့် မိခင်တစ်ဦး၏မေတ္တာ။

* မယားစကား နားထောင်လျက် မျက်မမြင်မိဘတို့အား နိုးသားဓားပြဟန် ဆောင်ကာ ရိုက်နှက်ပါသော်လည်း (သားလေးရေ – လွတ်အောင်ပြေး အမေအဖေ တို့ကိုမငဲ့နဲ့) ဆိုပြီး ကိုယ့်အတွက်မပူ သားအတွက်ပူနေသည်က မိဘမေတ္တာ။

* ၁၉၈၀–ခုနှစ်လောက်က လက်ဖွဲ့ စင်မြင့်ပေါ်၌ အလှူအလဲအထိုးခံ နေရရှာ သည့် သားဖြစ်သူကို မမြင်ရက်မကြည့်ရက်သောမိခင် စင်မြင့်ပေါ်သို့ ဝုန်းခနဲ ခုန်တက်၍ တစ်ဖက်လူအား ဒေါက်မြင့်ဖိနပ်ဖြင့် ရိုက်နှက်မိသည်အထိ စွမ်းအင်သတ္တိများကို မွေးဖွား ပေးလိုက်သည်မှာ မိခင်၏မေတ္တာ ။

* ဆရာဝန်အကူအညီမပါပဲ မိမိဘာသာခွဲစိတ်၍ မိမိရင်သွေးအား လူ့လောကထဲ ရောက်အောင်တွဲခေါ်ပေးခဲ့သည့် အမေရိကန်နိုင်ငံမှ မိခင်တစ်ဦး၏မေတ္တာ ။

* "ဒီမှာ ငါ့သား **အမေအဖေတို့ကို ရှာမကျွေးနိုင်တာ ကိစ္စမရှိဘူး၊ မင်းက မွေးလာမယ့် သားသမီးတွေကို လူစဉ်မီမီထားနိုင်ဖို့ ကြိုးစားပါ**"လို့ ဆိုလာတဲ့ ဖခင်ဖြစ်သူ၏ မေတ္တာ ။

* ဣတ္ထိယသိုက်တူးသမားနှင့် အဆက်အသွယ်ဖြစ်နေသော သမီးလေးအား ဘယ်လိုမှ နားချမရသဖြင့် မနုဿမုဆိုးအား သူမ၏အလှဖြင့် အကွက်ဆင်ထောင်ဖမ်းကာ အမှုအခင်းဖြစ်စေခြင်းဖြင့် သမီးရင်းအား ကယ်တင်လိုက်သည့် မိခင်တစ်ဦး၏မေတ္တာ။

* စီးပွားရေးအဆင်ပြေသည့်သမီးကပေးလာသည်ကို မစားမသောက်ပဲ၊ ၎င်းသမီး မသိအောင်ချို့တဲ့အားနည်းရှာသည့် သား၏မိသားစုအား တစ်ဆင့်ပြန်ပေးပြန်ကျွေးတတ်သည့် မိခင်၏မေတ္တာ။ (သမီးကအပြစ်တင်သည့်အခါ "**သမီးရယ်– ရေဆိုတာ အထက်က အောက်ကို စီးမြဲပါပဲ**"ဟု ပြန်ပြောရှာ၏)

* "အမေ ကျောင်းကန်ဘုရားသွားရင်ဝတ်ဖို့ ယောဂီထဘီလေးဝယ်ဝတ်ပါအမေ၊ ကျွန်တော်အလုပ်ထဲကနေ ချွေတာစုဆောင်းထားတဲ့ ငွေသုံးထောင်နဲ့ ကန်တော့ပါတယ်" ဟု ပြောကာ သားဖြစ်သူက ရှိခိုးဦးချနေစဉ် ဆုတွေ တသီတတန်းကြီးပေးကာ တုန်ယင်သောအသံဖြင့် မိခင်ကြီးက "**အမေ့မှာ ထဘီတွေရှိပါတယ်ကွယ်၊ ဒီငွေသားကို အမေ ပြန်စွန့်ပါတယ်၊ ကလေးတွေကျောင်းစရိတ်မှာ ထည့်သုံးလိုက်နော်**" ဟု ပြန်ပြောရင်း ဘဝအမောဒဏ်ခံနေရသော သားဖြစ်သူအား စာနာစိတ်ဖြင့် ငေးကြည့်နေရှာသည့် မိခင်ကြီး၏မေတ္တာ ။

* သမီးဖြစ်သူ၏ ပျက်စီးနေသောကျောက်ကပ်အား မိမိ၏ကျောက်ကပ်ဖြင့် အစားထိုးကုသပေးခဲ့သည့် ဖခင်တစ်ဦး၏မေတ္တာ ။

* **မိမိတို့မကျန်းမမာ ဒုက္ခဝေဒနာဖြစ်စဉ် "အမယ်လေး–အမေ အမေ"**ဟု မိခင်ကို မှန်းဆတမ်းတလိုက်ခြင်းအားဖြင့် ခံစားရသည့်ဝေဒနာ ပျောက်ကင်းသည့်ပမာ

သက်သာရာရခဲ့သည်က မွေးမိခင်၏မေတ္တာ ။

* အဝေးနေ သားဆိုးသားမိုက်များ၏ဒဏ်ကို အကြိမ်ကြိမ်ခံနေရရှာသည့်မိခင်ကြီးအား သမီးဖြစ်သူက "အမေရယ်– အမေ့သားတွေ အိမ်မလာပါစေနဲ့" ဟု ပြောသည့်အခါ "မပြောနိုင်ပေါင်တော်– အမေ့အိမ်မလာကြဖို့ကတော့ အမေသေမှပဲ ပြောလို့ရမယ်"ဟု ပြန်ပြောခဲ့သည့် အမေ့မေတ္တာ ။

* သမီးငယ်လေးနှစ်ယောက်က ဖခင်ဖြစ်သူ၏ ဗိုက်ရွဲကြီးကို ပုတ်ပုတ်ပြကာ "ဗိုက်ပူကြီး–ဗိုက်ပူကြီး"ဟု စကြနောက်ကြရင်း "ဖေဖေ ဘာ့ကြောင့် ဗိုက်ပူတာလဲ"ဟု မေးသည့်အခါ၊ "ဟိုတုန်းကတော့ ဖေဖေ့ဗိုက်ထဲမှာ မေမေတစ်ယောက်ထဲကိုသာ ချစ်တဲ့အချစ်နဲ့ ဗိုက်သိပ်မပူခဲ့တာ ဖြစ်မှာပေါ့၊ အခုတော့ မေမေ့အပြင် ဟောဒီသမီးနှစ်ယောက်ကို ချစ်တဲ့ အချစ်တွေပါပေါင်းပြီး ဖေဖေ့ဗိုက်ကြီး ပိုပြီးစူထွက်လာတာနေမှာပေါ့"။ ဖခင်ဖြစ်သူ၏ စကားအဆုံး သမီးနှစ်ယောက်လုံး ပြုံးပြုံး–ပြုံးပြုံးနဲ့ သဘောကျမဆုံး ဖြစ်သွားပါသတဲ့၊ ဩော်– ဖခင်၏မေတ္တာစကားက သမီးများရဲ့နားထဲ ပျားရည်အိုးကျကွဲသလိုပါပဲလား။

## တိရစ္ဆာန်မိခင် ကြည့်စေချင်

* သမုဒ္ဒရာကမ်းနားဘေး လမုပင်ကြီးအပေါ်၌ရှိသော ရှဉ့်သိုက်ထဲမှ ရှဉ့်သားပေါက်လေးနှစ်ကောင် လေပြင်းအဟုန်ကြောင့် ရေထဲသို့လွင့်စဉ်၍ ကျသွား၏၊ အစာရှာပြန်လာသည့် မိခင်ရှဉ့်မကြီးခမျာ သားနှင့်သမီးကို မတွေ့ရ၊ ရေထဲကျသွားမှန်းသိသဖြင့် ကမန်းကတန်းရေသို့ဆင်းကာ သူမရဲ့ အမြီးနဲ့ ရေကိုခွတ်လိုက်–ခါထုတ်လိုက်၊ ပါးစပ်နဲ့စုပ်လိုက်–မှုတ်ထုတ်လိုက် လုပ်ပါတော့၏။ သားသမီးဇောကြောင့် မောတယ်ပန်းတယ်ဆိုတာမရှိ၊ ရင်သပ်ရှုမော အံ့သြလောက်၏၊ သည်သတ္တိနှင့် သည်ခွန်အား ဘယ်ကများလာပါသလဲ၊ တခြားနေရာသွားရှာစရာမရှိပြီ၊ သားသမီးဆီကလာသည့် ခွန်အားနှင့်သတ္တိကြောင့် ဝီရိယရှိလိုက်သည်မှာ သမုဒ္ဒရာရေကိုတောင် ကုန်အောင်ခပ်ထုတ်မယ့်သဘော။

ဩော်–အသိဉာဏ်မရှိသည့် တိရစ္ဆာန်များပင် သားသမီးကိုချစ်ခင်မြတ်နိုးစိတ်က ပြင်းထန်လှချည့်လား။ သည်လိုဆိုပြန်တော့လည်း မြစ်စောင့်နတ်မင်းခမျာ မနေသာ၊ ဒီအတိုင်းသာ ကြည့်နေရင် ရှဉ့်မကြီးရဲ့ လုပ်ပုံကြောင့် ရေတွေကုန်သွားရ

ချည်ရဲ့–ဟု စိတ်ပူသည့်မျိုး တော့မဟုတ်၊ မိခင်စိတ်ကို ဂုဏ်ပြုသောအားဖြင့် ရေထဲမြုပ်ကျသွားသော ရှဉ့်သားလေးများအား ကယ်တင်၍ သူတို့မိခင် လက်ထဲအရောက် ထည့်ပေးလိုက်ရပါသတဲ့။

(ကော့လှာဆရာတော်)

* ငါးမကြီးတစ်ကောင်ဆိုလျှင် ငါးသားပေါက်လေးများ အန္တရာယ်တစ်စုံတစ်ရာကြုံပြီဆိုပါက သူမ၏ပါးစပ်ကြီးကို အစွမ်းကုန်'ဟ'ပေးထား၏။ ငါးသားလေးများ မိခင်၏ပါးစပ်အတွင်းသို့ အလုအယက် အတင်းဝင်ရောက်သွားပြီးနောက် သူ့ပါးစပ်ကို ပိတ်ထားလိုက်တော့၏။ အန္တရာယ်ကင်းလောက်ပြီဆိုတော့မှ ဖူး–ခနဲ အားကုန်မှုတ်ထုတ်လိုက်ရာ ငါးကလေးများ ကျွမ်းထိုးမောက်ခုံ ကပြောင်းကပြန်နှင့် လွင့်စဉ်၍ ကျလာသောဟူ၏။ တိရစ္ဆာန်များမှာပင် သူတို့ရင်သွေးလေးများအား ဘေးရန်မှ မည်သို့ကာကွယ်ရမည်ကို သဘာဝတရားကသင်ပေးထားလိုက်ပါသေး၏။။ (ကော့လှာဆရာတော်)

* လိပ်သတ္တဝါများလည်း မိမိတို့ချထားသော ဥများကို ပြန်လည်စောင့်ရှောက်ခြင်း မရှိတော့ပဲ အဝေးမှနေ၍သာ မေတ္တာဓာတ်ကို ပို့လွှတ်ပါသတဲ့၊ မိခင်လိပ်မကြီးပို့သော မေတ္တာကြောင့်ပင် လိပ်ကလေးများ ဖွားမြင်လာခဲ့ရသည်မဟုတ်ပါလား၊ အကယ်၍သာ မိခင်လိပ်မကြီးသေဆုံးသွားပါက လိပ်ဥများ ပိန်ခြောက်သွားပြီး၊ လိပ်ကလေးများလည်း ပေါက်လာမည်မဟုတ်တော့ချေ။

* နို့ပျဉ်းကျခွေးမကြီးတစ်ကောင် သူ့ရင်သွေးများအတွက် သူလည်းအမေပဲလေ၊ ခေါက်ဆွဲဆိုင်တွေ လမ်းဘေးထမင်းဆိုင်တွေအကြား တိုးကာဇွတ်ကာ အစာရှာဖွေလျက်ရှိရာ တချို့လူတွေက ခြေထောက်နဲ့ကန်ထုတ်ကြ၏၊ တချို့က ခဲနှင့်လှမ်းပစ်၏၊ ရင်သွေးငယ်များအတွက် အစာကမရလို့မဖြစ်၊ ကောင်းနိုးရာရာလေးတွေ ရွေးစား၏၊ စားသောက်အပြီး သူ့သားကျင်းရှိရာ အမြန်ပြေး၍ တုံးလုံးလှဲအိပ်ချလိုက်ရာ နို့ဆာနေသည့်ခွေးကလေးများ တပြွတ်ပြွတ်နှင့် ဝိုင်း၍ စို့ကြပါလေရော။ သဖန်းပင်မှာ သဖန်းသီးတွေ ပြွတ်နေသလား အောက်မေ့ရ၏။

တချို့ခွေးကလေးများ စို့ရတာ အားမရလို့ထင်ရဲ့ လက်ကလေးများနှင့် ဒီလိုဒီလိုလုပ်၍ စို့လိုက်ကြသေး၏၊ ဒီလိုနဲ့ ခွေးကလေးများ နည်းနည်းကြီးလာတော့ နို့ပြတ်ပြီပေါ့၊ ခွေးမကြီးကလေ–– သူများတွေရဲ့အငေါက်ခံ အကန်ခံ စားချင်တာတွေ စားလာ

ပြီးသည့်နောက် သူ့ရင်သွေးများအား အန့်ထုတ်၍ကျွေးတတ်၏၊ မမျှတမှာစိုး၍ထင့်၊ ဒီမှာ ဝေါခနဲ တစ်ပုံအန်၊ ဟိုမှာ ဝေါခနဲ တစ်ပုံအန်၊ ဟော– ဟိုမှာ ဝေါခနဲ တစ်ပုံအန်၊ သုံးပုံလောက်အန်ထုတ်ပြီး ကျွေးနေရှာသော ခွေးမကြီး၏ မိခင်မေတ္တာ၊ စကားသာပြော တတ်မည်ဆိုပါက "**မင်းတို့ မျှမျှတတ စားကြပါ– သားတို့သမီးတို့ရယ်––**"။

## ရေးဖွဲ့လို့မကုန် မိဘဂုဏ်

မြတ်စွာဘုရားရှင်က "**ဗဟုပကာရာ ဘိက္ခဝေ မာတာပိတရော ပုတ္တာနံ**" ဟု ဟောတော်မူ၏၊ အနန္တမေတ္တာရှင် မိခင်ဖခင်နှစ်ဦးသားတို့၏ မေတ္တာတရားနှင့် ဂုဏ်ကျေးဇူးကိုသာ ဖော်ကျူးရမည်ဆိုလျှင် ကုန်နိုင်စရာပင်မရှိတော့ပေ၊ **အကြောင်း ကား–**

ဗဟုပကာရာ–ဟု ဆိုသည့်အတိုင်း ဂုဏ်ကျေးဇူးကား အလွန့်အလွန် များပြားလှ သောကြောင့်တည်း။ အင်မတန်နှုတ်သွက်လျှာပါး တို့ဘုရားသော်မှ တခြားတရားတွေ မဟောပဲ မိဘကျေးဇူးချည်း –သက်သက်ဟောမယ်ဆိုရင်တောင် ဘုရားရှင်၏ သက်တမ်းသာ ကုန်သော်ကုန်ရာ၏၊ မိဘကျေးဇူးမကုန်နိုင်ပါဘူး– တဲ့။ ပြဟ္မာပေါင်း ကုဋေကုဋာက လျှာပေါင်းကုဋေကုဋာ ဖန်ဆင်းပြီး ပြောတာတောင်မှ ပြဟ္မာတို့၏အသက် တမ်းသာ ကုန်ချင်ကုန်သွားမည်၊ မိဘကျေးဇူး မကုန်နိုင်ပါဘူး–တဲ့။

**တစ်ကမ္ဘာလျှင် မဟာဗြဟ္မ**
**လျှာကုဋေဖြင့် ဆန်းနေဂိုဏ်းညီ**
**ဂါထာစီ၍ ချီးကျူးမြွက်ဖော်**
**ဆိုလှည့်သော်လည်း နှစ်ဖော်မိဘ ဂုဏကဲလွန်**
**အနေကန်ကို ဝေဖန်ချီးမြှောက်**
**ပြီးမရောက်လိမ့်။**

ဒါကြောင့်မို့လည်း မိဘမေတ္တာအကြောင်းကို ကဗျာလင်္ကာ တေးသီချင်းတွေ ဘယ်လောက် ဖွဲ့ဖွဲ့၊ ဝတ္ထုဇာတ်လမ်းတွေ ဘယ်လောက်ရေးရေး၊ အမေနေ့ အမေ့အကြောင်းဟောပြော ပွဲတွေ ဘယ်လောက်ပဲကျင်းပကျင်းပ ရေးဖွဲ့လို့မကုန်၊ ရိုက်ကူးလို့မကုန်၊ ဟောပြောလို့ မကုန်နိုင်အောင် ဖြစ်နေကြရသည်မဟုတ်ပါလား။

## နို့ရည်ကိုသောက် သွေးမဖောက်နှင့်

မိဘမေတ္တာအကြောင်းရေးလို့မကုန်နိုင်သော်လည်း မိခင်နို့ရည်အကြောင်းလေး တော့ နောက်ဆုံးပြောလိုက်ချင်သေးသည်။

မိဘကျေးဇူးကြီးမားလှသလို သားသမီးအပေါ်ထားသည့် မေတ္တာတရားကလည်း အစွမ်းထက်လိုက်ပုံမှာ နှလုံးသွေးကိုပင် နို့ရည်ဖြစ်သွားစေနိုင်၏။ မှန်ပါသည်– မိခင်၏ ခန္ဓာကိုယ်ထဲတွင် နို့ရည်ဟူ၍ သီးခြားမရှိ၊ နို့တိုက်နေသည့်မိန်းမတစ်ယောက်ကို ကလေးငယ်အား ဆွဲဖယ်ပြီး နို့အုံကို ဓားနဲ့လှီးကြည့်လိုက်ပါက နို့ရည်တော့ ထွက်လာမည်မဟုတ်၊ သွေးတွေပဲထွက်လာလိမ့်မည်။

(၃၂)ကောဋ္ဌာသမှာ လောဟိတံ–သွေးဟုသာပါ၏၊ နို့ရည်ဆိုတာမပါ၊ မိခင်၏ရင်တွင်း နှလုံးသားဆီမှ နီနီထွေးထွေး သွေးများသည်ပင် ဖြူဖွေးသန့်စင်သော နို့ရည်အဖြစ်သို့ ပြောင်းလဲခဲ့ရ၏။ ထိုကဲ့သို့ မိခင်၏သားမြတ်နှစ်ခုအလယ် ရင်ချိုင့်အတွင်း၌တည်ရှိသော နှလုံးသွေးသည် အနီမှ အဖြူသို့ အသွင်ပြောင်းသွားသည်မှာ မည်သူ၏အစွမ်းပါနည်း ဏာဝရဘုရားသခင်၏ အစွမ်းလည်းမဟုတ်၊ ပရမေသွာ ဗြဟ္မာဗိဿနိုး တန်ခိုးကြီးမား နတ်ဘုရားများ၏ အစွမ်းလည်းမဟုတ်၊ မိခင်မေတ္တာ၏စွမ်းအားကြောင့်ပင် ဖြစ်ပါ၏။

ဤကဲ့သို့ မိခင်၏နှလုံးသွေးမှ ပြောင်းလဲလာသောနို့ရည်သည် မိခင်ကအသား မည်းပေမယ့် ခါးသက်သက်မဟုတ်သလို၊ မိခင်ကအရုပ်ဆိုးသော်လည်း ချဉ်စုတ်စုတ်ဖြစ်မနေ၊ မိခင်ကပုလုံးလုံးမို့ ချဉ်ဖြုံးဖြုံးထင်ရင် မှားသွားမည်၊ **ကျန်းမာသောမိခင်၏** သွေးမှ ဆင့်ကဲဆင့်ကဲပြောင်းလဲလာသော သဘာဝနို့ရည်ဖြစ်သောကြောင့် မည်မျှကောင်းအောင် ထုတ်လုပ်ထားသည့် မည်သည့်နို့မှုန့်ကမျှ တုမမီနိုင်၊ မလိုင်ရှုံးလောက်အောင်ချို၍ သားသမီးတို့အား ခွန်အားကို တိုးပွားစေ၏။

**မှတ်ချက် /** ဤ၌ "ကျန်းမာသောမိခင်"ဟု ဝိသေသနကူမ,ရခြင်းမှာ မိခင်က ချောင်းဆိုးနာရှိလျှင် နို့ရည်က အလွန်ချဉ်၍၊ ကုတ်ဟီးနာရှိလျှင် အလွန်စပ်ခါးသောကြောင့် "ကျန်းမာသောမိခင်" ဖြစ်ရမည်–ဟု ဝိသေသန မ,ရပါသည်။

**(ချောင်းဆိုး–နို့ရည်၊**
**ချဉ်သည်တသီး**
**ကုတ်ဟီး–စပ်ရှား၊**
**အပြစ်များကို၊ပယ် ရှားပြီးလျှင်၊)**
ဘုရားအလောင်းအတွက် နို့ထိန်းရွေးခန်း။[မယဒေဝ –၄၉၈]

မေတ္တာသီတဂူကြောင့် နှလုံးသွေးဖြူလာခြင်းကိုပင် နို့ရည်-ခေါ်သည်ဟု မှတ်ရမည်၊ အမိဖြစ်သူက မိမိရင်သွေးကို တိုက်ကျွေးမွေးမြူခဲ့သောကြောင့် သားသမီးများကို "ရင်သွေး"ဟု ခေါ်နေကြခြင်းဖြစ်ပါသည်။ ထို့ကြောင့်ပင်လျှင် (**ရင်သွေးဟူက-ချစ်မဝတည့်**) ဟု သုတမဉ္ဇူဆရာက ရေးသားစပ်ဆိုခဲ့ခြင်းဖြစ်၏။

ဤသို့ မိခင်၏သွေး ချိုချိုအေးကို သောက်စို့ကြီးပြင်းလာကြရသောကြောင့် သားသမီးများကို လေ့လာကြည့်လျှင် (**များသောအားဖြင့်**) မိခင်ကိုသာ အချစ်ပိုပြီးလျှင် မိခင်၏စိတ်နေသဘောထားနှင့် များစွာတူတတ်သည်ကို တွေ့ကြရ၏။ (**နောက်တစ်ကြောင်းမှာ မိခင်နှင့်သားသမီး နီးနီးကပ်ကပ် အတူနေခဲ့ရသည့်အချိန်တွေက ပို၍များသောကြောင့်လည်း ဖြစ်နိုင်ပါသည်။**) ထိုမျှမက -မိခင်၏နို့ရည်စစ်စစ်ကို သောက်ခဲ့ရသည့် သားသမီးများသည် ၎င်းမိခင်အပေါ် ထော်လော်ကန့်လန့် မခန့်မညား မလေးမစားလုပ်ဖို့ ခဲယဉ်း၏။

တချို့မိခင်များကား နို့ရည်ဟူသော မေတ္တာရင်သွေးအစား ကျွဲ၊ နွားစသည်တို့၏ သွေးဓာတ်မှဖြစ်သော နို့ဆီ-နို့မှုန့်တို့ကိုသာ တိုက်ကျွေးခဲ့ခြင်းကြောင့် မိဘနှင့်သားသမီး မျက်နှာချင်းဆိုင်ကာ နီးကပ်နေပါသော်လည်း မေတ္တာဓာတ်က ကင်းဝေးသွားတတ်ကြ၏၊ မေတ္တာ-ဟူသော အအေးဓာတ်ကသွေးမစပ်ကြသောကြောင့် ထိုသားသမီးများ မိဘကို ပြစ်မှားစော်ကားဖို့ ဝန်လေးတော့မည်မဟုတ်ချေ။

မိခင်များ သားမွေးလာလျှင် နို့တိုက်ပေးရမည်မှာ ဓမ္မတာ၊ သို့ပါလျက် နိုင်ငံအနှံ့ (မိခင်နို့ချို တိုက်ကျွေးရေး) ဟောပြောပွဲတွေပြုလုပ်နေရသည်မှာ သဘာဝနှင့်ဆန့်ကျင်သလိုဖြစ်နေ၏၊ ထိုကဲ့သို့မဖြစ်ရလေအောင် မိခင်များအနေဖြင့် အလှပျက်မှာတွေ့, အလုပ်ပျက်တာတွေ ထည့်တွက်မနေပဲ ကိုယ့်ရင်သွေးငယ်အား အမိရင်သွေးနို့ချိုအေးကိုသာ အစဉ်တိုက်ကျွေးသင့်၏။

သားသမီးများကလည်း အမေ့နို့ရည်နှင့် အဖေ၏ ချွေးစက်ချွေးပေါက်တို့ကြောင့် တိုးပွားလာသောခွန်အားဖြင့် အမေ့နို့ဖိုးကိုလည်းကောင်း၊ ဖခင်၏ချွေးဖိုးကိုလည်းကောင်း ပြန်၍ဆပ်ရမည်၊ ဒါမှသာ မိဘနှစ်ပါးမှာ သားအတွက် တစ်အားတက်ရသလို၊ သမီးကိုလည်း ထီးလိုပဲ အားကိုးရပေလိမ့်မည်။

ထိုကဲ့သို့မဟုတ်ပဲ မိခင်တိုက်သည့်နို့ရည်ကိုသောက်၍ ဖခင်၏ချွေးသီးချွေးပေါက်တို့အပေါ်လမ်းလျှောက်ကာ လူလားမြောက်ကြီးပြင်းလာတော့မှ (သမီးနှင့်သားကို ထီးနှင့်ဓားလို အားမကိုးရပဲ) သမီးက မီးလိုတောက်လိုက်၊ သားကကျားလိုဟောက်လိုက် ပြန်လုပ်နေလျှင် မိခင်ဖခင်တို့ခမျာ သနားစရာ၊ ဒါဆိုလျှင် အမေ့နို့ရည်ကို သောက်ခဲ့သူများမဟုတ်တော့ပဲ အမေ့သွေးကိုစုပ်သည့် သွေးစုပ် ဖုတ်ကောင်များ ဖြစ်သွားပေလိမ့်မည်။

* **သားသမီးများ သွေးစုပ်ဖုတ်ကောင် မဖြစ်ကြပါစေနှင့်၊**
* **ဖခင်၏ချွေးစက်များကိုလည်း တန်ဖိုးမထားပဲ အလွဲသုံးစားမလုပ်မိကြပါစေနှင့်၊**

* * * * * * *

ဒုတိယပိုင်း၏အဆုံးကို ဤသတိပေးစကားလုံးဖြင့် နိဂုံးချုပ်ရသည်မှာ တစ်ဖက်စာမျက်နှာရှိ ပန်းချီကားချပ်မှာ အဇာတသတ်လို နောင်တမရစေချင်သောကြောင့်ဖြစ်၏။

မှန်ပါသည်–ရှင်ဒေဝဒတ်အပေါ် အထင်တော်ကြီးကာ ဆရာအတင်မှားခဲ့သည့် အဇာတသတ်၊ မိခင်ကြီး၏ ငိုယိုတောင်းပန်သံကိုမှနားမဝင် ရာဇပလ္လင်တည်မြဲဖို့အရေး ဖခင်၏အသက်ကိုစတေးခဲ့သည့် အဇာတသတ်၊ ဘုရားရှင်နှင့်မွေးမိခင်ထံ အပြစ်မှန်သမျှ ဝန်ချတောင်းပန်လိုက်ခြင်းဖြင့် (မဟာအဝီစိငရဲကြီးမှ လွတ်မြောက်ကာ) လောဟကုမ္ဘီငရဲမှာ အနှစ်ခြောက်သောင်းပြည့်အောင်ခံရဦးမည့် အဇာတသတ်၊ လောလောဆယ် ငရဲခံနေရလို့ ဟန်မကျပေမယ့် ဘဝသံသရာ အဆုံးမှာတော့ ဝိဇိတာဝီမည်သောပစ္စေကဗုဒ္ဓါ အဖြစ်နှင့် လှလှပပ ဘဝနိဂုံးချုပ်ရမည့် အဇာတသတ်၊ အမှန်ကိုသိမြင် အမှားကိုပြင်ပြီးသည့်နောက် မျက်မှောက်ကာလတွင် ဘုရားရှင်အပေါ် ကြည်ညိုသဒ္ဓါလွန်ကဲရာ၌ အသာဆုံးဖြစ်ခဲ့ရသည့် အဇာတသတ်၊ အဇာတသတ်၏ကိုယ်ခန္ဓာ ဤလူ့ရွာမှ ပျောက်ကွယ်သွားသော်လည်း "အဖသတ်သား" ဟူသော အသံများကတော့ ပျောက်မသွား၊ အပြစ်တင်သံ ကဲ့ရဲ့ရှုတ်ချသံများကို ယခုအချိန်အထိ ကြားနေဆဲ၊ ၎င်းအသံများ ငရဲမှာ ခံနေရသည့် အဇာတသတ်ထံ ပဲ့တင်သံအဖြစ်နှင့်တော့ ရောက်မသွားစေချင်၊ သူ့ဒုက္ခနှင့်သူသာလျှင် ရှိပါစေတော့၊ နောက်ဆုံး ဘယ်သူတွေကဘာပဲပြောပြော အဇာတသတ်တို့က ကလေးတစ်ယောက်ရရုံမျှနှင့် မိဘကျေးဇူးသိခဲ့၏။ ယနေ့ခေတ် အချို့သောလူသားများကတော့ ကလေးတစ်ယောက်မပြောနှင့် တစ်ဒါဇင်လောက်ရနေတာတောင် မိဘကျေးဇူးကိုမသိကြ၊ နှိုင်းယှဉ်ကြည့်လိုက် မည်သူကပို၍ မိုက်ကြလေသနည်း ...။

**– ဒုတိယပိုင်းပြီး၏ –**

# သီတာရေစင်

## (တတိယပိုင်း)

## အနုပညာလောက မိနှင့်ဖ



## မိဘဇာတ်ကား လွှကြိုက်များ

၁၃၆၆–ခု၊ နတ် တော်လပြည့် (၂၆–၁၂–၂၀၀၄) တနင်္ဂနွေနေ့သို့အရောက်တွင် သီတာရေစင် တတိယပိုင်းစာမူအား ရေးသားရန်စဉ်းစားနေခိုက် တိုက်တိုက်ဆိုင်ဆိုင် အကယ်ဒမီဆုပေးပွဲကအသံတွေကို ရုတ်တရက် ကြားလိုက်ရ၏။ အဖေ့ချွေးစက် အကြောင်းရေးသားဆဲမှာပင် နားထဲဝင်လာသည်က "**နေကမွေးတဲ့လ**"တဲ့။ အခုတင်ပဲ မိခင်နှိုရည်အကြောင်းလေး ပြောတုန်းရှိသေး နောက်တစ်ကားက "**အမေ့နို့ဖိုး**"တဲ့။ မိဘမေတ္တာဘွဲ့ဇာတ်လမ်းတွေ ဖြစ်နေသောကြောင့်လည်းကောင်း၊ လူအများစိတ်ဝင်စား ကြသည့်အကြောင်းအရာကိုပင် ပြန်၍ထောက်ပြလိုသောကြောင့်လည်းကောင်း မိမိလည်း ရေးလက်စစာမူကို သည်ဘက်ဆီသို့ လမ်းကြောင်းပြောင်းလိုက်မိ၏။

ဇာတ်လမ်းသဘောကို လေ့လာကြည့်ရာ– သားအရင်းမဟုတ်သော်ငြား မွေးစား သားအပေါ်မှာပင် ဖခင်မေတ္တာအပြည့်အဝပေးသွားရှာသည့် ရေထမ်းသမားကိုချက်ကြီး၏– နေကမွေးတဲ့လ။

အခက်အခဲ မည်မျှပင်ကြုံတွေ့စေကာမူ မိမိရင်သွေးကို လူ့လောကအလယ်သို့ ရောက်အောင် အပြုံးမပျက် ရဲရဲဝံ့ဝံ့ မွေးထုတ်ကာ လူလားမြောက်စေခဲ့သည့် အမေ့နို့ဖိုး ယင်းအမေ့နို့ဖိုးမှာပင်– "**သူတို့က တုတ်နဲ့ရိုက်တာ မဟုတ်ဘူး၊ မျက်လုံးနဲ့ရိုက်တာ၊ စကားလုံးနဲ့ရိုက်တာ**" ဟု ထိမိသည့်စကားလုံးများကိုသုံးလျက် ဒုက္ခရောက်လာသူ သမီးမိုက်၏ရှေ့မှ မားမားမတ်မတ်ရပ်ပြသွားတဲ့ မုဆိုးမမိခင်ကြီး ဒေါ်သဲမြ။"**မိခင်ရဲ့ အသက်ကို မိခင်ကအပြည့်အဝမပိုင်ဘူး၊ ရင်သွေးအတွက် တစ်ဝက်ခွဲပေးထားရတာ၊ ဒါကို နားမလည်ပဲ နင်က အရှက်ကိုအသက်နဲ့လဲမလို့ကြိုးစားတယ်၊ တကယ်တော့ အဲဒီ အရှက်ထက် ပိုအရေးကြီးတာက သားသမီးရဲ့အသက်ပဲ**"ဆိုတဲ့ မိခင်မုဆိုးမကြီး၏ အားပေးစကားများနှင့်အတူ မအေတူသမီးပီသစွာ ရင်သွေးငယ်လေးအား လူ့လောကထဲ သို့ ရဲဝံ့စွာဖိတ်ခေါ်ခဲ့သည့် မအေးမြ။ မွေးမိခင်၏ နောက်ဆုံးအချိန်တွင် သက်နှုံးဝတ်ဖြင့် မြင်စေကာ လောကုတ္တရာနည်းဖြင့် မွေးကျေးဖူးဆပ်ပြသွားသည့် သားဖြစ်သူအေးကျော်၏ အမေ့နို့ဖိုး။ မိမိမကြည့်ဖူးသော်လည်း ဘောလုံးစကားနှင့်ပြောရလျှင် တစ်သင်းလုံး ကောင်းနေလိမ့်မည်ထင်ပါသည်။ သည်လိုဇာတ်မျိုး ဆုရသည်မှာ ဆန်းတော့မဆန်း၊ **အကြောင်းကား–** မိဘနှင့် သားသမီးတို့၏ မေတ္တာဘွဲ့ဇာတ်လမ်းများသည် မြန်မာ လူမျိုးတို့၏ သည်းခြေကြိုက် ဇာတ်လမ်းများပင်ဖြစ်သောကြောင့်တည်း။

မှန်ပါသည်– မိဘမေတ္တာအကြောင်းသာ ရိုက်ကူးလျှင် မြန်မာလူမျိုးများ အသည်းခိုက်အောင်ကြိုက်ကြ၏၊ နှစ်ခြိုက်စွာလည်း အားပေးကြ၏၊ တချို့များ ရုပ်ရှင်ကြည့်ရင်းနှင့်ပင် အဖေအမေတို့ကို သတိရ၍ မျက်ရည်မဆည်နိုင်အောင် ဖြစ်ကြရသည်။ တိုက်ဆိုင်မှုရှိ၍ မျက်ရည်ကျပြီဆိုလျှင်လည်း ပီတိမျက်ရည်တော့မဟုတ်၊ လွမ်းမျက်ရည်နှင့် နောင်တမျက်ရည်တွေသာ များပါလိမ့်မည်။

စကားပြောသောအသည်းနှလုံးဇာတ်ကားမှ "မိခင်ကြီးရဲ့ အသည်းနှလုံးကိုပွေ့ပိုက်ပြီး မင်းသမီးလေးဆီပြေးအလာ လမ်းမှာခလုတ်တိုက်အလဲ လက်ထဲကလွင့်စင်ကျသွားတဲ့ အမေ့အသည်းနှလုံးက ဘာပြောတယ်မှတ်သလဲ – (**သား–လူလေး ဘယ်များနာသွားလဲ သားရယ်**)တဲ့၊ သားသမီးကိုချစ်တဲ့ မိခင်မေတ္တာဟာ အသည်းနှလုံးကတောင် စကားပြောပါတယ်–ကွဲ့"ဟု လှိုက်လှိုက်လှဲလှဲနှင့်ပြောရင်း မျက်ရည်ဝဲကာ အသံတိမ်ဝင်သွားသော ဖခင်ဖြစ်သူဦးသိန်းမောင်၏ အကယ်ဒမီဆုရ အမူအရာများသည် လည်းကောင်း၊

ရတနာပုံဇာတ်ကားမှ သေခါနီးအိပ်ရာထဲလဲနေပြီဖြစ်သော မိခင်ကြီးက "**ကျွန်မလင်သူတော်ကောင်းကြီးကို ပြစ်မှားမိလို့ ဒုက္ခအမျိုးမျိုးရောက်ခဲ့ရတယ်၊ ကျွန်မကို ခွင့်လွှတ်ပါ၊အခုတော့ ကိုယ့်သားလေးကို မြင်နေရတာတောင်မှ ကျွန်မမှာ သားရေ–လို့**" ရတ်တရက် စကားကိုရပ်ပစ်လိုက်သည့် မိခင်ဖြစ်သူ ကြည်ကြည်ဌေး၏ ဟန်ပန်သည် လည်းကောင်း ပရိသတ်၏ရင်တွင် ယနေ့အထိ သက်ဝင်လှုပ်ရှားနေဆဲ ဖြစ်ပါလိမ့်မည်။

ပရိသတ်–ဟူရာ၌ ၎င်းဇာတ်ကားများကြည့်ခဲ့ဖူးကြသည့် လူလတ်ပိုင်းနှင့် လူကြီးပိုင်းပုဂ္ဂိုလ်များသာ ဖြစ်ပါလိမ့်မည်၊ နောက်လူငယ်များကား သိကြလိမ့်မည်မဟုတ်။ ယနေ့ခေတ် မြန်မာပရိသတ်တွေကလည်း တရုတ် ကိုရီးယား ဇာတ်လမ်းတွဲများကိုသာ ပို၍စိတ်ဝင်စားကြသည်မဟုတ်လား။ စိတ်ဝင်စားလိုက်ပုံများ ဖုန်းဆက်ချင်လျှင်တောင် ည(၇)နာရီနှင့် (၈)နာရီကြား ဆက်လို့မရ၊ ညတရားပွဲဟောခဲ့သည့် မြို့တော်ဦး ဆရာတော်အား ပရိသတ်ရှိ–မရှိမေးကြည့်မိရာ "လီဆောင်းဦးနဲ့ ဆုံသွားတယ်ကွာ"တဲ့၊ ဤနေရာ၌ တီဗွီကြော်ငြာသဘောမျိုးနှင့် ကြားဖြတ်ပြောရလျှင်– ကြည့်ပါ– ကိုရီးယား ဒိုင်ယာလော့တစ်ခု (**သမီးရယ်– လောကဓံဆိုတာ လူတစ်ယောက်ခံနိုင်ရည်ရှိတဲ့ အတိုင်းအတာထက် ပိုမနိုပ်စက်ပါဘူးကွယ်**)တဲ့၊ ကုမ္ပဏီပိုင်ရှင် သူဌေးကြီးက သူ့သမီးလီဆောင်းဦးကို ပြောခဲ့တဲ့စကား၊ ဒီစကားရဲ့အဓိပ္ပါယ်က ချဲ့မယ်ဆိုလျှင် ကျယ်ဝန်းလှ၏၊ သိမ်ငယ်နိမ့်ကျနေတဲ့ သူ့သမီးရဲ့စိတ်ဓာတ်ကို ဆွဲတင်ပေးလိုက်သည့်စကား။ နောက်တစ်ခု၊ လူဆိုးခေါင်းဆောင်က သူ့တပည့် ဘတ်ချောအွန်းအား

ပြောသည်မှာ ---(မင်းမှာ မိသားစုမရှိဘူးထင်လို့ ဒီအလုပ်တွေကို ငါနိုင်းမိတာပါကွာ၊ မင်းမလုပ် ချင်ရင်သွားနိုင်ပါတယ်) တဲ့၊ ဒါအဆင့်မြင့်တဲ့ လူဆိုးခေါင်းဆောင်ရဲ့စကား၊ ကိုယ်ချင်းစာကာ အကြင်နာပါသည့်အပြော။

ဟော-လာပါပြီ၊ မြန်မာလူဆိုးခေါင်းဆောင်ဆိုလျှင် (ဟား ဟား ဟား မင်း-ဒီလိုလွယ်လွယ်နဲ့ ထွက်သွားလို့ ဘယ်ရမလဲကွာ၊ ငါတို့စခန်းကို မင်းသိနေပြီဆိုမှတော့ အသက်ရှင်ရက်နဲ့ မင်းဒီစခန်းကထွက်သွားလို့မရဘူး)၊ ဤသို့ဤနှယ် အကြောင်းမရှိ အကြောင်းရှာ , တဟားဟားအော်ရယ်, သေနတ်ကလေးတဆဆနဲ့ အလကား ဦးနှောက်မရှိတဲ့လူဆိုး၊ အဆင့်အတန်းက ထိုမျှလောက်ကွာခြားနေမှတော့ ကိုယ့်လူသူ့ဘက်သား ဖြစ်သွားရသည်မှာ ဆန်းတော့မဆန်းလှပေ၊ ဒါတောင်မှ လေသံကမလျှော့သေး၊ အပေါ်စီးလေးနဲ့ ပြောသွားသည်မှာ- ''ကိုရီးယားကားတွေကို သနားတယ်''တဲ့။

## သူ့ခေတ်နဲ့ကွယ် သူတွင်ကျယ်

ကြားဖြတ်ပြီးတစ်ခုပြောလိုသည်မှာ စာရေးသူနှင့်စာဖတ်သူတို့အကြား ခေတ်ကာလကွာဟချက်ပင်ဖြစ်၏၊ စာရေးသူပြောသမျှ စာဖတ်သူက အားလုံးလိုက်ပါပြီး မခံစားနိုင်၊ တစ်ခါတစ်ရံ ညပိုင်းရောက်သော် ကျောင်းမှ ကိုရင်ကျောင်းသားလေးများနှင့် စကားဝိုင်းဖွဲ့ပြောရာ၌ ''မိဘပြစ်မှား ငရဲလား''ဇာတ်လမ်းကိုပြောပြလို၍ ''ဟို-ရှေးရှေး **တုန်းက ဗာရာဏသီပြည်မှာ ဗြဟ္မဒတ်မင်းကြီး စိုးစံသတဲ့**''ဟုစလိုက်လျှင် သူတို့ကစိတ်မဝင်စားကြ၊ ''တို့များငယ်ငယ်က ဆရာကြီးဦးလှသိန်း ဘယ်လိုတရားဟောကောင်းတာ ရွှေမန်းတင်မောင်က ရွှဲကုန်သည်ဇာတ်ထုပ်မှာ ဘယ်လိုဆိုပြီး ဘယ်လိုငိုလိုက်တာ၊ ရုပ်ရှင်မင်းသားရွှေဘက ဘယ်လိုမိုက်တာ''စသည်ဖြင့် ပြောမိပြန်လျှင် ''အိပ်ချင်ပြီ ဘုန်းကြီးရာ'' ဆိုပြီး ထသွားတတ်ကြ၏။

အမှန်တော့ သူတို့အပြစ်မဟုတ်၊ မိမိတို့ငယ်စဉ်က ထိတွေ့ခံစားခဲ့ရသည့်ခံစားမှုမျိုး သူတို့မှာမရှိ၊ ဆရာကြီးဦးလှသိန်း , ရွှေဘ , ရွှေမန်းတင်မောင်တို့ကို မကြည့်ဖူးမမြင် ဖူးသူတစ်ဦးအား ရွှေဘတို့ ကောင်းကြောင်းသွားပြောနေ၍ ကလေးတွေ ဘယ်လိုခံစားလို့ရမည်နည်း၊ ခေတ်ကာလရေစီးကြောင်းကို ပိတ်ဆို့လို့မရ၊ ယြော်-ယနေ့ခေတ် နို့စို့အရွယ်ကလေးငယ်များပင် မိခင်၏ရင်ခွင်ပေါ် အော်ဟာစ်၍ငိုနေပါက ရှေးတုန်းကလို ကလေးချော့တေးများနှင့်သိပ်လို့ အိပ်မှအိပ်ပါတော့မည်လားမသိ။

မိခင်ဖြစ်သူက ''**လူကလေးရဲ့- ချော့စရာ မိတ္ထီလာကန်တော်အောက်က ဖားကောက်ခဲ့ပါ**''ဟု ချော့သိပ်လျှင် အငိုမတိတ်၊ ငိုမြဲငို၏။ ''**ကြောင်ကြီးရဲ့-မြီးတံတို အသီကိုစားပါလို့ အသားကိုမျို**''ဟု သီချင်းပြောင်း၍ ဆိုပြန်တော့ ငိုသံကကျယ်

လာပြန်၏။ “**စိန်ခြူးရယ်တဲ့– ကြာ့ညောင်–ကြာညောင်**”ဟု ဆိုပြလေ အသံပြဲကြီးနှင့်ပို၍အော်ဒိုလေ၊ မအေဖြစ်သူက စိတ်ညစ်လှပြီ၊ သည်ကလေးအိပ်အောင် ဘယ်လိုလုပ်ရပ့်၊ နောက်ဆုံး မိခင်ခမျာ ကြံရာမရနှင့် “ဟော့–ကောင်ကလေး– မင်းသိလား၊ ငါမသိဘူး၊ ဟုတ်တယ်၊ မဟုတ်ဘူး”ဟု ဒိုးဒိုးဒန့်ဒန့်နှင့် ကိုယ်ကိုလှုပ်၍ ခေတ်သီချင်းလေးဆိုပြလိုက်တော့မှ မောင်မင်းကြီးသား အငိုတိတ်ကာ အိပ်ရှာပါသတဲ့၊ ဩော်–ခေတ်–ခေတ်၊ သူ့ခေတ်နှင့် သူ့အခါမို့– ရှေးခေတ်ရှေးဟန်ရှေးအသံကို ခေတ်နားက လက်မခံတတ်ကြပါကလား။

တချို့ကလေးငယ်များဆိုလျှင် မြန်မာသူရဲကောင်း ကျန်စစ်သားကို မသိကြသော်လည်း တရုတ်သူရဲကောင်း ကျန်ကျောင်းကိုတော့ သိကြသတဲ့။ ယခုလည်း (ဒဿဂီရိဆိုတာ ဒဿမင်းရဲ့ ညီလား)လို့ ပြန်မေးတဲ့သူလို၊ ဆရာကြီးဦးလှသိန်းဆိုတာ ဇာတ်ဆရာကြီးလား–ဟု ပြန်မေးနေလျှင်ဒုက္ခ။

# သည်ဇာတ်လမ်းကို သည်လိုမြင်သည်

မြန်မာမှုနယ်ပယ်၌ အမေ့မေတ္တာအကြောင်းပြောလျှင် စကားပြောသော အသည်းနှလုံးဇာတ်လမ်းကို သတိရကြသလို၊ ဖခင်မေတ္တာအကြောင်းပြောမည်ဆိုလျှင်လည်း ဗိမ္ဗိသာရကိုပင် ထိပ်ဆုံးကပြေးမြင်ကြ၏၊ ဗိမ္ဗိသာရဇာတ်တော်၏စံချိန်ကို ချိုးနိုင်သော ဖခင်မေတ္တာဇာတ်လမ်းမျိုးကလည်းမရှိသေး၊ ဗိမ္ဗိသာရက ရုပ်ရှင်နယ်မှာသာ အောင်မြင်သည် မဟုတ်၊ ဂီတနယ်မှာလည်း အရှိန်အဝါကြီးမားလွန်းလှ၏၊ ဆရာကြီးဦးသုခသည်ပင် ဗိမ္ဗိသာရဇာတ်လမ်း မိဘမေတ္တာသီချင်းသံလေးကြားလိုက်ရတော့မှ မိခင်၏ ဂုဏ်ကျေးဇူးကို အထူးပို၍သတိရကာ မွေးမိခင်ထံအရောက်ပြန်သွားခဲ့သည်မဟုတ်ပါလား။

# အမေ့ခြေရာ အခြေရှာ

အမေ့ခြေရာဇာတ်ကားကြည့်အပြီး “**အင်း–ငါလည်း အမေရှိတုန်းလေး အမေ့ခြေရာယူထားဦးမှ**”ဟုတွေးလျက် မျက်ရည်စလေးသုတ်ကာ ရုံအပြင်ထွက်လာသူများကိုတွေ့ဖူးကြလိမ့်မည်၊ ထိုအချိန်မှစကာ အမေ့ခြေရာအတော်ခေတ်စားလာ၏။ မိမိသည်ပင် အစ်မကြီးဖြစ်သူကယူပေးခဲ့သောကြောင့် အမေ့ခြေရာ ရခဲ့ဖူးပါသည်၊ (သားရဟန်းမို့ လိုချင်သည်က အမေ့လက်ရာ၊ ယူလာသည်က အမေ့ခြေရာ၊ ခြေရာနှင့်စာလျှင် အမေ့လက်ရာကိုယူသည်က ပိုမကောင်းပါလား၊) တချို့တတ်နိုင်သူများကတော့ အမေ့ခြေရာကို သာမက ကိုယ်လုံးပေါ်ဓာတ်ပုံကြီးကို ညေ့ခန်းမှာခန့်ခန့်ညားညားချိတ်ထားတတ်ကြ၏၊ အိမ်ဦးခန်းမှာ အဖေ့လိုင်စင်ဓာတ်ပုံလေးကိုပင် ကော်သုတ်ကပ်မထားပဲ အမေ့ပုံတူ ရေခဲဆေးပန်းချီ

ကားကြီးကို ကျွန်းသားကနုတ်ပန်းများဘောင် ကွပ်လျက် ရွှေချကာ တကယ့်သက်ရှိအရွယ် အစားအတိုင်း တခမ်းတနား ချိတ်ဆွဲထားတာမျိုးတွေလည်း ရှိပါလိမ့်မည်၊ ရေခြားမြေခြား အလုပ်သွားလုပ်သူတွေကလည်း အမေ့ခြေရာ ပိတ်ဖြူစလေးယူသွားကာ ညစဉ် ကန်တော့အိပ်ခြင်းများရှိကြောင်း သိရပါသည်။

ကောင်းတော့ကောင်းပါ၏၊ သို့သော်– အမေကို တကယ်ရိုသေလို့မဟုတ်ပဲ၊ (ဒက္ခိဏာသာခါ ကိုးကွယ်ရင် မီးကွင်းတယ်ဟဲ့–ဆိုပြီး ဘုရားကြည်ညိုလို့မဟုတ်ပဲ၊ မီးကင်းစောင့်ခိုင်းသလို) ကိုယ်အန္တရာယ်ကင်းချင်လို့ အမေကို အသုံးချတဲ့သဘောမျိုး ဆိုလျှင်မကောင်းပေ၊ အမေ့ခြေရာ အမေ့ပုံတူပန်းချီကားကို ဖင်ကုန်းကန်တော့နေရုံနဲ့တော့ ကောင်းကျိုးတွေအလိုလိုရလာလိမ့်မည်မဟုတ်၊ သာမညဆရာတော်ကြီးဓာတ်ပုံကို လည်မှာချိတ်ဆွဲပြီး မကောင်းတဲ့နေရာသွား၊ မဟုတ်တာတွေလျှောက်လုပ်နေတဲ့သူလို အကျိုးမရသည့်အပြင် အပြစ်တွေပင်တိုးပွားလိမ့်ဦးမည်။

အကောင်းဆုံးဖြစ်သင့်သည်မှာ မိဘနှစ်ပါးဓာတ်ပုံကို သွားလေရာ ကိုယ်နှင့်မကွာ ဆောင်ထား၊ ညစဉ်အိပ်ရာဝင်ကန်တော့တိုင်း မိဘတို့၏ဆုံးမစကားကို ကြားယောင်ပြီး တစ်သဝေမတိမ်း လိုက်နာကျင့်သုံးပါမှ ပို၍ အဓိပ္ပါယ်ရှိပါလိမ့်မည်၊ ပညာရေး စီးပွားရေး လူမှုရေးကြောင့် မိဘအဆုံးအမနဲ့ကင်းဝေးတဲ့ နေရာမှာဆိုလျှင် မိဘများရဲ့ဓာတ်ပုံကို ဘုရားဆောင်အောက် (သို့မဟုတ်) ကိုယ်အိပ်တဲ့ ခုတင်ခေါင်းရင်းမှာချိတ်ထား၊ အဲဒီဓာတ်ပုံ အောက်ကမှ မိဘဆုံးမခဲ့တဲ့စကားတွေထဲက အဓိကအရေးကြီးဆုံးအချက်တွေကို နံပါတ်စဉ်ထိုးပြီး စာလုံးကြီးကြီးနဲ့ လိုရင်းတိုရှင်းရေးထား၊ ညစဉ် ဘုရားရှင်ကို ရှိခိုးဦးချတိုင်း မိဘကိုလည်းရှိခိုး၊ အဆုံးအမစကားတွေကိုလည်း ရှိခိုးတိုင်း အမြဲဖတ်ပြီးတော့ လက်တွေ့ လိုက်နာကျင့်သုံး၊ ဒါမှသာ မိဘရဲ့ ရင်ခွင်ထဲမှာ အမြဲရှိနေပြီး အန္တရာယ်ကင်းရုံမျှမက ကောင်းကျိုးအနန္တတွေ ရနိုင်မည်မဟုတ်ပါလား။

## ပူဂံမှာသာတဲ့လ ကြည့်ဖူးကြ

ဖခင်ကြီးက သမီးဖြစ်သူအငြိမ့်မင်းသမီး ပေးလိုက်သည့်ငွေကိုကိုင်လျက် အခန်းအပြင်ဘက်အရောက် "ဘယ်က အဖိုးကြီးလဲ စုတ်တီးစုတ်ပြတ်နဲ့" ဟု မေးလာသည့် သူမ၏ သူငယ်ချင်းများကို "အလကား– လမ်းဘေးကအဖိုးကြီးပါကွာ၊ သနားလို့ ပိုက်ဆံပေးလိုက်တာ"ဟု ဖြေကြားလိုက်သည့်သမီး၏အသံ၊ ထိုအသံကိုကြားလိုက်ရသည့်ခဏ၊ ဒေါမာန်ထကာ "**ခွေးမ–ဒီငွေလိုချင်လို့ နင့်ဆီ ငါလာတာမဟုတ်ဘူး**"ဟု ပြန်အော်ပြောလိုက်သည့် **ဖခင်ဖြစ်သူ၏စကား**၊ ပြန့်ကျဲသွားသည့်ငွေစက္ကူများ–––။

ဩော်– ကိုယ့်ဂုဏ်သိက္ခာအတွက် ဖခင်အိုကို အရှက်ရစေတဲ့ သမီးမိုက်ပါလား အဝတ်အစားက စုတ်ပြတ်နွမ်းချာ၍ သွင်ပြင်လက္ခဏာ မထည်ဝါဘူးဆိုလျှင် မိဘရင်းကိုပင် တချို့သားသမီးတွေက အဖေ,အမေ မတော်ချင်ကြ၊ အိမ်ကိုလာလည်လျှင်လည်း ပေးရကမ်းရမှာကြောက်လို့ ဝေးဝေးကရှောင်ကြ၏။ ကျောင်းတက်နေသူများကလည်း မိဘများ ဆင်းရဲလျှင် ကျောင်းကိုပင် မလာစေချင်ကြ၊ ရှိုးပွဲကကာ သိက္ခာကျမည်စိုးသောကြောင့် လူကြားသူကြားထဲ အဖေအမေ မခေါ်ရဲကြပြန်ဘူး–တဲ့၊ တက္ကသိုလ်ကျောင်းသူတစ်ယောက် ဆိုလျှင် အဆောင်သို့လာရောက်တွေ့ဆုံသော ဖခင်အား အဝတ်အစားက ညှိုးနွမ်းသည်မို့ သူ့သူငယ်ချင်းတွေအကြား ''အဖေပါ'' ဟု ပြောရမှာဝန်လေးနေပါသတဲ့။

အလုပ်ရှင်ကုမ္ပဏီသူဌေးက အထင်သေးမည်စိုး၍ သား၏အိမ်မှာလိုက်နေရရှာသည့် မိခင်နှင့်ဖခင်တို့အား အိမ်ဖော်အလုပ်သမားတွေပါ–ဟု သူ့သူဌေးအား ပြန်ပြောသွားသည့် သားလူမိုက်မျိုးကလည်းရှိသေး၏။ တံခါးမှူးလုပ်ခဲ့ဖူးသူ ဖခင်ခမျာ မခံနိုင်လွန်းလို့ **(ကျုပ်တို့က အစေခံတွေ မဟုတ်ဘူး၊ ကျုပ်က ဒီကောင့်အဖေ၊ ဟောဒါက သူ့အမေ)** ဟု ဒေါသတကြီး အော်ဟစ်ပြောမိပါတော့၏။ (တံခါးမှူးကိုကြည့်ဖူးလျှင် မည်သူမည်ဝါဆိုတာ သိပါလိမ့်မည်)။

ဒါဆိုလျှင် မိမိကော သည်အဖြစ်မျိုးမှကင်းပါ၏လော၊ အမှန်ကိုဆိုရသော် မိမိလည်း စာသင်သားဘဝ မြို့ပေါ်ရောက်ခါစတွင် တောရွာမှ ဖခင်လိုက်လာသည့်အခါ အဖေဖြစ်သူက သျှောင်(ရောင်)ထုံးကြီးနှင့်မို့ ''**ရောင်ကြီးဖွေ–မောင်မောင်ရွှေ**''ဟု စာသင်သားများ ဝိုင်းနောက်ကြသဖြင့် ရှက်စိတ်ပေါက်ကာ ''အဖေရာ– ခေတ်ဆန်ဆန် ဗိုလ်ကေထားစမ်းပါဗျာ၊ ရောင်ထုံးကြီးနဲ့ ရှက်စရာကြီး'' ဆိုပြီး ဖခင်အမြတ်တနိုးထားသည့် ရောင်ထုံးအား မိုက်လုံးကြီးစွာ အဖြတ်ခိုင်းခဲ့ဖူးပါသည်။

မိဘတွေက ရိုးလွန်းအလွန်းလို့ , ဆင်းရဲစုတ်ပြတ်နေလို့ , အရုပ်ဆိုးအကျည်းတန်လို့–ဆိုပြီး လူကြားသူကြားထဲ အဖေ အမေ ခေါ်ရမှာ ရှက်သည်ဆိုလျှင် မခေါ်ဘဲ နေလို့ရမည်၊ မတော်ဘဲကတော့ နေလို့မရ၊ မိဘနှစ်ပါးနေရာတွင် မည်သူ့ကိုမျှအစားထိုး မရသလို အတုဝင်လုပ်၍လည်းမရ၊ တချို့များ ''**အမေရေ–အဖေရေ**''လို့ ခေါ်လိုက်ချင်တာတောင် အခေါ်ခံရမည့်မိဘများမရှိတော့သဖြင့် အဖေ အမေတတ်နေကြရသည်။ သူတို့ကျတော့ အဖေအမေ ခေါ်ခွင့်ရနေပါလျက် ခေါ်ရမှာ ရှက်ကြပြန်သတဲ့၊ မရှက်ရမည်ကို ရှက်နေကြသည်မှာ အံ့ဩစရာ။

ဤနေရာ၌ ဆရာကြီးဦးသုခ၏ လေသံအတိုင်းပြောရလျှင်- - -

"**အမေ**- ဟူသော စာကလေးနှစ်လုံးကို အသံထွက်အောင်ဖတ်ကြည့်လိုက်စမ်းပါ၊ ရင်သွေးငယ်လေးက မပီကလာပီကလာဖြင့် အမေ-ဟု ခေါ်လိုက်လျှင် အခေါ်ခံရသူ မိခင်၏နား၀မှာ ကဏ္ဏသုခဖြစ်ကာ အရသာပေါ်သကဲ့သို့ ကြီးကောင်ကြီးမား လူကြီးပိုင်း ကျခါမှ မိမိက အမေ-ဟု ခေါ်လိုက်ရလျှင် နားဆင်ရသူ မိခင်သာမက မိမိကိုယ်တိုင်ပါ ခေါ်၍ အရသာရှိလှပါသည်။ တော်ရုံတန်ရုံကုသိုလ်နှင့် အသက်ကြီးခါမှ အမေ-ဟု ခေါ် စရာရှိနိုင်ကြသည်မဟုတ်၊ မိခင်-ဆိုသောပုဂ္ဂိုလ်တစ်ယောက်ကို အစားထိုး၍မရနိုင်၊ မိခင်-ဆိုသောအမေကို အစစ်မဆိုထားနှင့် အလားတူမေတ္တာပိုင်ရှင်မျိုးကိုပင် မတွေ့နိုင်ပါ"တဲ့။

အဖေ , အမေ-ဟု ခေါ်လိုက်ရသည်မှာ မည်မျှအရသာရှိကြောင်းကို မသိနိုင်တော့လောက်အောင် သူတို့၏ဂုဏ်ပကာသနမက်မောမှုတွေက ဖုံးလွှမ်းထားကြ၏။ အမှန်အားဖြင့် အမေ-အဖေ ဟု ခေါ်ခွင့်ရတုန်းလေး အားပါးတရ ခေါ်နေကြရခြင်းသာဖြစ်ပါသည်၊ သည်လိုအခွင့်အရေးမျိုးကလည်း အမြဲတမ်းတည်ရှိနေသည်မဟုတ်၊ မိဘတွေ ကွယ်လွန်ပြီးမှဆိုလျှင် မည်သူ့ကိုများသွား၍ အမေ,အဖေ ခေါ်မည်နည်း။

မိဘနေရာအစားထိုး၀င်လာသူရှိပါက အစစ်တော့မဟုတ်၊ မိထွေး ပထွေး (အတု)သာ ဖြစ်ပေလိမ့်မည်၊ အတုကိုအစစ်ဟု သဘောထားကာ အမေ,အဖေ ခေါ်ရသည် မှာ မည်သို့မျှအရသာမရှိနိုင်၊ တချို့သက်သတ်လွတ်စားသူများလိုပေါ့၊ အသားတုကို ဖန်တီးကာ အစစ်လိုသဘောထားပြီးစားသော်လည်း အစစ်ကိုစားရတာလောက် အရသာမရှိသလိုပင်၊ တနည်းအားဖြင့် ဆားမပါသည့်ဟင်းတစ်ခွက်လို အရသာက ပေါ့ပျက်ပျက်ဖြစ်နေပေလိမ့်မည်။ ယောက္ခမကိုလည်း အမေအဖေ-ဟုခေါ်တတ်ကြပြန်ရာ မိဘရင်းကိုခေါ်ရတာလောက် အရသာရှိ-မရှိ ကိုယ့်အသံကိုသတိထားကာ ခေါ်ကြည့်လိုက်စမ်းပါ။

တချို့က မြန်မာလူမျိုးဖြစ်ပါလျက် ဒယ်ဒီ-မာမီ ခေါ်မှ ခေတ်မီတယ်ထင်ကြသေး၏၊ ဗမာလူမျိုးတစ်ယောက်အနေနဲ့ မာမီအစား မေမေ-ဟု ခေါ်လိုက်ရတာ ပို၍အရသာ မရှိပါလား ၊ ဒယ်ဒီ-ဟု ခေါ်မည့်အစား ဖေဖေ-ဟု ခေါ်ရတာ ပို၍ ခံတွင်းတွေ့စရာ မကောင်းပါလား၊ ကရင်လူမျိုးကလည်း မာမီ-ခေါ်မည့်အစား အမိုး-ဟု ခေါ်ရတာ ပို၍အားရပါးရ မရှိပါလား၊ တချို့က အဖေ အမေ-ဟုပင် မခေါ်ပဲ " အိမ်က အဖိုးကြီးပေါ့ကွာ မပြောချင်ပါဘူး"စသည်ဖြင့် ခေါ်တတ်ကြပြန်၏၊ "အိမ်က ဘဲကြီး"ဟု မခေါ်သည် ကိုပင် ကျေးဇူးတင်ရမလို။

ဒေါက်တာထွန်းရွှေရေးသည့် (နွံမှာပွင့်သော အညတရပန်း)စာအုပ်၌ကားသားဖြစ်သူ ဆရာ၀န်က ငယ်စဉ်ဘ၀မှာပင် ကွဲကွာခဲ့ရသော သုသာန်စောင့် သူဘရာဇာ

မွေးမိခင်ကြီးအား ရှာပုံတော်ဖွင့်ခါ **မွေးကျေးဖူးကိုဆပ်ရုံမျှမက** ချစ်သူဇနီးလောင်းကိုပင် သူဟာ "**သုဘရာဇာမကြီး၏သားဖြစ်ကြောင်း**" ရဲရဲဝံ့ဝံ့ တင်ပြခဲ့၏။

မိဘနှစ်ပါးနှင့်ပတ်သက်လာလျှင် သည်ဆရာဝန်လို သတ္တိရှိဖို့လို၏။ ထို့ကြောင့် မိဘတွေ ဘယ်လိုအခြေအနေမျိုးမှာဖြစ်စေ၊ ကိုယ်ကျင့်တရားကောင်းမည်ဆိုက လူကြား သူကြားထဲမှာ "**ဟောဒါ ကျွန်တော် ကျွန်မတို့ရဲ့ အဖေနှင့်အမေပါ**" ဟု မိဘတော်ပြ လိုက်ကြစမ်းပါ၊ ကိုယ့်သူငယ်ချင်းတွေကြားအောင် "**အဖေရေ–အမေရေ**" ဟု အားရပါးရ ခေါ်ပြလိုက်ကြစမ်းပါ။

## အံ့ဩလို့ကွယ်ဘယ်မဆုံး စကားပြောသောအသည်းနှလုံး

အစကတော့ တံငါ ရွာက တောသူမရိုးရိုးအအပေါ့၊ နောက်တော့ မင်းကတော် ဖြစ်ယူမှ ခေတ်ဆန်လွန်းအားကြီးပြီး မြူဆွယ်သူ လင်ငယ်နောက်လိုက်ပြေး၊ ၎င်းလင်ငယ် ထောင်ကျတော့မှ ကိုယ့်ရင်သွေးကို ပြန်သတိရသည့်မိခင်၊ ရင်သွေးလေးအတွက် ငွေရှာရင်း ဘိန်းဖြူမှုဖြင့် ထောင်ကျကာ ရလာသည့်ရောဂါဝေဒနာကြောင့် သားဆရာဝန်၏လက်ပေါ် မှာပင် သားဖြစ်သူ၏ အမေ– ခေါ်သံလေးကိုမျှမကြားရပဲ ဘဝနိဂုံးချုပ်ခဲ့ရသည့်မိခင်။ ရင်သွေးနှင့်ပတ်သက်လာလျှင် သည်မိခင်မိုက်တစ်ဦး၏ အသည်းနှလုံးကပင် စကားပြော ပါသတဲ့၊ အံ့ဩစရာကောင်းလေစွ။

မိခင်–ဆိုသည်မှာလည်း ပုထုဇဉ်လူသားမို့ အမှားနှင့်မကင်း၊ သူ့ဘာသာဆိုးချင် ဆိုးမည်၊ မိုက်ချင်မိုက်မည်၊ ကမ်းကုန်အောင်မိုက်သည့်မိခင်ပင်ဖြစ်စေ၊ သူ့ရင်သွေးအပေါ် မှာတော့ မရက်စက်တတ်ပေ၊ လိမ္မာသည့်သားသမီးများကတော့ ဆိုးမိုက်သည့် မိခင် အကြောင်းကို ကြားသိရသော်လည်း မိခင်အပေါ် စိတ်ကွက်လိမ့်မည်မဟုတ်၊ လောကဓံ လှိုင်းတံပိုးကြားမှာ အလူးအလိမ့်ခံခဲ့ရရှာသည့်မိခင်ကို ပို၍ပင် သနားမိပေလိမ့်မည်။

"ဩော်–တို့အမေက မကောင်းတဲ့မိန်းမ, အိမ်ထောင်ရေးဖောက်ပြန်တဲ့မိန်းမ, သားသမီးကိုစွန့်ခွာသွားတဲ့မိန်းမ, နောက်ဆုံး ဆရာကြီးဦးသုခ ပြောသလို မိန်းမရှုင်ပင် ဖြစ်ပါစေ၊ အမေ–ဟာ အမေပါပဲလေ။ ဘယ်လိုမှ အစားထိုးလို့မရတဲ့ဂုဏ်ကျေးဇူးရှင်၊ ငါတို့ အပေါ်မပေးမကျွေးရုံမကလို့ အမေက ဘာကြီးပဲဖြစ်နေနေ ကိစ္စမရှိ၊ အမေ့အပေါ် ငါတို့ တာဝန်ကျေ**စေရမယ်**"ဟု မိခင်အား နားလည်ခွင့်လွှတ်သည့်စိတ်ဓာတ်မျိုး **မွေးမြူနိုင်ကြရမည်။**

[ဤနေရာ၌ **မိခင်မိုက်တစ်ယောက်အ**ကြောင်းတင်ပြပြီး၍ မိခင်ကောင်းတစ်ဦး၏

အရည်အချင်းတစ်ရပ်ကို ထပ်ပြောချင်သေး၏၊ တို့မိဘကချမ်းသာတယ်–ဆိုပြီး စိတ်ကြီးတွေဝင်၊ သွေးနားထင်ရောက်၊ ကိုယ့်ခြေထောက်ပေါ်ကိုယ်မရပ်တည်၊ ရည်ရွယ်ချက်လျော့ပါး၊ အညံ့စားလူဖြစ်သွားမည်စိုးသောကြောင့် အိမ်ဆိုင်လေးဖွင့်၊ ကွမ်းယာလေးရောင်း, ဆင်းရဲ ဟန်ကလေးဆောင်ပြီး သားလေးရဲ့ဘဝမြင့်မားသွားအောင် ပင့်တင်ပေးလိုက်သည့်မိခင်။

ဘဝနာကာ မခံချင်စိတ်ဖြင့် ကြိုးစားသည့်အတွက် ဘွဲ့ရပညာတတ် ရဲအရာရှိ တစ်ဦးဖြစ်သွားခဲ့သည့်သားလိမ္မာ/၊ သားဖြစ်သူက သူဌေးသမီး၏အချစ်ပန်းကို တုံးခုတ်မှ မလှမ်းနိုင်သဖြင့် ဆင်းရဲလှသည့်ဘဝအတွက် စိတ်ပျက်အားငယ်ကာ မျက်ရည်ကျလိုက်သည့်အခါကျမှ ရတနာတွေကိုထုတ်၍ပြ (**ဖြစ်ရလေသားရယ်–အားမငယ်လေနဲ့၊ သားချစ်နေတဲ့မိန်းကလေး အမေ ကိုယ်တိုင်လိုက်တောင်းပေးမယ်**)ဟု အားပေး စကားပြောကြားသွားခဲ့သည့်ဇာတ်လမ်း၊ "**ချစ်မီးလျှံထဲက** မေချူ)တဲ့၊ 'အမှတ်တမဲ့မှ အမှတ်တရသို့'ဆိုတာလို အမှတ်တမဲ့ကြည့်ခဲ့ရသူများ ပြန်၍အမှတ်ရစေလို အတုယူ စေလိုသောကြောင့် တင်ပြရခြင်းဖြစ်၏။]

## ကြည့်ခဲ့ဖူးသည် ဘယ်ပန်းချီရေးလို့မမီ

ပြစ်မှုတစ်ခု၏ အဓိကလက်သည်တရားခံက ဖခင်၊ အစားဝင်ခံရသူက သား၊ "ကျွန်တော် ထောင်ကျရုံမက အသက်သေသွားသည့်တိုင် အဖေ လုံးဝဝန်မခံပါနဲ့ဗျာ" ဟု ဖခင်ထံမှ ကတိအထပ်ထပ်တောင်းခံသွားသည့် သားလိမ္မာ။

မိမိတို့ငယ်စဉ်ကသည် ဇာတ်ကားကိုကြည့်ရင်း "ဪ– ကိုယ်ပြုလုပ်ခဲ့တဲ့ မကောင်းမှုဒဏ်ကို သားဖြစ်သူအား အစားဝင်ခံစေတဲ့ ဖခင်မျိုးလည်း လောကမှာ ရှိပါသေးလား၊ သားဖြစ်သူကလည်း လိမ္မာလိုက်တာ၊ ကြည့်စမ်း– (***ခင်တွယ်စရာ မိဘဟူသည် × အစားထိုးဖွယ်မရှိပြီ***) ဟူသောဇာတ်ဝင် သီချင်းစာသားအတိုင်း မိဘကျေးဇူးသိတဲ့ သားလိမ္မာတစ်ယောက်ဆိုတော့ ပေါက်ဓားတစ်ချောင်းကိုဆောင် တစ်ရွာလုံးကိုတောင်ရင်ဆိုင်လိုက်ပုံက 'ဒီကိစ္စ အဖေနဲ့မဆိုင်ဘူး၊ ကျွန်တော်လုပ်တာ ကျွန်တော်ခံမယ်၊ အဖေ့ကိုလုံးဝမထိကြနဲ့'တဲ့။ ဟုတ်တယ် သားဖြစ်သူနေရာမှာ ငါသာ ဆိုရင်လည်း အဖေ့အတွက် ငါကာကွယ်မှာပဲ"ဟု လူငယ်သဘာဝတွေးမိခဲ့ဖူး၏။

## မင်းကတော်အလား လွန်ပြစ်မှား

**အမျိုးသားပညာဝန်ဦးဖိုးကျားရေးသည့် မင်းကတော်မှုရင်းစာအုပ်ကို မမြင်ဖူး**

မဖတ်ဖူးကြသော်လည်း ရုပ်သံမှလွှင့်သည့် ငှင်းဇာတ်လမ်းကိုတော့ ကြည့်ဖူးကြပေလိမ့်မည်။

တောရွာတစ်ရွာ၌ ငှင်းဇာတ်ကားကိုကြည့်ရင်း ဇာတ်လမ်းထဲမှ ရိုးရိုးအအ မိခင်ဖြစ်သူကို သနားလွန်းလှ၍ မခံမရပ်နိုင်ဖြစ်နေသော မိန်းမကြီးတစ်ယောက်– ဆေးလိပ်ကိုဖွာ မျက်စောင်းခဲကာနှင့် သူ့သမီးများအား နောက်နားမှာထားကာ–

"ကြည့်စမ်း မအေကိုများ အစေခံမကြီးတဲ့၊ တကတဲတော် ပြောရက်လိုက်တာ၊ ငါ့သာ အစေခံမကြီးလို့ပြောကြည့်ပါလား ငြိမ်ခံနေလိမ့်မယ်မထင်နဲ့၊ ပါးရှစ်စိပ်ကွဲသွားအောင် ချပစ်လိုက်မယ်"ဟု ပြောသည့်အခါ၊ အနီးရှိလူကြီးတစ်ယောက်က "ဟဲ့– မိငြိမ်းတင်ရဲ့၊ နင်က အစေခံလို့ပြောတာလောက်ကိုများ နာနေလိုက်တာ၊ ဒါ– ဘာဟုတ်သေးလဲ၊ တချို့သားသမီးများ မအေကို ပါးရိုက်သတဲ့ဗျား၊ တချို့–မိဘကို ပြန်သတ်တဲ့ သားသမီးတွေတောင် မှုခင်းစာစောင်တွေမှာ ဖတ်နေရတယ်"ဟု ထပြောလိုက်တော့မှ၊ စောစောက မိန်းမကြီးခမျာ '**ဟောတော် အံ့ရော**' ဟု ပါးစပ်အဟောင်းသားနှင့် လက်ကြားညှပ်ထားသည့်ဆေးလိပ် ပြုတ်ကျသွားသလို၊ နောက်နားမှ သူ့သမီးများကလည်း ကြိတ်ပြီး ရယ်လိုက်ကြပါသတဲ့။

မှန်ပါသည်– ပါးရိုက်၊ ပြန်သတ်တဲ့ သားဆိုးသမီးမိုက်တို့အကြောင်း နောက်ပိုင်း၌ပြောမည်ဖြစ်၍ ယခု ဤနေရာမှာတော့ သမီးအိမ်မှာအစေခံသဖွယ် ကျွန်ခံနေရရှာသူ မိခင်တစ်ဦးအကြောင်း ပြောချင်သေး၏။ သားသမီးတွေငယ်ရွယ်စဉ်က ပစ္စည်းဥစ္စာချမ်းသာသော်လည်း နောက်ပိုင်း စီးပွားကပျက်၊ လင်ယောက်ျားကသက်န်းဝတ်၊ ရှစ်နှစ်ကိုးနှစ်အရွယ် သားသမီးလေးနှစ်ယောက်နှင့် ဒုက္ခပင်လယ်ဝေနေသည့်အမျိုးသမီး၊ နေစရာအိမ်မရှိရသည့်အထဲ ကျန်းမာရေးကမကောင်းလှ၊ သားသမီးများကလည်း သူ့အိမ်ထောင်နှင့်သူမို့ အားမကိုးရ။

သည်တော့ အဆင်နည်းနည်းပြေသည့်သမီးအိမ်မှာ ကပ်နေရ၏။ နေခွင့်ရသော်လည်း သမီးကထမင်းကျွေးသည်မဟုတ်၊ သားအမိသုံးယောက် ကိုယ့်ထမင်းကိုယ်ချက်စားရပါသတဲ့၊ သမီးဖြစ်သူကြည်ဖြူဖို့အရေး အိမ်ဝေယျာဝစ္စလုပ်ပေးရသေး၏၊ ပန်းကန်ဆေးအဝတ်အစားလျှော်ပေးရ၏၊ နောက်ဆုံး အိမ်သာပင်ဆေးပေးရရှာလေ၏။ ဒါတောင် သမီးကမကြည်ချင်၊ လင်ကိုသာဦးစားပေးလွန်းလှ၏။ ဒီကြားထဲ (ချစ်တီးခေါင်း သန်းရှားသလို) ပြဿနာကို မီးထွန်းရှာရုံမက အင်ဖာတာပင်ထွန်း၍ ရှာလိုက်ပြန်သေး၏။ သူ့လင်တော်မောင်အတွက် ကြောင်အိမ်ထဲသိမ်းထားသည့် ဟင်းကောင်းလေးများ လျော့ပါးနေပါက "**အမေ ဟင်းယူစားသလား**"လို့ **အမေးခံရပြန်သတဲ့**။

ချွေးမကမေးသည်ဆိုလျှင် မိခင်စိတ်မှာ ဖြေသာပါသေး၏၊ ယခုတော့ မေးသူက

သမီးရင်းမို့ ရင်တွင်းမှာမချိလှ၊ မျက်နှာကမကြည်လင်၊ သည်မိခင်၏အဖြေစကားပါ ထည့်ပြောရလျှင် ဇာတ်ကောင်တွေပင် ပေါ်ကုန်တော့မည်။

သည်အကြောင်းကြားရသည့်အခါ "ဩော်- ဒီသမီးငယ်စဉ်က ရွှေတွဲလဲ ငွေတွဲလဲနဲ့ထားခဲ့တဲ့အမေပါ၊ အခုတော့ မအေဖြစ်သူကို သူ့လင်လောက်မှ တန်ဖိုးမထား၊ သမီးမိုက်ရုပ်ရှင်ကား မကြည့်ဖူး၍ ဘယ်လိုမိုက်လို့များ 'သမီးမိုက်'ဟု အမည်ပေးထားလေသည်မသိ၊ ဒီသမီးရဲ့မိုက်ပုံကတော့ ကမ်းကုန်လှချေ၏။ မင်းကတော်ဝတ္ထုမှ သမီးညွန့်မေထက်ပင် ပို၍မိုက်မဲလွန်းလှ၏၊ သမီးနှင့်သမက် နှစ်သက်ကြည်ဖြူအောင် အိမ်အလုပ်တွေကုန်းရုန်းလုပ်ပြနေပါလျက် တစ်စက်ကလေးမှ အကောင်းမထင်၊ ဘယ်ဘဝရေစက်ကြောင့်များ သည်ဘဝမှာ လာဆုံကြသည်မသိ၊ ရေစက်မဟုတ်ဘဲ ဝဋ်ကြွေးများဖြစ်နေလေမည်လား။ စားဖို့မျက်နှာချိုသွေးရသည်မဟုတ်၊ နေဖို့မျက်နှာချိုသွေးရသည်ဆိုပါလျှင် သည်သမီးငယ်စဉ်ကကော မိခင်အိမ်မှာပင် နေခဲ့ရသည်မဟုတ်ပါလော၊ နေရုံမက စားရေးဝတ်ရေး ပညာရေးအားလုံး သည်မအေကပင် တာဝန်ယူခဲ့ရ၏၊ ယခုတော့ သမီးအိမ်မှာနေ သမီးမျက်နှာကြည့်နေရသည့်ဘဝ ဆိုးလွန်းလှချေ၏။

"သားမွေးတာ ကိုယ့်ဖို့၊ သမီးမွေးတာ သူများဖို့"ဟူသော ဆိုရိုးစကားသည် သည်လိုမလိမ္မာသည့် သမီးမျိုးကို ရည်ရွယ်၍ပြောခြင်း ဖြစ်ပေလိမ့်မည်၊ ထို့ကြောင့်ပင် မဃဒေဝလင်္ကာ၌-

သမီးနှင့်သား၊ မွေးကြပြားလည်း၊ သားသာကိုယ့်ဖို့

သမီးတို့ကား၊ သူများဖို့သာ၊ မွေးရတာတည်း- ဟု စပ်ဆိုထားခြင်းဖြစ်ပါသည်။ ထိုမျှမက လင်ယောကျ်ားနောက်လိုက်သည်ကိုပင် (*မိဘတွေထက် ပိုချစ်ပါတယ် × အားကိုးပါရစေ × အချစ်ဆုံးမောင်ရယ်--*) ဟူသော တေးသွားကို သီဆိုလျက် မိဘထက် လင်ကို ပိုချစ်ပါတယ်ဆိုသော သမီးမျိုးကလည်းရှိသေး၏။ ၎င်းသမီးမျိုးသည် ဖခင်နှင့်လင် အတူပင်သေကြရာ၌ အသက်ရှင်ဆေးတစ်လုံးသာ ပေးလိုက်လျှင် မည်သူကိုများ အရင်ကျွေးလိမ့်မည်ထင်ပါသနည်း၊ မာန်လည်ဆရာတော်ကတော့ မဃဒေဝလင်္ကာ၌ --

" မလွဲမှန်လှ၊ ကေန္တရှင့်၊ အဖနှင့်လင်၊ တူပင်မကွာ၊ သေကြရာ၌၊ ဣန္ဒာနတ်ဆေး၊ တစ်လုံးပေးလည်း၊ ကျေးဖူးထွင်မှတင်၊ မွေးဖခင်ကို၊ မရှင်စေရာ၊ လင်ကိုသာလျှင်၊ ရှင်ပါစေမှု၊ လျှင်စွာကုလိမ့် " ဟု စပ်ဆိုထားလေသည်။

သမီးလိမ္မာများစွာတို့ကမူ "လင်သေရင် အစားရတယ်၊ မိဘသေရင် အစားမရဘူး"ဟု ဆိုကာ "မိဘထက် လင်ကိုပိုချစ်ပါတယ်၊ ပိုအားကိုးပါတယ်"ဟု မည်သည့်အခါမျှ

ပြောလိမ့်မည်မဟုတ်။ ယခုတော့ မိဘထက် လင်ကိုပိုချစ်သော သမီးမျိုးကို မွေးခဲ့မိသဖြင့် အားကိုးရာမဲ့မိခင်ခမျာ ဘာဘဲလုပ်လုပ် သမီးမျက်နှာကိုသာ ကြည့်နေရရှာပါတော့၏။

ဘုန်းကြီးနှင့်အာပတ်၊ ဖရုပ်နှင့်အိုးမည်း၊ ငါးပိနှင့်လောက်၊ ရွှေနှင့်ကျောက်တို့ တစ်ခုနှင့်တစ်ခု မကောင်းနိုင်ကြသလို မိဘနှစ်ပါးနှင့် သားသမီးဒုက္ခလည်း ဘယ်လိုမှမကင်းနိုင်။ မှန်ပါသည် – မိခင်ဟူသမျှ သားသမီးနှင့်ပတ်သက်၍ ဒုက္ခကိုယ်စီ ခံစားခဲ့ကြရ၏။ မိဘမသေခင် အမွေတောင်းခံရသည့်ဒုက္ခ၊ သမီးမိုက်က ပြန်ရိုက်သဖြင့် နာကြည်းခဲ့ရသည့်ဒုက္ခ၊ သားဖြစ်သူ မူးယစ်ဆေးသုံးကာ ထောင်ကျသဖြင့် စိတ်ဆင်းရဲရသည့်ဒုက္ခ၊ သမီးဖြစ်သူက မိခင် မကြည်ဖြူသူနှင့် ယူသွား၍ မကျေမနပ်ဖြစ်ရသည့်ဒုက္ခ၊ အိမ်ထောင်မကျမီ သမီးမှာကိုယ်ဝန်ရှိလာသဖြင့် ရင်နာရသည့်ဒုက္ခ–စသည်ဖြင့် စာရင်းပြုစုရလျှင် ဒုက္ခပေါင်း သောင်းခြောက်ထောင်ပင် ကျော်သွားလောက်၏။

သဲတစ်ပိဿာနှင့် ခဲတစ်ပိဿာချင်းအတူတူ မိမိဟာကျမှ ပို၍ လေးချင်ကြသလို ယခုလည်း တစ်ပါးသူ၏ဒုက္ခမှာ သေးသိမ်မှုန်မွှား။ မိမိ၏ဒုက္ခသည်သာ ပို၍ကြီးမားလေးလံသည်ဟု ထင်တတ်ကြ၏။ မိမိက အသိဒကာမတစ်ယောက်အား သမီးရင်းအိမ်မှာ အစေခံသဖွယ်နေရရှာသူ မိခင်တစ်ဦး၏ဒုက္ခ ကြီးမားလှပါကြောင်း– ပြောသည့်အခါ ၎င်းအမျိုးသမီးက **"ကိုယ်မွေးခဲ့တဲ့ သမီးဦးက ခွေးရူးပမာ ပြန်ကိုက်ခံလိုက်ရသည့် မိခင်၏ဒုက္ခကသာ ပိုပြီးကြီးလှပါတယ်"** ဟု ဆိုကာ လက်မောင်းအင်္ကျီပင့်၍ ခွေးကိုက်–အဲ သမီးကိုက် ဒဏ်ရာကို ပြသွားလိုက်ပါသေး၏။

သိပ္ပံပညာရှင်များ ဒုက္ခချိန်စက်တစ်ခုလောက်သာ တည်ထွင်ခဲ့ပါလျှင် မည်သူ၏ ဒုက္ခက ပိုပြီးကြီးမားကြောင်းကို ချိန်ကြည့်လိုက်ချင်တော့၏။ သြော်–လူသားတိုင်းမှာ ဒုက္ခကိုယ်စီရှိကြသည်မို့ သူများဒုက္ခတွေ လိုက်စပ်စုနေရလျှင် ကိုယ့်ဒုက္ခထုပ်ကြီး ကိုယ့်ဘာသာကိုယ် ကျောပိုးလျက် (ဒုက္ခဆိုတာ မည်သည့်အရာနည်း) ဟု လိုက်စူးစမ်းနေသော မျောက်ကြီးတစ်ကောင်လို ဖြစ်နေမှာလည်း စိုးရသေး၏။

သည်သားအမိအကြောင်းကိုစဉ်းစားရင်း မဂ္ဂဇင်းတစ်အုပ်ဆီမှ ကာတွန်းတစ်ကွက်ကို သတိပြုမိလိုက်၏။ သမီးအိမ်ကပ်နေရသည့် ဖခင်က "ရှင်မရေ– သားသမီးများ ကိုယ့်မိဘအိမ်မှာ နေခဲ့ရစဉ်က မိဘမျက်နှာ မကြည့်ခဲ့ရပါဘူး။ ခု သားသမီးဆီ လာကပ်နေတော့မှ သားသမီးမျက်နှာပဲ ကြည့်နေရတယ်ကွာ" ဟု မချိတင်ကဲ ဝမ်းနည်းစွာနဲ့ သူ့မယားကို ပြောပါသတဲ့၊ ကာတွန်းဆရာ သရော်သည့်အကွက် ထိချက်ပြင်းလှ၏။

ဘုရားနှင့်တစ်ဂိုဏ်းတည်းထားသည့်မိခင်ကို ပြစ်မှားသည့်သမီး ဘုရားကိုစော်ကားသည်နှင့်အတူတူပင်၊ သည်စာဖတ်ခိုက် သည်သမီးမိုက် ဘုရားမရိုက်ခင် ပြုပြင်နိုင်ပါစေသား– ။

# သင်ခန်းစာယူလိုက် သမီးမိုက်

ငင်းဇာတ်ကားမှ ''မေမေရယ် – သမီးကိုခွင့်လွှတ်ပါ၊ သမီးမှားသွားပါတယ် အဟင့်– ဟင့်–ဟင့်''ဟူသော ဇာတ်ဆောင်မင်းသမီးလေး၏ အကယ်ဒမီဆုရ ဇာတ်ဝင်ခန်းကိုကြည့်ကာ တီဗွီကြည့်ရင်း ဘယ်လိုမှထိန်းမရစွာဖြင့် အသံတိတ်ငိုရှိုက်နေသည့် မိန်းကလေး၊ မိခင်သဘောတူသူကို မကြည့်ဖြူပဲ (*တူနှစ်ကိုယ်× တဲအိုပျက်မှာနေရ× ချစ်တာ ချစ်တာပဓာန*) ဟူသော တေးသီချင်းကို သီဆိုဟစ်ကြွေးလျက် ချစ်သူနောက်ကောက်ကောက်ပါအောင်လိုက်သွားပြီးခါမှ တဲအိုပျက်လည်းမနေနိုင်၊ ထမင်းရည်လည်း မသောက်နိုင်တော့လို့ ညောင်ညိုပြင်စခန်းမှာလမ်းခွဲ၊ မဝံ့မရဲဖြင့် အမေ့ရင်ခွင်ပြန်လည်ဝင်ရောက်လာသည့်မိန်းကလေး၊ သူနာမည်က မခင်ထွေး၊ သူနေသည်က မန္တလေး။

တီဗွီဖန်သားပြင်ဆီငေးရင်း မနီးမဝေးမှာထိုင်နေသည့်မိခင်ကြီးအား ဖျတ်ခနဲလှမ်းအကြည့်– သမီးဖြစ်သူအား ခေါင်းတစ်ချက်ညိတ်ပြကာ ပြုံး၍ကြည့်နေသောအမေ။

အို– အမေ့မျက်ဝန်းမှာလည်း မျက်ရည်စတွေနဲ့ပါလား၊ 'ပြုံးသူမှာ မျက်ရည်စတွေနဲ့' ဆိုတာလို၊ ဝေသီနေတဲ့မျက်လုံးတွေနဲ့ ကြေကြေကွဲကွဲ ပြုံးပြနေတာပါလား၊ မျက်ရည်ကြားမှ အမေ့အပြုံးများကတော့ ''**မလိမ္မာ တစ်ခါမိုက်စမြဲမို့ သမီးကြီးကိုလည်း အမေ ခွင့်လွှတ်ပါတယ်ကွယ်– ပြီးခဲ့တာတွေအတွက် ဘာမှစိတ်မကောင်းမဖြစ်နဲ့တော့**''ဟု အားပေးနေသလိုရှိတော့၏ ။

မခင်ထွေး၏ရင်ထဲ ဝမ်းသာမှုတွေပြည့်နှက်သွားသည်၊ ပြီးတော့ နွေးနွေးထွေးထွေးလည်း ခံစားလိုက်ရသည်၊ တီဗွီကြည့်ပရိသတ်မသိအောင် မျက်ရည်ကို ကပျာကယာသုတ်ကာ ရင်ထဲမှာတော့ ''**အမေ့စေတနာ အမေ့မေတ္တာ သမီးနားလည်ပါပြီ**''ဟူ၍။

သမီးမိုက်က အမေနှင့်သမီးဇာတ်မို့ ကာယကံရှင်များနှင့်အကြောင်းတိုက်ဆိုင်သွားသည့်အခါ မခင်ထွေးတို့လိုပဲ မျက်ရည်ကျကြရသည်မှာ ဓမ္မတာပင်မဟုတ်ပါလား၊ မှန်ပါသည်– တိုက်ဆိုင်မှုရှိလျှင် စိတ်ထိခိုက်ကာ အတိတ်ကိုပြန်၍ သတိရတတ်ကြစမြဲ၊ ယင်းသို့ဆိုလျှင် စာရေးသူ မိမိအတွက်ကကော–––

## အဖေနဲ့သား နှောင်တတရား

စာရေးသူမိမိအတွက်ကတော့ ကွယ်လွန်သူဖခင်ကြီးကို သတိရရုံမက ရင်နင့်အောင်ခံစားရသည့်ဇာတ်ကားမှာ "**အဖေနဲ့သား**"ပင်ဖြစ်၏၊ တစ်သက်လျာလွှမ်းစာပါးပြီး ထင့်-ဝတ္တုကို ဆရာကြီးဦးသုခ ရုပ်သံဇာတ်လမ်းပြန်ရိုက်တော့ အဖေနဲ့သား-တဲ့၊ ဒီဇာတ်ကားကိုကြည့်ရင်း မိန်းမကြီးတစ်ယောက်က -

"ဟုတ်ပ- ဒီဖအေလုပ်သူကလည်း အရက်သောက်ချင် အိမ်မှာပဲ ဣန္ဒြေရရသောက်ပေါ့၊ ခုတော့ ပုဆိုးမနိုင် ယိုင်တိုင်တိုင်နဲ့ ဂျက်ကီချန်းလို အရက်မူးသိုင်းနင်းလာတော့ ခွေးတွေကဟောင် လူတွေကဝိုင်းကြည့် သားဆရာဝန်ရဲ့ဂုဏ်ကိုမှ မထောက်တော်၊ သူ့သားပြန်ပြောတာနည်းတောင်နည်းသေးတယ်" ဟု တဖျစ်တောက်တောက်ပြောဆိုနေသံကို ကြားခဲ့ရဖူး၏။

သားဆရာဝန်က သူ့ဖခင် အရက်သမားအား ပခုံးနှစ်ဖက်မှ စုံနှိပ်၍ ကုလားထိုင်တွင် အထိုင်ခိုင်းကာ လက်ညှိုးငေါက်ငေါက်ထိုးပြီး "အဖေ-သိပ်ကို ရက်စက်တယ်ဗျာ၊ ဆိုင်မှာသွားမသောက်ပါနဲ့-လို့ ကျွန်တော် အတန်တန်ပြောထားရက်နဲ့၊ အိမ်မှာလည်း အရက်မျိုးစုံဝယ်ပေးထားသေးတယ်၊ ခုတော့ လမ်းဘေးဆိုင်မှာသွားသောက်၊ မူးမူးရူးရူးနဲ့ အော်ဟစ်ပြီးအိမ်ပြန်လာ၊ ဖြစ်ချင်တိုင်းဖြစ်၊ ဆရာဝန်ဆိုတဲ့ကျွန်တော့ဂုဏ်သိက္ခာကိုလည်း ငဲ့ပါဦး၊ ကျွန်တော့သိက္ခာကိုရိုက်ချိုးဖို့ ကျွန်တော့အရှက်ကိုခွဲဖို့ အဖေ ကျွန်တော့ဆီရောက်လာတာလား၊ ကွမ်းခြံကုန်းမှာက အဖေအရက်သောက်တာ အားလုံးသိတယ်၊ ဒါကွမ်းခြံကုန်းမဟုတ်ဘူး အဖေ--ရန်ကုန်-ရန်ကုန်" ဟု ဒေါသတကြီးဆူငေါက်နေတဲ့ သားဖြစ်သူကို---

"**အဖေ- အဖေမသိလို့ပါသားရယ်၊ အဖေလည်း အပေါင်းအသင်းနဲ့တွေ့တော့**" စကားသံကတိမ်ဝင်သွားကာဆက်ထွက်မလာ၊ ဆေးခန်းလာပြသည့်လူနာများက ဝိုင်းကြည့်လျက်၊ ရှက်လိုက်သည့်မှာ သောက်ထားတာလေးတောင် ဘယ်ရောက်ကုန်ပြီမသိ၊ တစ်ခါမှဒီလိုအပြောမခံရဖူးသဖြင့် အမူးပင်ပြေသွားဟန်တူ၏၊ သားဖြစ်သူကိုတအံ့တသြမော့ကြည့်နေရှာသည့် ဖခင်၏ဝမ်းနည်းကြေကွဲသည့်မျက်နှာ၊ တုန်တုန်ယင်ယင်နဲ့ စကားပြောရင်း မျက်ရည်ဝဲကာစိုက်ကြည့်နေသည့်မျက်လုံး၊ သည်မျက်နှာနှင့် သည်မျက်လုံးအကြည့်က သူ့သားဆရာဝန်ကိုသာမက မိမိကိုပါ အထိတ်တလန့်ဖြစ်သွားစေ၏။

မှန်ပါသည်- ဖခင်အပေါ်တာဝန်မကျေရုံမျှမက မဆင်မခြင်ပြန်ပြောခဲ့မိသော စာရေးသူအတွက်ကတော့ ဒီ"**အဖေနှင့်သား**"ဇာတ်လမ်းကိုကြည့်ရင်း ယခင်က ဖခင်ကြီး

ပြောခဲ့ဖူးသည့်စကားများက မိမိကိုပြန်၍ခြောက်လှန့်နေသလိုခံစားရ၏၊ **"ဒီတစ်ခါ မော်လမြိုင်လာတာ နောက်ဆုံးအခေါက်ပါပဲ–နောက်ဘယ်တော့မှ မလာတော့ပါဘူး"**တဲ့၊ **"ဘုန်းကြီးလည်း တစ်နေ့ကျရင် အဖေ့လို အိုရဦးမှာပါ"**တဲ့၊

အဖေ့စကားမှန်ခဲ့လေပြီ၊ နောက်ဆုံးအခေါက်ဆိုသည့်အတိုင်း ဖခင်ကြီးအညာပြန်ပြီး မကြာမီမှာဆုံးရှာပါသည်၊ ယခုဆိုလျှင် ဖခင်နေမင်းလင်းခွင့်မရတော့သည်မှာ (အဖေဆိုတဲ့စကားလုံး မိမိနှုတ်ကပျောက်ဆုံးခဲ့သည်မှာ) ဆယ်နှစ်ပင်ကျော်ခဲ့ပြီ၊ နှစ်ပေါင်းမည်မျှ ကြာသည်ဖြစ်စေ၊ ယခုလိုအကြောင်း တိုက်ဆိုင်လာလျှင်သော်လည်းကောင်း/ အဖေနေသွားသည့် အခန်းလေးနားမှ ဖြတ်သွားမိသည့်အခါမှာ သော်လည်းကောင်း အဖေ့သဏ္ဌာန်နှင့် အဖေ့အသံကို အမြဲလိုလို မြင်နေရ ကြားနေရ၏။ တစ်ခါတလေများ အဖေ့ကို ပေးချင်ကျွေးချင်လွန်းလှ၍ မိမိလက်ထဲမှာရှိသည့် ဝတ္ထုငွေနှင့်စားသောက်ဖွယ်ရာလေးများကိုကြည့်ကာ **(အဖေရာ–ခုချိန်မှာ အဖေရှိရင် သိပ်ကောင်းမှာပဲဗျာ)** ဟု မချိတင်ကဲပြောဆိုရင်း ဖခင်၏ရုပ်ပုံလွှာကိုမြင်ယောင်ကာ ကြေကွဲဝမ်းနည်းစွာဖြင့် တမ်းတမိခဲ့၏၊ သြော်– မိမိသာလျှင်တန်ခိုးရှင်ဆိုပါက အဖေနှင့် ပတ်သက်လေသမျှ မကျေနပ်လို့ အသစ်တစ်ဖန် တစ်ကသာပြန်၍စလိုက်ချင်ပါတော့သည်။

## တမလွန်ဖခင် သိစေချင်

**ဘဝမှာ ဘယ်လိုမှ အစားပြန်ထိုးလို့မရ**
**အချိန်နှောင်းမှ သိခဲ့ရ**
**အပင်အိုနဲ့တူတဲ့ မိဘနှစ်ပါးလေ**
**သားသမီးတွေများ ငှက်ကလေးတွေအလား**
**တစ်ကောင်ပြီးတစ်ကောင် အတောင်အလက်တွေစုံတော့**
**အပင်အိုကြီးနှစ်ပင်ကို ပစ်ခွါရှန်းထွက်**
**ပျံတက်သွားကြပါရောလား**
**အားအင်ချိနဲ့စွာ လဲပြိုသွားရှာတဲ့ ဖခင်အိုအတွက်**
**သားမောင်ဘက်က တာဝန်မကျေခဲ့ဘူးအဖေ**
**အမှားတစ်ခုကို ဝန်ခံမှုနဲ့ကုသပြီး**
**ကျန်နေသေးတဲ့အပင်အို လဲပြိုလို့မသွားရလေအောင်**
**သားမောင်တာဝန်ကျေစေပါတော့မယ် အဖေရယ် ---**

လူသားတိုင်းမှာ မမေ့နိုင်စရာအမှတ်တရဖြစ်ရပ်လေးတွေ ရှိတတ်ကြစမြဲ၊ တစိမ့်စိမ့်ပြန်တွေးရင်း တငြိမ့်ငြိမ့်ခံစားကာ တသိမ့်သိမ့်ကြည်နူးရတဲ့ အမှတ်တရတွေရှိတတ်ကြသလို၊ နောက်ကြောင်းပြန်တွေးလိုက်တိုင်း ရင်ထဲမှာ ထိခိုက်နာကျင်ကြေကွဲရသည့် အမှတ်တရတွေလည်းရှိတတ်ကြပါသည်။ မိဘများနှင့်ပတ်သက်လာလျှင် ရှေ့ဆက်ရမည့်ဘဝခရီးအတွက် ခွန်အားဖြစ်စေမည့် အမှတ်တရမျိုးတွေသာရှိစေချင်သည်။ သင်ခန်းစာအသစ်တွေရစေနိုင်တဲ့ အမှတ်တရမျိုးတော့ မဖြစ်စေလို။ အဖေအမေတို့ကိုသတိရလို့ မျက်ရည်ကျခဲ့ရင်တောင် ပီတိမျက်ရည်သာဖြစ်စေချင်သည်။ နောင်တမျက်ရည်တော့မကျစေချင်ပါ။

ယခုလည်း ဖခင်ကိုချစ်သည့်သားဆရာဝန်၊ ဖခင်၏မျက်လုံးအကြည့်ကိုမြင်လိုက်သည်နှင့် ဖခင်မျက်နှာပေါ်မှခံစားချက်ကို သတ်ပုံမှန်အောင်ဖတ်လိုက်နိုင်၏။ စကားလွန်ကာမှားသွားသည့်အတွက် သူ့အဖေဘယ်လောက်စိတ်ထိခိုက်သွားသည်ကိုတွေးရင်း ယူကျုံးမရဖြစ်နေမိသည်။ တစ်နေကုန်အိမ်ဆေးခန်းမှာထိုင်၍ လူနာများအား ဆေးကုပေးနေရသော်လည်း ခါတိုင်းလိုစိတ်ကမရွှင်၊ ညနေဆေးခန်းပိတ်ကာ တစ်နေ့တာအတွက်ပင်ပန်းခဲ့သမျှ ရလာသည့်ငွေစလေးများကို ဆုပ်ကိုင်လျက် မနက်ကအဖြစ်အပျက်ကိုပြန်စဉ်းစားနေစဉ် တစ်စုံတစ်ယောက်က သူ့ကိုလာ၍အပြစ်တင်နေသလို ခံစားရ၏။ (ရုပ်ရှင်ထဲမှာဆိုရင်တော့ နှစ်ကိုယ်ခွဲပေါ့)။

''ဟ– မင်းအဖေအရက်သောက်တာ အခုမှမဟုတ်ဘဲ၊ ဟို–ကွမ်းခြံကုန်းမှာကတည်းက သောက်နေတာမင်းအသိ၊ ခုမင်းအဖေလာတာလဲ သူ့သဘောနဲ့သူလာတာမဟုတ်ဘူး၊ 'အဖေ့ကိုသားတစ်လှည့်ပြုစုချင်ပါတယ်' သားဆီလာခဲ့ပါ''ဆိုလို့ ရောက်လာရတာ၊ အဖေ့ကို စိတ်ချမ်းသာအောင်ထားပါ့မယ်–ဆို၊ ဒါဆိုလဲ သူစိတ်ချမ်းသာရာမှာသောက်ပါစေပေါ့၊ အခုတော့ အရက်သမားသားဆရာဝန်–လို့ အပြောခံရမှာရှက်လို့အထင်သေးကြမှာကြောက် လို့ အိမ်မှာအရက်ပုလင်းတွေဝယ်ပေး၊ ဘေးလူတွေမသိအောင်အခန်းအောင်းပြီးသောက်ခိုင်း၊ ဒီလိုဆိုလည်း မင်းဂုဏ်သိက္ခာမပျက်အောင် မင်းအဖေကိုအိမ်တွင်းပုန်းပြီး ခွက်ပုံးချခိုင်းမနေနဲ့၊ ဣန္ဒြေကြီးတစ်ခွဲသားနဲ့ ပုတီးသမားပဲ လုပ်ခိုင်းပေတော့၊ လူနာတွေက အရက်သမားသားဆရာဝန်မို့ ဆေးခန်းလာမပြလည်း ဘာအရေးလဲကွာ၊ ဒီငွေဟာ မင်းအဖေထက်ပိုပြီးအရေးကြီးလို့လား'' /၊ ''ဟုတ်တယ် ငါသိပ်ကိုမှားသွားပြီ''။

သားဆရာဝန်အဖြေမှန်ကိုသိသွားသလို ဖခင်အရက်သမားကလည်း သူ့အမှားကို သူသိပါ၏။ မိဘဟူသည် ကိုယ့်သားသမီးဂုဏ်မပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရ

မည်မဟုတ်ပါလား၊ သားဖြစ်သူ၏အော်ငေါက်ခြင်းခံရသဖြင့် အရက်သမားဖခင်ခမျာ စိတ်ထိခိုက်ကာ ညစာလည်းမစား၊ စကားလည်းမပြော ခပ်စောစောပင်အိပ်ရာဝင်သွားခဲ့၏။ မနက်မိုးလင်း ရွာပြန်ဆင်းမည်ဆိုတော့ အားလုံးစိတ်မကောင်းကြ၊ ချွေးမလုပ်သူကပင် "အဖေ ခုလိုဖြုန်းစားကြီးပြန်သွားရင် အဖေ့သားစိတ်မကောင်းဘဲကျန်ခဲ့မှာပေါ့၊ မပြန်ပါနဲ့ဦးအဖေရယ်"ဟု တားရှာပါသေး၏။ သို့သော် "**အဖေ့စိတ်ကို သူသိပါတယ် ကွယ်**"ဟုသာပြောလျက် မနက်ရွာပြန်သွားရာ တစ်လအကြာမှာဆုံးရှာလေ၏။ အကြောင်း ရင်းကတော့-သားဆီကပြန်လာပြီး အရက်ကိုတိခနဲဖြတ်သဖြင့် အစားအသောက်လည်း မဝင်၊ တဖြည်းဖြည်းပိန်ချုံးကာ သေဆုံးရခြင်းပင်။

သားဆရာဝန်က စိတ်မလုံသဖြင့် သူ့မိခင်အား "အမေ- အဖေမဆုံးခင် ကျွန်တော့အကြောင်း ဘာတွေများ ပြောသွားသေးလဲ"ဟုမေးရာ၊ "**အမလေး- ပြောသွားလိုက်တာမှ စုံလို့ပါပဲတော်၊ ငါ့သားကငါ့ကိုဘယ်လောက်ချစ်တာ၊ ဘယ်လောက်အထိအလိုလိုက်တာ၊ ငါ့ကို စိတ်ချမ်းသာအောင်ဘယ်လိုထားတာ၊ ငါစားချင်တာလေးတွေကို ဘယ်လိုချက်ကျွေးတာ၊ အခုငါ့သားက ကြီးပွားချမ်းသာ နေပြီ၊ ငါတို့တစ်နှစ်လုံးရှာဖွေရတဲ့ငွေကို ငါ့သား တစ်ရက်ထည်းနဲ့ရအောင်ရှာနိုင်တာ၊ အမလေး-ပြောလို့ကို မဆုံးတော့ဘူးသားရယ်၊ တစ်နေ့လည်းမဟုတ်တစ်ရက်လည်း မဟုတ်၊ ပြောလို့ကလည်း အားမရနိုင်ဘူးထင်ပါရဲ့၊ သားဆီကပြန်ရောက်တာနဲ့ ဘာစိတ်ကူးပေါက်တယ်မသိ၊ အရက်ကိုအတင်းဖြတ်သတဲ့လေ၊ အရင်ကသောက်ခဲ့တဲ့ ဒဏ်တွေပေါ့ကွယ်**" ဟု မျက်ရည်စက်လက်နှင့်ပြောပြရှာလေ၏။

မိခင်၏စကားကို ရင်တထိတ်ထိတ်နားထောင်ရင်း အလောင်းစင်အား ငေးကြည့်နေသည့် သားဆရာဝန်၏စိတ်ထဲမှာတော့ "ဩော်-အဖေရယ် ကျွန်တော့ဆီမှာ နေရတာ စိတ်ချမ်းသာသတဲ့လားဗျာ၊ ငါ့သားကြီးက ငါ့ကိုဆူလိုက်ငေါက်လိုက်တာလို့များ ပြောခဲ့ပါတော့လားအဖေရယ်"။

မှတ်ချက် / အကယ်၍သာ အသောက်ပျက်လို့ အသက်ပျောက်သွားရရှာသည့် ဖခင်ကြီးက သားဖြစ်သူ၏အပြစ်ကိုသာ ပြောသွားပါက သားဆရာဝန်ခမျာ သည်မျှခံစားရ မည်မဟုတ်။ ဤဇာတ်လမ်း၌ ရန်ကုန်မြို့ကပြန်သွားပြီး တစ်လအကြာမှာဖခင်ဆုံးသလို၊ မိမိ၏ ဖခင်ကြီးလည်း မော်လမြိုင်မှအပြန်နှစ်လအကြာမှာဆုံးပါသည်။ အရက်သမား ဖခင်က သူ့သား၏မကောင်းကြောင်း ဘာတစ်ခုမှမပြောသလို မိမိ၏ဖခင်ကြီးကလည်း မိမိအပြစ်ကို မွေးမယ်တော်အား တစ်စုံတစ်ရာမျှပြောမသွားပါ၊ ဖခင်အားဒေါသတကြီး

ဆူပူအော်ဟစ်ကြိမ်းမောင်းကာ စကားကိုမဆင်မခြင်ပြောခဲ့မိသဖြင့် ပြစ်မှားမိသည့် အပြစ်ချင်းကလည်း တူနေကြပြန်ပါရောလား။ အဖေနဲ့သား ဇာတ်လမ်းအဆုံးမှာ ထိုးပြသည့်စာတန်းလေးကတော့ -

အဖေနဲ့သား၊ နှစ်ဦးကြားတွင်
ဝတ္တရားကိုယ်စီ၊ ရှိကြသည်-တဲ့။

## နေပေါ်ကျတဲ့ လရဲ့အရိပ်

အဖေနဲ့သားဇာတ်လမ်းနှင့်ပတ်သက်၍ မိဘတို့အားပြောလိုသည်မှာ သားသမီးများအား ရုပ်ဝတ္ထုပစ္စည်းကြွယ်ဝမှုကို ပေးနိုင်ရုံမျှဖြင့် မိဘတာဝန်မကျေသေးပေ၊ အတွေးအခေါ် အယူအဆ စိတ်ပိုင်းဆိုင်ရာအရည်အချင်းများ လက်ဆင့်ကမ်းရမည်ဖြစ်သလို၊ သားသမီးဂုဏ်သိက္ခာမညှိုးဖို့လည်း ဂရုစိုက်ကြမှသာ မိဘတာဝန်ကျေပေလိမ့်မည်၊ သားသမီးလေးများက "**ကျွန်တော် ကျွန်မတို့ဟာ မိကောင်းဖခင်သားသမီးတွေပါ**"ဟု ရဲရဲပြောနိုင်ရန် မိဘနှစ်ပါးမှာအဓိကတာဝန်ရှိသည်၊ မိဘကဆိုးမိုက်နေလျှင် ထိုစကားကို မည်သို့သုံးလို့ရမည်နည်း။

ထို့ပြင်က မိဘများသည် သားသမီးတို့၏ ပူဇော်မှုကိုခံထိုက်သော "**ပုဗ္ဗဒေဝါ-ပုဗ္ဗာစရိယာ**"ပုဂ္ဂိုလ်များဖြစ်သောကြောင့် မိဘကလည်း မိဘနေရာနှင့်တန်အောင်, အရိုအသေခံထိုက်အောင်, အပူဇော်ခံထိုက်အောင်, နေတတ်ဖို့အရေးကြီး၏၊ မိဘများ ပြောဆိုနေထိုင်မှုမတတ်ပါက သားသမီးတို့အား ငဲ့ပေးသလိုဖြစ်တတ်၏၊ ဖခင်လုပ်သူက ရပ်ကွက်ထဲ မူးယစ်သောက်စားရမ်းကားနေလျှင် သားသမီးများ ပတ်ဝန်းကျင်ကို ဘယ်လိုမျက်နှာပြမည်နည်း၊ သားသမီးကဂုဏ်သရေရှိသူ (သို့မဟုတ်) ဘုန်းကြီးရဟန်းသံဃာဖြစ်နေလျှင် ပို၍ပင်မဆိုးပါလား။ "မကောင်းမြစ်တာ-ကောင်းရာ ညွှန်လတ်" ဟူသော မိဘဝတ္တရား အရ မကောင်းမှုကိုမပြုရန်ဆုံးမရာ၌ နှုတ်နှင့်ဆုံးမရုံဖြင့် မလုံလောက်၊ အနေအထိုင်နှင့်လည်း ဆုံးမရသလို အကျင့်အကြံနှင့်လည်းဆုံးမရသည်၊ ဖခင်ကအရက်သောက်၍ သားဖြစ်သူအား မသောက်နဲ့-ဟုပြောလျှင် သားကလည်းလက်ခံမည်မဟုတ်၊ သည်ကြားထဲ သားကို အရက်ဝယ်ခိုင်းတဲ့ ဖအေမျိုးကလည်းရှိသေး၏။ ထို့ကြောင့်ပင် ဗုဒ္ဓမြတ်စွာက-

အတ္တာနမေဝ ပဌမံ ၊ ပတိရူပေ နိဝေသယေ
အထည့ မနုသာသေယျ ၊ န ကိလိဿေယျ ပဏ္ဍိတော ။

"သူတစ်ပါးအားဆုံးမချင်လျှင် မိမိကိုယ်ကို ပထမစံပြအဖြစ် ကောင်းအော

နေပြရမည်''ဟု ဆုံးမတော်မူခဲ့သည်မဟုတ်ပါလော၊ **မွေခံထိုက်စေ**– ဟု သားသမီး ကျင့်ဝတ်၌ပါရှိလေရာ သားသမီးဆိုတာ မိဘတို့ရဲ့ကောင်းမွေဆိုးမွေကို ခံကြရစမြဲ၊ မိဘ လက်ထက် လူ့အသိုင်းအဝိုင်းက ခွင့်မလွှတ်နိုင်သောအမှားကြောင့် သားသမီးလက်ထက် သူများတံတွေးခွက် ပက်လက်မျောကာ လက်ညှိုးထိုးခံကြရသည်မှာ ဝမ်းနည်းစရာကောင်း လှ၏။ သားသမီးမကောင်း မိဘခေါင်း–ဟု ပြောကြသလို၊ မိဘမကောင်းတော့လည်း သားသမီးခေါင်း–ဟုပင် ဆိုရလိမ့်မည်။

မိခင် (သို့မဟုတ်) ဖခင်က အိမ်ထောင်ဆက်များခဲ့သောကြောင့် သားသမီး လက်ထက်၌ တစ်ဖက်မှစေ့စပ်ကြောင်းလမ်း (လက်ထပ်ပွဲ)ကို ဖျက်သိမ်းကြောင်း ကြားသိခဲ့ ရဖူး၏။ သားသမီးကိုယ်တိုင်မပြုသော်လည်း မိဘများ၏ဩဇာ သက်ရောက်မှုဒဏ်ကို သားသမီးများ ခံကြရခြင်းဖြစ်သည်။

''**နေပေါ်ကျတဲ့ လရိပ်–တဲ့**''၊ လ၏အရိပ် နေပေါ်ကျနေသလို မိဘအရိပ် ကလည်း သားသမီးတို့အပေါ် လွှမ်းခြုံထား၏။ ၎င်းဇာတ်ကား၌ ဖခင်လူဆိုးလူမိုက်အရက် သမားအား သားဖြစ်သူက အဖေမတော်ချင်ကြောင်း ပြောသွားသည်ကို သတိပြုမိ၏။ ထိုမှုမက အိမ်ထောင်ရေးဖောက်ပြန်ကာ အိမ်ပေါ်မှ ဆင်းသွားသည့်မိခင်အား သားကြီး ဖြစ်သူက ''ခင်ဗျားကြီးကို ကျုပ် အမေမတော်ချင်ဘူး၊ မတော်ချင်ပေမယ့် ဒီဘဝမှာခင်ဗျား သားလာဖြစ်ရတာ ကျုပ်ဝမ်းနည်းလို့မဆုံးဘူး၊ ရှက်လည်း ရှက်တယ်၊ ဝမ်းလည်းနည်း တယ်၊ ကျုပ်ကအမေလို့မခေါ်သလို ကျုပ်ကိုလည်းသားလို့ခေါ်တာ ဒီတစ်ခါနောက်ဆုံး ဖြစ်ပါစေ'' ဟု နာကြည်းစွာအော်ဟစ်ပေါက်ကွဲသံကိုလည်း အသိလူငယ်လေး တစ်ယောက် ထံမှ ကြားခဲ့ရဖူးပါသည်။ (အမေအကြောင်း စာစီစာကုံးရေးခိုင်းသည့်အခါ ''အမေနှင့် ပတ်သက်၍ ဘာခံစားချက်မှမရှိသောကြောင့် ရေးလို့မရပါ''ဆိုတဲ့ ကျောင်းသားမျိုးတွေ လည်း အမှန်တကယ်ရှိနေ၏။ ကြာလာလျှင် ...''မိဘအဖြစ်မှ စွန့်လွှတ်ခြင်း'' ဟုများ ကြော်ငြာကြမည်လား မသိ။)

တချို့မိဘများသည် ကိုယ့်အတွက်ကိုသာကိုယ်ကြည့်၍ လုပ်ချင်ရာကိုလုပ်တတ် ကြ၏၊ သားသမီးဘက်ကို နည်းနည်းလေးမှပြန်မစဉ်းစား။ ''**ငါ့အဓေပဲ ငါနိုင်းတာလုပ် ပြန်မပြောနဲ့**''ဆိုပြီး အလုပ်မရှိအလုပ်ရှာခိုင်း၊ အလကားနေရင်း ဆူပူကြိမ်းမောင်း နေတတ်၏ ၎င်းဖခင်မျိုး၏သမီးဖြစ်သူက ''အဖေ သေသွားတဲ့အချိန်ကစပြီး အကျဉ်း ထောင်တစ်ခုက လွတ်မြောက်သွားသလို ခံစားမိပါသတဲ့''၊ တချို့ကျပြန်တော့ သားသမီး တို့၏ ဖြစ်ချင်သည့်ဆန္ဒကို ဥပေက္ခာပြုထားတတ်ကြ၏၊ သားသမီးတို့ပြောချင် သည့်စကားကို စိတ်ရှည်လက် ရှည်နားထောင်ပေးရမှန်းမသိ၊ ''**သားသမီးစကားကို မိဘကနားထောင်နေစရာမလို၊ မိဘစကားကိုသာ (မှားသည်ဖြစ်စေ, မှန်သည်ဖြစ်စေ)**

သားသမီးကနာခံရမည်''ဟု တစ်သမတ်တည်းယူဆထားကြ၏၊သူတို့စကားကိုတော့ သားသမီးတွေ နားထောင်မှုကြိုက်ကြပြန်သည်၊ ဒါမလုပ်နဲ့ဆိုမလုပ်မှ၊ ဟိုလူနှင့် မပေါင်းနဲ့ဆို မပေါင်းမှ၊ လိုတာထက်ပို၍ ချုပ်ချယ်တတ်ကြ၏၊ တစ်သက်လုံးပေါင်းရမည့် အိမ်ထောင်ရေးကိစ္စမှာပင် မိဘဖြစ်သူ ကြည့်ဖြူသူကိုသာ ယူစေချင်ကြ၏၊ ဒါကိုသားသမီး တိုင်းကလက်မခံ၊ ကြာလာတော့ သားသမီးနှင့်မိဘ ဝိရောဓိလက္ခဏာတွေပြကာ မဖြစ်သင့်တာတွေ ဖြစ်ကုန်တော့၏။

တို့ကြောင့် သားသမီးနှင့်မိဘ ပဋိပက္ခမဖြစ်ရလေအောင် မိဘများကလည်း အနန္တဂိုဏ်းဝင်နာမည်ကြီးနှင့်ထိုက်တန်စွာ ကျင့်ကြံနေထိုင်သွားကြဖို့ အရေးကြီး၏။

ထို့ပြင်မက **''သားသမီးဘဝကို မဖြတ်သန်းဖူးတဲ့ မိ,ဘ''**ဟူ၍မရှိသောကြောင့် မိဘတိုင်း သားသမီးများကို ပြန်၍နားလည်ပေးသင့်၏၊ ကိုယ့်အတွက်ကြောင့်လည်း သားသမီးများကို ဂုဏ်မပျက်စေရ၊ သားသမီးများကလည်း ကိုယ်ဖြစ်ချင်သည့်ဆန္ဒ၊ ပြောလိုသည့်စကားကို ပွင့်ပွင့်လင်းလင်း တင်ပြရဲရမည်၊ နောက်ဆုံးအကျင့်မကောင်းသည့် မိဘများကိုပင် အပြစ်တင်မနေပဲ ''**အဖေ အမေတို့လုပ်တဲ့ အကုသိုလ်ကံသည်ငါနဲ့ မဆိုင်၊ သူ့ထိုက်နဲ့သူ့ကံခံရလိမ့်မည်၊ ငါကပြစ်မှားလျှင် ငါသာလျှင်အကျိုးယုတ်** မည်''ဟု စဉ်းစားကာ မိခင်ကအိမ်ထောင်ရေးဖောက်ပြန်-ဖခင်ကအရက်သောက်သည်ကို ရန့်ရင်းကြမ်းတမ်းသောစကားလုံးများဖြင့် အော်ဟစ်ဆူပူကြိမ်းမောင်းကာ အကုသိုလ်တရား တိုးပွားစေမည့်အစား ချိုသာပျော့ပျောင်းသောစကားလုံးများသုံး၍ မိဘနှစ်ပါးလုံး နားဝင်အောင် ပြောဆိုနိုင်ကြပါစေ။

## ဂီတလက်နက်အစွမ်းထက်

အနုပညာပစ္စည်းများစွာအနက် လူထုအကြားသို့ ကျယ်ကျယ်ပြန့်ပြန့်နှင့် အရောက်အမြန်ဆုံးလက်နက်မှာ ဂီတသာဖြစ်ပါ၏၊ ရုပ်ရှင်-သဘင်ကိုလူတိုင်းမကြည့်၊ ကြည့်သောသူသာမြင်ရ၏၊ စာပေကိုလူတိုင်းမဖတ်၊ ဖတ်သောသူသာ သိခွင့်ရှိ၏၊ ဂီတမှာတော့ အသံချဲ့စက်နှင့်သီချင်းဖွင့်ထားလျှင် ဂီတဝါသနာပါသည်ဖြစ်စေ , မပါသည် ဖြစ်စေ သီချင်းသံကို ဟိုး-အဝေးမှပင်ကြားနေရ၏၊ ရုပ်ရှင်-သဘင်-စာပေတို့လို ထိုင်၍ ကြည့်နေဖတ်နေမှမဟုတ်၊ သီချင်းသံကား ကျောင်းသွားရင်းလည်းကြားရ၏၊ ဈေးသွားရင်း အလုပ်လုပ်ရင်းနှင့်လည်း နားထောင်လို့ရ၏၊ ရုံးသွားရင်းနှင့်ပင် မိဘမေတ္တာသီချင်း သံကြောင့် အမေအဖေတို့ကို သတိရသွားနိုင်၏။ (ဘုရားရှင်လက်ထက်တော်က ခေမာမိဖုရားဆိုလျှင် ဝေဠုဝန်ကျောင်းတော်ဘွဲ့သီချင်းသံများကြောင့် ဘုရားထံမှောက်

အရောက်သွားခဲ့ရသည်မှာ ဂီတ၏စွမ်းအားပင်မဟုတ်ပါလား၊ နောက်ဆုံးသက်ရှိ လူသားတွေမပြောနှင့်၊ ပြောင်းဖူးခင်း အနီးတွင် တဒုန်းဒုန်း တဝှမ်းဝှမ်းမငှက်ပဲ နဲ့နှောင်းသာယာတဲ့ဂီတသံ အမြဲပေးပါက ပြောင်းဖူးဆန်များသည်ပင် နူးညံ့သိမ်မွေ့ကာ အရသာမှာ ပိုချိုပါသတဲ့)။

လောကလူသားတစ်ယောက်၏ ဂီတနယ်ပယ်ကိုကြည့်ပြန်လျှင် မွေးဖွားသည်မှ သေဆုံးချိန်အထိ ဂီတနှင့်မကင်းသည်ကိုတွေ့ရလိမ့်မည်။

အူဝဲဆိုကတည်းက ဂီတဝဲစလုတ်မှာ စတင်နစ်မြုပ်ခဲ့ရသည်၊ ကြည့်ပါ–ကလေး ငယ်တဝမှာပင် မိခင်၏ဂီတသံကို စတင်ကြားရသည်မှာ “*လူကလေးရယ်ငို နိဖမ်းလို့ပေး*” တဲ့။ “*မိတ္ထီလာကန်တော်အောက်က ဖားကောက်ခဲ့ပါ*”တဲ့။ “*ကြောင်ကြီးရဲ့မြီးတံတို အဆီကိုစားပါလို့ အသားကိုမျှ*”တဲ့။ စာရေးဆရာမ–ခင်လှိုင်ကြူ၏ “*လှိုင်းပုတ်သည့်လှေ*”ကို ဆရာကြီးဦးသုခရုပ်ရှင်ရိုက်သည့်အခါ “*ရွှေချည်ငွေချည်တန်းပါလို့*”ဟု ဖြစ်လာ၏၊ ၎င်းဇာတ်ကားမှ ဒေါ်မေနွဲ့၏ကလေးချော့တေးကတော့–“*ဘုရားငုတ်တို ရောင်တော်လွှတ်မှ ပုံတော်ဆင်ဝတ်ကြပါစို့မောင်ကြီးရေ–တော့*”ဆိုတဲ့ မလေးလက်ခတ်သံ သီချင်း၊ ဒေါ်မေနွဲ့အဆိုကောင်းလွန်းလို့ ပုခက်ထဲကကလေးသာမက ပွဲကြည့်ပရိသတ် များပင် အိပ်ချင်ကုန်၏။

ဗိမ္ဗိသာရဇာတ်ထုပ်မှာ ရွှေမန်းတင်မောင် ကလေးချော့ပုံကတော့ “*ဖွဲ့ကာနွဲ့ကာ ငို စက်ပါသော်ရွှေသွေး စက်ပါသော်လေး—*”တဲ့၊ အပြောကောင်းသလို အဆိုပိုင်သည့် ရွှေမန်းမို့သာ တစ်ခြားလူဆိုမလွယ်။

ဉပကနှင့်မဆာဝါဇာတ်လမ်းမှာ မဆာဝါ၏ သားချော့တေးသံကတော့ လူ့အသွင် ပြောင်းချင်သည့်ရဟန်းတော်များအတွက် လူထွက်ချင်စိတ်ပင်ပျောက်လောက်၏၊သူ့လင် တော်မောင်ဘုန်းကြီးလူထွက်ကို အမြင်ကပ်သည်နှင့် “*ရဟန်းပေါ့ပျက်၊ ငါ့ကိုမက်၍၊ လူထွက်လာသည်၊ ပညာပေတုံး၊ ထမင်းဖြုန်း၊ ကတုံးမွဲရဲ့သား၊ ဟဲ့ အိပ်ပါတော့လား*” တဲ့၊ မဆာဝါတို့များ လင်တော်မောင်ကိုစိတ်ကောက်နေသည်မို့ ဒီလောက်နဲ့အားမရသေး၊ ကလေးကဖြင့်အိပ်ပျော်နေပြီ၊ နောက်တလီထပ်ဆိုပြန်သည်မှာ – – –

“*အမဲသားထမ်း၊ တက္ကတွန်း၊ ရဟန်းလူထွက်သား၊*
*မုဆိုးနောက်လိုက်၊ ငါ့ကိုကြိုက်၊ အမိုက်လူထွက်သား၊*
*မိခင်ချော့သိပ်၊ အငိုတိတ်၊ မောင်အိပ်ပါတော့လား*” တဲ့။

ကလေးငယ်ကတော့ အိပ်–မအိပ်မသိ၊ မဆာဝါကလေးအချော့ကောင်းလွန်းလို့ ဉပကကြီးစိတ်ပျက်ကာ အိမ်မှထွက်ခွာသွားသည်မှာတော့ သေချာ၏။

ဘဝတစ်လျှောက်လုံး ဂီတနှင့်မကင်းသည်ကို အကြမ်းဖျင်းလေ့လာကြည့်လျှင် မိခင်ကရင်သွေးငယ်အား ထမင်းခွံ့ကျွေးတော့လည်း (*ဖိုးလမင်းကြီးရေ– ထမင်းဆီဆမ်း ရွှေလင်ပန်းနဲ့ပေးပါ–ဟော*)တဲ့။

သားလူလေးအား ဘုန်းကြီးကျောင်းသွားအပ်ပြန်တော့ (*ဆွမ်းအုပ်နီနီ အမေရွက် လို့၊ နက်ဖြန်မနက် ကျောင်းတက်မယ်*)တဲ့။

ကျောင်းစာတွေအံတော့လဲ (*လူမိုက်ဆိုလျှင် ရှောင်သွေလွှဲလို့၊ မမှီဝဲနှင့်ကင်း အောင်နေ*)တဲ့။ ဘယ်မှာဂီတနှင့်ကင်းလို့လဲ။

ရှင်ပြုရမည့်အရွယ် မောင်ရင်လောင်းလုပ်တဲ့အခါမှာလဲ (*အရှေ့ကို လျှောက်ပါ လို့၊ အနောက်ကိုတဲ့မျှော်လိုက်ရင်*) ဆိုပြီး ပျောသီချင်းသံကိုကြားရပြန်၏။

ကိုရင်ဘဝနဲ့အကြာကြီးမနေဖို့ ချစ်သူရည်းစားကောင်မလေးက (*ဝါတွေများ တော့ ပျိုအားငယ်မှာ– သူငယ်ချင်းတွေ ပြောင်နောက်ကြ လို့– ရှက်ရမှာ လည်းပျိုကြောက်တာ*) ဟု သီချင်းလေးနှင့်မှာလိုက်ပြန်သေး၏။

ထိုမျှမက လုံမပျိုက (*ပျိုလေးတို့အိမ်ဦး၊ ဆပ်သွားဖူးတဲ့ တစ်ရှုံနှစ်ရှုံ ကျေးတွေ ကအုံ၊ မအုံပါနဲ့ကိုရွှေကျေး၊ ပျိုတို့မောင်ရှင်လိင်ပြန်တော့၊ နားပန်ဖို့ပါ တော်ရေ တော်ရေ*) ဟု ထပ်ဆိုပြလိုက်တော့ ကိုရင်ခမျာ အမြန်လူထွက်လေတော့၏။

လူထွက်ပြီးနောက် (*ချစ်သမျှကို မြင်းမိုရ်ရွှေတောင်လုံးသာပ*) ဆိုတဲ့ "ချစ်သမျှ ကို" ပတ်ပျိုးကိုတော့ ချစ်သူနှစ်ဦးဆုံတွေ့စဉ်မှာ ဆိုခဲ့ကြ၏။ (*သမုဒ်မင်ရေဖျော်လို့၊ ချစ်တာတွေစာစီကုံးရလျှင်၊ ဆုံးအံ့မထင်*) ဟုပင် ပါလိုက်သေးသည်။

ချစ်သူကောင်မလေးကိုခိုးတော့မယ်–ဆိုတော့လဲ ကောင်လေးက (*မမလေးကို မောင်ခိုးမယ်လို့ လူဆိုးတွေနှင့် မောင်တိုင်ပင် မြင်းကိုယ်စီပြင်*)တဲ့အခါ၊ ကောင်မလေး ကလည်း (*ရွှေလရောင်ထိုး အိမ်ခေါင်မိုး ပုဆိုးပိုက်ခါ စောင်ပိုက်ခါနဲ့ လိုက်ခဲ့ပါ့မယ် ရွှေနွယ်ရိုးရယ်––*)ဆိုပြီး ဂီတနှင့်ပင်အချိန်းအချက်ပြုလုပ်ကြပြန်သည်။

(ယနေ့ခေတ်ဆိုလျှင်တော့)– *အိမ်နောက်က မန်ကျည်းပင် × ည (၉)နာရီ လာပါရှင်*

*လာတဲ့အခါ လေချွန်လိုက် × ကျွန်မ ရှင့်နောက်လိုက်–*

ဟု ချိန်းကြလိမ့်မည်ထင်သည်။

တူနှစ်ဖြာရွှေဂဟေဆက်လို့–သွေမပျက်တဲ့မေတ္တာ–တေးသွားကိုသီဆိုကာ လက် ထပ်ကြပြန်တော့ လာပြန်ပြီဂီတ (*အခါတော်ပေးတာက– နတ်ရေးငယ်ရွှေစာ*)တဲ့။

အသက်တွေကြီးလာလို့များ ဂီတနဲ့ကင်းမလား အောက်မေ့တယ်၊ ဟော– ဘုရားရှိခိုးရာ၌ပင် (*သုံးလူ့ရှင်ပင်၊ ကျွန်ုပ်ထိပ်တင်၊ သောင်းခွင်စကြာဝဠာ*)တဲ့၊ ဂီတက

လာဇာန်း ရှိသေး၏။ တဝဲလည်လည်နှင့် ဂီတနယ်ကမလွတ်သေးပါလား။

နောက်ဆုံးသေမှပဲ ဂီတနဲ့ကင်းလေမည်လားမသိ၊ ကင်းသည်–မကင်းသည်ကို နားထောင်ကြည့်သော် သေဆုံးသူ၏အသုဘယာဉ်နောက်မှ ကပ်ပါလာသည့်ဂီတသံကား (*ဩော်– ရှင်သေမင်းရယ်က × ဗိုလ်ပါဆင်မြင်းတွေနဲ့ စစ်ခင်းလို့မှ မရနိုင်ပါသလေ*) တဲ့၊ ဩော်– ဂီတ ဂီတ၊ လူ့ဘဝတစ်ခုလုံးကို လွှမ်းမိုးထားနိုင်သည့်ဂီတပါတကား–။

## မိဘတေးသံ ကြိုက်ကြပြန်

ဤရွှေဉာဏ်မှူ အစွမ်းထက်လှသည့်ဂီတလက်နက်ကြောင့် ရက်ပေါင်းလပေါင်း နှစ်ပေါင်းများစွာ ပစ်ပယ်ထားခဲ့သည့် မိခင်အိုကြီးထံ အရောက်ပြန်သွားခဲ့သော ပုဂ္ဂိုလ်ကြီးတစ်ယောက် ယခုအချိန်ထိ လူ့လောကမှာ ရှိနေပါသေး၏။ ထိုပုဂ္ဂိုလ်ကြီးအား မိခင်ထံအရောက်ပြန်ဖို့ တိုက်တွန်းနှိုးဆော်ပေးလိုက်သည့် ဂီတကား **ဝိစိတြ မိဘမေတ္တာသီချင်းပင်ဖြစ်၏**။ သီချင်းစာသားမှာ ဗိမ္ဗိသာရဇာတ်တော်လာ အကြောင်းအရာများဖြစ်၍၊ ၎င်းဇာတ်တော်ကိုပင်အခြေခံ၍ ရေးဖွဲ့ထားသော တခြားနာမည်ကြီး သီချင်းတစ်ပုဒ်လည်းရှိသေး၏၊ သီချင်းစာသားကိုဖတ်ကြည့်ပါ–

*(ရှေးလွန်လေပြီးသောအခါ × ရာဇဂြိုဟ်တိုင်းမဟာ × × ဘုရင်ဗိမ္ဗိသာရ*
*သူ့သားလှရတနာ× အဖကိုသာသတ်မယ့်သားလို့ ပုဏ္ဏားတော်များက*
*ဟောကြားခဲ့တာ× ဖခင်ဘုရင်ကြီးမှာ မကြားလိုပါ မကြားလိုပါသတ်လို*
*ရင်သတ်ပါစေတော့× မလျှော့သောမေတ္တာတွေပါ× သီတာရေစင်ပမာ*
*တသွင်သွင်စီးကျလေတာ)* တဲ့။ ဂီတစာဆိုကိုသက်ဦး၏လက်ရာ၊ **သီတာရေစင်သီချင်း**။

ထိုမျှမက အမေရှိသူတိုင်း ရွာရှိသူတိုင်း အမေနဲ့ရွာကိုလွမ်းတတ်သူတိုင်းအတွက် အညာကိုကိုင်လှုပ်ခဲ့သည့် "**အမေနဲ့ရွာကို လွမ်းတယ်**"၊ ၎င်းနောက် "**မွေးမေကျေးဇူး ဆပ်ဖူးချင်တယ်**"၊ "**မိဘကျေးဇူး ဆပ်ဖူးပြီလားရှင်**"၊ "**မိသားစုကန်တော့ပွဲ**"၊ "**မေမေ့အကြောင်း သတင်းကောင်း**"၊ "**ဘယ်ပန်းချီရေးလို့မမီ**"စသည်ဖြင့် များလွန်းလှချေ၏။

တချို့မိဘမေတ္တာသီချင်းလေးနားထောင်ရင်း အသက်ထင်ရှား ရှိနေသေးသည့် မိဘနှစ်ပါးကို ခါတိုင်းထက်ပို၍ တန်ဖိုးထားလာကြ၏။ တချို့က ဇာတိရပ်ရွာနှင့်အမေကို သတိရသဖြင့် (**ကျွန်တော့စိတ်ကရေဝေးပန်းနယ်–အမေနဲ့ရွာကိုလွမ်းတယ်**) သီချင်းလေးသီဆိုကာ လွမ်းစိတ်ကိုဖြေကြရသည်၊ တချို့ကျပြန်တော့ မိသားစုကန်တော့ပွဲ

သီချင်းမှ (*ကျေးဖူးရှင် မိဘနှစ်ပါးရဲ့ ဩဝါဒစကားတွေ× မကြားရတာကြာခဲ့ပြီလေ*) ဟု ညည်းတွားရင်း ကွယ်လွန်သူမိဘတို့အား တမ်းတကာလွမ်းကြရ၏။ မျက်ရည်ဖြိုင်ဖြိုင်ကျကာ မိဘနှစ်ပါးရှိစဉ်ကလို ဘဝမျိုးကိုပြန်၍လိုချင်ကြ၏။ မိဘအပေါ်တာဝန်မကျေခဲ့သူဆိုရင်လည်း "အမေ့အလွမ်းပြေ"သီချင်းလေးကို ဆိုနှင့်အက်ကွဲစွာ သီဆိုလိုက်သည့်အခါမှာတော့ ဝမ်းနည်းသံကတစ်ခြမ်း၊ လွမ်းမျက်ရည်က တစ်ဝက်ပေါ့။ ၎င်းသီချင်းစာသား၌ (**အမေ့အိပ်ရာ အမေ့နေရာ၊ အမေ့ဘုရားခန်းက အမေ့ဓာတ်ပုံ၊ အမေ့ဂုဏ်တော်ပုတီးလေး**) ဆိုတာပင်ပါလိုက်သေးသည်၊ သြော်–တကယ်တော့လည်း ဂီတဟူသည် လောကလူသားတစ်ဦးအတွက် အမှန်တကယ်လိုအပ်သော စိတ်အာဟာရတစ်ခုပင် မဟုတ်ပါလား။

## ငါ့လို့နောင်တ မရကြစေနဲ့

မိဘမေတ္တာသီချင်းသံလေးကြားလိုက်တော့မှ အမေအိုကိုပြန်၍သတိရသူ၊ ထိုပုဂ္ဂိုလ်ကြီးကား– ဆရာကြီးဦးသုခပင်ဖြစ်ပါ၏။ ဦးသုခ၏ငယ်စဉ်ဘဝ အတိတ်စာမျက်နှာကို ခပ်သွက်သွက်လှန်၍ကြည့်လျှင်– မောင်နှမ(၃)ယောက်/ ညီငယ်–ညီမငယ်နှင့် အိမ်ထောင်ကွဲနေသည့်မိခင်ကြီးကို တွေ့ရလိမ့်မည်။

မောင်သုခကား သားအကြီးဆုံးမို့ အကြီးအကျယ်အလှူကြီးပေးကာ ရှင်ပြုပေးခဲ့၏။ ထိုစဉ်အခါ မိခင်ကြီးမှာ ချမ်းသာသည်ကတစ်ကြောင်း၊ ပစ်ခွါသွားသည့်လင်တော်မောင်အား မကျေနပ်သည်ကတစ်ကြောင်းမို့ သားဖြစ်သူမျက်နှာမငယ်စေရန် (၁၀)နှစ်သားအရွယ်၌ပင် ခမ်းနားစွာရှင်ပြုပေးခဲ့ခြင်းဖြစ်၏။

သည်လိုနှင့် အသက်(၂၀)မိုက်ရူးရဲအရွယ်မှာ အိမ်ထောင်ကျ၊ မိခင်က ချွေးမဖြစ်သူကိုမကြည်ဖြူ၊ နောက်ဆုံးတော့ မိန်းမကို သူ့မိဘဆီ ခေတ္တနေစေကာ မိခင်ကိုပါ ပစ်ထားခဲ့ပြီး ရန်ကုန်မြေကိုခြေချခဲ့၏။ ရည်မှန်းချက်ကား– အောင်မြင်သောစာရေးဆရာဖြစ်ရန်ပါတည်း။ "**ရည်မှန်းချက် မအောင်သမျှ အမေရှိရာ ကျိုက်လတ်သို့ ငါမပြန်**"ဟူသော သံမဏိစိတ်ဓာတ်ကို အခိုင်အမာတည်ဆောက်လျက် ရည်မှန်းချက်တွေ တစ်လှေကြီးနဲ့ ရန်ကုန်မြေကိုခြေချခဲ့သည်က ၁၉၃၄–ခုနှစ်။

ရန်ကုန်ရောက်တော့ မှန်းချက်နှင့် နှမ်းထွက်ကမကိုက်၊ ကိုယ်ပိုင်အိမ်ဆိုတာဝေလာဝေး၊ သုံးပဲလေးပေးစားရတဲ့ ထမင်းတစ်ထပ်တောင် နပ်မှန်အောင်မစားရ၊ သူများအိမ်မှာ ခေါင်းအုံးတစ်လုံး ဖျာတစ်ချပ်နဲ့ ကပ်နေရသည့်ဘဝ၊ သွားလာသည့်အခါ ဘတ်စ်ကားမပြောနဲ့ ကုလားဆွဲတဲ့လန်ချားတောင်မစီးနိုင်၊ ခြေလျင်တစ်လှည့် ကုန်းကြောင်း

တစ်လှည့်၊ ရေးသားသည့်ဝတ္ထုတိုလေးများကလည်း စာမျက်နှာထက် ပါတစ်ချက်မပါတစ်ချက်၊ နေ့ရက်များစွာကြာသွားသော်လည်း ပြင်းထန်ဆိုးဝါးလှသည့် လောကဓံတရားများအကြား သနားစရာအမေအိုကိုလည်း သတိမရ၊ အမေပို့သနေသည့်မေတ္တာကိုလည်း ခံယူရကောင်းမှန်းမသိ၊ သုခ–ဆိုတဲ့နာမည်တစ်လုံးလေးရဖို့ ဒုက္ခနဲ့ နပမ်းလုံးနေရသည့် အချိန်။

ကျိုက်လတ်က မိခင်ကြီးခမျာမှာလည်း ကိုယ်စိတ်ဆင်းရဲရုံမက ပစ္စည်းဥစ္စာတွေပါ ချွတ် ခြုံကျသွားခဲ့ရ၏။ ရင်းနှိုင်နှီးနှိုင် အိမ်ပိုင်ယာပိုင် ဆိုင်ကြီးကနားကြီး အခြေအနေမှ မိခင်ကြီးအား လောကဓံတရားက မျက်လှည့်ပြလိုက်သည်မှာ ယုံနိုင်စရာပင်မရှိ (ကံတရား၏ ရိုက်ချက်က တစ်ခါတစ်ခါမှာ မိုက်တီးရဲ့ရိုက်ချက်ထက် ပိုပြင်းပုံရ၏)။ သည်ကြားထဲ ရန်ကုန်မြို့အလယ် ဘယ်ဆီဘယ်ဝယ်ရောက်နေမှန်းမသိရသည့် သားတော်မောင်အား ရော်ရမ်းမှန်းဆကာ အောင်မြင်စေကြောင်း ဆုတောင်းမေတ္တာ ပို့သပါ၏။ (သက်ဆိုင်သူသို့ မေ့မေတ္တာပို့ကာဝေ–ဆိုတဲ့ သီချင်းလိုပေါ့)၊ သို့သော် **ပေးကားပေး၏မရ**–ဆိုတာလို သက်ဆိုင်သူကမှ အမေ့မေတ္တာ မခံယူတတ်လေတော့ အချည်းနှီးသာဖြစ်ခဲ့ရ၏။

ဒါကြောင့်မို့လည်း အောင်မြင်မှုနဲ့အလှမ်းဝေး အမေပေးထားသည်က သိန်းမောင်၊ ကလောင်အမည်ကသုခ၊ တွေ့ကြုံနေရသည်ကဒုက္ခ၊ ဪ–သူကိုယ်တိုင် ရေးသားသီဆိုခဲ့သည့် (**ဖြစ်ချင်တာလည်းမဖြစ်ရပါ မဖြစ်ချင်တာတွေလည်း ဖြစ်ရမှာ**)ဆိုတဲ့ ဘဝသံသရာသီချင်းလို ဖြစ်နေပါရောလား။

## ဂီတသံကြားမှ အမေကိုသတိရ

အများနှင့်မတူကြသည့်အနုပညာသမားဘဝ၊ တွေ့ကြုံရသည့်အခက်အခဲများ အတက်အဆင်းများ၊ လေမုန်တိုင်းတိုက်ခတ်ခံရခြင်းများ၊ လေပြေလေညင်း၏ချော့မြူခြင်းများ၊ တစ်ခါတစ်ရံ ခယောင်းလမ်း၊ တစ်ခါတစ်ရံ ပန်းခင်းလမ်းပေါ်ဖြတ်သန်းရခြင်းများ၊ လောကဓံတရား၏လှိုင်းတံပိုးများအကြား မြုပ်ချည်တစ်လှည့် ပေါ်ချည်တစ်ခါ၊ သည်လိုနှင့်– ရက်မှလစွန်း နှစ်သို့ပင်ယွန်းလာခဲ့သည်မှာ– ၁၉၃၆–ခု၊ နှစ်ဦးသို့ပင်ရောက်ခဲ့ပြီ။

တစ်ခုသောညနေစောင်းမှာတော့ နာမည်ကောင်းမရသေးတဲ့ စာရေးဆရာ ပေါက်စ မောင်သုခ၊ ထမင်းအကြွေးစားဖို့ ဆိုင်သို့ထွက်အလာ၊ လက်ယာဘက် ဒေါင့်အိမ်ဆီမှ ကြား လိုက်ရသည့်သီချင်းသံက (*အနန္တောအနန္တ ငါးပါးဂုဏ်ရည် ယုံယုံကြည်ကြည် နေ့စဉ်ရှိကျိုး ရှိခိုးကြရဲ့လား × ဆရာသမား မိဘာဘုရားနဲ့*

*တစ်ဂိုဏ်းထဲနိုင်းယှဉ်ပြသည်× ဇိနတ္ထပကာသနီ ရွှေကျမ်းတော်ထွက်စာကိုစီ)* တဲ့၊ ဂီတမှာဇိဖပါလာသူမို့ လှမ်းနေသည့်ခြေလှမ်းများက အလိုလိုတန့်သွားကြ၏၊ စိတ်ထဲမှာတော့ "ဟာ– ဗမာသီချင်း ပီသလိုက်တာ ဘာအကြောင်းကိုများပြောမှာပါ လိမ့်၊ ဟော– အဇာတောယေဝ ပိတုရညော သတ္တု–ဆိုပါလား၊ ဒါအဇာတသတ် အကြောင်းပဲ၊ ငါသိနေတာတွေကို ဒီသီချင်းကပြောတော့မယ်"ဟု တွေးရင်း ဆက်လက်နားထောင်ကြည့်ရာ---

*(အဇာတောယေဝ ပိတုရညော သတ္တု– အဇာတောယေဝ–မမွေးဖွားခင်က ပင်လျှင်၊ ပိတုရညော–အဖမင်းမြတ်၏၊ သတ္တု–ရန်သူမည်သတဲ့၊ ဘုရား ဒကာကျောင်းဒကာကြီးရဲ့အမည်× ဗိမ္ဗိသာရကျောင်းအမဝေဒေဟီ)* တဲ့၊ ကောင်းလိုက်တဲ့သီချင်း လာရင်းကိစ္စထမင်းစားဖို့ပင်မေ့သွားပြီ။

မောင်သုခတစ်ယောက် မိဘ–ဆိုတဲ့သီချင်းသံကြောင့် အမေအိုကိုသတိရသွား၏၊ အမေ့ရုပ်ပုံလွှာပါမြင်လာတော့ အမေနဲ့တွေ့ချင်လာ၏၊ "အင်း–ဒီသီချင်းက အဇာတ သတ်အကြောင်းရေးဖွဲ့ထားတာပါလား (ဆရာသမား မိဘာဘုရားနဲ့ တစ်ဂိုဏ်းထဲနိုင်း ယှဉ်ပြသည်)" တဲ့၊ ဟုတ်သားပဲ အနန္တောအနန္တငါးပါးမှာ မိဘကို ဘုရားနဲ့တစ်ဂိုဏ်းထဲ ပြထားတာ၊ ဒါပေမယ့် မိဘနဲ့ဘုရား ဂုဏ်ကျေးဇူးအားဖြင့်တော့ တန်းတူမဖြစ်နိုင်ဘူး၊ ဘုရားဆိုတာအတုမရှိပုဂ္ဂိုလ်မြတ်ကြီးပဲ၊ ဂုဏ်အားဖြင့်တန်းတူမဟုတ်သော်လည်း အပြစ်အားဖြင့်တော့တန်းတူပဲ၊ မိဘကိုပြစ်မှားတာနဲ့ ဘုရားကိုပြစ်မှားတာ ခံရမယ့်အပြစ် ချင်းကတော့ အတူတူပဲ မဟုတ်လား၊ ဒါကြောင့်မို့လည်း ပဉ္စာနန္တရိယကံမှာ တစ်ပေါင်း တည်းပြထားတာကိုး၊ ဒီလောက်ကောင်းတဲ့သီချင်း ဘယ်သူဆိုလို့ ဘယ်သူများရေးဖွဲ့ ထားတာပါလိမ့်"။

သီချင်းအပေါ်စိတ်ဝင်စားလာသဖြင့် အာရုံစိတ်ခါနားထောင်လိုက်တော့ လာပါ ပြီ– *(ပဉ္စာနန္တရိယကံကြီးထိုက်မှာ မကြောက်ကြဘူးလား မရွံ့ကြဘူးလား မလန့် ကြဘူးလားအတည် ငါးဖြာအနန္တ ဂုဏ်ကျေးဇူးကိုရည် ဘယ်သောအခါမှ မမေ့ခဲ့ပေါင် ကြည်အောင် – ကြည်အောင် ရှိသေပါမည် နေ့တိုင်းပဲဖူးချင် သည် ညတိုင်းပဲဖူးချင်သည် ငါးဖြာဂုဏ်ရည် ယုံယုံကြည်ကြည် ရွှေတိုင်ညွန့် က ဝိစိတြကဗျာတေးဖွဲ့ကာစီ––)*တဲ့။

"ဩော်– သီဆိုသူက ဒေါ်ကြည်အောင်၊ ရေးဖွဲ့သူက ဇော်ဝင်းထွဋ်တို့အမေဖြစ်သူ အဆိုတော်ထားရဲ့အဖေ ဆရာရွှေတိုင်ညွန့်ရဲ့ လက်ရာပါလား"ဟုတွေးရင်း မောင်ရိပ်မကျ တကျလမ်းဘေးမှာအသာထိုင်ချကာ သီချင်းအကြောင်းစဉ်းစားလိုက်၊ အမေကိုသတိရလိုက် ဖြစ်နေတော့၏။ သီချင်းအကြောင်းစဉ်းစားနေသည်မှာ– – –

"ဪ–ဗိမ္ဗိသာရမင်း ကိုယ့်ပြန်သတ်မယ့်သားကိုမွေး, ကိုယ်ဝန်လည်းမဖျက်စေရတဲ့၊ ခုနသီချင်းစာသားထဲက (ဝိပါကဝဋ်တွေဟာ တားမရလေပြီ)ဆိုတာလို သူ့ရဲ့ အတိတ်ဘဝက ဝဋ်ကြွေးတွေပဲလေ၊ **'ပြုသူအသစ် ဖြစ်သူအဟောင်း'** ဆိုတဲ့စကားလို ဒီဘဝမှာခံရတာလည်း အတိတ်ကံပါလာလို့ ခံရတာပဲ၊ **(သားတော်မောင် အဇာတသတ် ရယ်က× နန်းရပ်ထီးဖြူလုယူပြန်တော့သည်)**တဲ့၊ တောက်–မိုက်လိုက်တဲ့သားနှယ်၊ ထီးနန်းလုဖို့မလိုပါဘူးကွာ၊ မိဘဆိုတာ သားသမီးတွေရဲ့ အမွေထိန်းတွေပဲဥစ္စာ၊ တစ်နေ့ကျ သားသမီးပဲအပိုင်ရမှာ၊ သားတော်မောင်က အခုပဲလိုချင်တယ်ဆိုတော့လည်း အလွယ်တကူ ပေးခဲ့တာပဲမဟုတ်လား၊ ဒါဆိုရင်ကျေနပ်တော့ပေါ့၊ အခုတော့ **(အဇာတသတ် လူမင်းသား– အနာဂတ်ကို သူမစဉ်းစားတော့ပြီ)**ဆိုတဲ့အတိုင်း ဘာမှကိုမစဉ်းစားတော့ဘူး၊ ဖခင်အသက်ကို ရန်ရှာဖို့ပဲသိတယ်၊

ကြည့်စမ်း–ဗိမ္ဗိသာရတို့များ သူ့သားတော်အပေါ် ယုံကြည်လိုက်ပုံက ခြေဖဝါးဓားခွဲ ရှားမီးခဲ ရဲရဲကင်ဖို့ ရောက်လာတဲ့အာဏာပါးကွက်သားတွေကို 'ဪ– သားတော်မောင်က ငါ့ရဲ့ မုတ်ဆိတ်ကျင်စွယ်ရိတ်ပယ်ဖို့ လွှတ်လိုက်ဟန်တူပါရဲ့–တဲ့၊ ကိုယ့်သတ်ဖို့လာတဲ့သူကိုများ မေတ္တာနဲ့ ကြိုဆိုနေလိုက်သေးတယ်၊ အာဏာသားတွေက ငိုသံပါကြီးနဲ့အကြောင်းစုံလျှောက်တင်တဲ့အခါမှာလည်း 'ဪ– ဒီလိုလား ဘာပဲဖြစ်ဖြစ် ငါ့သားအတွက်မို့ ငဲ့ကွက်စရာမရှိပါဘူး၊ မောင်မင်းတို့ကိုလည်း ငါဘယ်လိုမှမမြင် အပြစ်လည်းမတင်ပါဘူး၊ မင်းတို့ရဲ့ ရှင်ဘုရင် စိတ်ရွှင်ကျေအေးအောင် ကဲ့–ရော့ ရော့ ဟောဒီမှာ ငါ့ရဲ့ခြေဖဝါး ဓားခွဲရုံမက ကြိုက်သလိုသာပြုကြပေတော့ဗျား'–ဆိုပြီး ခြေဆင်း ပေးတော်မူပါသတဲ့၊ နန်းကျဘုရင်ဘဝ ထောင်ကျနေတာတောင် အေးအေးမနေရ ဒုက္ခတွေကရောက်တုန်းပါပဲလား။

*(မွေးသဖခင် ကျေးဇူးရှင်ကိုအတည်× မတရားသက်သက် ရက်စက်လေတော့သည်× )*တဲ့။

အဇာတသတ်တို့ရက်စက်လို့ ဟိုမှာ ဖအေကအသက်ထွက်နေပြီ၊ ဒီမှာကလည်း သားရင်သွေးလေးမွေးပြီ၊ ကိုယ်တိုင် ဖခင်နေရာရောက်မှ အဖေကိုသတိရ–အဖေကိုမေးရ သတဲ့လား၊ ကြည့်စမ်း မေးလိုက်ပုံက *(မယ်တော်ဘုရား× စကားလေးတစ်ခွန်းလောက် မေးစမ်းပါရစေ× အကျွန်ုပ်၏မွေးသဖခင်သည် မေတ္တာသဘောချစ်ပါသလော× ပြောပြပါအခါခါ မေးလေပြီ)* တဲ့၊ မေးမနေနဲ့ မမီတော့ဘူး၊ ဟိုမှာ– အဖေကသေပြီ၊ အားလုံးလွန်ကုန်ပြီ၊ ဘာမှမတတ်နိုင်တော့ဘူး။

အင်း–ဒီနေရာမှာ အဇာတသတ်တစ်ခု ကံကောင်းသွားတယ်၊ အသတ်ခံရတာက ဗိမ္ဗိသာရ၊ ကျန်ရစ်ခဲ့သူက ဝေဒေဟီဖြစ်နေလို့ပဲ၊ ဟုတ်တယ်–အမေဆိုတော့ ဖျောင်းဖျောင်းဖျဖျနဲ့ နားဝင်အောင် ပြောတတ်တယ်၊ ပြောပုံကလည်း ကြည့်လေ– ''သားငယ်စဉ်က လက်မှာပေါက်တဲ့ရှူကိုက်နာ၊ သူ့အာခံတွင်းမှာ ပြည်ပေါက်ကျတာတောင် သားမောင်နိုးသွားမည့်အရေးကြောင့် ထွေးမပစ်ပဲ မျိုချခဲ့တဲ့အဖေကြီးပါ သားရယ်''တဲ့၊ အမေဖြစ်သူအပြော ကောင်းလို့လည်း (အဖေ့မေတ္တာရော အမေ့မေတ္တာပါ နားလည်သွားတာပေါ့)၊ ဒါတွင်မက ''အမှားကိုသိမှ ဘုရားကိုသတိရ တလို့ငိုသည်'' ဆိုတဲ့အတိုင်း အမှားကိုမြင်တော့ ဘုရားရှင်နဲ့လည်း တွေ့သွားခဲ့ရတယ်။ တကယ်လို့ အမေသေပြီး အဖေကကျန်ခဲ့မယ် ဆိုရင်တော့ အဇာတသတ်ခမျာ မိဘမေတ္တာနားမလည်တဲ့အပြင် ဘုရားရှင်နဲ့တောင် တွေ့သွားရမှာမဟုတ်ဘူး။

## အမေ့ရဲ့ထံ အရောက်ပြန်

''ဘာတဲ့–သီချင်းစာသားထဲမှာ (*ကြည်အောင် ကြည်အောင်× ရှိသေပါသည်*) တဲ့၊ ဟုတ်တယ်–မကြည်အောင် မိဘကိုသိပ်ရိုသေသွားတယ်၊ ဒါဖြင့် ငါကော အမေကို ရိုသေခဲ့သလား၊ အမေကိုစိတ်ဆင်းရဲအောင်ပစ်ထားခဲ့မိတယ်၊ မတွေ့ရတာလည်းကြာလှပေါ့၊ တစ်ခါမှလည်း လုပ်မကျွေးခဲ့ရဘူး၊ ခုအချိန်ဆို အမယ်အို ဘယ်လိုများနေရှာပါလိမ့်၊ အမေ့ကိုတွေ့ချင်လိုက်တာ၊ အမေ့ဆီသွားချင်လိုက်တာ၊ အမေ့ကိုကျွေးချင်လိုက်တာ၊ ငါ့မှာအောင်မြင်မှုကလည်းမရ၊ ချွေးကလည်းတစ်ပြားမှမရှိ ဘယ့်နှယ်လုပ်ရပါ့''။

မောင်သုခတစ်ယောက် လမ်းဘေးမှာ အေးဆေးစွာထိုင်ရင်း ငေးနေတွေးနေလိုက်သည်မှာ ဂီတရသမှတစ်ဆင့် ဒေသနာရဲသ, ထိုမှတစ်ဖန် အမေ့ထံစိတ်ရောက်သွားပြန်တော့ မျက်ရည်များက ပိုးပိုးပေါက်ပေါက်ကျလာတော့၏၊ နှစ်နှစ်ကြာမျှ အမေကိုပစ်ထားခဲ့တဲ့ သားမိုက်– အခုတော့ မိဘမေတ္တာသီချင်းသံလေးကြားလိုက်ရမှ အမေ့အကြောင်းတွေ သိပ်ပြောနေပါလား– ပြောရမယ်လေ အမေကိုသတိရသွားပြီကိုး၊ ဂီတလက်နက်အစွမ်းထက် လိုက်ပုံကတော့ အံ့ဩစရာ၊ တကယ်တော့ ထိုးမည့်ဆင် နောက်တစ်လှမ်းဆုတ်–ဆိုတာလို နောက်တန်းပြန် လက်နက်စုဖို့ ဂီတက သတိပေးလိုက်သလိုပင်။

စာရေးဆရာပေါက်စမောင်သုခ ထိုညက ထမင်းလည်းမစား၊ အမေ့ထံသွားဖို့သာ စဉ်းစားနေခိုက် အကြောင်းတိုက်ဆိုင်ချင်တော့ ကျိုက်လတ်တွင် ဒုလ္လဘာရဟန်းမဲ

ပေါက်သတဲ့ "စာပေလောကအောင်မြင်မှုရမှ အမေ့ထံပြန်မည်"ဟု ရည်မှန်းခဲ့သော်လည်း ယခုတော့ မိခင်နှင့်တွေ့ရန်အကြောင်းကဖန်လာခဲ့ပြီ၊ သည်လိုနှင့် မိခင်မြတ်ရှိရာ ကျိုက်လတ်သို့ပြန်၊ ရဟန်းခံရန်စီစဉ်သည့်အခါ မိခင်ခမျာ ပဋ္ဌင်းအစ်မအဖြစ်ကိုထား၍ ပရိက္ခရာလေး တစ်ပါးမှပင် ဝယ်မပေးနိုင်တဲ့အမေ၊ သူ့သားရှင်ပြုစဉ်က ရွှေတွဲလဲငွေတွဲလဲနဲ့ ပျော်ပွဲဆင်ခဲ့တဲ့အမေ၊ အခုတော့ သားရဟန်းလောင်းကို မျက်ရည်လေးစမ်းစမ်းစမ်းစမ်းနဲ့ ခပ်လှမ်းလှမ်းမှမျှော်ကြည့်နေတဲ့အမေ၊ သည်မိခင်၏ဖြစ်အင်ကိုမြင်ရပြန်တော့ မောင်သုခ တစ်ယောက် အပူလုံးကြွကာ ယူကျုံးမရဖြစ်မိ၏၊ နောက်ဆုံးတော့ သူများရဲ့ ပေးစာကမ်းစာ ပရိက္ခရာလေးနှင့်ပင် မောင်သုခခမျာ ရဟန်းဘဝရောက်ခဲ့ရရှာ၏။

ပိဋ္ဌပါတ်ခုတင်ဆောင် ဒုလ္လဘရဟန်းများနှင့် မနက်ပိုင်းဆွမ်းခံလှည့်လည်သည့်အခါ အမေငိုနေသည့်အိမ်ကလေးကို မျက်လွှာပင့်၍ဝင့်အကြည့်၊ တွေ့ပါပြီ– ပုဆိုးကွယ် လေ့ကားလက်တန်းလေးကိုင်ပြီး သံဃာတော်အပါး(၁၀၀)ကြားမှာ သားရဟန်းကိုရှာဖွေနေသည့် မိခင်၏မျက်နှာထား၊ သားနှင့်အမိအကြည့်ချင်းဆုံကြပြန်တော့ သားရဟန်းကိုဆွမ်းမလောင်းနိုင်ရှာလို့ ဝမ်းနည်းခြင်း ယူကျုံးမရဖြစ်ခြင်းများ ယှက်သန်းနေသည့်မိခင်၏ မျက်နှာ၊ ရင်ထုမနာ ဝမ်းသာဝမ်းနည်းမျက်ရည်လည်ရွဲနှင့် လူအများလောင်းလှူနေကြသည်ကို ငေးမျှော်အားကျနေဟန်ရှိလေ၏။

မောင်သုခလည်း သူ့အမေကိုလှမ်းကြည့်ကာ "ဟော–အမေ ငါ့ကိုလှမ်းကြည့်နေတယ်၊ အမေ့ပြုံးစစနဲ့မျက်နှာမှာ နှုတ်ခမ်းကပြုံးပေမယ့် မျက်လုံးကစိုစွတ်နေပါလား၊ ခုအချိန်မှာ ငါ့အမေဆင်းရဲနေတယ်၊ ခုလိုဆင်းဆင်းရဲရဲနဲ့များ ငါ့အမေသေသွားခဲ့ရင်ဒုက္ခပဲ၊ ငါမကြီးပွားခင် မအောင်မြင်ခင်မှာ အမေသေသွားရင် ဘယ်လိုမှဖြေလို့ရမှာမဟုတ်ဘူး၊ အမေ ရယ်–သားမောင်မချမ်းသာခင် အမေမသေလိုက်ပါနဲ့ဦး"ဟု စိတ်ထဲကပြောနေမိ၏။

ညပိုင်းဒုလ္လဘရဟန်းများတရားထိုင်ကြသည့်အခါ မောင်သုခ၏စိတ်မှာ အာနာပါနဆီမရောက်၊ သူ့အမေဆီသာရောက်နေ၏၊ တရားထိုင်ရင်းတစ်ယောက်တည်း တဲ့အောင်မနေပဲ ရန်ဖြစ်နေလိုက်သည်မှာ –––

"အမေ့ကို ထမင်းကျွေးချင်လိုက်တာ"၊
"ဒါဆိုရင် မင်းမှာပိုက်ဆံရှိသလား"၊
"ပိုက်ဆံရှိတဲ့အခါပေါ့၊ ငါတောင်ရန်ကုန်မှာ
ကုန်းကြောင်းလျှောက်နေရတာ"

"ဟကောင်- မင်းပိုက်ဆံရှိလာတဲ့အထိ မင်းအမေကော စောင့်နိုင်မှာလား၊ မင်းကြီးပွားချမ်းသာတဲ့အထိ မင်းအမေကစောင့်နေမှာလား။ ကဲ ကဲ မင်းအမေကစောင့်နိုင်တယ်ထား မင်းကရန်ကုန်ပြန်ရောက် ကားတိုက်ပြီးဒိုင်းခနဲသေသွားရင် မင်းအမေကို ကျွေးနိုင်ပါတော့မလား"။ "ဒါဖြင့် ငါ ဘာလုပ်ရမလဲ"။ "မင်းကခရုခါးတောင်းကျိုက်ဖမ်းသလို လွယ်လွယ်လေးကို အခက်လုပ်နေတယ်- ဆွမ်းခံကျွေးပေါ့၊ မင်းစိတ်မှာ ကျွေးသင့်-မကျွေးသင့် ဇဝေဇဝါဖြစ်နေရင် ဆရာတော်ကြီးကို လျှောက်ကြည့်ပေါ့ကွာ"။

ဒီလိုနဲ့နောက်ဆုံးတော့ ဦးပဥ္စင်းသုခ စိတ်နှလုံးဒုန်းဒုန်းချကာ ဆရာတော်ကြီးအား "မိခင်ကိုဆွမ်းခံကျွေးချင်ပါကြောင်း-ဝိနည်းတော်နှင့်ညီ,မညီ မိန့်ကြားပေးတော်မူပါရန်" လျှောက်ထားသည့်အခါ ဆရာတော်ကြီးက-

"မောင်ပဥ္စင်းသုခ စာရေးဆရာပီသပါပေတယ်၊ ဒုလ္လဘဝတ်တုန်းရသလောက် အမြတ်ထုတ်သွားချင်လို့ သူ့အမေကိုဆွမ်းကျွေးချင်တယ်ပြောနေတာ၊ အင်မတန်ကောင်းတဲ့ စိတ်ကူးပဲ၊ အားလုံးဝမ်းမြောက်ဝမ်းသာ သာဓုခေါ်လိုက်ကြစမ်း"ဟု မိန့်ကြားတော်မူလိုက်၏။ ဆရာတော်ကြီးက ဆက်လက်၍ ဘုရားရှင်လက်ထက်မိဘကိုဆွမ်းခံကျွေးသည့် ရဟန်းတော်လေးတစ်ပါးအကြောင်း ဟောကြားနေသော်လည်း မောင်သုခနားထဲ ဝင်တစ်ချက်-မဝင်တစ်ချက်၊ မအေကိုဆွမ်းခံကျွေးဖို့အကြောင်းသာ စဉ်းစားရင်း ဝမ်းသာလွန်းလို့ ပီတိမျက်ရည်များပင်ရစ်ဝဲလာမိတော့၏။

ဤကဲ့သို့ မောင်သုခတစ်ကိုယ်လုံး ပီတိအဟုန်လွှမ်းခြုံသွားခြင်း, သံဃာ့ပရိသတ်အလယ်မှာလည်း ဆရာတော်ကြီး၏ချီးမွမ်းခံရခြင်းတို့သည် မိခင်အပေါ်ထားသည့် ပုဗ္ဗစေတနာ၏အကျိုးဆက်များပင်၊ ဒါတောင် ဆွမ်းကို တကယ်ကျွေးရသေးသည်မဟုတ်၊ အမေ့ဆီသွားတောင်မသွားရသေး၊ စိတ်ကူးရုပ်ပုံးစပ်ကာထုတ်ပြောရုံသာရှိပါသေး၏၊ အချိန်မည်မျှကြာသွားသည်မသိ ဆရာတော်ကြီး၏တရားအခဆုံး သံဃာအားလုံး၏ သာဓုခေါ်သံကြီး သုံးခွန်းက ဦးပဥ္စင်းသုခအား ခြောက်လှန့်လိုက်သည့်အခါ၌ကား မျက်ရည်များက သင်္ကန်းပေါ်သို့ တစ်ပေါက်ချင်းကျဆင်းလျက်ရှိသည်ကို သတိပြုမိတော့၏။

## အမေနှင့်တွေ့ခါ ဆွမ်းကျွေးရာ

နောက်တစ်နေ့မနက်ရောက်သော် ဆွမ်းခံအပြန် အမေ့ထံသွားမည်ဆိုတော့- တခြားသံဃာများက "ဒါလေးယူသွားပါ-ကုသိုလ်ပါပရစေ"ဆိုပြီး ခဲဘွယ်ဘောဇဉ်များထည့်ဝင် လှူဒါန်းကြ၏၊ ဆွမ်းသပိတ်က' လေးလွန်းလှသော်လည်း အမေ့ဆီသွားနေသည့် ခြေလှမ်းများကတော့ ပေါ့ပေါ့ပါးပါး သွက်သွက်လက်လက် ကိုယ့်ရင်ခုန်သံနရီစည်းချက်

ကိုပင် ကိုယ်ပြန်ကြားနေရသည်၊ တကယ့်စွန့်စားမှုကြီးတစ်ခုနှင့်ရင်ဆိုင်ရတော့မလို။

"အမေ့ကို ငါဘယ်ကစပြောရပ့်၊ ငါ့အမေဟာ ဘယ်လိုများဖြစ်နေမှာပါလိမ့်၊ ဝမ်းသာသွားမှာလား ဝမ်းနည်းသွားမှာလား၊ ငါ့ကြောင့်များပိုစိတ်ဆင်းရဲသွားလေမလား၊ ဝမ်းပမ်းတသာနဲ့ သာဓုအနုမောဒနာပြုလေမှာလား"ဟု လားပေါင်းများစွာအဖြေရှာလျက် ခပ်သွက်သွက်မြန်းခဲ့သည့်ခြေလှမ်းများက အိမ်ပေါ်ကိုတန်းအတက် မီးဖိုချောင်မှ ထွက်လာသည့်အမေက "ဟယ်–မောင်ပဥ္စင်း အိမ်ကိုကြွလာတယ်"ဟု ပျာပျာသလဲနှင့် ဖျာခင်းပေးကာ ဝမ်းသာအားရဆီးကြိုရှာပါ၏။

"ဘာကိစ္စများ ကြွလာတာပါလိမ့်"ဟု သားပဥ္စင်း မျက်နှာအဖြေရှာလျက် ဇဝေဇဝါဖြစ်နေသော မွေးမယ်တော်အား မောင်သုခက ပဋိသန္ဓာရစကားကို ဤသို့စတင် လိုက်၏။

**"မယ်တော် ထမင်းစားဖို့ချက်နေတာလား"၊**

**"မှန်ပါဘုရား ထမင်းအိုးလေးငှဲပြီးလို့ မီးဖိုမှာနပ်နေတာ၊ ဒါနဲ့မောင်ပဥ္စင်း ဘာကိစ္စကြွလာတာလဲ"၊** သည်တော့ မောင်သုခကလည်းအပါး **"အမေ့ကို** ထမင်းကျွေးချင်လို့"ဟု တိုက်ရိုက်**မပြော၊ "မယ်တော်ကြီးကို** သီလလေးပေးချင်လို့ ကြွလာတာပါ၊ အဲဒါ အမေသီလ**ခံယူဆောက်တည်ပါနော်**"ဆိုတော့ လောကဓံကို ဟာသ နှင့်ဖြေလေ့ရှိသော အမေက– **"မောင်ပဥ္စင်းနယ် ဒီနေ့ ဥပုသ်နေ့မှမဟုတ်ဘဲ"**ဟုပြောကာ ရယ်လေ၏။

မောင်သုခအသံကလည်း တည်တည်ခန့်ခန့်နှင့်– "ဥပုသ်နေ့မဟုတ်လဲ သီလ တော့ဆောက်တည်ကောင်းတယ်မဟုတ်လား ဒကာမကြီး"ဟု မိန့်ကြားသည့်အခါ၊ "ကဲလေ– ဒီလိုဆိုလည်းယူပ့ါမယ်၊ သားကပေးတဲ့သီလဆိုတော့ ပိုကောင်းတာပေါ့"၊ဒီလို နဲ့ သီလခံယူဆောက်တည်နေရင်း မိခင်ဖြစ်သူစဉ်းစားနေသည်မှာ --

"သားမောင်ပဥ္စင်း ကြည့်ရတာ တော်တော်ထူးတယ်၊ ငါ့ကိုလည်း**အမေခေါ်** လိုက်, မယ်တော်ခေါ်လိုက်, မယ်တော်ကြီးခေါ်လိုက်, ဒကာမကြီး**ခေါ်လိုက်နဲ့၊ သီလပေးပြီးရင် ဘာများဆက်လုပ်ဦးမည်မသိ"**ဟု တွေးနေမိ၏၊ သီလပေးပြီးသည်နှင့် မောင်ပဥ္စင်းသုခ မျက်လွှာချကာ ဣန္ဒြေရရနှင့် မိန့်ကြားသည်မှာ---

"ကဲ–ဒကာမကြီး သီလလုံပြီနော်၊ ဒကာမကြီးသီလလုံသလို မောင်ပဥ္စင်းလည်း သီလစင်ကြယ်တယ်လို့ယုံကြည်တယ်၊ ဟောဒီသပိတ်ထဲကဆွမ်းကလည်း သန့်သန့်ရှင်းရှင်း နဲ့ရလာတဲ့ ဓမ္မိယလဒ္ဓအစစ်ပါ၊ ချော့ပြီးခြောက်ပြီးရလာတာမဟုတ် အနုတ္တရံပုညက္ခေတ္တံ လောကဿ–ဆိုတဲ့ဂုဏ်နဲ့ဆွမ်းခံလို့ရလာခဲ့တာ၊ သီလရှိသောမယ်တော်ကြီးကို ယခုသီလ

နှိတည်ဆဲမောင်ပဥ္စင်းက စင်ကြယ်သောခမ္မိယလဒ္ဒုဤဆွမ်းကို ကျွေးချင်ပါတယ် ပူဇော်ချင်ပါတယ်၊ ဤဆွမ်းကိုလဲလှယ်ယူထားပေးပါ''ဟုအမိန့်ရှိကာ ညီငယ်ညီမငယ်တို့အား ဆွမ်းသပိတ်ကို အလှယ်ခိုင်းလေ၏၊ အမေအိုခမျာ မျက်ရည်လည်ရွဲနှင့်ငိုပြီးတော့–

''နောက်များမကျွေးပါနဲ့တော့သားရယ်၊ မောင်ပဥ္စင်းမှာတော့ ကုသိုလ်ရချင်ရမှာပဲ၊ အမေ့မှာ ကုသိုလ်မရတဲ့အပြင် ဒေါမနဿတွေစိတ်ထဲမှာဖြစ်ပြီးတော့ ဝမ်းနည်းဝမ်းသာကြီး၊ စိတ်မှာဖိစီးပြီးခံစားနေရတဲ့ ပရိဒေဝက ကုသိုလ်မဖြစ်နိုင်ပါဘူး၊ ခွင့်လွှတ်ပါတယ် ငါ့သားကို အမေခွင့်လွှတ်ပါတယ်''ဟုပြောကာ ပခုံးတင်တဘက်ကလေးဖြင့် မျက်ရည်စလေးသုတ်နေခိုက် ရှိုက်သံကတဖြည်းဖြည်းကျယ်၍လာတော့၏။

ထိုစဉ်ခဏ မီးဖိုဘက်ဆီမှ ညီမငယ်၏အသံ ''ဟောတော်– အမေ့ထမင်းအိုးတူးကုန်ပြီအမေရေ''ဟု အော်သံကိုကြားလိုက်ရ၏၊ မောင်သုခက မိခင်ကြီးအား–

''သားဦးပဥ္စင်းကို ဆွမ်းတစ်ယောက်မလေး လောင်းချင်တာတောင် သံဃာအပါး(၁၀၀)လုံလောက်အောင်လောင်းနိုင်မှ မောင်ပဥ္စင်းဆီရောက်မယ်ဆိုတာ သိတဲ့အတွက် ဆွမ်းချက်ပြီး မလောင်းနိုင်ခဲ့တဲ့အမေ၊ အခုမီးဖိုထဲမှာ အမေချက်လို့တူးသွားတဲ့ဆွမ်းကို မောင်ပဥ္စင်းသပိတ်ထဲပြန်လောင်းထည့်ပေးပါ၊ အမေချက်တဲ့ထမင်းမစားရတာကြာလှပေါ့ စားချင်နေတာနဲ့အတော်ပဲ''ဟု မိန့်ကြားတော်မူလိုက်ရာ–တစ်ခါတုန်းက မိမိဖတ်ခဲ့ဖူးသော ကဗျာလေးတစ်ပုဒ်ကိုပင် သတိရသွားစေ၏။

## အမေချက်တဲ့ထမင်းဟင်း

ခံတွင်းပျက်တိုင်းလေ
အမေချက်တဲ့ထမင်းဟင်းကို စားချင်လိုက်တာ
အမေဘယ်လိုလေးပဲချက်ချက်
လက်ရာကကောင်းတော့–ထောင်သောင်းချီစားပွဲတွေနဲ့မလဲနိုင်
စားလိုက်တိုင်းမှာ ပရက်ရှာလည်းမတက်
ကိုလက်စထရောလည်းမများ
ခွန်အားကိုဖြစ်စေ နှုတ်မြိန်စေတဲ့
အမေချက်တဲ့ထမင်းဟင်းမှာ
အမေ့မေတ္တာတရားတွေ အပြည့်ခပ်ထားလို့ပေါ့– တဲ့။

မောင်သုခငယ်ရွယ်စဉ်ဘဝ သားရှင်ပြုအလှူပွဲတွင် စိန်နားကပ်ကြီး တဝင်းဝင်းနှင့် သာသနာ့ဒါယိကာမကြီးအဖြစ်ပေါ်လွင်ထင်ရှားခဲ့သော မောင်သုခတို့အမေ မိခင်အိုကအင်္ဂါမျက်လုံး အပြုံးမျက်နှာဖြင့်လျှောက်ထားသည်မှာ–

''မောင်ပဥ္စင်းဆယ်နှစ်သားရှင်ပြုတုန်းကလိုများ အမေချမ်းသာနေသေးရင် အခု မောင်ပဥ္စင်းလာပြီးပူဇော်တဲ့ဆွမ်းသပိတ်ကို ဟောဒီခါးစောင်းမှာတင် ရပ်ထဲရွာထဲလှည့်လည် ပြီးတော့ 'ကျုပ်သားအလိမ္မာက ဒုလ္လဘရဟန်းဝတ်နှင့်ဆွမ်းခံပြီးကျွေးသတော့' လို့ တစ် ရပ်ကွက်လုံးကြားအောင် ကြွားလိုက်ချင်ပါတယ်။

အင်း– အခုတော့ မောင်ပဥ္စင်းရေ မောင်ပဥ္စင်းမြင်တဲ့အတိုင်း အမေ့ဘဝက ဆွမ်းတော်ထားလို့ ဝမ်းတော်မှအနိုင်နိုင်ရယ်၊ ဒီဆွမ်းကိုစားရမှာတောင် အမေ့ရင်ထဲ မချိလှပါဘူး၊ ရှက်လွန်းလို့ လဲတောင်သေချင်ပါတယ်၊ မောင်ပဥ္စင်း ဘာ့ကြောင့် မအေကိုဆွမ်းခံကျွေးရတယ်ဆိုတာ အမေသိပါပြီ၊ အမေကိုပစ်ထားခဲ့လို့ သားမောင် အပေါ်မကျေနပ်ခဲ့သမျှ ဟောဒီဆွမ်းတစ်နပ်နဲ့ပဲ အမေကျေနပ်ပါပြီ၊ မနက်ဖြန်ကစပြီး အမေကိုဆွမ်းခံကျွေးဖို့မစဉ်းစားလေနဲ့၊ အမေကိုဆွမ်းကျွေးတဲ့ကုသိုလ်–အမေ့ အပေါ်ထားတဲ့စေတနာ–အမေကပေးလိုက်မယ့်မေတ္တာ ဒါတွေယူပြီး ငါ့သား စိတ်ချမ်းချမ်းသာသာနဲ့ ရန်ကုန်ကိုပြန်၊ အောင်မြင်အောင်ကြိုးစား ရတနာသုံးပါး လည်းမမေ့နဲ့၊ **အမေ့သား ရည်မှန်းချက်တွေအောင်မြင်ပါစေ–**

**တွေ့မယ့်ဘေး ဝေးပါစေ**

**တိုက်မယ့်ခလုတ် ဆုတ်ပါစေ**

**တိုးမယ့်ကန်သင်းကင်းပါစေ**–ဟု အသံတုန်တုန်ယင်ယင် နှင့်ငိုသံပါနေသော အမေ့မေတ္တာ အမေ့စေတနာစကားလုံးများက သားဖြစ်သူ၏ရင် တွင်းသို့ ခွန်အားများအသွင် ပျော်ဝင်ကာစီးဆင်းသွားခဲ့လေပြီ။ မိခင်ကြီး၏ဟန်ပန် အမူအရာကို ကြည့်ရသည်မှာ သူရဲကောင်းတစ်ယောက်အား လက်နက်အပြည့်အစုံ တပ်ဆင်ပေးကာ မာန်ပါပါနှင့် စစ်မြေပြင်ကိုစေလွှတ်နေသည့် စစ်ဗိုလ်ချုပ်ကြီးတစ်ယောက် အလား ခန့်ခန့်ညားညားရှိလှချေ၏။

## ရန်ကုန်ပြန်ရောက် ကြံ့တိုင်းမြောက်

မောင်သုခတစ်ယောက်အပြန်ခရီးမှာ လာတုန်းကနှင့်မတူပါလေတော့၊ စိတ်ထဲမှာ ငြိမ်းချမ်းနေသလို၊ ရင်ထဲမှာလည်းကြည်နူးချမ်းမြေ့မှုများစွာဖြင့် ပီတိလှိုင်းများတဖျပ်ဖျပ် ရိုက်ခတ်လျက် မိခင်မေတ္တာတစ်ပွေ့တစ်ပိုက်ကြီးနှင့် ကျိုက်လတ်မြို့ကအပြန် ဒုတိယမ္ပိ– နှစ်ကြိမ်မြောက် ရန်ကုန်ပြန်အရောက်မှာတော့ အနုပညာလောကအား စိတ်မကျေပွဲနွှဲရန် လက်နက်အပြည့်အစုံနှင့် စစ်မြေပြင်ထွက်လာသည့်သူရဲကောင်းတစ်ယောက်အလား– ရန်ကုန်သို့အရောက် ရှေးဦးစွာ သဘာဝဓမ္မဆေးကျောင်းတက်လိုက်သေး၏။

စေတနာမှန်သောကံတရားက အဟောသိကံမဖြစ်ပေ၊ အချိန်တန်တော့ အမေကို ဆွမ်းတစ်နပ် ကျွေးခဲ့သည့်စေတနာက အကျိုးပေးလေပြီ၊ မည်သည့်အရာကမျှတားဆီး၍မရပါလေတော့၊ ဇာတာစန်းလဂ်အတက်မြန်လိုက်ပုံက ဒဂုန်မဂ္ဂဇင်းတိုက်၏ ပင်တိုင်ဝတ္ထုရေးဆရာ ဖြစ်လာရုံမက အေဝမ်းဦးတင်မောင်က''ကိုသုခ–ခင်ဗျား မိန်းမကျမ်းကျေတယ်၊ မိန်းမတွေရဲ့အကြောင်းကိုသိတယ်၊ သိပ်အံ့ဩတယ်ဗျာ၊ ခင်ဗျားငယ်ငယ်က ခင်ဗျားအမေဆေးလိပ်ခုံများ ထောင်ခဲ့သလား မပြောတတ်ဘူး၊ အခုကျုပ်ရိုက်ကူးမယ့် 'ချစ်အမျှ' ဇာတ်ကားမှာ ဇာတ်ညွှန်းရေးပေးစမ်းပါ''တဲ့။

ဒီလိုနဲ့ ဝတ္ထုလည်းရေး ဇာတ်ညွှန်းရေးဆရာလည်းလုပ်၊ ထိုမှတစ်ဆင့် ဒါရိုက်တာ၊ ရလိုက်သည်က အကယ်ဒမီများစွာ၊ တစ်ခါတလေ သီချင်းဆိုရုံမက ကိုယ်တိုင်ပင်ပါဝင်၍ သရုပ်ဆောင်လိုက်သေး၏၊ အမေကိုကျွေးခဲ့ရသည်က ထမင်းတစ်နပ်ထဲ–အောင်မြင်မှုတွေကဆင့်ကဲဆင့်ကဲ၊ ''အမေကိုကျေးဇူးဆပ်ချင်လို့ 'စကားပြောသောအသည်းနှလုံး' ဇာတ်ကား ကျွန်တော်ရိုက်တယ်၊ အမေကိုပူဇော်တဲ့ဇာတ်ပါ၊ ပိုက်ဆံရရ–မရရ၊ လူကြိုက်ကြိုက်–မကြိုက်ကြိုက် ကျွန်တော်ရိုက်မှာပဲ''ဟု မကြာခဏပြောလေ့ရှိ၏။

သည်လိုနှင့်အောင်မြင်မှုတွေရလာသည့်အခါ ''ဒါအမေ့ကျေးဇူး အမေ့ကိုကျွေးချင်လိုက်တာ''ဟု အခါခါတမ်းတ၏၊ သို့သော် ကျွေးခွင့်မရပါလေတော့၊ အမေတစ်ယောက်ကျိုက်လတ်မှာမရှိတော့ပဲ ညီမနှင့်အတူ ပုသိမ်သို့လိုက်နေရာမှ ရလာသည်က တီဘီရောဂါ၊ အခြေအနေမကောင်းသဖြင့် ရန်ကုန်ခေါ်ကာ ကုသပါသော်လည်း ကိုသုခ၏လက်ပေါ်မှာပင် (ငါကျေနပ်ပါတယ်သားရယ် – ငါကျေနပ်ပါတယ်)ဟူသော တိုးညှင်းလှသည့် မိခင်၏နောက်ဆုံးစကားသံက သားဖြစ်သူနှင့် တဖြည်းဖြည်းဝေးကာဝေးကာ မီးခိုးများပမာ လွင့်မျောပျောက်ကွယ်သွားလေတော့၏။

**လမင်းမေတ္တာ ကူဋေကုဋာ**

**ဟောဒီအခြေ ကမ္ဘာမြေပေါ်မှာ**
**အမေ–လို့ခေါ်တဲ့အရသာ ၊ အဖေ–လို့ခေါ်လိုက်ရတဲ့အရသာ**
**အတုလုပ်လို့မရနိုင်ပါ**
**များစွာကျေနပ် အဲဒီဂုဏ်ဒြပ် ကျေးဇူးမြတ်**
**ဘာနဲ့ဆပ်ဆပ်မကျေ – ဘယ်နှစ်ခါဆပ်ဆပ်မကျေ**

**အဖေဆိုတာ နေမင်းပါ ၊ အမေဆိုတာလမင်းပါ**
**သားတို့အသည်း ၊ သမီးတို့အသည်း ၊ အစဉ်အမြဲ ဘဝင်စွဲ**
**ရင်ထဲကမဟာ ရှိခိုးဦးချမဆုံးပါ ၊ နေမင်းမေတ္တာ စကြာဝဠာ**
**လမင်းမေတ္တာ ကုဋေကုဋာ။**(မြေလတ် မောင်မြင့်သူ)

**မှတ်ချက်** / ဆရာကြီးဦးသုခ၏ခံစားချက်ကို ကက်ဆက်တိတ်ခွေမှတစ်ဆင့် ပုံတူငှားယူခံစားကာ ပြန်လည်ရေးဖွဲ့ပါသည်။

တမလွန်မှမိခင်ကိုတမ်းတကာ (**အမေစားရသောထမင်းတစ်နပ်**)အကြောင်း စိတ်ပါ လက်ပါပြောပြောနေသည့် ဆရာကြီးဦးသုခ၊ မျက်လုံးအိမ်မှာ မျက်ရည်ကြည်များ ဝေ့လျက် သူ၏ရင်ဘတ်ကို ညာလက်ဝါးဖြင့် တဘုန်းဘုန်းထုရိုက်ကာ–

''ဘဘက ငါတတ်လှပြီ–ဆိုပြီး ပြောနေတာမဟုတ်ဘူးဗျ၊ ငါမိုက်ခဲ့လွန်းလို့ မိုက်ခဲ့လွန်းလို့ ၊ ငါ့လိုနောင်တ ကြီးမှမရကြစေနဲ့၊ မိုးလွန်မှထွန်မချကြနဲ့၊ ရှိတုန်းလေး ရှိတုန်းလေး အမေဆိုတဲ့ဂုဏ်ကို ရှိတုန်းလေးနော် ၊ သတိရကြ၊ အမလေး– အမေဟာ အရုပ်ဆိုးတယ် ဆိုးဆိုး အမေပဲ၊ အမေဟာ အကျည်းတန်တယ်– တန်ပစေ၊ ပညာမတတ်ဘူး–တတ်တတ် မတတ်တတ် ဘာမှမဆိုင်ဘူး၊ အမေက အမျိုးညံ့တယ်– ညံ့ပစေ အမေဟာ အမေပဲ၊ ငါတို့အပေါ်မှာ မိဘဝတ္တရားကျေတယ် မကျေတယ် မဆိုင်ဘူး၊ အမေဟာ အကျင့်စာရိတ္တ မကောင်းဘူး–မကောင်းပစေ ဘာဖြစ်နေနေ အမေဟာ အမေပဲ၊ မွေးကျေးဖူးနဲ့တင် အနန္တဂုဏ်ရှင်ဖြစ်နေပြီနော်၊ ဒီတော့ ဘဘအဖြစ်ကို သင်ခန်းစာယူလိုက်ကြစမ်းပါ၊ နောင်မှ နောင်တမရကြပါစေနဲ့''ဟု အထပ်ထပ်အခါခါ မှာကြားသွားခဲ့ပါတော့၏။

## စာပေလောက မိန္နင့်ဖ

ရုပ်ရှင်နှင့်ဂီတကို ကြည့်ရှုနားထောင်ခြင်းဖြင့် **မိဘနှင့်သားသမီးတို့၏ အကောင်း** အဆိုးအမျိုးမျိုးနှင့် အတုယူစရာ သင်ခန်းစာယူစရာများကို **ကောင်းနိုးရာရာတင်ပြခဲ့ပြီး** ဖြစ်၏။ ထို့အတူ စာပေကိုလေ့လာဖတ်ရှုခြင်းအားဖြင့်လည်း **မိဘနှင့်သားသမီးတို့အကြား** သင်ခန်းစာနှင့် အတုယူစရာများကို ရရှိနိုင်ပါသည်။

စာပေဟူရာ၌ လောကီစာပေ ဘာသာစာပေနှစ်မျိုးလုံးကိုဆိုလို၏၊ ဘာသာရေး စာပေသည် ယနေ့ထွက်ပေါ်နေသော ဘာသာရေးစာအုပ်များ **စာစောင်များ ဓမ္မပဒပါဠိ** တော်မြန်မာပြန် မဟာဗုဒ္ဓဝင် ဇိနတ္ထပကာသနီ–စသည်ဖြင့် **ဖတ်စရာတွေများလွန်းလှ၏။**

မိဘကိုပြုစုလုပ်ကျွေးသဖြင့် မြားဆိပ်ပြေကာ အသက်ပြန်ရှင်လာသော **သုဝဏ္ဏ**

**သာမဇာတ်တော်**၊ ဆင်းရဲဒုက္ခရောက်နေရှာသည့်မိအိုဖအိုတို့အား ဆွမ်းခံကျွေးသော သာဝတ္ထိပြည်မှ **သူဌေးသားရဟန်းတော်လေးတစ်ပါး၏ဇာတ်လမ်း**၊ မွေးမိခင်ကြီးအား ငွေသားတစ်ထောင်ဖြင့်ပူဇော်ကာ ညောင်ပင်စောင့်နတ်ဘီလူးထံ အစားခံရန်သွားသော **သုစနမင်းသားဇာတ်လမ်း**၊ မျက်မမြင်မိဘနှစ်ပါးကိုပြုစုလုပ်ကျွေးသော **ဘုရားအလောင်းလင်းတမင်းဇာတ်**၊ မိခင်ဆင်မကြီးအားပြုစုလုပ်ကျွေးသော **ဘုရားအလောင်းမာတုပေါသကဆင်ဖြူတော်ဇာတ်**၊ မိဘကိုလုပ်ကျွေးခြင်းသည် ကြွေးဟောင်းဆပ်ခြင်းမည်ပါသည်–ဆိုသော **သာလိကေဒါရကျေးမင်းဇာတ်**၊ မျက်မမြင်မိခင်အိုကိုအသက်ပေး၍ လုပ်ကျွေးသော **မဟာနန္ဒိယမျောက်မင်းဇာတ်**စသည်ဖြင့် အတုယူအားကျဖွယ်ရာ ဇာတ်လမ်းများ။

သူခိုးဓားပြဟန်ဆောင်လျက် မိဘကို ရိုက်နှက်ခဲ့သည့် **ရှင်မဟာမောဂ္ဂလ္လာန်အလောင်း**၊ မိခင်ကိုခြေနှင့်ကန်၍ ငရဲပန်းကိုမှ ရွှေပန်းထင်ခဲ့သည့် **မိတ္တဝိန္ဒက**၊ အဖေကို ပြန်သတ်တဲ့ **အဇာတသတ်**၊ သားစားကြူးသည့်အရက်မူးဘုရင်က သူ့သားတော်လေးရဲ့ အသက်ကို **အရက်နဲ့မြည်းတဲ့ဇာတ်**၊ သားအရင်းဓမ္မပါလကို ပြန်သတ်တဲ့ **မဟာပတာပမင်းကြီးအကြောင်း**စသည်ဖြင့် သင်ခန်းစာယူစရာ ရှောင်ကြဉ်ရမည့်ဇာတ်လမ်းများ အမြောက်အများရှိနေသည်ကို တွေ့ရလိမ့်မည်။ ဗုဒ္ဓဘာသာမြန်မာလူမျိုးများ နားရည်ဝနေသော ဇာတ်လမ်းများလည်းပါဝင်၏။ ၎င်းတို့မှာ ပုံပြင်ဆန်ဆန် ဒဏ္ဍာရီအလားရေးဖွဲ့ထားသည့် ဇာတ်လမ်းများမဟုတ်ကြ၊ မြတ်စွာဘုရားရှင် ကိုယ်တော်တိုင် ဟောကြားတော်မူခဲ့သည့် တကယ့်အဖြစ်အပျက် ဇာတ်တော်များသာဖြစ်ပါ၏။

## ကျေးဇူးဆပ်ပြ မြတ်ဗုဒ္ဓ

ဗုဒ္ဓုပ္ပတ္တိ–ခေါ် မြတ်စွာဘုရားရှင်၏အဖြစ်တော်စဉ် ဗုဒ္ဓဝင်ကျမ်းစာများကိုလေ့လာဖတ်ရှုပါက မိဘကျေးဇူးကျေအောင်ဆပ်နည်းကို သိရှိနိုင်၏။ မိဘကျေးဇူးဆပ်ရာ၌ လောကီနည်းနှင့်ဆပ်၍မကျေ၊ လောကုတ္တရာနည်း(ဓမ္မ)နှင့်ဆပ်မှသာကျေနိုင်သောကြောင့် ဘုရားရှင်ကိုယ်တော်တိုင် မိဘနှစ်ပါးအား တရားဓမ္မဖြင့်ကျေးဇူးဆပ်ပြတော်မူခဲ့၏။

ရှင်းပြပါအံ့ – ဖခမည်းတော်အား မြတ်တရားဖြင့်ကျေးဇူးဆပ်ရန် ဗုဒ္ဓမြတ်စွာရာဇဂြိုဟ်မှ ကပိလဝတ်နေပြည်တော်သို့ကြွတော်မူရာ၌ စကြာနှံ့ပိုင်းအတွင်း အဘိညာဉ်တန်ခိုးဖြင့် ဈာန်ယာဉ်နှိုးလျက် မြေလျှိုးမိုးပျံကာ ကြွတော်မူခဲ့သည်မဟုတ်၊ နောင်လာနောက်သား တို့လူများတို့ မိဘကျေးဇူး အထူးသိကြပါစေ–ဟူသောရည်ရွယ်ချက်ဖြင့် နှစ်လတိုင်တိုင် အပင်ပန်းခံကာ တစ်နေ့လျှင် တစ်ယူဇနာကျ ရှစ်မိုင်နှုန်းဖြင့် ခြေလျင်ကြွတော်မူလျက်

တစ်ရက်တည်းဖြင့် ခမည်းတော်မင်းမြတ်အား သောတာပန် သကဒါဂါမ်တည်သည့်တိုင်အောင် တရားနှင့်ကျေးဇူးဆပ်တော်မူခဲ့၏။ (အစတုန်းက ကောဏ္ဍညပုဏ္ဏား လက်ညှိုးတစ်ချောင်းတည်း ထောင်ပြသည်ကိုပင် မလိုလား၊ သုဒ္ဓေါဒနတို့များ သူ့သားသိဒ္ဓတ္ထအပေါ် မျှော်လင့်ချက်လေးထားခဲ့ပုံက **"ဘုရားမဖြစ်စေရ၊ စကြာမင်းသာ ဖြစ်စေရမတဲ့"**၊ ခုတော့လည်း သားဘုရားအပေါ် ကျေနပ်အားရလို့ကို မဆုံးနိုင်တော့ပါလား)။

ဗုဒ္ဓမြတ်စွာ ခုနစ်ဝါမြောက်ရောက်သည့်အခါ၌ ကိုးလလွယ်ခါ ဆယ်လဖွားခဲ့ရပြီး၊ သားတော်လေးသိဒ္ဓတ္ထ- (၇)ရက်သားအရွယ်မှာ နတ်ရွာလားခဲ့ရရှာသည့်မယ်တော်၊ မယ်တော်ရှိရာ ဝတီသာသို့ မွေးကျေးဇူးဆပ်ကြွတော်မူရာ၌လည်း လူမသိသူမသိ တိတ်တိတ်ကလေးတန်ခိုးဖြင့်ကြွကာ ဆပ်တော်မူခဲ့သည်မဟုတ်၊ လူနတ်ပြဟ္မာသတ္တဝါအားလုံး စကြာဝဠာသောင်းတိုက် ပေါင်းလိုက်တဲ့မြေပြင်လို လူတွေနတ်တွေပြဟ္မာတွေအကုန်လုံးမြင်သာအောင် တိတ္ထိတွေနဲ့တန်ခိုးပြိုင် အောင်ပန်းကိုလှမ်းကိုင်ပြီးတော့မှ မယ်တော်ရှိရာ ဝတီသာနန်းသို့ နှစ်လှမ်းသုံးဖဝါးဖြင့် ခြေလျှင်လှမ်းကြွတော်မူလျက် ရက်ပေါင်း (၉၀) ဝါတွင်းသုံးလအဘိဓမ္မာဒေသနာတော်မြတ်ကို ဟောကြားတော်မူ၍ မယ်တော်မိနတ် နတ်သားမြတ်အားသောတာပန်အဆင့်ရောက်အောင် တရားနှင့်ကျေးဇူးဆပ်တော်မူခဲ့ပါသည်။ မယ်တော်မာယာနှင့်ဘဝခြားနေသည့်အတွက် အမေရင်းမဟုတ်တော့သော်လည်း တစ်ဘဝလဲအမေ၏ဂုဏ်ကျေးဇူးကိုပင် **(နို့တစ်လုံးဖိုးသာမက နို့နှစ်လုံးဖိုးထက်သာလွန်စေကာ)** အကြွင်းအကျန်မရှိရလေအောင် တရားနှင့်ကျေးဇူးဆပ်ပြသွားတော်မူခဲ့၏။ လူ့ကမ္ဘာမှ တမလွန်ဘဝနတ်ရွာရှိ အမိ၏ကျေးဇူးကိုဆပ်နိုင်သူ ဗုဒ္ဓဘုရားရှင်မှလွဲ၍ မည်သည့် တန်ခိုးရှင်ပုဂ္ဂိုလ်များရှိပါသေးသနည်း။

ဒါတောင်မှ ဘာသာရေးအသိဉာဏ်နည်းပါးသူ လူညံ့လူဖျင်းတွေက ပြောကြသည်မှာ၊ **"နို့တစ်လုံးဖိုးသာကျေသတဲ့၊ မိဘကျေးဇူးကျေအောင်မဆပ်နိုင်ဘူး"** တဲ့။ ရှေ့ကလူ အရူးစကား နောက်လူများကလည်း အဟုတ်မှတ်၊ **(ဘုရားတောင် နို့တစ်လုံးဖိုးသာကျေတယ်)** ဟု စကားလေးညှပ်ညှပ်သုံးရင်း မိုက်လုံးကြီးနေလိုက်ကြသည်မှာ ဘာသာရေးဦးနှောက် အဆန်ချောင်ရုံသာမက ဗုဒ္ဓဘုရားရှင်ကိုပင် ပြစ်တင်စော်ကားရာရောက်နေသည်ကို သတိမပြုမိကြ၊ ဆရာတော်ကြီးများက ကျမ်းဂန်လာသာဓကများဖြင့် ရှင်းလင်းတင်ပြရေးသားနေကြပါလျက် ၎င်းစကား ပျောက်မသွားသေးသည်မှာ ဝမ်းနည်းစရာတော့ကောင်းလှ၏၊ ဒီစကားလုံးကို အနုပညာသမားတွေကပါ သုံးနေတော့ အားလုံးကျယ်ပြန့်ကုန်တော့၏၊ ဘာသာရေးစာပေများများဖတ်ပါ-ဟုသာ တိုက်တွန်းချင်ပါသည်။ ဗုဒ္ဓဘုရားရှင်သာမက အရှင်သာရိပုတ္တရာမထေရ်သည်လည်း မိခင်ကြီးအား တရားနှင့်ကျေးဇူးဆပ်တော်မူခဲ့၏၊ **"မယ်တော်ကိုတောင် တရားမပြနိုင်ပါဘူးကွာ"** ဟု

သမိုင်းတွင် ကျန်ရစ်မှာစိုးလို့ မိစ္ဆာဒိဋ္ဌိအယူသည်းနေတဲ့ မယ်တော်ကြီးထံ အဘိညာဉ်ခရီးဖြင့် ချာန်ယာဉ်စီးပြီး စက္ကန့်ပိုင်းအတွင်း ကြွရောက်ကာ ကျေးဇူးဆပ်ခဲ့သည်မဟုတ်၊ **"နောက်နောင်းလူသား တို့လူများတို့ မိဘကျေးဇူး အထူးကြီးမားကြောင်း"**သိစေလို၍ ဇင်လ–မြေပြင်ကြမ်း ခြေလျင်လှမ်းကြွတော်မူလျက် အသက်(၉၀)ကျော်မိခင်အိုကြီးအား သောတာပန်အဆင့်ရောက်အောင် တရားနှင့်ကျေးဇူးဆပ်တော်မူခဲ့၏။ (အစတုန်းက သူ့သားတော်မောင် ရဟန်းဘောင်ဝင်မည်ကိုမလိုလား။ ပိုယိုကာ တားမြစ်ခဲ့သည့်မိခင်ကြီး၊ အခုတော့လည်း သားရဟန်း၏ကျေးဇူးသိတတ်မှုကြောင့် အဝိဇ္ဇာမှောင်ကိုဖျောက်၊ ဝိဇ္ဇာအလင်းကို ရောက်ခဲ့ပါရော့လား)။

## လောကီစာပေ ဖတ်ကြည့်လေ

မိဘနှင့်သားသမီးတို့အကြောင်းကို ဘာသာရေးစာပေအပြင် လောကီစာပေလေ့လာဖတ်ရှု၍လည်း သင်ခန်းစာယူနိုင်၏။ ဖခင်စကားနားမထောင် ကျေးဇူးမသိတဲ့သမီးမိုက်ရလာသည့်နောင်တတရားကို ဘဝနှင့်ရင်းပြီးပေးဆပ်လိုက်ရသည့် (လယ်တွင်းသားစောချစ်) ၏ "လေမှာနစ်သောငှက်"၊ (အမျိုးသားပညာဝန်ဦးဖိုးကျား)၏ "မင်းကတော်" ဝတ္ထုတိုလေးမျှကိုသာ ညွှန်းချင်ပါသည်။

အနုပညာဖန်တီးသူများကလည်း မိဘနှင့်ပတ်သက်၍ လူ့လောကတွင် မဖြစ်နိုင်သည့်စိတ်ကူးယဉ်ဇာတ်လမ်းများကိုသာ ရေးဖွဲ့တင်ပြကြသည်မဟုတ်၊ လူ့ဘဝပတ်ဝန်းကျင်တွင် ဖြစ်လေ့ဖြစ်ထရှိသော အဖြစ်အပျက်များကိုသာ ဖွဲ့နွဲ့ရေးသားကြခြင်းဖြစ်၏။ ဒီလိုအဖေမျိုး ရုပ်ရှင်ထဲမှာပဲရှိတယ်– ဒီလိုသမီးမျိုး စာအုပ်ထဲမှာပဲရှိတယ်"ဟု ယူဆလျှင်မှားသွားမည်၊ စာရေးဆရာသာဓု၏ "အတာ"ဝတ္ထုရှည်ကြီးထဲတွင် သားအရင်းအပေါ်မှာ မေတ္တာတရားခေါင်းပါးလှသော မိခင်အကြောင်းရေးထားသည့်အတွက် ၎င်းစာအုပ်ကိုဖတ်ရှုသူမိတ်ဆွေတစ်ဦးက ဆရာသာဓုအား "ခင်ဗျားစာအုပ်ထဲကအမေမျိုး အပြင်လောကမှာ မရှိနိုင်ပါဘူး၊ ခင်ဗျားရေးတာ ပိုလွန်းတယ်"ဟု ဝေဖန်ရာတွင် ဆရာသာဓုက **"အဲဒီ ကျုပ်အမေအရင်းဗျ အမေရင်းမို့ လျှော့လျှော့ပေါ့ပေါ့ ဖော့ရေးထားတာ"**ဟုပြန်လည်ချေပခဲ့ကြောင်း စာစောင်တစ်ခုမှာဖတ်ခဲ့ရ၏။

## လေမှာနစ်သောငှက် အပျံခက်

လေမှာနစ်သောငှက်စာအုပ်ကို စိတ်ဝင်တစားဖတ်နေသည့်မိန်းကလေးက **"ဩော်–ဖခင်ရဲ့ဆုံးမစကားနားမထောင်, ကိုယ့်သဘောနဲ့ကိုယ်ဆုံးဖြတ်, အဖေနဲ့အတူနေရတာ မလွတ်လပ်ဘူး, ချစ်ချယ်မှုတွေများတယ်' ဆိုပြီး ဖခင်၏အရိပ်မှ**

**ထွက်ခွါ, ပြီးတော့ အရွဲ့တိုက်ခါ လုပ်ချင်ရာလျှောက်လုပ်, နောက်ဆုံးတော့ ဘဝပျက် ရုံမက အသက်ပါပေးလိုက်ရတဲ့သမီးမိုက်ပါလား၊ ငါတော့ လူကြီးမိဘတို့ရဲ့ဆုံးမ စကားကို နားထောင်မှဖြစ်မယ်''** ဟု တွေးကာ ဇာတ်ကောင်မိန်းကလေး၏အဖြစ်ကို သင်ခန်းစာယူနေပေလိမ့်မည်။

မိဘများသာမက (အစ်ကိုကြီးတော့အဖအရာ–အစ်မကြီးတော့အမိအရာ) ဆိုတာလို အစ်ကိုအစ်မတွေကလည်း ဆုံးမခဲ့ကြ၏။ ဒီနေ့ခေတ် အပျိုသင်စ မြီးကောင်ပေါက်အရွယ် အချစ်ရူးညီမလေးများကို အစ်မကြီးမိုးမိုး(အင်းလျား)က ကရုဏာသက်စွာဖြင့် မေးခွန်းထုတ်လိုက်သည့်စာအုပ်ကတော့ ''**ညီမလေးက အချစ်ကိုကိုးကွယ်သတဲ့လား**''တဲ့။

စာအုပ်ထဲမှာသာမက အပြင်လောကမှာလည်း မိဘစကားနားမထောင်လို့ ဒုက္ခရောက်ရသည့်သာဓကတွေက များလွန်းလှချေ၏။ တချို့များကျတော့ မိဘနှစ်ပါးနှင့် အစ်ကိုအစ်မတွေက ကောင်းစေချင်လို့မှာစေချင်၍ ဆိုဆုံးမသည်ကိုပင် ပေါ့ပျက်ပျက်နှင့် အလေးအနက် မထားတတ်ကြ၊ အစ်မဖြစ်သူက ''ငါ့ညီမ–ယောကျ်ားလေးတစ်ယောက်ကို ချစ်တယ်ဆိုတဲ့စကား လွယ်လွယ်လေးမပြောရဘူး''လို့ဆိုတော့၊ ''ဒါဖြင့် ခက်အောင် ဘယ်လိုပြောရမလဲဟင်''ဟု ပြုံးစိစိနှင့် သူ့အစ်မကို ခပ်နောက်နောက်ပြန်ပြောလိုက်ပါသတဲ့၊

''ယောကျ်ားလေးတစ်ယောက်က မိန်းကလေးတစ်ယောက်ကို (လက်ထပ်ပါရစေ) လို့ ပြောလာတဲ့အချိန်ဟာ သူ့ရဲ့အချမ်းသာဆုံးအချိန်ပဲ၊ ငါ့တူမရဲ့လူက အဲဒီလိုပြောလာပြီဆိုရင်တော့ မငြင်းလိုက်နဲ့နော်''–ဆိုပြီး ကျိတ်အားပေးတတ်တဲ့ အဒေါ်မျိုးကလည်း ရှိသေး၏။ (''အမေနောက်အိမ်ထောင်ထူတော့ သမီးကနှစ်ယောက်လုပ်စာ ထိုင်စားရတာပေါ့''ဟု ခပ်နောက်နောက်ပြောတတ်သော သမီးမျိုးလည်း တွေ့ဖူး၏။)

စွယ်စုံရကျေးလက်အဆိုတော်ကြီးကတော့ (*မိဘစကားနားဝယ် ထား–မှားတယ်များ ကြားဖူးပါသလားကွယ်*)တဲ့၊ (*အစ်ကိုပြောတာ နားထောင်ရင် ဖျက်ရည်မိုးနဲ့ဝေးရလိမ့်မယ်*)တဲ့၊ သီချင်းဆို၍ဆုံးမခဲ့၏။ ဒါတောင် သူ့နယ်သား အဆိုရှင်တစ်ယောက်က မဆုံးမ,ရုံအပြင် (*ယောကျ်ားပဋ္ဌင်း မိန်းမပုခက်တွင်း ဆိုရိုးစကားရှိပါတယ်– ဦးနဲ့သမီးတို့ဘဝ မတွေ့ရမနေနိုင်တော့ဘူးကွယ်*)ဆိုပြီး တစ်ဆယ်ကျော်ငါးနှစ်ပတ်လည်သာရှိသေးသည့် တင့်တင့်တို့အရွယ်သမီးငယ်လေးများကို အမိုက်ဇာတ်ခင်းအောင် မှိုင်းတိုက်သွားလိုက်သေး၏။

တချို့ကလည်း မီးလောင်ရာလေပင့် ကြားဖူးနားဝစကားလေးနှင့် မြှောက်ပေးကြပြန်သည်မှာ "အမေ့စကားလဲ နားထောင်သင့်မှနားထောင်– နားမထောင်သင့်ပဲ နားထောင်ရင် မဂ်ဖိုလ်မရတဲ့မောင်သုဒိန်လို ဖြစ်သွားလိမ့်မည်၊ ဆရာ့စကားလည်း နားထောင်သင့်မှ နားထောင်–နားမထောင်သင့်ပဲနားထောင်ရင် အဖသတ်တဲ့ အဇာတသတ်လို ဖြစ်သွားမယ်၊အဖေ့စကားလည်းနားထောင်သင့်မှနားထောင်–နားမထောင်သင့်ပဲနားထောင်နေရင် သိဒ္ဓတ်မင်းသား ဘုရားတောင်ဖြစ်မှာမဟုတ်ဘူး"တဲ့။ ပြော်– ဖြစ်ခဲတဲ့ကိစ္စကို စာတစ်တန်ပေတစ်ဖွဲ့နဲ့ ကျမ်းဂန်လာအထောက်အထားတွေပြလို့ပါလား။

မည်သို့ဖြစ်စေ၊ မိဘများကတော့ သားသမီးတို့အပေါ် (**မကောင်းမြစ်တာ–ကောင်းရာညွှန်လတ်**) ဆိုသည့်မိဘတို့ဝတ္တရားအတိုင်း မကောင်းရာကိုတားမြစ်၍ ကောင်းရာကိုသာ ညွှန်ပြကြပါလိမ့်မည်၊ သားငယ်သမီးငယ်တို့လို အညတရအနုညာတတွေမပြောနဲ့ မဟာဇနကလို အလောင်းရှင့်မကြီးတောင် အမေတားတဲ့လမ်းကို သွားမိလို့ သမုဒ္ဒရာမှာ သင်္ဘောနစ်ပြီး သေဘေးနှင့်ကြုံခဲ့ရသည်မဟုတ်ပါလား၊ အချိန်မတန် သေကံမရောက် သက်မပျောက်လို့သာတော်တော့၏။ အကယ်၍များသေသွားလျှင် ရှင်ဘုရင်တောင် ဖြစ်မည်မဟုတ်။

ကိုယ့်ကို မိဘကဆုံးမတာမျိုးမဟုတ်ပဲ ကြိမ်းမောင်းတယ်,ဆူတယ်,ငေါက်တယ်, ငိုက်တယ်–ဆိုရင်တောင်မှ ပြန်လှန်ပြောဆိုရန်တွေ့နေမည့်အစား (ကန့်လန့်တိုက်ကာလူ့ဌစာလုပ်နေမည့်အစား) "ငါလုပ်တာမှားနေလို့ ငါဒုက္ခဖြစ်မှာစိုးလို့ ကရုဏာဒေါသောနဲ့ အော်ဟစ်ကြိမ်းမောင်းတာပဲ၊ ငါ့အပြုအမူကိုပြင်မယ်၊ ငါကောင်းအောင်ကြိုးစား နေမယ်" ဟု ဆုံးဖြတ်ကာ မိဘလမ်းညွှန်သည့်အတိုင်း ကြိုးစားနေထိုင်သွားမည်ဆိုပါလျှင် သားသမီးတို့၏အနာဂတ် ဘဝသာယာလှပကြပေလိမ့်မည်။ (**မိဘစကား နားထောင် ငြားက သံပြားကျောက်စောင်း ကျိုသော်ပျောင်း၏**) –တဲ့။

## နောင်တလမ်းကြောင်းပေါ်က မင်းကတော်

ညွှန့်မေ၏ မိဘတို့သည် တောသူတောင်သားများဖြစ်၍ ဆင်းရဲကြ၏၊ ညွှန့်မေငယ်စဉ်ကပင် ဖခင်သေဆုံးသွား၍ မုဆိုးမဒေါ်ခင်က သမီးလေးကို ဆင်းရဲငြိုငြင်စွာ မွေးမြူခဲ့ရရှာ၏။ သားအမိနှစ်ယောက် ဟင်္သာတတောင်ဘက် ငါးမိုင်ခန့်အကွာ နတ်မော်ရွာ အစွန်အဖျားတွင် နေထိုင်ကြပြီး မိခင်ကြီးက ဘူးသီးကြော်ရောင်းကာ သမီးချောအား ကျောင်းထားပေးသည်။

ဒေါ်ခင်တို့များ သမီးလေးအားအချစ်ပိုလိုက်ပုံက သူများအမေတွေထက်ပင်

သာသေး၏၊ မိမိသာအဆင်းရဲခံပြီး သမီးလေးကိုတော့ အလုပ်ကြမ်းခိုင်းဖို့မပြောနဲ့ တံမြက်စည်း လှည်းလေးတောင်မှ မခိုင်းရက်ပေ၊ အလုပ်တွေဘယ်လောက်ပင်ပန်းပါစေ သမီးချောလေးအား မြင်လိုက်ရလျှင် အမောပြေကာ ရင်မှာအေးသွားရစမြဲ၊ ရပ်ထဲရွာထဲ အကြောင်းသိ အချို့က "ဟာ– အဒေါ်သမီးက ကလေးဘဝမှာတောင် ဒီလောက်ချောလှ နေရင် ကြီးလာလို့ကတော့ ရုပ်ရှင်မင်းသမီးမေရှင်တို့ ကြည်ကြည်ဌေးတို့ထက်တောင် သာဦးမယ်"ဟု ပြောလာပါက ထိုပုဂ္ဂိုလ်အား စေတနာပိုကာ ပိုက်ဆံမယူပဲ ဘူးသီးကြော် အလကားချကျွေးတတ်၏၊ ထိုအခါ ဒေါ်ခင်ပြောလေ့ရှိသောစကားမှာ "**ကျုပ်သမီးလေးက မင်းကတော်ဖြစ်မယ့် သမီးလေးပါတော်၊ ကိုယ့်ငါးချဉ်မို့ ကိုယ်ချဉ်တာမဟုတ် ပါဘူး**"ဟု ပါးစပ်ကြီး နားရွက်တက်ချိပ်မတတ် ပြုံးပြုံးကြီးလုပ်ကာ အားရပါးရပြန်ပြော တတ်၏၊ ဤသည်မှာ ဒေါ်ခင်၏ လက်သုံးစကား၊ မင်းကတော်–ဟူသောစကားကို ပါးစပ်ဖျားကမချ။

ရွာဦးကျောင်းဘုန်းတော်ကြီး ဦးကုသလ–က သမီးလေးညွန့်မေ၏ ခုနှစ်, လ, ရက်, နေ့တို့ကိုမေး၍ "**ဟဲ့–ဒါယကာမကြီး နင့်သမီးက ရာဇဖွားကလေးဟဲ့– မင်းကတော် ဖြစ်လိမ့်မယ်**"ဟု မိန့်ကြားခဲ့ဖူးသဖြင့် ဒေါ်ခင်တစ်ယောက် မင်းကတော်ရူး ရူးကာ ဆိုင်လာသမျှလူတိုင်းအား ပြောပြနေလေတော့၏၊ တချို့က ခေါင်းညိတ်၏၊ တချို့ကပြုံး၏၊ တချို့ကလည်း "အကဲပိုရန်ကော"ဟု မဲ့၍ မျက်စောင်းထိုးသွားတတ်၏။

ငယ်စဉ်ဘဝ ခြောက်နှစ်အရွယ်ကပင် မခိုင်းရက်မစေရက်၊ ဦးလူရွှေ၏ စာသင် ကျောင်းမှာနေရင်း ခုနစ်တန်းအောင်သော် – "ဟသ်ာတမြို့ အင်္ဂလိပ်ကျောင်းတွင်နေ ချင်သည်"ဟု မိခင်ဖြစ်သူအား ပူဆာလေတော့၏။ သမီးရူး ရူးနေသူ ဘူးသီးကြော်သည် မုဆိုးမကြီးမှာ ဘူးလေးရာဖရုံဆင့်–ဆိုတာလို ငြင်းလည်းမငြင်းရက် တတ်လည်းမတတ်နိုင်၊ တမှိုင်မှိုင်ဖြစ်နေရာမှ နောက်ဆုံးတော့ "**ဟယ်– သမီးချောဂုဏောအနန္တော–တဲ့၊ ငါကျွန်ခံပြီးထားမယ်**" ဟု ဆုံးဖြတ်ကာ သမီးညွန့်မေအား အင်္ဂလိပ်လေးတန်းကစ၍ ထားလိုက်ပြီးသော်၊ ဘူးသီးကြော်ကို ခါတိုင်းထက်ပို၍ ကြိုးစားကာရောင်းလေတော့၏။

အင်္ဂလိပ်ကျောင်းသူ ရှင်ညွန့်မေ အပျိုပေါက်သည်ကား – မိခင်–ဟူ၍ပင် မှတ်ထင်ဟန်မရှိ၊ အလုပ်အကျွေး အခိုင်းအစေ–ဟုသာ မှတ်ထင်ဟန်ရှိ၏၊ ကြောက်ရွံ့ ရိုသေမှုမရှိ၊ မိမိလိုသလောက် ပိုက်ဆံတောင်း၍မရလျှင် မိခင်ကို လက်ညှိုးငေါက်ငေါက် ထိုးကာ ဆူပူကြိမ်းမောင်းတတ်သေး၏၊ မိခင်ခမျာ ဘာမှပြန်မပြောရဲ၊ တစ်ချောင်းချောင် တွင်ကုပ်၍ နေရရှာလေ၏။ (ဩော်–**အသိတရားမရခင်တော့ နှိပ်စက်နေအုံးပေါ့**

**ညွှန့်မေရေ–**) သမီးလိုသလောက်ငွေပေးနိုင်ရန် မနက်ပိုင်းဘူးသီးကြော်ရောင်း ဆိုင်မှာ ရောင်းမကုန်သော် အရပ်တကာအော်၍လှည့်လည်ရောင်း၊ ဈေးရောင်းကိစ္စပြီးချိန်မှ ညနေစောင်းအထိ အိမ်တကာလှည့် အဝတ်လျှော်–ကြမ်းတိုက်–တံမြက်လှည်း မနေမနား ကြိုးစား၍ ငွေရှာ၏။

ဤအလုပ်ကိုသမီးသိသွားလျှင် ရှက်မည်,ဂုဏ်ပျက်မည်,မျက်နှာငယ်မည်စိုး၍ ဖွင့်မပြောရဲ၊ "**ဆေးလိပ်ခုံမှာပဲ ဆေးထုတ်လုပ်ရတယ်**"ဟုသာ ညာပြောထားရ၏။ တော်ကြာ သမီးသိသွားမှဖြင့်ဒေါ်ခင်တို့များခက်ရချည့်၊ ဤသို့လျှင် နံနက်တွင် ဘူးသီးကြော်,မွန်းတိမ်းသော် အစေခံလုပ်, ခပ်နုပ်နုပ်အနေအစားဖြင့် မိဖုရားလောင်း သမီးတော်တစ်ပါးကို ကြိုးစား၍အင်္ဂလိပ်စာသင်စေ၏၊ အလုပ်ပင်ပန်းသည့်ကြားမှ "**သမီးလေးမင်းကတော်ဖြစ်ရင် ငါကျေနပ်ပြီ**"ဟု သမီးချောအတွက် အနာဂတ်အိပ်မက် လှလှလေးများပင် မက်နေလိုက်သေး၏။ သူ့အတွက်ကတော့ "**အဲဒီအခါ ငါလည်းနား ရပါပြီ**"ဆိုတဲ့ မျှော်လင့်ချက်ကလေးပဲပေါ့။

ညွှန့်မေတို့များ ရုပ်ကလေးလှပရုံသာမကပဲ လူကလေးကလည်းသွက် မာန်က လေးကလည်းတက် ဉာဏ်ကလေးကလည်းထက်သောကြောင့် ဆယ်တန်းကိုနှစ်ချင်းပေါက် အောင်လေပြီ၊အမေဒေါ်ခင်တို့များပျော်လိုက်သည့်ဖြစ်ခြင်း–အပျော်ဆုံးသုံးနေ့တွင် တစ်နေ့ တောင်ထပ်တိုးလိုက်ချင်သတဲ့၊ သည်လိုနဲ့ကံအားလျော်စွာ ဟသ်ာတစာတိုက်ကြီးတွင် စာရေးမကလေးအလုပ်ကိုရလေ၏၊ (အမေဒေါ်ခင်တော့ အလုပ်နားကာ ဖိမ်နဲ့စား ရတော့မည်ထင်ရဲ)။

ညွှန့်မေမှာ နဂိုရုပ်ကသနားကမား, အဝတ်အစားကခေတ်ဆန်, ဟန်ကလေး ပန်ကလေးကလည်းလုပ်တတ်, ခပ်ဖျတ်ဖျတ်ခပ်ဆော့ဆော့ အတော့်ကိုလှုကြည့်ခံရသော သူငယ်မကလေးဖြစ်ရကား ပခန်းသားမြို့အုပ်ပေါက်စ လူပုံလူလှမောင်ဘရွှေနှင့် ချစ်ကြိုက် မိကြလေပြီ။ မြို့အုပ်ကလေးမောင်ဘရွှေက "မညွှန့်မေရယ်– မညွှန့်မေတို့အိမ်ကို တစ်ခါ လောက်လိုက်လည်ပါရစေ"ဟု ပြောလာသည့်အခါတိုင်း ညွှန့်မေခမျာ ရင်ထဲမှာဗလောင် ဆူကာ အသက်ရှူကြပ်၍သွားတတ်၏။။

"**အဲဒါမှဒုက္ခ ငါကချောတယ်လှတယ်၊ အင်္ဂလိပ်စာလည်းတတ်တယ်၊ စာရေးမကြီးလည်းဟုတ်တယ်၊ မြို့အုပ်မင်းငါ့အိမ်လာခဲ့သော် အနေစုတ်လှတဲ့ မလှမပငါ့ဘဝကို မြင်သွားမယ်၊ ငါ့အမေဆိုတာလည်း ကြည့်ပါဦး၊ ဘူးသီးကြော် ကြော်ရ၍ အိုးမဲကပေပေရေရေ ဆီမရှိတဲ့ဆံပင်စုတ်ဖွား၊ ညစ်ပတ်စုတ်ပြတ်နေတဲ့ အဝတ်အစား ကြမ်းတမ်းတဲ့ရုပ်လက္ခဏာ အို–ဘယ်နေရာမှရစရာမရှိ၊ ငါ့အမိပါလို့**

ပြောရမှာတောင်ရှက်စရာ၊ ဤသူအိုမအနိဋ္ဌာရုံကြီးကို ငါ့အမိဟု သိသွားခဲ့သော် အင်း–ငါမင်းကတော်လုပ်ရမည်မဟုတ်ချေတကား''ဟု တွေးတော၍ –

''အို–ကိုကိုကလည်း လူတွေသိကုန်မှာစိုးလို့ပါ မလာပါနဲ့ဦး၊ လာချိန်တန်တော့ ကျွန်မလာခေါ်မှာပေါ့''ဟု အသွယ်သွယ်လှည့်စား၍သာ နေရလေ၏၊ ညွှန့်မေတို့များ ရည်းစားထားသော်လည်း ကိုယ့်ချစ်သူ၏စိတ်နေသဘောထားကိုမျှမသိရှာ ၊ မောင်ဘရွှေ ဆိုတာက – အမေဟူသမျှကိုတန်ဖိုးထား၊ အဆင့်အတန်းမခွဲခြား၊

စိန်ရွှေပတ္တမြားအိမ်မြေကားနဲ့ ငွေသားအမွေပေးနိုင်မှ အမေမဟုတ်

အကြောင်းတရား အခြေမွဲ သူတောင်းစားအမေလည်း အမေ

အကြွေးကြွယ်လှတဲ့ ဈေးသည်မ အမေလည်း အမေ

နောက်ဆုံး ချစ်သဒ္ဓါဝေကဲ ပြည့်တန်ဆာ အမေလည်း အမေပါပဲ–

ဟု လက်ခံယူဆထားသူ, စိတ်သဘောထားဖြူစင်သူ, မိခင်တိုင်းကိုမြတ်နိုးသူ တစ်ယောက်ပင် မဟုတ်ပါလော၊ ဒီသဘောကိုမသိရှာသူ ညွှန့်မေကတော့ သူ့စိတ်နှင့်နှိုင်းကာ မိခင်အပေါ်မှာ ထင်ရာစိုင်း၍ အရိုင်းကြီးရိုင်းနေလေပြီ၊ ညွှန့်မေက မလာစေချင်သော်လည်း နေရာကိုစုံစမ်း၍ တစ်ညနေမှာ ညွှန့်မေတို့အိမ်ရှေ့သို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာသည်က မြို့အုပ်ကလေးမောင်ဘရွှေ– ''ဟောတော်– ကိုကိုလိုက်လာတယ်'' ဟု ပြောကာ ညွှန့်မေခမျာ အံ့အားသင့်လျက် ခပ်သွက်သွက်အိမ်ထဲပြန်ဝင် မိခင်ကို ကပျာကယာလက်ကုပ်ပြီး ''မီးဖိုချောင်ထဲအမြန်သွားနေ ထွက်မလာလေနဲ့''ဟု တစ်ချက်လွှတ်အမိန့်တော်မှတ်ကာ မောင်းထုတ်လိုက်ပါတော့၏၊ မိခင်ကြီးခမျာ ဘာမသိညာမသိနှင့် ကပျာကသီပြေးဝင်သွားရရှာလေ၏။

''ကိုကိုကလဲ မလာပါနဲ့လို့ပြောထားရက်နဲ့ လူတွေသိကုန်ရင်အခက်''

''အို သိသိဘာဖြစ်လဲ၊ ကိုယ့်ချစ်သူဆီလာတာပဲဟာ''

''ကျွန်မလေ အရင်က ဟိုဥယျာဉ်ထဲမှာ တိုက်ခန်းငှားနေခဲ့တာ ခုဒီအခန်း ကတော့ချောင်ကျပြီး တိတ်ဆိတ်တဲ့နေရာလေးမို့ စာကြည့်ရအောင် ခဏငှားနေရင်းနဲ့ ဆယ်တန်းအောင်သွားတော့လဲ 'ဒီအခန်းလေးက အကျိုးပေးတယ်လေ'ဆိုပြီး မလွှတ်ရက်ပြန်ဘူး'' စသည်ဖြင့် သူ့ဟာသူမလုံမလဲနှင့် တဟဲဟဲရယ်ကာပြောနေစဉ်၊ အရိပ်အကဲမသိတတ်သော အမေအိုက မီးဖိုဝမှနေ၍ ''သမီးရေ–ညှော်သည်အတွက် လက်ဖက်ရည်ဖျော်လိုက်ရမလား'' ဟု လောကွတ်ချော်လိုက်ပါတော့၏၊ ညွှန့်မေက အမေကြီးအပြင်ထွက်မလာစေချင်သဖြင့် ''အေးအေး–ရေနွေးအိုးကို အရင်တည်ထား လိုက်စမ်းပါ''ဟု လှမ်းအော်၍အမိန့်ပေးလေ၏။

"သြော်– ဒါက မညွန့်မေရဲ့ အမေလား၊ အမေဆိုရင်ခေါ်လိုက်ပါ ကိုကိုနဲ့စကား ပြောရတာပေါ့"လို့ဆိုတော့၊ "အို–မဟုတ်ပါဘူး၊ အိမ်မှာတောက်တိုမည်ရခိုင်းရအောင် ခေါ်ထားတဲ့အစေခံမကြီးပါ၊ ယယ်ယယ်ကတည်းက ကြည့်ရှုလာခဲ့ရလို့ ကျွန်မကို သမီးလို့ ခေါ်တာပါ"ဟု ဖွတ်နစ်၍ပြောလိုက်တော့၏။ မိခင်အို၏နားကြားလိုက်ရသည့်စကားက နား၀မှာဖုံးဆယ်လုံး စုရုံးကာပေါက်ကွဲလိုက်သလို မိုက်ခနဲပင်ဖြစ်သွားရှာ၏၊ အံကိုကြိတ် ကာ စိတ်ကိုတင်းထားပါသော်လည်း မချိသောနှလုံးသား၏ စေ့ဆော်မှုကြောင့် မျက်လုံးအိမ်မှာ မျက်ရည်ကြည်များ ပြည့်လျှမ်းလျက် –

"**ရက်စက်လိုက်တာသမီးရယ်–အမေကိုများ အစေခံမကြီးတဲ့လားကွယ်**"၊ မီးဖိုအ၀င်တံခါးဘေးရှိ အတွင်းဘက်နံရံကိုကျောမှီလျက် နားနှစ်ဖက်ကိုလက်နဲ့ပိတ် အသံတိတ် ငိုရှိုက်နေသည့်မိခင်ကို ညွန့်မေတစ်ယောက် သိမှသိပါလေစ၊ အစေခံမကြီး–တဲ့၊ ဒီစကား ဘေးလူတွေများကြားလိုက်ရရင် "အမလေးဘုရား ဘုရား"လို့တောင်မတရဲ၊ သြော်– ဒီကိစ္စကလည်း ဘုရားနဲ့မှမဆိုင်ပဲလေ၊ (ဒုက္ခပါပဲ)လို့သာ ရုပ်ရှင်ထဲက ဒေါ်ဂျမ်းစိန် ရင်ဘတ်ဖိထားသလို ကိုယ့်ရင်ဘတ်ကို ကိုယ်ဖိထားရမလိုဖြစ်နေတော့၏။

"ကိုင်းဗျာ– ရေနွေးတွေဘာတွေလုပ်မနေနဲ့ ကိုကို့အိမ်လိုက်ခဲ့၊ ဟိုကျမှ စားကြ သောက်ကြမယ်"ဟု ဘရွှေကပြောရာ "ဟာ–ရှက်စရာကြီးမလိုက်ချင်ပါဘူး"ဟု နှုတ်ခမ်း စူကာမူလိုက်သေး၏၊ သို့သော် ဖွတ်အတင်းခေါ်သဖြင့် ကိုကို့လက်ကိုဆွဲရင်း အိမ်ပေါ်က ဆင်းခါနီး (နောက်တစ်ခါလာပြန်ချည်သေး–ဆိုတာလို) "အမေကြီးဒေါ်ခင်ရေ– ကျွန်မ အတွက်ထမင်းမပြင်နဲ့ ဟိုမှာပဲစားမယ်"ဟု လှမ်းအော်ကာ အမိန့်တော်မှတ်သွားလိုက်ပါ သေး၏၊ သြော်– ညွန့်မေတို့ရက်စက်လိုက်ပုံကတော့ အံ့သြကုန်နိုင်ဖွယ်ပါတကား။

မကြာမီကာလမှာတော့ ညွန့်မေ၏တိုက်တွန်းချက်အရ နီးစပ်ရာဆွေမျိုးလောက် နှင့်သာလျှင် ဘရွှေ၏အိမ်တွင် လက်ဖက်ရည်တိုက်ကျွေးကာ မင်္ဂလာဆောင်ကိစ္စစီစဉ်ကြ လေတော့၏၊ ထိုမင်္ဂလာပွဲကို ညွန့်မေ၏မိခင် ကြားရုံသာကြားလိုက်ရ၏၊ မသွားရ– မတွေ့ရ မမြင်လိုက်ရရှာပေ၊ အမေဒေါ်ခင်တို့တော့ ခဲလေသမျှ သဲရေကျရပြီပေါ့၊ ဒီအကြောင်းကို ရုပ်ရှင်ထဲက ဒေါ်မြလေးတစ်ယောက်သာသိခဲ့လျှင် သူ၏ပြောနေကျ လေသံအတိုင်း "ဟဲ့–ညွန့်မေ ညည်းဟာလေ ပြောကိုမပြောလိုက်ချင်ဘူး"ဟု အပြစ်တင် နေပေလိမ့်မည်။

ထို့နောက် ညွန့်မေသည် မြို့အုပ်အိမ်သို့ မြို့အုပ်မင်းကတော် အထက်တန်းစား မိန်းမအဖြစ်ဖြင့် သွားရောက်နေထိုင်လေ၏။ မိခင်ကိုကား နေရင်းအခန်းမှာပင်

ဖြစ်သလိုပစ်ထားခဲ့၏၊ "အခုလိုက်လို့ မဖြစ်သေးဘူးလေ အမေရဲ့- နောက်တော့မှ ကျွန်မကြည့်ပြီးစီစဉ်ပါဦးမယ်"ဟု သွားခါနီး ပျားရည်နှင့်ဝမ်းချကာ လောကွတ်လုပ်သွားလိုက်ပါသေး၏။

ဩော်- သူ့အမေခများမှာတော့ ထိုလောကွတ်စကားလေးကိုပင် နားအဝင်မှာချိုလွန်းလို့ "ငါ့သမီးလေး မင်းကတော်ဖြစ်ပြီ သူ့စိတ်ချမ်းသာသလိုနေပါစေ သူ့စိတ်ချမ်းသာရင်ပြီးရော"ဟု ပီတိအထပ်ထပ်ဖြင့် အကျေနပ်ကြီးကျေနပ်နေရှာတော့၏။

သမီးညွန့်မေ မင်းကတော်အဖြစ်ပြောင်းလဲသွားသော်လည်း အမေဒေါ်ခင်၏ ဘူးသီးကြော်တဲကားမပြောင်းလဲ၊ မီးခိုးတလူလူထွက်နေဆဲ၊ အရပ်တကာလှည့်၍ ရောင်းတုန်းပဲ၊

ဘူးသီးကြော်စားကြမလား
သည့်အသံအမြဲကြား
မရပ်မနားသွားမှ
တစ်ကျပ်တစ်ပြားစားရတဲ့အမေ
ဖိနပ်ပါးအမြီးတို
သက်ကျားအိုအမေ
ရွှာစဉ်တွေကျော်ဖြတ်
ခေါင်းရွက်ဗျပ်ထိုး ရဲရဲတိုးလျှောက်
တပေါက်ပေါက်ကျလာတဲ့ချွေး
သုတ်ပေးမယ့်အားပေးဖော်က
ခုတော့ တိုက်အိမ်ကြီးပေါ်မှာ
မင်းကတော်ဘဝနဲ့ပျော်နေပါရော့လား ။

တစ်နေ့သ၌ သမီးညွန့်မေကပြောလာသည်မှာ "အမေရယ် ဒီဘူးသီးကြော်အလုပ်ကို မလုပ်ပါနဲ့ လူကြားလို့မှမကောင်းပါဘူး၊ အမေက ဒီမှာဖြစ်ချင်းတိုင်းဖြစ်နေ သမီးက မင်းကတော်အထက်တန်းစား ဘယ့်နှယ်လုပ်မလဲ"ဟု မြည်တွန်လေ၏၊ ရှင်ဘုရင်နှင့် ညားတော့ မိဖုရား-ဆိုတာလို၊ မြို့အုပ်မင်းနှင့်ရလို့ မင်းကတော်ဖြစ်လာခဲ့ရသည့် ညွန့်မေ၊ စိန်နားကပ်ရောင်ကြောင့် ပါးပြောင်ခဲ့ရသည်ကိုမေ့နေလေပြီ၊ ဒါကြောင့်မို့လည်း ညွန့်မေတစ်ယောက် အိမ်ထောင်ကျလို့ အသက်ကြီးကာ နာမည်ပါကြီးလာသော်လည်း မကြီးနိုင်တာက သူ့မိခင်အပေါ်ထားတဲ့သဘောထား၊ သူ့ကိုယ်သူတော့ အထက်တန်းစား-တဲ့။

ဒါနဲ့ သူ့မိခင်က "နို့- သမီးရယ် **အတူလဲမနေရ စားဖို့သောက်ဖို့လည်း ဘယ်ကမှမရ၊ ငါ ဘယ့်နှယ်လုပ်နေရမလဲ**"၊ "ဒါကတော့ဖြစ်သလိုတော်သလိုပေါ့

ပြီးတော့လည်း ဟိုက မြို့အုပ်မင်း သိသွားရင်––''။

ညွှန့်မေစကားမဆက်ပဲရပ်ထားလိုက်ရ၏၊ မရပ်လို့ကမဖြစ်၊ သူ့မိခင်၏ အကြည့်စူးစူး၊ ရင်ထဲမှာထိတ်ခနဲဖြစ်သွား၏၊ မိခင်၏မျက်လုံးကိုရင်မဆိုင်ရဲ ခေါင်းကလေးငုံ့သွား၏။

''**သမီး အမေ့မျက်နှာကို သေချာမော့ကြည့်စမ်း**''၊ မညွှန့်မေက မဝံ့မရဲနှင့် မော့အကြည့်–အမေဒေါ်ခင်ကလည်း သမီး၏မျက်နှာကို မျက်တောင်မခတ်အကြာကြီး စိုက်ကြည့်နေလေ၏၊ တစ်ခါမှ ဤမျှလောက်ကြာကြာမကြည့်ဖူးချေ၊ (မိခင်၏နောက်ဆုံး ကြည့်ခြင်းဟုသာ ထိုစဉ်ကသိခဲ့ပါလျှင်)၊ မိခင်၏ရင်ဝယ် နေဆယ်စင်းမကပူပြင်းလှ၏၊ ပြောချင်သည့်စကားများကလည်း လည်ချောင်းဝမှာတစ်ဆို့လျက်၊ မျက်ဝန်းမှာ မျက်ရည်စို့လာ၏၊ ရစ်ဝဲလာသည့်မျက်ရည်စများ ပါးပြင်ပေါ်သို့လိမ့်ဆင်းမလာမီ– ''**ကဲ ကဲ– သမီးပြန်တော့ သမီးပြောသလို အမေ့ဘာသာ တော်သလိုပဲကြည့်နေမယ်**''ဟုဆိုကာ မျက်နှာလွှဲပစ်လိုက်တော့၏၊ (နောက်ဆုံးမျက်နှာလွှဲခြင်းဖြစ်သည်ကိုတော့ သမီးခမျာ မသိခဲ့ရှာလေ)။

ညွှန့်မေတစ်ယောက်ခြေလေးလေးဖြင့်ပြန်လာခဲ့ရာ လမ်းတွင်''ငါလုပ်တာ တော်မှ တော်ရဲ့လား၊အို–ဒီလိုမှမလုပ်ပြန်ရင်လည်း ငါ့အထက်တန်းစားမိန်းမအဖြစ်ကလျှော့မှာပဲ'' ဟုစိတ်တင်း၍ ကိုယ့်ကျောကိုယ်ပြန်သပ်ကာ ကိုယ့်ဟာကိုအားပေးရင်း ပြန်ခဲ့လေ၏။

ဩော်–အမိုက်မ မိညွှန့်မေ မိခင်မျက်နှာအကြာကြီးကြည့်ခဲ့ပါလျက် မိခင်၏ မျက်နှာထက်ဆီမှ ခံစားချက်ဝေဒနာကို အဖြေရှာ၍မရခဲ့ပါလား၊ အကယ်၍သာ အမေဒေါ်ခင်တစ်ယောက် ရွှေတွဲလဲငွေတွဲလဲနှင့် အထက်တန်းစားသူဌေးမကြီးတစ်ယောက် ဆိုပါက မညွှန့်မေ သည်လိုဆက်ဆံရဲမည်မဟုတ်ချေ၊ မိဘများဆင်းရဲမွဲတေပြီဆိုလျှင် သားသမီးများကပင် အနားမကပ်ချင်ကြ၊ သည်တော့လည်း သားသမီးတွေအထင်ကြီး အောင် သေ့တွဲကြီးခါးချိပ်ကာ ဟိတ်ဟန်ပဲထုတ်ပြရမလို–သားသမီးများအနား ကပ်လာအောင် ရွှေရည်စိမ်အတုများနဲ့ပဲ လှည့်စားလိုက်ရမလိုဖြစ်နေတော့၏။

**''မယွင်းမှန်လှ၊ ဤလောက၌၊ မိဘကိုပင်၊**
**ဥစ္စာမြင်မှ၊ ခင်မင်မြတ်လေး၊ သားတို့မွေး၏၊**
**ပဲရွေးတစ်စိ၊ မရှိတုံငြား၊ မိဘတို့အား၊ သမီးသားလည်း၊**
**ထံပါးနီးရပ်၊ မကပ်တုံလျှင်း၊ ရှောင်ကြဉ်ကွင်း၏ ''**။ (မဃဒေဝ)

မိခင်ထံမှပြန်လာပြီးနောက် လေးရက်မြောက်သောနေ့တွင် ''ငါ့အမေ ဘယ်လို များနေသေးလဲ၊ ငါပစ်ထားလို့ကောင်းမယ်မထင်ပါဘူးလေ''ဟု တွေးတောသတိရကာ မိခင်ရှိရာ အိမ်ခန်းလေးဆီသို့ရောက်ခဲ့လေ၏၊ အခန်းတံခါးလေးက စေ့ထားသဖြင့် တွန်း ကြည့်သည့်အခါ အခန်းထဲ၌ပြောင်နေသည်ကိုတွေ့ရ၍ ရင်ထဲမှာ ထိတ်ခနဲဖြစ်သွားလေ၏။

ထိုအချိန်ကပ်နေသောအခန်းမှ ရေထမ်းကုလား'နာစယား'ရောက်လာ၍ "ဟဲ့-ကန်မလေး နှင့်အမေလေ ဘူးဒီးလေ ဟို-ဂျမ်ဂလိကို ပေးတွားဘီ၊ နကိုလေ စာတစ်ခု ပွေးထားတယ်၊ နင်လာရင်ပွေး-လို့ပြောသွားဒယ်၊ ရော့ - ရော့"ဟုဆို၍ စက္ကူညစ်ညစ်နဲ့ စာကလေးကို အခေါက်လိုက်ပေးလေ၏။ ညွန့်မေသည် ရင်တထိတ်ထိတ်ဖြင့် တံခါးကိုမှီ၍ စာကိုဖတ်လေ၏။စာမှာ စက္ကူညစ်ညစ်အစုတ်တစ်ခုတွင် ရေးထားခြင်းဖြစ်ပါ၏၊ အမယ်ကြီးမှာ ညွန့်မေကဲ့သို့ အထက်တန်းစားပညာတတ်မဟုတ်ချေ၊ သတ်ပုံမှစ၍အလွဲလွဲ အချော်ချော် သူတတ်သလောက်ရေးထား၏။

**"ညွန့်မေ- သမီး အမေသိဘီ အမေဆိုဒါ ကိုယ်မွေးဒဲ့သမီးကို သိဒါပေါ် ငကို အမေတော်ရမှာ ငကို အမေလို့ပြောရမှာ ရှက်တယ်ဆိုဒါ အမေသိဘီ ငါလည်း မင်းကဒေါ် အမေလုပ်ဖို့ မတော်ဘူး၊ အဲဒီဒေါ့ သမီးဂုံမပြက်အောင် အမေ- ရှောင်ပေးပါ့မယ်ကွယ် သေမီး ခြမ်းသာယင် အမေ ဝင်းမျောက်ပါဘီ လိမ်လိမ်မာမာ နေရစ်နေ့ာ်သမီး အမေလေ အဝေးကဘဲ ဆုတောင်းနေဘမယ်သမီးရယ်"။**

ညွန့်မေသည် စာကိုဖတ်ရင်း လက်ကတဆတ်ဆတ်တုန်လာသလို စီးကျလာသော မျက်ရည်စမ်းချောင်းလေးနှစ်သွယ်က ပါးပြင်မို့မို့ကိုကျော်ဖြတ်ကာ ထိုမှတစ်ဆင့် အမေ့စာရွက်နွမ်းလေးပေါ်သို့ တစ်ပေါက်ချင်းတစ်ပေါက်ချင်း လိမ့်ဆင်း၍ကျလာတော့၏။ အမေ့စာရွက်နွမ်းလေးပေါ်တွင် မျက်ရည်စမ်းချောင်းလေးစီးဆင်းသွားလေပြီကော။

"ကန်မလေး နင် ငိုဒယ်နေ့ာ် ဘူးဒီးလည်း စာပွေးတော့လေ မျက်စိထဲမှာလေ အားကြီးငိုတယ်၊ နင်တို့ဘာဖြစ်ဒါလဲဟယ် ရန်ဖြစ်ကြဒါလား"။

ညွန့်မေမှာ ဘာကိုမျှပြန်မပြောနိုင်ရှာပဲ ကုလားနာစယားကိုသာ စိုက်ကြည့်နေလေ၏၊ ရွှေမင်းသမီးအား ကုလားကဆက်၍ သံတော်ဦးတင်သည်မှာ-

"နင့်မှာလေ ကပ္ပလာကောင်းကောင်းရှိတယ်၊ ဘူးဒီးမှာလေ ကပ္ပလာကောင်းကောင်းမရှိဘူး၊ အားကြီးအေးတယ်၊ ဟို-တစ်ရက်နှစ်ရက်လေ ဘူးဒီး ခါနာမစားဘူး ပါနီလည်းမသောက်ဘူး၊ နာမေးတယ် ဘူးဒီး နင်ဘာဖြစ်တလဲ၊ ဘူးဒီး ပြောတယ် ဖျားတယ်၊ ဘူးဒီးလေ စိတ်အများကြီးမကောင်းဘူးရှိတယ်"။ ဤသို့ဤနှယ် ရေထမ်းကုလားက မပီကလာ ပီကလာနှင့် ကုလားပြောတတ်သမျှပြောနေသည်ကို ညွန့်မေ ကြားရလေသောအခါ **(အို-အမေရယ်-)** ဟု လှိုက်လှိုက်လှဲလှဲတမ်းတကာ နှောင်တကြီးစွာရလေ၏။

မိဘဆိုတာ သားသမီးအတွက် အမြဲတမ်းစွန့်လွှတ်အနစ်နာခံကြစမြဲ၊ မိမိငယ်ရွယ်စဉ်မှစ၍ ပင်ပန်းဆင်းရဲစွာဖြင့် ပြုစုလုပ်ကျွေးမွေးမြူခဲ့သော မိခင်၏ပုံရိပ်များ

မိမိ၏ရိုင်းပျ စော်ကားမှုများ, ရုပ်ရှင်ပြသလို တစ်ကွက်ပြီးတစ်ကွက်ပေါ်လာသောအခါ **(မိမိသည်ပင် အထက်တန်းစားမိန်းမလော၊ မွေးမိခင်ပင်အထက်တန်းစား မိန်းမလော)** ဟု ခွဲခြား၍သိလေပြီ၊ ထိုမှတစ်ဖန် **မိခင်နေသွားသည့်အခန်းတွင်းသို့** ဝင်ရောက်ကာ ဟိုဟိုဒီဒီလှည့်ပတ်၍အကြည့် **မိညွန့်မေ** မြင်လိုက်ရသည်က အမေ့အိပ်ရာ ခေါင်းရင်းတိုင်မှာ ချိပ်ဆွဲထားသည့် **အမေ့စိပ်ပုတီးလေး၊** ဘုရားတရားနှင့်ဝေး၍ မစိပ်ရတာကြာပြီထင့်၊ ပုတီးအရောင်မှာ **မတောက်ပြောင်** မည်းမှောင်ညစ်ထေး ပင့်ကူမြွှေးကလေးများပင် ငြိတွယ်လျက်ရှိချေ၏။

သမီးညွန့်မေ မင်းကတော်ဘဝရောက်**သည်အထိ** ချိပ်ရုံသာချိပ်ထားသည့်ပုတီး၊ တစ်ခါလေးမျှမစိပ်မိ၊ နေ့စဉ်နေ့တိုင်း အမယ်ကြီးစိပ်**ရသည်က** (ဘူးသီးကြော်သရဏဂုဏ္ဍာမိ) ပင် ဖြစ်လေတော့၏။

## အမေ့ချိပ်ပုတီးလေး

အမေ့အိပ်ရာ ခေါင်းရင်းနား
ချိပ်ထားလေတဲ့ အမေ့ပုတီး
ချိပ်သာချိပ်ပေမယ့်
မစိပ်တာ–ကြာ–ကြာလှပေါ့
ဖုန်တက်ခါ ကြိုးတောင်ဆွေးလုရဲ့
အသက်ကလေးကြီးလာခါမှ
သောကတွေ လွှန်ဖိစီးလေတော့
ဩော်–အမေကြီးခမျာ ပုတီးကိုဘေးမှာချလို့ရယ်
ကုသိုလ်ကနည်း––။

အမေ့စိပ်ပုတီးလေးကို တယုတယနှင့်ဆုပ်ကိုင်၍ ''အမေရှိရာ သမီးလိုက်လာခဲ့မယ်၊ သမီးမိုက်မှားခဲ့သမျှ အတိုးချပြီး ပြုစုမယ်''ဟု လျှင်မြန်စွာဆုံးဖြတ် အခန်းအပြင်သို့ထွက် ခပ်သွက်သွက်နှင့်လှည့်အပြန် ''ဟဲ့–ကန်မလေး နင်လဲဖျားတလား၊ မျက်နှာနီတယ်၊ ငိုလဲငိုတယ်၊ နင်တို့ဘာဖြစ်ကြတာလဲဟယ်၊ နာလေ– စိတ်အပုံကြီးမကောင်းဘူး''ဟု ဆိုကာ ခေါင်းကိုကုတ်၍ ကုလားပင်စိတ်ညစ်သွားရလေတော့၏။ နာစယားသည် ညွန့်မေပေးခဲ့သည့် မတ်စေ့လေးကိုကြည့်လိုက် ညွန့်မေထွက်သွားရာကိုကြည့်လိုက်နှင့် ကျန်ရစ်ခဲ့ရှာလေ၏။

ညွန့်မေသည် လင်တော်မောင်မြို့အုပ်အား အလုံးစုံဇာတ်လှန်၍ပြောပြီး မိမိမိုက်မှားသမျှ ဝန်ချတောင်းပန်လေရာ၊ ပညာတတ်ဖြစ်သောမြို့အုပ်, မိခင်ကိုတန်ဖိုးထားသော မြို့အုပ်ကလည်း ''အမှားကိုပြင်၍ အမှန်ကိုရောက်လာခြင်းသည် မင်္ဂလာတစ်ပါး'' ဟု

အားလုံးကျေနပ်စွာ လက်ခံရှာပါ၏။ မကြာမီ ညွန့်မေရောမြို့အုပ်ပါ မော်တော်ကားတစ်စီးဖြင့် ညွန့်မေတို့နေရင်းအရပ် နတ်မော်ရွာသို့လိုက်ခဲ့ကြရာ၊ ညွန့်မေခမျာ "**အမေနှင့်တွေ့ရတော့မည်, သားအမိနှစ်ယောက်ပျော်ပျော်ရွှင်ရွှင်နေကြမည်, အမေ့ကိုစိတ်ချမ်းသာအောင်ထားမည်**"စသည်ဖြင့် အပျော်စိတ်ကူးလေးများယဉ်လျက်လာခဲ့ကြရာ အမေအိုရှိရာ တဲအိမ်စုတ်ကလေးသို့အရောက် ကျိုးတိုးကျဲတဲနှင့် သုသာန်တစပြင်ကဲ့သို့ တိတ်ဆိတ်ငြိမ်သက်လျက်၊ "မိခင်ရှိမှရှိပါ့မလား"ဟုတွေးရင်း အတွင်းသို့ဝင်သွားကြသောအခါ နီးဖျာစုတ်ပေါ်တွင် အဖော်မဲ့လျက် ပက်လက်ဖြစ်နေသော အမယ်အိုကြီးကို တွေ့ကြရပါတော့၏။

ညွန့်မေတစ်ယောက်ထိတ်လန့်သွားကာ အသက်မှရှိသေး၏လော–ဟု ရင်ကိုစမ်းကြည့်ရာ အသက်ဖျော့ဖျော့ရှိသေးကြောင်းသိရသဖြင့် "အမေ–အမေ သမီးရောက်လာပြီလေ၊ အခုအမေ့နားမှာ သမီးရှိနေတယ်"ဟု သူ့အမေကို သတိပြုမိအောင်ခေါ်နေရင်းမှ ညွန့်မေ၏မျက်လုံးများက အမေ၏ပက်လက်ရင်ဘတ်ပေါ်တွင် မိခင်၏လက်နှစ်ဖက်ဖြင့်အုပ်ကိုင်ထားသောအရာဝတ္ထုတစ်ခုဆီသို့––

မိခင်၏လက်နှစ်ဖက်ကို အသာအယာဖယ်၍ယူကြည့်လိုက်မိသောအခါတွင်ကားငယ်ထိတ်တက် မြွေကိုက်ခံလိုက်ရသည့်နှယ် မိုက်ခနဲဖြစ်၍ မျက်လုံးများပင် ပြာဝေသွားကာ အိုးထိန်းစက်အလား ကမ္ဘာကြီးတစ်ခုလုံး ချာချာလည်သွားတော့၏၊ ထိုအရာကားတောခလေ့ ထုံးစံအတိုင်း ဝါးခြမ်းပြားချောချောတွင် ကညစ်ဖြင့်ရေးခြစ်ထားသော ညွန့်မေ၏ရက်ချုပ်ဇာတာလေးပင် ဖြစ်လေတော့၏။

(သက္ကရာဇ် ၁၂၆၈–ခု၊ ပြာသိုလဆန်း(၄)ရက်နေ့၊ **သောကြာနေ့၊ ညနေ(၂)နာရီအချိန်တွင် ရတနာသုံးပါးဦးထိပ်ထား၍ မာတာမိခင်ဖွားသန့်စင်သည် မညွန့်မေဇာတာ အသက်(၁၂၀)ရှည်စေသော်**) ဟု ရေးထားသည်ကိုတွေ့ရလေ၏။

ညွန့်မေသည် စိပ်ပုတီးလေး အမေ့လက်ထဲထည့်ပေးရင်း (အမေ–အမေ)ဟုသာယာစွာနှိုးလေရာ အတန်ကြာမှ မျက်လုံးပွင့်လာ၍ ချည့်နဲ့သောအသံဖြင့် (**ဩော်–သမီး– သမီးလေး ညွန့်မေပါလား**)ဟု ပြုံးယောင်ပြသည်၊ တစ်ဖန်မျက်နှာညှိုးနွမ်းသွား၍မျက်ရည်များကျလာကာ (**သမီး–လိမ်လိမ်မာမာနေရစ်နော်**)ဟု ပြောပြီးနောက်မင်းကတော်အမေ၏ အရသာကို မခံစားရတော့ပဲ ဘုံသီးကြော်သည်အစေခံဘဝနှင့်ပင်ဤဘဝကို ဇာတ်သိမ်းသွားရှာလေတော့သည်။

ညွန့်မေခမျာ မိခင်အလောင်းကို တစ်အားဖက်၍ "**အမလေး အမေရဲ့–သမီးမိုက်ကို ထားခဲ့ပြီလား၊ သမီးအမှားကြီးမှားခဲ့ပါတယ်၊ ဒီအမှားတွေကိုပြင်လို့အမေနဲ့အတူတူ နေတော့မယ်–ဆိုပြီး အမေ့ကိုလာခေါ်တာပါ၊ အမေ့လိုစိတ်ထားဖြူစင်တဲ့**

မိခင်ရဲ့သမီးဖြစ်ရတာ သမီးဂုဏ်ယူတတ်ပါပြီးအမေ၊ အမေ့သမီးဖြစ်ရတာ သမီးမရှက်တော့ပါဘူး၊ ကျွန်မဟာ အမေ့သမီး၊ ဟောဒီအမေဒေါ်ခင်ရဲ့သမီး၊ သမီးအမိုက်မကြီးပါတော်''ဟု အော်ဟစ် ငိုလိုက်–တက်သွားလိုက်ဖြစ်နေသဖြင့် ဝိုင်း၍ထိန်းကြရ၏။

**(အမေမရှိတော့မှ အမေစေတနာ အမေ့မေတ္တာတွေကို သမီးနားလည်ခဲ့ပါပြီ)** ဟု နောင်တသံတဝေဝေနှင့် အလွမ်းမပြေဇာတ်ထုပ်ကို ကပြနေရရှာသော ဇနီးသည်အား ကြည့်လျက် လင်ယောကျ်ားဖြစ်သူမြို့အုပ်ဘရွှေကလည်း ''အမေ ဒီလိုဘဝမျိုးနဲ့နိဂုံးချုပ်ရတာ ကျွန်တော့တာဝန်လည်းမကင်းခဲ့ပါဘူး–ကျွန်တော်အသိနောက်ကျခဲ့တယ်အမေ၊ ခွင့်လွှတ်ပါ''ဟု ဆို့နင့်အက်ကွဲသောအသံဖြင့်ပြောကာ မျက်ရည်ကျရှာလေ၏၊ ညွှန့်မေလည်း မိခင်ကြီးကို ဘာမှမပြုစုလိုက်ရ စိတ်ချမ်းသာအောင်မထားလိုက်ရတဲ့အတွက် နောင်တတဖန်ပူပန်မှုတွေနှင့်အတူ ဟို–– ငယ်စဉ်ဘဝ ဆင်းရဲကျပ်တည်းစွာဖြတ်သန်းခဲ့ရတဲ့ဘဝတွေကို ပြန်လည်မြင်ယောင်ကာ မိခင်အကြောင်းပြော၍ပြော၍ငိုလေ၏။

[သည်မျက်ရည်ပူတွေနဲ့များ နင့်အမေကို တမလွန်အထိလိုက်ပြီး နှိပ်စက်ဦးမလို့လား၊ မင်းကတော်ကြီးဖြစ်ခါမှ ပိုပြီးမိုက်စိတ်တွေဝင် ဘဝမေ့ရုံတင်မက ဘဝင်ပါမြင့်ပြီး ကျေးဇူးရှင် မိခင်ရင်းကိုတောင် ဥပေက္ခာပြုထားခဲ့တဲ့မိန်းမ၊ နင့်ထိုက်နဲ့နင့်ကံ ခံပေဦးတော့ အမိုက်မရေ–အားရအောင်သာငိုလိုက်ပေတော့၊ ငိုချင်းရှည်တစ်ပုဒ်ထည်းနဲ့ နင့်ရဲ့မိုက်ပြစ်တွေကို သင်ပုန်းချေလို့ရရင် ချေလိုက်ပေတော့။]

ဒီလိုနဲ့ မညွှန့်မေလည်း အားရအောင်ငို ကိုယ့်ဘာသာကိုယ် ကားလိပ်ချသူမ,ပါဝင်တဲ့ဇာတ်ကို အလွမ်းအဆွေးနဲ့ပွဲသိမ်းရင်း မွေးမိခင်၏အလောင်းအား ဦးအကြိမ်ကြိမ်ချလျက် သင်္ဂြိုဟ်ခြင်း ကိစ္စပြီးသည်နှင့် ဟင်္သာတသို့ပြန်ခဲ့ရလေတော့၏။

ခွင့်လွှတ်ပါအမေ

**အမေကိုပြန်ခေါ်လို့**
**ပျော်ပျော်နေတော့မယ်–ဆိုတဲ့အတွေးနဲ့**
**အပြေးကလေးလာခဲ့တဲ့ သမီးရယ်–ပါ**
**ဆင်းရဲခြင်းကြီးစွာနဲ့**
**မွေးဖွားလာခဲ့ရတဲ့အမေ့ဘဝ**
**ဒီကနေ့ဟာ နောက်ဆုံးပဲဆိုတာ**
**ကြိုတင်ကာမသိခဲ့လေတော့**
**သမီးရဲ့ခြေတစ်လှမ်း နောက်ကျခဲ့တယ်အမေ။**

* ကြော်– အမေ့ခမျာမှာတော့
သမီးရဲ့ဇာတာလေးကိုပွေ့ဖက်ရင်း
မျက်ရည်တွေစိုနေတဲ့ မျက်ဝန်းတွေနဲ့
''သမီးလိမ်လိမ်မာမာနေရစ်နော်''တဲ့
သမီးမိုက်နဲ့လိုက်ဖက်လွန်းလှတဲ့ဆုံးမစကား
ဒီစကားလေးမှာကြားခဲ့ချင်လို့
သမီးကိုများ စောင့်နေတာလားအမေရယ်။
* လက်လွှတ်ဆုံးရှုံးရတော့မယ်–ဆိုမှ
အမေဟာ– –
တန်ဖိုးအနဂ္ဃထိုက်တန်မှန်းသိရလေ
အချိန်တွေနှောင်းခါမှ
ဂုဏ်ပေါင်းခတဲ့မိခင်အတွက်
နှမြောတသမဆုံးဖြစ်ရလေပါပဲ။
* အရင်အချိန်က (အမေ့အပေါ်) နားလည်မပေးခဲ့တာတွေအတွက်
ခုခ်ိန်မှာ လောင်မြိုက်နေတဲ့နောင်တမီးတွေနဲ့
ကျေနပ်စွာ ဒဏ်တပ်ခံပါ့မယ်–အမေ။
* ပြန်မဆုံတော့တဲ့ ခရီးရှည်ကြီးတစ်ခုဆီ
နှုတ်မဆက်ပဲ ထွက်ခွါသွားတဲ့အမေ
မသေချာလှတဲ့ အမေရှိရာ တစ်နေရာဆီ
ရည်ရော်ကာမှန်းဆလို့
သမီးဦးချကန်တော့လိုက်ပါတယ်
ခွင့်လွှတ်ပါ––အမေ။

ဟသ်ာတသို့ပြန်ရောက်ပြီးသည့်နောက် မိမိမိုက်ပြစ်အတွက် နောင်တကြီးစွာရ လျက်ရှိသော မညွန့်မေတစ်ယောက် တိုက်အိမ်ကြီးမှာနေရသော်လည်း စိတ်ကမပျော်ရွှင် တစ်ခုခုလိုနေသလိုခံစားရကာ များစွာပူဆွေးနေရလေ၏။ ပူဆွေးခြင်းမှာ ရိုးရိုးမဟုတ် အတိုးနှင့်၊ အတိုးတောင်မှ ရိုးရိုးအတိုးမဟုတ်၊ နှစ်ထပ်တိုးနှင့်ပူဆွေးရခြင်းဖြစ်၏။။

နောင်အခါ မိမိကိုယ်တိုင် သမီးကလေးမွေးလာသောအခါ၌ကား မိခင်ချင်း ကိုယ်ချင်းစာမိ၍ ဆောက်တည်ရာ မရနိုင်လောက်အောင် ယခင်နောင်တများထက် သာလွန်ပြီး အကြီးအကျယ် ပူဆွေးနောင်တရမိလေ၏။

မညွန့်မေ၏ဘဝကို သုံးသပ်လိုက်သောအခါ ပြောင်းလဲခြင်းနှစ်မျိုးကို ဤသို့တွေ့ရ၏။ မညွန့်မေတစ်ယောက် သမီးလေးမရမီ အမိကျေးဇူးသိသည်ဆိုရာ၌ ''အမေဟာငါ့အပေါ်မှာ ဘယ်လိုကောင်းခဲ့တာပါလား''ဟု တွေးတောကြံဆ၍ 'စဉ်းစားသိ'ခြင်းအဆင့်လောက်သာရှိ၏၊ ကိုယ်တိုင်သမီးလေးမွေးဖွားလိုက်သောအခါတွင်ကား မိခင်စိတ်ဖြင့် မိခင်ချင်း ကိုယ်ချင်းစာကာ အမေ့ကျေးဇူးကို အဟုတ်တကယ်'ခံစား၍' သိခဲ့ရ၏။ အမေကိုပြစ်မှားမိသော နောင်တတရားမှာလည်း သမီးလေးမမွေးမီကရရှိသော နောင်တထက် ရင်သွေးလေး မွေးပြီးမှ ရလာသောနောင်တတရားကား ပို၍ပင် တုန်လှုပ်ခြောက်ခြားစရာကောင်းလှပါတော့သည်။

ထိုသို့ဖြစ်ရခြင်း၏အဓိကအကြောင်းရင်းကတော့ မိခင်စိတ်ကြောင့်ဟုပင်ဆိုချင်သည်။ အကယ်၍ မညွန့်မေမှာ ရင်သွေးလေးရပြီးသည့်တိုင် ထိုမိခင်စိတ်မျိုးကိန်းအောင်းမနေပါက အသိတရားနှင့်နောင်တတရားများ ထူးထူးခြားခြား ပြောင်းလဲသွားစရာအကြောင်းမရှိပေ။

မှတ်ချက် / မိခင်စိတ်နှင့်ပတ်သက်၍ အနည်းငယ်ပြောချင်ပါသည်၊ အမျိုးသမီးတို့၏မိခင်စိတ်ဆိုသည်မှာ ဆန်းကြယ်လှ၏၊ မိန်းမဖြစ်လျှင် မိန်းမသဘာဝ မိခင်စိတ်ရှိကြစမြဲ–ဟု ပုံသေတွက်၍မရ၊ သားသမီးရှိမှု–မရှိမှုနှင့်လည်းမဆိုင်၊ ကလေးမွေးဖူးသူကလေးရှိမှုဖြစ်ပေါ်လာနိုင်တဲ့စိတ်မျိုးသက်သက်လည်းမဟုတ်၊ အဘယ်အချိန်မဆို ဘယ်သူမဆိုထားလို့ရသောစိတ်မျိုးဖြစ်ပါသည်။ ထို့ကြောင့်ပင် တချို့မိန်းမတွေမှာ ရင်သွေးရတနာမရှိမီကပင် မိခင်စိတ်တွေရှိနေတတ်ကြ၏၊ တချို့မိန်းမများမှာ ရင်သွေးလေးရလာမှ မိခင်စိတ်က နိုးကြားလာတတ်ကြ၏။ အဲ–တချို့များကျတော့လည်း ရင်သွေးလေးများမွေးဖွား ပြီးပါလျက် မိခင်စိတ်ကခေါင်းပါးနေတတ်ကြပြန်၏၊ ၎င်းမိခင်စိတ်ကင်းမဲ့သောအမေများထံ ကံဆိုးမိုးမှောင်ကျကာလမ်းမှားရောက်လာခဲ့သော သားသမီးများ၏ဘဝရှေ့ရေးကား ရင်လေးစရာကောင်းလေစွ။

မင်းကတော်လေးမညွန့်မေ နေထိုင်ရသည်က တိုက်အိမ်ကြီးပေါ်မှာ အဖော်ဖြစ်သူသမီးငယ်လေးကိုငေးကြည့်လျက် ''သြော်–အမေသာရှိနေရင် သူ့မြေးကိုသိပ်ချစ်ရှာမှာပဲ''ဟုတွေးကာ မျက်ရည်ကျရသည်ကမကြာခဏ၊ (တဲကုပ်ကလေးနှင့်နေရရှာသည့် **မိခင်ကို အိမ်ဦးခန်းမှာထား၊ အမေစားချင်တာကျွေး၊ ပုတီးကလေးနှင့်အမေက ဘုရားတရားလုပ်၊ ဝဝတုတ်တုတ်ခန့်ခန့်ညားညားနှင့် အမေကြီးဒေါ်ခင်–သူ့မြေးမလေးကိုချီပိုးယုယနေသည့်အသွင်)** သည်စိတ်ကူးယဉ် အိပ်မက်တွေအားလုံး အမေမရှိလေမှအားလုံးပျက်ပြယ်ကုန်ပါရော့လား၊ အမေရှိရာအပြေးလာစဉ်က စိတ်ကူးယဉ်အတွေးများ

ဘာတစ်ခုလေးမျှ အကောင်အထည်ပေါ်မလာတော့။

ညွှန့်မေတစ်ယောက် အခုမှ အမေ့အိုကိုပေးချင်ပါတယ်–ကျွေးချင်ပါတယ်ဆိုလို့ ကော ရနိုင်ပါဦးမည်လော၊ အမေ့ကိုယ်စား မည်သူ့ကိုများ အစားထိုး၍ကျွေးမည်နည်း၊ အမေ့ကိုယ်စားမည်သူ့ကိုများ အမေ–လို့ သွားခေါ်ဦးမည်နည်း၊ အမေ–ဆိုတဲ့စကားလုံး မည်သူ့ရှေ့မှာ သွား၍သုံးမည်နည်း၊ ထို့ကြောင့်ပင် ရှေးပညာရှင်များက မိန့်ဆိုကြသည်မှာ–

* **အမေသည် သူများနေရာအစားဝင်နိုင်သော်လည်း အမေ့နေရာ မည်သူမျှအစား ဝင်၍မရ။**
* **အသက်ရှိစဉ် အမေ့ကျေးဇူးကိုဆပ်ပါ– သေမှနောင်တနှင့်အတူ မငိုပါနှင့်၊**
* **အမေမရှိသောနေရာသည်တိုက်အိမ်ထက်ကြီးသော နန်းတော်ကြီးပင်ဖြစ်ပါစေ– အိမ်မဟုတ်၊ တဲကုပ်တဲပုတ်လေးပင်ဖြစ်ပါစေ– "အမေ"ရှိနေပါက "အိမ်"ဟု ခေါ်ပါသတဲ့။**

နောက်ဆုံးတော့ မညွှန့်မေတစ်ယောက် မိခင်အတွက် ကုသိုလ်ပြုအမျှဝေခြင်း၊ အားကိုးရာမဲ့ မိအိုဖအိုတို့အား ကူညီစောင့်ရှောက်ခြင်း၊ လူငယ်များအား မိမိအဖြစ်မျိုးမှ ကင်းဝေးစေရန် ဟောပြောဆုံးမခြင်း၊ လူအိုရုံများကို အဝတ်,အစားလှူဒါန်းခြင်းစသည်ဖြင့် နည်းလမ်း ပေါင်းစုံသုံးလျက် တမလွန်မှ မိခင်ကြီးအား ကျေးဇူးဆပ်ကာ သူ့ရင်ဝမှာ စူးဝင်နေသည့် သောကဆူးကို ပယ်နုတ်နိုင်အောင် ကြိုးစားလျက်ရှိနေပါတော့သတည်း။

(သားသမီးတိုင်း "မိ,ဘမရှိခါမှ–ဝန္ဒာမိပါ"ဆိုတဲ့အဖြစ်မျိုး ကင်းဝေးနိုင်ကြပါစေ)

မှတ်ချက် / အမျိုးသားပညာဝန်ဦးဖိုးကျား၏ကိုယ်တွေ့အဖြစ်အပျက် မင်း ကတော်ဝတ္ထုတိုအား မိတ္ထျုပွားကာ ခံစားရေးဖွဲ့ပါသည်။

ဤမင်းကတော်ဇာတ်လမ်း၌ မညွှန့်မေ၏ (**အမေခေါ်ရမှာရှက်သည်**)ကိုလည်း ကောင်း၊ ဒေါ်ခင်၏ (**သားဆိုးသမီးဆိုးပစ်ရိုးထုံးစံမရှိသည်**)ကိုလည်းကောင်း၊ မညွှန့်မေ တစ်ယောက် (**နောင်တအပိုနှင့်ငိုရသည်**)ကိုလည်းကောင်း၊ တွေ့ရှိရသောကြောင့်– ၎င်း အချက်သုံးချက်ကို သီးခြားခေါင်းစဉ်ငယ်တစ်ခုစီတပ်၍ စပ်မိစပ်ရာ ဆက်လက်၍ စဉ်းစား ကြည့်မိ၏။

## အမေခေါ်ရမှာ ရှက်လို့ပါ–တဲ့

ဤဇာတ်လမ်းတွင် ဘူးသီးကြော်သည်အမယ်အိုအား မညွှန့်မေက အမေတော် ရမှာ, အမေခေါ်ရမှာရှက်သတဲ့၊ ရှက်ရုံမျှမက စုတ်တီးစုတ်ပဲ့ ဘူးသီးကြော်သည်မှဆိုးမ၏ သမီးမှန်း မြို့အုပ်မင်းသိသွားပါက အထင်သေးမည်စိုးသောကြောင့် "**အစေခံပါ**"လို့တောင် ပြောသွားခဲ့သေး၏၊ ခေတ်ဆန်ချင်သောသားသမီးတွေက ရိုးလွန်းအလွန်း ရှေးရိုးဆန်

လွန်းသော မိဘများအပေါ် အားမလိုအားမရဖြစ်ကာ အထင်သေးရာမှ (မတော်ချင်-မခေါ်ချင်)စိတ်တွေ ဝင်လာခဲ့ကြဟန်တူ၏။

ဟိုတုန်းကမိဘများ၏ခေတ်နှင့် ယနေ့ခေတ်ကာလမှာလည်း အံ့သြစရာကောင်းလောက်အောင် ကွာခြားလွန်းလှ၏။ ယနေ့ခေတ်လူငယ်များမှာ ခေတ်အတွေးအခေါ်များ သိပ္ပံပညာများတတ်မြောက်လာကြ၍ အတုခိုးစရာ ခေတ်ပေါ်ယဉ်ကျေးမှု ဖျော်ဖြေမှုများ၏ ဝန်းကျင်တွင် ကြီးပြင်းလာကြသောကြောင့် မိရိုးဖလာရိုးရာယဉ်ကျေးမှုများကိုပင် အထင်သေးလာတတ်ကြ၏။ ဖွန်းခက်ရင်းနှင့်မစားတတ်ကြသောမိဘများကိုပင် သားဖြစ်သူဆရာဝန်က **''ကျွန်းမာရေးနှင့်မညီ''**ဟုဆိုကာ ရွံရှာလိုက်ကြသေး၏။

မိမိသည်ပင် ၁၃၄၂-ခုနှစ် ရန်ကုန်ညောင်တုန်းကျောင်းတိုက် စာသင်သားဘဝမှာရှိစဉ် တောကမိအိုဖအိုများအား ဘုရားဖူးလိုက်ပို့ရန် အတော်ဝန်လေးခဲ့မိ၏။ ရှင်းရှင်းပြောရလျှင် ရှက်သောကြောင့်ပင်၊ ထိုစဉ်က တောရွာနေဆွေမျိုးများအား ဘုရားဖူးလိုက်ပို့ရသည်မှာ အခက်အခဲများစွာရှိ၏။ တချို့က ကားတွေကိုကြည့်၍ လမ်းဖြတ်မကူးရဲ၊ တဆတ်ဆတ်တုန်နေတတ်ကြ၏။ အကြောက်လွန်ကာရုတ်တရက်ထွက်ပြေးမည်စိုး၍ လက်ကိုဆွဲထားခဲ့ရသည်၊ ကြီးစောခင်အမည်ရှိ အဒေါ်ကြီးတစ်ယောက်ဆိုလျှင် ဓာတ်လှေကားနှင့် ပြန်အဆင်း နံရံကိုတဘုန်းဘုန်းထု၍ **''မြေမျိုပြီ ခုဖွင့်-ခုဖွင့်''**ဟုပင် အော်ခဲ့သေး၏။

တစ်ခါတလေ ခြေလျင်သွားကြရာ၌ ဘုန်းကြီး၏သင်္ကန်းစကို ရှေ့ဆုံးမှ တစ်ယောက်ကဆွဲကာ ဆွေတော်မျိုးတော် များအလျှုပွဲလှည့်သလို တန်းစီလျက် သွားနေသည်မှာ လူရယ်စရာကြီးလိုဖြစ်နေ၏။ ဟိုငေးသည်ငေးနှင့် လမ်းဘေးမှ ကိုယ်နှင့်ဘာမှမဆိုင်သည့် ရုပ်ရှင်ပိုစတာကြီးများကိုကြည့်ကာ နောက်မှာကျန်ခဲ့ပြန်လျှင် တောမှာလို ခုနစ်အိမ်ကြား ရှစ်အိမ်ကြား လူနာမည်ကိုအော်ခေါ်တတ်ကြ၏။ ရဟန်းဘွဲ့နာမည်မသိလျှင်သော်မှ ''ဦးဇင်း-ဦးဇင်း''ဟု ခေါ်လျှင်မတော်ပါသေးသည်၊ ယခုတော့ **'တစ်သက်လုံးဖုံးသမျှ ကုန်းခါမှပေါ်'** ဆိုသည့်အဖြစ်မျိုး။

**မှတ်ချက်** / အဂ္ဂမဟာပဏ္ဍိတ ဆရာတော်ကြီးတစ်ပါးဆိုလျှင် သူ့ဇာတိရွာပြန်ရောက်သည့်အခါ ရွာသူရွာသားများက သူတို့နှုတ်ကျိုးနေကြသည့်အတိုင်း ''ဦးဇင်းယောင်-ဦးဇင်းယောင်''ဟုသာခေါ်နေကြသဖြင့် မြို့ကညော့်သည်များတောင် ခေါ်မသွားရဲအောင်ဖြစ်ခဲ့ရသတဲ့၊ ဩော်-သာသနာပိုင်ဆရာတော် ကြွလာတယ်-ဆိုလို့ ဘယ်သူများလည်းမှတ်တယ် တို့ရွာက ကိုရင်ညေယျကြီးပါကွာ-ဆိုတာမျိုးလည်း ကြားဖူး၏။ တချို့ကျတော့လည်း လူ့ဘဝတုန်းကပိန်၊ ကိုရင်ဝတ်တော့ကိုရင်ပိန်၊ ဦးဇင်းဘဝ ရောက်တော့ ဦးဇင်းပိန်၊ ဘုန်းကြီးဘဝဆရာတော်ကြီးဘဝ ဝဝခန့်ခန့်ကြီးဖြစ်နေတာတောင် ဒီငပိန်နာမည်ကပျောက်မသွား ဘုန်းကြီးပိန်-ဟုပင်

ခေါ်လိုက်ကြပြန်၏။ လူနှင့်နာမည်မကိုက်ညီလိုက်ပုံများ ''အဖိုးက ဦးချမ်းသာ, အဖေက ဦးငွေပေါ, သားက မောင်ဒွေး''တဲ့။ မွဲတေလိုက်တာမှ ချာတူးကိုလန်နေတာပဲ။

ဈေးထဲလိုက်ပြရာ၌လည်း တစ်ဆိုင်တည်းနဲ့ဘယ်တော့မှမပြီး၊ တစ်ဈေးလုံးလှည့်ပတ်ကာ ဈေးဝယ်သည့်အခါ အားမနာပါးမနာ သုံးချိုးတစ်ချိုးဆစ်ချတတ်၏။ တချို့ဆိုင်ရှင်က အပြုံးမပျက်သော်လည်း ''**ဒီပစ္စည်းမျိုးသုံးဖူးရဲ့လား**''ဟူသော ဆိုင်ရှင်မျိုးနှင့်တွေ့လျှင် ဒုက္ခ– မိမိခြေလှမ်းကိုသာအသင့်ပြင်ထားရ၏။ ဟိုယခင် ကျိုက္ကစံကွင်းပြည်ထောင်စုပွဲ၌ တခမ်းတနားပြထားသောကျောက်စိမ်းတုံးကြီးကို မိခင်ကြီးက(**အမယ်–ကျောက်စိမ်းတုံးကြီးက အေးလို့ပါလား**)ဟုပြောကာ အားရပါးရ ကိုင်တွယ်ပွတ်သပ်၍ကြည့်နေစဉ်၊ လုံခြုံရေးဝန်ထမ်း၏ ''အမေကြီးစာကပ်ထားတယ်လေ မကိုင်ရဘူး''ဟုပြောလာသည်ကို ''**သိပါဘူးကွယ်–အမေကြီးကစာမတတ်လို့ပါ**''ဟု မလိမ့်တပတ်နှင့် ပြုံးစိစိလုပ်နေတုန်း ဖြုန်းဆိုမိမိလည်း ထိုင်ရာမှထကာ ထိုနေရာမှ ခပ်သုတ်သုတ်လစ်ထွက်ခဲ့ရ၏။

ယခုခေတ်များဆို စကတ်ရှေ့ခွဲ–နောက်ခွဲ မြို့သူလေးများကိုတွေ့လျှင် ''ဟဲ့–ဟိုကောင်မလေး ညည်းထဘီက ပြဲနေတယ်''ဟုများ မသိသားဆိုးရွားစွာ လှမ်းအော်ပြောမည်စိုးသဖြင့် ကြိုတင်ကာ ရှင်းပြထားရ၏။ အရေးထဲ အရာပေါ်–ဆိုသလို သည်ကြားထဲ 'တ'နှင့်'သ' မကွဲသူတွေကပါလိုက်သေး၏။ (ဆိုင်မှာထမင်းစားလျှင် ကြက်သားကို 'ကြက်တား'ဟုပြောကြ၏)၊ သို့သော် စနေနံအစနှင့် ရွှေမြိုင်သူရုပ်ရှင်မင်းသမီးတစ်ယောက်တောင် တ,သ–မပီပဲ အကယ်ဒမီရခဲ့သည်မို့ ကိစ္စမရှိ (သီချင်းဆိုရာ၌ပင် မပီ–မှလူကြိုက်များကြသည်မဟုတ်လား၊ ပီ–ဖို့မလို ပြည်–ဖို့သာလိုပါသတဲ့) တကယ်တော့ မိမိကိုယ်တိုင်ကလည်း 'ခ'နှင့်'ရ' အသံကွဲသည်မဟုတ်၊ ဟို–အဖိုးကြီးတစ်ယောက်လိုပေါ့၊ ဥပုသ်နေ့ဟုတ်,မဟုတ် သိလိုသောအဖိုးကြီးက ''အဖွားကြီး–ဒီနေ့ ရှစ်ရက်လား?"ဟုမေးသည့်အခါ အဖွားကြီးက ''ဟဲ့– နင့်ချစ်လို့ယူထားတာပေါ့''ဟု ပြန်ပြောလိုက်သလိုပင်။

ရှေးလူကြီးများ ရှေးရိုးဆန်လှသဖြင့် ယနေ့ခေတ်ကာလနှင့် အင်မဝင်ဂွင်မကျစကောစကဖြစ်နေကြသော်လည်း တောနေလူတန်းစား နောက်ပေါက်လူငယ်များကားအသိအမြင်ကျယ်ကာ ဗဟုသုတကြွယ်ကြ၏။ (ဂလိုဘယ်လိုက်ဇေးရှင်း) ကမ္ဘာကိုပင်ရွာဟုသတ်မှတ်နေသော ယနေ့ခေတ်ကာလ၌ကား တောနှင့်မြို့သည် လူနေမှုအဆင့်အတန်းမကွာလှတော့၊ တစ်နေ့က ကျိုက်သလ္လန်ဘုရားအနောက်စောင်းတန်းမှတက်လာသော အမျိုးသမီးတစ်စု၏အသံကို ကျောင်းပေါ်မှကြားလိုက်ရ၏။ ''အမလေး–သူတို့မြို့ကလည်း တို့တောလောက်တောင် မီးမလင်းဘူး''တဲ့၊ ဩော်– ဟုတ်သားပဲ မီးသေနေသည့်အချိန်မို့ ဘုရားစောင်းတန်းကလည်း မှောင်နေသည်ကိုး။

ယနေ့ခေတ် တောသူတောင်သားများ လယ်တောယာတောမှာသာ အချိန်ကုန်

ကြသည်မဟုတ်၊ ခေတ်ပညာကိုပါ သင်ကြားတတ်မြောက်ကြ၏။ တောနေလူငယ်များ ထက်မြက်သွက်လက်သလောက် တောကအမေအဖေတို့အရွယ် တချို့အဖိုးအိုအဖွားအို တို့ဆိုလျှင် ယခုအချိန်ထိ ရှေးရိုးဆန်တုန်းပင်၊ ဝတ်တာစားတာရှေးရိုးဆန်သော်လည်း တစ်ခါတစ်ရံ မြို့သားများနှင့် ဉာဏ်ကစားရမည်ဆိုလျှင် အကွက်ဝင်အောင်ဖန်တီး တတ်သော အဖိုးအိုတွေလည်းရှိပါသေး၏။ အထုပ်တစ်ထုပ်ပိုက်ခါ ယောင်ချာချာနှင့် ဈေးထဲမလည်မဝယ်လုပ်နေသော တောသားအဖိုးအိုအား "အင်း–ဒီအဖိုးကြီးတော့ အချဉ်ဖမ်းလိုက်ဦးမှပဲ"ဆိုပြီး မြို့သားဆိုင်ရှင်အကွက်ဆင်ပါသော်လည်း ကိုယ်ကျိုး နည်းကာ အညာခံလိုက်ရသူမှာ မြို့သားဈေးသည်ပင်မဟုတ်ပါလား၊ (မြို့သားက တောသားအဖိုးအိုယောင်ဆောင်ထားလျှင်တော့ မပြောတတ်ပေ)။

နောက်ဆုံးပြောချင်သည်မှာ တောကမိအိုဖအိုတို့မှာ အတွင်းစိတ်သဏ္ဌာန်က သားသမီးများအပေါ်တွင် ဖြူစင်ရိုးသားကြသော်လည်း၊ ပြင်ပသွင်ပြင်လက္ခဏာ ဝတ်စားဆင်ယင်မှုကအစ သွားတာလာတာ နေတာထိုင်တာ လှုပ်ရှားမှုအဆုံး ဟိတ်ဟန်မရှိ ပကတိရိုးသားလွန်းကြ၏။ ရှေးရိုးဆန်သော မိဘနှစ်ပါး၏ ရိုးသားစင်ကြယ်မှုကို ရှက်စရာ ဟု သဘောမထားပဲ သားသမီးများဂုဏ်ယူတတ်ကြဖို့လိုပါသည်။ မိဘများက ရိုးအ,လွန်း လို့ ဆင်းရဲလွန်းလို့တော့ဖြင့် အဖေ–အမေတော်ရမှာ၊ အဖေ–အမေဟုခေါ်ရမှာ မရှက်လိုက်ကြပါနှင့်။

## သားဆိုးသမီးဆိုး ပစ်ရိုးထုံးစံမရှိ

"တောင်းဆိုးပလုံးဆိုးကိုပစ်ရိုးရှိကြသော်လည်း သားဆိုးသမီးဆိုးကို ပစ်ရိုး မရှိချေ" ဟူသော ပေါရာဏိကစကားအရ မိဘတို့ကား များသောအားဖြင့် လိမ္မာသော သားသမီးကို လိမ္မာသည့်အလျောက်အချစ်စိတ်ပေါက်ပြီးလျှင်၊ ဆိုးတေမိုက်မဲသောသားသမီး ကိုလည်း ဆိုးတေမိုက်မဲသည့်အလျောက် အချစ်စိတ်ကိုမပျောက်နိုင်ကြ၊ (များသောအား ဖြင့်–ဟူသောစကားအရ မိဘတိုင်းကိုတော့ မဆိုလိုပေ)။

ကိုယ့်ရင်သွေးအပေါ် သည်းခံခွင့်လွှတ်အနစ်နာခံကာ သေတဲ့အထိသမီးလေး အပေါ် ချစ်ပြသွားသော အမေဒေါ်ခင်လို မိခင်မျိုးတွေများစွာရှိ၏။ ကိုယ့်ကိုမပေးမကျွေး ရုံသာမက အစေခံ–ဟုပင်ပြောခဲ့သည့်သမီးလေးကို သေခါနီးမှာပင် (လိမ်လိမ်မာမာ နေရစ်နော်)ဟု စိတ်မချစွာ မှာခဲ့ရှာပါသေး၏။ သားသမီးဆိုး ပစ်ရိုးထုံးစံမရှိ–ဟူသော မိခင်မျိုးပင်ဖြစ်၏။ ကျွေးမွေးမပျက်–ဟူသော ဝတ္တရားအရ သားသမီးဟူသည် မိဘကို ပြုစုလုပ်ကျွေးရမည့်တာဝန်ရှိ၏။ အကယ်၍မပေးမကျွေးလျှင်သော်မှ သားသမီးများ

သူ့ဟာနှင့်သူ အဆင်ပြေနေသည်–ဟု ကြားရလျှင် မိဘတို့ရင်မှာ ဝမ်းသာကြည်နူးကြရ၏၊ (တချို့မိဘတွေကျတော့လည်း သားသမီးကအဆင်ပြေပါလျက် မပေးမကျွေးလျှင် အပြစ်မတင်ရက်သော်လည်း စိတ်မကောင်းတော့ ဖြစ်တတ်ကြ၏၊ သားသမီးတို့အပေါ် မျှော်လင့်ချက်ငါးမျိုးကလည်း ရှိသေးသည်မဟုတ်ပါလား)။

မိဘစကားနားမထောင်တဲ့သားသမီးလည်း နောက်ဆုံးပေယျာလကန်ကာ မပြောပဲနေလိုက်ရုံသာ၊ သည်းခံခွင့်လွှတ်နိုင်သေး၏၊ မိဘလည်းမပေးမကျွေး ပြောစကားလည်း နားမထောင်ရုံမက သည့်ထက်ပို၍ မိဘကိုပြစ်မှားစော်ကားလာပြီဆိုလျှင် (သို့မဟုတ်) ကိုယ်က မိဘဝတ္တရားကျေခဲ့ပါလျက် သားသမီးထံမှ ကိုယ်လိုလားခဲ့သည့် မျှော်လင့်ချက်တွေ ပြန်မရရုံအပြင် မိဘကိုပင် ရန်သူသဖွယ်ဆက်ဆံလာပြီဆိုလျှင်တော့ သတင်းစာထဲမှာ နေ့စဉ်ပါနေသည့် (သားသမီးအဖြစ်မှစွန့်လွှတ်ခြင်း)ဆိုတာတွေ ဖြစ်လာကုန်တော့၏၊ တချို့များ စိတ်နာလွန်းအားကြီးလို့ ''စုံစမ်းမေးမြန်းခြင်းကိုပင် သည်းခံပါ''တဲ့၊ ပတ်ဝန်းကျင်ကလာပြီး စုံစမ်းမေးမြန်းလိုက် ပြန်ရှင်းပြလိုက်နှင့် နောက်ဆုံး စိတ်ပြန်လည်သွားမှာစိုးလို့ထင်ရဲ့၊ စုံစမ်းမေးမြန်ရန်မလို–တဲ့၊ ဒီသားသမီးနှင့် ပတ်သက်၍ ဘာဆိုတာမှပြောစရာမရှိတော့–ဆိုသည့်သဘောမျိုး၊ သတင်းစာ၌ ကြော်ငြာ တစ်ခုဖတ်ရသည်မှာ ''ချစ်လှစွာသောသား–မောင်သိန်းထွန်းအား သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း''တဲ့၊ စွန့်လည်းစွန့်သေး – ချစ်လှစွာသော–ကလည်း ပါလိုက် ပြန်သေး၏၊ မလွှဲမရှောင်သာလို့စွန့်ရတဲ့သဘောမျိုးဖြစ်လိမ့်မည်၊ ထို့ကြောင့် တချို့များ စိတ်ဆိုးတုန်းခဏ သတင်းစာမှာကြော်ငြာလိုက်သော်လည်း နောက်တော့ပြန်လက်ခံ တတ်ကြသည်သာ။

တချို့မိဘများကျတော့ ပြတ်သားလွန်းလှ၏၊ အိမ်ပေါ်ကဆင်းခါနီး တစ်ခါတည်း အပြတ်ပြောလိုက်သည်မှာ ''အေး–မြေးရလည်း ပြန်လက်ခံလိမ့်မယ်–ပြန်ခေါ်လိမ့်မယ် လို့တော့ မအောက်မေ့နဲ့ သားသမီးတွေရရင်တောင် တို့ကိုမျက်နှာလာမပြနဲ့''တဲ့၊ကြော်ငြာ ထည့်ရာ၌ပင်''ရာသက်ပန်စွန့်လွှတ်ခြင်း''ဆိုပြီး ထည့်ကြ၏၊ တချို့ကလည်း ''ဒီသားဒီသမီး နှင့် ပတ်သက်၍ လုံးဝ(လုံးဝ)တာဝန်မယူ''တဲ့၊ ပို၍ခိုင်မာအောင် စကားလုံး ကိုတောင် နှစ်ခါထပ်၍ သုံးလိုက်သေး၏၊ ခန္ဓာကိုယ်မှာရှိသည့် သွေးပုပ်သွေးညစ်ကို ဖောက်ထုတ်လိုက်ခြင်း–ဟုပင် ဆိုရလိမ့်မည် ထို့ကြောင့် မဃဒေဝလင်္ကာ၌–

**(မကောင်းလျှင်မူ, ကိုယ်တွင်ဖြစ်ပွား, သွေးနှင့်သားလည်း, ကြီးမားစင်စစ်, ရန်သူဖြစ်၍, သစ်မြစ်သစ်ဥ, ဆေးအစုကား, တစ်ခုသော်မျှ, ကိုယ်ကမပါ, တောက လာလျက်, ချမ်းသာဆောင်တတ်, ကျိုးရှိမြတ်၏။)** ဟု ရေးသားထားခြင်းဖြစ်၏။

**(မှတ်ချက်)**- ဤနေရာ၌ ကိုယ့်စကား နားမထောင်သဖြင့် အမွှေပြတ်စွန့်လွှတ်မည့် မိဘတို့အား ပြောချင်သေး၏၊ သွာနုတ္တမည်သော "**ခွေးနှင့်တူသော သားသမီးမျိုးကိုသာလျှင်**" အမွှေဖြတ်လို့ရသည်၊ ဒါလည်းပဲ တရားရုံးတော်၏ ထောက်ခံချက်မပါပဲ ကိုယ့်သဘောနှင့်ကိုယ် သတင်းစာမှာ ကြော်ငြာ၍မရ၊ ရလို့ကတော့ သားသမီး(၁၀၀)မှာ (၇၀)လောက်က ခွေးတွေချည်းဖြစ်ကုန်လောက်၏ အကြောင်းကတော့ များသောအားဖြင့် မိဘဟူသည်က သူတို့စကား မှားသည်ဖြစ်စေ, မှန်သည်ဖြစ်စေ နားမထောင်သည်နှင့် ခွေးအဖြစ်သတ်မှတ်ရန် ဝန်လေးသူများ မဟုတ်သောကြောင့်တည်း။

သတင်းစာမှာ အမွှေပြတ်စွန့်လွှတ်ခြင်းထည့်သည့် မိဘများသည် "**ပေါ့စေလိုလို့ ကြောင်ရုပ်ထိုး-ဆေးအတွက်လေး**" ဆိုတာလို ကိုယ်ညံ့ဖျင်းသည့်အကြောင်း လူသိရှင်ကြား ဝန်ခံလျက် တစ်ရက်ကနစ်ရက်ဖြစ်အောင် လုပ်နေမိမှာလည်း စိုးရသေးသည်၊ သားသမီးမကောင်း မိဘခေါင်း-တဲ့၊ ထို့ထက်ပို၍ဆိုရသော် ကိုယ့်သား သမီးမို့ "**သဗ္ဗေသတ္တာကမ္မဿကာ**"ထဲက ခဏဖယ်ထားလို့မရ၊ တချို့ ကိစ္စတွေမှာ ကိုယ်ကဘယ်လောက်စီမံစီမံ သူဖြစ်ချင်သလို ဖြစ်တတ်သည့် အတိတ်ကံအကျိုးပေး ကလည်း ရှိသေးသည်မဟုတ်ပါလား)။

အဖြစ်အပျက်တစ်ခုကြားဖူးသည်မှာ ကျိုက်သလွန်ဘုရားအရှေ့တောင်ဘက် ရပ်ကွက်တစ်ခု၌ သမီးဖြစ်သူက အိပ်ရာပေါ်ပက်လက် သေငယ်ဇောမျောနေချိန်၊ နောက်ဆုံးသူ့အမေနှင့်တွေ့ချင်ပါသည်-ဆို၍ အတင်းခေါ်လာသဖြင့် မိခင်က လိုက်တော့ကြည့်ပါ၏၊ သမီးအနားဆောင့်ကြောင့်ထိုင်လျက် မျက်ရည်ကျရင်း အံကိုသာတင်းတင်းကြိတ်ထားသည်။

မိခင်ထံမှ(အမေ ခွင့်လွှတ်ပါတယ် သမီးရယ်)ဆိုသည့် အသံလေးကို နောက်ဆုံးကြားချင်လွန်းလှ၍စောင့်နေရှာသည့်သမီး၊ အနီးအနားရှိလူများက မိခင်ဆိုသူအား "ပြောလိုက်ပါ သူကြားချင်တဲ့စကားလေး ကြားသွားပါစေ"ဟု တိုက်တွန်းသော်လည်း မိခင်ထံမှစကားသံကထွက်မလာ၊ အချစ်ကြီးခဲ့လို့များ အမျက်ကြီးလေရော့သလား၊ နောက်ဆုံးသမီးခမျာ ခွင့်လွှတ်စကားမကြားရပဲ သေရှာလေ၏၊ ဪ-သည်သမီးကလည်း မိခင်စိတ်နာကြည်းသွားရလောက်အောင် မည်သို့များဆိုးမိုက်ခဲ့ပါသနည်း။

"သားသမီးဆိုးကိုလည်း-ပစ်ရိုးထုံးစံ မရှိခဲ့ပေ" ဟု သီချင်းစပ်ကာဆိုကြသော်လည်း သားသမီးတို့၏ ပြစ်မှားစော်ကားမှုသည် မိဘများအတွက် စိတ်မကောင်းဖြစ်ရသည့်အဆင့်ကိုကျော်လွန်ကာ စိတ်နာကြည်းရသည်အထိ ဖြစ်ပြီဆိုလျှင် တောင်းဆိုး

ပလုံးဆိုးကဲ့သို့ သားဆိုးသမီးဆိုးကိုလည်း ပစ်ရိုးထုံးစံ ရှိကုန်တော့၏။ **ပုဗ္ဗေဝ သန္နိဝါသ** (ရှေးဘဝရေစက်ကြောင့် ယခုဘဝ သားအမိအဖြစ် လာဆုံကြသော်လည်း) **ပစ္စုပ္ပန္နဟိတ** (တစ်ယောက်၏အကျိုးစီးပွားကို တစ်ယောက်ကလိုလားမှု) မရှိကြသောကြောင့် ယခုလို အကွဲအပြဲတွေ ဖြစ်လာကြရခြင်းသာ။ (**သေတ္တာပျက်လျှင် ပြင်လို့ရ၊ မေတ္တာပျက်လျှင် ပြင်မရ**)တဲ့။

မိဘနှင့်သားသမီးတို့ သည်အဖြစ်မျိုးတွေမှ ကင်းဝေးရလေအောင် "ပုဗ္ဗေဝ သန္နိဝါသ"နှင့် "ပစ္စုပ္ပန္နဟိတ" ဤနှစ်မျိုးလုံးနှင့်ပြည့်စုံဖို့အရေးကြီး၏။ ဆိုလိုသည်မှာ ရှေးဘဝရေစက်ကြောင့် ယခုဘဝမှာ ဆုံတွေ့ကြသလို၊ တစ်ယောက်၏ အကျိုးစီးပွား ကိုလည်း တစ်ယောက်ကလိုလားကြရမည်။

**နောက်ဆုံးပြောချင်သည်မှာ–**

သားသမီးများကလည်း မိဘကျေးဇူး ကိုဆပ်ပါ၊
အကြောင်းမညီညွတ်၍ မဆပ်နိုင်သော်မှ မိဘကျေးဇူးကို သိပါစေ
(**ကျေးဇူးရှိမှန်းသိခြင်းသည်ပင်လျှင် ကျေးဇူးဆပ်သကဲ့သို့ရှိချေ၏**)

နောက်ဆုံး ကျေးဇူးမဆပ်နိုင်သော်မှ ကျေးဇူးကန်းကာ ကျေးဇူးစွပ်တဲ့ **အထိတော့ မရောက်ပါစေနှင့်။**

## နောင်တအပိုနှင့် မငိုစေချင်

မညွန့်မေတစ်ယောက် နှစ်ထပ်တိုးနောင်တနှင့် ငိုခဲ့ရသည်ကို ပြောခဲ့ပြီးဖြစ်၏။ နောင်တဆယ်မျိုးတွင်– **မိဘနှစ်ဆူ၊ မမွေးမြူ၊ သေမှနောင်တ ရတတ်စွ**
**မိဘစကား၊ မနာကြား၊ အမှားနောင်တ ရတတ်စွ–**

ဟူသော နောင်တနှစ်မျိုးပါရှိ၏။ မင်းကတော်လေး မညွန့်မေ၏ဘဝကိုကြည့်ပါ၊ အမေကို မပေးမကျွေးပဲ ပစ်ထားခြင်း၊ မိခင်၏ပြောစကားကို နားမထောင်ခြင်း– သည်အပြစ်နှစ်မျိုးလောက်နှင့်တော့ အမေဒေါ်ခင်တို့ မျက်ရည်မကျသေးပေ၊ အဝေးကနေ အဆင်ပြေသည့် သမီးလေးကိုကြည့်ကာ ကြည်နူးဝမ်းသာနေရှာသည့် မိခင်ကြီးရယ်ပါ။

ဒါပေမယ့် "**အစေခံမကြီးပါ**" ဟူသော သမီး၏ ကျေးဇူးကန်းစကား ကြောင့် မျက်ရည်ဖြိုင်ဖြိုင်ကျခဲ့ရသည် မဟုတ်ပါလား၊ **နောင်တကြီးဆယ်ပါးတွင် အမေအိုကို မကျွေးမွေးခဲ့ခြင်း၊ အမေ့စကားနားမထောင်ခဲ့ခြင်း နောင်တနှစ်ပါးအပြင် နောက်ထပ် နောင်တများစွာ တိုးပွားလာသောကြောင့် မညွန့်မေ၏ နောင်တကို**

**"နှစ်ထပ်ကိုးနှင့်ပူဆွေးရသည့်နောင်တ"**ဟု ရေးသားခဲ့ရခြင်းဖြစ်၏။ မည္ဘန့်မေကလည်း သူ့မိခင်အပေါ် အခိုင်းအစေ အဆင့်လောက်သာထား၍ ပြောဆိုဆက်ဆံခဲ့သည်မဟုတ်ပါလား။ သားသမီးနှင့်မိဘ ဆက်ဆံရေးက အမျိုးမျိုးရှိကြရာ၌ ဆရာတပည့်လို စည်းနှင့်ကမ်းနှင့် ဟိတ်နှင့် ဟန်နှင့် ဆက်ဆံကြတာမျိုးရှိသလို၊ ချစ်စိတ်တူညီ၊ ကူညီရိုင်းပင်း၊ မိတ်ဆွေချင်းလို ပေါင်းကြတာမျိုးလည်းရှိ၏။ ပျော်ပျော်ပါးပါး၊ ပွင့်ပွင့်လင်းလင်းနှင့် သူငယ်ချင်းလိုပေါင်းကြတာမျိုးလည်း တွေ့ဖူး၏။

"အမေမရှိတော့လို့ တို့အိမ်ကအဖေကြီး အထီးကျန်နေတယ်၊ မိန်းမထပ်ပေးစားရမယ်" ဟု သားသမီးများကပြောသည့်အခါ ဖအေလုပ်သူကလည်း "ဟေ့ သားသမီးတွေရှာပေးမှ ငါကရ–ရမှာလား။ ငါ့ကြင်ယာ ငါ့ဖာသာရှာမယ်" ဆိုပြီး သူ့အစွမ်းအစနှင့်သူယူပြလိုက်သည်မှာ တစ်ယောက်ပြီးတစ်ယောက် သားသမီးတွေပင် သြချလောက်၏။

မိမိ၏အသိမိတ်ဆွေ ဒကာလေးတစ်ယောက် ဖခင်ဆုံးခဲ့သည်မှာ တစ်လကြာပါသော်လည်း သူ့အဖေအကြောင်းစကားစပ်မိတိုင်း ငိုနေသဖြင့်၊ မိမိက "အားလုံးဟာ သခါရနယ်သားတွေချည်းမို့ တရားနှင့်သာဖြေဖို့အကြောင်း"ပြောလိုက်မိရာ၊ "အဖေသေတာ တရားနှင့်ဖြေလို့ရသော်လည်း ပြစ်မှားခဲ့တဲ့အပြစ်ကို တရားနှင့်ဖြေလို့မရကြောင်း **အဖေက'ငါသေရင်တောင် မလာခဲ့နဲ့'**ဟု ပြောသွားသဖြင့် ရင်ထဲမှာတအုံနွေးနွေးနှင့် ပူဆွေးသောက ပို၍ဖြစ်ရပါကြောင်း" ပြောပြသွား၏။

အဖေသေဆုံးရတာကို နမြောခြင်း သက်သက်ဖြင့် ငိုခြင်းမဟုတ် – "နောင်တနှင့်အတူငိုရပါသည်"တဲ့။ ယင်းသို့ဆိုပါက မိဘအပေါ် တာဝန်ကျေခဲ့လျှင် တရားနှင့်ဖြေလို့လွယ်မည်၊ တာဝန်မကျေ ပြစ်မှားခဲ့မိလျှင် နောင်တအပူရှိနေသောကြောင့် တရားနှင့်ဖြေဖို့မလွယ်–ဟု မှတ်ယူရလိမ့်မည်။

**မိဘနှစ်ဖြာ၊ ရှိနေပါလည်း**
**ကျေးဖူးမသိ၊ မဆပ်ဘိမူ**
**တစ်သက်လုံးလုံး၊ လူဖြစ်ရှုံး၏** (မြစကြာဆရာတော်)

**တတိယပိုင်းပြီး၏**

သီတာရေစင်

(စတုတ္ထပိုင်း)

အပြင်လောက မိန္ဒင့်ဖ



## မျက်ရည်ကျရ လူ့ဘဝ

သီတာရေစင် တတိယပိုင်းလာ ဤမျှသောစကားအစဉ်ဖြင့် မိဘနှင့်သားသမီး တို့၏အကြား ဖြူစင်သောမေတ္တာတရားနှင့် ပြုကျင့်ရမည့်ဝတ္တရားများကို အနုပညာ လောကမှ မိမိမှတ်မိသလောက် တင်ပြခဲ့ပြီးဖြစ်၏၊ အပြင်လူ့လောကထဲတိုးဝင်၍ ကြည့်မည်ဆိုလျှင်လည်း မိဘနှင့်သားသမီးတို့အကြောင်းကို ပို၍ပင် သိနိုင်ပါလိမ့်မည်၊ ဆရာသိန်းဖေမြင့်က (ပြည်သူ့ကြားမှာ အမှန်ရှာ) ဟူသောအမည်ဖြင့် ခရီးသွားဆောင်းပါး တစ်ပုဒ်ရေးဖူး၏၊ ယခုလည်း အကြောင်းစုံကို ထို့ထက်ပို၍သိလိုလျှင် **(ပြည်သူ့ကြားမှာ တွေ့အောင်ရှာ)**ဟုပင် ပြောချင်ပါသည်။

အနုပညာကိုဖန်တီးသူများ ပုံဖော်သူများ တော်ကြသောကြောင့် တချို့များ ရုပ်ရှင်ကြည့်ရင်း ကွယ်လွန်သူမိဘတို့ကိုလွမ်း၍ မျက်ရည်ကျကြ၏၊ တချို့လည်း **စာပေဖတ်** ရင်း မိဘကိုပြစ်မှားမိသူများ နောင်တရသွားကြ၏၊ **(သြော်–တကယ်တမ်းတွေးကြည့် ပြန်တော့လည်း မိမိတို့ကိုယ်တိုင် လူ့လောကဇာတ်ခုံကြီးပေါ်တွင် ကံဇာတ်ဆရာ၏ အဆုံးအဖြတ်အောက်၌ ကျရာဘဝ ကျရာဇာတ်ရုပ်ဖြင့် ကိုယ့်ဇာတ်ထုပ်ကို ကိုယ်တိုင် သရုပ်ဆောင်နေကြရသူများပင် မဟုတ်ပါလား)။**

ဂီတရုပ်ရှင်သဘင်ကိုမဆိုထားနှင့် ပါးစပ်ကပြောဟောရသည့် ဦးသုခ၏ အမေနေ့ ဟောပြောပွဲကိုပင်ကြည့်ပါ၊ ဆရာကြီးဦးသုခ၏ အသံတုန်တုန်ယင်ယင်ဆို့နင့်အက်ကွဲသော အသံကြီးဖြင့် သူ့မိခင်ကိုတမ်းတကာ (အမေ) ဟု အော်လိုက်သည့်အသံကို ကြားရသူ မှန်သမျှ ကြက်သီးတွေ တဖြန်းဖြန်းထသွားကြပါသတဲ့၊ လူတိုင်းမှာ အမေကိုယ်စီ ရှိခဲ့ကြသည်မဟုတ်ပါလား၊ သည်တော့လည်း တချို့က (သြော်–ငါ့မှာ **အမေရှိနေပါသေး လား)**ဟု မိခင်ကို ချက်ချင်းသတိရသွားကြ၏၊ မိခင်ကိုပြစ်မှားခဲ့သူများကတော့ **(တော်ပြီ တော်ပြီ ဒီနေ့ကစပြီး အမေစိတ်ဆင်းရဲအောင်မလုပ်တော့ဘူး)**ဟု နောင်တတရားတွေရ သွားကြ၏။ တချို့များကျတော့လည်း နောင်တရရုံမက တမလွန်မှ မိခင်ကိုတမ်းတကာ မျက်ရည်များပင် ပိုးပိုးပေါက်ပေါက် ကျသွားလိုက်ပါသေး၏။

နောက်ဆုံးဘုန်းတော်ကြီးများဟောသည့်တရားပွဲကိုပင်ကြည့်၊ မိဘမေတ္တာ အကြောင်းသာဟောပါက ပရိသတ်များ မျက်ရည်လွယ်တတ်ကြ၏၊ ၁၃၆၅–ခုနှစ်၊ နတ် တော်လဆန်း(၁၂)ရက်ည တောင်ပေါ်တန်းရပ် ရှင်ဥပဂုတ်မဏ္ဍပ်၌ **"လမင်းမေတ္တာ ကုဋေကုဋာ"**အမည်ဖြင့် မိဘမေတ္တာအကြောင်းဟောနေစဉ် **ကလေးမတစ်ယောက်**

မျက်မှန်လေးချွတ်လိုက်၊ မျက်ရည်လေးသုတ်လိုက်နှင့်ငိုနေသည်ကို မြင်ခဲ့ရ၏။ အဘယ့်ကြောင့်ငိုရပါသနည်း (**အဒေါ်ကြီးတစ်ယောက်ထံ သူ့သားဆုံးတဲ့အကြောင်းစာရေးလိုက်ရာ စာဖတ်ပြီးပြီးချင်းငိုပါသတဲ့၊ ၎င်းအဒေါ်ကြီးငိုခြင်းမှာ စာအရေးကောင်းသောကြောင့် ငိုသည်မဟုတ်၊ သူ့သားကြောင့်ငိုခြင်းဖြစ်သလို**) ယခုလည်း မိမိအဟောအပြောကောင်းလို့ငိုသည်မဟုတ်၊ သူ့မိခင်ကိုသတိရသောကြောင့်သာ ငိုခြင်းဖြစ်ပါလိမ့်မည်။ တရားနာသူသာမက တရားဟောနေသူမိမိမှာလည်း ဖခင်အပေါ်တာဝန်မကျေခဲ့သဖြင့် ပလ္လင်ပေါ်မှနေ၍ ရှေ့သို့ကြည့်ကာ မိဘအကြောင်းဟောနေချိန်တွင် နောက်ကျောဖက်ဆီမှ နောင်တလှိုင်းတံပိုးများ၏ တဝုန်းဝုန်းရိုက်ခတ်နေသံကို ထိတ်လန့်စွာ ပြန်၍ ကြားနေခဲ့ရ၏။

ကော့လှာဆရာတော်ဘုရား အမိန့်တော်ရှိသည်မှာ "**တစ်နေ့က ကျောင်းရောက်လာတဲ့ တရုတ်မောင်နှမနှစ်ယောက်ကို မိဘကျေးဇူးအကြောင်းဟောရင်းနဲ့ 'အဖေ-အမေတို့ကလဲဗျာ ဘာမှမသိနားမလည်ပဲ နေရာတကာဝင်ဝင်ရှုပ်တယ်၊ ကျုပ်တို့ ကျွေးတာမွေးတာစားပြီး အေးအေးနေစမ်းပါ**"ဟု နှုတ်သီးကောင်းလျှာပါး ပြန်မပြောရဘူး-လို့ဟောနေတုန်း ဖြူနီးဆိုတရုတ်မောင်နှမနှစ်ယောက် တရှုတ်ရှုတ်နဲ့ ငိုပါလေရော၊ အင်း-ဘုန်းကြီးပြောတဲ့စကားနဲ့ တိုက်ဆိုင်သွားလို့ဖြစ်ပါလိမ့်မယ် ငိုချင်နေတဲ့သူကို လက်နဲ့တို့လိုက်သလိုပေါ့"ဟု အမိန့်ရှိခဲ့ဖူး၏။

မှန်ပါသည်- များသောအားဖြင့် မိမိတို့အဖြစ်အပျက်နှင့်တိုက်ဆိုင်မှုရှိလျှင် မျက်ရည်ကျလွယ်၏။ ဥပမာ-မိခင်ရင်းကိုရှာဖွေနေသူမိန်းကလေးတစ်ဦးက တီဗွီရုပ်ရှင်တွေထဲမှာ နှစ်ပေါင်းများစွာကွဲကွာနေတဲ့ သမီးနဲ့အမေ ပြန်လည်တွေ့ဆုံခန်းကိုကြည့်လိုက်မိလျှင် အဲဒီမိန်းကလေး မျက်ရည်ကျမည်မှာ အသေအချာပင်။

တစ်ခါတစ်ရံ တိုက်ဆိုင်မှုမရှိသော်လည်း ကိုယ်ချင်းစာတရားဖြင့် သနားစိတ်ဝင်ကာ မျက်ရည်ကျတာမျိုးလည်းရှိတတ်ပြန်၏၊ လူတိုင်းကိုတော့မဆိုလိုပေ၊ နဂိုက မျက်ရည်လွယ်သူလည်းမဟုတ်၊ မိဘနှင့် ပတ်သက်၍ ဘာခံစားချက်မှလည်း မရှိသူများကတော့ အလွယ်တကူနှင့် မျက်ရည်ကျဖို့ခဲယဉ်း၏၊ မိဘအပေါ်တာဝန်ကျေခဲ့သူများပင် ကွယ်လွန်ပြီး မိဘတို့အပေါ် နောင်တမျက်ရည်မဟုတ်တောင် လွမ်းမျက်ရည်လေးတော့ ကျတတ်ပါသေးသည်။

မိဘနှင့်ပတ်သက်လာလျှင် ဝမ်းသာလို့ကျသော ပီတိမျက်ရည်ထက် လွမ်းမျက်ရည် နောင်တမျက်ရည်က ပို၍ကျလွယ်သည်ဟုပြောချင်၏။ တော၁က အမေတစ်ယောက် သိန်းသုံးရာဆုထီပေါက်သတဲ့-ဟုကြားလျှင် အမေ့အတွက် ဝမ်းသာအားရ

ထခုန်ရုံကလွဲ၍ ပီတိမျက်ရည်ကျဖို့ ခဲယဉ်းလှ၏၊ “**အမေနေမကောင်းဘူး**”တဲ့၊ “**အသည်းအသန်ဖြစ်သတဲ့**”ဟု ကြားရလျှင် ချက်ချင်းမျက်ရည်ကဝဲချင်လာသည်၊ ဒါတောင် သေဆုံးသည့်သတင်းမဟုတ်သေး။ ဒုက္ခလနှင့်ပါရိကာတို့ မျက်စိကွယ်သည့်အခါ သုဝဏ္ဏသာမ ငိုလည်းငို,ရယ်လည်းရယ်ရာ၌ “**မျက်စိကွယ်သည့်အတွက် ဝမ်းနည်းလို့ ငိုသည်က–အရင်၊ ပြုစုခွင့်ရသဖြင့် ဝမ်းသာလို့ ရယ်တာက–နောက်**”ဖြစ်ပါသတဲ့။

## မျက်ရည်မခန်း ရှင်ရဟန်း

လူ့ဘဝတစ်ခုလုံး အငိုနှင့်စ၍ အငိုနှင့်ဆုံးသည်မို့ လောကလူသားများသာမက ရဟန်းတော်များသည်လည်းကောင်း၊ ပုထုဇဉ်များသာမက သောတာပန် သကဒါဂါမ် အရိယာများသည်လည်းကောင်း ရာဂဒေါသမကင်းသည့်အတွက် အကြောင်းအမျိုးမျိုးကြောင့် ငိုကြွေးခဲ့ကြရ၏။ (**ငိုခြင်းသည် ဆုတ်နစ်သည့်ဒေါသတစ်မျိုးပင်ဖြစ်၏**)။

ရဟန်းတော်များမှာ သားရေးသမီးရေး စီးပွားရေးစသည့်အတွက် မပူဆွေးရသော်လည်း မိဘများအတွက်တော့ ငိုကြွေးခဲ့ကြရ၏။ ဘုရားရှင်လက်ထက် သုဒ္ဓေသား ရဟန်းတော်လေးသည် ဆင်းရဲဒုက္ခရောက်နေရှာသည့် မိအိုဖအိုတို့အတွက် မျက်ရည်ကျခဲ့ဖူး၏။ သောတာပန်အရိယာဖြစ်နေသော အနာထပိဏ် ဝိသာခါတို့လည်း ပျက်စီးသွားသည့် သမီးငယ်မြေးငယ်တို့အတွက် ငိုကြွေးခဲ့ကြရ၏။

သီဟိုဠ်ကျွန်း မဟာသီဝမထေရ်ကြီးကား တရားအားထုတ်ပါသော်လည်း တရားထူးမရသဖြင့် စိတ်ပျက်ခါ သီတင်းဝါလ ကျွတ်တိုင်းကျွတ်တိုင်း (**နှစ်ပေါင်း(၃၀) ကြာအောင်**) ငိုကြွေးခဲ့ရပါသတဲ့၊ ဘုရားရှင်ပရိနိဗ္ဗာန်ဝင်စံရာ၌လည်း ပုထုဇဉ် သောတာပန် သကဒါဂါမ်ရဟန်းတော်များ လူးကာလိမ့်ကာဖြင့် ငိုကြွေးခဲ့ကြပါသေးသည်။

အမှန်အားဖြင့် အနာဂါမ်အဆင့်သို့မရောက်သေးသော ရဟန်းအားလုံးရာဂ ဒေါသမကင်းသေးသောကြောင့်လည်းကောင်း၊ သွေးနှင့်ကိုယ် သားနှင့်ကိုယ်ပင်ဖြစ်သောကြောင့်လည်းကောင်း၊ အများနည်းတူ စိတ်၏ခံစားမှုအမျိုးမျိုးနှင့် ဆက်ဆံလျက်ပင်ရှိ၏။ ချစ်မှုခင်မှု,လွမ်းမှုဆွေးမှု,ပျော်ရွှင်မှုစသော လှိုင်းဂယက်တံပိုးကြားတွင် နစ်တုံပေါ်တုံပင် ရှိနေသေးသည်မို့ ငိုကြွေးရန်အတွက် မျက်ရည်စမ်းကမခန်းခြောက်ကြသေးသည်မှာ **ဆန်းတော့မဆန်းလှပေ**။ ပိတောက်ကြွေတိုင်း မျက်ရည်ဝိုင်းသည်–ဆိုတာလို လွမ်းစရာ **ကြုံနေသမျှ ကျမျက်ရည်ကတော့ ရှိနေဦးမည်သာ** ဖြစ်ပါ၏။

## တမလွန်ပခင် ရှိစေချင်

သည်နေရာ၌ မိမိ၏ဖြစ်စဉ်တစ်ခုကို မပြောမပြီး မတီးမပြည် မဖြစ်ရလေအောင် အတီးကလေးနှင့်ပြောချင်သေး၏၊ (ကိုယ်ရည်သွေးတီးလုံးတော့မဟုတ်)၊ ၁၃၅၅–ခုနှစ် ကဆုန်လ (ဖခင်ဆုံးပြီး တစ်လအကြာ) အမေရှိရာ ''ဝမ်းသာရွာ''မှာ ဓမ္မာစရိယစာအောင် ဂုဏ်ပြုပွဲ ဆင်နွှဲကျင်းပနေစဉ်၊ ဇာတိမြေမှာ သည်လိုပွဲမျိုး မကြုံဖူးသဖြင့် တစ်ရွာလုံး အုန်းအုန်းကျွက်ကျွက် တက်တက်ကြွကြွ ပျော်ပျော်ရွှင်ရွှင်၊ မွေးမိခင်ကိုကြည့်လိုက်ပြန် တော့ ဂုဏ်ပြုခံ သားရဟန်းအတွက် –

**မျက်နှာပွင့်လန်း လန်းဆန်းတက်ကြွနေတဲ့အမေ**

**ဇရာဖုံးပေမယ့် ခါးမကုန်းသေးတဲ့အမေ**

**ဇရာထောင်းသော်လည်း အားကောင်းသေးတဲ့အမေ**

**မှုန်ဝါးဝါးဖြစ်နေတဲ့ မြင်ကွင်းကို အဝေးကြည့်မျက်မှန်လေး တဝင်းဝင်းနဲ့ လင်းစေခဲ့တဲ့အမေ**၊ ယောဂီတဘက်ကလေး ပခုံးမှာတင်ကာ အမေ့တစ်ကိုယ်လုံး ပီတိဖုံးလို့ ပြုံးပျော်လျက်ရှိသည်ကို တွေ့မြင်ရ၏။ သည်အခါ အမေ့ကိုကြည့်၍ မိမိ မျက်ရည်ကျခဲ့ရ၏၊ ဝမ်းသာလွန်းလို့ကျလာသည့် ပီတိမျက်ရည်တော့မဟုတ်၊ ''**အဖေရှိရင် သိပ်ကောင်းမှာပဲ**''ဟု ဖခင်ကိုတမ်းတကာ ကျလာသည့်လွမ်းမျက်ရည်၊ ဖခင်အပေါ် ပြစ်မှားမိသမျှ နောင်တမျက်ရည်များသာဖြစ်ပါ၏၊ အကယ်၍သာ ဖခင်အပေါ်မှာ တာဝန် ကျေခဲ့မည်ဆိုပါလျှင် မျက်ရည်ကျလည်း လွမ်းမျက်ရည်လောက်ပေါ့၊ အခုတော့ နောင်တ မျက်ရည်ကိုပါ အဆစ်ထည့်၍ ပေးဆပ်နေရ၏၊ (သည်လို မျက်ရည်မျိုးက ပီတိမျက်ရည် ထက်ပို၍ကျလွယ်ကြောင်း ပြောခဲ့ပြီးဖြစ်ပါသည်)။

အခမ်းအနားအစီအစဉ်များ တစ်ခုပြီးတစ်ခုပြောင်းလဲသွားစဉ် ပလ္လင်ပေါ်မှလှမ်း အငေး အမေ့နံဘေးတွင် မြင်နေရသည်က အဖေ့ပုံရိပ်၊ ခေါင်းပေါင်းစတာထောင်ထောင်နဲ့ မိမိကိုများလာရောက်အားပေးနေသယောင်၊ အဖေ့ရုပ်လွှာ စိတ်မှာထင်ဆဲ နားထဲဝင်လာ သည်က ယောဂီမလေးများ၏ သံဆန်းကဗျာသံ––

* **သီရိကဥ္စန – ဂုဏ်ပေါင်းခ အရှင်မှာလေ**

**သာစည်နယ်– ဝမ်းသာကျေးရွာ မွေးဖွားလာပေ**

**နတ်ဒေဝါ ဖူးမြော်ရမယ့် ဦးညိုစိမ့်က ခမည်းတော်ပါလေ**

**ဒေါ်ပိုးမျှင် ဝမ်းမှာခလို့ ဝမ်းသာစွ ဖွားမြင်ရ ထူးမြတ်လှသားတော်ပေ။**

* **ထူးမြတ်သည့်သားတော်ကြောင့် မိဘနဲ့မောင်နှမတွေ**

**ဂုဏ်ရောင်တွေ နယ်အတွင်း ထွန်းလင်းဖြာဝေ**
**ဘွဲ့ဂုဏ်ရည်စုံညီချက် ကြည်နူးလျက်ဂုဏ်ရှင်ကိုလေ**
**အာရုံတော်ယူမျှော်မှန်း–အာ–ရုံတော်ယူမျှော်မှန်း**
**ပူဇော်ခမ်း ရဟန်းမြတ်ကိုလေ ။**

အဖေ့နာမည်လေးပါလာသည်မို့ အမေ့ခမျာလည်း ပါရမီဖြည့်ဖက်ကို သတိရနေဟန်တူရဲ့ မသိမသာ မျက်ရည်လေးသုတ်နေသည်ကို လှမ်းမြင်ရ၏။ (ဩော်–အဖေခုံးသည်မှာလည်း တစ်လသာရှိသေးသည်ကိုး။) **မိမိ၏စိတ်ဘဝင်က–**

**အတိတ်ကိုမေ့ထားချင်သော်လည်း**
**အရိပ်လိုမခွဲပဲ လိုက်ကပ်နေတာမို့**
**စိတ်တွေက အဖေ့ဆီရောက်လေတိုင်း**
**ရစ်ဝိုင်းလာတဲ့ မျက်ရည်စတွေ ပြိုကျမလာအောင်**
**မျက်တောင်တစ်ချက်ခတ်ကာ ယပ်တောင်လေးနှင့်သာ**

**ကွယ်လိုက်ရတော့၏။** သံဆန်းကဗျာထဲမှ အဖေ့နာမည်ကို နှုတ်ကတတွတ်တွတ် ရွတ်လျက် မျက်စိအမြင်ကမှုန်ဝါး နားအကြားကဝေးသွားသလို၊ အတိတ်ဆီမှအဖေ့ပုံရိပ်များကလည်း မိမိနှင့်တဖြည်းဖြည်း နီး၍နီး၍သာ လာလေတော့၏။

## အတိတ်နယ်ဆီ ရောက်ခဲ့ပြီ

အဖေ မော်လမြိုင်ရောက်လာသည်က ၁၃၅၄–ခုနှစ် ဝါဆိုဦးမှာ၊ အဖေ့ခမျာ ပန်းနာရင်ကျပ်ရှိသည်မို့ အညာဒေသ၏ အအေးဒဏ်ကိုမခံလိုသဖြင့် ကြို့တင်ကာရောက်ရှိလာခဲ့ခြင်းဖြစ်၏၊ ''၎င်းနှစ်တပေါင်းလတွင် မန္တလေး ဓမ္မာစရိယဘွဲ့နှင်းသဘင်သို့တက်ရောက်ရန် အဖေနှင့်အတူ ရွာပြန်မည်–ကဆုန်လလောက်တွင် ရွာမှာဂုဏ်ပြုပွဲကျင်းပမည်'' ဟု မိဘနှစ်ပါးလုံးနှင့်တိုင်ပင်ပြီး ဖြစ်ပါ၏။ အဖေ မော်လမြိုင်နေသွားသည်မှာ လချို့၍ပင် ကြာခဲ့၏၊ ရောက်စကမသိသာသော်လည်း အတူနေတာကြာတော့မှ ''**နီးတကျက်ကျက်**''ဆိုတာက စလာတော့၏။

''အဖေကလည်းဗျာ ဒီအသက်ရွယ်ကြီးကျခါမှ ဟိုသွားချင်ဒီသွားချင်နဲ့၊ ဈေးထဲသွားပြန်တော့လည်း မောလို့နားရတာက မဟာမုနိကုန်းအတက် ဆယ်ခါထက်မနည်းဘူး နောက်ဆိုသွားဖို့စိတ်မကူးနဲ့''ဟု ဆူငေါက်လျှင် အဖေ့မျက်နှာ ညှိုးသွားတတ်၏၊ သူ့ပြောစကားနားမထောင် ပြန်လှန်၍ပြောမိသည့်အခါတိုင်း ဝမ်းနည်းစွာနှင့် မိမိကိုပြန်၍ငေး ကြည့်နေတတ်၏၊ တစ်ခါတလေ သားအဖနှစ်ယောက်စိတ်ကောက်ခါ တစ်ရက်နှစ်ရက်

လောက်စကားမပြောဖြစ်ကြ၊ ထိုအခါမျိုးတွင် အဖေတစ်ယောက်အခန်းအောင်းလျက် ကက်ဆက်ခလုပ်ကို ဆောင့်ဆောင့်နှိပ်ကာ၊ ရွှေမန်းတင်မောင်၏ ဗုဒ္ဓဝင်ဇာတ်ထုပ်များနှင့်သာ အလုပ်ရှုပ်နေတတ်၏၊ တချို့ရက်တွေ ရွှေမန်းအသံမကြားရလို့များ ကြည့်လိုက်လျှင် အသံမထွက်တော့သည့်ကက်ဆက်ပျက်ကလေးလက်ကဆွဲပြီး မန်ကျည်းတောရွှေကျောင်းဘက်ဆီသို့ ခါးကလေးကိုင်းကာ စိုက်စိုက်စိုက်စိုက်နှင့် ထွက်သွားတတ်၏၊ (ထိုစဉ်ကကက်ဆက်ပြင်သည့်ဦးပဉ္စင်းတစ်ပါး မန်ကျည်းတော ရွှေကျောင်းတွင်ရှိ၏၊ ယခုလူဝတ်လဲသွားပြီ)

အဖေ မော်လမြိုင်မှာ အနေကြာသော်လည်း သားဘုန်းကြီးတစ်ပါးအနေနှင့် ကျွေးမွေးပြုစုထောက်ပံ့ရာ၌ အားရကျေနပ်စရာမရှိ၊ အဖေသုံးဖို့ဝတ္ထုငွေပေးသော်လည်း သုံးစွဲသည်ကိုမတွေ့ရ၊ "**အဖေ့မှာ ငွေမလိုပါဘူး**"ဟု တစ်ခါတလေပြန်ပြောတတ်၏၊ ပေးသည့်အခါတိုင်းလည်း ယူထားလိုက်သည်ပင်၊ (ငွေမလိုပါဘူးဆိုတော့ ဘာကို လိုမှန်းလည်း ထိုစဉ်က မစဉ်းစားမိခဲ့)။ သားအဖနှစ်ယောက် အတိုင်အဖောက်မညီလို့ ကတောက်ကဆဖြစ်ကြလေတိုင်း အဖေအမြဲပြောလေ့ရှိသောစကားမှာ–

"**ခရမ်းချဉ်သီးပိန်တောင် မလှီးနိုင်တဲ့ဓားတုံးဘဝ၊ အဖေက သေခါနီးပြီး အချိန်မစီးတဲ့ အဖိုးကြီးဖြစ်သွားလို့ ပြန်ပြန်ပြောနေတာလား၊ ဘုန်းကြီးလည်း တစ်နေ့ ကျရင် အဖေ့လိုအိုရဦးမှာပါ၊ တော်ပြီ– နောက်ဆို မော်လမြိုင် ဘယ်တော့မှ မလာတော့ဘူး၊ ဒီတစ်ခါနောက်ဆုံးပဲ**"တဲ့။ ဩော်– အတူနေကြခါမှ ဖအေနှင့်သား ပဋိပက္ခဖြစ်ကြရ၏၊ "နီးတကျက်ကျက်–ဝေးတသက်သက်"ဆိုသောစကားသည် ညီအစ်ကိုမောင်နှမများ အတွက်သာမက မိမိတို့သားအဖနှစ်ယောက်အတွက်လည်း ဖြစ်နေပါရောလား။

အမှန်တော့ သားသမီးတိုင်း မိဘနှင့်အတူနေခွင့်ရကြသည်မဟုတ်၊ တချို့က အိမ်ထောင်ခွဲကာရပ်ဝေးမှာ၊ တချို့ကတော့ အိုးမကွာအိမ်မကွာ တစ်ရပ်ထဲမှာ၊ တခြား ညီအစ်ကိုမောင်နှမများ အတောင်အလက်စုံကာ ရပ်ဝေးမှာရောက်ကုန်ပါသော်လည်း ညီမတို့အိမ်ထောင်စုကတော့ မိဘများနှင့်ကျန်ရစ်ခဲ့၏၊ မိဘနှင့်အတူနေခွင့်ရသည့် ညီမဖြစ်သူအား "ငါ့ညီမက မိဘနဲ့အတူနေခွင့်ရလို့ တို့များထက်ပိုပြီးကံကောင်းသလို၊ ကုသိုလ်တွေလည်းပိုရတာပေါ့"ဟု ပြောသည့်အခါ ညီမလုပ်သူက "ပြုစုရလို့ ကုသိုလ်ပိုရသလို တစ်ခါတစ်ရံပြန်ပြောမိလို့ ငရဲလည်းပိုကြီးတာပါပဲ"ဟု ဆိုခဲ့ဖူး၏၊ **အင်း–ဒါလဲဟုတ်တာပဲ မိဘဖြစ်နေလေတော့ (တို့တတွေဝေးနေတာပဲ ကောင်းပါတယ်) ဟု ဆိုလို့ကလည်းမဖြစ်။**

မည်သူမဆို ကိုယ့်မိဘနှင့်ကိုယ် အတူတူသာနေချင်ကြ၏၊ နေရပြန်တော့လည်း တစ်ခါတစ်ရံ မိဘကိုပြန်လှန်၍ပြောမိဆိုမိတတ်ပြန်၏၊ အကယ်၍သာ မိဘနှစ်ပါးအား ခွန်းကြီးခွန်းငယ် ပြန်မတွယ်ပဲ အရာရာဝယ်သည်းခံစိတ်မွေးကာ လုပ်ကျွေးပြုစုပါလျှင် ၎င်းသားသမီးများ ကုသိုလ်တရားတွေ များစွာရကြပေလိမ့်မည်။

မှန်ပါသည်– ကုသိုလ်အမျိုးမျိုးရှိရာ၌ ဘုရား,ကျောင်း,ရဟန်းဒကာအမည်ခံလို၍ ဘုရားတည်ကျောင်းဆောက် ရဟန်းခံရှင်ပြု ကောင်းမှုကုသိုလ်တွေ အချိန်မရွေးလုပ်လို့ရ၏၊ မိဘကိုမှီပြီးရနိုင်တဲ့ကုသိုလ်မျိုးကျတော့ အချိန်မရွေးလုပ်လို့မရ၊ အချိန်ကန့်သတ်ချက်ရှိ၏၊ မိဘနှစ်ပါး၏ခန္ဓာသည် မသေတတ်တဲ့ခန္ဓာမဟုတ်၊ သေတတ်တဲ့ခန္ဓာဖြစ်နေသောကြောင့် မိဘတို့မသေမီသာ ထိုကုသိုလ်မျိုးကိုရရှိနိုင်၏၊ သေပြီးနောက်မှ ဘယ်ဘုံဘယ်ဘဝရောက်နေမှန်းမသိတဲ့ မိဘများအတွက် ဘိုးတော်ပျံဘွားတော်ပျံဟု ကောင်းမှုကုသိုလ်တွေ အကြီးအကျယ်ပြုလုပ်ခါ "အဖေတို့အမေတို့ရေ– အမျှအမျှ"ဟုဆိုလို့ အကျိုးရှိမည်မဟုတ်၊(ရက်လည်,လလည်ဆွမ်းကျွေးမျိုးကိုမဆိုလို)၊ ထို့ကြောင့် မိဘနှစ်ပါးအသက်ထင်ရှားရှိနေတုန်း အတူနေခွင့်ရတုန်းလေးမှာ အခွင့်အရေးကိုလက်လွှတ်မခံပဲ ရအောင်ယူလိုက်မိဖို့ အရေးကြီးလှ၏။

"**ဆန်ခံသွားတဲ့မယ်သီလ– မျက်စိလည်လေ ဆန်ရလေ**"ဆိုတာလို၊ မိဘနှင့်အတူနေလေ ကုသိုလ်ပိုရလေဆိုလျှင် မကောင်းပါလား၊ ထိုသို့မဟုတ်ပဲ မိဘနှင့်ပတ်သက်လေသမျှ ကုသိုလ်တစ်ပဲရေတစ်ပိဿာ–ဆိုပါက မျက်စိလည်နေတဲ့မယ်သီလနောက်ကခွေးလိုက်လို့ ဆန်ဗန်းမောက်ကျသည်ထက် ပိုဆိုးပါလိမ့်မည်။

တုန့်ုနိုင်းမရသည့်မိဘမေတ္တာမျိုးကိုလည်း မိရင်းဖရင်းတို့ကသာပေးနိုင်၏၊ ဦးကြီးဦးလေး ဒေါ်ကြီး ဒေါ်လေး မိထွေး ပထွေးတို့က ပေးနိုင်သည်မဟုတ်၊ မိဘနှစ်ပါး၏တန်ဖိုးကား ကြီးမားလွန်းလှ၏၊ ထိုတန်ဖိုးကို မိဘတွေရှိတုန်းလေး အတူနေခွင့်ရတုန်းလေးမှာ သိရှိဖို့လိုပါသည်၊ များသောအားဖြင့် လောက၌ဖြစ်တတ်ကြသည်မှာ ပစ္စည်းလေးတစ်ခု လက်ထဲမှာရှိစဉ်က ထိုပစ္စည်းရဲ့တန်ဖိုးကို နားမလည်၊ အလေးအနက်ထားရကောင်းမှန်းမသိ၊ ထိုပစ္စည်းလေးဆုံးရှုံးသွားခါ မရှိတော့သည့်အခါကျမှ ဝမ်းနည်းကာ ပြန်၍တမ်းတကြ နမြောတတ်ကြ၏၊ ယခုအချိန်မှာ **မိဘနှစ်ပါးလုံးရှိနေသေးသူများ * မိဘနှစ်ပါးနှင့်အတူ နေခွင့်ရသူများ အင်မတန်ကံကောင်းကြ၏။**

မိမိမှာမှာတော့ ကံကောင်းနေရာမှ ကံဆိုးသူတစ်ယောက်ဖြစ်ခဲ့ရ၏၊ ဟိုတုန်းကများ မိဘနှင့်အတူနေခွင့်ရသည့်ညီမငယ်အား အားကျလှပါသည်–ဆိုသော မိမိကိုလည်း ကံဇာတ်ဆရာက မျက်နှာသာပေးကာ ဝေးကွာနေသည့်သားအဖအား အတူနေခွင့်တော့

ပေးခဲ့ပါ၏။ သို့သော် မိမိရရအသုံးမချနိုင်ခဲ့၊ သားသမီးဆယ်ယောက်ကို လူလားမြောက် အောင်စွမ်းဆောင်ပေးခဲ့သော ဖခင်အိုခမျာ မိမိထံလာရောက်အနားယူပါသော်လည်း စိတ်ပျော်ရွှင်မှုကိုမရခဲ့၊ သားအဖနှစ်ယောက် ကတောက်ကဆဖြစ်ကြလေတိုင်း မျက်ရည်ဝိုင်းနေတတ်သည့် ဖခင်ကတော့ အခန်းအောင်းကာ ရွာမှလာသည့် မိခင်၏ စာကိုဖတ်ရင်း "တပေါင်းလမြန်မြန်ရောက်ပါတော့"ဟုများဆုတောင်း နေသည်လား မသိ၊ အမေ့စာထဲမှာ

"အဖိုးကြီး– အညာမှာ တစ်အားအေးတယ်၊ ခုအချိန်မှာ တော်ပြန်လာရင် ပန်းနာရောဂါနဲ့ အမောဖောက်ပြီးသေမှာပဲ၊ ကျုပ်မှာလိုက်သလို တပေါင်းလရောက်မှ သားဘုန်းကြီးနှင့်အတူပြန်ခဲ့"ဟု ရေးသားထားသည်မဟုတ်ပါလား။ အဖေက သူရွာပြန်ချင်ကြောင်း အမေ့ထံစာရေးခဲ့ပုံရ၏။ ဘာ့ကြောင့်ပြန်ချင်သည်ကို မပြောခဲ့သဖြင့် မိမိဆူငေါက်သည့်အကြောင်းများ အမေတစ်ယောက်သိဟန်မတူ၊(သိပြန်လျှင်လည်း မလွယ်ကူ)၊ ထို့ကြောင့်ပင် အမေ့စာထဲမှာ သူ့သားအလိမ္မာ မိမိအကြောင်း ထောင့်အစွန်း လေးမှာ သုဒ္ဓေါ–ဟုပင်မပါခဲ့ပေ၊ အမေ့စာရွက် နောက်ကျောဘက်ဆီမှာက ကြိုကြို တင်တင် သတိပေးထားသည့် ညီမ၏စာ–

"အစ်ကိုဘုန်းကြီး အဖေ့ကို ဂရုစိုက်ပါနော်၊ အဖေ့ကိုစိတ်ချမ်းသာအောင်ထားပါ၊ အဖေအိုရဲ့ဘဝ နေညိုချိန်ရောက်နေပါပြီ၊ အဖေမကြာခဏပြောဖူးတဲ့ ပုံပြင်လေးတစ်ပုဒ် ရှိတယ်၊ ပုံပြင်ထဲကသားလိုတော့ မဖြစ်စေနဲ့ပေါ့"ဟု အစချီကာ– –

'တစ်ခါတုန်းက ဖခင်တစ်ယောက် သူ့သားငယ်လေးပခုံးပေါ်ထမ်းပြီး တောလမ်း ခရီးကိုသွားကြတော့ သားငယ်လေးက "အဖေ အဲဒါဘာပင်လဲဟင်– အဲဒါကကော ဘာငှက်လို့ခေါ်လဲ"ဟု ကလေးသဘာဝ စပ်စုကာမေးမြန်းလာသမျှ သူ့ဖခင်ကလည်း စိတ်ရှည်လက်ရှည်နဲ့ မမောနိုင်မပန်းနိုင် "အဲဒါက လက်ပံပင်ခေါ်သကွ–အဲဒီငှက်က ယောက်ဖခွေးခေါ်ငှက် ခေါ်သကွ"လို့ ရှင်းပြခဲ့ရတယ်၊ ဒီလိုနဲ့ နှစ်တွေကကြာ အဖေဖြစ်သူ မှာတော့ မျက်စိကမှုန် နားကထိုင်း ခါးကကိုင်း စိတ်သွားတိုင်းကကိုယ်မပါ အဖိုးအိုကြီး ဖြစ်လာတော့ အရွယ်ရောက်နေပြီဖြစ်တဲ့ သူ့သားက ဖခင်ကိုတစ်လှည့်ကျောပိုးပြီး လာကြပြန်ရာ "သားလူလေး ဟိုရှေ့ကဘာပင်ကြီးလဲ–ခုနတို့ရှေ့ကဖြတ်ပြေးသွားတာ ဘာကောင်လဲ"နဲ့ ခဏခဏမေးတော့၊ သားဖြစ်သူ ပြန်ပြောလိုက်ပုံက "အဖေကလဲဗျာ အမေးအမြန်းကထူလိုက်တာ ဒီမှာမောရတဲ့အထဲ အေးအေးဆေးဆေးမလိုက်ချင်ဘူး"လို့ ပြန်ငေါက်သတဲ့၊ အစ်ကိုဘုန်းကြီးလည်း စိတ်မရှည်တဲ့အဲဒီသားလို မဖြစ်ပါစေနဲ့"။

မိမိအစပိုင်းမှာပြောခဲ့ဖူးသည့် အဖေနှင့်သားဇာတ်လမ်းမှာတော့ သားဆရာဝန်၏ ပြန်လည်အော်ငေါက်ခြင်းခံရသဖြင့် အရက်သမားဖခင်ခမျာ စိတ်ထိခိုက်ကာ နောက်တစ်

နေ့ရွာကိုပြန်သွားခဲ့၏။ ယခု မိမိ၏ဖခင်ခမျာမှာတော့ ရွာကိုပြန်ချင်ပါသော်လည်း ဇနီးဖြစ်သူ၏ အမိန့်တော်စာကြောင့် တပေါင်းလအထိ အောင့်အည်းသည်းခံကာ နေခဲ့ရဟန်ရှိ၏။

## မွေးရပ်ဌာနီ ပြန်ခဲ့ပြီ

တဖြည်းဖြည်းနှင့် ရက်ကိုလစားဝါးမျိုခဲ့သည်မှာ တပေါင်းလသို့ပင်တိုင်ခဲ့ပြီ၊အဖေ မျှော်လင့်စောင့်စားနေသည့်အချိန်ရောက်ခဲ့ပြီမို့ အဖေတစ်ယောက် စိတ်ပျော်ရွှင်နေပါလိမ့်မည်၊ မန္တလေးဘွဲ့နှင်းသဘင်တက်ရန် သားအဖနှစ်ယောက်ပြန်ခဲ့ကြရာ အမေနှင့်ညီမက ဟံဇားဘူတာသို့ လှည်းနှင့်လာကြိုကြ၏။

အမေက အဖေ့ကိုစတင်နှုတ်ဆက်သည်မှာ "အဖိုးကြီး–တော်တော်ပိန်သွားတယ်နော်"တဲ့ သည်တော့ ညီမဖြစ်သူက အဖေ့အားတွဲကာ "အမေကလည်း နဂိုကတော အဖေကဝနေလို့လား"ဟုပြောကာ ရယ်မောကြ၏။ အဖေက "နောက်ဆိုရင် ငါ့ကို မော်လမြိုင်ဘယ်တော့မှ မသွားခိုင်းနဲ့ ဒါနောက်ဆုံး အခေါက်ပဲ"ဟုပြောရာ၊ "အမယ်လေးတော် နောက်ဆုံးအခေါက်တဲ့၊ နမိတ်မရှိ နမာမရှိ၊ နေစမ်းပါဦး တော်ကဘာဖြစ်လို့မသွားချင်ရတာလဲ"ဟုမေးလိုက်သည့်ခဏ၊ သည်တစ်ခါ အမယ်လေးသာမက ဘုရားဘုရားဟု တ,နေရသူကမိမိပင်၊ သို့သော် အဖေ့စကားကြားရမှ "တော်ပါသေးရဲ့"ဟု သက်ပြင်းချနိုင်၏၊ အဖေက "မော်လမြိုင်က ကုန်းတစ်တန် ရေတစ်တန်နဲ့ ခရီးကဝေးလွန်းတော့ ပင်ပန်းလို့ပါဟာ"တဲ့။

သည်လိုနှင့် ရွာမှာ လေးငါးရက်ခန့်အနားယူပြီးနောက် မိဘနှစ်ပါးစုံလင်စွာဖြင့် မန္တလေးဓမ္မာစရိယဘွဲ့နှင်းသဘင်သို့တက်ရောက်ခဲ့ရ၏။ အမေအဖေတို့နှင့် ဘက်၍ မိမိဖြစ်ချင်သည့်ဆန္ဒတစ်ခု ပြည့်ဝခဲ့ရသည်ဟုဆိုနိုင်၏၊ တခြားမဟုတ် မိမိငယ်စဉ်ဘဝ မြို့စာသင်တိုက်ရောက်စကပင် "အဖေအမေတို့အသက်ထင်ရှားရှိနေတုန်း ငါဓမ္မာစရိယဘွဲ့ ရရင် သိပ်ကောင်းမှာပဲ၊ ဘွဲ့ယူသွားတဲ့အခါ မိဘနှစ်ပါးလုံးကို ခေါ်သွားချင်တယ်၊ ဘွဲ့ယူသည့်မြင်ကွင်းကို မိဘတို့အားမြင်စေချင်တယ်"ဟု စိတ်ကူးယဉ်ခဲ့ဖူးပါသည်။ (မိမိအငယ်တန်းအောင်စဉ်က မိဘနှစ်ပါးအား ဝမ်းသာအားရ အောင်လက်မှတ်လေး ပြေးပြသည့်အခါ အမေက အောင်လက်မှတ်ကိုကြည့်၍ "အဖဦးညိုစိမ့်၏သားတဲ့၊ ဟင်–ကျုပ်နာမည်လည်း မပါပါလားတော် မတရားလိုက်တာ"ဟုပြောခဲ့ဖူးသည်ကို မှတ်မိနေသေး၏)။

ယခုလည်း ကံတရားကမိမိဘက်မှာ တစ်လေးသာခဲ့၏။ အကြောင်းကား–

အဖေ မဆုံးမီတစ်လအလိုတွင် မိခင်ဖခင်တို့ဘေးမှာရံလျက် မန္တလေးဘွဲ့နှင်းသဘင်သို့ တက်ရောက်ခွင့် ရရှိခဲ့သောကြောင့်တည်း။

## ရွှေတောင်ပြိုဆင်း– ကွယ်နေမင်း

မိမိမော်လမြိုင်ပြန်ရောက်ပြီး၍ ၁၃၅၄–ခုနှစ် တန်ခူးလဆန်း(၂)ရက် ဗုဒ္ဓဟူးနေ့ အရောက် ကျောင်းပြတင်းပေါက်များကို ဆေးသုတ်နေစဉ် ဖခင်ကြီးဆုံးကြောင်းသတင်းကို ကြားလိုက်ရသည့်ခဏ (ဟာ–အဖေဆုံးပြီ)ဟုဆိုကာ မျက်စိကိုစုံမှိတ်လျက် ငိုင်ကျသွားရုံမက လက်ကကိုင်ထားသည့်စုတ်တံလေးသည်ပင် ဘုတ်ခနဲပြုတ်ကျသွားခဲ့ရ၏။ ''ဩော်–အဖေရယ် နောက်ဆုံးအခေါက်ဆိုတဲ့အတိုင်း တကယ့်ကိုဖြစ်သွားပါရော့လား''ဟုတွေးရင်း အတိတ်ကို သတိရကာ နောင်တမီးကား လောင်ဖို့စလေပြီ၊

မှတ်ချက်– (ဇမ္ဗူဒီပါလက်ျာတောင်ကျွန်း ဩဘာနိမိတ်ထွန်းသတဲ့၊ နိမိတ်စကားနောက် နမာက တကယ်လိုက်တတ်သောကြောင့် ''နောက်ဆုံးအခေါက်, နောက်ဆုံးအကြိမ်''ဆိုသည့်မျိုးမပြောတာပဲကောင်း၏၊ အကယ်၍ပြောမိခဲ့လျှင်လည်း ဖွဟဲ့ လွဲပါစေ ဖယ်ပါစေပေါ့)။

မိဘနှစ်ပါးကို ရွှေတောင်ငွေတောင်နှင့်လည်းကောင်း၊ နေရောင်လရောင်နှင့်လည်းကောင်း နှိုင်းယှဉ်ဦးမည်ဆိုပါလျှင် အဖေဆုံးသောနေ့သည် မိမိအတွက် ရွှေတောင်ပြိုဆင်း နေမင်းကွယ်သည့်နေ့–ဟုပင်ဆိုရလိမ့်မည်၊ မိမိသာလျှင်မဟုတ် မိဘများနှင့်ခွဲခွါပြီးနေရသည့်သားသမီးတိုင်း တစ်နေ့နေ့တစ်ချိန်ချိန်တွင် လူကြုံနှင့်သော်လည်းကောင်း၊ ဖုန်း (သို့မဟုတ်) သံကြိုးစာနှင့်သော်လည်းကောင်း ဒီလိုသတင်းဆိုးမျိုး ကေန်မုချကြားရမည်သာ၊ မည်သို့မျှရှောင်လွှဲ၍မရ၊ သတင်းစကားရောက်မလာမီ၊ မိဘနှစ်ပါးအပေါ် တာဝန်ဝတ္တရားကျေပွန်စွာဖြင့် အသင့်ပြင်ဆင်ကာ စောင့်မျှော်နေကြဖို့သာ ရှိပါတော့၏၊ သက်တမ်းအရဆိုလျှင် မိခင်ဖခင်တို့က အရင်သွားကြရမည် မဟုတ်ပါလား၊ (ဤနေရာ၌ ဖခင်ဆုံးကြောင်းသတင်းပို့ရုံသာမက ရွာပြန်ကိစ္စစီစဉ်ပေးသည့် သာယာကုန်းမှ ဒေါ်မြဝင်း (ငါးခြောက်ပွဲရုံ)၏ကျေးဇူးအား ယနေ့အထိ မမေ့ပါ၊)

ရွာရောက်သည့်အခါ မတွေ့ရတာကြာပြီဖြစ်သော ညီအစ်ကိုမောင်နှမများအား စုံလင်စွာတွေ့ရ၏၊ အဖေ့နာရေးကိစ္စကြောင့်သာ ဆုံကြရသည်မို့ ပျော်ရွှင်မှုကမရှိကြ၊ မှိုင်နေသည့်အမေအိုအား ညှိုးငယ်စွာတွေ့ရသော်လည်း အားမပေးမိ၊ အမေကပြောသည်မှာ **(သူ့အခုမငိုသေးဘူး–တဲ့၊ ရက်လည်ဆွမ်းကျွေးပြီးတဲ့နေ့ ရွာ့အနောက်ဘက်အဖေ့ သရက်တောကိုသွားပြီး တောထဲကသရက်ပင်အောက်ရောက်မှ အားရအောင်ငိုပစ်**

လိုက်မည်–တဲ့၊ အဲဒီကျရင် အဖေ့ကိုခေါ်ပြီးစကားပြောမယ်–တဲ့၊ တခြား တစ္ဆေသရဲဆိုရင်ကြောက်သော်လည်း အဖေ့ကိုတော့ တစ္ဆေသရဲဘဝရောက်နေလည်း မကြောက်ဘူး–တဲ့၊ ဒါပေမယ့် **အဖေကတော့ သူ့သရက်ပင်မှာ ရုက္ခစိုးပဲဖြစ်မှာပါတဲ့)။**
ဩော်–အမေတို့များ ငိုချင်တာတောင် ချက်ချင်းမငို **အောင့်ထားလိုက်ဦးမတဲ့။**

**မှတ်ချက် /** ဖခင်ဆုံးပြီးသည့်မှ ယနေ့အချိန်ထိ မည်သူ့ကိုမျှ အိပ်မက်မပေး၊ အမေကတောင် နေနိုင်လွန်းသည့်အဖေ့အား **''အဖိုးကြီးနှယ် အိပ်မက်လေးတောင် ပေးဖော်မရဘူး စိမ်းကားလိုက်တာ''**ဟု သေပြီးသူကိုပင် အပြစ်တင်နေလိုက်သေး၏။

တခြားအစ်ကိုအစ်မများငိုကြသော်လည်း မိမိမှာတော့ မျက်ရည်ကကျမလာပဲ ရင်ထဲမှာ မွန်းကြပ်ပိတ်ဆို့နေသလိုခံစားရ၏။ အဖေမရှိတော့ပြီ–ဆိုသောအသိက ဦးနှောက်တစ်ခုလုံးကို ဆူဝေထိုင်းမှိုင်းသွားအောင် လှုပ်ဆွနေတော့သည်။

အဖေ့အလောင်းအား ငေးစိုက်ကြည့်နေစဉ် ညီမထံမှကြားရသည့်စကားက ''အဖေဟာ သူသေရတော့မယ်ဆိုတာ ကြိုသိနေတယ်၊ စကားလည်းပြောနိုင်တယ်၊ အဖေ့တစ်ကိုယ်လုံးချွေးတွေရွှဲနေလို့ 'အဖေ့ရောဂါသက်သာပြီး ပြန်ကောင်းလာမှာပါ'လို့ ပြောလိုက်တော့ အဖေက အသံမာမာနဲ့ **'အဲဒါဖောချွေးလို့ခေါ်တယ်၊ သေခါနီးဖောချွေးပြန်တာ'**တဲ့၊ နောက်နာရီဝက်လောက်ကြာတော့ အဖေဆုံးတာပဲ၊ အဖေမဆုံးခင် သူ့သားဘုန်းကြီးအတွက် ပစ္စည်းတစ်ခုလည်း ပေးသွားခဲ့တယ်၊ ဒါတွင်မက မော်လမြိုင်က သားဘုန်းကြီးမရောက်မချင်း ဘယ်နှစ်ရက်ကြာကြာ အလောင်းကိုမြေမချပါနဲ့၊ ဘုန်းကြီးရောက်လို့ အလောင်းကိုမြင်ပြီးသွားရင် ကလေးမြို့ကသားတွေမရောက်သေးလဲ မစောင့်တော့နဲ့–တဲ့။ ညီမဖြစ်သူ၏စကားများ နားထဲမှာကြားတစ်ချက်မကြားတစ်ချက်––

(ဩော်–အဖေရယ် အဖေ့အလောင်းကို ဘုန်းကြီးမြင်ပြီးမှ မြေချရမတဲ့လားဗျာ **''ဘုန်းကြီးလည်း တစ်နေ့ကျရင် အိုရဦးမှာပါ''**လို့ အဖေပြောခဲ့တဲ့စကား၊ အိုရုံမက ဟောဒီလို အပုပ်ကောင်ဘဝတောင် ရောက်ရဦးမှာ–လို့ သတိပေးသွားချင်လို့လား အသိတရား ရသွားစေချင်လို့လား အဖေရယ်)။

သည်လိုနှင့် မိမိရောက်သည့်နေ့မှာပင် အဖေ့အလောင်းအား မီးသဂြိုဟ်ခြင်းကိစ္စပြီးစီးအောင်ဆောင်ရွက်ရ၏။ ဝန်ကတော်သေတော့ တစ်ကျပ်, ဝန်ကြီးသေတော့တစ်မတ် ဟု ဆိုရိုးစကားရှိသော်လည်း အဖေ၏ဈာပနမှာတော့ ထိုစကားနှင့်ဆန့်ကျင်စွာ အရာရာဦးဆောင်၍ အိမ်ထောင်ဦးစီးသဖွယ်ဖြစ်နေသော အမေ့မျက်နှာကြောင့် ခမ်းခမ်းနားနားနှင့် စည်ကားခဲ့ပါ၏။ ညနေပိုင်း ညှိသည်ပါးသည့်အချိန်မှာတော့ အဖေပေးခဲ့ပါသည်

ဆိုသော ပစ္စည်းထုပ်ကလေးက မိမိလက်ထဲရောက်လာ၏။ ဘုရားစင်မြောက်ဘက် ပြတင်းပေါက်နံရံကို မှီလျက်ရှိသော အမေက **"အဖိုးကြီးက သူ့ပစ္စည်း ဘယ်သူ့မှအထိခံတာ မဟုတ်ဘူး"**ဟု လှမ်းပြောလိုက်သေး၏။ မိမိလည်း "ဘာပစ္စည်းပါလိမ့်"ဟုတွေးကာ သိချင်စိတ်ဖြင့် ကဗျာကယာ ဖြေကြည့်လိုက်မိ၏။

အပြင်ဘက်တွင် ကျွတ်ကျွတ်အိပ်ကို တိတ်နှင့်ကပ်ထားသည်၊ အတွင်းဘက်မှာက စက္ကူတစ်ထပ်၊ နောက်တစ်ထပ်ကိုအခွါ တွေမြင်လိုက်ရသည်က စက္ကူဖြူဖြူပေါ်မှ မညီမညာရေးထားသည့်အဖေ့လက်ရေး (သားဘုန်းကြီး ဂုဏ်ပြုပူဇော်ပွဲသုံးရန်)ဟူသော စာကြောင်းလေးကို သွေးပျက်လုခမန်း ကြည့်နေမိ၏။

စက္ကူဖြူကိုခွါလိုက်သည့်ခဏ ထွက်ကျလာသည့်ငွေစက္ကူများက မိမိအား မိုးကြိုးအရာအထောင်ပစ်ခွင်းခံလိုက်ရသည့်နှယ် အရုပ်ကြိုးပြတ်ကာ အိပ်ယာပေါ်သို့ ပစ်လဲကျသွားခဲ့ရ၏။ ဘယ်လိုမှ ဘယ်တုန်းကမှ မျှော်လင့်မထားသည့်အရာ အဖေစားချင်ရာစား လှူချင်ရာလှူဖို့ပေးခဲ့သည့် ငွေစက္ကူများက အကြီးအသေး ခြေရာလက်ရာလေးပင် မပျက်၊ တဆတ်ဆတ်တုန်နေသောလက်ဖြင့် ငွေစက္ကူတစ်ထပ်ကို တင်းကျပ်စွာဖျစ်ညှစ်လျက် **"ဒါ–ဒါ မော်လမြိုင်တုန်းက အဖေ့ကိုပေးခဲ့တဲ့ငွေတွေ ကျပ်ဒီငွေတွေကို ဘာလုပ်ရမှာ လဲအဖေ ၊ ကြည့်ကြပါဦးဗျာ– နှစ်သောင်းသုံးထောင်ခြောက်ရာလေး ဆယ့်ရှစ်ကျပ်တိတိ"** တဲ့၊ မိမိနားထဲတွင် အဖေ မော်လမြိုင်မှာနေစဉ်ကပြောခဲ့ဖူးသည့် "အဖေ့မှာ ငွေမလိုပါဘူး"ဆိုသည့်စကားသံက ပဲ့တင်ထပ်လျက်ရှိသလို၊ မိမိရင်ထဲမှာလည်း နေဆယ်စင်းမက ကမ္ဘာမီးတမျှ ငြိမ်းသတ်၍မရနိုင်သောမီးတွေ တဟုန်းဟုန်း တောက်လောင်လျက် ရှိနေပါတော့သည်။

**(အစိန္တိတမ္ပိ ဘဝတိ၊ စိန္တိတမ္ပိ ဝိနဿတိ**–တဲ့ ၊ လောကကြီးတွင် မည်သည့်အရာကိုမျှ အပိုင်တွက်ထား၍မရ၊ ကံကြမ္မာဆိုသည်က အလှည့်အပြောင်းရှိ၏၊ ကိုယ်ဖြစ်ချင်တဲ့အတိုင်း မဖြစ်သလို မမျှော်လင့်တာတွေလည်း ဖြစ်လာတတ်၏၊ တစ်ခါတစ်ရံများ အံ့သြစရာ ကောင်းလောက်အောင်ကို အလွဲလွဲအချော်ချော် ဖြစ်လိုက် ကြပြန်သေးသည်။

သူ့ကိုယ်သူ စိတ်ချယုံကြည်နေသည့်အကောင်းဆုံးဘောလုံးသမား ဒေးဗစ် ဘက်ခမ်းလည်း ပယ်နယ်တီကိုး လွဲခဲ့ရ၏၊ ကမ္ဘာကျော်တော်ဝင်နှင်းဆီရွှေမင်းသမီး ဒိုင်ယာနာလည်း ကြမ္မာဆိုးဝင်ကာ ကားတိုက်၍သေခဲ့ရ၏၊ ကံတရားက မှော်ဆရာ တစ်ယောက်လို လှည့်စားလိုက်သဖြင့် လောကမှာ မထင်မှတ်တာတွေချည်းဖြစ်ကုန်တော့၏၊ ရှင်းပုဂ္ဂိုလ်များ ခံစားလောင်ကျွမ်းခဲ့ရသော ပရိဒေဝ အပူမီးသည်ပင် ထိုစဉ်က မိမိခံစားခဲ့

ရသည့်သောကမီးလောက် အရှိန်တောက်လိမ့်မည် မထင်၊ ဩော်-အမှန်တကယ်တော့ လူ့ဘဝဆိုသည်မှာလည်း ဟာသခန်းနည်းနည်းနှင့် လွမ်းမောစရာအခန်းများများပါသော ပြဇာတ်တစ်ပုဒ်ပင် မဟုတ်ပါလား)။

သောကအပူမီးကြောင့် ပူဋ္ဌေးစိုစွတ်သော နောင်တမျက်ရည်များက ပါးပြင်ထက်သို့စီးဆင်းလာတော့မှ အိပ်မက်မှုန်းထသူအလား၊ လက်ရှိပစ္စုပ္ပန်အခြေအနေကို ပြန်၍သတိပြုမိတော့၏။ မိမိစိတ်တွင်ထင်နေသော အမေ့ဘေးမှ အဖေ့ပုံရိပ်သည်လည်း တဖြည်းဖြည်း မှုန်ဝါးသွားကာ မိုးတိမ်များအလား လွင့်မျောပျောက်ကွယ်သွားခဲ့ပြီ။

မြန်မာစကားမှာ "**ပွဲပြီးမီးသေ-ပတ်စာခွာဖျာသိမ်း**"ဟူသောစကားရှိ၏။ ဂုဏ်ပြုပွဲကြီးပြီးသွားသော်လည်း သောကမီးတွေ မသေသေးသည့်မိမိမှာတော့ ပွဲသာပြီးသွားတယ်၊ ပတ်စာလည်းမခွာနိုင်၊ ဖျာလည်းမသိမ်းနိုင်၊ ပလ္လင်ပေါ်မှာထိုင်ရင်း ငိုင်လျက်ပင်ရှိနေပါသေးသည်။

မိမိဘဝမှာ အဖေ'**နေ**'တစ်စင်းပျောက်ကွယ်သွားသော်လည်း အမေ'**လ**' တစ်မင်းကတော့ ထွန်းလင်းတောက်ပဆဲသာရှိနေပါသေး၏။ "**အနောက်ဖက်ဝင်သွားသည့်နေမင်းကို ကြည့်၍ ဝမ်းနည်းပူဆွေးနေလျှင် အရှေ့ကထွက်လာမည့်လမင်းကို မြင်လိုက်ရမည်မဟုတ်**"ဟူသောအဆိုအမိန့် စကားတစ်ရပ်ရှိ၏။ မိမိနှစ်သက်မြတ်နိုးသည့် ပစ္စည်းနှစ်ခုအနက် တစ်ခုပျက်စီးသွားလျှင် ၎င်းပစ္စည်းအတွက် ဥပါဒါန်အစွဲအလမ်းဖြင့် နှမြောတမ်းတကာ အချိန်ကုန်ခံမနေပဲ၊ ကျန်ရစ်သောပစ္စည်းတစ်ခုကို ခါတိုင်းထက်ပို၍ တန်ဖိုးထားကာ ဂရုစိုက်သင့်၏။

နောက်ထပ်သင်ခန်းစာတစ်ခုရလိုက်သည်မှာ မိဘကျေးဇူးဆပ်ရာ၌ ငွေကြေးထောက်ပံ့ရုံမျှဖြင့် မလုံလောက်၊ သားသမီးတာဝန်မကျေ၊ မိဘနှစ်ပါးအား စိတ်ဆင်းရဲစေမည့်စကားလုံးများဖြင့် ပြန်လှန်အော်ဟစ်၍ မပြောဆိုမိကြဖို့လည်းအရေးကြီးလှပါသည်။

ဓာတ်ပြားလောကအဆိုတော်တစ်ဦးက (ကျမျက်ရည် မကြေညာစတမ်း)ဟု သီချင်းဆိုခဲ့သည်၊ မိမိကတော့ ကိုယ်ကျခဲ့သည့်မျက်ရည်မျိုးနှင့် တစ်ပါးသူများအား ကင်းဝေးစေချင်သောကြောင့် ထုတ်ဖော်ကာ ကြေညာလိုက်ရခြင်းဖြစ်ပါတော့၏။

(တစ်ဆက်တည်း ရွှေဘိုမြို့ပေါ်မှ ကျောင်းထိုင်ဘုန်းကြီး ဦးဝေပုလ္လ (ခ) ဦးဇင်းတောက်-အကြောင်းပြောခဲ့ချင်သေး၏။ နဂိုကဘာမှမရှိတဲ့တောသား၊ ဘုန်းကံကြီးမားကာ ချမ်းသာလာတော့မှ ဘဝမေ့ရုံသာမက ဘဝင်ပါလေဟပ်ပြီး တောအရပ်ကဆွေမျိုးများ သူ့ဆီရောက်လာရင် ဝေါက်လွှတ်သတဲ့၊ ထို့ပြင်မက မိဘရင်းကိုတောင် ကျောင်းဝင်းထဲက မောင်းထုတ်ခဲ့လို့ မျက်ရည်စလေးသုတ်ကာ ခပ်ကုပ်ကုပ်နဲ့ လှည့်ပြန်ခဲ့ရပါရောလား၊

အိပ်ဖောင်းလို့ စိတ်ပြောင်းတာလား–ဟုပင် သူ့ဆွေမျိုးမိဘတွေက မေးရတော့မလိုလို၊ အကုသိုလ်ရဲ့အကျိုး ဆိုးမိုက်သည့်အပြစ်ဒဏ် ပြန်ခံလိုက်ရပုံက သံဝေဂရစရာ၊ နောင်အခါ မိန်းမလေယသိန်းကြွယ်နှင့် ရေစက်ဆုံလျက် ပျက်စီးကာလူထွက်ခဲ့ရ၏။ ပါသမျှငွေလေး ကုန်တော့ မိန်းမကလည်းခြေစုံကန်၊ ရွှေစော်မနံတော့ ပြန်လစ်ပြီပေါ့၊ ဟန်မကျလိုက်တဲ့ ဘုန်းကြီးလူထွက် ရွာဘက်ဆီကိုလည်းမသွားရဲ၊ အသက်ကလည်းကြီး စီးပွားကလည်း မရှာတတ်၊ အဆုံးသတ်တော့ မန္တလေးရှမ်းစုဘူတာဘက်မှာ မျက်နှာငယ်လေးနဲ့တောင်း ရမ်း စားသောက်ရတဲ့ သူတောင်းစားဘဝနဲ့ နိဂုံးချုပ်ခဲ့ရ၏ ဩော်–တချို့ဘုန်းကြီးများ မိုက်ပြီဆိုလျှင် လူသားတွေပင် လိုက်မမီပါလား)။

## ဆေးမတိုက်ချင်သည့် သမီးမိုက်

သမီးမိုက်ဇာတ်ကားမှ အကယ်ဒမီရမင်းသမီးလေးက သူ့မိခင်အပေါ် မည်သို့ မိုက်ပြသွားသည်မသိ၊ အပြင်လောကမှ အသိမိတ်ဆွေမိန်းကလေးတစ်ယောက်ကတော့ ဖခင်အပေါ် နှုတ်မစောင့်စည်းပဲ အမှတ်တမဲ့ပြောလိုက်မိသည့်စကားတစ်ခွန်းကြောင့် သူ့ကိုယ်သူ သမီးမိုက်အဖြစ် ခံယူလိုက်ရသည်မှာလည်း သင်ခန်းစာယူစရာကောင်းလှ၏။ အရေးပိုင်ကုန်းရှိအိမ်တစ်အိမ်မှာ မိဘနှစ်ပါးနှင့် သမီးနှစ်ယောက်ရှိရာ ဖခင်ဖြစ်သူက အိပ်ရာထဲလဲနေသည့်နာတာရှည်ရောဂါသည်၊ ပြုစုလာခဲ့ရသည်မှာ ဆယ်နှစ်နီးပါးရှိခဲ့ပြီ။

**မှတ်ချက်** – (တချို့ဖြစ်တတ်ကြသည်မှာ နှစ်ကြာလာလျှင်ငြီးငြင်လာတတ်ကြ၏။ မိသားစုတိုင်းကိုတော့မဆိုလိုပေ၊ အိမ်တစ်အိမ်တွင် တစ်ယောက်တလေများ ခေတ္တခဏ ဖျားနာထိခိုက်ပြီဆိုလျှင်ပင် ဆေးခန်းပို့ရ ဆရာဝန်ပင့်ရ ဓာတ်စာကျွေးကာပြုစုရနှင့် အားလုံး ဒုက္ခရောက်ကြရ၏။ နှစ်နှင့်ချီ၍အိပ်ရာထဲလဲကာ ရောဂါခံစားနေရသူရှိပြီဆိုလျှင် ကား နေ့စဉ်နှင့်အမျှ စိတ်ဆင်းရဲကာ ဒုက္ခပေါင်းစုံရောက်ကုန်တော့၏။ ကြာလာသည်နှင့် အမျှ လူမှုရေး စီးပွားရေး ပညာရေးတွေပါ ထိခိုက်ကုန်တော့သည်)။

တစ်နေ့တော့ တီဗွီဇာတ်လမ်းတွဲထိုင်ကြည့်နေသည့် သမီးကြီးအား မီးဖိုထဲမှ မိခင်ဖြစ်သူက ''သမီးရေ ညည်းအဖေကို ဆေးသွားတိုက်ပါဦး''

''ဟာ–အမေကလဲ ဒီမှာဇာတ်လမ်းကကောင်းနေတာ ညီမလေးတိုက်ခိုင်းလိုက်ပေါ့''

''ဟဲ့– သမီးငယ်မရှိလို့ ညည်းကိုခိုင်းနေတာ''။ မိခင်၏စေခိုင်းမှုကြောင့် သမီးကြီးမျော စိတ်မပါပဲ ဖခင်အား ဆေးသွားတိုက်ရတော့၏၊ (သူ့အဖေ၏ နောက်ဆုံးအချိန်ရောက်နေ ပြီကို မသိရှာခဲ့) ကပျာကယာဆေးတိုက်ပြီးလျှင် တီဗွီရှေ့ပြေးထိုင်ရန်သာ စိတ်စောနေ၏။ သမီးချော၏ အလောတကြီးဆေးတိုက်မှုကြောင့် ဖခင်ခမျာ ဆေးသီးကာ ဝေါခနဲအန်ချ

လိုက်မိတော့၏၊ "ဟော–ကြည့် အဖေကတော့လုပ်ပြီ၊ ဒါကြောင့် အဖေ့ကို ဆေးမတိုက်ချင်တာ၊ တကယ်ပါပဲ စိတ်တောင်ညစ်လှပြီ"ဟုပြောရင်း သူမကိုယ်တွင် လွှင့်စင်လာသည့် အန်ဖတ်တွေကိုကြည့်ကာ မျက်နှာကရှုံ့မဲ့သွား၏။ ဖခင်ဖြစ်သူက ဝမ်းနည်းသည့်လေသံဖြင့် မျက်ရည်ဝဲကာ မေးရာသည်မှာ "**သမီးက အဖေ့အန်ဖတ်တွေကို ရွံလို့လား၊ အဖေ့သမီး ဒီတစ်ခါဆေးတိုက်ခြင်းဟာ အဖေ့အတွက် နောက်ဆုံးပါပဲ၊ နောက်ဆိုရင် ဆေးမတိုက်ပါနဲ့တော့**"ဟု အသံတိုးတိုးဖြင့်ပြောကာ မိသားစုကို ဆက်လက်ဒုက္ခမပေးလိုသည့်အလားအားငယ်စွာဖြင့် စိတ်လျှော့လိုက်ဟန်တူ၏၊ နောက်နာရီဝက်အကြာမှာ ဖခင်ဖြစ်သူဆုံးရှာပါသည်။

ဩော်– နှစ်ပေါင်းများစွာပြုစုလာခဲ့ပြီးသည့်နောက် သေဆုံးခါနီးကျမှ သည်အဖြစ်မျိုးကြုံလိုက်ရသည်မှာ ဝမ်းနည်းစရာကောင်းလေစွ၊ ဖခင်၏အလောင်းကိုဖက်ကာ (**သမီးမိုက်ကို ခွင့်လွှတ်ပါအဖေရယ်**)ဟု ငို–ငိုပြီးပြောသော်လည်း သူ့အဖေကဖြင့် မကြားနိုင်တော့ပြီ၊ စကားတစ်ခွန်းမှားသည့်အတွက်ကြောင့် တစ်သက်လုံးနောင်တရလို့မဆုံးနိုင်တော့၊ "**ကူဖော်လောင်ဖက်**"ဟူသောစကားအရ သားသမီးက မိဘအပေါ်ကူဖော်လေးများ ရမလားအောက်မေ့တယ်၊ အခုတော့ ကူဖော်မရသည့်အပြင် လောင်ဖက်ပင်ဖြစ်နေပါရောလား။ (ဤနေရာ၌ မိဘနှင့်သားသမီးမို့ ဆေးပေးမီးယူ–စကားကိုတော့မသုံးချင်၊)

## ချမ်းသာမခွဲ ဆင်းရဲမခွာ

ပုဗ္ဗေဝ သန္နိဝါသေန–စသော ဘုရားဟောဒေသနာအရ ယခုဘဝ၌ သားသမီးဇနီးခင်ပွန်းအဖြစ် ချစ်ကျွမ်းဝင်ကာ လာ၍ဆုံစည်းကြသည်မှာ ရှေးဘဝရေစက်ကြောင့်ဖြစ်၏၊ သို့သော် ဆုံစည်းရုံနှင့်မပြီးသေး၊ **ပစ္စုပ္ပန္နဟိတ**–အချင်းချင်းအပြန်အလှန် အကျိုးစီးပွားကိုလိုလားမှု–ကလည်း ရှိဖို့လိုပြန်သေး၏၊ သတင်းစာမှာ နေ့စဉ်ပါမနေသည့် (**အမွေပြတ်စွန့်လွှတ်ခြင်း၊ လင်မယားပြတ်စဲခြင်း**)တို့သည် အဓိကအားဖြင့် ပစ္စုပ္ပန္နဟိတမရှိကြသောကြောင့်ပင်ဖြစ်၏။

သည်လင်မယား သမီးသားတို့ ဆုံစည်းလာကြပြီးသည့်နောက် တစ်ဦးနှင့်တစ်ယောက် ဘဝောက်ကျကာ သာစေနာစေခွဲခြားနေလို့မရ၊ မိသားစုအားလုံး၏အရေးသည် ကိုယ့်အရေးပင်ဖြစ်၍ ဆင်းရဲလည်းမခွဲ, ချမ်းသာလည်းမခွာ ကြည်ဖြူစွာလက်တွဲ၍ အခက်အခဲဟူသမျှကို ရင်ဆိုင်ဖြေရှင်းသင့်၏၊ တခြားအရေးကိစ္စများကိုအသာထား၊ မိသားစု ကျန်းမာရေးနှင့်ပတ်သက်၍ ပြောချင်သည်မှာ– မိဘနှစ်ပါးကျေးဇူးကြောင့်

လူလားမြောက်ခဲ့ရသည့် သားသမီးများက အိပ်ရာထဲလဲနေရှာသည့် ရောဂါသည် မိဘတို့အား နောက်ဆုံးထွက်သက်အထိ အစွမ်းကုန်ပြုစုယုယကြဖို့လိုပါသည်။ သားလိမ္မာ သမီးရတနာများကတော့ ရောဂါသည်မိဘတို့အား ပြုစုရသည်မှာ အားရကျေနပ်တယ် ဆိုတာမရှိ၊ စိတ်ပျက်ခြင်း ညီးညူခြင်းအလျဉ်းမရှိ၊ ပျော်ရွှင်စွာဖြင့် ပြုစုယုယကြပေ လိမ့်မည်။

အိမ်ဦးခန်းမှ ကျန်းမာရေးမကောင်းရှာသည့် မိဘနှစ်ပါး၏ ချောင်းဟန့်သံလေး တဟွပ်ဟွပ်ကြားနေရလျှင်ပင် ကျက်သရေရှိလွန်းလှပေ၏။ အပြင်အလုပ်က မောမော ပန်းပန်းနှင့်ပြန်လာလျှင် ''**အမေ–အဖေတို့ ဒီနေ့ နေ့ကောင်းရဲ့လား**''ဟု မေးစရာရှိသေး၏၊ ''**ငါ့မှာခေါ်စရာ အမေ–အဖေ ရှိတယ်**''ဟူသောအသိတရားကလည်း ခွန်အားကိုတိုးပွားစေ၏ ၊ မိဘကိုပြုစုရသည်မှာ နှစ်ကာလဘယ်လောက်ကြာကြာ ကြာစမ်းပါစေ၊ ပြုစုခွင့်ရနေသမျှ မိဘမျက်နှာမြင်နေရသေး၏၊ မိဘအသံကြားနေရသေး ၏၊ အဖေရေ–အမေရေ–ဟု ခေါ်စရာရှိနေသေး၏၊ နောက်ဆုံးမိဘနှစ်ပါးကိုပင်မှီ၍ ကုသိုလ်ထုပ်ကို ရယူနိုင်သေးသည် မဟုတ်ပါလား။

သုဝဏ္ဏသာမသတို့သားကတော့ မျက်မမြင်မိဘတို့ကိုကြည့်၍ ငိုလည်းငို ရယ် လည်းရယ်ရာ၌ မျက်စိကွယ်သောကြောင့် ဝမ်းနည်းကာငိုခြင်းဖြစ်၍ ''ငါ–မိဘတို့ကိုပြုစု လုပ်ကျွေးရပြီ''ဟု တွေးကာ ဝမ်းသာ၍ ရယ်ပါသတဲ့၊ ယခုခေတ် မလိမ္မာသည့်သားသမီး မျိုးကများ ရောဂါသည်မိဘတို့အားကြည့်၍ ငိုလိုက်,ရယ်လိုက်ဖြစ်ခဲ့လျှင်– ပြုစုရမှာစိုး သောကြောင့် ငိုခြင်းဖြစ်၍ သေလျှင်အမွေရမည်ဟုတွေးကာ ရယ်ခြင်းသာဖြစ်ပေလိမ့် မည်၊ ထိုမျှမက မြန်မြန်သေ မြန်မြန်အမွေရ မြန်မြန်ရယ်မောနိုင်ရလေအောင် လေဖြတ်ကာ အိပ်ရာထဲလဲနေရှာသည့်မိဘကိုပင် ဖုတ်ဝင်သည်ဟု စွပ်စွဲကာ သေကြောင်း ကြံစည်ဖို့ ဝန်လေးကြမည်မဟုတ်ချေ၊ ပေါင်ချိန်၏ လေသံအတိုင်း ''လောကမှာ ဒီလိုအဖြစ်မျိုးတွေ ရှိသလော''ဟု တအံ့တသြ မေးခဲ့လျှင်၊ ''မှန်ပါ တကယ်ပင်ရှိပါ ကြောင်း'' ရဲဝံ့စွာပင် လျှောက်တင်လိုက်ချင်တော့၏။

## အဖေကိုပင် ဖုတ်ကောင်ထင်

ဦးနှောက်နှင့်အထူးကုဆရာဝန်ကြီးတွေက လက်လျှော့လိုက်သည့်အငှ[illegible] သေမည့်ရက်ကိုစောင့်နေရသူ ဦးဘမောင်၊ အသေကောင်အင်္ဂါရပ်နှင့်မည[illegible]သေးတဲ့ လူရှင်အလောင်းကောင်ဘဝရောက်နေသူ ဦးဘမောင်၊ အသေကောင်အလောင်း မည် [illegible]သေလို သက်ရှိလူသားလည်းမပီတော့သည့် ဦးဘမောင် ၊ ဦးဘမောင် တစ်ကို[illegible]

ပီပီပြင်ပြင်လှုပ်ရှားနိုင်တာဆိုလို့ နိမ့်တုံမြင့်တုံ အသက်ရှူရှိုက်နေတဲ့ ရင်အုံရယ်– စိတ်ဆောင်နေလို့ ဟိုဟိုဒီဒီ ဇော့ဝိုက်ကြည့်နိုင်သေးတဲ့ မျက်နက်အစုံရယ်–တံတွေးမျို သည့်အခါ လျှာနှင့်တွဲပြီးလှုပ်တယ်ဆိုရုံမျှ လှုပ်ရှားနိုင်တဲ့နှုတ်ခမ်းအစုံရယ် ဒီသုံးခု သာရှိပါတော့သည်၊ နှုတ်ခမ်းနှင့်လျှာလှုပ်နိုင်သေးတယ်–ဟုဆိုသော်လည်း အသံထွက် အောင်မဖန်တီးနိုင်သဖြင့် စကားမပြောနိုင်တော့တာ ကြာ–ကြာလှပေါ့၊ ရုပ်နှင့်နာမ် မခွဲခွာသေးလို့သာ သက်ရှိလူသားဟု သတ်မှတ်ခံထားရခြင်း ဖြစ်ပါ၏။

ဦးဘမောင်တွင် သားတစ်ယောက် သမီးတစ်ယောက်ရှိသည်၊ သားသမီးများ လူလားမမြောက်ခင်ကပင် ဇနီးဖြစ်သူကွယ်လွန်သွားသော်လည်း နောက်အိမ်ထောင်မပြု တော့၊ စီးပွားကိုသာ ကြိုးစားရှာကာ သားသမီးတို့အား ဘွဲ့ရသည့်တိုင်အောင် မြေတောင် မြှောက်ပေးခဲ့၏။ အသီးအသီးအိမ်ထောင်ကျကာ သားသမီးတွေရလာသော်လည်း အိမ်ခွဲမနေပဲ ဖခင်၏အိမ်ကြီးပေါ်မှာပင် စုပေါင်းနေထိုင်ကြ၏။

သို့သော် ဖခင်ရှိရာအခန်းကိုတော့ (ဟို–တရုတ်ကားထဲကလို "ဖေဖေ့ကို သမီးအဖော်လုပ်ပေးမယ်လေ"ဆိုပြီး) မည်သူကမျှမလာ၊ ဖခင်၏ဝေယျာဝစ္စကိုလုပ်ပေးဖို့ မပြောနှင့်၊ သားသမီးအရင်းကပင် ဖခင်ဆီမလာမှတော့ သမက်နှင့်ချွေးမကလည်း အနေသာကြီးပေါ့၊ မြေးများဆိုလျှင် အော်သံဟစ်သံကြားနေရသော်လည်း ဦးဘမောင် မတွေ့မြင်ရသည်မှာ ကြာလှချေပြီ၊ ဦးဘမောင်အား အစာရေစာ ကျွေးဖို့ကိုတော့ အိမ်ဖော်မိန်းမကြီးတစ်ယောက်အား တာဝန်ပေးထားကြလေ၏။

တစ်ခါတလေတော့လည်း သားနှင့်သမီးက အခန်းထဲဝင်ကာ သူတို့ဖခင်ကိုလာ ကြည့်တတ်၏၊ သေ–မသေလာရောက်အကဲခတ်ခြင်းသာ၊ ဦးဘမောင်အဖို့ကတော့ ဒီတောင်ကိုမပြောနှင့် ဒီကမူလေးကိုတောင် ကျော်နိုင်ဖို့မလွယ်၊ မိဘတို့ဝတ္တရားအရ သားနှင့်သမီးအိမ်ထောင်ကျသည်နှင့် ထိုက်သင့်သမျှ ခွဲဝေပြီးဖြစ်၏၊ ဦးဘမောင်ရောဂါ စ၍ ဖြစ်သည်မှ ယခုအထိ ကုန်ကျသည့်ငွေများက သိန်းပေါင်းများစွာ၊ အိုစာမင်းစာ ဘဏ်မှာအပ်ထားသည်လည်းရှိသေး၏။

သို့သော် ပိုင်ဆိုင်သမျှငွေကြေးအားလုံး စုပုံကာပေးမည် ဆိုသော်လည်း မရနိုင်တော့၊ နာ–မင်းနှိပ်စက်သည့်ဒဏ်ကပြင်းထန်လွန်းလှ၏၊ နာမင်းက အားရ အောင်နှိပ်စက်ပြီးလျှင် သေမင်းထံသို့တွန်းပို့လိမ့်ဦးမည်၊ ရောဂါဝေဒနာခံစားရင်း ဦးဘမောင်တစ်ယောက် သူ့အဖြစ်ကိုသူ ပြန်စဉ်းစားနေမိသည်။

"ဩော်–ဒီအခန်းကျဉ်းလေးမှာ ငါတစ်ယောက်ထည်း ဘယ်သူမှလဲ ငါ့ဆီရောက် မလာကြဘူး၊ ရက်စက်လိုက်ကြတာ၊ တစ်ခါတလေများ အာခေါင်တွေခြောက်ပြီး မီးစကြီး

မျှိုထားရသလို ရင်ထဲမှာပူလောင်လှချည်ရဲ့၊ ရေတိုက်ဖို့ အမျိုးမျိုးအသံထွက်အောင် အော်နေတာတောင် မကြားယောင်ဆောင်နေကြတယ်၊ အေးလေ ငါ့အသံကလည်း ထွက်မှမထွက်ပဲကိုး။

အစာကျွေးနေကျ အိမ်ဖော်မကြီးရောက်လာမှပဲ ငါ့မှာအားကိုးတကြီးနဲ့ ရေတောင်းလိုက်ရတာ၊ ဒါတောင်သူကသဘောမပေါက်ချင်ဘူး။ သူကတိုက်ချင်စိတ်ရှိလို့ ရေစက်လေး ချတိုက်သွားမှပဲ ငါ 'အာ'ရေစွတ်ခွင့်ရတယ်၊ ကြီးမားလိုက်တဲ့ဒုက္ခပါလားနော်၊ ပြတင်းပေါက်ကို မျက်လုံးနဲ့အဖွင့်ခိုင်းပြန်တော့လည်း ဒီမိန်းမကြီး ဘယ်လိုသဘော ပေါက်သွားတယ် မသိပြန်ဘူး၊ နောက်ပြန်ဆုတ်ပြီးလှည့်ပြေးသွားတယ်၊ မျက်လုံးကြီး လည်နေတယ်–လို့များ ထင်နေသလားမသိ၊ ငါ့သားရင်းသမီးရင်းကတောင် မကြည့်ဖြူတဲ့ဘဝမှာ ငါလည်းမနေချင်တော့ပါဘူး၊ ဒီကြားထဲ ချွေးမလုပ်သူကတမျောင့်၊ ဒီကောင်မက ခပ်လယ်လယ် နတ်တွေဘာတွေယုံလိုက်တာလည်း နှစ်ယောက်မရှိဘူး၊ ငါ့သားကလည်း ဒီမိန်းမလယ်ကိုများ အိမ်ပေါ်ခေါ်တင်လာသေးတယ်၊ ကဲပါလေ– သူများအကြောင်းတွေးနေမယ့်အစား တရားလေး မှတ်နေတာပဲကောင်းပါတယ်၊ ဘယ်– **အနိစ္စ,ဒုက္ခ,အနတ္တ၊ အနိစ္စ,ဒုက္ခ, အနတ္တ၊ အနိစ္စ,ဒုက္ခ,အနတ္တ။**

အချိန်မည်မျှကြာသွားသည်မသိ အခန်းအပြင်ဘက်မှကြားလိုက်ရသည့် စကားသံများကြောင့် မျက်လုံးများဖျတ်ခနဲပွင့်လာရ၏။ "ပရိတ်ရေနဲ့မျက်နှာသစ်ပေး လိုက်ကတည်းက အတွင်းခန်းကိုပဲ အတင်းပြောင်းခိုင်းနေတော့တာ၊ အလင်းရောင် ကြောက်လို့ ပြတင်းပေါက်လည်း အမြဲပိတ်ပေးထားရတယ်၊ သူခေါ်လည်းမသိချင်ယောင် ဆောင်နေလိုက်၊ ခဏခဏခေါ်ပြီး အနင်းအနှိပ်ခိုင်းတတ်တယ်၊ အဲဒါ အသားချင်းထိနေလို့ ကတော့ မျက်နှာကလန်းပြီး လူ့သွေးကိုစုပ်နေတာ၊ ဖုတ်ကရင့်လာရင် ထုတ်ဖို့မလွယ်တော့ ဘူး၊ အင်းဒလင်းတိုက်တာတောင် ချိုတယ်ဆိုပြီးသောက်တာ၊ ဘယ်မှာဆိုလဲ ဖုတ်က အိမ်ထောင်တွေဘာတွေကျပြီး ကလေးတောင်ရနေပြီတဲ့၊ အဲဒါအိမ်တက်မိုးနေတုန်း ဆရာကြီးတစ်ယောက်က သွားရင်းလာရင်းမြင်လို့ အမယ်–ကိုရွှေဖုတ်က အိမ်မိုးလို့ပါလား ကွယ့်"လို့ဆိုလိုက်မှ အရိုးတွေ တစ်စစီပြုတ်ကျကုန်ရောတဲ့။

တစ်ယောက်တစ်ပေါက်ပြောဆိုနေကြသည့်အသံများတွင် ဦးဘမောင်ကြည့်မရ ခဲ့သည့် ချွေးမဖြစ်သူ၏အသံက အကျယ်ဆုံး၊ သားနှင့်သမီးကပင် ဝင်ရောက်ပြောဆို နေကြသဖြင့် ဝမ်းနည်းကာ မျက်ရည်ပူများက ပါးပြင်ပေါ်သို့လိမ့်ဆင်းလာကြ၏။

"**အဖေ့အပေါ်ရက်စက်လှချည်လား သားတို့သမီးတို့ရယ်၊ ကျုပ်အဖေလူမမာ ကြီးကိုများ ဖုတ်ဝင်နေတာတဲ့ဗျာ၊ ကြားလို့မှကောင်းကြသေးရဲ့လား၊ အဖေ့အပေါ်မှာ**

ဘယ်လိုအညှိုးတွေများရှိနေကြလို့လဲ၊ သားသမီးအပေါ်မှာ ဖခင်ဝတ္တရားကျေပွန်ခဲ့တဲ့ အဖေကြီးပါ၊ ဝတ္တရားပျက်ကွက်ခဲ့တယ်ဆိုရင်တော့ အဖေ့အပေါ် အားရအောင် ပြန်ပြီးရက်စက်ကြပါ၊ အခုတော့ လူလားမြောက်အောင်ပြုစုစောင့်ရှောက် ပညာသင် ပေးခဲ့ရတဲ့ကျေးဇူးတွေကိုမှမထောက်၊ သားနှင့်သမီးကိုယ်တိုင်လာပြီး မပြုစုတာ၊ အဖေခံနိုင်သေးတယ်၊ ခုလို အပမှီနေတဲ့ဖုတ်ကောင်လို့ ပြောဆိုကြတာကိုတော့ အဖေဝမ်းနည်းလို့မဆုံးဘူးကွယ်၊ ဩော်–ကံဆိုးလိုက်တဲ့ ငါ့ဘဝပါလားနော်"။

ထိုစဉ်ခဏမှာပင် သားနှင့်ချွေးမကဦးဆောင်၍ အခန်းထဲဝင်လာရာ နောက်နားမှာကပ်ပါလာသူကတော့ (ဖုတ်ဝင်သည်ဆိုသော) ဖခင်ကိုမကြည့်ရဲလို့ ကြောက်ရွံ့တုန်လှုပ်နေသည့်သမီး၊ ဒီသမီးကကော ဘာထူးလို့လဲ၊ ဒီပုတ်ထဲက ဒီပဲဘဲဟာ၊ ဖခင်မသေသေးတာကိုပဲ အလိုမကျဖြစ်နေသည့်ဟန်၊ ဦးဘမောင် တစ်ယောက် အားလုံးကိုမြင်နေရကြားနေရ၏၊ သားဖြစ်သူနှင့်ချွေးမက ဘယ်ဆရာ ဘယ်ပုဂ္ဂိုလ်ဆီက တောင်းလာမှန်းမသိသည့် ရေမန်းဖြင့် ဖခင်အားလှမ်း၍တောက် ကြည့်လေ၏။။

ဦးဘမောင်ခမျာ ရေနဲ့မတွေ့ရတာကြာလို့ထင်ပါရဲ့၊ ရေစင်လိုက်သည်နှင့် ခန္ဓာကိုယ်တစ်ခုလုံး ဖြန်းခနဲဖြစ်သွား၏၊ အကြောအချဉ်တွေလည်း ဆတ်ခနဲတွန့်သွားသယောင်၊ သားတော်မောင်၏ဇနီးမယားက "တွေ့လားအစ်ကို ရေမန်းနှင့်ထိလိုက်တာနဲ့"၊ ဦးဘမောင်တစ်ယောက် သူတို့မျက်နှာတွေကို မကြည့်ချင်မမြင်ချင်၍ မျက်လုံးကို စုံမှိတ်ထားလိုက်ပြန်တော့လည်း "အပမှီနေသည့်ဖုတ်ကောင်က သူတို့လင်မယားကို ကြောက်နေသတဲ့၊ ကြည့်တောင် မကြည့်ရဲတော့ဘူး"ဟု ပြောကြပြန်သေး၏၊ ဩော်–စိတ်မချမ်းသာလို့ အစားအသောက်လည်း မစားနိုင်၊ ပိန်ချုံးကာ မျက်နှာပျက်နေသည့်ဖခင်ကိုကြည့်၍ သူတို့၏စမ်းသပ်ပွဲအောင်မြင်မှုအထိမ်းအမှတ် ကျေနပ်အားရတဲ့မျက်နှာကြီးတွေနှင့်ပါလား၊ မီးစာကုန် ဆီခန်းဖြစ်နေရှာသော ဖခင်အို၏ဘဝ သူ့အလိုလို ငြိမ်းသွားမည့်အချိန်ကိုတောင် မစောင့်နိုင်ကြ။

ဗုဒ္ဓဘာသာဝင်တစ်ဦး၏ နောက်ဆုံး မိနစ်စက္ကန့်တွေကို ရတနာသုံးပါးရဲ့အေးရိပ်ငြိမ်မှာ ခိုလှုံနားနေခွင့်လေးပေးဖို့တောင် သတိမရနိုင်ကြတော့၊ ဒီလိုသားဆိုးသမီးမိုက်မျိုးသည် ငယ်စဉ်ကသမီးဖြစ်သော်လည်း ကြီးတော့ မီးလိုပူလောင်လွန်းလှ၏၊ ငယ်စဉ်ကသားဖြစ်သော်လည်း ကြီးသည့်အခါ ကျားထက်ပင် ပို၍ ကြောက်စရာကောင်းလှတော့၏။

ဦးဘမောင်တစ်ယောက် ဖုတ်ဝင်နေသည်မဟုတ်ကြောင်း သားနဲ့သမီးသိစေရန် ရှင်းပြချင်ပါသော်လည်း ရွှံစောင်းလို ဆွံ့ဆိုင်းနေသည့်ပါးစပ်မှ ထွက်အံကျလာသည့်စကား

လုံးများက ဗလုံးဗထွေး မပိမသနှင့်၊ ဒါကိုပင် သူတို့လိုရာဆွဲတွေးပြီး အဓိပ္ပါယ်ကောက် နေပြန်လျှင် ဒုက္ခ၊ လူ့ဘဝကိုရရှိထားမှုသည် တရုတ်ဇာတ်ကားထဲကအတိုင်းပြောရလျှင် မိုးနဲ့မြေရဲ့ဆုလာဘ်၊ ဘုရားဟောဒေသနာအရကတော့ အပ်ဖျားချင်းခဲယဉ်းစွာထိထားသည့် မနုဿတ္တ ဒုလ္လဘတရားကြီးပင်။ ယခုလည်း ဖခင်ရထားသည့်ဒုလ္လဘကို ချေမွဖျက်ဆီး ဖို့ကြိုးစားလာသူက သားနှင့်သမီး၊ ပစ္စည်းအမျိုးမျိုးယူလာ၍ ဖခင်ဖြစ်သူ၏အခန်းထဲသို့ ဒုတိယအကြိမ်ပြန်ဝင်အလာ– –

**''ဟင်–ဒါ ဒါ ဩဇာရွက် ဖိနပ်စုတ်၊ ဒါတွေနဲ့ ဖုတ်ထုတ်ကြမလို့လား၊ မလုပ်ပါနဲ့သားရယ် အဖေဟာ ဖုတ်ဝင်နေတာမဟုတ်ပါဘူး၊ အဖေတောင်းပန်ပါတယ်၊ အဖေ့အပေါ် မရက်စက်ကြပါနဲ့''။**

ဦးဘမောင်ခမျာ ဤသို့တောင်းပန်ပါသော်လည်း အသံကထွက်မလာ၊ ထိုအခါ သားနှင့်ချွေးမက ဩဇာရွက်လေးတမြပြနှင့် ဦးဘမောင်နားကပ်အလာ၊ ဦးဘမောင် တစ်ယောက် ရှိသမျှအင်အားတွေစုစည်းကာ အကြီးအကျယ် အော်ဟစ်ရုန်းကန်ပြီး ဒီကိစ္စ မအောင်မြင်ရလေအောင် ကန့်ကွက်နေ၏၊ မခံချင်သည့်ဇောစိတ်တွေ မခံမရပ်နိုင်မှု တွေကြောင့် ဦးဘမောင်၏ အသားများသည်တဆတ်ဆတ် တုန်နေပြီး မျက်လုံးအစုံ ကလည်း ချားရဟတ်လို ချာချာလည်နေပါတော့သည်။

''ဟော–အစ်ကို တွေ့လား၊ ဒီပစ္စည်းပါလာလို့ တွေ့တယ်မဟုတ်လား၊ အစ်ကို အိပ်ရာအောက်ကိုအမြန်ထိုးလိုက်–ထိုးလိုက်''၊ ဦးဘမောင်လည်း ရှိသမျှခွန်အားတွေကို နောက်ဆုံးအနေနဲ့ စုစည်းဖျစ်ညှစ်ပြီး သူတို့ပြောသံတွေကိုဖုံးလွှမ်းသွားအောင်အထိ အော်ပစ်လိုက်တော့၏။

ဒါပေမယ့်– **''ဟင်–ငါ့သားရဲ့လက်တစ်ဖက်က ငါ့ပခုံးကို ထိုးမနေပြီ၊ ဟော– ကျန်တဲ့လက်တစ်ဖက်မှာ ကိုင်ထားတဲ့ဩဇာရွက်တွေကို ငါ့အိပ်ရာ အောက်ထဲ ထိုးသွင်းလိုက်ပါပေါ့လား၊ ဟာ–သွားပါပြီဗျာ– သွားပါပြီ၊ အို–ခံရချက်က ချွန်မြထက်မြက်တဲ့ လှံသွားနဲ့ ငါ့အသည်းနှလုံးတည့်တည့်ကို ထိုးစိုက်ခံရလို့ ရရှိလိုက် တဲ့ဒဏ်ရာဒဏ်ချက်ထက်ကို အဆတစ်ရာသာအောင် ပြင်းထန်လွန်းလှချည်ရဲ့၊ အဖေ သွားပါတော့မယ်၊ အဖေ့မှာ ဝဋ်ကြွေးတွေကျန်နေသေးရင်လည်း ဒီဘဝ ဒီမျှနဲ့ပဲကျေပါ စေတော့ကွယ်''။**

ဦးဘမောင်တစ်ယောက် စိတ်ကိုလျှော့ချလိုက်ခါ အသက်ရှူမရအောင် ရင်ထဲမှာ ဝမ်းနည်းကြေကွဲမှုတွေ တင်းကျပ်ပြီး မျက်စိတွေပါပြာဝေကုန်တော့၏၊ ချာချာလည်နေတဲ့ မျက်နက်အစုံဟာလည်း ပြည့်အိုင်လျှံတက်လာကြတဲ့ မျက်ရည်ပူတွေအောက်ကို ရောက်

ရှိနှစ်မြုပ်သွားကြပြီ၊ မျက်လုံးအိမ်မှာ ပြည့်အိုင်လျှံမောက်နေသည့် မျက်ရည်ပူတွေကတော့ နားသယ်စပ်နှစ်ဖက်ဆီမှာ အပြိုင်စီးဆင်းနေကြလေရဲ့၊ သြော်-အမွေမက်သူများအတွက် အနှောင့်အယှက်ဖြစ်ခဲ့ရသည့် ဖခင်၏သက်မဲ့ခန္ဓာကိုယ်ကြီးမှာ မြန်မာစကားပုံအတိုင်းပြောရလျှင် ယုန်ကိုမြင်လို့ အထွင်ခံလိုက်ရသည့် ချုံကြီးတစ်ခုနှင့်တူနေပါရောလား၊

အားရကျေနပ်သောအပြုံးများဖြင့် နောက်ဆုံး သားနှင့်ချွေးမတို့၏အထံမှ ပြိုင်တူထွက်လာသည့်အသံကတော့ "ကဲ-ကိုရွှေဖုတ်တော့ ဇီဝိန်ချုပ်သွားပြီ၊ အရပ်က သိအောင် ငိုသံလေးဘာလေးပေးလိုက်ကြဦးစို့"တဲ့။ အကယ်၍များ ဒီစကားသံကို တမလွန်မှ ဦးဘမောင်ပာစ်ယောက်ကြားခဲ့လျှင် တရုတ်ရေးဟောင်းဇာတ်လမ်းတွဲမှ စကားတစ်ခွန်းလို "ငါသေလို့ တစ္ဆေသရဲ ဘဝရောက်တောင် နင်တို့ကို ခွင့်မလွှတ်ဘူး"ဟု ပြောနေပေလိမ့်မည်။ *** မိဘအိုများ၊ ချစ်သနား၊ ပစ်ထားစွန့်ခွါ မသွားနှင့်၊**

*** မကျန်းမမာ၊ ရှိသောခါ၊ ဝေဒနာကြီးအောင် မပြုနှင့်၊**

*** ကျွေးမွေးပြုစု၊ ထောက်ပံ့မှု၊ လျှစ်လျူရှုကာ မထားနှင့်။**

## ဦးဘမောင်ကိုယ်စား ပြောကြားချင်

ဖုတ်ဝင်နေသည်မဟုတ်ပါကြောင်း သားသမီးတွေကြားအောင် ပြောပြမသွားနိုင်ရှာသည့် ဦးဘမောင်၊ (ကျွန်တော့ကိုယ်စား ပြောပေးပါ)ဆိုတာလို၊ ဦးဘမောင်၏ကိုယ်စား မိမိကပင် ကြားဝင်၍ သားသမီးတို့အားပြောလိုက်ချင်သည်၊ အမှန်တကယ်အားဖြင့် သားသမီးများအထင်မှားနေသလို ဦးဘမောင်တစ်ယောက် ဖုတ်ဝင်နေသည်မဟုတ်ပါ။

ရှင်းပြဦးအံ့- သက်ကြီးရွယ်အို မိခင်ဖခင်များ နာတာရှည်ရောဂါဖြင့် ကာလရှည်ကြာ အိပ်ရာထဲလဲနေရာမှ တစ်ခါတလေ သေဆုံးသလိုမျိုး မေ့မျောသွားတတ်ကြ၏၊ ဒါကိုပင် သေသည်ဟုယူဆကာ သားသမီးများက "ဖေဖေ-သမီးတို့ကို စိတ်ချထားသွားပြီလား ဖေဖေရဲ့"ဟု အော်ဟစ်ကာငိုကြတော့၏။ တချို့ကလည်း တကယ်သေပြီးလို့ ဘယ်လိုမှထမကြည့်နိုင်တော့ဘူးဆိုကာမှ- "အမယ်လေး အဖေရဲ့ သမီးတို့ကို ထကြည့်ပါဦးလား"ဟု ငိုကြတာမျိုးကလည်းရှိသေး၏၊ ထိုမှုမက ဒီဘဝမှာ နှိပ်စက်ရတာ အားမရသေးလို့ နောင်တမလွန်ထိလိုက်ပြီး နှိပ်စက်ဦးမလို့ထင်ရဲ့၊ "သမီးမိုက်ကိုပါ တစ်ခါတည်း ခေါ်သွားပါတော့လား"တဲ့၊ သွားလေသူက ဦးဘမောင်လို ပုဂ္ဂိုလ်မျိုးဆိုရင်တော့ ဆယ်ခါပြန်တောင် ဆလံတင်သွားလိမ့်မည်ထင်၏။

ဤသို့ဤနှယ် တကယ်သေသည်မဟုတ်ပဲ မေ့မျောသွားရာမှ လူနာကသတိပြန်လည်လာ၍ မျက်လုံးများကို ရုတ်တရက် အဖွင့်လိုက်မှာတော့ "ဟောတော်-မသေသေးဘူး မျက်လုံးကြီးပွင့်လာပြီ"။ "ကဲ- အဲဒါကြောင့် မငိုကြပါနဲ့ဦးလို့ပြောနေ၊ မသေသေးပါဘူးဟ နင်တို့ကလဲ တကတဲ" စသည်ဖြင့် တအံ့တသြပြောမဆုံးပေါင် တောသုံးတောင်

ဖြစ်ကုန်တော့၏။ အကယ်၍လူနာဖြစ်သူက အခြေအနေတစ်စုံတရာ ထူးခြားမှုမရှိပဲ (ဥပမာ– အစာကို ခါတိုင်းထက်ပို၍ အငမ်းမရစားခြင်းမျိုးစသည်တို့မရှိပဲ) တဖြည်းဖြည်းနေပြန်ကောင်းကာ နဂိုမူလကျန်းမာစဉ်ကကဲ့သို့ ကျန်းမာသွားသည်ဆိုပါလျှင် မိသားစုအားလုံး ပျော်ရွှင်ကာ ဝမ်းသာသွားကြ၏။ တချို့က စပ်စုလိုက်ကြသေးသည်မှာ "ဖေဖေ သတိလစ်ပြီးမျောနေတုန်းက ဘယ်ကိုရောက်သွားတာလဲ"တဲ့၊ ထိုအခါ လေဖြတ်ပါးစပ်ရွဲ့ပြီး ဂူးဂူးဝါးဝါးဖြစ်နေသူ ဦးဘမောင်လိုပုဂ္ဂိုလ်မျိုးမဟုတ်ပဲ စကားပြောနိုင်သူဖြစ်ပါက သူရောက်ရှိသွားသည့်နေရာ တွေ့ဆုံခဲ့သည့်ပုဂ္ဂိုလ်တွေ ထိုပုဂ္ဂိုလ်တွေအားလုံးဟာ လူ့ဘဝမှသေဆုံးပြီးသူတွေဖြစ်နေကြောင်း ပြောပြပေလိမ့်မည်၊

အကယ်၍ လူနာဖြစ်သူက ဦးဘမောင်လို စကားမပြောနိုင်သူဖြစ်နေလျှင်မည်သူကမျှ မေးနေကြမည်မဟုတ်သလို၊ လူနာကိုယ်တိုင်ကလည်း "ငါ–သေပြီးမှဖုတ်ဝင်လာတာမဟုတ်၊ မျောသွားတာပါ"ဟု ရှင်းပြလို့ကမဖြစ်၊ တော်တော်နှင့်မသေနိုင်သည့်အပြင် ခါတိုင်းနှင့်မတူသော အခြေအနေမျိုး ရှိနေပြီဆိုလျှင်တော့ အဲဒါမျိုးကို ဖုတ်ဝင်သည်ဟုသာ သတ်မှတ်လိုက်ကြတော့၏။

**ဖုတ်ဝင်ခြင်း၏ အဓိကဆိုလိုရင်းမှာ**– လူနာကသေဆုံးသွားပြီ သေဆုံးပြီးသည့်နောက် ဖုတ်ပြိတ္တာ (အရပ်အခေါ်အားဖြင့်) တစ္ဆေ မြေဘုတ်သရဲက လူနာသေဆုံးသည့်အချိန်တွင် ကိုယ်တွင်းသို့ဝင်၍ လူနာဟန်ဆောင်ကာ နေခြင်းမျိုးကို "**ဖုတ်ဝင်သည်**"ဟု ခေါ်ကြပါသတဲ့၊ ထိုကဲ့သို့ မေ့မျောသွားရာမှ သတိပြန်လည်လာခြင်းကိုပင် ဖုတ်ဝင်သည်ဟု သမုတ်ကာ ဂုဏ်ပုဒ်အလီလီ တပ်လိုက်ကြပုံက–

"ကြည့်ပါလား အစာစားတာ ခါတိုင်းနဲ့မတူဘူး၊ အငမ်းမရပဲ စားသလောက်လည်း အသားကမဖြစ်၊ ဘယ်ဖြစ်ပါ့မလဲ လူနာကမစား ဖုတ်ကောင်က စားနေတာကိုး၊ တစ်ခါတလေ ပရိတ်ခွေလေးဖွင့်ပြလိုက်ရင် 'ဟဲ့– ငါမကြားချင်ဘူး ခုချက်ချင်းပိတ်'ဆိုပြီး အသံနက်ကြီးနဲ့အော်ပြန်ရော၊ ညောင်းတယ်ညာတယ်ဆိုပြီး အနင်းအနှိပ်ခိုင်းလို့များ သွားမနင်းပေးလေနဲ့၊ အဲဒါ အသားချင်းထိပြီး လူ့သွေးကိုစုပ်နေတာ၊ ဩဇာရွက်တို့ ခံုဖိနပ်စုတ်တို့ များ သူ့အနားယူသွားလိုက်ရင် မျက်စိမျက်နှာကိုပျက်လို့ မျက်လုံးကြီးပြူးပြီး လူကိုငေး ကြည့်နေလိုက်တာများ အမယ်လေးလေး အသဲယားစရာ ကျောချမ်းလိုက်တာ" စသည် ဖြင့် တိုးတိုးတစ်မျိုး ကျယ်ကျယ်တစ်ဖုံ မျိုးစုံအောင်ပြောကြလေရာ၊ လူနာခမျာ နဂိုကမှ မပြုစုကြလို့ စိတ်အားငယ်နေရသည့်အထဲ ဒီအသံတွေသာကြားလိုက်ရလျှင် မည်မျှစိတ်ထိခိုက်သွားရှာမည်နည်း၊ ဒီတစ်သက်မပြောနဲ့ ဆယ်သက်ဆယ်ကမ္ဘာမက သေချင်စိတ် ပေါက်သွားပေလိမ့်မည်။

စိတ်ဆင်းရဲစရာ အသံမျိုးစုံကြားရုံမှမက ဩဇာရှက်ကိုင်ကာ ချဉ်းကပ်လာသည့် အခါမှာတော့ လူနာ၏ခံစားချက်က အပြင်းထန်ဆုံးအဆင့်သို့ရောက်ရှိသွားပြီး နောက်ဆုံး ဦးဘမောင်၏ပြောစကားလို (ဟာ–သွားပါပြီဗျာ သွားပါပြီ)ဟု စိတ်ကိုလျှော့ချလိုက်ရသာ ရှိတော့၏။ အမှန်တော့ ဦးဘမောင်သေဆုံးရခြင်းမှာ ဖုတ်ကောင်ထွက်သွား၍ မဟုတ်ပါ။ "ထန်းသီးကြွေခိုက်–ကျီးနင်းခိုက်" ဆိုတာလို ဩဇာရှက်ကို ခေါင်းအုံး အောက်ထိုးအထည့်နှင့် စိတ်ဓာတ်ကျကာ သေဆုံးခြင်းတို့ တိုက်ဆိုင်သွားခြင်းသာ ဖြစ်ပါ၏။ ဩဇာရှက်ကြောင့်ဖုတ်ထွက်သွားခြင်းမဟုတ်ပါလေ။ ဦးဘမောင်ကိစ္စ ဤရှေ့ဤမျှ ရှင်းပြနေပါလျက် သားသမီးတွေဘက်က ယုံကြည်မှုမရှိသေးလျှင် တရုတ် ရှေးဟောင်းဇာတ်ကားထဲမှ စကားလေးတစ်ခွန်းကိုပင် ပြောရတော့မည်၊ "အမှန်တရား မှန်သမျှကို မိုးနတ်မင်းသာ အသိဆုံးပါ" တဲ့။

## မိဘအတွက် ကုသိုလ်ဆက်ပါ

ဖုတ်ဝင်သည်–ဟူသောစကားသည် ယုံတမ်းစကားမျှသာဖြစ်၏။ ရတနာသုံးပါး နှင့်ကံ–ကံ၏အကျိုးကို ကောင်းစွာယုံကြည်လက်ခံသူများဖြစ်ကြပါမူ ဖုတ်ဝင်သည့်ကိစ္စကို လက်ခံမည်မဟုတ်ပေ။

ဒါန သီလ ဘာဝနာကုသိုလ်ကောင်းမှုအမြဲပြုကာ မြင်ရ–မမြင်ရသတ္တဝါ များအား အမျှပေးဝေနေပါမူ အိမ်တွင်းသို့မကောင်းသောပြိတ္တာများ ဝင်နိုင်မည်ကိုထား၍ ဝိုင်းနားခြံနားသို့ပင် မသီနိုင်၊ မည်သည့်ပြိတ္တာကမျှလည်း ဒုက္ခပေးမည်မဟုတ်၊ ပါရာဇိကဏ်ပါဠိတော် ဒုတိယပါရာဇိက ဝိနီတဝတ္ထုကကျွာ၌ ပြိတ္တာ ကိန်းအောင်းသော အလောင်းကောင်မှအဝတ်ကို ပံ့သကူယူမိသဖြင့် အလောင်းကောင်က ရဟန်းတော် နောက်သို့ တကောက်ကောက်နှင့် ထလိုက်လာရာ၊ ကျောင်းပေါက်ဝ အရောက်တွင် အထဲသို့မဝင်နိုင်ပဲ၊ ယိုင်လဲကျသွားပါသတဲ့၊ (ပြိတ္တာများ ကျောင်းတွင်း အိမ်တွင်းသို့ မဝင်နိုင်ဟု ပြောလိုရင်းဖြစ်၏။ ကြိုက်သလိုသာ ယူဆနိုင်ပါသည်။)

ပရဒတ္တူပဇီဝိတ–မည်သောပြိတ္တာများသည် အမြဲတစေ ဆာလောင်မွတ်သိပ်နေ တတ်သော်လည်း သူတို့ကိုအစာစားရန် ချကျွေးသော်လည်းမစားနိုင်ကြ၊ ကုသိုလ်အဖို့ကို သာဓုခေါ်မှသာလျှင် စားဖွယ်သောက်ဖွယ်များကို စားနိုင်ပါသည်။ ပြိတ္တာတို့အား တိုက်ရိုက်ပေးကျွေး၍မရနိုင်အောင် သူတို့၏အကုသိုလ်ကံကတားမြစ်ထားသဖြင့် လူတို့၏ အစာကို ကြားဖြတ်လုယူ၍မစားနိုင်ပေ၊ မည်မျှဆိုးသွမ်းသောပြိတ္တာပင်ဖြစ်စေ လူတို့၏

ဘုန်းကံကို မလွှမ်းမိုးနိုင်ကြပါ။

မိခင်ဖခင်နှင့် အသက်ကြီးသူများ မေ့မျောသွားရာမှ ပြန်၍သတိရလာချိန်တွင် နဂိုမူလနှင့်မတူသော စိတ်အပြောင်းအလဲများ ရှိကောင်းရှိပါလိမ့်မည်၊ သူငယ်ပြန်ချင်လည်း ပြန်မည်၊ ခါတိုင်းထက်ပို၍ စိတ်တိုချင်လည်းတိုမည်၊ စားကောင်းသောက်ကောင်းဖြစ်လာသည်မို့ ပိုစားချင်လည်းစားမည်၊ အနင်းခံခြင်း အနှိပ်ခံခြင်းစသော ပြုစုယုယမှုများကို ခါတိုင်းထက်ပို၍ တောင့်တချင်လည်းတောင့်တမည်၊ အသံနက်ကြီးဖြင့်အော်ခြင်းမဟုတ်ပဲ ဒေါသကြောင့်အသံက မကြည်မလင်ဖြစ်ချင်လည်းဖြစ်မည်၊

တရားတိတ်ခွေကို ပိတ်ခိုင်း သည်ဆိုရာ၌လည်း ကျန်းမာရေးကောင်းသူများပင် တစ်ခါတစ်ရံ အကြောင်းအလှည့်မသင့်ပါက နာနေကျတရားကိုပင် မနာချင်စိတ်ဖြစ်တတ်သောကြောင့် တရားနာနေကျမရှိသူများက (ငါ့ကို **သေတော့မှာပဲ–ဆိုပြီး တရားနာခိုင်းနေတာလား**)ဟု စိတ်ဆိုးကာ တရားတိတ်ခွေပိတ်ခိုင်းတာမျိုးရှိနိုင်သလို၊ တရားတိတ်ခွေဖွင့်နေသည့်အချိန်တွင် အကုသိုလ် ဂြိုဟ်ဆိုးဝင်နေတာမျိုးလည်း ဖြစ်နိုင်ပါသည်၊ ဆုံးပါးရန်နီးလာပြီဆိုလျှင် မျက်စိစူးစူးဖြင့် လူနာစောင့်များကို စိုက်ကြည့်နေတာမျိုးလည်း ရှိနိုင်သည်။

ဤသို့သော အပြောင်းအလဲများကို သားသမီးများကသည်းခံကာ ပြုစုယုယကြင်နာကြဖို့အရေးကြီး၏။ ဖုတ်ဝင်သည်ထင်၍ ခပ်ရှောင်ရှောင်နေလျှင် ပို၍ပင်စိတ်ဆင်းရဲကာ အပြောမမှန် အနေမမှန်ဖြစ်သွားကြပေလိမ့်မည်၊ မိခင်ဖခင်တို့ အိပ်ရာထဲလဲကာ ရှည်ကြာစွာ ဝေဒနာခံစားနေရလျှင် မည်သည့်မကောင်းဆိုးဝါးမျှ မကပ်နိုင်ရလေအောင် မိဘများအတွက် ကုသိုလ်ကောင်းမှုပြုကာ ကုသိုလ်ဆက်ပေးပါ၊ သားသမီးများက အနားကမခွာပဲ ယုယပြုစု ကြင်နာမှုပေးကြပါလျှင် သူတို့၏နောက်ဆုံးအချိန်တွင် ဦးဘမောင်၏ အဖြစ်ဆိုးမျိုးမှကင်းဝေးလျက် သက်သက်သာသာဖြင့် အေးဆေးစွာ ထွက်ခွါသွားနိုင်ကြပါလိမ့်မည်၊

ထိုမျှမက သားသမီးများလည်း ကျေးဇူးရှင်ကိုပြစ်မှားသည့် မိတ္တဒုဗ္ဘိ အမည်ဆိုးနှင့် ညှိုးငယ်စွာကျန်ရစ်ခဲ့ခြင်းမှ လွတ်ကင်းကြပေလိမ့်မည်။

## မိဘပြစ်မှား ဆိုးကျိုးများ

ကျေးဇူးရှင်မိဘများသည် မပြစ်မှားမစော်ကားအပ်သော ခင်ပွန်းကြီးဆယ်ပါးတွင် ပါဝင်၏။ ပြစ်မှားစော်ကားမိပါက–

**ယခုဘဝ၌ပင် မြေကြီးမျိုခြင်း၊**

**မိုးကြိုးလောင်မီးကျခြင်း၊**
**ကိုယ့်အိမ်ရာစသည် မီးသင့်လောင်ခြင်း၊**
**ပြင်းထန်စွာ အနာရောဂါနှိပ်စက်ခြင်း၊**
**မျက်စိကန်း , နားပင်း , ဆွံ့အ , မင်းဒဏ်သင့်ခြင်း**–စသော မဟာအဋ္ဌဒေါသ အပြစ်ကြီးရှစ်ပါးတွင် တစ်ပါးပါးနှင့်တွေ့ကြုံရတတ်၏။ မိုးကြိုးလောင်မီးကျခြင်းဟူသော အပြစ်သည် မိဘကိုပြစ်မှားခြင်းကြောင့်ဖြစ်စေ၊ တခြားအကြောင်းကြောင့်ဖြစ်စေ ယခုခေတ်မှာလည်း တဒိုင်းဒိုင်းပစ်နေဆဲ– တစ်ခါတလေလည်း မပစ်ပဲရှိနေသည်မို့ အထူးအဆန်း မဟုတ်တော့ချေ။ တစ်ခါတစ်ရံ အမှန်တကယ် ပစ်သင့်ပါလျက် မပစ်ပဲလည်းရှိနေ တတ်ပြန်၏။

ရပ်ကွက်တစ်ခုတွင် ဖခင်အပေါ်၌ သားလူမိုက်၏ ရိုက်နှက်နေသံကို သိကြား မာဃ မကြားလို့များလား, နတ်သမီးတွေအတွေ့ကြောင့် ပစ်ဖို့ရန်ပင် မေ့နေလေသလား, ဝရဇိန် လက်နက်ကပဲပျက်နေလို့လား, အပ်ထားသည့်ဝရဇိန် ပန်းတိမ်ဖိုက ပြန်မရသေး လို့လား, လူ့ပြည်ဆင်းကာ မိုးကြိုးသွားများလိုက်ဝယ်နေသလား, မကောင်းသူပယ် ကောင်းသူကယ်မယ်–ဆိုတော့ ဖခင်ကိုယ်တိုင်က မကောင်းလို့လား, သားလူဆိုး၏ အကျိုးပေးချိန်ကပဲ မကျသေးလို့လား, အကြောင်းတော့ရှိပေလိမ့်မည်၊ (၂၀၀၅–ခု (၇)လပိုင်းလောက်ဆီက လောကဦးသျှောင်စေတီအဖြစ်ကို သတိရ၍ မောင်မာဃ အကြောင်း သိပ်ပြောလို့ကမဖြစ်၊ **'သာသနာတစ်ဝက်ပြောင်းရင်ဖြင့် မကောင်းသူပယ် ကောင်းသူကယ်မယ်' လို့ ဘုရားမှာ နှစ်ခါလိမ်သွားတဲ့ သိကြားမာဃဒိန်၊ ပစ်တော့ မယ့်ဝရဇိန်ငယ် ပန်းတိမ်ဝယ် ပြင်တုန်းထင့်လေး**–ဟု စပ်ဆိုခဲ့သည့် စလေဆရာ ဦးပုညကိုပင် အဖော်ညှိရပေတော့မည်၊)

ပေါင်ချိန် ဓာတ်လမ်းတွဲ (သားဆိုးသားမိုက်) ဓာတ်လမ်း၌ကား ဓားစက်ဖြင့်ပင် မစီရင်ရပဲ မိုးကြိုးပစ်ခြင်းခံရသည်ကို ကြည့်ခဲ့ရ၏။

၁၉၉၇–ခု ဇူလိုင်လထုတ် ရတနာမွန်မဂ္ဂဇင်းတွင် ဖတ်ရသည်မှာ နောင်ချိုမြို့တွင် နေ့စဉ်နှင့်အမျှ မိခင်ကိုဆဲဆိုကြိမ်းမောင်းနေသော မဝင်း၊ မိခင်ဆုံးပါးပြီးနောက် တစ်နှစ်လောက်အကြာ မိုးကလည်း သဲသဲမဲမဲရွာနေစဉ်၊ နံရံတွင်ချိတ်ထားသည့်မိခင်ကြီး၏ ဓာတ်ပုံကို အနီး၌ရှုံ့ဆိုပြီး ပြတင်းပေါက်မှအားကုန်လွှင့်ပစ်လိုက်ရာ၊ ဓာတ်ပုံက မြေသို့ကျ၍ ခွပ်ခနဲအကွဲ–မိုးကြိုးကလည်း ဒိုင်းခနဲပစ်အခွင်း၊ မဝင်းတစ်ယောက် ပြတင်းပေါက်နား ရပ်လျက်နှင့်ပင် တစ်ကိုယ်လုံးမည်းတုံးသွားတော့၏။ အမိုက်ဆုံးသမီး၏ ဘဝနိဂုံးကား မလှမပနှင့်အဆုံးသတ်ခဲ့ရ၏၊ "သံသရာမှာ မင်းဘယ်ကိုသွားမလဲ" ဟုအဓာတသတ် တုန်းကလိုများ မေးစရာလိုပါသေးသလား။

မြေမျိုခြင်းဟူသည်ကား ဘုရားရှင်လက်ထက်မှာသာ ကြားဖူးသည်မို့ မျက်မြင်မဟုတ်သည့်အတွက် ယနေ့ခေတ်လူငယ်များ ခပ်လွယ်လွယ်နှင့်ယုံဖို့ခဲယဉ်းလှ၏။ သို့သော် ယခုအချိန်ထိ မြေမျိုခြင်းများရှိကြောင်း၊ အကြောင်းတိုက်ဆိုင်လျှင် ပြောပြပါဦးမည်၊ **မိမိအပေါ်တွင် ကျေးဇူးရှိသောသူ**–ဟူရာ၌ သက်ရှိများသာမက သက်မဲ့ဖြစ်သောသစ်ပင်ကိုပင် "**အရိပ်နေနေ အခက်ချိုးချိုး**"မလုပ်သင့်ကြောင်း တေမိမင်းသားလေးကို မြေမြှုပ်သတ်ရန် တွင်းတူးနေသော သုနန္ဒာရထားထိန်းအား ဘုရားအလောင်းမောင်တေမိက–

**ယဿ ရုက္ခဿ ဆာယာယ၊ နိသီဒေယျ သယေယျ ဝါ**

**န တဿ သာခံ ဘိန္ဒေယျ ၊ မိတ္တဒုဗ္ဘော ဟိ ပါပကော**– ဟုဆုံးမတော်မူခဲ့၏။ ဂုဏ်ကျေးဇူးအထူးရှိသောမိဘတို့သည် သစ်ပင်ကြီးနှင့်တူ၏။ ထိုမိဘတို့၏ဂုဏ်ကျက်သရေ ကျေးဇူးဥပကာရတို့သည် သစ်ကိုင်းသစ်ခက်နှင့်တူ၏။ မိဘတို့၏ဂုဏ်ကျေးဇူးကို ထိပါးနှိပ်စက် ဖျက်ဆီးချုပ်ချယ် အန္တရာယ်ပြုသောသူတို့သည် အရိပ်ကိုခိုလျက် အခက်ကိုချိုးသော သူနှင့် တူလှချေ၏။ ထိုမျှမက သူ့အိမ်ထက်ဝယ် ညှော်သည်လုပ်ခါ တည်းဖူးပါလျှင် အိမ်ရှင်အပေါ် မတော်စိတ်ကြံ မနောကံမျှ မပြစ်မှားရကြောင်းကို ရှေးပညာရှင်တို့က–

"**ရှေးကခင်မင်၊ ကျွမ်းမဝင်လျက်၊ အကြင်သသူ၊ ကြည်ဖြူနှစ်သက်၊ သူ့အိမ်ထက်ဝယ်၊ တစ်ရက်တစ်ညှ၊ တစ်နေ့မျှလည်း၊ သုခခံစား၊ များပြားမဟုတ်၊ တစ်လုပ်ထမင်း၊ တစ်ရွတ်ဟင်းကို၊ ဝမ်းတွင်းလျှာနှုး၊ သုံးရဖူးမူ၊ ထိုသသူအား၊ ပြစ်မှားတစ်ရံ၊ မနောကံမျှ၊ မကြံအပ်ပေ**"ဟု ဆုံးမတော်မူခဲ့ကြ၏။

ဘူရိဒတ်ဇာတ်တော်၌လည်း ကျေးဇူးရှင်ဘူရိဒတ် နဂါးမင်းကို ပြစ်မှားစော်ကားသည့် ဖခင်'နေသာဒ'ပုဏ္ဏားမိုက်အား သူ့သားတော်မောင် 'သောမဒတ္တ' ဆုံးမလိုက်ပုံက–

**ပစ္စတိ နိရယေ ဃောရေ ၊ မဟိယာ ဝိဝရီယတိ**

**မိတ္တဒုဗ္ဘိ ဟိတစ္စာဂီ ၊ ဇီဝန္တော ဝါပိ သုဿတိ**– ဟူ၍ ဖြစ်ပါသည်။

**ပစ္စတိ နိရယေ ဃောရေ**– မိဘစသော ကျေးဇူးရှင်ကို ပြစ်မှားသောသူသည် ကြောက်မက်ဖွယ်ကောင်းသော ငရဲ၌ခံရ , ကျက်ရတတ်သတဲ့၊

ဒါကြောင့်မို့လည်း "ဟဲ့– နင်တို့မိဘကို **မပြစ်မှားကြနဲ့၊ ငရဲကြီးလိမ့်မယ်**"ဟု လူကြီးများက ဆုံးမကြခြင်းဖြစ်၏။

သို့သော် အပါယ်ငရဲဆိုသည်က လက်တွေ့မျက်မြင်မဟုတ်သည့် နောင်တမလွန်ဘဝမို့ ယနေ့ခေတ်လူငယ်များက "ငရဲ–ဆိုတာ ချိုနဲ့လား"ဟု ခနဲ့တဲ့တဲ့

မေးချင်မေးကြမည်ဖြစ်သလို၊ "ယုန်ကောင်ငုံ၍ပြောသော်လည်း မယုံတစ်ဝက်ယုံတစ်ဝက် ယုံရခက်ကြီးပါ"ဟုပင် သီချင်းလေးညည်းပြချင်လည်း ပြကြလိမ့်ဦးမည်၊ တစ်နေ့ကတောင် ဒကာတော် ဦးဘောလုံး–ကပြောသည်မှာ "ဘုန်းကြီးရဲ့အစီစိမရှိတော့ဘူး၊ စူဠာမဏိ–ဆိုလား ဆူနာမိ–ဆိုလား အဲဒီရေလှိုင်းထဲပါသွားပြီ"တဲ့၊ (ပြောရက်လိုက်တာ ဘုန်းကြီးရဲ့ အစီစိ– တဲ့)၊ထို့ကြောင့် ငရဲဆိုတာလောက်တော့ ပျင်းတောင်ပျင်းသေးတယ်–ဟုပင် ထင်ကြလိမ့်မည်၊ ဂါထာ၌ပြသည့် ပထမအပြစ်ငရဲကို မျက်မြင်မဟုတ်၍ မကြောက်သေး လျှင် ဒုတိယအပြစ်ဆိုလျှင်တော့ ကြောက်တန်ကောင်းလောက်ရဲ့–ဟုတွေးကာ ဂါထာ၏ဒုတိယပါဒကိုကြည့်ရှုရာ၌–

**မတိယာ ပိဝရီယတိ–** မိဘတို့ကိုပြစ်မှားလျှင် မြေမျိုတတ်၏–တဲ့၊ မိဘကိုပြစ်မှား စော်ကားသဖြင့် မြေမျိုခံရခြင်း (မိုးကြိုးပစ်ခံရခြင်း)တို့ကား ယခုလက်ရှိဘဝမှာပင်ခံစားရမည့်အပြစ်များဖြစ်၏၊ ရှေးခေတ်တုန်းကလည်းရှိခဲ့သလို၊ ယခုခေတ်မှာလည်း မြေမျိုသတင်းများ ကြားနေရဆဲ။ "**မိခင်ပါးရိုက် သမီးမိုက်**"တဲ့၊ "**အမေပြစ်မှား မြေမျိုသား**"တဲ့၊ သူများတွေ ဖွင့်ပြလွန်းလို့ အပ်ကြောင်းထပ်နေသည့် ခါတ်ပြားဟောင်းနှစ်ချပ်၊ ထပ်၍မှတ်မိအောင် အပ်အသစ်တပ်ကာ ဖွင့်ပြရလျှင် ---

## မိခင်ပါးရိုက် သမီးမိုက်

၁၉၄၀–ခုနှစ် ဖေဖော်ဝါရီလ၊ ၁၃၀၂–ခုနှစ် တပို့တွဲလ ပဲခူးတိုင်း သနပ်ပင်မြို့ နယ် ရစ်ကန်ကြီးကျေးရွာနေ မရင်ရွှေ၊ မိဘတွေက ချစ်လွန်းလို့ အလိုလိုက်ထားသည့် ဆယ်ကျော်သက်အရွယ် မိန်းမငယ်လေး၊ အလိုလိုက် အမိုက်စော်ကား–ဆိုသည့်အတိုင်း တစ်နေ့တော့ မိခင်အပေါ် အမိုက်စော်ကားလေပြီ၊ ဖခင်ဦးသန်းမောင် နေထိုင်မကောင်း ၍ အိပ်ရာထဲ လဲနေသလို၊ မိခင်ဖြစ်သူဒေါ်ကြင်ဥကလည်း မီးဖွားပြီးစအချိန်၊ အိမ်တွင် ချက်ပြုတ်ရေး လျှော်ဖွပ်ရေးကိစ္စများ မနေမနား သိမ်းကျုံး၍လုပ်နေရသည့် မရင်ရွှေ တစ်ယောက် အလိုလိုပင်ဒေါသထွက်နေ၏၊ ထိုအချိန်မှာပင် မိခင်ဖြစ်သူက–

"သမီးရေ– ထမင်းအိုးလေးတည်ပြီးရင် ညည်းအဖေသောက်ဖို့ ဆန်ပြုတ်အိုး လေးပါ ဆက်တည်လိုက်ပါကွယ်၊ ညည်းအဖေက ထမင်းမစားချင်ဘူးတဲ့"ဟု လှမ်းပြောလိုက်ရာ၊ ဒေါသဖြစ်ကာစိတ်တိုနေသည့် မရင်ရွှေက "တော်တို့အလုပ်ချည်းပဲ ကိုယ့်လင်နေမကောင်းတာပြုစုချင်ရင် ကိုယ့်ဘာသာထလုပ်ပါလား၊ ကျုပ်ကအဖေကို အငှားလင်လုပ်ပြီး ပြုစုနေရဦးမှာလား"ဟု ပြန်အော်၍ပြောလိုက်၏။

ထိုအခါ ဒေါ်ကြင်ဥက "ဟဲ့–ရင်ရွှေ နင် ဘယ်လိုစကားပြောလိုက်တာလဲ၊ မအေလဲစော်ကား၊ ဖအေလဲပြစ်မှားနဲ့၊ ညည်းလိုသမီးမျိုးမွေးရတာ ဝမ်းရေစပ်တာပဲ

အဖတ်တင်တယ်''ဟု ရင်ထုမနာပြောသည့်အခါ၊ မရင်ရွှေက ''အံ့မယ်လေးတော်–တော်တို့ဘာသာမနေနိုင်လို့ ကမြင်းကြောထပြီးမွေးလာကြတာကို 'ဟဲ့– ရင်ရွှေ ငါ့သမီးဖြစ်စေလို့ ဆုတောင်းပြီး စေတနာနဲ့မွေးခဲ့ကြလို့လား ပြောပါဦး''ဟု ကြက်ခေါင်းဆိတ်မခံပြန်လှန်ပက်လေ၏။

သမီးမိုက်၏ နှုတ်ထွက်စကားများက မကြားဝံ့မနာသာ၊ မိဘ၏ဂုဏ်ကျေးဇူးကိုလည်းမသိ၊ သမီးအပေါ်ပေးလာခဲ့သည့် စေတနာမေတ္တာကိုလည်း တန်ဖိုးမထား၊ မေတ္တာတရားဟူသည်''**အလျှားအနံ့မရှိ၊ အသွားအပြန်ရှိသည်**''ဆိုသော်ငြား ပေးဆပ်သူနှင့်ခံယူသူတို့အကြားမှာ အပေးအယူမျှတမှုမရှိပဲ ခံယူသူမှာ သံသယစိတ်တွေရှိခဲ့လျှင် ''**ပေးကားပေး၏ မရ–ကျွေးကားကျွေး၏ မဝ**''ဆိုတာမျိုးဖြစ်နေတတ်ပြန်သောကြောင့်မိခင်၏ ကရုဏာဒေါသောဖြင့် ပြောလာသည့်စေတနာစကားက သမီးမိုက်အတွက် ဝေဒနာပွားရလေပြီ၊ သည်တော့လည်း မိခင်ဖြစ်သူက –

''တော်တော့ ရင်ရွှေ ညည်းစကားတွေ လွန်လာပြီနော်''

''လွန်တော့ဘာဖြစ်လဲ– မှန်တာပြောလို့ တော်က–နာနေတာလား''

''ညည်း ငါ့ကို ပြန်မပြောနဲ့၊ တယ်–ဒီကလေးမ ငါလုပ်လိုက်ရ''

''အံ့မယ် – လုပ်ရဲလုပ်ကြည့်ပါလား ကျုပ်လည်းလက်ပါတာပဲ''

မိခင်ဖြစ်သူ ဒေါ်ကြင်ဥ ဒေါသဖြစ်ကာ သူ့သမီးအား ရိုက်ဆုံးမရန် လက်ကလေးရွယ်တုန်းရှိသေး (ဖြန်း)ဟူသောအသံနှင့်အတူ ဒေါ်ကြင်ဥခမျာ ''အမယ်လေးတော်''ဟုနောက်သို့လန်ကျကာ မျက်လုံးထဲ ကြယ်,တွေ–လ,တွေပင် မြင်သွားသလားအောက်မေ့ရ၏။

ယယ်ရွယ်ဖျတ်လတ်သူသမီးငယ်၏ လျှင်မြန်စွာပါးရိုက်မှုကြောင့် ဒေါ်ကြင်ဥ၏ပါးပေါ်တွင် လက်ဝါးရာထင်ကျန်လျက် ပူစပ်ပူလောင်ဖြစ်သွားရလေ၏၊ ပါးပြင်ကိုလက်ဝါးနှင့်ပွတ်ခါ သူ့သမီးကို ဝမ်းနည်းစွာနှင့် တအံ့တသြငေးကြည့်လျက် ''**ရက်စက်လိုက်တာ သမီးရယ်၊ ညည်း အမေ့ပါးကို တကယ်ရိုက်တယ်**နော်''ဟုပြောရင်း ငိုကြွေးနေစဉ်၊ ''ရင်ရွှေရေ–ရင်ရွှေရေ ဒီကိုလာခဲ့ဟေ့'' ဟု အိမ်ရှေ့မှတစ်စုံတစ်ယောက်က သူ့နာမည်ခေါ်သံကို ကြားလိုက်ရသလိုလို၊ **စိတ်မှာဇဝေဇဝါဖြစ်ကာ**''ဘယ်သူလဲဟေ့–ခေါ်နေတာ အေး–အေး ငါလာပြီ''ဟုပြောရင်း **အိမ်ပေါ်မှပြေးဆင်းသွား**လေ၏။

''**ဟဲ့–သမီး ညည်းကိုဘယ်သူမှမခေါ်ဘူး မသွားနဲ့ပြန်လာခဲ့**''ဟု မိခင်ကလှမ်းအော်ကာတားပါသော်လည်း မရတော့၊ အိမ်ရှေ့လမ်းမပေါ်မှတစ်ဆင့် သူဦးတည်ရာကားရွာထိပ်ရှိရေကန်ကြီးဆီသို့ သူ့နားထဲမှာလည်း (အေး–ဟုတ်ပြီ ဟုတ်ပြီ ဒီကိုလာ ဒီကိုလာ)

ဟူသောခေါ်သံကို သူ့နားထဲမှာ သူ့စိတ်ထဲမှာ ကြားနေရသလိုလို၊ ဒီလိုနဲ့ ရေကန်ကြီးသို့ ရောက်ခါနီး လယ်တစ်ကွက်စာလောက်အလိုတွင် ရင်သွေးသမီးမိုက် ခလုတ်တိုက်ခဲ လဲလေပြီကော၊ "အမယ်လေးတော့"ဆိုပြီး လေးဖက်ထောက်ပစ်ကျသွားလေတော့၏၊ **လက်ပွမှ နားရွက်သတိရ–ဆိုတာလို 'ခလုတ်ထိမှ အမိတ'** တဲ့ ရင်သွေး နာကျင်သည်ကိုကရုမစိုက်ပဲ ပြန်နိုးခနဲကုန်းအထမှာ ခြေထောက်ကရုန်းမရတော့၊ မြွေကစ၍မျိုလေပြီ၊ သူနှင့်ဆယ့်ငါးကိုက်အကွာက ရိုးပြတ်များမီးလောင်ခံရသလို၊ တဖျစ်ဖျစ်အသံမြည်ကာ မဲသဲသွားလေ၏။

ထိုအခါကျမှ မြေမျိုမှန်းသိသဖြင့် မိဘနှစ်ပါးနှင့်ရွာသူရွာသားများ ဝိုင်းအုံရောက်ရှိလာကြပြီး ပူလွန်းလှသဖြင့် ခပ်လှမ်းလှမ်းမှသာ ကြည့်နေကြရတော့၏၊ မိခင်ဒေါ်ကြင်ဥက **"သမီးရေ–အမေ့ကိုစော်ကားလို့ ငါ့သမီးလေး အခုလို မြေမျိုခံရတာကွယ်၊ သမီးလေး အမေ့ကို အမြန်ကန်တော့လိုက်–တောင်းပန်လိုက်စမ်းပါသမီးရယ်၊ ဒါမှ အမေ့သမီး လေး ဒီဘေးကလွတ်မှာကွယ့်"**ဟုငိုကြွေးကာအကြံပေးပါသော်လည်း အချည်းနှီးပင်။

ရေပြည့်အိုးကို ဝါးလုံးမှာချိတ်ကာ ဆယ့်ငါးကိုက်အကွာမှ လှမ်းပေးကြသော်လည်း ရေမီးက ပူလွန်းလှသဖြင့် မရင်သွေးနားရောက်သည်နှင့် ရေအိုးက ခွမ်းခနဲကွဲကာ ဝါးလုံးလည်းပြာကျ ရေများလည်းခန်းခြောက်သွားလေတော့၏၊ ထိုကဲ့သို့ အစာငတ် ရေငတ်နှင့် (၇)ရက်တိတိ ခံနေခဲ့ရပြီးမှ နောက်ဆုံးမြေအောက်သို့ စုံးစုံးမြုပ်သွားခဲ့ရ၏၊ သမီးတစ်ကိုယ်လုံး ဖုံးလွှမ်းသွားရာ မြေနေရာဟောင်းလေးကို ငေးကြည့်လျက် ကွဲအက်ကြေပြုံးသော အသည်းနှလုံးဖြင့် နောက်ဆုံး ပြောကြားလိုက်သည့် မိခင်ဖြစ်သူ၏စကား ကတော့ "အမေ့သမီး ဒီလိုဖြစ်မယ်မှန်းသိရင် အိမ်အလုပ်တွေကို အမေကိုယ်တိုင်ပဲလုပ်ခဲ့ ပါတယ်သမီးရယ်"တဲ့၊ **(တောင်ပေါ် ဦးဇိနဘုရားဆီ လမ်းလျှောက်သွားရင်း ကော့လှာဆရာတော်ဘုရားက မိမိတို့အား ရင်နင့်ဖွယ် သည်ဇာတ်လမ်းကို မိန့်ကြားတော်မူခဲ့ဖူး၏)**။

သမီးဖြစ်သူဒုက္ခကြုံပြီဆိုတော့လည်း မိခင်ခမျာမမြင်ရက် မကြည့်ရက်မို့ အပြစ် ဒဏ်မှကင်းလွတ်စေရန် ပြန်၍တောင်းပန်ကန်တော့ခိုင်းခြင်းဖြင့် လွတ်မြောက်ကြောင်းနည်း လမ်းကိုပင် ပေးခဲ့ပါသေး၏၊ အကယ်၍ သမီးကလည်း ပြန်တောင်းပန်–မိခင်ကလည်း ခွင့်လွှတ်စေကာမူ ပြုခဲ့မိသည့်အကုသိုလ်ကံကတော့ ခွင့်လွှတ်လိမ့်မည်မဟုတ်ပေ၊ **"ကုသိုလ် ကံကကောင်းကျိုးပေး၏၊ အကုသိုလ်ကံကမကောင်းကျိုးပေး၏"**ဟူသော ကမ္မနိယာမ သဘောကို သာမန်ပုဂ္ဂိုလ်များမဆိုထားနှင့် ဘုရားရှင်ပင်တားလို့မရနိုင်။

သုပ္ပဗုဒ္ဓမင်းနှင့် ဒေဝဒတ်တို့ မြေမျိုစဉ်ကကော ဘုရားရှင်တားတော်မူခဲ့ပါ သလော၊ **ကမ္မဝိပါကော အစိန္တေယျော**–တဲ့၊ ကံအကျိုးပေးကား ဆန်းကြယ်လွန်းလှ၏၊

"ဝိပါက်ကြမ္မာ–မလွတ်သာ" ဆိုသည့်အတိုင်း ပစ္စုပ္ပန်ကံသာမက အတိတ်အကုသိုလ်ကံပါ အကျိုးပေးချိန်ကျပြီဆိုပါက မည်သူမျှတားလို့မရနိုင်ပေ၊ ထို့ကြောင့်ပင် ဓမ္မပဒပါဠိတော်၌ (**အကုသိုလ်ကံက အနည်းငယ်လေးပဲ မပြောပလောက်ပါဘူး၊ အကျိုးပေးမှာမဟုတ်ပါဘူး**)ဆိုပြီး မထေမဲ့မြင် မလေးမစားမလုပ်ကြနှင့်၊ မိုးရေစက်လေးများ ကျဖန်များလာခဲ့သော် ရာဝင်အိုးကြီး စဉ့်အိုးကြီးတွေ ပြည့်သွားသကဲ့သို့လည်းကောင်း၊ ဝါးပင် ပေပင် ကျူပင် ငှက်ပျောပင်တို့သည် မိမိ၏အသီးက မိမိကိုပြန်၍သတ်သကဲ့သို့လည်းကောင်း၊ မိမိပြုခဲ့သော အကုသိုလ်ကံကပင် မိမိကိုပြန်၍ဒုက္ခပေးတတ်ကြောင်း ဟောကြားတော်မူခဲ့သည်မဟုတ်ပါလော၊ (ဓမ္မပဒ ပါပဝဂ်)

**(ဝါး,ပေ,ကျူပင်၊ ငှက်ပျောပင်တို့၊ သီးလျှင်မုချ၊ သေကုန်ကြ၏)**

"တော်တို့ဘာသာ သွေးသားသောင်းကျန်းပြီးကမြင်းကြောထလို့မွေးလာတာ" တဲ့၊ မရင်ရွှေရဲ့စကား၊ တချို့ကလည်း "သားသမီးက မိဘကိုကျေးဇူးတင်ဖို့မလိုဘူး–တဲ့၊ သူတို့ကိစ္စနှင့်ကျူပ်တို့ကိုမွေးလာတာ–တဲ့၊ သားသမီးကိုကျွေးမွေးဖို့ သူတို့မှာတာဝန်ရှိတာပေါ့"တဲ့၊ မကြားဝံ့မနာသာ မြန်မာဗုဒ္ဓဘာသာ သားသမီးတိုင်းမပြောဝံ့မပြောရဲသည့်စကားတွေပါတကား။ (**တရားတေးဆို, ဖအေကိုသားဆဲသည့်ခေတ်ကြီးထဲများ ရောက်နေပြီလား**)ဟုပင် တွေးမိသေး၏။

မိဘနှစ်ပါး၏သွေးသားကြောင့် လူဖြစ်ခဲ့သည်မှန်သော်လည်း မိဘ၏မေတ္တာရင်ငွေ့ကို ခိုလှုံကာ လူလားမြောက်ခဲ့ကြရသည်ကို–တကယ်မသိကြသည်လား, မသိဟန်ဆောင်နေကြသည်လားမပြောတတ်၊ စေတနာ မေတ္တာမပါပဲ သွေးသားသက်သက်ကြောင့်သာဆိုလျှင် သန္ဓေသားဘဝမှာပင် အရည်ဖျော်ပစ်လိုက်ရုံသာရှိ၏၊ (သို့မဟုတ်) မွေးဖွားပြီးနောက် လူမသိသူမသိ လမ်းဘေးအမှိုက်ပုံထဲ စွန့်ပစ်လိုက်ရုံသာရှိတော့၏။ ကျွေးမွေးပြုစုစောင့်ရှောက်နေစရာမလို၊ ယခုလို လူတစ်လုံးသူတစ်လုံးလည်း ဖြစ်လာနိုင်စရာအကြောင်းမရှိ၊ မွေးဖွားပြီးမပြုစုပဲ သုံးရက်လောက်သာပစ်ထားလိုက်လျှင် ငှင်းကလေးသူငယ်လေး ဘာဖြစ်သွားမည်ထင်သနည်း၊ ရင်သွေးငယ်လေးများ အသက်ရှည်စွာလူလားမြောက်ခဲ့ရသည်မှာ အဘယ့်ကြောင့်ပါနည်း၊ နို့ချိုတိုက်ကျွေးထမင်းကိုဝါးခွံ့ပေး၍ မွေးမြူခဲ့ကြသည့် မိဘနှစ်ပါး၏ရင်အုပ်မကွာ ပြုစုစောင့်ရှောက်မှု, ဂရုစိုက်မှုကြောင့်ပင်မဟုတ်ပါလား။

ထိုကျေးဇူးဂုဏ်သည် အသချေ်အနန္တ တုနှိုင်းလို့မရနိုင်အောင်ပင် ကြီးမားလွန်းလှ၏၊ မရင်ရွှေ၏ မိခင်တစ်ဦးတည်း၌သာ ထိုကျေးဇူးဂုဏ်မျိုးရှိသည်မဟုတ်၊ ကောင်းကင်ပြင်ရှိ ကြယ်စင်ငွေစက်တို့ကို ရေတွက်၍မရသလို၊ ဗုဒ္ဓဘာသာထွန်းကားသည့် မြန်မာ

ပြည်တစ်ဝန်းလုံး၌ (သားရွှေဥ မျက်ရှုကြေးမုံ သက်လုံးပုံ)ဆိုသည့်အတိုင်း သားသမီးကို အသက်ပေးချစ်ကြသည့်မိဘတွေ့, အလွန်နူးညံ့သိမ်မွေ့သောမေတ္တာတရားဖြင့် သားသမီး အပေါ်လွှမ်းခြုံထားကြသည့်မိဘတွေ–လက်ညှိုးထိုးမလွဲအောင်ပေါ်များလွန်းလှ၏။ ထိုကဲ့သို့ ပေါ်များသည့်အလျောက် ရင်သွေးအပေါ်ချစ်ခင်ယုယ ကြင်နာကြသည့်မိဘများ၏ စေတနာ မေတ္တာသည် ပုံသဏ္ဌာန်အမျိုးမျိုး နည်းဗျူဟာအသွယ်သွယ် ကွဲပြားကြ မည်ဖြစ်သော်လည်း ချမ်းသာသည့်မိဘကလည်း ချမ်းသာသည့်အလျောက်၊ ဆင်းရဲ သည့်မိဘကလည်း ဆင်းရဲသည့်အလျောက် မည်သူ၏အချစ်မှ မလျော့ခဲ့ကြပေ။

မိဘများက စေတနာအပြည့်အဝနှင့် ချစ်မေတ္တာတွေပေးကြပါ၏။ သို့သော်လည်း **“ပိန်းကြာဖက်တွင် ရေမတင်, ခုတ်ရာတခြား ထိရာတလွဲ”**ဆိုတာလို ဝေဒနာဖြစ်သွားခဲ့ ရတဲ့ စေတနာများအတွက် မိဘတို့ရင်မှာ နာကျင်စွာခံစားကြရ၏။ ဆိုလိုသည်မှာ မိဘတွေ က **ဆင်စီးမြင်းရံ**စေချင်တဲ့–စေတနာကို သားသမီးတွေက **ဆင်နင်းမြင်းကန်**တာကို ခံရအောင် ချောက်ချတယ်–ဟု အထင်လွဲခြင်းမျိုးကို ဆိုလိုပါသည်၊ အမြင်ချင်းကမတူကြ၊

မိဘရဲ့စေတနာကိုသားသမီးဘက်က ဝေဒနာအဖြစ်မြင်သွားပြီဆိုမှတော့ (လင်္ကာသဘောလို ကာရန်က ချောမနေပဲ) မပြောသင့်သည့် စကားများနှင့် မိဘများကို ပြစ်မှားစော်ကားလာကြတော့၏။ နောက်ဆုံးတော့ (လေကိုဆန်၍ တံတွေးထွေးသည့် အလား) ပြစ်မှားသည့်သားသမီးများသာ ဒုက္ခရောက်ကြရ၏။ သမီးမရင်ရွှေလို အဖြစ်ဆိုးမျိုး ထပ်မံမကြားပါရစေနဲ့–ဟုသာ ဆုတောင်းလိုက်မိ၏။ သို့သော် ကိုတင်လှိုင်၏ သီချင်းလို (**ဆုတောင်းတိုင်းသာ ပြည့်မယ် ဆိုရင်**) သည်အဖြစ်ဆိုးမျိုးကြားရလိမ့်မည် မဟုတ်၊ ယခုတော့ ကြားရပြန်ပြီ **“အမေပြစ်မှား မြေမျိုသား”**တဲ့။

## အမေပြစ်မှား မြေမျိုသား

ဧရာဝတီတိုင်း ကျိုက်လတ်မြို့အပိုင် ကျိုက်ပိရွာမှ ဗမာကရင်ကပြား ဒေါ်သာလိ တွင် ချစ်ဖေ–ဟုခေါ်သော သားတစ်ယောက်ရှိ၏။ ဒေါ်သာလိက ဘာသာတရားကိုင်းရှိုင်း သော သူတော်ကောင်းမကြီးဖြစ်၍ နေ့စဉ်နေ့တိုင်း ဒေါ်သာလိ၏ ဘုရားရှိခိုး, မေတ္တာပို့, အမျှဝေသံကို အမြဲကြားနေရသည်၊ မောင်ချစ်ဖေကတော့ တံငါအလုပ်ဖြင့် အသက်မွေး သူဖြစ်ရာ ငါးဖမ်းမရလေတိုင်း “အမေ အဲဒါတွေမလုပ်နဲ့ ဘုရားလည်းမရှိခိုးနဲ့၊ မေတ္တာလည်းမပို့နဲ့၊ အမေက သတ္တဝါတွေကိုမေတ္တာပို့တော့ အမေပို့တဲ့မေတ္တာက ငါးတွေနဲ့ နီးလေ ငါးတွေကကျုပ်နဲ့ဝေးလေဖြစ်နေပြီဗျာ”ဟု ဆူပူကြိမ်းမောင်းလေ့ရှိ၏။ ဒေါ်သာလိခ

မျှ "**သားကောင်းမိခင် တရွှင်ရွှင်**"မဖြစ်ပဲ "**သားဆိုးမအော တပေပေ**"ဖြစ်နေရရှာ၏။

စီးပွားမဖြစ်လို့ စိတ်ညစ်သည့်အတွက် အရက်သောက်ကာမူးလာပြန်တော့ သွေးကပို၍ပင် ဆိုးသေး၏။ သွေးကဆိုးလေ အမေကိုတိုး၍ပြစ်မှားလေ၊ အကုသိုလ်ကံ–ဟူသည် အချိန်မကျသေးခင်တော့ အကျိုးကမပေးသေး၊ အကျိုးမပေးသေးသမျှ လူမိုက်များ ကိုယ့် ဟာကိုယ်တော့ ဟုတ်လှပြီထင်နေတတ်ကြ၏၊ (**ဆာယာဝ အနုပါယိနီ–လူ့သွားရာ အရိပ်ပါသကဲ့သို့**) အကုသိုလ်အရိပ်က နောက်ဖက်ဆီမှကပ်ပါလာပြီး အချိန်အခါစောင့်လျက်ရှိသည်ကို သတိမပြုမိကြ၊ အကျိုးပေးပြီဆိုလျှင်လည်း လွတ်လမ်းကမရှိနိုင်တော့ပေ။

ဘုရားရှင်၏ယောက္ခမလည်းဖြစ်, ဒေဝဒတ်နှင့် ယသော်ဓရာတို့၏ဖခင်လည်းဖြစ်သော သုပ္ပဗုဒ္ဓမင်း မြေမျိုခံရမှာကြောက်၍ ပြာသာဒ်၏ဘုံခုနစ်ဆင့်သို့တက်နေသည်ကို မြတ်စွာဘုရားရှင်သိတော်မူသည့်အခါ (**န အန္တလိက္ခေ န သမုဒ္ဒမဇ္ဈေ**) အစရှိသည်ဖြင့် ဘုရားရှင်ဟောကြားတော်မူခဲ့၏၊ ဂါထာ၏ဆိုလိုရင်းကတော့ "**ကောင်းကင်မှာနေနေ, ရေထဲမှာသွားသွား , လိုဏ်ဂူကြီးထဲမှာပဲပုန်းအောင်းနေနေ အကုသိုလ်စက်ကွင်းမှ မလွတ်ကင်းနိုင်ပါဘူး**"တဲ့။

ဓမ္မပဒဗာလဝဂ်၌လည်း "**မကောင်းမှုကံ အကျိုးမပေးသေးသမျှ လူမိုက်သည် ပျားကဲ့သို့ချိုသည်–ဟုထင်၏၊ အကျိုးပေးသောအခါ၌ကား ဆင်းရဲဒုက္ခသို့ ရောက်ရလေ၏**"ဟူ၍လည်းကောင်း၊ "**ညှစ်ခါစနို့သည် မချဉ်မသီး အခိုးမလွှတ်သကဲ့သို့ မကောင်းမှုသည် ပြုခါစ၌အခိုးမလွှတ်တတ်၊ ပြာဖုံးသောမီးကျီးခဲကဲ့သို့ လူမိုက်ကိုလောင်ကျွမ်းလျက်လိုက်၏**"ဟူ၍လည်းကောင်း ဟောကြားတော်မူခဲ့ပါသေးသည်။

ယခုလည်း မောင်ချစ်ဖေတစ်ယောက် အမေကိုပြစ်မှားသည့်အကုသိုလ်ကံက အကျိုးပေးချိန်တန်လေပြီ၊ ၁၉၅၁–ခု မေလ(၂၅)ရက် မနက်(၅း၀၀)နာရီအချိန်၊ မိခင်ကြီး ဒေါ်သာလိ မနက်စောစောထကာ ဗုဒ္ဓမြတ်စွာအား ဆွမ်းရေချမ်း ပန်းဆီမီး ကပ်လှူပြီး၍ ဘုရားဝတ်ပြုနေချိန်၊ သူ့သားလေးမကြားအောင် အသံတိုးတိုးဖြင့် ဘုရားရှိခိုးနေကာမှ အိပ်မှုန်စုံမွှားဖြင့်ထလာသူက မောင်ချစ်ဖေ၊ "ဟင်–ခင်ဗျားကြီး ဒီအလုပ်တွေလုပ်နေပြန်ပြီလား"ဆိုပြီး နောက်ကျောဘက်ဆီမှ ဖနောင့်နှင့်ဆောင့်ကန်လိုက်ရာ အမေအိုခမျာ(အင့်) ခနဲအသံထွက်၍ မှောက်လျက်လဲကျသွားလေ၏။

ဒီမျှနဲ့အားမရသေး မွေးမိခင်၏ကျောပြင်အား ခြေတင်ကာထုသလို တဖုန်းဖုန်းနှင့်အားရအောင်ရိုက်နက်ကာ "နောက်လည်း ခင်ဗျားဒီအလုပ်တွေလုပ်နေဦးမှာပဲ၊

ကျုပ်ဒီလောက်ပြောနေတာတောင်မရရင်တော့ ဓားနဲ့ကိုခုတ်သတ်မယ်''ဟုပြောပြောဆိုဆို နံရံမှာချိတ်ထားသည့် ငှက်ကြီးကောင်ဓားကို လှမ်းအဆွဲ အမေအိုခမျာ မပြေးလို့ကမဖြစ်တော့၊ သေရမည့်အရေးထက် သူ့သားအပြစ်ကြီးလေးမည်ကို စိုးရိမ်၍ "**လာကြပါဦးတော် – ကျုပ်သားချစ်ဖေ ကျုပ်ကိုသတ်နေပါတယ်**'' ဟုအော်ဟစ်ရင်း အိမ်ပေါ်မှဆင်းပြေးရရှာလေ၏။

ချစ်ဖေကား ဘာကိုမျှမမြင်၊ တိရစ္ဆာန်အရိုင်းအစိုင်းတစ်ကောင်ပမာ ဓားကိုင်၍သာ လိုက်လေတော့၏။ (မှတ်ချက်– သည်နေရာ၌ ဟို–သီချင်းတစ်ပုဒ်ကို သွား၍သတိရမိသေး၏၊ ''ငှက်ခါးမလေး ပြန်လာပါ''ဆိုလားပဲ၊ ၎င်းသီချင်းစာသားထဲ၌ ''တမာသီးလေးတွေ စားလို့များ မှသားစကားတွေပြောတာလား– တမာရိပ်မှာနိကာနားလို့ အသည်းလေးတွေခါးတာလား''တဲ့၊ ယခုလည်း မောင်ချစ်ဖေတစ်ယောက် တိရစ္ဆာန်တစ်ကောင်လို စိတ်မိုက်စိတ်ရိုင်းတွေ ဝင်နေသည်မှာ မိခင်၏နှလုံးသွေးမှဖြစ်သော မေတ္တာရင်နို့ကို မသောက်စို့ခဲ့ရပဲ၊ ကျွဲနွားတိရစ္ဆာန်တို့၏သွေးဓာတ်မှဖြစ်သော နို့ဆီ နို့မှုန့်တို့နှင့်သာ ကြီးပြင်းခဲ့ရဟန်တူ၏။။

ဒါကြောင့်မို့လည်း မောင်ချစ်ဖေတစ်ယောက် သူ့မိခင်နောက်သို့ ကမူးရှူးထိုး နွားသိုးတစ်ကောင်အလား ဓားကိုင်၍လိုက်နေခြင်းဖြစ်၏၊ ရှေးပညာရှင်တို့က မိန့်ဆိုကြသည်မှာ– လူ့ခန္ဓာကိုယ်၌ တိရစ္ဆာန်တို့၏ အင်္ဂါအစိတ်အပိုင်းတစ်ခု ''**ဆင်တူ ယိုးမှား**'' ပါလာပြီဆိုက အထူးအဆန်းဖြစ်တတ်ကြသော်လည်း၊ လူ့စိတ်အတွင်း တိရစ္ဆာန်စိတ်ရိုင်းတွေ ဝင်နေသည်ကိုတော့ အထူးအဆန်းမဖြစ်တတ်ကြချေ–တဲ့။)

ယခုလည်းကြည့်ပါ၊ အမေကရှေ့ကပြေး သားကနောက်ကလိုက်၊ မည်သူမျှလည်း ကြားမဝင်ရဲ၊ (မန္တာထီပုဏ္ဏားမနောက်သို့ သူ့သားအင်္ဂုလိမာလ **ဓားကိုင်ကာ လိုက်နေစဉ် မြတ်စွာဘုရားရှင်က မိခင်၏အသက်ကို ကယ်တင်ခဲ့ရဖူး၏)** ယခု ဒေါ်သာလိခမျာမှာတော့ ကယ်မည့်သူဝေးလို့ ရှေ့မှအားကုန်ပြေးလေရာ **ကျိုက်ပိရွာ**နှင့် မစိုးရိမ်ရွာအကြား ညောင်ပင်ကြီးနားအရောက်တွင် အမောဆို့၍မပြေးနိုင်ပဲ **ခွေယိုင်**ကာ လဲကျသွားလေတော့၏၊ ဟောဟဲ–ဟောဟဲနှင့် ချွေးတွေကျွဲ၊ ပြန်လည်း**မထနိုင်**၊ ဓားကိုင်ကာလာနေသည့်သားတော်မောင်က ''ခင်ဗျားကြီး **ပြေးနိုင်သေးရဲ့လား–ပြေးစမ်း**–ပြေးအုန်းလေ''ဟု လှမ်းအော်၍ပြောကာ ဖြည်းညင်းစွာဖြင့် **တစ်လှမ်းချင်း ရှေ့သို့တိုး**အလာ။

ဒေါ်သာလိက–''**သားရယ် အမေ့ကို မသတ်ပါနဲ့ကွယ်၊ ငါ့သား ကံကြီး ထိုက်မှာစိုးလို့ပါ၊ အမေတောင်းပန်ပါတယ်**''ဟုပြောပြောဆိုဆို လက်အုပ်ကိုချီ

မျက်စိစုံမှိတ်လျက် ဇက်ပေါ်ဝဲကျလာမည့်ဓားချက်အား အသည်းတယားယား၊ အသားတဆတ်ဆတ်၊ ရင်ဘတ်တထိတ်ထိတ်နှင့်ဖောင့်ရင်း နေ့စဉ်အမြဲရွတ်နေကျ သမ္ဗုဒ္ဓေဂါထာကိုရွတ်ပွားပြီး ဘုရားကိုသာ အာရုံပြုနေလေတော့၏။

**မှတ်ချက်– ရန်သူတွေ့မြောက် ဆယ့်တစ်ခေါက်**–ဆိုသည့်အတိုင်း သမ္ဗုဒ္ဓေ ဆယ့်တစ်ခေါက်ရွတ်လျှင် ဘေးရန်ကလွတ်မြောက်နိုင်သတဲ့၊ ကြားဖူးသည်မှာ– ခရီးသည်တင် ကားတစ်စီး အရှိန်မထိန်းနိုင်ပဲ တစ်ဖက်ချောက်ထဲသို့ နှစ်ပတ်သုံးပတ်လိမ့်ဆင်းသွားရာ ကရင်အမျိုးသမီးတစ်ယောက် ကြောက်ကြောက်လန့်လန့်နှင့် သမ္ဗုဒ္ဓေဂါထာကိုရွတ်၏။ သို့သော်– အလွတ်ကမရ၊ သူများတွေရွတ်ဆိုသံတော့ ကြားဖူး၏။ ဒါနဲ့မထူးပါဘူးလေ– ဆိုပြီး ဘုရားကိုအာရုံပြုကာ **(သူတွေငါတွေ ရွတ်တဲ့သမ္ဗုဒ္ဓေ–ဘုရားကယ်ပါလေ)**ဟု အထပ်ထပ်အခါခါရွတ်ဆိုရင်း ကားပေါ်ပါသွားရာ ကားကလည်းအောက်သို့အကျ ငြိမ်သွားသည့်ခဏ၊ မျက်လုံးဖွင့်ကြည့်လိုက်သည့်အခါ တခြားပုဂ္ဂိုလ်များ သွေးသံရဲရဲနှင့် ငိုညည်းနေကြသော်လည်း ၎င်းကရင်မခမျာ ဘာဒဏ်ရာမှ မရပါဘူး–တဲ့၊ သမ္ဗုဒ္ဓေ၏တန်ခိုး၊ သမ္ဗုဒ္ဓေတောင်မှ ကိုယ်တိုင်ရွတ်တဲ့သမ္ဗုဒ္ဓေမဟုတ်သေး၊ သူများတွေရွတ်တဲ့ သမ္ဗုဒ္ဓေနှင့်ပင် ဘေးရန်မှလွတ်ကင်းခဲ့ရ၏။

ယခုလည်း ဒေါ်သာလီတစ်ယောက် သမ္ဗုဒ္ဓေရွတ်နေသည်မှာ ဘယ်နှစ်ခေါက်မှန်းပင်မသိတော့၊ မိခင်ဖြစ်သူက ထိုင်ရာမထ မလှုပ်ရှားနိုင်သော်လည်း မိခင်နှုတ်မှ တစ်တွတ်တွတ်ရွတ်နေသည့်သမ္ဗုဒ္ဓေ၏တန်ခိုးကြောင့် အကြောတင်းကာ ဖြည်းဖြည်းချင်း လှုပ်ရှားနေသည်က မဟာပထဝီ မြေကြီးပင်ဖြစ်ပါလိမ့်မည်။

မောင်ချစ်ဖေလည်း ဓားကိုဝင့်ကာဝင့်ကာဖြင့် တစ်လှမ်းချင်း ရှေ့သို့တိုးအလာ **ကြမ္မာရဟတ်က တစ်ပတ်လည်လေပြီ**–မို့ အမေကိုပြစ်မှားခဲ့သည့် အကုသိုလ်ကံများက သူ့မိခင်ရှိရာ ညောင်ပင်အောက်ဆီသို့ အရောက်မခံတော့၊ ခြေထောက်ကို မြေကဆွဲထားလေပြီ၊ "**ငါ့အပေါ်မှာ အညစ်အကြေးတွေစွန့်ချတာကို ငါသည်းခံနိုင်သေးတယ်၊ သင့်လိုလူမိုက်တစ်ယောက်ကို ငါထမ်းထားရတာလေးတယ်**"ဟုများ ပြောကြားလိုက်သလို မြေကခြေကိုစတင်၍မျိုလေပြီ၊ ခြေကိုကြွ၍မရနိုင်သလို ဓားကိုင်လက်ကိုလည်း အောက်ပြန်ချ၍မရတော့၊ သားလူမိုက်အားဖမ်းမယ်–ဆိုပြီး လိုက်လာကြတဲ့ ရွာသားများ မောင်ချစ်ဖေနှင့် ခြေလှမ်းနှစ်ဆယ်ခန့်အတွင်း မည်သူမျှဝင်လို့မရတော့၊ အနားကပ်မရအောင် မြေကြီးက ပူပြင်းလွန်းလှ၏။

မျက်စိစုံမှိတ်လျက် သမ္ဗုဒ္ဓေကို ဆယ့်တစ်ခေါက်မကအောင် ရွတ်နေသော ဒေါ်သာလီခမျာ (ငါ့သားလာတာ ကြာလှပါလား)ဟု တွေးရင်း မျက်လုံးကိုဖွင့်အကြည့်

သူ့သားကို မြေမျိုထားမှန်းသိလေပြီ၊ ထိုအခါကျမှ ညောင်ပင်အောက်မှပြေးထွက်လာကာ "အမယ်လေး ငါ့သားကို မြေမျိုနေတာ၊ ငါ့သား အမေ့ကိုအပြစ်ကန်တော့လိုက်– အပြစ်ကန်တော့လိုက်" ဟု သူ့သားလေး အပြစ်ဘေးမှကင်းဝေးစေရန် ကန်တော့ခိုင်းရှာပါသေး၏၊ သို့သော်–

"အမေရေ – ကျွန်တော့ ခြေတွေလက်တွေ လှုပ်လို့မရတော့ဘူးဗျ၊ အမေ့ကို ကျွန်တော် စိတ်နဲ့ပဲရှိခိုးတောင်းပန်ပါတယ်၊ ကျွန်တော့ကို ခွင့်လွှတ်ပါအမေ"ဟု နှုတ်မှ ဝန်ချတောင်းပန်နေစဉ် ကောင်းကင်တပြင်လုံး မိုးချုန်းသံကြီးတွေ ပဲ့တင်ထပ်သွားသလို လျှပ်နွယ်လျှပ်ပန်းတွေကလည်း ဝင်းခနဲလက်ခနဲ၊ အသည်းထိတ်စရာကောင်းလောက် အောင် မိုးသားတိမ်ရိပ်တွေ တလိပ်လိပ်တက်လာကာ ညှို့ညှို့မှိုင်းမှိုင်းနှင့် အုံ့ဆိုင်းလာပြီး၊ မိုးကြီးသည်းထန်စွာ ရွာပါတော့၏၊ အညှိုးကြီးစွာရွာချနေသည့်မိုးက သဲသဲမဲမဲ– လာကြည့်သူများကလည်း မိုးရေထဲမှာတဖွဲဖွဲ။

မိုးပုလဲနှင့်အပြိုင် ဖြိုင်ဖြိုင်သွယ်ကျ မျက်ရည်စများဖြင့် သနားစရာကောင်းလှ သည့် မိခင်ဖြစ်သူ ဒေါ်သာလီ၊ သား၏ဖြစ်အင် မမြင်ရက်မကြည့်ရက်သည်မို့ မျက်လုံးစုံမှိတ် ရင်း အံကိုတင်းတင်းကြိတ်လျက်– မေ(၂၅)ရက် မနက်ပိုင်းမှစ၍မျိုခဲ့ရာ၊ မေ(၂၆) ရက်တွင်ဒူးဆစ်၊ မေ(၃၁)ရက်တွင် ခါးအထိမြုပ်လာပြီး၊ ဇွန်(၂)ရက်အရောက်(၉)ရက် မြောက်မှာတော့ မောင်ချစ်ဖေတစ်ကိုယ်လုံး စုန်းစုန်းမြုပ်သွားပါတော့၏။

ခုနှစ် သက္ကရာဇ် နေရပ်လိပ်စာ နာမည်များပါ ပြထားသဖြင့် ၎င်းမြေမျိုမှုသတင်း များသည် အမှန်တကယ်ဖြစ်ကာ တစ်နိုင်ငံလုံး ဟိုးဟိုးကျော်သွားပေလိမ့်မည်၊ (တစ်နေ့ ကပင် သတင်းစာ၌ ရောဝတီတိုင်း မော်လမြိုင်ကျွန်းမြို့နယ် ကျိုက်ပိမြို့–ဟု တွေ့ရသ ဖြင့် မောင်ချစ်ဖေတို့ ကျိုက်ပိရွာကများ မြို့ဖြစ်သွားလေသလား–ဟုစဉ်းစားမိခဲ့သေး၏) အကယ်၍သာ မြေမျိုနေသည့်ပုံကို ရုပ်ရှင်ကင်မရာ (သို့မဟုတ်) ဓာတ်ပုံရိုက်ကူး၍ မှတ်တမ်းတင်ထားပါက ယနေ့ခေတ်အချိန်အခါမှာ မည်မျှအသုံးဝင်လိုက်မည်နည်း၊ ယခုတော့ အများယုံကြည်လက်ခံစေဖို့ အာပေါက်အောင်မနည်းရှင်းပြနေရ၏၊ မှခင်းစာအုပ်များတွင် ပြစ်မှုကျူးလွန်ခဲ့သူအား မည်သို့ကျူးလွန်ကြောင်း ပြန်လည်သရုပ်ပြ နိုင်းကာ ရိုက်ကူးရမလို ဖြစ်နေတော့၏။

မြတ်စွာဘုရားရှင်လက်ထက် မြေမျိုခံရသူများအနက် သုပ္ပဗုဒ္ဓမင်း, စိဉ္စမာနနှင့် နန္ဒလုလင်တို့ မြေမျိုပုံမှာ ကား မဟာပထဝီမြေကြီးသည် နှစ်ဖြာနှစ်ခြမ်း ဖြန်းဖြန်းကွဲ၍ ဝုန်းခနဲ ဒိုင်းခနဲ စုပ်စုပ်မြုပ် တစ်ကိုယ်လုံးဖုံးလွှမ်းကာ မျိုကြ၏၊ စိဉ္စမာန–မှာကား ကွဲအက်သွားသောမြေအပေါက်မှ ငရဲမီးလျှံပင် တက်လာပါသေးသည်၊ ရှင်ဒေဝဒတ်မြေမျို

ဟန်ကား ထိုကဲ့သို့မဟုတ်၊ ဒေဝဒတ်၏ခြေများသည် မြေကြီးအတွင်းသို့ ဆွဲနုတ်၍မရအောင် ကျွံဝင်သွားပြီးလျှင် အစဉ်အတိုင်း ဖမျက်တိုင်အောင်–ပုဆစ်ဒူးဝန်းတိုင်အောင်–ခါးတိုင်အောင်– ရင်ဝတိုင်အောင် မြေသို့ဝင်၍ မေးရိုး၏မြေအတွင်းသို့ ဝင်တော့မည့် ဆဲဆဲတွင် ဘုရားရှင်အား ကန်တော့တောင်းပန်ပြီးနောက် မြေအောက်သို့ တစ်ကိုယ်လုံး ဝင်သွားတော့၏။

မရင်ရွှေ နှင့် မောင်ချစ်ဖေတို့ မြေမျိုနည်းကား တဖြည်းဖြည်းချင်းစုပ်ယူ၍ မျိုသည်ဟုသိရ၏။ မောင်ချစ်ဖေအား မြေမျိုစဉ်က မိုးကြီးသည်းထန်စွာရွာပါသတဲ့၊ သဘောကတော့ မာနေသည့်မြေကြီးကို မိုးရေနှင့်ထိစေကာ နုန်းသဖွယ် ရွှံ့ညွန်သဖွယ် နူးသွားအောင် မိုးရွာပေးခြင်းဖြစ်ပေလိမ့်မည်၊ သို့မှသာ ဖြည်းဖြည်းချင်းစုပ်ယူကာ မြုပ်ဝင်နိုင်မည်မဟုတ်ပါလား၊

ဤကဲ့သို့ မြေကြီးထဲဝင်သွားခြင်းမျိုးကိုသာ မြေမျိုသည်–ဟု မမှတ်ရ၊ တချို့ အရပ်ဒေသ၌ ကြားရသည်မှာ မိဘကိုပြစ်မှားစော်ကား၍ မကြာမီ ရေတွင်းသို့ဆင်းလျက် တွင်းဆယ်လေရာ တွင်းပြို၍သေရသတဲ့၊ တချို့ ကျောက်တွင်းပြို၍သေကြသတဲ့၊ တချို့လည်း လျှောင်လှုပ်ကာ မြေပြို၍သေရသတဲ့၊ ဤကဲ့သို့ မြေနှင့်ပတ်သက်၍ ဖိ–၍လည်းကောင်း ပိ–၍လည်းကောင်း ဖုံး–၍လည်းကောင်း သေဆုံးရခြင်းမျိုးသည်လည်း မြေမျိုခြင်းတို့ပင်ဖြစ်ကြောင်း ကော့လှာဆရာတော်ဘုရား အမိန့်ရှိခဲ့ဖူး၏။

**တိတစ္စာဂီ ဗီဝဏ္ဏောဝါပိ သုဿတိ။** မိဘကိုပြစ်မှားလျှင် စီးပွားမဖြစ် ဆင်းရဲဒုက္ခ ရောက်မည်၊ အတိတ်ကံ(အကြံအဖန်)ကောင်းလို့ စီးပွားဖြစ်ကာ ချမ်းသာသော်လည်း စိတ်တိုးစိတ်ပွဲ့သာ ချမ်းသာမည်၊ လက်ဝတ်ရတနာတွေ မည်မျှဆင်ဆင်–ရုပ်ရေအဆင်းမည်မျှလှလှ မိဘကိုပြစ်မှားစော်ကားသည့် သားသမီးဆိုလျှင် မည်သူမျှအထင်ကြီးလိမ့်မည်မဟုတ်၊ စိုစိုပြေပြေမရှိ၊ လူတောသူတော မတိုးရဲ၊ အမြဲတမ်း ခြောက်သွေ့ညှိုးနွမ်းနေလိမ့်မည်၊ ထိုမျှမက လူမွေးလူရောင်ပြောင်သည်မရှိ၊ ရောဂါဘယထူပြော၊ အလုပ်အကိုင်ကအဆင်မပြေ၊ သွားလေရာအနှောင့်အယှက်ကများ၊ **စီးပွားရေးလည်းကြပ်တည်းကာ ငယ်ငယ်ရွယ်ရွယ်နှင့် သေဆုံးကြရ၏၊ ဘုန်းကြီးလို့သက်မရှည်–သက်ရှည်လို့ဘုန်းမကြီး**–ဆိုတာမျိုးလည်းဖြစ်ရတတ်၏။

**ကတညုတ၊ ကတဝေဒီ**
**မသိတတ်သူ၊ လူမသမာ၊**
**ထိုများစွာတို့၊ ချမ်းသာစီးပွား၊**
**လျော့ပါးယိမ်းယိုင်၊ မြဲမနိုင်ဘူး၊**
**ဓမ္မကရိုဏ်စစ်ရေ၊ ကျဖျားရေသို့၊**

သရေမတိုး၊ ဘုန်းရောင်ညှိုးလျက်၊
တန်ခိုးနေ့ညှ၊ ဆုတ်လပမာ၊
ယုတ်တတ်စွာ၏) [မဃဒေဝလင်္ကာ]

(ထိုမကောင်းကျိုးမှပြန်သောအားဖြင့် မိဘကိုမပြစ်မှားမစော်ကားသည့် သားလိမ္မာ သမီးရတနာများကား– စီးပွားဥစ္စာဖြစ်ထွန်းကာ ကြီးပွားချမ်းသာမည်၊ ဘေးဒုက္ခရောက်လည်း တခဏသာ၊ သွားလေရာလာလေရာ မျက်နှာပွင့်လန်း၍ လူချစ်လူခင်ပေါမည်၊ ကူညီမည့်သူ စောင့်ရှောက်မည့်သူများ အလိုလိုရောက်လာလိမ့်မည်၊ နောက်ဆုံး ကံအကြောင်းမလှ၍ ဆင်းရဲသော်မှ ပြောင်ပြောင်ရောင်ရောင် ဆင်းရဲမည်၊ **စုတ်တီးစုတ်ပဲ့ ချမ်းသာသည့်ထက် ပြောင်ပြောင်ရောင်ရောင် ဆင်းရဲသည်က ပို၍မကောင်းပါလား)**

ဤကဲ့သို့ မိဘကိုပြစ်မှားသည့်သားသမီးများ၏ ခံစားရသည့်အဖြစ်ဆိုးများ အားလုံး ကြားသိနေကြပါသော်လည်း တချို့သားသမီးများကား မိဘအပေါ် ဆိုးမြဲဆိုးလျက်သာ။ သားဆိုးသမီးဆိုးများနည်းမသွားရုံမက တိုးပွားလျက်ပင်ရှိနေ၏။

ဩော်–သုခမိန်ပေါင်ချိန်တို့များ သူတစ်ပါးအသက်သတ်သူအား "**သေစားခသေစေ ခေါင်းဖြတ်လေ**"ဟု ဆုံးဖြတ်ကာ ခွေးခေါင်း,ကျားခေါင်း, နဂါးခေါင်း ဓားစက်တို့ဖြင့် လူပုံအလယ် ခေါင်းဖြတ်အပြစ်ပေးနေပါလျက် လူသတ်မှုတွေက လျော့မသွားသည့်အပြင် တစ်နေ့တခြားပင် တိုးပွားနေသလိုပါပဲလား၊ (**ဓားစက်ကြီးက ဓားသွားများ သွေးလည်းမပေ မည်းညစ်မနေပဲ အရောင်တလက်လက်ထွက်နေလို့များ တကယ် မသတ်ဘူးထင်၍ မကြောက်ကြသည်လားမသိ)**

တချို့သားသမီးများ၏ဆိုးမိုက်ပုံမှာ မိဘ၏ဂုဏ်ကျေးဇူးကိုလည်း နားမလည်၊ မိဘ၏ စေတနာမေတ္တာကိုလည်း မသိကြသည့်အပြင် မကြာခဏဆိုသလို, မထင်ရင်မထင်သလို ကံကြီးမကြောက် ငရဲမကြောက်နှင့် ရိုင်းရိုင်းစိုင်းစိုင်းစော်ကားတတ်ကြ၏၊ ၎င်းသားဆိုးသမီးမိုက်များကား ပြောရရင်တော့ (**မနုတိ ဇာနာတီတိ မနုဿော**) လူသားဟူသော အမည်နာမနှင့်မထိုက်တန်လောက်အောင် ကြောက်စရာ ကောင်းလှ၏။

မြစကြာဆရာတော်ဦးလက္ခဏ–က တရားပွဲတစ်ခု၌ "**မိဘရှိနိုး မအိပ်တဲ့သူ– မိဘကျေးဇူးမသိတဲ့သူတွေဟာ ခွေးနှင့်တူကြောင်း**"ဟောကြားခဲ့ဖူး၏၊ အဟိတ် တိရစ္ဆာန်ဖြစ်သော ခွေးသည်ပင် ထမင်းကျွေးသည့်အရှင်သခင်၏လက်ကို ပြန်ကိုက်ရိုးထုံးစံ မရှိ၊ ကျေးဇူးတရားကိုသိ၏။

မိမိတို့ ကျိုက်သလွန်ဘုရားအနောက်စောင်းတန်းမှ ဘုန်းတော်ကြီးတစ်ပါးဆိုလျှင် တပည့်သားသမီးများအား ဆုံးမသည့်အခါ **"မင်းတို့- ငါ့ကျောင်းမွေးထားတဲ့ ခွေးတွေ လောက်တောင် အသုံးမကျဘူး၊ ကျေးဇူးလည်းမသိ သစ္စာလည်းမရှိကြဘူး"** ဟု မကြာခဏ ကြိမ်းမောင်းလေ့ရှိပါသတဲ့။ (တိရစ္ဆာန်၊ ခွေးသော်မှတည့်၊ ကျွေးသည့်သခင်၊ ကျေးဇူးရှင်ကို၊ လုံခြုံဖို့ရေး၊ စောင့်ရှောက်ပေး၏။)

## ကျေးဇူးကန်းပြား ပြောစကား

၁။ **"လစာယူထားရင် စာသင်ပေးရမှာပေါ့ ကျေးဇူးတင်စရာမလို"**ဟု ပြောတတ်သည့်တပည့်၊ (သည့်လိုတပည့်မျိုး ဘယ်တော့မှတပည့်ကောင်းတစ်ယောက် မဖြစ်နိုင်၊ ခုအချိန်မှာ တပည့်ကောင်းတစ်ယောက်မဖြစ်ခဲ့သော် နောင်တစ်ချိန်တွင် ဆရာကောင်းတစ်ယောက်ဖြစ်ဖို့ခဲယဉ်း၏၊ တပည့်ကောင်းတွေရဖို့လည်း ခဲယဉ်းပြန်၏။ **မှန်ပါသည်**- ဆရာကောင်းတစ်ယောက်ဖြစ်ချင်လျှင် တပည့်ကောင်းတစ်ယောက်တော့ ဖြစ်ခဲ့ဖူးရမည် မဟုတ်ပါလား။

၂။ **"သူများသားသမီးယူထားရင် လုပ်ကိုင်ရှာဖွေကျွေးမွေးရမှာပေါ့ ကျေးဇူးတင်စရာမလိုပါဘူး"** ဟု ပြောတတ်သည့်မိန်းမ၊ (ဇနီးမယားကောင်းတစ်ယောက် မဖြစ်နိုင်၊ မယားကောင်းတစ်ယောက်မဖြစ်ခဲ့သော် နောင်တစ်ချိန်မှာလည်း ယောက္ခမ ကောင်းတစ်ယောက်ဖြစ်ဖို့ခဲယဉ်း၏၊ ချွေးမကောင်းကောင်းတစ်ယောက်ရဖို့လည်းခဲယဉ်း ပြန်၏။ **မှန်ပါသည်**- သူကိုယ်တိုင် ယောက္ခမနေရာရောက်ခဲ့သော် "နင် ငါ့သမီးယူထားရင် လုပ်ကိုင်ရှာဖွေကျွေးမွေးရမှာပေါ့ ကျေးဇူးတင်စရာမလို"ဟုပင် ပြောပေလိမ့်ဦးမည်။

၃။ ကိုယ့်အကြိုက်တစ်ခါလေးမလိုက်မိတာနဲ့ ယခင်က ကောင်းခဲ့တဲ့ အကွက်တွေမေ့ပြီး မိတ်ဆွေအပေါ် မကျေမနပ်ဖြစ်နေတဲ့ပုဂ္ဂိုလ်၊ **(လူ၏အကြိုက်၊ ဆယ်ခါလိုက်လည်း၊ မလိုက်တစ်ခါ၊ ရှိခဲ့ပါမူ၊ ကြီးစွာရန်သူ၊ စွဲမှတ်ယူ၏)**။

၄။ **"သားသမီးမွေးထားရင် ကျွေးရမှာပေါ့ ကျေးဇူးတင်စရာမလို"**ဟု ပြောတတ်သည့်သားသမီး၊ (မည်သည့်အခါမျှ သားသမီးကောင်းတစ်ယောက်မဖြစ်နိုင်၊ ယခုအချိန်မှာ သားသမီးကောင်းမဖြစ်ခဲ့သော် နောင်တစ်ချိန်တွင် မိခင်ကောင်း ဖခင်ကောင်း ဖြစ်ဖို့ခဲယဉ်း၏၊ သားကောင်းသမီးကောင်းတွေရဖို့လည်း ခဲယဉ်းပြန်၏။ **မှန်ပါသည်**- မိခင်ကောင်း ဖခင်ကောင်းတစ်ယောက်ဖြစ်လိုသော် (သို့မဟုတ်) သားကောင်းသမီးကောင်း ရလိုသော် မိမိကိုယ်တိုင်က သားသမီးကောင်းတစ်ယောက် တော့ ဖြစ်ခဲ့ဖူးရမည်မဟုတ်ပါလား။

ထို့ကြောင့်ပင် (**နောင်တစ်ချိန်တွင် မိဘကောင်းဖြစ်ချင်ရင် ခုကတည်းက သားသမီးကောင်းတစ်ယောက်ဖြစ်အောင် အရင်ကြိုးစားရမည်၊ ဆရာကောင်း တစ်ယောက်ဖြစ်ချင်ရင် တပည့်ကောင်းတစ်ယောက်ဖြစ်အောင်အရင်ကြိုးစားရမည်**) ဟု ရှေးလူကြီးများ မိန့်ကြားခဲ့ကြခြင်းဖြစ်သည်။ အထက်ပါ စကားရပ်များကို ယေဘုယျ သဘောနှင့်ပြောခြင်းဖြစ်၏။ အကျဉ်းချုပ်အားဖြင့် ''**ယခုကောင်းလျှင် နောင်ကောင်း မည်၊ နောင်အခါကောင်းလိုလျှင် ယခုကတည်းက ကောင်းအောင်ကြိုးစားပါ**'' ဟုသာ လိုရင်းမှတ်ရပေမည်။

ငယ်စဉ်ကသားသမီးကောင်းမဖြစ်ခဲ့ကြသော်လည်း ကိုယ့်ရင်သွေးများအတွက်ကျ တော့ မိခင်ကောင်း ဖခင်ကောင်းပီသနေတတ်ကြ၏။ မိအိုဖအိုတို့အား ငွေတစ်သောင်း ပေးဖို့ခဲယဉ်းသော်လည်း ကိုယ့်သားသမီးလေးများအတွက် ငွေတစ်သိန်းအကုန်ခံဖို့ ဝန်မလေးတတ်ကြ၊ မိဘတို့၏မျှော်လင့်ချက်ကို မေ့နေကြဟန်တူ၏။ ဒါကြောင့်မို့လည်း အဖိုးကြီးတစ်ယောက်က စိတ်ပျက်လက်ပျက်နှင့် ညည်းညူကာ သူ့ကြင်ယာတော် အဖွားကြီးအား ပြောသည်မှာ–

''ရှင်မရေ–တို့တုန်းကများ အပင်ပန်းအဆင်းရဲခံပြီး သားသမီးတွေကို ပြုစုလုပ် ကျွေးခဲ့ရတာ၊ အခုသူတို့အလှည့်ကျတော့ တို့ကိုသတိတောင်မရကြတော့ဘူးဗျာ၊ နေနိုင် လိုက်ကြတာ''ဆိုတော့၊ အဖွားကြီးပြန်ပြောလိုက်ပုံက ''အို–တော်ကလဲ သူတို့လည်း သူတို့သားသမီးတွေကို လုပ်ကျွေးနေရလို့ဖြစ်မှာပေါ့တော်၊ တော်တို့ကျုပ်တို့တုန်းကလည်း မိဘတွေဆီ တစ်လနေလို့ တစ်ခေါက်ရောက်ခဲ့ကြလို့လား''တဲ့၊ ဒီတော့ အဖိုးကြီးက ''အင်း– မင်းပြောတာလဲ ဟုတ်တာပဲလေ''ဟု ဝန်ခံလိုက်ရရှာသတဲ့။

နောက်အဖိုးကြီးတစ်ယောက်ရှိသေး၏၊ သူကလည်း သားသမီးလုပ်စာ ထိုင်စား နေရရှာသူဖြစ်သောကြောင့် ''ရှင်မရေ– သားသမီးလုပ်စာထိုင်စားနေရတဲ့ တို့ဘဝ သား သမီးမျက်နှာပဲ မော့ကြည့်နေရပါလားကွယ်''ဟု ပြောလိုက်ပါသတဲ့၊

မှန်ပါသည်– မိမိတို့ မနက်ပိုင်းလမ်းလျှောက်သွားစဉ် နာဂစီသတောင်တန်း ပေါ်၌ ကုလားအဖိုးကြီးတစ်ယောက် သစ်ရွက်စိမ်းများ လိုက်၍ခူးနေသည်ကိုမြင်သဖြင့် ကော့လှာဆရာတော်ဘုရားက အကြောင်းရင်းကိုမေးသည့်အခါ၊ ''တပည့်တော်က သားနဲ့ချွေးမအိမ်မှာကပ်နေရတာ၊ ဆိတ်စားဖို့ သစ်ရွက်ခူးသွားရတယ်၊ ဟင်းသီးဟင်းရွက် တွေပါသွားမှ ချွေးမကထမင်းကျွေးပါတယ်ဘုရား''ဟုလျှောက်ထားခဲ့ရှာ၏။

ထိုနည်းတူစွာ သမီးအိမ်မှာကပ်နေရသည့် မိဘကလည်း သမက်မရှိမှ

အသက်ဝဝရှုရဲသတဲ့၊ သားအိမ်မှာ လိုက်နေရရှာသည့်မိဘကလည်း ချွေးမဖြစ်သူ ကြည်ဖြူဖို့အရေး မြေးထိန်းပေးရသတဲ့၊ သုံးဖို့ငွေလေး သားကပေးပြန်တော့ မယားမျက်နှာကိုကြည့် တို့တိတို့တိနဲ့၊ ချွေးမကြည့်တော့ ပေါ်ကြော့၊ မအေကတော့ မီးဖိုချောင်ကမထွက်ရ၊ ကျွန်တစ်သက် လွတ်ရက်ရယ်က ဘယ်မမြင်၊ ဘုရားရှင် လက်ထက်တော်က မဟာသာလအမည်ရတဲ့ ပုဏ္ဏားအိုကြီးတစ်ယောက်ဆိုလျှင် သားတွေကို အမွေခွဲပြီးတာတောင် ကိုယ့်နောင်ရေးအတွက်ချန်ထားသည့် လက်ကျန်ငွေလေး အကုန် ထပ်ပေးပြီး သားလေးယောက်ဆီ တစ်လှည့်စီ လိုက်နေပါသော်လည်း ချွေးမတွေရဲ့ သွေးထိုးစကားကြောင့် သားဆိုးတွေကနှင်ချလိုက်လို့ ပြန်ဆင်းပြေးခဲ့ရပါရော့လား၊ ၎င်းပုဏ္ဏားအိုကြီးက ပြောသည်မှာ (ငါ့မှာ **သားလေးကောင်မွေးထားတာတောင် ဒီတောင်ဝှေးလောက် အားမကိုးရပါလား)**တဲ့။ ဒါကြောင့်မို့ သားသမီးကိုယုံမှတ် အကုန်ပုံအပ်ပြီး သမီးအိမ်တစ်လှည့် သားအိမ်တစ်လီ သွားနေလိုက်မည်–ဟုများ မစဉ်းစားလေနှင့်၊ "**ကျွန်ယုံတော့ တစ်ဖက်ကန်း**

**သားသမီးယုံတော့ စုံလုံးကန်း**

**သမက်ယုံတော့ ကြောင်တောင်ကန်း**"တဲ့၊ တချို့မိဘများကျတော့ ကိုယ့်အိုးကိုယ့်အိမ်နှင့်နေထိုင်ရသော်လည်း အိမ်ထောင်ခွဲ သားသမီးများဆီက မစားရ သည့်အပြင် ကိုယ့်အိပ်ထဲကပင် ပြန်၍နှိုက်ယူခြင်းခံလိုက်ကြရသည်။

မိမိတို့ရွာထဲမှာ အိမ်ထောင်ခွဲအစ်ကိုရင်းတစ်ယောက်ရှိ၏၊ တစ်ရွာတည်းမှာ အတူနေကြပါသော်လည်း အမေစားဖို့ဟင်းလေးတစ်ခွက်ပင် လာပို့ဖော်မရ၊ "ဩော်– ဒီနေ့ အိမ်မှာ ဟင်းကောင်းလေးချက်တယ်၊ စားဦးစားဖျား အမေ့ဆီသွားပို့ဦးမှ"ဟုမရှိ၊ အဲ–သူ့အိမ်မှာ ဟင်းမကောင်းဘူးဆိုလျှင်တော့၊ "အမေ့ – ဘာဟင်းချက်လဲ"ဟုဆိုကာ အမေ့မီးဖိုချောင်ထဲ ဝင်ဝင်သွားသည်ကို မကြာခဏတွေ့ရတတ်၏၊ မိမိကမနေသာ၍ "အစ်ကိုကလဲဗျာ ပြောပြန်ရင်လည်း အောင်မင်းလွန်ရာကျဦးမယ်၊ မပြောချင်လို့ကြည့် နေတာ၊ ဘယ့်နှယ်– သား သမီးတွေရနေတာတောင် အမေ့ဆီ ဟင်းလာတောင်းတုန်း ပဲလား"ဆိုတော့၊ အစ်ကိုကလည်း ချက်ချင်းပြန်ပက်၏၊ "တပည့်တော်စားဖို့မဟုတ်ပါဘူး၊ အိမ်ကအမေ့မြေးတွေအတွက်ပါ၊ အေးလေ ဘုန်းကြီးမှာ ကိုယ်ပိုင်သားသမီးမရှိရှာ တော့လည်း မိဘမေတ္တာ ဘယ်နားလည်ပါ့မလဲ"တဲ့။

ဩော်–ပြောမိတာများပါတယ်၊ မိမိများမှာတော့ ပေါင်ချိန်ဇာတ်လမ်းတွဲထဲကလို "ကျွန်တော်မျိုးကြီး သေသင့်ပါတယ်"ဟုသာ ညည်းလိုက်ချင်တော့၏။ **အစ်ကိုဖြစ်သူအား** အပြစ်တင်မိကာမှ မိမိ၏အားနည်းချက်ကို ပြန်၍ထောက်ပြနေလိုက်သေး၏။ ပြီးတော့ အစ်ကိုကပြောသည်မှာ "**မိဘမေတ္တာ စုန်ရေသာရှိ၊ ဆန်ရေမရှိ**–တဲ့၊ **ရေဆိုတာ**

အပေါ်ကပဲ အောက်ကိုစီးရတယ်-တဲ့၊ အောက်ကအပေါ်ကို ပြန်မစီးဘူး''တဲ့၊ ကောင်းလိုက်တဲ့ ဒဿန၊ ဘုန်းကြီးကိုပင် စာပြန်ချလို့ပါလား၊ သည်အစ်ကိုက မိဘဆီ ဟင်းတစ်ဖတ်မျှ မပို့သော်လည်း သူ့သားသမီးကိုတော့ ကောင်းကောင်းကျွေး၏၊ ဇနီးမယားကို အလှဆင်၏၊ အမေ့အတွက် အင်္ကျီလုံချည်စလေးတစ်ထည်မျှ ဝါဝင်ဝါထွက် မကန်တော့သော်လည်း သူ့ဇနီးအချောအလှကများ (ကျွန်မကိုချစ်ရင် မောင်ကြီးရယ် ဝယ်ပေးပါလား)ဟု ဆိုလိုက်သည်နှင့် အလျင်အမြန်ဝယ်ပေးတတ်၏။ မိန်းမမရခင်က မိဘကို နံပါတ်တစ်နေရာမှာ ထားခဲ့တဲ့အစ်ကို၊ မိန်းမရတော့ မိန်းမကတစ်၊ မိဘကနှစ်။ သားသမီးတွေရတော့ သားသမီးက တစ်၊ မိန်းမက နှစ်၊ မိဘက သုံး ဖြစ်သွားပါရောလား။

အမှန်အားဖြင့် မိဘဘက်က စုန်ရေလာသလို ကိုယ့်ဘက်ကလည်း ဆန်ရေလေး တော့ ပြန်တက်ဖို့သင့်၏၊ ယခုတော့ အစ်ကိုဖြစ်သူက မိဘမေတ္တာမိဘစေတနာကို စုန်ရေ-ဟူသောစကားလုံးဖြင့် ခုတုံးလုပ်ကာ တလွဲမှာအသုံးချနေခြင်းဖြစ်၏၊ (အိမ်ထောင်မကျမီ ငယ်ရွယ်စဉ်ဘဝက မိဘထံမှာ အခါတစ်ရာလက်ဝါးဖြန့်တောင်း ခြင်းသည် မိဘများအတွက် အချစ်ဖြစ်သော်လည်း၊ အိမ်ထောင်ကျကာ သားသမီး တွေ ရလာပြီးသည့်နောက် မိဘထံတစ်ခါလောက် လက်ဝါးဖြန့်တောင်းခြင်းသည် အချစ်မဟုတ်တော့ပဲ အပြစ်သာ ဖြစ်တတ်သည်ကို အစ်ကိုတစ်ယောက် တကယ်ပင် မသိလေရော့သလား)။

မာတာပိတ၊ မိနှင့်ဖပင်၊ ဖြစ်လျှင်စေကာ၊ ခါခါမပြတ်၊ တောင်းရမ်းတတ်က၊
လေးမြတ်မဲ့စွာ၊ ဝေဒနာနှင့်၊ မေတ္တာမပွား၊ လွန်မုန်းခါး၏။ (မဃဒေဝ)

## မိဘမေတ္တာ (စုန်ရေသာရှိ ဆန်ရေမရှိ)

စုန်ရေ-ဟူသောစကားနှင့်ပတ်သက်၍ ထွက်သမျှလ, လင်းသမျှနေသည် အနောက်အရပ်သို့သာ အမြဲဝင်ရောက်သကဲ့သို့လည်းကောင်း၊ ချောင်းရေမြစ်ရေမှန်သမျှ သည် အောက်အကြေသို့သာ အမြဲစီးဆင်းသကဲ့သို့လည်းကောင်း၊ မိဘတို့၏မေတ္တာတရား သည်လည်း ပေးဆပ်ခြင်းများစွာဖြင့် သားသမီးတို့အပေါ်တွင် အစဉ်ထာဝရစီးဆင်း လျက်ရှိ၏၊ သားသမီးဘက်မှပြန်လည်၍ ဆန်တက်ကောင်းစေ-ဟူသော ခေါင်းပုံဖြတ် စိတ်ဓာတ် အမြတ်ထုတ်လိုသည့် စိတ်ဓာတ်မျိုးမရှိကြ၊ မိဘနှင့်သားသမီးမှ သာပေါင်း ညာစားစိတ်ဓာတ်, သာရာစီး၍ သီးရာစားလေ့ရှိသောစိတ်ဓာတ်မျိုးကား ပို၍ပို၍ပင် ဝေးပါသေး၏။

တချို့က ပြောကြသေးသည်မှာ - မိဘမေတ္တာသည် ဒီရေတက်ရေလို ပြောင်းပြန်ဆန်၍ ပြန်တက်ခြင်းမရှိ၊ ဧရာဝတီမြစ်ရေပြင် ဒုဋ္ဌာဝတီမြစ်ရေပြင်လို သားသမီးတို့အပေါ်တွင် အစဉ်မပျက် စီးဆင်းလျက် ရှိနေပါသတဲ့။

ဆိုလိုသည်မှာ– မိဘဟူသည် ကိုယ်ကသာ သားသမီးကို ပေးလိုက်ကျွေးလိုက်ချင်သည်၊ သားသမီးတို့အထံမှ တစ်စုံတရာကိုမမျှော်ကိုး၊ သားသမီးတွေ သိတတ်လို့ရသည်ဖြစ်စေ မသိတတ်လို့မရသည်ဖြစ်စေ အကြောင်းမဟုတ်၊ သားသမီးထံမှ ရယူလိုခြင်းအလျဉ်းမရှိ၊ မိဘကသာ သားသမီးအလိုဆန္ဒကို အပေးသက်သက်ဖြင့်သာ ဖြည့်ဆည်းပေးနေချင်သည်၊ ဒါကိုပင် "မိဘမေတ္တာ စုန်ရေသာရှိ ဆန်ရေမရှိ"ဟု ပြောနေကြခြင်းဖြစ်၏။ (မွေးမေကျေးဇူး ဆပ်ဖူးချင်တယ်–ဟူသော သီချင်းစာသား၌လည်း "မိဘမေတ္တာဆိုတာ အစုန်သာရှိ၊ အဆန်မရှိပေ၊ ကိုယ်တွေကြုံမှ နောင်တရနေ"ဟု ဆိုထားသေး၏။) သို့သော် မိဘများသားသမီးယူခဲ့ကြခြင်းသည် မျှော်လင့်ခြင်းမဖက် ပေးဆပ်ဖို့သက်သက်အတွက်ယူခဲ့ကြခြင်းမဟုတ်၊ သားသမီးထံမှ ရယူလိုမှုရှိသောကြောင့် သားသမီးယူခဲ့ကြခြင်းဖြစ်သည်။

## မိဘတို့၏ မျှော်လင့်ချက်ငါးမျိုး

(၁) ငါတို့ကျွေးမွေးထားသော သားသမီးတို့သည် ငါတို့အိုမင်းမစွမ်းဖြစ်လာသည့်အခါ ငါတို့အား တစ်ဖန်ပြန်၍ ပြုစုလုပ်ကျွေးကြလိမ့်မယ်၊ (ထိုမျှော်လင့်ချက်အရ သားသမီးကျင့်ဝတ်တွင် "ကျွေးမွေးမပျက်" ဟု တာဝန်တစ်ရပ်အနေနှင့် **ထည့်ပေးထား၏။)**

(၂) ငါတို့ရဲ့အမှုကိစ္စအဝဝကို ပခုံးပြောင်းကာ စီမံဆောင်ရွက်ပေးကြလိမ့်မယ်၊ **(ဆောင်ရွက်စီမံ)**။

(၃) ငါတို့ ကာယအားဉာဏအားနဲ့ ရှာဖွေထားတဲ့ လောကီပစ္စည်းဥစ္စာအမွေ, စေတနာ သဒ္ဓါအားနဲ့ ရှာထားတဲ့ ဘုရားတည် ကျောင်းဆောက် ရှင်ပြုရဟန်းခံ ဝါဆိုသင်္ကန်းကထိန်သင်္ကန်းစတဲ့ လောကုတ္တရာကုသိုလ်အမွေတွေကို ဆက်လက်ခံယူကြလိမ့်မယ်၊ **(မွေခံထိုက်စေ)**။

(၄) ငါတို့ရဲ့မျိုးရိုးစဉ်လာ ဘာသာသာသနာ မတိမ်ကောမပပျောက်အောင် စောင့်ရှောက်ကြလိမ့်မယ်၊ **(စောင့်လေမျိုးနွယ်)**။

(၅) ငါတို့သေဆုံးသွားတဲ့အခါ ကုသိုလ်ပြုကာ အမျှဝေကြလိမ့်မယ်၊ **(လှူမျှဝေ၍)**
[အံ– ၂– ၃၇၊ ပုတ္တသုတ်]

ဤမျှော်လင့်ချက်ငါးမျိုးကို သတိမပြုမိသောကြောင့် "မိဘမေတ္တာ စုန်ရေသာရှိ ဆန်ရေမရှိ"ဟု ပြောနေကြခြင်းဖြစ်ပေလိမ့်မည်၊ ဘဝတစ်လျှောက်လုံးပေးဆပ်ခြင်းသက်သက်ဖြင့်သာဆိုလျှင် မိဘများ သားသမီးယူဖို့ခဲယဉ်းလှ၏။ မိဘတို့၏မျှော်လင့်ချက်ကို

ပေးဆပ်ရမည်မှာ သားသမီးတိုင်း၏တာဝန်ပင်ဖြစ်၏။ သားသမီးကျင့်ဝတ်ငါးပါးနှင့်ပြည့်စုံသူသည် မိဘတို့၏မျှော်လင့်ချက်ကိုလည်း ဖြည့်ဆည်းပေးပြီးသားဖြစ်တော့၏။ **အကြောင်းကား**– မျှော်လင့်ချက်ငါးမျိုးနှင့် သားသမီးကျင့်ဝတ်ငါးပါး အတူတူပင်ဖြစ်သောကြောင့်တည်း။ **ကျွေးမွေးမပျက်၊ ဆောင်ရွက်စီမံ၊ မွေခံထိုက်စေ၊ လှူမျှဝေ၍၊**

**စောင့်လေမျိုးနွယ်၊ ဝတ်ငါးသွယ်၊ ကျင့်ဘွယ်သားတို့တာ။**

(သိင်္ဂါလောဝါဒသုတ်–သင်္ဂဇာဆရာတော်)

အထက်ပါသားသမီးကျင့်ဝတ်ငါးပါးနှင့် မိဘတို့၏မျှော်လင့်ချက်ငါးမျိုးကို ယှဉ်တွဲကြည့်က သိနိုင်၏။ (**မွေခံထိုက်စေ**–ဟူရာ၌ သားသမီးတွေက လောကီဥစ္စာအမွေကိုတော့ လိုချင်ကြ၏။ လိုချင်သည်မှာ မိဘတွေသေအောင်ပင်မစောင့်နိုင်၊ မသေခင်ကပင် လိုချင်နေကြ၏။ လောကုတ္တရာအမွေကျတော့ ခံယူရကောင်းမှန်းမသိ၊ မိဘများပြုခဲ့ကြသည့် ဒါနကုသိုလ်ကိုပင် ဖျက်လိုဖျက်ဆီး လုပ်လိုက်ချင်သေး၏။ ယခုခေတ်ကြားနေရသည်မှာ– မိဘများလက်ထက် ရေစက်ချလှူခဲ့သည့် တိုက်တာအဆောက်အဦးများကိုပင် သားသမီးများက ပြန်တောင်းသဖြင့် အမှုရင်ဆိုင်ကြရကြောင်း ကြားသိနေရသည် မဟုတ်ပါလား)

မိဘတို့၏မျှော်လင့်ချက်များတွင် "**ဩော်–ငါတို့အသက်ကြီးလာလို့ အိုမင်းမစွမ်းဖြစ်လာတဲ့အခါ သားသမီးတွေကတို့ကိုပြန်ပြီး ပြုစုလုပ်ကျွေးကြလိမ့်မယ်**" ဟူသောမျှော်လင့်ချက်တစ်မျိုးပါရှိ၏။ ဆင်းရဲနွမ်းပါးသည့်မိဘဆိုလျှင် ပို၍ပင်မျှော်လင့်ပေလိမ့်မည်၊ မင်းကတော်မညွန့်မေ၏မိခင် ဘူးသီးကြော်ရောင်းသည့်ဒေါ်ခင်သည်ပင်လျှင် "**ငါ့သမီးလေး မင်းကတော်ဖြစ်ရင် အမေနားရပါပြီ**"ဟုမျှော်လင့်ခဲ့ရှာ၏။ သူ့အစွမ်းအစဖြင့် နိုင်ငံခြားအလုပ်သွားလုပ်နေသည့် သားတစ်ယောက်၏မိခင်ကပြောသည်မှာတော့ "သူ့မိန်းမနဲ့ ယောက္ခမတွေဆီကိုတော့ ငွေပို့တယ်၊ မိဘတွေဆီကိုတော့ ပို့ရမှန်းမသိဘူး"တဲ့။

အိမ်တစ်အိမ်တွင်လည်း ဖခင်ဖြစ်သူက သတင်းစာထိုင်ဖတ်နေစဉ် အိမ်သို့ခေတ္တရောက်နေသည့် အိမ်ထောင်ခွဲသမီးကြီးအား မိခင်ဖြစ်သူက –

"တစ်နေ့က သမီးဝယ်ပေးလိုက်တဲ့ အင်္ကျီစလေးတွေ အိမ်ကအငယ်မတွေအတွက် အချုပ်နိုင်းထားလိုက်ပြီ၊ အဲဒါ သူတို့ခမျာ သိပ်ဝမ်းသာနေကြတာ၊ ညီမငယ်လေးတွေ ဝမ်းသာတော့ သမီးကြီးလည်း စိတ်ချမ်းသာရတာပေါ့၊ အစ်မကြီးတော့ အမိအရာ–တဲ့၊ သမီးလို အစ်မတစ်ယောက်ရှိနေတာ သူတို့လေးတွေ သိပ်ကံကောင်းတယ်၊ သူတို့အတွက်ကျောင်းစရိတ်နဲ့ ကျူရှင်ခတွေလည်း သမီးကြီးကပဲ လစဉ်ပေးနေတာမို့ အမေလည်းစိတ်အေးရတယ်၊ သမီးရဲ့သိတတ်မှုကြောင့် အမေတို့လက်ထဲ ငွေကမပြတ်တော့

စားချင်တာလေးတွေ ဖွယ်ဖွယ်ရာရာ ချက်စားရတာပေါ့၊

အခုလည်း သမီးယူလာခဲ့တာ မနည်းပါဘူး၊ မိသားစုမုန့်ပုံး နို့ဆီ အိုဗာတင်း မိုင်လို အို–စုံနေတာပဲ၊ ဩော်–ဒါနဲ့ ဝါဆိုဦးတုန်းက သမီးယောက္ခမတွေဆီ ဘာနဲ့ သွားကန်တော့လိုက်တုန်း၊ ပျော်ဘွယ်မုန့်ကြွပ်နဲ့ ငွေနှစ်ထောင် ဟုတ်လား၊ အေးလေ ဒါလဲ သူတို့အတွက် မနည်းလှပါဘူး၊ မိဘအပေါ်သိတတ်တဲ့ သမီးကြီး ကျန်းမာပါစေ ချမ်းသာပါစေတော်၊ ဟော–ဟော ဟိုမှာ လာပါပြီ ဖအေတူ တော့သား သူများနွား အလကားကောင်''ဟုဆိုကာ၊ အိမ်ပေါ်တက်လာသည့် သူ့သားတော်မောင်အား မေးငေါ့ပြကာ အနီးရှိအဖိုးကြီးအား လှမ်းပြောလိုက်သည်၊ မိခင်ဖြစ်သူက ဆက်လက်၍–

''အလကား ဘာမှအားမကိုးရတဲ့သား၊ မိဘကတော့ ဘွဲ့ရတဲ့အထိ ပညာတွေ သင်ပေးလိုက်ရတာ၊ မိန်းမလည်းရရော ရသမျှလခ ကြားပေါက်ပါမကျန် မယားထံအကုန် အပ်၊ ဟို–ခွေးမလုပ်သူကလည်း သူ့မိဘတွေဆီ မကြာခဏသွားပို့၊ တို့ဆီတော့ နည်း နည်းလေးမှ မသိတတ်ဘူး၊ အဲဒါ နင် အသုံးမကျလို့၊ အခုလည်း မိဘဆီလာတာ ဘာ တစ်ခုမှလည်းမပါ၊ လမ်းထိပ်က ခေါက်ဆွဲထုပ်လေးတောင် ဆွဲမလာဘူး၊ နင့်လိုသားမျိုး မွေးရတာ အလကား ဝမ်းရေစပ်တာပဲအဖတ်တင်တယ် ဟင်း''ဟု သားဖြစ်သူအား မျက်စောင်းထိုးကာ မဲ့ကာရွဲ့ကာဖြင့် တဖျစ်တောက်တောက် မြည်တွန်ကာဟောက် နေတော့၏။

သည်တော့လည်း အဖိုးကြီးက ''အင်း–သူ့သမီးနဲ့တွေ့တုန်းက ပြုံးလို့၊ သားနဲ့ကျတော့ မဲ့လို့ရွဲ့လို့ ရုပ်ရှင်ထဲမှာဆို ဒေါ်ခင်အေးဟန်တောင်ရှုံးလောက်တယ်''ဟု အဖွားကြီးမကြားအောင် ခပ်တိုးတိုး ပြောလိုက်ပါတော့၏။

ဤသို့ဤနှယ် ချမ်းသာသည့်မိဘကလည်း ချမ်းသာသည့်အလျောက် သားသမီး ထံမှ လိုချင်သေး၏၊ သားပို့ပေးသည့်ပစ္စည်းလေးအား လူကြားထဲမှာ ထုတ်ထုတ်ပြကာ (ဟောဒါ ငါ့သားက ကန်တော့တာ)ဟု ကြွားလိုက်ချင်သေးသည်၊ သားသမီးလုပ်စာ အားကိုးနေရသည့် ဆင်းရဲသားမိဘတို့ကလည်း သားသမီးအပေါ် ပို၍ပင် မျှော်လင့်ချက် တွေ ထားခဲ့ကြ၏၊ သို့သော် မိဘတွေမျှော်လင့်သလို သားသမီးထံမှ ရသည်လည်းရှိ၏၊ မရသည်လည်းရှိ၏၊ မိဘတို့၏ ကံတရားဟုပင် ဆိုရပါလိမ့်မည်။

စုန်ရေ–ဇာတ်ကားကိုပင်ကြည့်ပါ၊ ဖခင်ကဆင်းရဲသော်လည်း အိမ်ထောင်ခွဲ သားနှင့်သမီးက ကြီးပွားချမ်းသာကြ၏၊ သို့သော် ဖအေကိုပြန်လှည့်မကြည့်၊ သားဖြစ်သူဆို လျှင် ဖခင်ထက် ယောက္ခမကိုပင် ပို၍ဦးစားပေး၏၊ ဘေးလူကမခံနိုင်၍ ''ဟဲ့– နင့်သားသမီးတွေ မသိတတ်ကြပါလား''ဟုပြောရာ၊ ''ရပါတယ်ဗျာ သူတို့အဆင်ပြေ

**တယ်ဆိုရင် ကျွန်တော် ကျေနပ်ပါပြီ၊ သူတို့ဆီက ဘာမှမမျှော်လင့်ပါဘူး**''တဲ့၊ ဖခင်ဖြစ်သူက စုန်ရေ အမည်နှင့်လိုက်လျောအောင်ပြောနေပါသော်လည်း သူ့အမူအရာကတော့ မသိတတ်သည့်သားသမီးအတွက် စိတ်ပျက်ဟန် ဝမ်းနည်းဟန်ကို ပြနေသည်မဟုတ်ပါလား။ သားသမီးက ချမ်းသာပါလျက် ရက်စက်စွာ ဥပေက္ခာပြုခံထားရလျှင် အဘယ်မည်သောမိဘကမျှ စိတ်ချမ်းသာလိမ့်မည်မဟုတ်၊ အကယ်၍များ သားသမီးကသိတတ်လို့ **(လက်ဖက်တစ်ရိုး-ကွမ်းတစ်ယာ)** မျှနှင့်ကန်တော့ပါစေ မိဘတွေရဲ့အမြင်မှာတော့ **(ရွှေတစ်အိုးနှင့် စိန်တစ်ဆင်စာ)**မက ဝမ်းသာကြမည်မှာ အသေအချာပင်။ သားသမီးတွေတိုက်တဲ့ ရေကြည်တစ်ပေါက်ကိုလည်း ရေတံခွန်ကြီးလောက် မှတ်ထင်ကြပေလိမ့်မည်။

စုန်ရေ-ဆန်ရေ ဟူသောစကားများသည် ယနေ့ခေတ်ကျမှ သုံးနှုန်းသောစကားလုံးများဖြစ်သော်လည်း ရှေးတုန်းကတော့ ''**ကြွေးသစ်, ကြွေးဟောင်း**'' တဲ့၊ ဘုရားအလောင်း သာလိကေဒါရကျေးမင်း၏စကားကို နားထောင်ကြည့်လျှင်-

''မိဘတို့ကျွေးမွေးထားခဲ့သည့် ကြွေးဟောင်းမြီဟောင်းတို့သည် အကျွန်ုပ်အပေါ်မှာ တင်လျက်ရှိပါ၏၊ ထိုကြွေးဟောင်းကိုဆပ်ရန် မိဘတို့အား ပြန်၍ကျွေးမွေးနေရပါသည်၊ အကျွန်ုပ်မှာ သားငယ်သမီးငယ်လေးများရှိသေး၏၊ နောင်တစ်ချိန် ကျွန်ုပ်တို့ အိုမင်းလာသောအခါ ၎င်းသားသမီးများက အကျွန်ုပ်တို့အား တစ်ဖန်ပြန်၍ကျွေးကြစေရန် ရည်သန်မျှော်ကိုးပြီး သားသမီးများကို ယခုကပင် ကျွေးမွေးထားရပါသည်၊ ၎င်းကိုပင် **(အတိုးရအောင် ကြွေးသစ်ချခြင်း)**ဟု ခေါ်ပါသည်-တဲ့။

ဘုရားရှင်ဟောကြားတော်မူသည့် မိဘကျင့်ဝတ် သားသမီးကျင့်ဝတ်တို့သည် စုန်ရေ့ဆန်ရေသဘောတို့ပင်ဖြစ်၏၊ မိဘက ကြွေးသစ်ချခြင်း သားသမီးက ကြွေးဟောင်းပြန်ဆပ်ခြင်းတို့၌လည်း စုန်ရေဆန်ရေ သဘောမျိုးတွေပါဝင်နေ၏၊ ယနေ့ခေတ်ကိုလေ့လာကြည့်သော် မျှော်လင့်ခြင်းမဖက် ပေးဆပ်ခြင်းသက်သက်ဖြင့် သားသမီးအပေါ်တာဝန်ကျေခဲ့သောမိဘများ မရှိမဟုတ် ရှိပါလိမ့်မည်၊ (သို့သော် မိမိသဘောအရပြောရလျှင် သားသမီးအပေါ် မျှော်လင့်ချက်မထားသည့်မိဘဟု တစ်စုံတစ်ယောက်မျှမရှိဟုပင် ဆိုလိုက်ချင်သည်၊ ဘုရားရှင်ဟောကြားသည့် မျှော်လင့်ချက်ငါးမျိုးတွင် နောက်ဆုံး မိဘကချမ်းသာလို့ ရှေ့မျှော်လင့်ချက်လေးမျိုး မထားဘူးဆိုသော်မှ ''**သေပြီးတဲ့နောက် အမျှပေးဝေကြလိမ့်မယ်**''ဟူသော မျှော်လင့်ချက်ကတော့ မရှိမဖြစ် ကေန်မုချရှိကြပါလိမ့်မည်)။ တချို့မိဘများပြောတတ်ကြသည်မှာ- ''**နင်တို့အပေါ် တခြားဘာမှ မမျှော်လင့်ပါဘူး၊ တို့သေပြီးလို့အမျှလေးပေးဖော်ရရင် ကျေနပ်ပါပြီ**''တဲ့။

ထို့ကြောင့် ''မိဘမေတ္တာစုန်ရေသာရှိ-ဆန်ရေမရှိ''ဟူသောစကားအစား

"စုန်ရေလည်းရှိ ဆန်ရေကိုလည်းလိုလား၏"ဟူသော ဆိုချင်ပါသည်။ တချို့မိဘများဆိုလျှင် သားသမီးအပေါ်တွင် စုန်ရေပင်မရှိသည်ကိုတွေ့ရ၏။ စုန်ရေလုံးဝမရှိသော်လည်း သားသမီးများဘက်က ဝတ္တရားကျေပွန်စွာပြုစုလုပ်ကျွေးသွားသည်ကို အပြင်လောက၌လည်းကောင်း ဆန်ရေဇာတ်ကားကိုကြည့်၍လည်းကောင်း သိနိုင်ပါသည်။

နောက်တစ်နည်းအားဖြင့် မြစ်ကိုဥပမာထား၍ပြောရလျှင် မြစ်ကြီးတစ်ခု၌ အမြဲထာဝရ စုန်ရေသက်သက် စီးနေသောနေရာရှိ၏၊ စုန်ချည်တစ်လှည့် ဆန်ချည်တစ်ခါတစ်လှည့်စီ စီးနေသောနေရာလည်းရှိ၏၊ အမြဲတမ်းဆန်ရေချည်းသက်သက် ပြန်စီးသည့်နေရာဟူ၍ မရှိနိုင်။

၎င်းဥပမာအရ တချို့ကပြောကြသည်မှာ သားသမီးကို သေတစ်ပန်သက်တစ်ဆုံး မျှော်လင့်ချက်မဲ့ အဖြူရောင်သက်သက်ဖြင့် ပြုစုကျွေးမွေးသွားသည့် မိဘများသည် စုန်ရေသက်သက်စီးနေသော မြစ်နှင့်တူ၏၊ မြစ်ရေမှာ ဒီ–ရေတက်လျှင် ဆန်ရေ၊ ဒီ–ရေကျလျှင် စုန်ရေတစ်လှည့်စီ စီးသကဲ့သို့ အဆင်ပြေသည့်သားသမီးထံမှ ပြန်တက်လာသည့် ဆန်ရေကို လက်ခံ၍ စီးပွားရေးအဆင်မပြေသည့် သားသမီးဘက်ဆီသို့ စုန်ရေ အနေအားဖြင့် စီးဆင်းစေသည့် မိဘတွေလည်းရှိ၏၊ မြစ်ရေမှန်သမျှ ဆန်ရေချည်းသက်သက် စီးနေသည့်နေရာမရှိသကဲ့သို့ "တို့များ မိဘတွေကို တစ်သက်လုံးပြုစုခဲ့ရတာပါ"ဟု သားသမီးများဘက်မှ ဆန်ရေချည်းသက်သက် လုံးဝမရှိနိုင်၊ ဤကဏ္ဍ၌ အတ္တနောမတိမျှသာဖြစ်သောကြောင့် လွတ်လပ်စွာ သဘောထားကွဲလွဲနိုင်ပါသည်။

နောက်ဆုံးပြောချင်သည်မှာ– မိဘတွေက များသောအားဖြင့် သားသမီးဆီက မျှော်လင့်ချက်တစ်ခုခု လိုချင်တာတစ်ခုခုရှိပြီဆိုလျှင် (ဝါ) သားသမီးဆီက တစ်ခုခုတောင်းပြီဆိုလျှင် အဲဒီသားသမီးများအတွက် အကျိုးကျေးဇူးတစ်ခုခုလည်း ပါနေတတ်၏။ သားသမီးများအား အကျိုးကျေးဇူးတစ်ခုခုကိုရစေချင်၍ တောင်းခြင်းဖြစ်ပါသတဲ့၊ ဒါတောင်မှ သားသမီးထံမှ တော်ရုံနှင့်တောင်းခဲကြ၏၊ မလွှဲသာလို့တောင်းခဲ့ရင်လည်း သားသမီးအတွက် အကျိုးကျေးဇူးတစ်ခုခုတော့ ပါနေတတ်ကြသည်ကို သတိပြုကာ မိဘတို့၏စေတနာမေတ္တာကို နားလည်နိုင်ကြပါစေ–။

## ပြန်၍လိမ္မာမည်ဆိုလျှင် အစွမ်းကုန်မိုက်ကြည့်စေချင်

မိဘကိုပြန်ငေါက် အရက်သောက်၊ဖဲရိုက်၊လူရိုက်မှုနှင့်ထောင်ကျ ကမ်းကုန်အောင် မိုက်ခဲ့ပြီးမှ ဟော– မိဘအပေါ် လိမ္မာလာပြီဆိုတော့လည်း တခြားမောင်နှမများ

လိုက်မမီအောင် အစွမ်းကုန်လိမ္မာသွားသည့် လူငယ်တစ်ယောက် တွေ့ခဲ့ရဖူး၏။

အရက်အမြဲတမ်းသောက်ကာ တစ်ခါတစ်ရံ ည–မနက်ဆက်၍ မျက်နှာသစ်သည့်ကိုပင် အရက်နှင့်သစ်လေ့ရှိသူ၊ "ရေမခံရင် အသေမြန်တယ်–ရေမရောရင် အသေစောတယ်"ဆိုပြီး အရက်ကို ရေကလေးစွက်ကာ မက်မက်မောမော သောက်လေ့ရှိသူ၊ အရက်မူးသိုင်းကွက်နင်း၍ ဒယိမ်းဒယိုင်နှင့် အိမ်ပြန်လာပြီဆိုလျှင် နဂါးနီသီချင်းထဲက "လူမွဲတွေက မနေ့ခေတ်မီ သူဌေးဖြစ်တော့မည်"ဟု အော်ဆိုလျက် အရက်ပုလင်းခါးထိုးကာ အိမ်ပြန်လာတတ်သူ၊ မိခင်ကြီးက သူ့သားတော်မောင် နားဝင်အောင် ဖျောင်းဖျပြောဆိုလျက် အရက်ဖြတ်နိုင်းသည့်အခါ ဟုတ်ကဲ့–ချင်းထပ်လျက် အာမဘန္ဒေခံခဲ့သော်လည်း (ခွေးမြီးကောက်ကို ကျည်တောက်စွပ်ပြီး ဖြောင့်မရသလို) အမူးပြေတော့ ထန်းပင်ကိုမော့ကြည့်လေ့ရှိသူ၊

တစ်ဦးကစေတနာ တစ်ဦးကမေတ္တာဇာတ်ကား၌ အရက်သမားကျောင်းဆရာကြီးက (တကယ်ဖြစ်ချင် တကယ်လုပ် အဟုတ်ဖြစ်ရမည်)ဟု ကြွေးကြော်လျက် တကယ့်ကို ခဲခဲယဉ်းယဉ်းနှင့် အရက်ဖြတ်ပြသွားသော်လည်း မိဘစိတ်ချမ်းသာစေရန် အရက်ဖြတ်မည်ဟု ဆုံးဖြတ်လိုက်၊ ပြန်သောက်လိုက်နှင့် "**မမူးရင် မနေနိုင်တာကလွဲလို့**" ဆိုပြီး အရက်သံသရာကြောမှာ ဆက်လက်မျောနေသူ၊ ပိုက်ဆံရမည့်အလုပ်ကို မလုပ်ရကောင်းလား–ဟု ဆူပူကြိမ်းမောင်းသည့်အခါ၊ "အမေအဖေတို့ ဘာဖြစ်လို့အစကမွေးထားလဲ၊ သားသမီးမွေးထားရင် ကျွေးရမှာပေါ့"ဟု လျှာလေးအာလေးနှင့်ပြန်၍ပြောတတ်သူ၊

သူ့အစ်ကိုရင်း ဦးပဥ္စင်းလေးက "မိဘကျေးဇူး ဆပ်မကုန်အောင်ကြီးမားလှသည့်အတွက် အရက်ဖြတ်၍ မိဘကျေးဇူးဆပ်သင့်ကြောင်း" ဆုံးမသည့်အခါ၊ "မိဘကျေးဇူး ဆပ်မကုန်မည့်အတူတူ ဆပ်မနေတော့ဘူး"ဟု မူးမူးရူးရူးနှင့် ပြန်ပြောခဲ့သူ၊ ထိုသူကား တခြားမဟုတ်၊ မိမိနှင့်တစ်ရွာတည်းသားဖြစ်ရုံမျှမက ငယ်စဉ်ဘဝမှစကာ အရွယ်ရောက်သည်အထိ ကစားဖော်သွားဖက် အိပ်ဖော်စားဖက်ဖြစ်ခဲ့သူ၊ အောင်မင်း–ဆိုသောလူငယ်လေးပင်ဖြစ်၏။

အောင်မင်း ပြောနေကျလက်သုံးစကားမှာ "လူ့ပြည်ကအပ်တစ်စင်း– ဗြဟ္မာ့ပြည်က အပ်တစ်စင်း–ဆိုလား၊ လူ့ဘဝရဖို့ခဲယဉ်းသတဲ့။ အရက်ကလည်း ငရဲပြည်နဲ့ နတ်ပြည်မှာမရှိ၊ လူ့ပြည်မှာပဲရှိတာမို့ ရခဲတဲ့လူ့ဘဝ ရောက်တုန်းရောက်ခိုက် အရက်ကို အားရအောင် သောက်ထားရတယ်"ဟူ၏။

(တစ်ခါတလေ ခပ်နောက်နောက်ပြောတတ်သေးသည်မှာ မကောင်းတဲ့အရက်

ဆိုးကျိုးပေးတဲ့အရက်မို့ နောက်လူတွေအရက်သမားမဖြစ်စေရန် မကျန်အောင်အကုန်သောက်နေရပါသတဲ့။) အောင်မင်းတစ်ယောက် မြို့မရောက်သေးခင် အရက်သောက်၏။ ဖဲရိုက်၏။ ကြက်တိုက်၏။ အိမ်ကပစ္စည်း မိဘတွေမသိအောင်ယူ၏။ (ဤ၌ ခိုး၏ဟု စကားမသုံးခြင်းမှာ "မိဘပစ္စည်း သားသမီးကယူသုံးခြင်းသည် ခိုးခြင်းမဟုတ်ပါ" ဟူသော အောင်မင်းပြောခဲ့ဖူးသည့်စကားကြောင့်ဖြစ်၏)။

သူ့မိဘတွေကို မကျေနပ်လျှင် အိမ့်တောင်ဘက် ကန်ပေါင်ရိုးပေါ်မှနေ၍ အိမ်နံရံကို တဖုန်းဖုန်းမြည်အောင် ခဲနှင့်လှမ်း၍ပေါက်တတ်၏။ လူတစ်ယောက်ကိုကြည့်မရဘူးဆိုလျှင် (သို့မဟုတ်) သူ့အပေါ်ကြောသည်ဟုထင်လျှင် လက်ကသွက်လှန်းလှ၏။ အသုံးပြုသည့်လက်နက်မှာ စက်ဘီးချိန်းကြိုး စည်ပတ်သံပြားတို့ပင်ဖြစ်၏။ ရိုက်တဲ့လူကအိမ်မရောက်သေး တိုင်တဲ့လူကအရင်ရောက်နေသဖြင့် ဖခင်ဖြစ်သူ မျက်နှာပူနေသော်လည်း အပြုံးမပျက် ဒိုင်ခံဖြေရှင်းပေးသည်က အောင်မင်း၏အမေသာဖြစ်ပါ၏။

အောင်မင်းတို့ ဆိုးမိုက်ရမ်းကားပုံမှာ (မိုက်ချက်ကတော့ ကမ်းကုန်ပဲဇာတ်ကားမှ သားမိုက်လေးယောက်ထက်ပင် သာလွန်အောင်) ကမ်းကုန်လှသဖြင့်–ဖခင်ဖြစ်သူက ချဉ်တင်တင်၊ မိခင်ဖြစ်သူက ချိုတိုတို၊ အပျိုမတွေကလည်း ဝေါင်ဝေါင်ရှေး၊ ငိုနေသည့်ကလေးများပင် 'အောင်မင်း လာပြီဟေ့'ဆိုသည်နှင့် ငိုသံတိတ်သွားသောဟူ၏။

ရွာမြောက်ပိုင်းက အပျိုချောတစ်ယောက်အား လိုက်ကြိုက်နေသည်ကိုသိသဖြင့် ဖခင်ဖြစ်သူကအပြစ်တင်ရာ၊ "အဖေကလဲဗျာ မင်းကုသတောင် ပပဝတီကိုရခဲ့သေးတာပဲ။ သူလည်း (ပပ) လောက်မလှသလို၊ ကျုပ်လည်း (ကုသ) လောက်တော့ ရုပ်မဆိုးသေးပါဘူး။"ဟုပြန်ပြောသဖြင့်၊ "ဟ– ဟိုကဘုရားအလောင်း၊ မင်းကခွေးဖြစ်မယ့်အကောင်၊ လမ်းတွေ့ရင်တောင် လှည်းပေါ်တင်ချင်စရာ မကောင်းဘူး"ဟု ငေါက်လေ၏။ အောင်မင်းကလည်းမလျှော့၊ "ဒါဆိုလဲ ကျွန်တော်က မာတင်ထုံးနလုံးမူရမှာပေါ့"ဟု ပြောပြန်ရာ၊ "အေး–မာတင် ဆိုတာလဲ ဘုရားအလောင်းပဲ ဒါပေမယ့် ဟိုကသူတောင်းစား၊ မင်းက အရက်သမား"ဟု အပြစ်တင်နေသဖြင့် မိခင်ခမျာ မနေသာတော့ပဲ "ကျုပ်သားရုပ်က ချောပါတယ်၊ ပြောစရာဆိုလို့ အရက်သောက်, ဖဲရိုက်, ကြက်တိုက်, လူရိုက်တာလေးပဲ ရှိတာပါတော်"ဟု ဝင်ပြောလိုက်မှ ဖခင်ဖြစ်သူငြိမ်သွားတော့၏။

(အောင်မင်းဆိုလျှင်မိန်းကလေးများ ဝေးဝေးရှောင်ကြသည်မှာ ဆန်းတော့မဆန်းလှပေ၊ မိမိရွာပြန်စဉ်က နော်ထူးအမည်ရှိ အသိမိန်းမပျိုတစ်ယောက်က ပြောသည်မှာ "ကိုအောင်မင်းနဲ့ လမ်းမှာဆုံဖို့ မပြောနဲ့၊ သူ့အိမ်ရှေ့ကဖြတ်သွားရင်တောင် အိမ်ထဲကနေကြောက်ဒူးတုန်နေတာ"ဟု ပြောခဲ့ပါသေး၏။)

သူ့အစ်ကိုဦးပဋ္ဌင်းကဲ့သို့ ရဟန်းဘ၀ကိုခံယူရန် မိဘများကပြောသည့်အခါ "ရဟန်းဘ၀သည် လွတ်လပ်မှုမရှိ၍ မ၀တ်ချင်ကြောင်း" ပြန်ပြောခဲ့၏။ သတ္တဝါမှန်သမျှ မိမိတို့ ကျရာဘ၀မှာသာပျော်လေ့ရှိကြသောကြောင့် ရဟန်းပြုရန်တိုက်တွန်းသော်လည်း အချည်းနှီးပင်၊ ယခုတော့ အောင်မင်းတစ်ယောက် မိမိကြားဖူးသည့်ပုံပြင်လေး တစ်ပုဒ်ထဲကလို ဖြစ်နေပြီထင်၏။

(ရှေးတုန်းက သိပ်ချစ်ကြသည့်သူငယ်ချင်းနှစ်ယောက် ကတိက၀တ်ထားကြသည်မှာ- "တို့နှစ်ယောက် လူ့ဘ၀မှသေဆုံးပြီးနောက် ဘယ်ဘုံ ဘယ်ဘ၀ ရောက်ရောက် ဆင်းရဲဒုက္ခရောက်သူအား အချင်းချင်းကယ်ကြစတမ်း"ဟု ကတိပြုထားခဲ့ကြ၏၊ အသက်တမ်းကုန် ကံကုန်၍သေဆုံးခဲ့ကြပြီးသည့်နောက် အကြီးတစ်ယောက်က နတ်ပြည်မှာ၊ အငယ်တစ်ယောက်က အိမ်သာကျင်းမှာ ပိုးလောက်ကြီးဖြစ်နေသဖြင့် ဆင်းရဲဒုက္ခရောက်နေသည့်ပိုးလောက်ကြီးအား ကယ်တင်ရန်ဆင်းလာသော သူငယ်ချင်းနတ်သားက-

"မင်း ဒီဘ၀မျိုးရောက်နေတာ ငါစိတ်မကောင်းဘူး၊ အခု ငါနတ်ပြည်မှာ နတ်သမီးတစ်ဖက်ငါးရာနဲ့စံနေရတာ၊ မင်း ငါနဲ့အတူလိုက်ခဲ့ပေတော့"ဟု ပြောသည့်အခါ ပိုးလောက်ကြီးက "ဒါဖြင့် သူငယ်ချင်းရေ မင်း ငါ့ကိုမကယ်ပါနဲ့၊ မင်းဆီမှာ တစ်ဖက်ငါးရာဆိုတာနည်းပါသေးတယ်၊ ငါ့ဆီမှာ ပိုးလောက်မအချောအလှတွေ ငါးရာမက ထောင်နဲ့သောင်းနဲ့ချီပြီးရှိနေတာမို့ မင်းရဲ့ နတ်စည်းစိမ်ကို ငါမမက်ပါဘူးကွာ မင်းပြန်ပါတော့" ဟု ပြန်ပြောလိုက်ပါသတဲ့။)

အခုလည်း အောင်မင်းတစ်ယောက် မြင့်မြတ်ပြီးအထက်တန်းကျတဲ့ ရဟန်းဘ၀ ထက် လူဆိုးလူမိုက်ဘ၀မှာပဲ ပျော်နေတော့၏။ (၃၁)ဘုံရှိသည့်အနက် လူ့ဘ၀သည် အမြတ်ဆုံး၊ လူ့ဘ၀တွင်လည်း ရဟန်းဘ၀သည် အမြင့်ဆုံးဖြစ်သည်ကို အောင်မင်းတစ်ယောက် သိဟန်မတူ၊ သည်နေရာ၌ အောင်မင်း၏ မိဘနှစ်ပါးအကြောင်းကို အဖွဲ့အနွဲ့ မပါပဲပြောရလျှင် ဖခင်ဖြစ်သူမှာ ရှေးရိုးဆန်ကာ ရိုး,အ,ရုံမက ခပ်အေးအေးနေတတ်သူမို့ ပြောစရာအထူးမရှိပါသော်လည်း အောင်မင်း၏အမေအကြောင်းတော့ အနည်းငယ်ပြောချင်သေး၏။

* **အောင်မင်း၏မိခင်ကား ရိုးရိုးအအအမေမျိုးမဟုတ်၊ အောင်မင်းတို့အဖိုး ဦးငွေမှန်ကဲ့သို့ ထက်ထက်မြက်မြက် သွက်သွက်လက်လက်ရှိသလို၊ အဖွားဖြစ်သူ ဒေါ်စံရီလို သနားကြင်နာစိတ်ရှိတဲ့အမေ၊ သူတစ်ပါးအပေါ် စေတနာမေတ္တာထားတဲ့ အမေ။**

* **တရားစာအုပ်အမျိုးမျိုး ဘုရားအလောင်းရဲ့ဖြစ်စဉ် ပုံပြင်နိပါတ်**

ဓာတ်ဝတ္ထုတွေကို တစ်ခါဖတ်ပြီးရင် စိတ်ရှည်လက်ရှည်နဲ့ သူများကို အစအဆုံး ပြန်ပြောနိုင်လောက်အောင် မှတ်ဉာဏ်ကောင်းတဲ့အမေ။

* မဟုတ်မခံစိတ်ရှိ၍ မှန်သည်ထင်လျှင် အကွက်ကျကျ ထိထိမိမိနှင့် ကြက်ခေါင်းဆိတ်မခံ ပြန်ပြောတတ်သည့်အမေ။

* သူ့သားတွေအသုံးမကျရင်တောင် (အလကား ဖအေတူသားတွေ၊ ဖအေနဲ့တူလို့ ရှိး,တာ အ,တာ)ဆိုပြီး အားမလိုအားမရ ပြောတတ်တဲ့အမေ။

* သူ့သားတွေငယ်စဉ်က ကလေးချင်းရန်ဖြစ်ရင်တောင် အိမ်ကိုငိုယိုပြီး ပြန်လာပါက ထပ်မံ၍ ရိုက်တတ်သလို၊ ရန်ဖြစ်တဲ့သား အိမ်ပြန်မရောက်မီ တိုင်တဲ့သူက အိမ်ကိုအရင်ရောက်လာမှ ကျေနပ်တဲ့အမေ။

* ကြုံတွေ့လာသည့်လောကစံကို (ပန်းပန်လျက်ပါ–ဇာတ်ကားထဲက မဗေဒါ၏ ဟန်ပန်အတိုင်း) အရယ်အမောလေး ရောစွက်ကာ ပြက်ရယ်ပြုတတ်တဲ့ အမေ။

* ငယ်စဉ်က ဟံဇားရုပ်ရှင်ရုံတွင် ရွှေဘဇာတ်ကားပြလေတိုင်း ကလေး တစ်အုပ်လက်ကဆွဲ ပါးစပ်ကလည်းဆေးပေါ့လိပ်ခဲကာ မလွတ်တမ်းသွား ကြည့်ခဲ့တဲ့အမေ၊ (ထိုစဉ်က ရုံပေါက်ဝအရောက်တွင် ''အမေပိုး–လူကြီးလက်မှတ် မပေးပါနဲ့၊ ကလေးခတွေပဲပေးခဲ့ပါ''ဟု ရုံစောင့်ကပြောရသည့်အထိပင်၊ ရုပ်ရှင်မင်းသား ရွှေဘ၏ ပျိုလေတဲ့ငှက်ခါး၊ ဝရမ်းပြေးဘိုးသိန်း ဇာတ်ကားများ အကြောင်း စကားစပ်မိတိုင်း ပြောပြလေ့ရှိပါသတဲ့)။

* အဆင်ပြေသည့်သားထံမှ ပြန်တက်လာသည့်ဆန်ရေကို ကိုယ်တိုင်မသုံးစွဲပဲ စီးပွားရေးအားနည်းရှာသည့် သားသမီးများဘက်ဆီသို့ စုန်ရေအဖြစ်ဖြင့် ပြန်လည် စီးဆင်းစေသည့်အမေ။

* ကိုယ်က သူများအပေါ်ကောင်းရင် သူများကလည်း ကိုယ့်အပေါ် ပြန်ကောင်းမှ ကြိုက်သလို၊ သူများတွေက တစ်ဆယ်ဖိုးလောက်စ,ကောင်းရင်လည်း ကိုယ်က တစ်ရာဖိုးလောက် သူ့အပေါ်ပြန်ကောင်းလိုက်ရမှ ကျေနပ်တဲ့အမေ။

* သားသမီးတွေကို သူများပစွည်းတော့ မခိုးကြလေနဲ့၊ စွမ်းနိုင်ရင် လူသတ် စားပြတိုက်–လို့ ဆုံးမတတ်တဲ့အမေ၊ (လူသတ်မှု စားပြမှုဆိုရင် အမေကိုယ်တိုင် ထောင်ဝင်စာ လာတွေ့မယ်၊ ခိုးမှုဆိုလို့ကတော့ ရှက်လွန်းလို့ လာတွေ့လိမ့်မယ် မထင်နဲ့)ဟု အမြဲပြောလေ့ရှိပါသတဲ့၊ ဒါကြောင့်မို့လည်း အောင်မင်းတို့ လူရိုက်ကာ လက်စွမ်းပြနေပုံရ၏။

* ဖယောင်းတိုင်လို အမေ့ဘဝ အပူခံပြီး သားသမီးကွေအတွက် အလင်းရောင်

ပေးတတ်တဲ့အမေ။

* မြေးတွေကို အနောက်ဖက်ကျောင်းထားချင်သော ဘကြီးငွေမှန်၏ "နင့်သားတွေ အရှေ့ဖက်ကျောင်း ထားလို့ကတော့ စာတွေတတ်ပါလိမ့်မယ် အားကြီး"ဟု ပြောလာသည်ကို၊ "စာတတ်အောင်လို့ထားတာမဟုတ်ဘူး၊ ထမင်းစရိတ်သက်သာအောင်လို့ထားတာ"ဟု ခပ်ရွဲ့ရွဲ့ပြန်ပြောခဲ့သည့်အမေ။

* စကားပြောကောင်းရာ၌ ပုံတိုပတ်စ ရာဇဝင်များဖြင့် စာခြောက်ရုပ်ကိုပင် ခေါင်းညိတ်လာအောင် ပြောနိုင်စွမ်းရှိတဲ့အမေ။

* လမ်းမှန်တယ်ထင်ရင် သူ့သားဦးပဥ္စင်းကိုတောင် ပြန်လည်တရားဟော ဆုံးမတတ်တဲ့အမေ၊ (အောင်မင်းတို့အဖေဆုံးစဉ်က အမြဲမြဲလိုလိုငိုနေသဖြင့် သားဦးပဥ္စင်းက တရားသွားဟောရာ တရားမဟောရပဲ သူ့မိခင်၏တရားကိုသာနာ၍ ပြန်ခဲ့ရကြောင်း သိရ၏၊

"သေခြင်းတရား ဦးပဥ္စင်းဟောမှလား သိတာပေါ့၊ ဓမ္မပဒ ဇိနတ္ထပကာသနီ ဇာတ်ကြီးဆယ်ဘွဲ့ ငါးရာငါးဆယ် အကုန်ဖတ်ဖူးတယ်၊ ခုမှ သေတဲ့လူက ရက်ပိုင်းရှိသေးတာ ဘယ့်နှယ်လုပ် ဖြေလို့ရမလဲ၊ အမေ့ထက်သားတစ်လမကြီးချင် စမ်းပါနဲ့၊ ဒီကြားထဲ မြေးတွေမြစ်တွေ သံယောဇဉ်မတွယ်နဲ့-တဲ့၊ မွေးထားမှတော့ မတွယ်လို့ဖြစ်မလား၊ ဝိသာခါတို့များ သောတာပန်ဖြစ်ပြီးတာတောင် မြေး သံယောဇဉ်က တွယ်တုန်းရှိသေးတယ်၊ သံယောဇဉ်ကတော့ သေမှသာပြတ်မှာ"စသည်ဖြင့် စကားကိုတရစပ်ပြောနေသဖြင့်၊ သူ့သားဦးပဥ္စင်းက "ဒီလိုဆိုလည်း အမေ စိတ်ပြေလက်ပျောက် ဘုရားဖူးသွား"ဟု စကားစရုံရှိသေး၊ "ဘုရားဖူးတာများ တီဗွီထဲဖူးလည်း ရတာပါပဲ၊ ဘုရားဖူးသွားဖို့ထက် ဘုရားစကား နားထောင်ဖို့က ပိုအရေးကြီးပါတယ်" ဟု ခပ်သွက်သွက်ပြန်ပြောနေသဖြင့် သားဦးပဥ္စင်းခမျာ (ဟောရင်း သာပျံလွန်တော်မူမည် ဆံဖြူဖြူတစ်စလောင်းမျှ ရကောင်းမည်မဟုတ်)ဆိုတဲ့ကိန်းဆိုက်ကာ ဘာမှပြန်မပြောနိုင်ပဲ အသာငြိမ်ကာ နားထောင်ခဲ့ရပါသတဲ့။

အောင်မင်းတို့မိခင်က ဤသို့ဤနှယ် သူများပစ္စည်းခိုးတာ လမ်းမှာရန်ဖြစ်လို့ အိမ်ကိုငိုပြီးပြန်လာတာမျိုး လုံးဝမကြိုက်၊ တခြားညီအစ်ကိုများ ဘာပြဿနာမှမရှိသော်လည်း အောင်မင်းကတော့ အဆိုးဘက်ကနေ တစ်မိပေါက် တစ်ယောက်ထွန်းနေခြင်း ဖြစ်၏။

တစ်ခါတော့လည်း ရွာထဲမှာ ဖဲရိုက်စဉ် ရဲကဝင်ဖမ်းသည့်အခါ ရဲကိုပင် မလိမ့်တပတ်လုပ်လျက် ကလေးတမူးသို့ထွက်ပြေးရာ၊ မိခင်ကြီးက မျက်စိအောက်မှာ

မမြင်ရ၍ စိတ်မကောင်းဖြစ်သော်လည်း ဖခင်လုပ်သူကတော့ ''မြွေပွေးတစ်စင်း တစ်တောရှင်းတာပဲ''ဟု တွေးကာဝမ်းသာနေ၏။ သို့သော် ရွှေမန်းတင်မောင်၏ လေးတော်တင်ခန်း ဇာတ်ထုပ်ထဲကလို **''ကိုယ့်ရွာမှာကြက်မ သူများရွာမှာ ကြက်ဖ''**လို နေရမယ်-ဟူသော သူ့မိခင်၏ ဆုံးမစကားများကြောင့်လောမသိ၊ မြို့ပေါ်ရောက်ခါမှ လူနှစ်ယောက်ကိုထပ်မံရိုက်သဖြင့် အမှုဖြစ်ကာ မုံရွာ၌ ထောင်ကျလေတော့၏။

ထောင်ကျပြီဆိုတော့လည်း မွေးမိခင်ခမျာ မနေသာ၊ မုံရွာသို့လိုက်ကာ ထောင်မှူးကြီးအား ''ကျုပ်သား လူရိုက်မှုနဲ့ ထောင်ဘယ်နှစ်နှစ်ကျပါသလဲ''ဟုမေးရာ၊ ''အမေကြီး စိတ်မပူပါနဲ့ သုံးလထဲပါ''ဟု ပြန်ပြောလိုက်၏။ ထိုအခါ ခရီးကပန်း လူကလည်း နွမ်းလာသည်မို့ စိတ်တိုတိုနဲ့ ''ဟဲ့- သုံးလဆိုတာ နည်းသေးတယ်၊ သုံးနှစ်လောက်ချပြစ်လိုက်ရမှာ''ဟု ပြောလိုက်သဖြင့် ထောင်မှူးကြီးက ''ဟောဗျာ- အမေကြီးကတော့ လုပ်ပြီ''တဲ့။

မှန်ပါသည်- ရိုက်နှက်ခဲ့စဉ်က စည်ပတ်သံပြားနှင့် ဇော့ယမ်းကာရိုက်ခဲ့သည်မို့ အရိုက်ခံရသည့်လူနှစ်ယောက် မျက်နှာများ စုတ်ပြတ်ကာ အရုပ်ဆိုးအကျည်းတန်သွားသောကြောင့် သုံးလလောက်နှင့်တော့ အောင်မင်းတို့က ဖြုလိမ့်မည်မဟုတ်၊ သူ့အမေ ခရီးဝေးကလာရသဖြင့် ပင်ပန်းနွမ်းလျနေသည်ကိုကြည့်၍ အောင်မင်းတစ်ယောက်စိတ်ကတော့မကောင်း။ ''ဘာလို့ လိုက်လာတာလဲ အမေရယ်''ဟု ပြောချင်သော်လည်း သူ့အပေါ်ထားသည့် အမေ့စေတနာ အမေ့မေတ္တာကို သိပြီးသားမို့ မမေးဖြစ်တော့။

သားလူမိုက်ကြောင့် မုံရွာကို ထောင်ဝင်စာလာတွေ့ရသည့်အမေ၊ ကလေးတမူးသာမက တစ်ပဲတစ်မတ်တိုင်အောင် လိုက်လာရရှာသည့်အိုကြီးအိုမ အမေ့ဘဝကို မကြည့်ရက်၊ **''ငါ့အတွက်နဲ့ အမေ ဒီလိုနေရာမျိုး နောက်ဘယ်တော့မှ မရောက်စေရ''**ဟု ဆုံးဖြတ်လိုက်မိပါသတဲ့။ ငရဲရောက်မှ ကျောင်းဆောက်ချင်လို့မရကြောင်း အောင်မင်းတစ်ယောက် သဘောပေါက်ခဲ့ပြီ၊ အချိန်တန်လို့ထောင်ကထွက်လာပြန်တော့ မြို့ပေါ်မှသူ့သူငယ်ချင်းများနှင့်တွေ့သည့်အခါ ''ထောင်ဝင်စာလာမတွေ့ရကောင်းလား'' ဟု အပြစ်တင်မိရာ၊ သူငယ်ချင်းဖြစ်သူ၏အပြောက **''ငါ့အမေကမှာထားတယ် လူတစ်ယောက်ကိုပေါင်းရင် ထောင်ဝင်စာသွားတွေ့ရတဲ့ အဆင့်ထိရောက်အောင် မပေါင်းရဘူး''**တဲ့၊ ထိုစကားက အောင်မင်းနားထဲမှမထွက်။ သူငယ်ချင်းကလည်း ယခင်ကလို ဟက်ဟက်ပက်ပက်မရှိ။

သည်လိုနှင့်ထောင်ကထွက်လာ၊ ရွာပြန်ရောက်သည့်အခါမှာတော့ **''အဖြစ်ကတော့ မနှစ်ကနဲ့မတူ''**ဆိုတာလို အောင်မင်းတစ်ယောက် အပြောင်းလဲကြီး ပြောင်းလဲသွားခဲ့ပြီ၊ (လူတစ်ယောက်ရဲ့ဘဝကို ခေါက်ရိုးကျိုးပုံစံခွက်ထဲထည့်၍ ပုံသေသတ်မှတ်လို့

မရနိုင်ပါလား) သားလူဆိုးလူမိုက်အပေါ်ထားခဲ့သော အမေ့မေတ္တာတရားက ရောင်ပြန်ဟပ်ပြီ–ဟုဆိုနိုင်၏။ အရက်ကို ညရေ–မနက်ရေဆက်အောင်သောက်ခဲ့သော သားတော်မောင်တစ်ယောက် ရွှေရင်ကျော်ဂိုဏ်းဆရာတစ်ဦးထံ တပည့်ခံအရက်ဖြတ်ကာ တစ်သက်စာ လှူလိုက်သောကြောင့် အမေအိုခမျာ သိန်းသုံးရာဆုကြီးပေါက်သည်ထက်ပင် ပို၍ဝမ်းသာနေရ၏။ စိတ်မိုက်စိတ်ရိုင်းတွေဝင်စေသည့် အရက်ကိုဖြတ်လိုက်မှတော့ နောက်ဆက်တွဲ မကောင်းမှုဒုစရိုက်အရေခွံကို ခွာချဖို့လည်းဝန်မလေးတော့ပေ၊ (သုံးပုံပိဋကတ် လျှာပြတ်အောင် ဟောသော်လည်း နားကြောလေးတောင် စိမ့်မည်မထင်ခဲ့ရသော အောင်မင်း) ယခုတော့ မိဘအပေါ်လိမ္မာလာသည့်သားကောင်းတစ်ယောက်၊ တခြားလိမ္မာလှပါသည်ဆိုသော မောင်နှမများပင် သူ့ကိုလိုက်မမီတော့၊ နောက်ဆုံး အမေ့ထမီကိုပင် လျှော်ဖွပ်ပေး၏။ အောင်မင်း၏အစ်ကိုတော်များ အမေ့ထမီမပြောနဲ့ အင်္ကျီလေးခြုံတဘက်ကလေးများပင် လျှော်ဖွပ်ပေးဖူးပါသလား။

(ဒီကောင်လေးယောက်ခြောက်–ရပ်ရှင်ဇာတ်လမ်းမှ အငယ်ဆုံးသားနှင့်ပင် တူနေသေးတော့၏၊ ၎င်းဇာတ်ကား၌ အစ်ကိုနှစ်ယောက်က လိမ္မာသည်ဟုဆိုသော်လည်း မိဘအပေါ်မသိတတ်၊ ကိုယ့်အတွက်တော့သိတတ်ကြ၏။ မိဘတွေ အဆင်ပြေမပြေကိုမကြည့်၊ အကြောင်းအမျိုးမျိုးပြကာ တောင်းတတ်ကြ၏။

ဘိန်းမှုနှင့်ထောင်မှလွတ်လာသူညီငယ်က အများအမြင်မှာဆိုးမိုက်သော်လည်း မိဘအပေါ်တော့ သိတတ်လွန်းလှ၏။ ထောင်မှထွက်ကာ ကြီးပွားချမ်းသာသွားသော်လည်း အောက်ခြေမလွတ် ဘဝမမေ့၊ မိဘအပေါ်သိတတ်လိုက်သည်မှာ နှစ်ယောက်မရှိ၊ သူ့အမေရှိရာ မကြာခဏလာ၍ မိခင်မျက်နှာ အားရအောင်ကြည့်လျက် "**အမေဘာလိုသေးလဲ၊ ဘာလှူချင်လဲ၊ ဘာလိုချင်လဲ၊ ဘာလုပ်ချင်လဲ၊ ဘယ်သွားချင်လဲ၊ အမေဖြစ်ချင်တဲ့ဆန္ဒအားလုံး ပြည့်စေရမယ်**"ဟု တတွတ်တွတ်ပြောကာ ပြန်ခါနီးမှာ အမေ့ထမီကိုလျှော်ဖွပ်ပြီး လက်အုပ်ချီကန်တော့နေစဉ်၊ အစ်ကိုဖြစ်သူနှစ်ယောက်ကတော့ ညီငယ်ကို အိမ်အပေါ်ထပ်မှလှမ်းကြည့်ကာ သူတို့ကိုယ်သူတို့ အောက်ပါအတိုင်း မေးနေကြလိမ့်မည်ထင်သည်–

"**ငါတို့အမေကို ရှိခိုးဦးချဖူးရဲ့လား**"

"**အမေ့ထမီကို လျှော်ဖွပ်ပေးခဲ့ဖူးသလား**"ဟူ၍။

နောက်ဆုံးပြောချင်သည်မှာ တချို့သားသမီးများ အများအမြင်မှာလိမ္မာသော်လည်း မိဘအပေါ်မသိတတ်ကြ၊ တချို့က မလိမ္မာသူ–ဟု သတ်မှတ်ခံထားရသော်လည်း မိဘအပေါ် သိတတ်ကြ၏။ မိမိကြားဖူးသောစကားတစ်ခုမှာ (**အတိုင်းအတာကြီးကြီးမားမား**

တစ်ခုအထိ ဆိုးသွမ်းခဲ့ပြီးမှ– လိမ္မာလာတဲ့သူဟာ အစကတည်းက တစ်ခါမျှမမိုက်ဖူး သေးတဲ့ လူလိမ္မာထက်ပိုပြီး လိမ္မာတယ်) တဲ့။ ထို့ကြောင့် မိုက်ပြီး ပြန်လိမ္မာမှာ တကယ်သေချာတယ်ဆိုရင်တော့ အစွမ်းကုန်မိုက်ကြည့်လိုက်ကြစမ်းပါ၊ မသေချာရင်တော့ လုံးဝသွားမမိုက်လေနှင့်–ဟုသာ ပြောချင်ပါသည်။

* တချို့က အစကောင်းပြီး အနှောင်းမှာညံ့တယ်၊
* တချို့က အစမကောင်းပေမယ့် အနှောင်းမှာကောင်းနေပြန်ရော၊
* တချို့က အစလည်းမကောင်း အနှောင်းမှာလည်း ညံ့ဖျင်း၊ ကိုယ့်ကိုယ်ကို ပြုပြင်ပုံသွင်းလို့မရ၊ ရေစုန်မျောနေလိုက်ကြတာ၊ နောင်တမရမီအထိပါပဲ၊ မွေးလာကတည်း က အစလည်းမကောင်း၊ အဆုံးလည်းမကောင်းနဲ့ တချို့သားသမီးများ ခုထိ ခေါင်းမာ မိုက်မဲနေတုန်းပဲလေ။

## စဥ်းစားသိနှင့် ခံစားသိ

"နင်တို့ကိုယ်တိုင်အိမ်ထောင်ကျ သားသမီးတွေရ မိဘတွေဖြစ်လာမှ မိဘ ကျေးဇူးမိဘမေတ္တာကို အလိုလိုသိလာကြလိမ့်မယ်"ဟူသောပြောစကားမျိုးကို ကြားဖူး ကြပေလိမ့်မည်၊ ၎င်းစကားရပ်ကိုအနည်းငယ်ရှင်းပြဦးအံ့–ရှေးဦးစွာ စဥ်းစားသိ,ခံစားသိ ဟု မခွဲခြားသေးပဲ ရိုးရိုးသာမန်အားဖြင့် ကျေးဇူးသိ,မသိကို ဆန်းစစ်၍ခွဲခြားကြည့်မည် ဆိုပါက ယနေ့ခေတ် လူငယ်လူရွယ်များအနက် မိဘကျေးဇူးမသိသူကနည်း၍ သိသူက ပို၍ပင်များပါလိမ့်မည်၊ လူငယ်ဆယ်ယောက်တွင် ကိုးယောက်ကသိ၍ ကျန်တစ်ယောက်က လုံးဝမသိ–ဟု အချိုးအစားကို အကြမ်းဖျင်းခွဲကြည့်မိ၏။

မိဘကျေးဇူးလုံးဝမသိ–ဟူရာ၌"စဥ်းစားသိလည်းမရှိ ခံစားသိလည်းနတ္ထိ ဘာဆို ဘာမျှမသိ"ဟု ဆိုလို၏။ ၎င်းသားသမီးမျိုးသည် သိအောင်ကိုယ်တိုင်လည်းမကြိုးစား၊ လူကြီးမိဘဆရာသမားတို့ ပြောဆိုဆုံးမသည်ကိုလည်းနားမထောင်၊ "ငှဲဖင်ခေါင်းကျယ်၍ ကျွဲခေါင်းထွက်သည်"ဟူသောစကားပုံကဲ့သို့ မိမိအထက်တန်းရောက်သည်ကိုပင် (ငါတော် ၍ဖြစ်သည်)ဟု မှတ်ထင်ကာ မိဘတို့၏စေတနာမေတ္တာ ကျေးဇူးတရားများကို ဥပေက္ခာ လုံးဝပြုထားတတ်ကြ၏။

ထိုကဲ့သို့ မိဘကျေးဇူးမသိသည့် သားသမီးများသည် ကိုယ်တိုင်ရင်သွေးရတနာ ရ၍ မိဘနေရာရောက်လာသော်လည်း မိဘကျေးဇူးကိုသိဖို့ခဲယဥ်းလှ၏။ မိဘကျေးဇူးမှ မသိလျှင် တခြားပုဂ္ဂိုလ်များ၏ကျေးဇူးတရားကား ဆိုဖွယ်ရာပင်မရှိချေ၊ ကျေးဇူးမသိလျှင်

ကျေးဇူးဆပ်ဖို့မပြောနှင့်၊ မြေမျိုခံရသည်–ဆိုသော မရင်ရွှေနှင့် မောင်ချစ်ဖေတို့ကဲ့သို့ ကျေးဇူးကန်းဖို့ပင် ဝန်လေးတော့မည်မဟုတ်ချေ။

မိဘကျေးဇူးသိသောသားသမီးတို့ကား (အထက်၌ ကိုးဆယ်ရာခိုင်နှုန်း–ဟု ပြောခဲ့သလို) အများအပြားရှိ၏။

**မှန်ပါသည်–** ဗုဒ္ဓဘာသာမြန်မာလူမျိုးတို့သည် မိဘကျေးဇူး အထူးဆပ်ပြ မြတ်ဗုဒ္ဓ၏အဆုံးအမအောက်မှာ လူးလားမြောက်ကာ ကြီးပြင်းလာကြသူများပီပီ မိဘများကလည်း သိမ်မွေ့နူးညံ့သောမေတ္တာတရားဖြင့် သားသမီးတွေကိုချစ်ကြ၊ သားသမီးများကလည်း မိဘနှစ်ပါး၏ကျေးဇူးကိုသိကြ၊ တချို့သိရုံမျှမက ကျေးဇူးဆပ်တဲ့ သားသမီးကကျေးဇူးဆပ်၊ ကျေးဇူးဆပ်ဖို့ကြိုးစားတဲ့သားသမီးကကြိုးစားနဲ့ အများအပြား တွေ့မြင်ရသည်မှာ ကြည်နူးစရာကောင်းသလို သာဓုခေါ်စရာလည်းကောင်းလှပါ၏၊ ထိုကဲ့သို့ ကျေးဇူးသိလျက် ပြန်ဆပ်ချင်စိတ်ရှိနေသူသည် အကယ်၍အခွင့်မသာလို့ ကျေးဇူးမဆပ်ဖြစ်လျှင်သော်မှ ကျေးဇူးကန်းတဲ့အဖြစ်မျိုးနှင့် တိုးဖို့ခဲယဉ်း၏။

တချို့သားသမီးများကား မိဘကျေးဇူးကိုမသိ၍မဟုတ် သိပါ၏၊ သို့သော် **(သူ၏ ကျေးဇူးအထူးသိလျက် အဆပ်ခက်)**ဟူသောစကားလို မိဘကျေးဇူးကိုမဆပ်၊ မိဘ အပေါ် ဆိုးမိုက်နေကြတာမျိုးလည်းရှိ၏။

## ကျေးဇူးသိလျက် အဘယ့်ကြောင့်မဆပ်ကြသနည်း?

သားသမီးဆယ်ယောက်မွေးထားသော်လည်း ဆယ်ယောက်လုံးမိဘကျေးဇူးကို မဆပ်နိုင်ကြ၊ စီးပွားရေးအဆင်ပြေသည့် နှစ်ယောက်လောက်ကသာ ပစ္စည်းဥစ္စာထောက်ပံ့၍ ကျေးဇူးဆပ်နိုင်၏၊ (ဤနေရာ၌ မိဘဝေယျာဝစ္စကိုပြုလုပ်ပေး၍ ကာယအားဖြင့် ကျေးဇူးဆပ်နည်းကို မဆိုလို)၊ ကျန်ရှစ်ယောက်က မိဘကျေးဇူးကိုမသိ၍မဟုတ် သိကြ၏၊ သို့သော် ဆပ်နိုင်သည့်အင်အားနည်းပါးသောကြောင့်သာ မဆပ်ကြခြင်းဖြစ်၏၊ တချို့သား သမီးများ မိဘကျေးဇူးကိုသိပါသော်လည်း သူတို့လက်ရှိဘဝအဆင်ပြေဖို့နှင့် မျိုးဆက်သစ် တွေအတွက် ရှန်းကန်လှုပ်ရှား ဦးစားပေးလွှန်းနေကြသည့်အတွက် မိဘအပေါ်မေ့လျော့ ကာ ကျေးဇူးမဆပ်ဖြစ်ကြတာမျိုးလည်းရှိ၏။

## ကျေးဇူးသိလျက် အဘယ့်ကြောင့်ဆိုးမိုက်နေကြသနည်း?

ကောဓော အတ္ထံ န ဇာနာတိ– လောဘော အတ္ထံ န ဇာနာတိ–ဟုဆိုသည့် အတိုင်း မရင်ရွှေ မောင်ချစ်ဖေတို့ကဲ့သို့ မိဘကျေးဇူးလုံးဝမသိရုံမက ဖြစ်ပေါ်လာသည့် ဒေါသတရားကြောင့် အကျိုးအကြောင်းကိုမဆင်ခြင်နိုင်ခြင်း၊ မောင်အောင်မင်းကဲ့သို့

လူမှန်း သူမှန်းမသိအောင် အရက်မူးလွန်သဖြင့် မောဟအမှောင်ဖုံးကာ မိုက်လုံးကြီးခြင်း၊ အဇာတသတ်ကဲ့သို့ မိဘကျေးဇူးရှိမှန်းသိသော်လည်း ဆရာမိုက်နှင့်ပေါင်းမိ၍ ၎င်းအသိကို (မင်း–လုပ်ချင်သည့်)လောဘအမှောင်ကဖုံးလွှမ်းထားခြင်း၊ (ဝါ) မိဘကျေးဇူးသိရာ၌ ခံစားသိအဆင့်မျိုးမဟုတ်ပဲ စဉ်းစားသိအဆင့်မျိုးသာရှိသေးခြင်း၊ မင်းကတော်မဉ္ဇွန့်မေ ကဲ့သို့ ဂုဏ်ပကာသန မက်မောမှုကြောင့် မိဘကျေးဇူးသိလျက် မသိဟန်ဆောင်ခြင်း– အစရှိသည်ဖြင့် အကြောင်းအမျိုးမျိုးရှိကြပေလိမ့်မည်။

အမျ-းနှင့်ဆိုင်၍ သေချာသည့်အကြောင်းတစ်ခုကတော့ “မိဘမေတ္တာကို တကယ်နားမလည်, မိဘကျေးဇူးကိုတကယ်မသိသေးသောကြောင့်”ဟုသာ ဆိုချင်ပါသည်။ မိမိသည်ပင် ကျေးဇူးရှင်ဖခင်အပေါ်၌ မိုက်ရိုင်းစော်ကားခဲ့မိ၏။ ဒါဖြင့် မိဘကျေးဇူး မသိလို့လားဆိုတော့ မဟုတ်ပါ၊ သိပါ၏။ (သိလွန်းလို့ သူများကိုပင် တရားဟောနေ လိုက်သေး၏)

သို့သော်– မိမိအသိကအပေါ်ယံလောက်သာ ဆင်ခြင်စဉ်းစား၍ သိသည်ဖြစ် ရကား တကယ့်ကို ကိုယ်ချင်းစာတရားဖြင့် ခံစားနားလည်သည့် အသိမျိုးမဟုတ်သေး သောကြောင့်တည်း။ မိဘကျေးဇူးသိသည်ဆိုရာ၌ စဉ်းစားသိ ခံစားသိ–ဟု နှစ်မျိုးရှိ ကြောင်း၊ မိမိ၏အသိမှာ စဉ်းစားသိအဆင့်မျိုးသာဖြစ်ကြောင်း၊ မိမိနည်းတူ ခံစားသိ အဆင့်မျိုးမရှိသူမှန်သမျှ တစ်ခါတရံ မိဘတို့အား ပြန်လှန်၍ ပြစ်မှားပြောဆိုမိ တတ်ကြောင်းကို ပြောလိုရင်းဖြစ်၏။

ဉပမာတစ်ခုပြရလျှင် ဘုရားအလောင်းတော်သိဒ္ဓတ္ထမင်းသားအား ဥယျာဉ်တော် သို့လိုက်ပို့သည့် ရထားထိန်းနှင့်တကွ လောကလူသားများလည်း “တို့တတွေ တစ်နေ့ သေကြရမယ်”ဆိုတာ သိကြ၏။ သို့သော်–သိဒ္ဓတ္ထမင်းသား လူသေနိမိတ်ကိုမြင်၍ “ငါလည်း တစ်နေ့သေရမှာပါလား”ဟူသော သိပုံမျိုးနှင့်မတူ၊ သိဒ္ဓတ္ထ သိသည်ကား ပါးစပ်ဖျားမှမဟုတ်၊ ရင်ထဲနှလုံးသားထဲကခံစားပြီး သိခြင်းမျိုးဖြစ်၏။ (တစ်နည်းအားဖြင့်) လူသေနိမိတ်ကိုမြင်ရာ၌ အများသူငါလို ကံမျက်စိဖြင့်မြင်သည်မဟုတ်၊ ဉာဏ်မျက်စိဖြင့် ထွင်းဖောက်၍မြင်ခြင်းမျိုးဖြစ်၏။ ထို့ကြောင့်လည်း ကိုယ်တိုင်သေဆုံးလိုက်ရသည်နှင့်မခြား သေခြင်းတရားအပေါ် ထိတ်လန့်ကြောက်ရွံ့ကာ မသေရာကို ရှာဖွေတော်မူခဲ့သည် မဟုတ်ပါလား။

မိဘတို့မည်သည် သားသမီးကိုချစ်တယ်ဆိုတာလည်း ယခုမှမဟုတ်၊ ကမ္ဘာဦး အစကပင် ဖြစ်ပါလိမ့်မည်၊ အသိဉာဏ်မရှိသည့်တိရစ္ဆာန်များပင် မိမိတို့ရင်သွေးကို ချစ်တတ်ကြပါလျှင် အသိဉာဏ်ရှိသည့်လူသားမိဘများမှာ အဘယ့်ကြောင့် ကိုယ့် ရင်သွေးကို မချစ်ပဲရှိပါအံ့နည်း၊

အဇာတသတ်မင်းသားလည်း မိဘတို့ကသားသမီး ကိုချစ်တယ်–ဆိုတာ မသိပဲနေမည်မဟုတ်၊ ဘုရင့်သားတော်တစ်ပါးအနေနဲ့ သူ့ဆရာသမားတွေက သင်ပေးကြပါလိမ့်မည်၊ ထိုစဉ်ကသိခဲ့ရပုံနှင့် ယခု သားတော်လေးတစ်ပါး ရလာတဲ့အခါမှာ သိတဲ့အသိ ကွာခြားလွန်းလှ၏၊ ဥပမာအားဖြင့်– ဤကမ္ဘာလောကကြီး၌ မည်သည့်အရာဝတ္ထုကိုမဆို ကိုယ်တိုင်သုံးစွဲ စားသောက်ဖူးမှသာလျှင် ထိုအရသာကို ဂဃနဏ သေချာစွာသိနိုင်၏။

"အဗ္ဗန္တရသရက်သီးသည် မည်မျှလောက်ကောင်းပါ၏"ဟု စာတွေ့နှင့်ပြောနေသော်လည်း ငါတွေ့နှင့်သဘောမကျဖူးသောသူသည်ကား ယုံမှားသံသယရှိမည်မှာ မုချကေန်ပင်ဖြစ်၏၊ သင်္ဂဇာစကားပုံစာအုပ်၌ပါသော "**လင်ယူရတဲ့အရသာကို အစ်မကြီး ကိုယ်တိုင် လင်ယူကြည့်မှ သိပါလိမ့်မယ်**"ဟူသောစကားမျိုးလိုပင် ဖြစ်ပါလိမ့်မည်၊ ထို့အတူပင် သားသမီးမရှိ၍ မိဘနေရာမရောက်သေးသော ပုဂ္ဂိုလ်များကား မိဘတို့၏ အချစ်သဘောကို ပေါ်လောပေါ်အောင် ကျနစွာသိနိုင်ကြမည်မဟုတ်ချေ၊ သူ့လိုငါ့လို သာမန်အချစ်မျိုး–ဟူ၍သာ ရိုးရိုးမှတ်ထင်ကြပေလိမ့်မည်။

အများသိပြီးဖြစ်သည့် အဇာတသတ်ဇာတ်လမ်းကိုကြည့်ပါ၊ သားရတနာဖွားမြင်ကြောင်း ကြားသိရသည်နှင့်တပြိုင်နက် သားလေးမျက်နှာကိုမှ မမြင်ရသေးခင် ရွှင်ပျနှစ်သိမ့် ပီတိစိမ့်လာပြီးသော် သား၌ချစ်အပ်သောအချစ်ဓာတ်သည် တစ်ကိုယ်လုံးကို တုန်လှုပ်ချောက်ချားစေ၍ ရိုးတွင်းချဉ်ဆီအထိ တည်ရှိသောအခါကျမှ ဖခမည်းတော်ကို သတိရပြီးလျှင် (**ငါ၏ ကျေးဇူးရှင်ဖခင်သည် ငါ့ကိုဖွားမြင်သောအခါ ဤကဲ့သို့ပင် ချစ်ရှာမှာပဲ**) ဟု ကိုယ်တွေ့ကြုံမှ မိဘအချစ်ကို ယုံလေတော့၏၊ "**ပြောမယုံ ကြုံဖူးမှသိ**"ဟူသောစကားအတိုင်းပင်။

ရင်သွေးလေးရလာပြီဆိုတော့မှ ဖခင်ကြီးအကြောင်းကို သူကပင်စတင်၍မေးခဲ့၏၊ အဇာတသတ်မမေးပဲနှင့် မယ်တော်ကြီးက သူ့သဘောနှင့်သူ ပြောပြခဲ့ခြင်းမဟုတ်ပါ။ ဤနေရာ၌ ဖခင်ကိုလုပ်ကြံခဲ့သည့် အဇာတသတ်–မိဘကျေးဇူး မိဘမေတ္တာကိုမသိ၍ မဟုတ်၊သိပါ၏၊ သို့သော် ရင်သွေးရတနာမရမီက သိခဲ့ရသည်များမှာ စဉ်းစားသိ–သာဖြစ်၍ ခံစားသိမျိုး–မဟုတ်ချေ၊ အကယ်၍သာ ဖခင်အား နန်းမချမီကပင် ထိုခံစားသိမျိုးရှိပါက ဆရာဒေဝဒတ်အကြံပေးစေကာမူ အဖသတ်သား ဖြစ်လာမည်မဟုတ်ချေ၊

ယခုတော့ ခံစားသိမျိုးရှိလာပြီဆိုသည်နှင့် ဖခင်၏အသက်ကို မီလိုမီငြား ချက်ချင်းအလွှတ်ခိုင်းခဲ့ပါသေး၏၊ သို့သော် (*ယခုပင် အကျဉ်းကလွှတ်စေ × မိန့်မှာသော်လည်း နှောင်းခဲ့လေပြီ× ဝေဒနာခံစား နတ်ရွာစံ ကံတော်ကုန်ပါပေါ့ဘုရား*)ဟူသော

ဆရာကြီးရွှေတိုင်ညွန့်၏ သီချင်းစာသားအတိုင်း အဇာတသတ်အတွက် အရာအားလုံး နောက်ကျသွားခဲ့ရတော့၏။

ထိုနည်းတူစွာ မင်းကတော်မညွန့်မေ သမီးဦးရတနာလေးမရမီက မိခင်ကျေးဇူး မိခင်၏စေတနာမေတ္တာကို သိခဲ့ရခြင်းသည် ''ဩော်-ငါ့အမေဟာ ဘူးသီးကြော်ရောင်းရင်း ဆင်းရဲဒုက္ခမျိုးစုံခံပြီး ငါ့ကိုကျွေးမွေးပြုစုစောင့်ရှောက်ခဲ့တာပါလား''ဟု တွေးတောကြံဆကာ စဉ်းစား၍သိခြင်းမျှသာဖြစ်၏။ သမီးလေးမွေးဖွားပြီးနောက် သူ့ရင်တွင်း၌ဖြစ်ပေါ်လာသော ''**သမီးအပေါ်ချစ်သည့် မိခင်တစ်ဦး၏မေတ္တာ**''ကို မညွန့်မေကိုယ်တိုင် ပြန်မြင်လိုက်ရသည့်အခါ၌ကား အတိုင်းအဆမရှိသော ကွယ်လွန်သူမိခင်ကြီး၏ မေတ္တာတရားကို ရင်နှင့်အမျှ နားလည်ခံစား၍ သိလိုက်ရတော့သည်၊ သိပုံချင်းမတူကြပေ။ ဤသို့လျှင် မိဘနေရာရောက်မှ မိဘမေတ္တာကို ပို၍ပို၍ သိနားလည်လာရသဖြင့် သားသမီးဘဝကတာဝန်မကျေခဲ့သူများပင် မိဘဖြစ်လာကြသည့်အခါ ခါတိုင်းထက်ပို၍ မိဘအပေါ် တာဝန်ကျေချင်လာတတ်ကြ၏။

ထို့ကြောင့် (**နင်တို့မိဘနေရာရောက်မှ မိဘမေတ္တာသိနားလည်လာရလိမ့်မယ်**) ဟူသောစကားရပ်၌ စဉ်းစားသိမဟုတ်ပဲ ခံစားသိမျိုးကိုသာဆိုလိုကြောင်း၊ ထိုအသိနှစ်မျိုးလုံး တချို့မှာသာရှိ၍ တချို့မှာ (မိဘနေရာရောက်နေတာတောင်) မရှိကြကြောင်း၊ မည်သည့်အသိမျိုးပင်ဖြစ်စေ မိဘနေရာရောက်မှသိလျှင် ထိုအသိနှင့်အတူ နောင်တတရားက ကပ်၍ပါလာတတ်ကြောင်း၊ ''**စိတ်နောင်တ**''ဟူသည် ''**ရုပ်ထောင်ကျ**''သည်ထက်ပင် ပို၍ဆိုးကြောင်း၊ နောင်တအပြစ်ဒဏ်ကို သူများကခတ်သည်မဟုတ်၊ မိမိကိုယ်ကို မိမိပင် ပြန်၍ခတ်ကြောင်း၊ ''**သမီးမိုက်ကို အမေအဖေတို့ ခွင့်မလွှတ်ကြပါနဲ့ သေအောင်သာ သတ်လိုက်ပါတော့၊ (ဒါမှမဟုတ်)- သမီးအဖြစ်က စွန့်လွှတ်လိုက်ကြပါတော့**'' ဟု ဆိုလာလျှင်၊ မိဘတွေက အပြစ်ဒဏ်ခတ်သည်ထက် ''**ခွင့်လွှတ်ပါတယ် သမီးရယ်**''ဟူသော မေတ္တာစကားက သမီးဖြစ်သူ၏ရင်မှာ ပို၍ပင် ထိခိုက်နာကျင်စွာ ခံစားရတတ်ကြောင်း သိရှိနားလည်ဖို့ ကောင်းလှပေတော့၏။

## ကိုယ်ပြုသည့်ကံ ကိုယ့်ထံပြန်

စတုတ္ထပိုင်းလာ ဤမျှသောစကားအစဉ်ဖြင့် မိမိတို့ပတ်ဝန်းကျင်ရှိ ပြင်ပလူ့လောကအတွင်းမှ မိဘနှင့်သားသမီးတို့အကြား သင်ခန်းစာယူစရာ၊ အတုယူစရာ ဆောင်ရမည့်အချက် ရှောင်ရမည့်အလက်များကို တင်ပြခဲ့ပြီးဖြစ်၏။။

မိဘနှင့်သားသမီး ဟူရာ၌ကောင်းသည်လည်းပါ၏။ မကောင်းသည်လည်းပါ၏၊

အကြမ်းဖျင်းအားဖြင့် အနည်းအများ ခွဲခြားကြည့်ပါမူ **"မိခင်ကောင်းဖခင်ကောင်းတို့သည် မိခင်ဆိုးဖခင်ဆိုးတို့ထက် ပို၍များသလို၊ သားဆိုးသမီးမိုက်များထက် သားလိမ္မာသမီးရတနာတို့က ပို၍များသည်"**ဟုသာပြောချင်ပါသည်။

ဆရာတော်ဦးဇနက၏ ကိုယ်ကျင့်အဘိဓမ္မာစာအုပ်၌ကား **"သားကောင်းသမီးကောင်း ရှားသလောက်၊ မိဘကောင်းလည်း ရှားသည်ပင်"**ဟု မှတ်ချက်ပြုထား၏။ မဃဒေဝလင်္ကာနှင့် ပုတ္တောဝါဒဆုံးမစာတို့၌ကား **"မိကောင်းဖခင်၏ သားသမီးဖြစ်ဖို့လွယ်ကူသော်လည်း သားကောင်းသမီးကောင်းတို့၏ မိဘဖြစ်ရန်ကား ခဲယဉ်း၏"**ဟူ၍လည်းကောင်း၊ **"မိဘကောင်းတို့၏ သားသမီးတွေ များစွာတွေ့နေရသော်လည်း သားကောင်းသမီးကောင်း၏ မိဘတို့ကားရှား၏"**ဟူ၍လည်းကောင်း ပြဆိုထားသည်၊ ထိုသို့ဖြစ်ရခြင်းမှာ သားသမီးဆယ်ယောက်ကို မိဘကကျွေးနိုင်သော်လည်း မိဘနှစ်ယောက်ကို သားသမီးဆယ်ယောက်က ကျွေးမွေးဖို့ခဲယဉ်းလှသောကြောင့် ဖြစ်ပါသတဲ့။

*    **အဘကောင်းသား ခံရများ၏၊**
     **သားကောင်းအဘ ဖြစ်ခဲစွနှင့်။** (မဃဒေဝ)

*    **သားကောင်းမိဘ ခံရမည်ရေး အလွန်ဝေးစွ၊**
     **မိဘနှစ်ပါး ကောင်းသောသားကား**
     **များ၏လူတွင် ဖြစ်မည်ပင်တည်း။** (ပုတ္တောဝါဒ)

မည်သို့ဖြစ်စေ မတူညီနိုင်သည့်ဘဝအခြေအနေအမျိုးမျိုး၌ မိဘနှင့်သားသမီးတို့၏ဆက်ဆံရေးသည်လည်း ခြားနားမှုအဖုံဖုံဖြင့် ကွဲပြားနေကြမည်သာဖြစ်၏၊ ဤစတုတ္ထပိုင်း၌ကား မိဘကကောင်းသည်ဖြစ်စေ, မကောင်းသည်ဖြစ်စေ သားသမီးများအနေဖြင့် မိဘကိုမပြစ်မှား မစော်ကားဖို့အကြောင်းများကိုသာ သတိပေး၍ ရေးသားခဲ့ခြင်းဖြစ်၏။

မိဘကိုမပြစ်မှားကြဖို့ အဘယ့်ကြောင့်သတိပေးရပါသနည်း၊ **သဒိသံ ပါကံ ဇနေတိ**–ကံဟူသည် မိမိနှင့်တူသောအကျိုးကိုပေး၏–ဟူသော ကမ္မနိယာမအတိုင်း ငယ်စဉ်က မိဘကို ပြစ်မှားခဲ့လျှင် ကြီးလာသည့်အခါ သားသမီးတို့၏ပြစ်မှားခြင်းကို ပြန်၍ခံရတတ်သောကြောင့် ဖြစ်ပါသည်၊ အရာဝတ္ထုတိုင်းမှာ တန်ပြန်အကျိုးသက်ရောက်မှုဆိုတာ ရှိပါသတဲ့။

မှန်ပါသည်–ကိုယ်ကသူ့အကြောင်းကို စိတ်ဝင်စားမှ သူကလည်း ကိုယ့်အကြောင်းကို စိတ်ဝင်စားမည်၊ ကိုယ်ကသူ့အပေါ်ကောင်းခဲ့ပါမှ သူကလည်း ကိုယ့်အပေါ်ပြန်၍ကောင်းပေလိမ့်မည်၊ ကိုယ်ကမကောင်းလျှင် သူကလည်းပြန်၍ကောင်းမည်မဟုတ်၊ ကိုယ်ကမကောင်းပဲနှင့် သူ့ဆီကကောင်းမည်ကိုမျှော်လင့်နေလျှင် မောရုံသာပဲရှိပါလိမ့်မည်။ တချို့အိမ်များ၏ ညှော်ခန်းတွင် ညှော်သည်အတွက် အနေခက်သည်ဟုထင်ရသော

(သင်ကောင်းလျှင် ကျွန်ုပ်မဆိုးပါ) ဟု စာတမ်းချိပ်ဆွဲထားသည်ကို တွေ့ရတတ်၏။ (လူသာလာခဲ့ပါ ပြဿနာခေါ်မလာပါနှင့်–ဆိုတာလောက်တော့ မဆိုးလှသေးပါ)။

**"ယနေ့လူငယ်–နောင်ဝယ်လူကြီး"**ဟူသောစကားလို ယနေ့သားသမီးများသည် နောင်တစ်ချိန်မှာ မိဘနေရာသို့ ကေန်မုချရောက်လာကြရပေလိမ့်မည်၊ သားသမီးဘဝ ငယ်ရွယ်စဉ်က မိဘများအားပြုစုလုပ်ကျွေးခဲ့လျှင် ကိုယ်တိုင်မိဘဖြစ်လာသည့်အခါ ပြန်လည်၍ ပြုစုလုပ်ကျွေးခံရတတ်၏၊ ငယ်စဉ်က မိဘအပေါ်ဆိုးမိုက်ခဲ့လျှင် ကြီးလာ၍ မိဘနေရာ ရောက်သည့်အခါ ဆိုးမိုက်သည့်သားသမီးမျိုးနှင့် တိုးရတတ်၏၊ ငယ်စဉ်က သားသမီးတာဝန် ကျေခဲ့ပါလျှင် မိဘနေရာရောက်လာသည့်အခါ ဘာမျှစိုးရိမ်စရာမလိုပါ၊ သားလိမ္မာသမီးရတနာလေးတွေ အလိုအလျောက်ရောက်လာပါလိမ့်မည်၊

တန်ပြန်အကျိုးသက်ရောက်မှုက နောင်တမလွန်ထိအောင်ပင်မစောင့်၊ ယခုဘဝမှာပင် မိဘကိုပြုစုခဲ့လျှင် ပြုစုခဲ့သည့်အကျိုး ပြန်၍ခံစားရမည်၊ မိဘအပေါ်ဆိုးခဲ့လျှင် ဆိုးတဲ့အကျိုးပြန်ခံရမည်၊ (ဖခင်ကိုသတ်သည့် အဇာတသတ်သည်ပင် သူ့သား၏ ပြန်သတ်ခြင်းကို ခံခဲ့ရသည်မဟုတ်ပါလား၊ သတ်လိုက်ကြသည်မှာ အဖေကို သားကသတ်၊ သားကို သူ့သားကပြန်သတ်နှင့် အမျိုးအနွယ်ငါးဆက်တိုင်အောင် သားကအဖကို ပြန်သတ်ကြပါသတဲ့)။

**နောက်တစ်ခုပြောချင်သည်မှာ**–ကိုယ့်ဘက်ကကောင်းခဲ့ပါလျက် သူ့ဘက်ကဆိုးနေသည့်ကိစ္စဖြစ်၏၊ တချို့မိဘများသည် သူတို့ငယ်စဉ်ကလည်း မိဘအပေါ်ကောင်းခဲ့ကြ၏၊ မိဘဖြစ်လာသောအခါ၌လည်း သူတို့၏သားသမီးအပေါ် တာဝန်တွေကျေခဲ့ကြ၏၊ သို့ပါလျက် သားသမီးတို့၏ပြစ်မှားစော်ကားခံရခြင်း , မပေးမကျွေးပဲပစ်ထားခံရခြင်းများ ရှိရာ၌ ပစ္စုပ္ပန်ကံကြောင့်ကား မဖြစ်နိုင်၊ အတိတ်ကံကြောင့်သာ ဖြစ်ပေလိမ့်မည်၊ဗိမ္ဗိသာရမင်းဆိုလျှင် သူ့သားအပေါ် ကောင်းလိုက်သည်မှာ လက်ဖျားခါလောက်၏။။

သို့သော်–အဇာတသတ်က ပြန်မကောင်း၊ အတိတ်ကံဟောင်းကိုထည့်မတွက်ပဲ လက်ရှိပစ္စက္ခအခြေအနေကိုသာကြည့်၍ ဗိမ္ဗိသာရဇာတ်တော်ကို သုံးသပ်လေ့လာမည်ဆိုလျှင်တော့ ပရိသတ်က ဗိမ္ဗိသာရမင်းကြီးအပေါ်တွင် သနားစိတ်ဝင်၍ အဇာတသတ်မင်းကိုပင် အပြစ်တင်ကြပေလိမ့်မည်၊ အမှန်တကယ်အားဖြင့် **"ခြေဖဝါး ဓားခွဲ–ရှားမီးခဲမှာ ရဲရဲအကင်ခံရ ခြင်း"**သည် အတိတ်အကုသိုလ်ကံကြောင့်–ဟူသာ သိရပါက ဇာတ်ကောင်နှစ်ယောက်အပေါ်တွင် ပရိသတ်၏အမြင်က တစ်မျိုးတစ်ဖုံ ပြောင်းလဲသွားနိုင်၏၊ အဇာတသတ်အပေါ်မှာလည်း မုန်းတီးစိတ်တွေ လျော့ပါးသွားနိုင်လိမ့်မည်–ဟုထင်သည်။

ဥပမာ– ဆရာချစ်ဦးညိုက မည်သို့ရေးလိုက်သည်မသိ၊ "လင်္ကာဒီပချစ်သူ"ကို မဖတ်ဖူးသော်လည်း ဇာတ်ကောင်များအပေါ်တွင် ပရိသတ်အမြင် ပြောင်းကုန်သည်ဟု သိရ၏။ ဗိလိန်လူကြမ်း ဒသဂီရိသည် အချစ်ရူးသမားအဖြစ် သနားစရာကောင်းသော ဇာတ်ဆောင်မင်းသားနေရာ ရောက်သွားရုံမက ပြည်သူ့မေတ္တာကိုပင် ခံယူသွားလိုက်ပါသေး၏။

ဗိမ္ဗိသာရမင်း ကျူးလွန်ခဲ့သည့်အတိတ်ကံကိုလည်း ကြည့်ပါဦး၊ တစ်ခုသောဘဝမှာ ပန်းနံ့သာစသည်တို့ဖြင့် ပူဇော်ရာဖြစ်သော စေတီရင်ပြင်၌ ခြေနင်းစီးကာ သွားခဲ့ဖူးသောမကောင်းမှု၊ သံဃာတော်တို့၏နေရာအလို့ငှာ ကောင်းစွာပြင်ဆင်ထားသောအခင်းနေရာကို မြူလွှာရှိ၍ညွန်ကပ်သောခြေဖြင့် နင်းလေဖူးသောမကောင်းမှု၊ ဤအကုသိုလ်ကံများကြောင့် ဗိမ္ဗိသာရမင်းခမျာ (ကိုယ့်ပြုသည့်ကံ ကိုယ့်ထံပြန်)ဆိုတာလို ခြေဖဝါးဓားခွဲဆားနှင့်ပက်ပြီး၊ ရှားမီးခဲမှာ ရဲရဲအကင်ခံရခြင်းဖြစ်၏။ သည်အမှုကို အဇာတသတ်ပြုသည် မဟုတ်ပဲ ဗိမ္ဗိသာရမင်းကိုယ်တိုင် ပြုလုပ်ခြင်းဖြစ်သည်ဟု ဆိုနိုင်၏။

သဘောကတော့ "လမ်းမှန်မှန်လျှောက် လမ်းမပျောက်သော ဆရာတော်" အကြောင်း စာအုပ်ရေးသောပုဂ္ဂိုလ်အား "ခင်ဗျားရေးတဲ့ လမ်းမပျောက်သောဆရာတော်– စာအုပ်သိပ်ကောင်းတာပဲ"ဟု ပြောသည့်အခါ၊ ၎င်းစာအုပ်ရေးသူက "အဲဒါ ကျုပ်ရေးတာမဟုတ်၊ ကျော့လှာဆရာတော်ဘုရားကိုယ်တိုင် ရေးသွားတာပါ"ဟု ပြန်ပြောလိုက်သကဲ့သို့လည်းကောင်း၊ "ခင်ဗျားရေးတဲ့ ရောဝတီသီချင်း သိပ်ကောင်းတာပဲဗျာ"ဟု ဆိုလာသူအား သီချင်းရေးဆရာက "အဲဒါ ကျုပ်ရေးတာမဟုတ် ရောဝတီကိုယ်တိုင် ရေးသွားတာပါ"ဟု ပြောလိုက်သကဲ့သို့လည်းကောင်း၊ ယခုလည်း ဗိမ္ဗိသာရမင်းကိုယ်တိုင် သူ့ကိုယ်သူ ခြေဖဝါးဓားခွဲခြင်း ဖြစ်သည်ဟုပင် ဆိုရပါလိမ့်မည်၊ စကားပုံတောင်ရှိသေး၏။ **(ပြုသူအသစ်–ဖြစ်သူအဟောင်း)**တဲ့၊ ဖြစ်တဲ့သူက အတိတ်ကံပါလာလို့ဖြစ်ရတာ၊ သူပြုခဲ့လို့ သူဖြစ်ရတာမို့ ဘာကိုများသွား၍ သနားနေဦးမည်နည်း၊ ယခုဘဝ ပြုတဲ့သူကအသစ်၊ သူကတော့ သံသရာဘေးကိုမကြောက်လို့ ပြုနေမိတာပါလား–ဟု တွေးကာပို၍ပင် သနားစရာကောင်းနေသေးတော့၏။

**မှတ်ချက်**–(လွန်ခဲ့သောနှစ်ပေါင်း (၂၅၀၀)ကျော် ရှင်တော်ဗုဒ္ဓ၏ မျက်မှောက်ကာလမှာပင် သားအဖနှစ်ယောက်၏ ပဋိပက္ခအကြား မည်သူမျှ လူစွမ်းကောင်းလုပ်၍ ဖျန်ဖြေပေးလို့မရနိုင်၊ ကယ်တင်ဖို့လည်း မည်သူမျှ မစွမ်းနိုင်ခဲ့ကြပေ၊ ဖြစ်တဲ့သူ (ခံရတဲ့သူက) အတိတ်ကံဟောင်း ပါလာခဲ့ပြီမို့ ကယ်တင်လို့ မရနိုင်သလို၊ ပြုတဲ့သူကလည်း သံသရာဘေးကိုမမြင်တော့လောက်အောင် လောဘမောဟအမှောင်တိုက်တွေ ဖုံးလွှမ်းကာ

ထင်ရာစွတ်လုပ်နေသောကြောင့် သတိပေးတားမြစ်မည့်သူနှင့် ကင်းဝေးခဲ့ရ၏။

အနီးကပ်ရှိနေသူကလည်း မီးလောင်ရာ လေပင့်ပေးနေသည့် ဆရာဒေဝဒတ် ဆိုတော့ ပရိသတ်အားလုံး ပွဲပြီးဆုံးအောင်သာ ထိုင်ကြည့်နေကြရ၏။ ကျောင်းတော် မှာ သီတင်းသုံးနေတော်မူသည့် ဘုရားရှင်သည်ပင် ကျောင်းဒကာကြီး၏ သတင်းကိုကြား မည်ဖြစ်သော်လည်း အကျိုးပေးချိန်တန်နေသည့် အကုသိုလ်ကံတရားကို တန်နိုးစွမ်းအား ဖြင့် နောက်ပြန်ဆွဲထား၍ မရနိုင်ခဲ့ပါတကား။)

သားသမီးများကပစ်ပယ်ထားသဖြင့် ဆင်းရဲဒုက္ခရောက်နေသည့် မိအိုဖအိုများ ကို တွေ့မြင်ရလျှင် များသောအားဖြင့် သနားစိတ်ဝင်တတ်ကြ၏။ အတိတ်ကံတွေဘာတွေ ကြည့်နေကြမည်မဟုတ်၊ ကျောင်းတစ်ကျောင်းရှိ ဆရာတော်ကြီးတစ်ပါးအထံသို့ ဆွမ်းလာပို့သော ဒကာမတစ်ဦးက လျှောက်ထားသည်မှာ-

"လမ်းဘေးမှာ ထမင်းတောင်းစားနေတဲ့ အမယ်အိုတစ်ယောက်ကို မြင်ခဲ့ရတာ သနားစရာ၊ သူ့ခမျာ အကုသိုလ်များလှတဲ့ သားသမီးတွေကို လူဖြစ်အောင်မွေးခဲ့ရတယ်၊ အခုကျတော့ သားသမီးတွေက ပြန်မကြည့်ကြလို့ ကိုယ့်ထမင်း ကိုယ်ရှာစားနေရတယ်၊ ကြားလို့မှကောင်းကြသေးရဲ့လားဘုရား" ဟုလျှောက်ထားရာ၊ ဆရာတော်ကြီးက

> **"အေး- အကုသိုလ်များတဲ့ သားသမီးတွေကို မွေးမိတဲ့**
> **အဲဒီအမယ်အိုကိုယ်တိုင်က အကုသိုလ်တွေ များခဲ့လို့ပေါ့၊**
> **'ဘယ်သူမပြု၊ မိမိမှု' ဆိုတဲ့စကားရှိသားပဲ၊ တချို့ကိစ္စတွေမှာ**
> **သားသမီးတွေ အပြစ်ချည်းမဟုတ်ဘူးကွယ့်၊ ဒီတော့ သူများကို**
> **လိုက်သနားမနေနဲ့ ကိုယ့်ကိုယ်ကိုပဲ သနားကြ" လို့**
> **အမိန့်ရှိလိုက်ပါသတဲ့။**

ထို့ကြောင့် မိဘများကလည်း ကိုယ့်အပေါ် မိုက်ရိုင်းစော်ကားလာသည့် သားသမီးများအပေါ် မကျေမနပ် ဒေါသချည်းဖြစ်မနေပဲ၊ ယောနိသောမနသိကာရ (အကောင်းမြင်ဝါဒ) စိတ်ထားဖြင့် **"သြော်- ငါ့ရဲ့အကုသိုလ်ကံပါလာလို့ ဒီလို သားဆိုးသမီးဆိုးနဲ့ လာတိုးရတာပဲလေ"** ဟု ဖြေသိမ့်ပါက စိတ်သက်သာရာရပေ လိမ့်မည်၊ အကယ်၍ အလွန်လိမ္မာပြီး အလိုက်သိတတ်လွန်းသော တပည့်သားသမီးကိုရခဲ့ လျှင်လည်း **"သြော်- ငါတို့ ကုသိုလ်ကံကောင်းလို့ ရတာပါလား"** ဟု တွေးကာ ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြရမည်၊ အလိုက်သိကာ ယဉ်ကျေးလိမ္မာသည့် တပည့်သား သမီးမျိုး ရဖို့ကလည်း အလွန်ခဲယဉ်းလှသည့် ဒုလ္လဘတစ်ခုပင် မဟုတ်ပါလား။

**စတုတ္ထပိုင်း ပြီး၏။**

# သီတာရေစင်

## (ပဉ္စမပိုင်း)

## ကျေးဇူးဆပ်ကြ မိနှင့်ဖ



# သူတော်ကောင်းစိတ်ဓာတ် ကိန်းဝပ်စေ

ဤပဥ္စမပိုင်း၌ သူတော်ကောင်းပုဂ္ဂိုလ်များဖြစ်ကြစေရန် အတုယူစရာ မိဘကျေးဇူးဆပ် ဇာတ်လမ်းများကိုသာ ဦးစားပေးတင်ပြပါမည်၊ မိမိတို့ငယ်စဉ်ဘဝက မိဘဘိုးဘွားများ ကုသိုလ်ပြု အမျှဝေပြီးနောက် ဆုတောင်းလေ့ရှိကြသည်မှာ "**ဘဝသံသရာ အဆက်ဆက် သူတော်ကောင်းပုဂ္ဂိုလ်များဖြစ်ကြပြီးလျှင် မသူတော်နှင့် လွဲဖယ်၍ သူတော်သူမြတ်တို့နှင့်သာ ပေါင်းဖက်ရတဲ့ကိုယ် ဖြစ်ပါရစေ**"တဲ့။

သူတော်ကောင်းဖြစ်ပါရစေ–ဟုတော့ ဆုတောင်း၍ ရရိုးထုံးစံမရှိ၊ သူတော်ကောင်းဖြစ်အောင် ကိုယ်တိုင်မကျင့်သုံးပဲ ဆုတွေချည်း နင်းကန်တောင်းနေလို့ကတော့ အလကား အာညောင်းရုံပဲ ရှိပါလိမ့်မည်၊(ဝိဇ္ဇာညဏ်မပါ–ဓမ္မတာတောင်းမို့ အာညောင်းရုံပဲ ရှိကြလေတာ)ဆိုတဲ့ သီချင်းစာသားလိုပေါ့၊ တချို့များ "ဤကောင်းမှုကြောင့် မဂ်ဖိုလ်နိဗ္ဗာန် ရ–ရပါလို၏"ဟု ဆုတောင်းကြပြန်ရာ၊ နိဗ္ဗာန်ဆိုတာ ထားလိုက်ပါဦး၊ အဆင့်မြင့် လွန်းလှပါသေး၏၊ ယခုဘဝ သူတော်ကောင်းဖြစ်အောင်ကိုပဲ မနည်းကြိုးစားရဦးမည်၊ ထို့ကြောင့် သူတော်ကောင်းဖြစ်လိုသောပုဂ္ဂိုလ်သည်–

(၁) **သူပြုဖူးသောကျေးဇူးကို သိရမည်၊**
(၂) **သိသည့်အလျောက် အခွင့်ရောက်သည့်အခါ ပြန်လည်ကာပေးဆပ်ရမည်၊**
(၃) **မိတ်ကောင်းဆွေကောင်းရွေးပြီး ပေါင်းသင်းတတ်ရမည်၊**
(၄) **ရတနာသုံးပါးအား အမြဲကိုးကွယ်ဆည်းကပ်ရမည်၊**
(၅) **ဆင်းရဲဒုက္ခရောက်နေသူအား ကူညီရမည်။** (သရဘင်္ဂဇာတ်)

လောကလူသားများအတွက် ဤပစ္စုပ္ပန်ဘဝမှာ ကျေးဇူးအများဆုံးပုဂ္ဂိုလ်သည် မိဘနှစ်ပါးသာဖြစ်ကြောင်း ပြောခဲ့ပြီးဖြစ်၏၊ ထိုမိဘနှစ်ပါး၏ကျေးဇူးကိုသိ၍ ပြန်ဆပ်သည့် သားသမီးမျိုးကိုသာ လောကမှာ သူတော်ကောင်း–ဟု ပြောကြ၏။

(**မှတ်ချက်**– မိဘကို ပြုစုလုပ်ကျွေးသော သားသမီးသည် သပ္ပုရိသဂုဏ် အသားတက်၍ ဘုရားဘက်တော်သား ဘုရားနောက်လိုက်(ဝါ)ဘုရားဘက်ကလူ ဖြစ်သွားတော့၏၊ **အကြောင်းကား**–ဘုရားဖြစ်သည့်အခါ၌လည်းကောင်း ပါရမီဖြည့်ရာကာလ၌လည်းကောင်း မိဘကျေးဇူး အထူးဆပ်ပြုရာဝယ် ဗုဒ္ဓမြတ်စွာသည် ရှေ့သွားခေါင်းဆောင်စံပြပုဂ္ဂိုလ်ကြီးဖြစ်သောကြောင့်တည်း)။

ထို့ကြောင့်ပင် မိဘကိုဆွမ်းခံကျွေးသည့် သူဌေးသားရဟန်းတော်ကလေးအား "သင်ချစ်သားသည် ငါဘုရားသွားသည့်လမ်းခရီး၌ တည်သောသူဖြစ်၏"ဟု ချီးမွမ်းစကား မိန့်ကြားတော်မူခဲ့သည် မဟုတ်ပါလော။

ဤသူတော်ကောင်းလက္ခဏာ (၅)မျိုး၌ ဘုရားဒကာ ကျောင်းဒကာ ရဟန်းဒကာ ဖြစ်ရမည်ဟု မဆိုလို၊ တချို့များ ဘုရားတည်ကျောင်းဆောက်ကာ ဘုရားဒကာ ကျောင်းဒကာအမည်ခံကြပါသော်လည်း အသက်ထင်ရှားရှိဆဲ မိဒိုဖအိုများကိုတော့ စိတ်ကျေနပ်လောက်အောင် မပြုစုပဲ ပစ်ထားတတ်ကြ၏။ (ကွယ်လွန်ပြီး မိဘတို့အပေါ် တာဝန်မကျေခဲ့သူကို မဆိုလို)၊ထိုပုဂ္ဂိုလ်မျိုးကို သူတော်ကောင်း–ဟုမခေါ်သင့်၊ မိတ္တဒုဗ္ဘိ–သူယုတ်မာစစ်စစ်–ဟုသာ ခေါ်ထိုက်ပေ၏။

မိဘကျေးဇူးကိုမှ မသိလျှင် တခြားပုဂ္ဂိုလ်များ၏ကျေးဇူးကိုလည်း သိမည်မဟုတ်၊ မိဘစကားမှ နားမထောင်သည့်ကလေးသည် လူကြီးသူမနှင့် ဆရာသမားတို့၏ စကားကိုလည်း နားထောင်မည်မဟုတ်ချေ။ မိဘကိုမှ မချစ်တတ်လျှင် လူမျိုးဘာသာ သာသနာနှင့် တိုင်းပြည်ကိုလည်း ချစ်တတ်မည်မဟုတ်သလို၊ မိဘကိုမှ ဆန့်ကျင်ဝံ့သည့် သားသမီးကလည်း ကျန်တဲ့အရာအားလုံးကို ဆန့်ကျင်ဖို့ဝန်မလေးတော့ချေ။ **''မိဘနှစ်ပါး၏ဂုဏ်ကျေးဇူးကိုမသိ –ကျေးဇူးကို ပြန်မဆပ်ပဲ''အသက်တစ်ရာ နေရသည့်ထက်, မိဘကိုပြုစုလုပ်ကျွေးလျက် တစ်ရက်ကလေးမျှ အသက်ရှင်ရ သည်ကပင် ပို၍မြတ်လှပါသေး၏''**၊

ထို့ကြောင့် တိုက်တွန်းလိုသည်မှာ– မိဘအပေါ်အနိုင်မယူချင်ပါနှင့် (မိဘကိုနိုင်သောသားသမီးသည် သားသမီးမည်၊ **န တေ ပုတ္တာ ယေ နဘရန္တိ ဇိဏ္ဏံ**)၊ အမေအဖေ တို့ကို ရန်သူကြီးတွေလို မမြင်မိပါစေနှင့်၊ ''လိုချင်တာမရလို့ မပေးရကောင်းလား၊ ဘာဖြစ်လို့အစကမွေးထားလဲ''ဟု မပြောလိုက်ကြပါနှင့်၊ ''ဩော်– အဖေတို့ အမေတို့ အစောင့်အရှောက်ကောင်းလို့ ငါတို့လူလားမြောက်ခဲ့ရတာပါလား''ဟု အမြဲတွေးလျက် ကျေကျေနပ်နပ်ကြီး ကျေးဇူးဆပ်ကြရမည်။

မိဘတို့၏ကျေးဇူးကို တုံ့ပြန်ဆပ်ရာ၌ ပစ္စည်းဥစ္စာကြွယ်ဝတဲ့သားသမီးများက ဥစ္စာအင်အားဖြင့်လည်းကောင်း၊ ဥစ္စာအင်အားနွမ်းပါးတဲ့သားသမီးများက မိဘဝေယျာဝစ္စကို ပြုလုပ်ပေးခြင်းကာယအားဖြင့်လည်းကောင်း တုံ့ပြန်၍ကျေးဇူးဆပ်ရာ၏။ ဤကဲ့သို့ ကာယအားဥစ္စာအားတို့ဖြင့် ကျေးဇူးပြန်ဆပ်နေသော သားလိမ္မာ သမီးရတနာများသည် အမှန်စင်စစ် သူတော်ကောင်းစိတ်ဓာတ် ကိန်းအောင်းနေသောပုဂ္ဂိုလ်များပင်ဖြစ်၏။

(ဇာတကပါဠိ – ၁၊ ၂၄၇)။

**အစ်ကိုက ကာယအား** မော်လမြိုင်မြို့ အောင်သုခရပ်ကွက်ထဲမှ အသက်ရာကျော်

**ညီလေးက ဥစ္စာအား** မိခင်ကြီးနှင့်အတူနေ အသက် (၇၅) နှစ် အရွယ်ခန့်ရှိ သားကြီးဖြစ်သူက ရန်ကုန်ရှိ သူ့ညီတော်မောင်အားပြော

သည်မှာ ''ညီလေး မင်းက စီးပွားရေး အဆင်ပြေတယ်၊ အမေ့အတွက် လစဉ်ငွေကိုသာ

ခါတိုင်းလို မှန်မှန်ပို့ပေး၊ အမေ့အိုကိုပြုစုဖို့ အစ်ကိုကြီးတာဝန်ထား၊ အစ်ကိုကကာယအား၊ ညီလေးက ဥစ္စာအားပေါ့ကွာ''ဟု ပြောပါသတဲ့၊ သို့သော် မျှော်လင့်မထားပါပဲနှင့် ရန်ကုန်မှ ညီငယ် ရုတ်တရက်သေဆုံးသွားရာ၊ (နောက်ကားက ဟွန်းမတီးပဲ ကျော်တက်သွားသဖြင့်) အစ်ကိုကြီးမိသားစုမှာ ယောင်ချာချာနှင့် မိခင်ကြီးကို ညာရတော့၏။

မိခင်ကြီးက ''ဟဲ့– ငါ့သားငယ် မလာတာကြာပါပကော''ဟုမေးလျှင် ''ခရီးလွန်နေလို့ဖြစ်မှာပါအမေ တစ်နေ့သူလာမှာပေါ့''ဟု ညာပြောရသလို တစ်ခါတစ်ရံ သားငယ်ထံမှ စာလာဟန်ဆောင်ကာ ''အမေ ကျန်းမာချမ်းသာစေကြောင်း ဆုတောင်းပါတယ်၊ သားခရီးလွန်နေပါ၍ အမေ့ထံ မရောက်ဖြစ်သည်ကို ခွင့်လွှတ်ပါ၊ ရန်ကုန်ပြန်ရောက်လျှင် ချက်ချင်းအမေ့ဆီ ပြေးလာခဲ့ပါမည်''။

ဤသို့စသည်ဖြင့် စာကိုဖတ်ပြသည့်အခါတိုင်း သားငယ်လာရာလမ်းကို မျှော်မှန်းစောင့်ကြိုနေရှာသည့် အမယ်အိုမှာ သူ့သားငယ်အပေါ် မျှော်လင့်ချက်ရောင်ခြည်လေးသမ်းရင်း စိတ်ချမ်းသာသွားလိုက်သည်မှာ ကွယ်လွန်သည့် အချိန်အထိပင်ဖြစ်ပါတော့၏။ (၎င်းအသက်ရာကျော် မိခင်ကြီး၏အမည်မှာ ''ဒေါ်မာပု''ပင်ဖြစ်ပါ၏။)

**အမေလည်းလိုက်မည့် သားဘုန်းကြီးဆီ**

ရေနံချောင်းမှ ဆရာတော်ကြီးဦးတေဇနိယဆိုလျှင်သူ့ဇာတိဝမ်းသာရွာမှ အသက်(၉၀)ကျော် မယ်တော်ကြီး ဒေါ်ရွှေမွဲ–က ဘာမှမဖြစ်ခင် သူကအရင်ပျံလွန်ရရှာ၏၊ (လူ့ဘဝသက်တမ်းအရဆိုပါလျှင် လူငယ်ကသာ လူကြီးကိုလိုက်ပို့ရမည်ဖြစ်သော်လည်း ယခုတော့ပြောင်းပြန် ဖြစ်နေ၏၊ အမှည့်တွေက တဝင်းဝင်း–သီးကင်းတွေကလည်း တဖြုတ်ဖြုတ်မို့ ခေါင်းဖြူက ခေါင်းမည်းကို ပြန်လိုက်ပို့နေရသည်)၊ ယခုလည်း မိဘကျေးဇူးအထူးသိတတ်သားတော်မြတ်ဖြစ်သော ဆရာတော်ကြီးမှာ မိခင်ကျေးဇူးကို အားကြိုးမာန်တက်ဆပ်နေတုန်း ဖြုန်းဆို လေ့လျော့ရင်း တက်ကျိုးရသည့်အဖြစ်မျိုးနှင့် တိုးခဲ့ရတော့၏။

ရွာမှ ညီမတော်နှစ်ယောက်ကို ''သားဘုန်းကြီး မလာသေးဘူးလား''ဟု ခဏခဏ တမ်းတကာမေးနေရှာသည့်အမေအိုအား လိမ်ညာ၍ပြောဆိုနေရသည့် အချိန်တွင် သားဘုန်းကြီးမှာ ရန်ကုန်ညောင်တုန်းကျောင်းတိုက်အတွင်း အလောင်းစင် ပေါ်ရောက်နေ၏၊ ဂျပန်ဆေးရုံမှာ ပျံလွန်တော်မူပြီး အိမ်တော်ရာ ဓမ္မရံသီကျောင်း ဆရာတော်၏အကူအညီဖြင့် ဗဟန်းညောင်တုန်းတိုက်မှ နာယကဆရာတော်များက ရှာပနကိစ္စကို ပြီးစီးအောင် ဆောင်ရွက်ပေးရ၏။

သားဆရာတော် ပေါ်မလာသည်မှာ အတော်ကြာပြီမို့ ရိပ်မိလာဟန်တူသော မယ်တော်ကြီးက ''ငါ့သားဘုန်းကြီး ဘာဖြစ်သလဲ– ဖုံးကွယ်မထားကြပါနဲ့

အမှန်အတိုင်း ပြောပေးကြပါ၊ ငါ့မှာ တရားရှိပါတယ်ကွယ်၊ ငါ့ကို မညာကြပါနဲ့''ဟု ဆိုတော့မှ သမီးနှစ်ယောက်က ဝိုယိုကာ အမှန်အတိုင်းဖွင့်ပြောရတော့၏။ သည်တော့လည်း မယ်တော်ကြီးက ''ကြော်–အမေသေရင် ရွှေထီးဆောင်းပြီး မယ်တော်ပျံလုပ်ပေးမယ်လို့ ပြောခဲ့တဲ့ဘုန်းကြီး၊ မယ်တော်မပြန်ခင် သူကအရင်ပျံသွားရှာပေါ့၊ သွားနှင့်တော့ ဘုန်းကြီးရေ၊ အမေလည်းမကြာခင် လိုက်ခဲ့မှာပါ''ဟု ပြောရှာပါသတဲ့။

**မာတာမိခင်** **ရှိစေချင်** သားသမီးများ မိဘနှစ်ပါးကို ပြုစုလုပ်ကျွေးရာ၌ ငါချမ်းသာမှ မိဘဆီပြန်မည်–ဟု စိတ်မကူးပဲ ကိုယ့်အတိုင်းအတာလေးနှင့်ကိုယ် ရှိတာလေးနဲ့ အပြေးကလေးသွား၍ အလျှင်အမြန်ပြုစုဖို့ အရေးကြီး၏။ ဆိုလိုသည်မှာ ငါးရာရှိလျှင် ငါးရာဖိုး, တစ်ထောင်ရှိလျှင် တစ်ထောင်ဖိုး ဝယ်ကျွေးသင့်၏၊ ငွေတစ်သိန်းပြည့်မှ အမေ့ဆီပြန်မည်ဆိုပါက အလာကောင်းသော်လည်း အခါနှောင်းသည့်အဖြစ်မျိုး တိုးရပေလိမ့်မည်။

သာစည်နှင့်မိတ္ထီလာအကြား ကားလမ်းတောင်ဘက်ရှိ ရွာလေးတစ်ရွာမှ မိမိနှင့်ခင်မင်ရင်းနှီးသည့် လူငယ်လေးတစ်ယောက်ဆိုလျှင် ရွာမှာရှိနေစဉ်က စီးပွားရေးအဆင်မပြေ၊ ဆင်းရဲလှသည့်ဘဝမို့ ပတ်ဝန်းကျင်က နှိမ်ချင်ကြ၏။ ''သစ်ငုတ်တောင်တိုက်ပါများရင် နှဲ့ရစမြဲ''၊ သည်တော့လည်း ချမ်းသာလိုစိတ်ပြင်းထန်လာ၏။ ''တစ်ရွာမပြောင်း သူကောင်းမဖြစ်''ဟူသောစကားနှင့် ''သေချင်တဲ့ကျား တောပြောင်း''ဟူသောစကားနှစ်ခွန်း စိတ်ထဲမှာလွန်ဆွဲနေဆဲ၊ ''ထိုင်နေလို့တော့ ဘာမှဖြစ်မလာဘူး''ဟူသော သီချင်းသံက တွန်းအားပေးလိုက်သဖြင့်၊ ''ပညာလိုသော် **အရပ်စွန့်–ဥစ္စာလိုသော် ဆွေမျိုးစွန့်**'' ဆိုသည့်အတိုင်း နောက်ဆုံးမိခင်ကြီးနှင့် အစ်မဖြစ်သူကိုစွန့်ခွါ၊ ရန်ကုန်တက်၍ စီးပွားရှာ၊ မခံချင်စိတ်ဖြင့် ကြိုးစားသည်မှာ အမေအိုရှိရာ ရွာကိုပင် မပြန်ဖြစ်တော့၊ တစ်ခါတလေ အမေကိုသတိရသည့်အခါ အညာသားပီပီ ဟသ်ာတထွန်းရင်၏ (အမေနဲ့ရွာကို လွမ်းတယ်) သီချင်းလေးကို ညည်းလေ့ရှိပါသတဲ့။

''**ဖြောင့်သော်စားမကုန်–ကောက်သော်စားမလောက်**'' ဟူသောဆိုရိုးစကားအတိုင်း ရိုးသားဖြောင့်မတ်မှု, သစ္စာရှိမှု, ကြိုးစားမှုဂုဏ်များက အလုပ်ရှင်သူဌေး၏ လူယုံတော်အဖြစ်သို့ပင် တွန်းပို့ပေးလိုက်ရာ ကြီးပွားချမ်းသာသွားတော့၏။ (ဘုရားသော်မှ အမိုရှိမှ ပွင့်နိုင်သည်မဟုတ်ပါလား)၊ မကြာမီ မိခင်ရှိရာဇာတိရွာသို့ အပြေးပြန်လာရာ အလာကောင်းသော်လည်း အခါနှောင်းခဲ့ရ၏၊ မွေးမိခင်၏ အလောင်းစင်ရှေ့၌ ငွေထုပ်ကြီးကိုပစ်ချကာ ''အမေ့အတွက် ကျွန်တော်ယူလာတဲ့ ဟောဒီငွေတွေ ကျွန်တော်

အခုဘာလုပ်ရမှာလဲဗျာ" ဟုပြော၍ ငိုမိပါသတဲ့၊ ဩော်–သူ့မိခင်ကြီးခမျာ ဘာမှပြည့်စုံမှု မရှိပဲ ဆင်းဆင်းရဲရဲနှင့် ဘဝကိုအဆုံးသတ်သွားရသည်မို့ ဖြေဆည်လို့ကမရနိုင်၊ တမှိုင်မှိုင်တတွေတွေမို့ သူ့ဆွေမျိုးတွေမပြောနဲ့၊ ဘူးသီးမှလာပြီး အရိုးတော်ချင်သူတွေ ကတောင် သနားကြလွန်းလို့ စုပ်တသပ်သပ်နဲ့ပေါ့။

အခုတော့လည်း ရွှာ၏သာသနာပြုလုပ်ငန်းများ၌ အမေ့ကိုယ်စား များစွာလှူဒါန်း ပေးပါသော်လည်း ရင်ထဲမှာ ဘဝင်ကသိပ်မကျ၊ တစ်ခုခုလိုနေသလို ခံစားရပါသတဲ့၊ ၎င်းလိုနေသည့်တစ်ခုမှာ (ငါ့အမေများရှိလျှင်)ဟူသော သူ့မိခင်ကိုတမ်းတခြင်းမှလွဲ၍ ဘာများရှိနိုင်ပါဦးမည်နည်း။ ထို့ကြောင့်ပင် "**အမေကိုမှီပြီးမှ ရနိုင်တဲ့ကုသိုလ် အမေ ရှိတုန်းသာ ရနိုင်၏၊ ငွေရှိလျှင် ဘုရားဒကာ ကျောင်းဒကာ အချိန်မရွေးလုပ်လို့ ရ၏**"ဟု ဆရာတော်တစ်ပါးဟောကြားခဲ့သည်မဟုတ်ပါလား။

**မိဘတမ်းတ ကျွေးချင်ကြ** ကျိုက်သလွန်ဘုရားအနောက်စောင်းတန်းမှ တောင်လေးလုံး ဆရာတော်မကြာခဏ အမိန့်ရှိတတ်သည်မှာ "ခုအချိန်မှာ အမေတို့ အဖေတို့ကိုကျွေးချင်လိုက်တာ၊ မုန့်ပုံးတွေမြင်တိုင်း မိဘများကို သတိရမိတယ်"တဲ့၊ သည်တော့လည်း မိမိက "မိဘတွေအစား **အစ်မကြီးတော့ အမိအရာမို့** ဘုန်းကြီးရဲ့ အစ်မဖြစ်သူကိုကျွေးပေါ့"ဟုလျှောက်ထားသည့်အခါ၊ "**မိဘနှစ်ပါး** ကျွေးရသလောက် အားမရလှဘူး"ဟု အမိန့်ရှိတော်မူပါ၏။

အောင်မင်္ဂလာကျောင်းရှိ ဦးဇင်းကြီးဦးကောဝိဒထံမှ ကြားရပြန်သည်မှာ– မြင်းခြံမြို့ပေါ်ရှိ စာသင်တိုက်တစ်တိုက်တွင် ရဟန်းညီအစ်ကိုသုံးပါး အုပ်ချုပ်လျက်ရှိရာ အသက် (၉၀)ကျော်မိခင်အိုကြီးအား ညီမငယ်မိသားစုနှင့်မထားပဲ ကျောင်းတိုက်မှာခေါ်ယူ ထား၏၊ အစ်ကိုအကြီးဆုံးကျောင်းထိုင်ဆရာတော်ကြီးက မိခင်၏အဝတ်အစားများကို ကျောင်းသားကြီးများအား ဆပ်ပြာမွှေးနှင့်လျှော်ဖွပ်ခိုင်းကာ ကိုယ်တိုင် မီးပူတိုက်ပေး၏၊ တိုက်အုပ်ဘုန်းကြီးညီအလတ်က မိခင်ကြီးအား ရေမိုးချိုးပေးကာ အညောင်းအညာပင် ဖြေပေးလိုက်သေး၏၊ ညီအငယ်ဆုံး စာချဘုန်းကြီးလေးကျပြန်တော့ မိခင်ကြီးအား အစားအာဟာရကို မျှတအောင် ကျွေးမွေးပါသတဲ့၊ ထို့ပြင်မကာ တစ်နေ့တစ်ကြိမ် အလှည့်ကျ တရားဓမ္မကို ဟောကြားပြသခြင်းဖြင့် ပျော်ရွှင်စွာ ကျေးဇူးဆပ်တော်မူကြရာ –

**(ကမ္ဘာပေါ်ရှိ မိခင်ဟူသမျှတို့တွင် သည်ရဟန်းသုံးပါး၏ မယ်တော်ကြီး လောက် ကုသိုလ်ကံကောင်းသည့်မိခင်မျိုး ရှိနိုင်ပါဦးမည်လော)။**

**အိပ်မက်တံတားနှင့် အိပ်မက်ကား**

သည်အကြောင်းများကိုကြားသိရသောအခါ "ကျောင်းထိုင်ဆရာတော်ဖြစ်နေတဲ့ ငါလည်း ငယ်စဉ်ဘဝမှစကာ အမေ အဖေတို့ အဝတ်အစားလျှော်ဖွပ်ပေးခဲ့ဖူးသလား" ဟု စဉ်းစားကာ သတိတရားရခဲ့ဖူး၏။ ဆွမ်းဘုဉ်းပေးချိန် ရောက်သည့်အခါတိုင်း "ရွာကအမေတစ်ယောက် ဘာဟင်းနဲ့များထမင်းစားနေပါလိမ့်၊ အမေကြိုက်တတ်တဲ့ အသားဟင်းလေးမှ ပါရဲ့လား မသိ"၊ ဤသို့တွေးကာ မြေးတစ်အုပ်နှင့် ဝိုင်းဖွဲ့ထိုင်နေကြမည့်အမေ့ထမင်းဝိုင်းကို လှမ်း၍အာရုံပြုမိသည်က မကြာခဏ၊ တောရွာဆိုသည်က ငါးရက်မှတစ်ဈေးမို့ အချိန်မရွေး ဝယ်စားလို့မရ၊ မယ်တော်က ရွာမှာသာပျော်သဖြင့် မော်လမြိုင်ခေါ်သော်လည်း လာမနေနိုင်၊

သားတွေမြေးတွေရှိရာ ကလေးမြို့သို့ အိမ်ဦးနှင့်ကြမ်းပြင်ပမာ လေယာဉ်စီးကာ မကြာခဏသွားခဲ့တဲ့အမေ၊ မိမိရှိရာမော်လမြိုင်ကိုတော့ ကုန်းတစ်တန်ရေတစ်တန်နှင့်မို့ ခရီးကပဲထောက်လို့လား၊ ရေခြား,မြေခြား–ဆိုသည့်အတိုင်း သံလွင်မြစ်ကြီးကပဲ ခြားနေလို့လား၊ သားဘုန်းကြီး တစ်ပါးတည်းမို့ ဆွဲအားကပဲ ပိုနည်းနေလို့လားမပြောတတ်၊ တစ်ခါတစ်ခေါက်အရောက်လာဖို့ ခဲယဉ်းလှ၏။

မယ်တော်ရှိရာ မိတ္ထီလာနှင့် မိမိနေထိုင်သည့်မော်လမြိုင်က မြေပုံထဲမှာ လက်တစ်ဝါးစာပင် မဝေးသော်လည်း မြန်မာပြည်အလယ်ပိုင်းနှင့်တောင်ပိုင်းမို့ နေ့ချင်းပေါက်ရောက်နိုင်သည့်ခရီးမဟုတ်၊ သည်ကြားထဲ သံလွင်မြစ်ကြီးက ကာဆီးနေပြန်သေး၏၊ ရထားအဆင်း သင်္ဘောပေါ် အလုအယက်ပြေးတက်ရသည့်ဒုက္ခကို အမေတစ်ယောက် ကြောက်နေပုံရ၏။ ။ မော်လမြိုင်ရောက်လာလို့ ကျောင်းပေါ်ထိုင်လိုက်သည်နှင့် "**အမယ်လေး –လူ့ကို မျှောပစ်သွားတာပဲ**" ဟု ညည်းလေ့ရှိ၏။ ထိုအခါမျိုးတွင် မိမိက "ဒီသံလွင်မြစ်ကြီးပေါ် တံတားတစ်စင်းလောက်တည်ဆောက်နိုင်ရင် သိပ်ကောင်းမှာ၊ ဒါဆိုအမေလဲ မပင်ပန်းတော့ဘူး၊ အမေအသက်ကြီးသွားလို့ မလာနိုင်တောင်မှ ကျုပ်က အဲဒီတံတားပေါ် ကားလေးနဲ့ဖြတ်ကျော်ပြီး အမေ့ဆီ အပြေးလာနေမှာ၊ '**တံတားအပြီး ကားအစီးပေါ့**' အမေရာ" ဆိုတော့၊ အမေက "**မောင်ပဥ္စင်းနယ် မဖြစ်နိုင်တာ အိပ်မက် မက်မနေစမ်းပါနဲ့**" တဲ့၊ ထိုစဉ်က အမေပြောခဲ့သည့်စကား၊ အခုတော့မှားသွားလေပြီ။ (ဤနေရာ၌ အမေ့စကားနှင့် ဆက်စပ်လာသည့် တံတားနှင့် ကားအကြောင်း အာရုံနားသည့်သဘောမျိုးဖြင့် ကြော်ငြာတစ်ခုလောက်တော့ ဝင်ချင်သေး၏။)

ဘယ်လိုမှ မဖြစ်နိုင်သည်မို့ အမေပြောသလို အိပ်မက်တောင်ရဲရဲ မမက်ဝံ့သည့် တံတားက သိကြားမင်းဖန်ဆင်းလိုက်သည့်အလား ဘွားခနဲပေါ်လာခဲ့ရပြီ၊ အိပ်ရာက လန့်အနိုး မျက်လုံးကိုဖွင့်ကြည့်လိုက်တော့ အဟုတ်တကယ်ပင် သံလွင်မြစ်အလယ်မှာ ထည်ထည်ဝါဝါ ခန့်ခန့်ညားညား၊ အိပ်မက်လေလား–ဟု ကိုယ့်အသားကို လက်သည်းနှင့်

ဆိတ်ကြည့်ပြန်တော့ နာလိုက်သည့်ဖြစ်ခြင်း၊ ခေတ်အဆက်ဆက် အရှူးပေးခဲ့ရသည့် သံလွင်မြစ်ကို အနိုင်ယူဖို့ စနေသားလေးတစ်ယောက်ကို နိုင်ငံတော်အကြီးအကဲများက မွေးဖွားပေးလိုက်ပြီ၊ ရက်ချုပ်ဇာတာလေး ကြည့်လိုက်တော့ (၂၀၀၀)ခုနှစ် သုံးလပိုင်းမှာ သန္ဓေတည်၍ (၂၀၀၅)ခု နှစ်လပိုင်းမှာ မွေးဖွားလာခဲ့ရတဲ့ စနေသားလေး။

ပေးထားသည့် နာမည်က (နဂါးနိုင်ပေါက်ကျိုင်း–ဆိုတာလို)ရှုံးသူ၏အမည်နှင့် တွဲဖက်၍ ''**သံလွင်တံတား**'' တဲ့။ အများတင်စားကြသည်က ''**အိပ်မက်တံတား**''၊ မိမိထပ်ပေးလိုက်ချင်သည်က ''**မဟာတံတား–အံ့ဖွယ်တံတား**''၊ ခြေထောက်တွေကများ သလို လက်တံနှစ်ဖက်ကလည်းရှည်သလားမမေးနှင့်၊ ဘယ်လက်နဲ့ မုတ္တမကိုဆုပ်ကိုင်, ညာလက်က မော်လမြိုင်ကိုလှမ်းကိုင်၊ အလယ်မကျိုင်ကိုယ်ထည်ကတော့ ကြီးမားကျယ်ပြန့် သည့်ကျောပြင်ကြီးပမာ၊ မောင်စကြာဝဠာတစ်ယောက် ကာယဗလပြနေသည့်နှယ်၊

ဆန့်တန်းထားသည့်လက်နှစ်ဖက်အလား ချဉ်းကပ်တံတားမှတစ်ဆင့် သူ့ ကျောပြင်ခေါ် ပင်မတံတားပေါ် ဖြတ်ကျော်သွားသူတွေက အားပါးတရဟာစ်အော် (**ငါတို့သေပျော်ပြီ**)တဲ့၊ တချို့ကလည်း အောက်သို့ငုံ့ကြည့်လျက် (**ကဲ–မောင်သံလွင် မင်းဘာတတ်နိုင်သေးလဲ**)တဲ့၊ အော်ဟစ်လိုက်ကြသည့်အသံ ဘဝင်တိုင်အောင် ညံသွား တော့၏။ သည်အသံများကို မွေးမိခင်အားကြားစေချင်၏။ သည်ဖြစ်စဉ်ကို မွေးမိခင်အား မြင်စေချင်၏။ သည်တံတားကို မွေးမိခင်အား ခေါ်ကြွားချင်၏။ လေဘာတီမမြရင်က ''နေညိုရင် ရွှေဘိုကိုလွမ်း''သတဲ့၊ မိမိလည်း အိပ်မက်တံတားကြီး ပြီးသွားမှ ရွာက အမေအိုကို ပိုရွံပို၍သတိရမိ၏။ တကယ်လို့များ အမေဒီတစ်ခေါက် မော်လမြိုင်ရောက်ခဲ့ ရင် သံလွင်တံတားကြီးကိုလိုက်ပြရင်း ဆောင်းတွင်းအိပ်မက်ပမာ ကယောက်ကယက် ဖြစ်သွားခဲ့ရသည့် ကားလေးအကြောင်း လွမ်းတော်မူလို့ စာကိုစီကာ အမေ့ကို ပြောပြရ ဦးမည်၊ အမေကတော့ သူ့ထုံးစံအတိုင်း (**ကံတရားပေါ့**) ဟုပင် ပြောလိမ့်ဦးမည်ထင်သည်။

**ကျေးဇူးသိသော ယောဆရာတော်**

ဘုရား သားတော်များဖြစ်ကြသော ရဟန်းတော်များနှင့် မယ်တော်ခမည်းတော်တို့အကြား ထားရှိကြသောမေတ္တာ တရားကိုဆက်လက်၍ လေ့လာအကဲခတ်ကြည့်မိရာ– တိပိဋကဓရ ယောဆရာတော် သည် အသက်(၈၀)နီးပြီဖြစ်သော မယ်တော်ကြီးအား ယောနယ်မှ ရန်ကုန်သို့ခေါ်ထားကာ အစစအရာရာ လိုလေသေးမရှိအောင် ပြုစုလုပ် ကျွေး၏။ မယ်တော်ကြီးအား ကျပ်ငွေတစ်သိန်းလှူသည့်အခါ သားရဟန်းကို ဦးအကြိမ် ကြိမ်ချလျက်ရှိသော မယ်တော်ကြီးကို ကြည့်၍ သားရဟန်း၏မျက်နှာမှာ ပီတိအဟုန်ကြောင့် ရွှင်လန်းဝင်းပလျက်ရှိနေပါသတဲ့။

**ကျေးဇူးတော်ဆပ်**
**မင်းကွန်းအရှင်မြတ်**

တိပိဋကဓရ မင်းကွန်းဆရာတော်ဘုရားသည်လည်း မိခင်ကြီးအား ဂရုတစိုက် ပြုစုလုပ်ကျွေးတော်မူခဲ့၏၊ မယ်တော်ကြီးအား ဓမ္မနာဒတိုက်သို့ခေါ်ထားပြီး စိတ်ချမ်းသာအောင်ပြုစု၏၊ မယ်တော်ကြီးနေထိုင်ရန် အိမ်တစ်လုံးဆောက်လုပ်ပေးတော်မူခဲ့၏၊ "မြင်းခြံပြန်ချင်တယ်"ဆိုတော့လည်း မတားမြစ်၊ "အမေစိတ်ချမ်းသာရင်ပြီးရော" ဆိုပြီး ဆရာတော်ကိုယ်တိုင် လိုက်ပို့ပေးခဲ့၏၊ အဝေးကနေ လိုအပ်တာမှန်သမျှ ထောက်ပံ့ရုံမက တရားဓမ္မဟောကြား၍လည်း ကျေးဇူးဆပ်တော်မူခဲ့၏။

ဆရာတော်ဘုရား ရန်ကုန်သို့ရောက်လျှင် ဒကာတစ်ဦးအားခေါ်၍ သိမ်ကြီးဈေးသို့သွားကာ မယ်တော်ကြီးအတွက် လိုက်ဖက်မည့်အဆင်များဝယ်ခိုင်းပြီး မိခင်ကြီးထံ ပို့ပေးလေ့ရှိကြောင်း သိရ၏၊ မိခင်ကြီးဆုံးစဉ်က နောင်တရ၍ ငိုနေရှာသော သူ့ညီတော်မောင်အား "မင်းကို အစကပြောခဲ့သားပဲ၊ အမေအသက်ထင်ရှားရှိတုန်းပြုစုပါ လုပ်ကျွေးပါလို့၊ ခုသေမှတော့ငိုမနေတော့နဲ့၊ ငါကတော့ စိတ်ကျေနပ်အောင်ပြုစုခဲ့ရလို့ ငိုစရာမလိုဘူး" ဟု ဆုံးမတော်မူပါသတဲ့။

**မွေးမိခင်နှင့်**
**ကော့လှာအရှင်**

ကော့လှာဆရာတော်ဘုရားသည်လည်း ငယ်ရွယ်စဉ်ကာလကပင် မိခင်၏ကျေးဇူးကို အမွန်မြတ်ဆုံးသောနည်းဖြင့် ဆပ်တော်မူခဲ့၏၊ ဗုဒ္ဓဘာသာဝင်မိဘများ သားယောကျ်ားလေးမွေးဖွားလာက အရွယ်ရောက်လျှင် ရှင်ပြုပေးရိုးထုံးစံရှိကြ၏၊ သို့သော် ဆရာတော်လောင်းလျာ သူငယ်လေးကတော့ မိဘတို့ရှင်ပြုပေးသည်ကိုမစောင့်ပဲ မိခင်ကိုကျေးဇူးဆပ်လိုသောကြောင့် ကိုယ့်အသိစိတ်ဓာတ်နှင့်ကိုယ် ရှင်သာမဏေဘာဝကို ခံယူတော်မူခဲ့၏။

ရှင်းပြပါအုံး – ဆရာတော်ငယ်ရွယ်စဉ် (၁၂)နှစ်သားအရွယ်က အိပ်မက်မက်သည်မှာ "အိမ်၏ပထမဆုံးထူသည့် နတ်တိုင်မှာ လင်းတနား၏၊ သူ့မိခင်၏ဝမ်းဗိုက်ကို ဖောက်၍ အူအသည်းများကို ကျားသစ်ကစား၏"ဟု မက်လေ၏၊ ထိုစဉ်က မိခင်ကြီးခေါ်ပုမှာ ကျန်းမာရေးမကောင်းသဖြင့် အိပ်ရာထဲလှဲနေရရှာ၏၊ အိပ်မက်ကမကောင်းလှ၍ မိခင်၏ သေမည်ရှင်မည်ကို အတိအကျသိလိုသဖြင့် အိမ်အနောက်တောင်ဘက်ရှိ ညောင်ပင်ကြီးကို ဖယောင်းမီးဖြင့်ပူဇော်ကာ အဓိဋ္ဌာန်ကြည့်မိရာ သေမည်ကိုသိရလေ၏၊

မိခင်အတွက် စိတ်မကောင်း။ မိခင်၏နောက်ဆုံးအချိန်မှာ သားငယ်အား သင်္ကန်းဝတ်ဖြင့် မြင်သွားစေချင်၍ ကလေးငယ်ကိုယ်တိုင် ကျောင်းသို့သွားကာ ဘုန်းတော်ကြီးအား သင်္ကန်းဝတ်ပေးပါရန် ခွင့်တောင်းလေတော့၏၊ သင်္ကန်းဝတ်ပြီးနောက် မိခင်၏ အနားမှာထိုင်ကာ ကလေးသဘာဝ တတ်သိသလောက် ဘုရားစာရွတ်ပြလျက် မွေးမိခင်ကို

အာရုံပြုစေ၏၊ မိခင်ဒေါ်ပုကတော့ သားကိုရင်လေး၏ တရားသံကိုအာရုံပြုကာ မျက်နှာမှာ ကြည်လင်ရွှင်ပျလျက် ရှိနေပါသတဲ့။

(ဩော်– ဒီအသက်ဒီအရွယ်၌ ဒီလိုစိတ်ဓာတ်မျိုးဖြင့် မည်သည့်ပုဂ္ဂိုလ်များ မိဘကျေးဇူးကို ဆပ်ခဲ့ဖူးပါသနည်း၊ တောက်မည့်မီးခဲ အရှိန်နှင့်ရဲရဲ–ဆိုတာလို ထွန်းကား မည့်သူများသည်၊ ထူးချွန်သည့်အရိပ်လက္ခဏာများနှင့် ငယ်စဉ်ကတည်းက ပြည့်စုံခဲ့ကြ တာပါလား)။

**ကျေးဇူးသိရှာ ဂန္ဓာရုံဆရာ**

မဟာဂန္ဓာရုံဆရာတော် အရှင်ဇနကာဘိဝံသ–သည်လည်း မယ်တော်ကြီးအားပြုစုထောက်ပံ့ကာ ကျေးဇူးဆပ်လိုသော ဆန္ဒပြင်းပြခဲ့၏၊ မယ်တော်ကြီးကျောင်းသို့ရောက်လာရာ ပြည့်ပြည့်စုံစုံ မထောက်ပံ့နိုင်သဖြင့် စိတ်မကောင်းဖြစ်နေစဉ် မိခင်ကြီးက ဆေးလိပ်မီးညှိ ချင်ကြောင်းပြောလာသည့်ခဏ မီးခြစ်ကလည်း အနီးမှာမရှိသောကြောင့် မယ်တော်၏ ဆေးလိပ်ကိုယူကာ မီးဖိုထဲသွား၍ မီးညှိပေးလိုက်ရသည်၊ မယ်တော်ကြီးလိုအပ်နေသည့် အချိန်မှာ တစ်ခုခုလုပ်ပေးလိုက်ရသဖြင့် ဝမ်းမြောက်ပီတိဖြစ်သွားကြောင်း ဖတ်ရှုခဲ့ရဖူးပါ သည်။

**ကျေးဇူးဆပ်ပြ အရှင်ယောသိတ**

တစ်ဘဝတစ်သာသနာကျမ်းပြု ဦးယောသိတသည် မယ်တော်ကြီးမကျန်းမမာဖြစ်သောအခါ တောင်တွင်းကြီးသို့ ရောက်သွားသည်၊ အခြားသားသမီးများ ဝိုင်းဝိုင်းလည် အောင်ပြုစုနေကြသည်ကိုကြည့်၍ "ငါကရဟန်းဖြစ်နေတော့ မယ်တော်ကြီးကို ကိုယ်ဖိရင်ဖိပြုစုခွင့်မရှိဘူး၊ မယ်တော်အတွက် တစ်ခုခုလုပ်ပေးချင်လိုက်တာ"ဟု တွေး၍ ဝမ်းနည်းနေစဉ်၊ မိခင်ကြီးက "ရေသောက်ချင်သည်"ဟုပြောရာ၊ ဆရာတော်က ရေတစ်ခွက်ခပ်ပြီးမယ်တော်ကြီးအား တိုက်လိုက်ရသည့်အတွက် အတိုင်းမသိ ပီတိဖြစ်သွားရကြောင်း–အမိန့်ရှိတော်မူပါသတဲ့။

**မိခင်ဒေါ်နန်းသောင်းနှင့် သားကောင်းဦးသန့်**

လောကီဘက်ကထင်ရှားသည့်ပုဂ္ဂိုလ်များကိုကြည့်လျှင် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဦးသန့် အမေရိကန်မှာရှိ နေစဉ်က မိခင်အတွက် ပစ္စည်းများစွာနှင့် မကြာခဏ လှမ်း၍ကန်တော့၏၊ မြန်မာပြည်သို့ခေတ္တပြန်လာစဉ်မှာလည်း မိခင်ကြီးဒေါ်နန်းသောင်း လေဆိပ်သို့လာကြိုရာ၊ ဦးသန့်က လေယာဉ်ပေါ်မှအဆင်း "အမေနေကောင်းပါရဲ့လား"ဟု ပြုံး၍မေးလိုက်ပြီး လူတောထဲမှာပင် မိခင်ကြီးကို ထိုင်၍ဝပ်ချကန်တော့ပါသတဲ့၊ ဝပ်ချ

ကန်တော့အပြီး သားအမိနှစ်ယောက်ဝမ်းသာအားရ ပွေ့ဖက်ထားပုံကို ထိုခေတ်က သတင်းစာများတွင်လည်း ရေးသားဖော်ပြကြကြောင်း သိရ၏။

**မိခင်ဆီလှမ်း ဗိုလ်အောင်ဆန်း** ဗိုလ်ချုပ်အောင်ဆန်း– သူလည်းပဲ မိဘကျေးဇူးအထူးသိတဲ့ သားကောင်းရတနာဖြစ်၏။ သခင်အောင်ဆန်းတစ်ယောက် ဗိုလ်ချုပ်ဖြစ်ပြီးနောက် မြန်မာပြည်အလယ်ပိုင်းသို့ ခရီးထွက်ဖို့ကိစ္စ ကြုံလာ၏။ ဗိုလ်ချုပ်၏ကိုယ်ရေးအရာရှိ ဗိုလ်ထွန်းလှက လေယာဉ်ခရီးနှင့်သွားရန် စီစဉ်ထားကြောင်းပြောရာ၊ ဗိုလ်ချုပ်က "ဟာ–ဗိုလ်ထွန်းလှ လေယာဉ်ခရီး မစီစဉ်နဲ့ကွာ ကားနဲ့သွားကြရအောင်၊ ငါနတ်မောက်ဝင်ပြီး အမေကိုကန်တော့ချင်သေးတယ်"ဟု စေခိုင်းလေ၏။

ကားနှင့်သွားကာ နတ်မောက်ဝင်၍ မိခင်ကြီးဒေါ်စုအား အားရပါးရ ကန်တော့သည့်အခါ မိခင်ကြီးက သားဖြစ်သူဗိုလ်ချုပ်အား ကလေးငယ်တစ်ယောက်ပမာ ပွေ့ဖက်၍ ဆုပေးရှာပါသတဲ့၊ ဩော်–အထက်တန်းရောက်သည့်ပုဂ္ဂိုလ်များ ရောက်ထိုက်လို့ကို ရောက်တာပါလား၊ မိခင်များကလည်း သားဖြစ်သူက အသက်ဘယ်လောက်ကြီးကြီး ရာထူးက စစ်ဗိုလ်ချုပ်ကြီးပင်ဖြစ်ပါစေ သူတို့၏စိတ်ထဲ၌ကား ကလေးသူငယ်အရွယ်လေးဟု ပင်ထင်နေတတ်ကြသည်မှာမိခင်တိုင်း၏ မေတ္တာတရားပင်မဟုတ်ပါလား။

**အမေ့ခန္ဓာကိုယ်ကသာ အိုချင်အိုမည်–**
**အမေ့မေတ္တာတရားကတော့ အမြဲထာဝရနုပျို**
**လန်းဆန်းနေမည်သာ။**

**ကလေးတုပင် စိတ်မှာထင်** စာရေးဆရာကြီးဦးရန်အောင်ရေးသော (အမေ)ဆိုတဲ့ ဝတ္ထုစာတစ်အုပ်ဖတ်ခဲ့ဖူး၏။ ဦးရန်အောင်က အသက်(၇၀)ကျော်၊ သူ့ရဲ့အမေက အသက်(၉၀)ကျော်၊ ရန်ကုန်မြို့တွင်းမှာသာ နေထိုင်ကြ၏။ ဦးရန်အောင် သူ့ရဲ့အမေ့အိမ်ကိုလာလည်ပြီးတော့ ပြန်သည့်အခါ မိခင်ခမျာစိတ်ပူစွာဖြင့် (ဟဲ့–ငရန်လမ်းသွားတဲ့အခါ ကားတွေတိုက်မိမယ်၊ သတိဝီရိယနဲ့သွား)ဟု မှာရှာပါသတဲ့။

ဦးသုခ၏အမေနေ့ဟောပြောပွဲတွင် (ဘုရားရှင်လက်ထက်က ကေသာဝမ္မကပုဏ္ဏားကြီး "ဖိတ် မေ"လို့ အော်ခဲ့တာကိုသတိရလို့ ကျွန်တော်လည်း "အောင်ပြီ–အောင်ပြီ" လို့ အော်လိုက်တာပါ အမေရယ်၊ ကျွန်တော် ကလေးဆန်တာမဟုတ်ပါဘူး၊ အမေ့ရဲ့ ပြုံးစစနဲ့အကြည့်ကို ကျွန်တော်သိတာပေါ့၊ "ဩော်–ငါ့သားနှယ် (၈၂)နှစ်ထဲရောက်နေ

တာတောင် ခုထိကလေးဆန်တုန်းပါလား''ဆိုတဲ့သဘောနဲ့ ကျွန်တော့်ကိုလှမ်းကြည့်နေတာ မဟုတ်လား အမေ)ဟု ပြောခဲ့ဖူး၏။

ဤနေရာ၌ နိုင်ဝင်းသီ ရေးသားသည့် ''သိင်္ဂါရနှင်းစက်''ဟူသော မဂ္ဂဇင်းဝတ္ထုတိုလေးအား မိခင်မေတ္တာရေးဖွဲ့ထားသည်မို့ ဖတ်ကြည့်စေလိုသည်၊ သူငယ်ချင်းငါးယောက် (တစ်နည်းအားဖြင့်) အသက်(၆၀) နားကပ်နေကြသည့် လူကြီးငါးဦး ဝိုင်းဖွဲ့ကာ စကားပြောနေကြ၏၊ အဖိုးကြီးများဖြစ်သော်လည်း အားလုံးတူညီသည့် အချက်မှာ ကံကောင်းထောက်မစွာဖြင့် အမေခေါ်စရာ မိခင်များ ကိုယ်စီရှိနေကြခြင်းပင်ဖြစ်၏။

ဆောက်လုပ်ရေး ကုမ္ပဏီကြီးတစ်ခု၏ အကြီးအကဲဖြစ်သော ပထမလူက ''ဒီနေ့ထူးထူးခြားခြားဖြစ်သွားအောင် တို့များကိုလူလောကထဲအရောက် ပို့ဆောင်ပေးခဲ့ကြတဲ့ တို့မိခင်တွေရဲ့အကြောင်းပြောကြရအောင်၊ ကဲ–ငါကပဲစပြောမယ်၊ အရက်သောက်တာကို ငါ့အမေက မကြိုက်ဘူးကွ၊ မင်းတို့သိတဲ့အတိုင်း ငါအရက်ကြိုက်တာမဟုတ်ပေမယ့် လုပ်ငန်းသဘောအရ တစ်ခါတစ်ရံ မလွှဲသာမရှောင်သာလို့ တစ်ခွက်တစ်ဖလားဝင်ရောက်ချီးမြှင့်ပေးရတဲ့ ဝိုင်းမျိုးကရှိတယ်၊ အဲဒီအခါမျိုးမှာဆို ငါ့မှာ တော်တော်ဒုက္ခရောက်ရတယ်၊ ဘာလို့လဲဆိုတော့ သောက်ပြီးပြန်လာလို့ အရက်နံ့ရရင် အမေက ငါးခြမ်းပြားနဲ့ ဆော်ပလော်တီးတာကွ၊ အိမ်ကသားသမီးတွေနဲ့ ငါ့မြေးတွေဆိုတာ တဟီးဟီးတဟားဟားနဲ့ပေါ့ကွာ''ဟုပြောသည့်အခါ ရယ်မောသံများ ညံစီသွား၏။

တအောင့်နေမှ ဒုတိယလူက ''ဟကောင်ရ မိဘဆိုတာ သားသမီးအပေါ်အမြဲ စိတ်မချတဲ့လူစားမျိုးကွ၊ အဲဒါ မင်းသောက်စားမူးယစ်ပြီး မှားမှာစိုးလို့ နောက်နောင်သောက်မလာအောင် ဆော်ပလော်တီးတာ နေမှာပေါ့ကွာ၊ ဘာပဲဖြစ်ဖြစ်ပေါ့ကွာ၊ မင်းအဖြစ်က ငါနဲ့စာရင် တော်ပါသေးတယ်၊ ငါငယ်ငယ်တုန်းက ကျောင်းတက်ရင် အမေကမုန့်ဖိုး တစ်ကျပ်တစ်ကျပ်ပေးတာ မင်းတို့ မှတ်မိတယ်မဟုတ်လား''ဟု မေးသည့်အခါ အားလုံးက ခေါင်းကို ပြိုင်တူညိတ်လိုက်ကြ၏။

သူတို့ငါးယောက်တွင် ယခု ဒုတိယလူက အချမ်းသာဆုံးဖြစ်၏၊ မိဘတွေကဆန်စက်ပိုင်ရှင်သူဌေးများဖြစ်သလို၊ သူကိုယ်တိုင်ကလည်း ဌာနကြီးတစ်ခုမှာ အရာရှိကြီးတစ်ဦး ဖြစ်နေလေပြီ၊ မိဘများနှင့်အတူ မနေသော်လည်း မိဘတွေဆီကို အလျဉ်းသင့်သလို ရောက်လေ့ရှိကြောင်း သိထားကြ၏၊ ၎င်းဒုတိယလူက စကားဆက်သည်မှာ–

''အဲဒါ အမေပေါ့ကွာ၊ ရှားရှားပါးပါး ဘယ်အချိန်ကတည်းက စုဆောင်းထားတယ် မသိပါဘူး၊ ငါ့သားသမီးတွေ သူ့ဆီသွားရင် မုန့်ပဲသွားရည်စာ ပေးတာကျွေးတာလောက်ပဲရှိပေမယ့် ငါသွားရင်တော့ ငါ့ကို မုန့်ဖိုး တစ်ကျပ်တစ်ကျပ်ပေးနေတုန်းပဲကွာ၊ ကျပ်တန်လေး ငါ့လက်ထဲ ထည့်ပေးပြီးရင် ပါးစပ်ကလည်းပြောလိုက်သေးတယ်

**'မတည့်တာတွေ ဝယ်မစားနဲ့'တဲ့''**။ ယခုအချိန်ထိ မုန့်ဖိုးတစ်ကျပ်ရနေဆဲဖြစ်သော ဒုတိယလူကြီးကိုကြည့်ပြီး သူတို့အားလုံး ဝါးလုံးကွဲအောင်ရယ်လိုက်ကြသည်၊ ပြီးတော့မှ တတိယလူက–

''အဲဒါ ငါတို့အမေတွေက ငါတို့ကို ကလေးလို့ထင်နေတုန်းဆိုတဲ့သဘောကွ၊ ဒီပြင်မကြည့်ပါနဲ့ကွာ ငါ့ကိုပဲကြည့်ပါ၊ ငါ ဆရာဝန်ပါ၊ ဆရာဝန်ထဲမှာတောင် ရိုးရိုးဆရာဝန် မဟုတ်ဘူး၊ ကလေးအထူးကုဆရာဝန်ကြီးပါ၊ အဲဒါ ငါ နေမကောင်းဖြစ်ရင် အမေ ငါ့ကို ဘာလုပ်တယ်အောက်မေ့လဲ၊ အမေက ငါနေမကောင်းဖြစ်ရင် ငါ့အိမ်လာပြီးငါနဲ့ အတူအိပ်တာကွ၊ နဖူးကိုစမ်းပြီး **'ကိုယ်ပူသေးလား– ကိုယ်ပူကျပြီလား'**နဲ့ သူ့ခမျာ တော်တော်စိတ်ပူနေရှာတာ၊ နဖူးစမ်းရတာကလဲ ခဏခဏပဲ၊ ဒီကြားထဲ ချွေးထွက်ရင် အိမ်ကလူတွေ အင်္ကျီလဲပေးတာကို မကြိုက်ပြန်ဘူး၊သူကိုယ်တိုင် ချွေးသုတ်ပေးပြီး သူကိုယ်တိုင် အင်္ကျီလဲပေးရမှ အမေကကျေနပ်တာ၊ သူ့သားဟာ ဆရာဝန်ကြီးတစ်ယောက်ဆိုတာ အမေ သတိမှထားမိရဲ့လားမသိဘူး''ဟု ပြောလည်းပြော ရယ်လည်းရယ်နေ၏။

ထိုအခါ စတုတ္ထလူက ''ဟေ့ကောင်တွေ မင်းတို့အမေတွေ မင်းတို့ကို ဂရုစိုက်တယ်ဆိုတာ အိမ်ခွဲနေပြီး ဂရုစိုက်တာပါကွာ၊ ငါ့အမေက ငါနဲ့အတူတူနေရတာပါ၊ ငါ့အမေ ငါ့ကို ဘယ်လိုဂရုစိုက်တယ်ဆိုတာ ပြောရဦးမယ်''ဟု အစချီကာ ဂုဏ်ယူဝင့်ကြွားစွာဖြင့်–

''ငါက ငါးကြိုက်တဲ့အကောင်ဆိုတော့ အိမ်မှာ ငါးဟင်းချက်တဲ့နေ့ဆို အမေက ဘာလုပ်ပေးတယ်မှတ်လဲ၊ ငါ့ဘေးနားလာပြီး ငါးရိုးနွှင်ပေးတာကွ၊ အမေ ငါ့ကို ငါးရိုးနွှင် ပေးပြီဆိုရင် ငါ့မိန်းမနဲ့ကလေးတွေက အမေ့ကို ဝိုင်းစကြတယ်၊ ငါ့ကျတော့ အရိုးနွှင်ပေး တယ်ပေါ့၊ သူတို့ကျတော့ မနွှင်ပေးဘူးပေါ့၊ အဲဒီအခါ အမေက ဘာပြောတယ်ထင်သလဲ **'ဒီကောင်က ငယ်ငယ်ကတည်းက မျက်လုံးကောင်းတာမဟုတ်ဘူးတဲ့၊ မျက်မှန်တပ် ထားရတာတဲ့၊ ညည်းတို့မျက်လုံးတွေက ကောင်းလိုက်တာမှ ဟိုဘက်ကမ်းတောင် လွန်သွားသေးတယ်တဲ့၊ ကိုယ့်ဟာကိုယ်နွှင်စားကြတဲ့၊ စူးလည်းကိုယ့်ထိုက်နဲ့ကိုယ့်ကံ ကိုယ်သာခံတဲ့''** အားလုံးရယ်လိုက်ကြပြန်သည်၊

ဒါပေမယ့် သူတို့စိတ်မှာ သိပ်ထူးဆန်းသည် ဟု မထင်သောကြောင့် တအံ့တဩ တော့ မဖြစ်ကြချေ၊ ၎င်းနောက်အားလုံးက ပဌမလူကို ဝိုင်း၍ကြည့်လိုက်ကြသည်၊ သို့သော် သူထံမှမည်သည့်စကားသံမျှထွက်မလာ၊ ''ဟေ့ကောင် ဘာမောင် ဘာငိုင်နေတာလဲ ပြောလေကွာ၊ မင်းအမေမင်းကို ဘယ်လိုဂရုစိုက်ခဲ့တယ်ဆိုတာ တို့သိချင်တယ်''ဟု ဝိုင်း၍တိုက်တွန်းကြသောအခါ ''ပြောစရာမရှိလို့ ငြိမ်နေတာပါကွာ၊ ငါ့မှာ ပြောစရာတကယ် မရှိတာပါ၊ မင်းတို့အားလုံး ငါ့အိမ်ကို ရောက်ဖူးကြပါတယ်၊ ငါတို့မိသားစုအကြောင်း ကိုလည်း မင်းတို့သိပါတယ်''။

ဟုတ်တော့လည်းဟုတ်ပါသည်၊ သူတို့ငါးယောက်ထဲမှာ ပဥ္စမလူက အဆင်းရဲဆုံး၊ ခြောက်တန်းနှင့်ကျောင်းထွက်ခဲ့ရသည့်၊ မိသားစုကလည်းများလှ၏။ တခြားညီအစ်ကိုမောင်နှမများ အိမ်ထောင်ကိုယ်စီပြုပြီး အိမ်ခွဲနေကြသော်လည်း ပဥ္စမလူမှာ အိမ်ထောင်မပြုဘဲ မိခင်ကြီးနှင့်အတူ နေထိုင်ဆဲဖြစ်လေသည်၊ သည်အခြေအနေအားလုံးကို သိထားသည့်အတွက် မျှော်လင့်ချက်က သိပ်မရှိလှသော်လည်း သူ့မိခင်၏ ဂရုတစိုက်ရှိပုံအကြောင်းကို ကြားချင်လှသောကြောင့် အားလုံးဝိုင်း၍ အတင်းပြောခိုင်းသောအခါ ပဥ္စမလူက –

"မင်းတို့ထဲမှာ ငါကအသက်အကြီးဆုံးကွ၊ (၆၂)နှစ်ရှိနေပြီ၊ ငါ့အမေဆို (၈၃)နှစ်ရှိနေပြီ၊ ကျန်းမာရေးကောင်းနေတုန်းပဲ သွားနိုင်လာနိုင်တုန်းပဲ၊ အေး–အမေက ငါ့ကိုငယ်ငယ်လေးကတည်းက အခု(၆၂)နှစ်ထဲရောက်တဲ့အထိ ဘမောင်–လို့ တစ်ခါမှမခေါ်ဘူးကွ '**သားလေး**'လို့ပဲခေါ်တယ်"။

"**ဘာကွ သားလေး–ဟုတ်လား**" ပထမလူက အထိတ်တလန့်နှင့်လှမ်းမေးလိုက်သည်၊ "အေး–ဟုတ်တယ် ငါ့အမေက ငါ့ကို ခုအချိန်ထိ သားလေးလို့ခေါ်တုန်းပဲ"ဟု ပြောလိုက်သောအခါ ကျန်လူများက ပါးစပ်အဟောင်းသားနှင့် တအံ့တသြငေးကြည့်လျက်

မိမိဤဇာတ်လမ်းကိုတင်ပြရသည်မှာ မိခင်များက သူတို့၏သားသမီးတွေ အသက်နှင့်ရာထူး မည်မျှလောက်ကြီးပါစေ "ကလေး"ဟုပင် ထင်နေတတ်ကြကြောင်း သိစေလိုရင်းဖြစ်ပါသည်။

**ပြုစုဖို့ရာ မခက်ပါ**

မိဘနှစ်ပါးကို သားသမီးများက တစ်ဖန်ပြန်၍ ပြုစုလုပ်ကျွေးရာ၌ အင်မတန်လွယ်ပါ၏။ လူကြီးများဖြစ်သောကြောင့် မိမိတို့ လိုချင်သည့်အရာဖြစ်ချင်သည့်ဆန္ဒကို နှုတ်ကထုတ်ဖော်၍ ပြောတတ်ဆိုတတ်ကြသည် မဟုတ်ပါလား၊ အဖိုးပါယ်ကတော့ (**သား–အမေ ရေချိုးချင်သကွယ်**) ဆိုတာနဲ့ သားဖြစ်သူ ဘာမျှစဉ်းစားနေစရာမလို၊ ရေခပ်ပေးလိုက်ရုံသာ၊ (**သမီးရယ် အမေ ထမင်းစားချင်သကွယ်**) ဆိုရင်လည်း "ဩော်–တို့အမေ ရေချိုးချင်တာများလား"လို့ တွေးနေစရာမလို၊ ထမင်းရှုးခပ်ပြင်ဆင်ကျွေးလိုက်ရုံပါပဲ၊ (**သမီးကြီးရယ်–အမေ ညောင်းလိုက်တာကွယ် တစ်ကိုယ်လုံး အကြောတွေတက်ပြီး ကိုက်ခဲနေတာပဲ**) ဆိုရင်လည်း "ဒါဆို သမီး နင်းပေးနှိပ်ပေးမယ်လေ"ဆိုပြီး ကိုယ်ကအနှိပ်သည်လုပ်လိုက်ရုံသာရှိ၏။(**သားရယ်–အမေ နေသိပ်မကောင်းဘူးကွယ်**)ဆိုရင်လည်း ဆေးခန်းသွားပြဆရာဝန်ခေါ်ပေးလိုက်ရုံပဲပေါ့။

၎င်းသားသမီးများ ငယ်စဉ်တောင်ကျေးကလေးဘဝက ထိုကဲ့သို့ ကိုယ်လိုချင်

တာကို ပီပြင်အောင် မိဘတို့အားပြောပြနိုင်ခဲ့ပါရဲ့လား၊ ထမင်းဆာလည်း– အူဝဲ, ရေဆာလည်း– အူဝဲ, ညောင်းညာလည်း– အူဝဲ, အညစ်အကြေးတွေပေနေရင်လည်း အူဝဲ၊ ဒီအူဝဲသံကို ကြားလိုက်ရလျှင် မိဘတို့ရင်မှာ မချိအောင်ခံစားကြရ၏။ (အို– **သားလေးသမီးလေး ငိုနေတာ အေးလို့လားမသိ)ဆိုပြီး ပူအောင်လုပ်ပေးပြန်တော့– အူဝဲ၊ (အို–မဟုတ်သေးပြန်ဘူး ပူလို့ထင်ပါရဲ့လေ)ဆိုပြီး အေးအောင်လုပ်ပေးပြန်တော့ လည်း– အူဝဲ၊ (အို–မဟုတ်သေးပြန်ဘူး နို့ဆာလို့ငိုတာနေမှာပါ) ဒီလိုနဲ့ နို့တိုက်ပေး ပြန်တော့လည်း–** အူဝဲ၊ လိုချင်တာမရသေးသောကြောင့် ငိုသံကပျောက်မသွား။ **(ညော်– ညောင်းညာလို့များလား)ဆိုပြီး** မနာအောင် ခန္ဓာကိုယ်လေး ပွတ်သပ်ခါပေးတော့မှ မောင်မင်းကြီးသား မယ်မင်းကြီးမတို့က အငိုတိတ်ရှာ၏။ သူလိုချင်တာရသွားပြီကိုး။ **(ဒါဆိုရင် ယနေ့ခေတ်ရုပ်ရှင်မင်းသမီးလေးတစ်ယောက် ယခုအချိန်ထိအူဝဲသံမပျောက် သေးသည်မှာ သူလိုချင်တာမရသေးသောကြောင့်ဟု ထင်ရ၏)။**

ဤသို့ဤနှယ် ပဟေဠိဆန်ကာ အနက်အဓိပ္ပါယ်မြောက်များစွာထွက်နိုင်သော ကလေးငယ်၏အူဝဲသံကို မိခင်ဖခင်တို့ခမျာ နေ့ပေါင်းညပေါင်း လပေါင်းများစွာ လူလား မြောက်သည်အထိ အမျိုးမျိုးအဖြေရှာပြီး အချိန်တွေပစ္စည်းတွေ အကုန်ခံလျက် မငြီး မငြင် မပင်မပန်း ပြုစုလုပ်ကျွေးခဲ့ကြ၏။ ဒီကြားထဲ ကိုယ်တော်ချောလေးက ဆင်စီးချင် တယ်ဆိုလို့ ဖခင်တစ်ယောက် လေးဖက်ထောက်ကာ ဆင်သဏ္ဍာန်ရုန်း၍ ဖင်ကုန်းပေး ခဲ့ရသေး၏။ ။

ထို့ပြင်တဝ မိခင်က ထမင်းစားနေတုန်း ဖြုန်းဆို သမီးငယ်ကအီးပါချသဖြင့် ဝါးလက်စ ထမင်းလုပ်ကိုတောင်မျိုမချရသေး၊ အပြေးကလေးသွားကာ သုတ်သင်ပေးပြီး လျှင် လက်ကိုပင်မဆေးအား၊ ထမင်းဆက်စားသဖြင့် ကလေးမစင်တစ်ဝက် မိခင်ပါးစပ်ထဲ ဝင်ခဲ့ပြန်ပါရော့လား၊ ဒါကြောင့်မို့ အူဝဲအရွယ်ကလေးငယ်နှင့်စာလျှင် မိဘတို့အား ပြုစုလုပ်ကျွေးရသည်မှာ လွယ်ပါ၏။ လွယ်သမှသိပ်ကိုလွယ်လွန်းလို့ "အံမယ်လေး ပျင်းတောင် ပျင်းသေးတယ်"ဟုပင် ဆိုရလိမ့်မည်၊

ယခုပြခဲ့ပြီးသောအချက်ကလေးမျှနှင့်ပင် မိဘကျေးဇူးကို အထူးဆပ်ချင်စရာ ကောင်းနေပါလျက်၊ အဘယ့်ကြောင့် ကိုယ့်အလှည့်ကျကာမှ တာဝန်မကျေချင်ဖြစ်နေကြ ရပါသနည်း၊ မိဘဘက်က အပြစ်အနာ အဆာရှိသည်ဆိုလျှင်လည်း ၎င်းအပြစ်သည် ကိုယ်နှင့်မဆိုင်၊ သူဖြစ်သူခံလိမ့်မည်–ဟုသဘောထားကာ ကိုယ့်တာဝန်ကိုသာကျေအောင် ပြုလုပ်သင့်၏။ မိဘတိုင်းကို ကောင်းသည်ဟုမဆိုလို၊ (ယုတ်စွအဆုံး ဘုရားဟောဇာတက ထဲမှာပင် နောက်အိမ်ထောင်ပြုချင်၍ သားဖြစ်သူ ဘုရားအလောင်းကို သတ်ရန်ကြံစည် သော မိခင်အိုတစ်ဦးအကြောင်းပါဝင်နေသေးသည် မဟုတ်ပါလား)၊ ဤသို့လျှင်

အကျင့်စာရိတ္တမကောင်းခြင်း၊ အိမ်ထောင်ရေးဖောက်ပြန်ခြင်း စသည်ဖြင့် ဆိုးသော မိဘများလည်း ရှိကြပါ၏၊ သို့သော် ၎င်းအဆိုးများ၏အကျိုးဆက်ကို ပြုလုပ်သူသာ ခံရပေလိမ့်မည်။

**မိခင်မိုက်နှင့် သားလိမ္မာ**

တစ်ခုသောမြို့၌ မုဆိုးမမိခင်ကို ကုလီထမ်း၍ ကြိုးကြိုးပမ်းပမ်းပြုစု လုပ်ကျွေးနေသော လုလင်တစ်ယောက်ရှိ၏၊ ထိုသူ၏မိခင်ဖြစ်သူကား မိခင်ပီပီ မတည်ကြည်၊ တခြားယောက်ျားနှင့် တိတ်တိတ်ပုန်းဖောက်ပြားနေ၏၊ သားကိုအားနာ၍ အထင်အရှားလည်းမနေရဲ၊ တစ်ပင်လဲလို့ တစ်ပင်ထူသသော မျိုးဖြင့် တရားဝင်လက်ထပ်ယူသည့်မျိုးလည်းမဟုတ်၊ ထိုဖောက်ပြားပုံကိုသိကြသော မိတ်ဆွေများက ရိုးရိုးသားသားနှင့်ပြုစုနေသော လုလင်ကိုသနား၍ လုလင်အား အကြောင်းစုံကို တိုင်ကြားလေ၏၊ ထိုအခါ **(အချစ်ပိုအင်, မွေးမိခင်လည်း, ပျော်ရွှင်မိုက်မှား, လင်ငယ်ထားက, မှတ်သားစင်စစ်, ရန်သူဖြစ်၏)**ဟု ဆိုကြသော်လည်း သည်သားလိမ္မာလိုက်ပုံက–

"**အမေ**ပျော်သလိုနေပါစေဗျာ၊ အမေစိတ်ချမ်းသာလျှင်ပြီးရော၊ ကျွန်တော့ အတွက်ကတော့ အမေဘာပဲလုပ်လုပ် ပြုစုမှာပါပဲ"ဟု ပြောရှာလေသတဲ့။

ဤ၀တ္ထု၌ မိခင်၏ယုတ်မာမှုမှာ မိခင်၏တာဝန်သာဖြစ်သည်၊ ပြုစုဖို့က သား၏ **တာဝန်**သာဖြစ်သည်၊ ထိုကဲ့သို့ယုတ်မာသောမိခင်ကို ပြုစုရာ၌ မိခင်အဖြစ်နှင့်ပြုစုသည်ဟု **သဘောမ**ထားရ၊ ကျေးဇူးရှင်ကို ကျေးဇူးကြွေးမကျန်အောင် ပြန်၍ဆပ်နေသည်ဟု **သဘောထား**ရမည်၊ (**ကိုယ်ကျင့်အဘိဓမ္မာ** နှာ– ၅၄)

**ကိုယ့်ဇတ်ထုပ်ကြည့်တော့လက်ဖဝါး သူ့ဇတ်ထုပ်ကြည့်တော့လက်ဖဝါး**

**မဂ္ဂဇင်းတစ်အုပ်တွင်** ဖတ်ရှုရသည်မှာ **စိမ်းနေအပည့်ရှိသော** မိန်းကလေးတစ်ယောက်က **သူကျောင်းဆရာမအား**ပြောပြသည်မှာ "**အဖေဆုံးသွားတော့** အမေတစ်ယောက်တည်း **သမီးတို့မောင်နှမတွေကို** ရှာဖွေကျွေးမွေး ခဲ့ပါတယ်၊ နောက်တော့ အမေ **နောက်အိမ်ထောင်ပြုပါတယ်၊** အဲဒီနေ့ဟာ အကြီးမားဆုံး ဆုံးရှုံးရတဲ့နေ့ပါပဲ ဆရာမရယ်၊ **လမ်းမှာလူတွေနဲ့တွေ့**လို့ 'နင်တို့အမေကော နောက် အိမ်ထောင်ပြုသေးလား'လို့ **အမေးခံရရင် မျက်နှာ**ကို အက်စစ်နဲ့အပက်ခံရသလိုပါပဲ၊ အမေ့အပေါ်ဖြစ်လိုက်ရတဲ့ဒေါသ **တစ်ကိုယ်လုံး**တာဆတ်ဆတ်တုန်နေတာပဲ"တဲ့၊ ဒီတော့ ဆရာမ၏ ပြန်ပြောဆုံးမပုံက **မှတ်သားစရာ**–

"အေး-တို့အမေလည်း အဖေဆုံးပြီး(၂)နှစ်လောက်မှာ နောက်အိမ်ထောင်ပြုခဲ့တာပဲ၊ ဘာပြောကောင်းမလဲ စိတ်ဆိုးလွန်းလို့(၂)နှစ်လောက် မခေါ်မပြောပဲနေခဲ့တာ၊ အခုတော့မှ အဲဒီ(၂)နှစ်ကို ဆရာမ နှမြောလိုက်တာကွယ်၊ အမေသေလို့ မရှိတော့ဘူးဆိုတဲ့အခါ ဘယ်မှာမှရှာလို့မရနိုင်တော့ဘူး၊ အမေရေ-လို့ အော်ခေါ်လို့လည်း ထူးသံမကြားရတော့ဘူးလေ၊ အမေ အသက်ထင်ရှားရှိစဉ်က မခေါ်ပဲနေခဲ့တာတွေ စိတ်ဆိုးခဲ့တာတွေလုပ်မည့်အစား ကိုယ့်စိတ်ကိုဖြေပြီး အမေနှင့်အတူ ချစ်ချစ်ခင်ခင် ကြင်ကြင်နာနာနေခဲ့မိရင် ဘယ်လောက်ကောင်းမလဲလို့ နောင်တရမိတယ်၊ အဲဒါပါပဲကွယ် လောကကြီးမှာ သူများဘဝနဲ့ကိုယ့်ဘဝ တူချင်မှတူမှာပေါ့၊ သူ့ကံကိုယ့်ကံပေကိုး၊ ကိုယ်လုပ်ယူတာမှမဟုတ်ပဲ၊ ဒီတော့ ရလာတဲ့အနေအထားကိုပဲ အကောင်းဆုံးဖြစ်အောင် ဖန်တီးယူရမှာပေါ့"ဟု အားပေးလိုက်သဖြင့် စိမ်းနု-ဆိုသော တပည့်မလေးခမျာ စိတ်သက်သာရာရသွားပါသတဲ့။

မှန်ပါသည်- (၎င်းမိခင်၏ လက်ရှိအနေအထားကို ကြည့်၍ပြောရလျှင်) နောက်အိမ်ထောင်ပြုခြင်းသည် သေသွားတာလောက်မဆိုးသေးပါ၊ အဖေက သေသွားခဲ့ပြီမရှိတော့ဘူး၊ အမေကနောက်အိမ်ထောင်ပြုသော်လည်း အသက်ထင်ရှားရှိနေသေးလို့တွေ့နေမြင်နေရသေး၏၊ ဒါ-နည်းတဲ့အခွင့်အရေးမဟုတ်ပါ။

အကောင်းဆုံးကတော့ အမေ့အပေါ် မကျေမနပ်ဖြစ်မနေတော့ပဲ အမေရှိတုန်းလေးမှာ စိတ်ချမ်းသာအောင်ထား၍ ပြုစုလုပ်ကျွေးခြင်းဖြင့် ရသင့်ရထိုက်သော ကုသိုလ်ကောင်းမှုကို ရအောင်ယူမိဖို့အရေးကြီး၏၊ **အကြောင်းကား- အခွင့်အရေးဟူသည် နှစ်ခါပြန်မလာသောကြောင့်တည်း။**

ဂျာနယ်ကျော် မမလေး၏ (သည်အပ္ပ)ဇာတ်သိမ်းပိုင်းမှစကားလေးကို ပြောချင်သေး၏၊ မိခင်သေဆုံးပြီးသိပ်မကြာခင် ဖခင်ဖြစ်သူနောက်မိန်းမယူသဖြင့် ပူဆွေးသောကရောက်ကာ ဒေါသမီးတောက်လောင်နေသော သမီးကြီးအား၊ အဒေါ်ဖြစ်သူက "ကြည့်စမ်းညည်းမှာ အကုသိုလ်တယ်လောက်များသလဲ၊ ညည်းအဖေပေါ်မှာဖြစ်သမျှ ဒေါသတွေဟာအပြစ်ချည်းပဲကွယ့်၊ ဒီအပြစ်ကကြောက်ဖို့သိပ်ကောင်းတဲ့အပြစ်ပေါ့၊ ဒေါသရဲ့ကောင်းကျိုးကလည်း ဘယ်မှာတုန်းကွယ့်"ဟု ဆုံးမထားပါသည်၊ ဆရာမကြီး၏ စေတနာပါသောသတိပေးချက်က အဖိုးတန်လှ၏။

မိဘများက တစ်ပင်လဲလို့တစ်ပင်ထူသည်ကို ဒေါသဖြစ်ကာ စိတ်ဆိုးနေပါလျှင် သားသမီးများသာ အပြစ်ဖြစ်ရလိမ့်မည်၊ သည်ဇာတ်လမ်းမှာ ဖခင်ဘက်ကကြည့်လျှင် တစ်ပင်လဲပြိုခဲ့ရပြီမို့ နောက်တစ်ပင်ထပ်ထူခြင်း၊ သမီးအပေါ်မှာလည်း

ဖခင်ဝတ္တရားကျေပွန်ခဲ့ခြင်းတို့ကြောင့် ဖခင်လုပ်ရပ်ကို အမှန်ဟုပင် ဆိုနိုင်ပါသည်၊ သမီးဘက်က ရုတ်တရက်ကြည့်မည်ဆိုလျှင်တော့ "ငါ့ထက်ပိုချစ်ရမည့်သူရှိသွားပြီ"ဟူသော မခံချင်စိတ်ဖြင့် ဒေါသဖြစ်ကာ ပေါက်ကွဲခဲ့ရခြင်းဖြစ်၏။ တကယ်တမ်းစဉ်းစားလျှင် သမီးဖြစ်သူကကော တစ်နေ့အိမ်ထောင်ပြုကာ အိုးခွဲမသွားတော့ပြီလော၊ အိမ်ထောင်မပြုပဲ ဖခင်ဖြစ်သူနှင့် တစ်သက်လုံးနေသွားနိုင်ပါမည်လော၊ ဖခင်၏ဒုတိယဇနီးက ဖခင်အပေါ် အနွံအတာခံကာ ချစ်ခင်ပြုစုယုယနေသည်ကိုသာ မြင်တွေ့ရလျှင် ဖခင်အတွက် ပို၍ပင် ဝမ်းသာကာ ဖခင်ကိုပြုစုပေးသည့်ဒုတိယဇနီးကိုပင် ကျေးဇူးတင်မိပေလိမ့်မည်။

တချို့သားသမီးများကျတော့လည်း ဒုတိယဇနီးကို ကျေးဇူးမတင်ရုံအပြင် ဖခင်ကိုပင် အပြစ်မြင်ကာ မပေးမကျွေးပဲနေကြတာမျိုးလည်းတွေ့ရဖူး၏၊ တစိမ်းဖက်လာပြီကိုး၊ ယခင်တုန်းကဆိုလျှင် ဖခင်ကြီးအား အဝေးနေသားသမီးတွေက လိုလေသေးမရှိအောင် ထောက်ပံ့ပေးကြ၏၊ ဖခင်၏ကျန်းမာရေးအတွက်တော့ ကူဖော်လောင်ဖက် မည်သူမျှမရ၊ လုပ်ပေးတဲ့သူပေါ်လာပြန်တော့လည်း မကြိုက်ကြ၊ ဖခင်ကိုယ်တိုင်က ဆေးပေးမီးယူကြည့်ဖြူစွာ ယူပြန်တော့လည်း "အဖေ အသက်ကြီးကာမှ ကျုပ်တို့အရှက်ကိုခွဲတာလား" ဟု ရန်တွေ့လိုက်ကြပြန်သေး၏။ ထိုကဲ့သို့မဖြစ်စေပဲ ငါတို့ကိုယ်စား ဖခင်ကြီးကိုပြုစုပေးနေတာပါလား–ဟုသဘောထားကာ ခါတိုင်းထက်ပို၍ ထောက်ပံ့လိုက်လျှင် ပို၍မကောင်းပါလား၊ အခြေအနေအရ တစ်ပင်လဲလို့တစ်ပင်ထူရသည်ကို သားသမီးများက နားလည်ခွင့်လွှတ်ဖို့လိုသလို၊ မိဘများဘက်ကလည်း ကိုယ့်ဆန္ဒကိုရှေ့တန်းမတင်ပဲ သားသမီးကိုပြန်ငဲ့ဖို့ အကြောင်း ပြောချင်သေး၏၊ နောက်ဆုံး ကိုယ်ကလက်ခံချင်တာတောင် ကလေးတစ်ပြုံကြွေးတစ်အုံနဲ့မို့'မလွယ်ဘူး ကိုဖိုးခင်ရေ၊ တော့မှာလည်း ကြွေးတွေနဲ့၊ ကျုပ်မှာလည်း ကလေးတွေနဲ့'' ဆိုတာလို စိတ်အလိုကိုမလိုက်ပဲ ငြင်းတန်ငြင်းရလိမ့်မည်။ နောက်အိမ်ထောင်ထူမည်ဆိုလျှင် ကြိုတင်၍ စဉ်းစားရမည်၊ သင့်မသင့်, ရာမရာကိစ္စတွေကို ဥပေက္ခာပြုမျက်ကွယ်မထားသင့်၊ နှစ်ဦး သားအဆင်ပြေရုံနှင့်မပြီး ၊ သားသမီးတွေရဲ့ ဆန္ဒကိုလည်းမေးရမည်၊ သားသမီးတွေ မကျေနပ်လျှင် ကန့်ကွက်ဆန့်ကျင်ကြလျှင် ကိုယ့်ဆန္ဒကိုရှေ့တန်းမတင်လေနှင့်၊ နောက်ဆုတ်တန်ဆုတ် ဖျက်ဆီးတန်ဖျက်ဆီး ရပါလိမ့်မည်၊ ဒီလိုမဟုတ်ပဲ အထီးကျန်ဖြစ်နေတဲ့ကိုယ့်ဘဝ အထီးမကျန်အောင် ဘာကိုမျှမထောက်ထားပဲ ဖွတ်လုပ်မယ်ဆိုရင်တော့ သားသမီးတွေရဲ့ မျက်ရည်မြစ်မှာ နစ်သွားနိုင်၏၊ ထို့ကြောင့် "**ဘဝကြင်ဖော်အစား မထိုးရ , ဘဝသစ်တစ်ဖန် ပြန်မစရ**''ဟုမဆိုလို၊ အစားထိုးကာ ပြန်လည်စနိုင်ပါ၏။

သို့သော် ကိုယ့်အတွက်ကြောင့်တော့ ကိုယ့်ရင်သွေးတွေ မျက်ရည်နှင့် မျက်ခွက်မဖြစ်စေသင့်၊ ပတ်ဝန်းကျင်မှာ မျက်နှာမဖော်ရဲလောက်အောင် အရှက်မရစေ

သင့်၊ ကိုယ်ဆင်းရဲစိတ်ဆင်းရဲ မဖြစ်စေသင့်၊ ဆယ်တန်းကျောင်းသူလေးတစ်ယောက်၏မိခင်ဆိုလျှင် နောက်ယူလိုက်သည့်ယောကျ်ားက သမီးဖြစ်သူထက် ကြီးလှနှစ်နှစ်သုံးနှစ်ပေါ့၊ "အမေရယ် ယူမယ့်ယူလည်း ကိုယ်နဲ့သက်တူရွယ်တူယူပေါ့"ဟု သမီးဖြစ်သူက မကျေမနပ်ပြောသည့်အခါ၊ "ဟဲ့–ငါနဲ့သက်တူရွယ်တူယူရင် တစ်ခုလပ်နဲ့မုဆိုးဖိုပဲရမှာပေါ့"ဟု ပြန်ပြောပါသတဲ့၊ ၎င်းသမီးလေးခမျာ ပညာရေးလည်းစိတ်မဝင်စားတော့၊ သူ့ကိုယ်သူ သိမ်ငယ်သွားကာ လူကြားသူကြားထဲလည်း မတိုးရဲတော့ပေ၊ သည်မိခင်မိုက်ကတော့ သမီးဖြစ်သူ၏ မျက်ရည်မြစ်မှာ နစ်မှာမကြောက်သည့်အပြင် ပျော်ပျော်ကြီးပင် လက်ပစ်ကူးနေလိုက်သေး၏။

ဒိုးဇာတ်ကားမှ (အမေ–နောက်အိမ်ထောင်ပြုလိုက်ပြီသား) ဟူသော စာရွက်ခေါက်ကလေးကြောင့် ဘိန်းဖြူဆေးသွင်းရင်း သေမင်းလက်မှာ အသက်ပျောက်ခဲ့ရသည့် မျိုးကြီးလိုသားသမီးမျိုးတွေလည်း များစွာရှိပေလိမ့်မည်။

တစ်ပင်လဲလို့ တစ်ပင်ထူသည်ကိုပင် ဤရွေ့ဤမျှ ရှေ့နောက်ထောက်ဆရသေးလျှင် တစ်ပင်မလဲပဲ နောက်တစ်ပင်ထူဖို့ဆိုသည်ကား လုံးဝဖြစ်သင့်သောကိစ္စမဟုတ်ချေ၊ တစ်လင်တစ်မယားစနစ်သာ အကောင်းဆုံးဖြစ်ပါလျက် တစ်ပင်မလဲပဲ နောက်တစ်ပင်ထူလျှင် ဖခင်ဖြစ်သူအတွက် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ အပြစ်မရှိသော်လည်း (ဇနီးမယား ရင်ငွေ့မှ အငယ်အနှောင်းရင်ငွေ့သို့ပြောင်းရွှေ့ခြင်းသည် ဖြစ်ရိုးဖြစ်စဉ်မဟုတ်၊ ဖောက်လွှဲဖောက်ပြန် ကျင့်ခြင်းသာဖြစ်သောကြောင့်) သားသမီးတွင်မက ဝန်းကျင်အသိုင်းအဝိုင်းကပါ ခွင့်လွှတ်မည်မဟုတ်၊ လူမှုဆက်ဆံရေးဆိုးကျိုးများနှင့် ရင်ဆိုင်ရလိမ့်မည်၊ ကဲ့ရဲ့ပြစ်တင် ရှုတ်ချမှုကိုလည်း ခံရပေလိမ့်မည်။

**ကိုယ့်ဖက်ကကြည့်တော့လက်ဖမိုး သူ့ဖက်ကကြည့်တော့လက်ဖဝါး**–ဆိုတာလို မိဘများဘက်ကအမှန် သားသမီးဘက်ကအမှား မြင်နေကြတာမျိုးလေးတွေရှိသေး၏၊ တခြားမဟုတ်–အဝေးမှာနေသည့်သားဖြစ်သူက မိခင်ကြီးစားချင်တာစား လှူချင်တာ လှူဖို့ ငွေပို့ပေးသည့်အခါ မိခင်ဖြစ်သူကတော့ လက်ထဲရောက်လာသည့်ငွေကလေး ပူနွေးအောင်ပင် မကိုင်အား၊ တခြားနွမ်းပါးသည့်သားသမီးများကိုခေါ်ယူ၍ ကြည်ဖြူစွာ ပေးပစ်တတ်၏။

ရန်ကုန်မှာနေသည့်ဘုန်းကြီးတစ်ပါးဆိုလျှင် "ငါက ရွာမှာရှိတဲ့အမေအိုအတွက် ပို့ပေးလိုက်တာ၊ အဲဒါ အမေအိုက မစားမသောက်ပဲ သူ့မြေးတွေခေါ်ခေါ် ပေးပစ်လို့ ဆူရငေါက်ရသေးတယ်"ဟု အမိန့်ရှိခဲ့ဖူး၏၊ မှန်ပါသည်– ၎င်းဘုန်းကြီးဆိုလျှင်

"အမေမစားရမဲ့အတူတူ ပေးမနေတော့ဘူး"ဟု စိတ်ဆိုးကာ အချိန်အတော်ကြာအောင် ဘာကိုမျှပို့မပေးပဲနေခဲ့သေး၏၊ တော်ကြာအမေသေခါမှ နောင်တရနေမည်စိုး၍ နှစ်ဆတိုးကာ ပို့ပေးနေရပြန်ပါသတဲ့၊ မိခင်မေတ္တာဆိုသည်ကို ကိုယ်ချင်းစာတရားဖြင့် မခံစားဖူးသောကြောင့် အပြစ်မြင်မိခြင်း ဖြစ်ပါလိမ့်မည်။

တချို့မိခင်များဆိုလျှင် ကိုယ့်အတွက်ကိုမစဉ်းစား သားသမီးအရေးကိုသာ တွေးပူနေတတ်၏၊ အဆင်မပြေသည့် သားသမီးအတွက်ဆိုလျှင် ရပ်ထဲရွာထဲမှ ငွေကိုပင် လှည့်ပတ်၍ချေးငှားပေးတတ်ကြ၏၊ သူတို့ကလည်း အလည်သား ငွေမဆပ်နိုင်၍ မိခင်စိတ်ဆင်းရဲလျှင် ထောက်ပံ့နေကျသားလိမ္မာသမီးလိမ္မာက ဆပ်ပေးလိမ့်မည်-ဟု ခံယူထားကြပုံရ၏။ နောက်ဆုံးတော့"အမေက ကိုယ့်မှာရှိတာလေးပေးရတာတောင် အားမရသေးပဲ သူများဆီကပါ ချေးငှားပေးတယ်ဆိုတော့ အမေ့လုပ်ရပ်ကလွန်တာပေါ့-ဟု ပါးစပ်ကပြောမိသော်လည်း လက်ကတော့ပေးလိုက်ရသည်ချည်းသာ၊ (ပါးစပ်ကပြောလျက် လက်ကပေးသည်မို့ "ထမင်းတစ်လုပ် တုတ်တစ်ချက်"အဖြစ်မျိုး မြင်သွားလျှင် အကျိုးရှိပါဦးမည်လော၊

ဤနေရာ၌ မိခင်ဘက်က ကြည့်ပြန်တော့လည်း ကိုယ့်သားသမီးကို ပေးချင်ကျွေးချင်သည်မှာ မိဘမေတ္တာမို့ သဘာဝကျပါ၏၊ ထို့ကြောင့် "အမေရှိနေတုန်း ပေးရကျွေးရမှာက ငါ့တာဝန်၊ အမေ့လက်ထဲရောက်မှ ဘယ်မြေးပေးပေး၊ ဘယ်ချွေးကျွေးကျွေး ငါနှင့်မဆိုင်၊ အမေစိတ်ချမ်းသာသလိုသုံးပါစေ၊ အမေစိတ်ချမ်းသာရင်ပြီးရော"ဟု သဘောထားကာ ကျွေးမွေးပြုစုထောက်ပံ့ဖို့သာ လိုတော့၏။

(သိတတ်လိမ္မာသည့် သားသမီးကိုလည်း မိသားစုကအသိအမှတ်ပြုကာ ကျေးဇူးတင်သင့်၏၊ တချို့မိသားစုများမှာ လိမ္မာစွာရှာဖွေကျွေးမွေးနေသူအား ပြန်၍ငဲ့ညှာရမှန်းမသိ၊ ရှာဖွေလည်းကျွေးမွေးရသေး၊ ကျေးဇူးတင်လည်းမခံရ၊ ထိုသားသမီးမျိုးကို ဝဋ်ခံရတာဟုပင် ပြောတတ်ကြ၏)

မွေးနေ့ပြုခါ သတိရပါ

မိခင်၏ ကျေးဇူးကို ခါတိုင်းထက်ပို၍ အထူးသတိ ရသင့်သော အခါမျိုးရှိသေး၏၊ အခြားမဟုတ် မွေးနေ့ကသိုလ်ပြုလုပ်သောအခါပင် ဖြစ်၏၊ တချို့ပုဂ္ဂိုလ်များ မွေးနေ့ကုသိုလ်ဆိုပြီး အကြီးအကျယ်ပြုလုပ်ကြသော်လည်း ဖယောင်းတိုင်မီးလေးမှုတ်လျက် (ဟက်ပီးဘတ်ဒေးတူးယူ)နှင့်သာ အချိန်ကုန်ကာ မိမိကိုမွေးထုတ်ပေးလိုက်သည့်မိခင်ကိုတော့ မေ့နေတတ်ကြ၏။

အမှန်စင်စစ် လှပသောပန်းကလေးများကို တွေ့မြင်ရလျှင် ဥယျာဉ်မှူး၏ကျေးဇူး

ကို သတိရသင့်သလို၊ မွေးနေ့အထိမ်းအမှတ်ကုသိုလ်လုပ်မည်ဆိုလျှင်လည်း မွေးမိခင်ကို အရင်ဆုံးသတိရသင့်၏။ ယခုတော့ သည်လိုမဟုတ်၊

ဒကာတစ်ယောက်က ငွေငါးသောင်း အကုန်ခံ၍ မွေးနေ့ဆွမ်းကပ်ချင်ကြောင်း ဆရာတော်ကြီးတစ်ပါးထံလျှောက်ထားသည့်အခါ ၎င်းဆရာတော်ကြီးက ''မိခင်ကြီးကို အရင်ကန်တော့ပါ၊ ပြီးတော့မှ ဘုန်းကြီးတို့အတွက် စဉ်းစားပါ''ဟု ပြောလိုက်ရကြောင်း၊ ဒါတောင် တချို့ဒကာက ''တပည့်တော် အမေနှင့် မခေါ်တာကြာပြီဘုရား''ဟု လျှောက်ထားသဖြင့် ''ဩော်–ဒီလိုလူမျိုးကလည်း ရှိသေးသဗျ'' ဟု အံ့သြရပါကြောင်း မိန့်ကြားခဲ့ဖူး၏။

အကောင်းဆုံးကတော့ မွေးနေ့ရောက်ပြီဆိုလျှင် မိခင်အသက်ထင်ရှား ရှိသေးပါက သွားရောက်ကန်တော့ပါ၊ ဝေယျာဝစ္စပြုစုပေးပါ၊ အကယ်၍ ကွယ်လွန်ပြီးဖြစ် လျှင် မိခင်၏ဂုဏ်ကျေးဇူးကို အာရုံပြုကာ ကုသိုလ်ကောင်းမှု၏အဖို့ဘာဂကို အမျှအတန်း ပေးဝေပါ၊ ဒါမှသာ မွေးနေ့ကုသိုလ်–ဟူသောစကားလုံး၏အဓိပ္ပါယ် ပို၍ပီပြင်ပါလိမ့်မည်။

**မိဘာအရိပ်ကာ လွှန်အေးမြ**

''ဒွေမေ ဘိက္ခဝေ ဒုလ္လဘာ လောကသ္မိံ ၊ ကတမေ ပုဂ္ဂလာ ပုဗ္ဗကာရီ စ ကတညုတ ကတဝေဒီ စ''၊ လောကမှာ ရနိုင်ခဲသော ပုဂ္ဂိုလ်နှစ်ယောက်ရှိ၏။

(၁) ပုဗ္ဗကာရီပုဂ္ဂိုလ်– ကိုယ်ကကျေးဇူး တစ်စုံတရာမပြုရပဲ၊ ကိုယ့်အပေါ် ပထမဦးဆုံးစတင်ပြီး ကျေးဇူးပြုတတ်တဲ့ပုဂ္ဂိုလ်မျိုးသည် လောက၌ ရခဲလှ၏၊ ထိုပုဗ္ဗကာရီပုဂ္ဂိုလ်မျိုးတွင် မိဘနှစ်ပါးသည် ထိပ်ဆုံးကပါဝင်၏။

(၂) ကတညုတ ကတဝေဒီပုဂ္ဂိုလ်– ကျေးဇူးသိကာ ပြန်ဆပ်တတ်သည့်ပုဂ္ဂိုလ်မျိုး ကိုလည်း တွေ့ဖို့ကြုံဖို့ ခဲယဉ်းလှ၏၊ မိဘဟူသမျှ ပုဗ္ဗကာရီပုဂ္ဂိုလ်ဖြစ်ကြသော်လည်း သားသမီးတိုင်းကတော့ ကတညုတ ကတဝေဒီပုဂ္ဂိုလ်စာရင်းမှာ မဝင်နိုင်၊ ကတညုတ ကတဝေဒီမဖြစ်သော (ဝါ)–ကျေးဇူးမသိ ပြန်၍မဆပ်သော သားသမီးများသည် မိဘနှစ်ပါး၏အေးမြသောအရိပ်တန်ဖိုးကို နားမလည်သူများဖြစ်ကြ၏။

အရိပ်–ဟူသောစကားနှင့်ပတ်သက်၍ နီတိဆရာ၏အဆိုပြုချက်သည် မှတ်သား စရာကောင်းလှ၏၊ (လောက၌ရှိသော အရိပ်တကာတို့တွင် ဘုရားရှင်၏တရားရိပ်သည် အအေးမြဆုံးဖြစ်၏၊ ထိုဘုရားရိပ်တရားရိပ်မှတစ်ပါး မိဘနှစ်ပါး၏အရိပ်သည် အခြားသော အရိပ်တကာတို့ထက် ပို၍ဘေးကင်းကာအေးမြသောအရိပ်ဖြစ်၏) ဟု အဆိုပြုထားသည်၊

တစ်နေ့က မဟာပုဒ္ဒဝင်ကိုကြည့်ရှုရာ၌ သားတော်ရာဟုလာ၏ ထူးဆန်းသော စကားတစ်ခွန်းကို သတိပြုလိုက်မိ၏၊ မြတ်စွာဘုရားရှင်ထံ အမွေတောင်းရန်ချဉ်းကပ်

လာသော သားတော်လေးရာဟုလာ၏စကားကကြားရသည်မှာ အံ့ဩစရာ၊ သူ့မယ်တော် အတောင်းခိုင်းလိုက်သည်က ရွှေအိုးကြီးလေးလုံး–ဟူသော ဥစ္စာအမွေ၊ ၎င်းအမွေ မတောင်းမီ သားတော်ရာဟုလာ၏ နှုတ်မှထွက်လာသည့်စကားက သူ့မိခင် မမှာလိုက်သည့်စကား၊ "ဖခမည်းနတ် ရဟန်းမြတ်ဘုရား အရှင်ဘုရား၏အရိပ်သည် လွန်စွာအေးမြချမ်းသာလှပါပေ၏"တဲ့၊ ဖခင်–ဟူသောချစ်ခြင်းကို ရရှိကာ နှုတ်မှအလိုလို ပွင့်အံကျလာသောစကားပင်ဖြစ်၏။

မိဘ၏အရိပ်ကို ရည်ညွှန်းရာ၌ မိမိ၏အယူအဆသည် တချို့သောပုဂ္ဂိုလ်များ၏ အယူအဆနှင့် တူချင်မှတူမည်၊ "မိဘနှင့်တစ်အိမ်တည်းအတူနေခွင့်ရသော သားသမီးများသည် မိဘအရိပ်အောက်မှာနေရသဖြင့် ကံကောင်းကြ၏"ဟု တချို့က ပြောတတ်ကြသည်၊

အမှန်တကယ်အားဖြင့်–အတူနေမှု မနေမှုနှင့်မဆိုင်၊ မိဘနဲ့တော့ တစ်အိမ်တည်း အတူနေပါရဲ့၊ ဒါပေမယ့် မိဘစကား နားမထောင်ပဲ ပြန်လှန်ပြစ်မှားပြောဆိုနေပါလျှင် မိဘအရိပ်အောက်မှာနေသူ–ဟု မဆိုနိုင်၊ မိဘနှင့်အတူမနေရပဲ တစ်မြို့တစ်ရွာစီ ဝေးကွာနေသော်လည်း မိဘကျေးဇူးကို အမြဲသတိရ, အဝေးကနေမေတ္တာပို့ မိဘတို့ဆိုဆုံးမသည့် အတိုင်း လိုက်နာကျင့်သုံး၍ နေထိုင်ပါလျှင် အေးမြသောမိဘအရိပ်အောက်မှာ နားခိုသူ–ဟု ဆိုနိုင်၏။

တစ်ခါတစ်ရံ ဖြစ်တတ်သောအလေ့အထတစ်ခုရှိသေး၏၊ ဘေးကင်း၍အေးမြသော မိဘအရိပ်မှာ နားခိုခွင့်ရနေသော်လည်း ထိုအရိပ်၏တန်ဖိုးကို နားမလည်၊ ထိုအရိပ်အောက်မှာ နေရသည်ကိုပင် ပျင်းစရာ ငြီးငွေ့စရာ အနှောင်အဖွဲ့တစ်ခုပမာ စိတ်ထဲမှာထင်လာတတ်ကြ၏၊ ထိုအခါမျိုးတွင် မိဘအရိပ်အောက်ကထွက်ခွါပြီး ကိုယ့်နည်းကိုယ့်ဟန်ဖြင့် ဘဝခရီးကြမ်းကိုလျှောက်လှမ်းတတ်ကြ၏။

သည်လိုနှင့်လျှောက်လှမ်းရင်း ခရီးပြင်းနှင်လာသည့်အခါ ခရီးကပန်း လမ်းက ကြမ်းသည်မို့ နားခိုစရာအရိပ်တစ်ခုကို ထပ်မံ၍ရှာဖွေရပြန်၏၊ သို့သော် ဘေးကင်း၍ အေးမြသောအရိပ်တစ်ခုကို တွေ့ရှိဖို့ကမလွယ်၊ အကယ်၍တွေ့ခဲ့လျှင်သော်မှ မိဘအရိပ်လောက်တော့ အေးမြမည်မဟုတ်ပေ၊ ထို့ကြောင့် ဘေးကင်း၍ အေးမြသော အရိပ်၏ တန်ဖိုးကိုနားလည်ကာ အရိပ်အာဝါသပိုင်ရှင်ဖြစ်သော မိဘတို့အား စွမ်းနိုင်သမျှ ကျေးဇူးဆပ်နိုင်ကြပါစေ။

**တော်လည်းတော်စေ** ဤပဉ္စမပိုင်း၌ သူတော်ကောင်းစကားနှင့် စခဲ့သောကြောင့် **ကောင်းလည်းကောင်းစေ** **"သူတော်ကောင်း"**ဟူသောစကားနှင့်ပင် ပြန်အုပ်ကာ **အဆုံးသတ်ချင်၏၊ ဤလောက၌ အမှားအမှန် အကောင်းအဆိုး အကြောင်းအကျိုး**

အမြဲဒွန်တွဲနေရာ၌ မိဘများဘက်က မည်သည့်အနေအထားမျိုးမှာရှိသည်ဖြစ်စေ ကိုယ်နှင့်မဆိုင်၊ ကိုယ့်ဖက်က သားသမီးတာဝန်ကျေဖို့သာအရေးကြီး၏၊ တာဝန်ကျေသောသူ , မိဘကျေးဇူးကိုသိ၍ကျေးဇူးပြန်ဆပ်သူကို သူတော်ကောင်း–ဟု ပြောခဲ့ပြီးဖြစ်၏။

သူတော်ကောင်း–ဟူရာ၌ သူတော်မှ ငါကောင်းမည်–ဟု အစိပ္ပါယ်မယူဆပဲ မိဘတွေက တော်တော်–မတော်တော် ငါကောင်းမည်ဟု ဆုံးဖြတ်ကာ အားရပါးရကျေးဇူးဆပ်နိုင်ကြဖို့ အရေးကြီး၏၊ သူတော်ကောင်း–ဟူသည် သူကတော်လည်းတော်တယ်–ကောင်းလည်းကောင်းတယ်–ဟုသာ ယူဆပါက သူတော်ကောင်းနှင့် လူတော်လူကောင်း အစိပ္ပါယ်အတူတူပင်၊ ကွာခြားမှုမရှိ၊

**လူတော်လူကောင်း**–ဆိုသည်မှာ အတတ်ပညာမှာ တော်ရမည်၊ အကျင့်စာရိတ္တမှာ ကောင်းရမည်၊ ဒါမှသာ လူတော်လူကောင်း–ဟု ခေါ်နိုင်၏၊ ယင်းစကားကိုပင် ယခင်နိုင်ငံ့အကြီးအကဲပုဂ္ဂိုလ်ကြီးတစ်ဦးက"လူကောင်းလူတော်"ဟု ရှေ့နောက်ပြင်၍ ပြောခဲ့ဖူး၏၊ တော်တယ်ဆိုတာ ကြိုးစားရင်တော်နိုင်တယ်၊ လူကောင်းဖြစ်ဖို့က ပို၍ခဲယဉ်းလှပါသတဲ့၊ တော်ပြီး မကောင်းရင် အလကားပါပဲ–တဲ့။

မိဘနှင့်သားသမီးယှဉ်၍ကြည့်လျှင် တချို့သားသမီးများ အတိဇာတသားသမီး–ဟု ခေါ်ရလောက်အောင် မိဘထက်ပင်ပို၍တော်ကြ၏၊ (ဤနေရာ၌ အကျင့်သီလသာမှု မသာမှုဟူသော ဓမ္မကြောင်းကိုမကြည့်ပဲ လောကကြောင်းအားဖြင့်ကြည့်မည်ဆိုလျှင်) မိဘတွေ ပညာမတတ်သော်လည်း သားသမီးတွေက ပညာတတ် ဘွဲ့ရတွေဖြစ်၏၊ မိဘလက်ထက်ဆင်းရဲသော်လည်း သားသမီးလက်ထက်ချမ်းသာကြ၏။

သို့သော် တော်ရုံနှင့် မလုံလောက်သေး၊ တော်ရုံသာတော်ပြီး မိဘကျေးဇူးကို မသိ၊ ကျေးဇူးကိုပြန်မဆပ်ပဲ မိဘကိုပြစ်မှားစော်ကားနေလျှင် လူကောင်း(သားကောင်းသမီးကောင်း) ဟုခေါ်၍မရ၊ သူယုတ်မာ သားသမီးဟုပင်ခေါ်ရလိမ့်မည်၊ တော်ပေမယ့် မကောင်းလျှင် အလကားပင်ဖြစ်၏၊ မိဘတိုင်းကတော့ လူရှေ့သူရှေ့မှာဆိုလျှင် ကိုယ့်သားသမီး "မတော်လည်းတော်တယ်–မကောင်းလည်းကောင်းတယ်"ဟုပင် ပြောတတ်ကြပြီး အတွင်းစိတ်၌ကား တော်ပြီး စိတ်ဒုက္ခပေးမှာထက်၊ ကောင်းပြီး စိတ်ချမ်းသာမှုပေးတာကို ပို၍ပင်လိုချင်တတ်ကြ၏၊ သားသမီးလေးများက တော်လည်းတော် ကောင်းလည်းကောင်းမည်ဆိုပါက မိဘတို့ရင်မှာ ရိုက်ခတ်နေသော ပီတိလှိုင်းက (ဆူနာမီရေလှိုင်းထက်ပင်) အတိုင်းအဆမရှိအောင် ပို၍ကြီးမားကြပေလိမ့်မည်။

**ပဌမပိုင်းပြီး၏**

# သီတာရေစင်

## (ဆဋ္ဌမပိုင်း)

## တန်းတူထားကြ မိနှင့်ဖ



## နာမည်ငါး၀ မိန္နင့်ဖ

မိဘနှစ်ပါး၏ ဂုဏ်ကျေးဇူးနှင့် မေတ္တာတရားလွန်ကြီးမားသည့်အတွက်ကြောင့် မြတ်စွာဘုရားရှင်က နာမည် (၅)မျိုးနှင့် ဂုဏ်တင်ကာချီးမွမ်းတော်မူခဲ့၏–

(၁) **အနန္တဂုဏ်ရှင်အမည်တွင်**– မိဘဟူသည် အနန္တောအနန္တငါးပါးတွင် ပါဝင်၏။ မိဘကျေးဇူးအဆုံးအပိုင်းအခြားမရှိအောင် များလွန်းသောကြောင့် "**အနန္တ**"ဟု စကားတစ်လုံးတည်းသုံးရသည်ကိုပင် အားမရနိုင်,မကျေနပ်နိုင်သဖြင့် နောက်ထပ် အနန္တ–ဟူသောစကားတစ်လုံးဖြည့်စွက်သုံးကာ ပါဠိနည်းအရ အလယ်တွင် ဩသရထည့်၍ (အနန္တောအနန္တ)ဟု စကားသုံးနှုန်းထားခြင်းဖြစ်၏။ "**ပရိယာယ်နှစ်ချက်ဆင့် အနက်မြင့်**"တဲ့၊ ပရိယာယ်တူနှစ်ခါထပ်ပြောလျှင် အလွန်ဟူသောအနက်ထွက်လာ၏။ မဟာ–ကြီးသည်၊ မဟာမဟာ–အလွန်ကြီးသည်–ဟူလို၊

ဥပမာ– စကောစက, ဗုဒ္ဓေါဗုဒ္ဓ, မဟာမဟာ, စူပါစူပါ–ဟူသောစကားလုံးများနှင့် အဓိပ္ပါယ်အတူတူပင်ဖြစ်၏၊ ဘုရားတရားသံဃာနှင့် တစ်ဂိုဏ်းတည်းထားကာ အနန္တဂုဏ်ရှင်ဟူသောအမည်ဖြင့် ဂုဏ်တင်တော်မူရာ၌ ဘုရားနှင့် တန်းတူဆိုသော်လည်း ဂုဏ်ကျေးဇူးအားဖြင့်တန်းတူ မဟုတ်ပဲ၊ ကျူးလွန်ပြစ်မှားမိက ခံစားရမည့်အပြစ်ချင်း တူညီပုံကိုသာမှတ်ယူရမည်၊

ဤသို့ဘုရားနှင့်တန်းတူထားကာ ဂုဏ်ပြုပါသော်လည်း ဘုရားအားဆွမ်းတော်မကပ်လျှင် သံဃာတော်အားဆွမ်းမလောင်းလျှင် အပြစ်မဖြစ်၊ ကုသိုလ်မရရုံပဲရှိမည်၊ မိအိုဖအိုတို့အား မကျွေးမမွေးပဲ ပစ်ထားလျှင်ကား အပြစ်ဖြစ်လေတော့၏၊ **အပြစ်**–ဟူသည် မလုပ်သင့်သည်ကိုလုပ်မှ အပြစ်မဟုတ်၊ လုပ်သင့်သည်ကိုမလုပ်လျှင်လည်း အပြစ်ပင်မဟုတ်ပါလား၊(**မိဘကိုစော်ကားမှ အပြစ်ရှိသည်မဟုတ်၊ မကျွေးလျှင်လည်း အပြစ်ဖြစ်သည်ဟူလို**)။

(၂) ဗြဟ္မာမည်ရမိန္နင်ဖ– မိဘနှစ်ပါးသည် သားသမီးတို့အပေါ်တွင် ချစ်ခင်သည့်မေတ္တာ၊ သနားခြင်းကရုဏာ၊ ဝမ်းသာခြင်းမုဒိတာ၊ လျစ်လျူရှုခြင်းဥပေက္ခာ ဤတရားလေးပါးနှင့်ပြည့်စုံသောကြောင့် ဗြဟ္မာ–ဟူသောအမည်ကိုရ၏။ ၎င်းတရားလေးပါး အများဆုံးဖြစ်ပွားရာ အချိန်အခါကို အများပြောကြ၊ ရေးကြသလိုမျိုး မဟုတ်ပဲ "**သန္ဓေတည်ရာ မေတ္တာနှင့်ကရုဏာ၊ ဖွားတော့မုဒိတာ၊ ခွဲတော့ဥပေက္ခာ**"ဟုလည်း တချို့က ပြောကြသည်၊ ဤနေရာ၌ လျစ်လျူရှုခြင်းဟူသည် နေချင်သလိုနေ, ဖြစ်ချင်သလိုဖြစ် လှည့်မကြည့်ပဲ ပစ်စလက်ခတ်ထားတာမျိုးကို ဥပေက္ခာဟု မမှတ်ရ၊

"အိမ်ထောင်ခွဲသားသမီးများ သင့်မြတ်လျော်ကန်စွာ လောကဓမ္မနှစ်ဌာနနှင့်

ညီညွတ်မျှတကြပါရဲ့လား၊ လူမှုရေး စီးပွားရေး ပညာရေး ကျန်းမာရေးကိစ္စများ အဆင်ပြေကြရဲ့လား'' ဟု အမြဲတမ်းလေ့လာကြည့်ရှုကာ သားသမီးတို့၏သတင်းကို အဝေးမှနားစွင့်နေခြင်းမျိုး၊ ''သားနှင့်သမီး တိုက်ကြီးတာကြီးနှင့် မော်တော်ကားစီး၍ ရွှေအစစ်ကိုပင် ထွေပစ်ကစားနိုင်ပါစေ၊ ရတနာစိန်ကျောက်ကိုလည်း ဖယ်တောက် ကစားနိုင်ပါစေ''ဟု အဝေးမှ နေ့စဉ်မေတ္တာပို့နေခြင်းမျိုးကိုသာ (သင့်မြတ်လျော်ကန်စွာ ကြည့်ရှုခြင်း) ဥပေက္ခာ–ဟု မှတ်ယူရမည်၊ (ဥပပတ္တိတော ဣက္ခတီတိ ဥပေက္ခာ)။

**တစ်နည်းအားဖြင့်**– သားသမီးတို့အပေါ် ကိုယ်က မေတ္တာ ကရုဏာ မုဒိတာ တွေ ဘယ်လောက်ထားထား၊ ကိုယ်ဖြစ်စေချင်သလို ဖြစ်မလာသည့်အခါကျတော့လည်း သဗ္ဗေ သတ္တာ ကမ္မဿကာ–ထဲ သွင်းလိုက်ရုံသာ၊ ဒါကိုပင် ဥပေက္ခာဟု မှတ်ယူရမည်။ (ဘုရားဟောဒေသနာအရ မိမိတို့အိမ်ဦးခန်းမှာပင် ပြဟ္မာကြီးနှစ်ပါး ငုပ်တုတ်ထင်ရှား ရှိနေသောကြောင့် ပြုံးပြုံးပြက်ပြက် အရောင်တွေလက်နေမည့် ပြဟ္မာကြီးများကို ဟိုး– အထက်ကောင်းကင်မျှော်ကြည့်ကာ ရှာဖွေနေစရာလိုပါသေးသလား)။

(၃) **ပုဗ္ဗာစရိယမိနှင့်ဖ**– မိဘနှစ်ပါးသည် သားသမီးတို့၏ လက်ဦးဆရာ များ ဖြစ်ကြ၏၊ စာသင်ခန်းမှဆရာက နောက်မှသာ သင်ပေးရတာမျိုးဖြစ်သောကြောင့် မိဘထက်တော့ မည်သည့်ဆရာမျှ လက်မဦးနိုင်ပေ၊ ''**မိခင်ကောင်းတစ်ဦး၏ အရည်အချင်းသည် ကျောင်းဆရာ ၁၀–ယောက်နှင့်ညီမျှပါသတဲ့**''။

လူသားအမေတွေ မပြောနှင့် တိရစ္ဆာန်မိခင်များပင် သူတို့ရင်သွေးများအား အစာရှာနည်း၊ ရန်သူလာရင် ပုန်းကွယ်နည်း၊ ရန်သူကို တိုက်ခိုက်နည်း၊ ကိုယ့်ဘဝမှာ ကိုယ်ရပ်တည်နိုင်တဲ့နည်းလမ်းတွေကို သင်ကြားပေးခဲ့ကြပါသေးသည်၊ (တချို့တိရစ္ဆာန် များကျတော့လည်း သင်စရာမလိုပဲ သူ့အလိုလိုသဘာဝနိယာမအရ တတ်လာကြတာမျိုး လည်းရှိ၏၊ ဥပမာ– ပင့်ကူလေးတစ်ကောင်ဆိုလျှင် သင်စရာမလိုပဲ သူ့အလိုအလျောက် အိမ်ဆောက်တတ်ပါသတဲ့၊ ဆောက်လိုက်သည့်မှာ ကျင်တွယ်ကိုက် စနွေးကိုက်မို့ အံ့သြစရာ။

**(ကော့လှာဆရာတော်)**

(၄) **ပူဇနေယျ–မိနှင့်ဖ** = သားသမီးများ၏ လေးမြတ်ကော်ရော်ပူဇော်မှုကိုခံယူ ထိုက်သောကြောင့် မိဘများသည် ပူဇနေယျ,ပူဇာရဟပုဂ္ဂိုလ်မည်၏၊ မိဘနှစ်ပါးကို အိမ်ဦး ခန်းမှာထား၍ လှူဒါန်းပူဇော်ခွင့်ရရှိနေသော သားသမီးများသည် အင်မတန်ကံကောင်း ကြ၏။ တချို့များ မိဘတွေသေဆုံးကုန်သဖြင့် ထိုအခွင့်အရေးမျိုး လက်လွှတ်ဆုံးရှုံး ကြရသည်။

လူတစ်ယောက်က သူ့လက်ထဲမှာရှိသည့် ငွေစက္ကူလေးကိုကြည့်လိုက်, ခပ်လှမ်း လှမ်းမှ ဆေးဆိုင်လေးကို ငေးကြည့်လိုက်နှင့် သူ့မိတ်ဆွေဖြစ်သူအားပြောပြသည်မှာ ''ပထမတစ်ခါတုန်းက လက်ထဲမှာငွေလေးရှိလို့ အမေ့အတွက် ဆေးသွားဝယ်တော့

ဆိုင်မှာ ဆေးကမရှိ၊ နောက်တစ်ခါ ဆိုင်မှာဆေးတွေရောက်ပြီကြားပြန်တော့ လက်ထဲမှာက ငွေမရှိ၊ အခုတော့ လက်ထဲမှာလည်းငွေရှိတယ်၊ ဟိုဆိုင်မှာလည်းဆေးတွေရှိတယ်''ဟု ပြောသည့်အခါ၊ ၎င်းမိတ်ဆွေက''ဟာ–အဆင်ပြေတာပေါ့ ခင်ဗျားအမေအတွက် ဆေး အမြန်သွားဝယ်လိုက်လေ''ဆိုတော့၊ ''ကျုပ်အမေက မရှိတော့ဘူးဗျ''ဟုပြောကာ ရှုံ့မဲ့ချ ငိုကြွေးပါသတဲ့၊

မိဘတွေရှိနေတုန်းက သားသမီးတွေ စီးပွားရေးအဆင်မပြေ၊ မလိုချင် တော့လောက်အောင် ချမ်းသာလာသည့်အခါကျမှ မိဘတွေက မရှိကြတော့၊ ချမ်းသာလာ သည်နှင့်အမျှ မိဘတွေကိုပေးချင်ကျွေးချင်လွန်းလှ၍ မကြာခဏပင် သတိရမိတတ်ကြ၏။

မှန်ပါသည်–ကိုယ်ကချမ်းသာလာသည့်အခါမှာလည်းကောင်း–ကိုယ်ကချစ် ရမည့် သားသမီးလေးတွေ ပေါ်ပေါက်လာသည့်အခါမှာလည်းကောင်း– မိဘတွေကို သတိရမိတတ်ကြ၏၊ ကိုယ်ကသည်းခံခွင့်လွှတ်ရမည့် သားဆိုးသမီးမိုက်ကို ရလာပြန်တော့ မိဘကိုပို၍ သတိရတတ်ကြပြန်၏၊ ကိုယ့်မိဘမရှိတော့သည့်နောက် သူများအမေအဖေ တွေကို မြင်ရပြန်လျှင် မိဘများကို ပို၍ပို၍ပင် သတိရမိကြ၏၊ မိဘအပေါ်ဝတ္တရား ကျေပွန်ခဲ့လျှင် မထောင်းတာလှ၊ မေ့မေ့လျော့လျော့ ပေါ့ပေါ့တန်တန်နေခဲ့မိသည့် သားသမီးမျိုးဆိုလျှင် မိဘမရှိခါမှ နောင်တကြီးစွာရကာ ရင်ထုမနာဖြစ်တတ်ကြသည်။

(၅) အာဟုနေယျ–မိနှင့်ဖ =သားသမီးတို့အဝေးမှဆောင်ယူလာသော ဝတ္ထု ပစ္စည်းကိုခံယူထိုက်သော, မြတ်သောအလှူခံပုဂ္ဂိုလ်များဖြစ်သောကြောင့် မိဘနှစ်ပါးသည် အာဟုနေယျပုဂ္ဂိုလ်မည်၏၊ (အဝေးမှ–ဟုဆိုသဖြင့် အနီးရှိပစ္စည်းဥစ္စာမှာ ဆိုဖွယ်ရာပင် မရှိချေ၊) သားသမီးတို့၏ အလှူဝတ္ထုကိုခံယူထိုက်သော မိဘဟူသည် သေရွာမသွားပဲ အမြဲတည်ရှိနေသည်မဟုတ်၊ မသေဆုံးခင် အသက်ထင်ရှားရှိနေတုန်းလေးမှာ အားရပါးရ ပြုစုလိုက်မိဖို့အရေးကြီးလှပေ၏၊

အသိမိတ်ဆွေဘုန်းတော်ကြီးတစ်ပါးအား သူ့ကျောင်းဒကာမက (အရှင်ဘုရား ဗုဒ္ဓဂါယာကို ဘုရားဖူးကြွလိုလျှင် အကယ်၍ ငွေခြောက်သိန်းကုန်မည်ဆိုပါက ဝတ္ထုငွေ တစ်ဝက် ကျပ်သုံးသိန်းကိုထည့်ဝင်လှူဒါန်းပေးပါမည် ကြွဖြစ်အောင်ကြွပါ) ဟုပြောလာ သည်ကို လက်မခံပဲ ငြင်းပယ်လိုက်ကြောင်းသိရ၏၊ အကြောင်းကတော့– ဘုန်းကြီး ဘက်က ကုန်ကျမည့်ငွေသုံးသိန်းကို ဘုရားဖူးမသွားပဲ၊ ဘုရားစကားနားထောင်ကာ အဝေးတစ်နေရာ ရွာမှာရှိနေသည့်မိခင်အိုလက်ထဲသို့သာ ပေးလှူချင်သောကြောင့် ဖြစ်ပါသတဲ့။

* မိဘကျေးဇူးကို မဆပ်နိုင်သည့်တိုင် မိဘကျေးဇူးကို သိတတ်ရုံမျှနှင့် ကျေးဇူးဆပ်ဘိသို့ ရှိရချေ၏။

* မိဘမေတ္တာကို မတုံ့ပြန်နိုင်သည့်တိုင် မိဘမေတ္တာကို တုံ့ပြန်ရမှန်း သိတတ်ရုံမျှနှင့် မေတ္တာတုံ့ပြန်ဘိသို့ ရှိရချေ၏။

* မိဘကို ခြေဆုပ်လက်နယ်မပြုစုနိုင်သည့်တိုင် မိဘကို ခြေဆုပ်လက်နယ် ပြုစုဖို့ သတိရရုံမျှနှင့် ခြေဆုပ်လက်နယ်ပြုဘိသို့ ရှိရချေ၏။

ဤသို့လျှင် အနန္တဂုဏ်ရှင် , ဗြဟ္မာ , ပုဗ္ဗာစရိယ , ပူဇနေယျပူဇာရဟ , အာဟုနေယျ– ဟူသော ဤနာမည် (၅) မျိုးဖြင့် ကျေးဇူးရှင်မိဘနှစ်ပါးလုံးအား ဗုဒ္ဓမြတ်စွာ ချီးမွမ်း(ဂုဏ်ပြု)တော်မူခဲ့ပါသည်။

## ဘယ်သူကသာပြီး ဂုဏ်ပိုကြီးသလဲ

မိဘနှစ်ပါးလုံး အနန္တဂုဏ်ရှင်ဖြစ်သော်လည်း ဤနေရာ၌ ဖခင်ထက် မိခင်ကို ပို၍ဂုဏ်တင်စရာအကြောင်းများရှိသေး၏။ နံပါတ်စဉ်ထိုး၍ပြရလျှင်–

၁။ **မာတာစ ပိတာစာတိ မာတာပိတု၊ မာတာစ ပိတာစာတိ မာတာပိတရော**–ဟူသော ဒွန်သမာသ်ပုဒ်၌ အမြတ်အယုတ် ထိုနှစ်ပုဒ်တွင် အမြတ်ပုဒ်ကို ရှေ့ကထားရခြင်း , အနည်းအများ ထိုနှစ်ပါးတွင် အများပုဒ်ကို ရှေ့ကထားရခြင်းသည် ပါဠိစာပေ၌ ဒွန်သမာသ်၏ထုံးစံ သဒ္ဒါစည်းကမ်းပင်ဖြစ်၏။ အရပ်စကား၌လည်း အမိအဖ–ဟုသာ သုံးရ၏။ အဖအမိ–ဟု သုံး၍မဖြစ်၊ အကယ်၍ အဖအမိ–ဟု သုံးစွဲလျှင် သဒ္ဒါစည်းကမ်းအရမှား၏။

အဘယ့်ကြောင့် အမိကို ရှေ့ကထား၍သုံးရသနည်းဟူမူ– အမိသည် ပို၍ကျေးဇူးများသောကြောင့် ပို၍ရိုသေအပ် လေးစားအပ် မြတ်နိုးအပ် ပူဇော်အပ်သောကြောင့် အမိနှင့်အဖတွဲသုံးလျှင် အမိကိုသာရှေ့ကထားရ၏။ မင်္ဂလသုတ္တန်၌လည်း မာတာပိတု ဥပဋ္ဌာနံ–ဟုသာ ဘုရားရှင်ဟောကြားတော်မူပါသည်။

၂။ အမိအဖနှစ်ပါးတွင် အဖထက် အမိဖြစ်သူက ကျေးဇူးပိုလွန်များပြားခြင်းကြောင့် ပခုံးနှစ်ဖက်၌တင်ထားရာတွင် အမိကို လက်ယာပခုံး၌ထားရမည်–ဟု အင်္ဂုတ္တိုရ်ဋီကာဆရာ ဆိုသောကြောင့် အမိသည် ပို၍ကျေးဇူးများ၏။

၃။ ပဥ္စာနန္တရိယကံအရာဝယ် မိဘနှစ်ပါးကို တပြိုင်နက်သတ်မိရာ၌ မိဘနှစ်ပါး၏

သီလရှိ,မရှိကို ဦးစွာကြည့်ရမည်၊ အမိက သီလမရှိ အဖက သီလရှိလျှင် အဖသတ်ကံ အရင်အကျိုးပေး၏။ အကယ်၍ မိဘနှစ်ဦးလုံး သီလရှိခြင်း,မရှိခြင်းတန်းတူဖြစ်နေပါက အမိ၏ဂုဏ်ကျေးဇူးက ပို၍များသောကြောင့် အမိသတ်ကံ အရင်ခံရ၏။ သီလလည်း အမိကသာနေပါမူ ပြောဆိုရန်မရှိပြီ၊ ဤအချက်ကိုထောက်ခြင်းအားဖြင့် အမိကသာ၍ ကျေးဇူးများကြောင်း သိသာလှပေ၏။

၄။ အင်္ဂုလိမာလဘွဲ့ခံ အဟိံသက-တစ်ယောက် ဆရာ့ကျေးဇူးဆပ်ရန် ဇာလိယ တောတန်းတစ်လျှောက် လက်ညှိုးတွေဖြတ်ကာ သောင်းကျန်းနေစဉ်၊ နှိမ်နင်းရန်အတွက် ကောသလဘုရင် စစ်တပ်နှင့်ထွက်လာသောအခါ၊ ဖခင်ဖြစ်သူက ထမင်းကြမ်းခဲ ယပ်ခတ်စားပြီး ရေခဲတုံးကို ခေါင်းအုံးအိပ်နေသော်လည်း သားလူမိုက်ကြီးအတွက် အပူမီးတောက်ရသူကတော့ မိခင်ဖြစ်သူမဏ္ဍာနီပုဏ္ဏေးမကြီးပင်ဖြစ်၏။

ဖခင်ကတော့ "ဒီလောက်ဆိုးမိုက် သောင်းကျန်းနေတဲ့သား သေသွားလဲအေး တာပဲ"ဟု သဘောထားကာ မျက်နှာလွှဲနေသော်လည်း၊ အသက် (၈၀)ကျော်မိခင်အို ကတော့ မိုရိယာမင်းတောင် ထိုးစရာမလို၊ သားကိုချစ်သည့်စိတ်ထားကြောင့် တိုးပွား လာသည့်ခွန်အားဖြင့် သားဖြစ်သူထံ အမြန်လှမ်း၍ သက်စွန့်ကြိုးပမ်း သွားရောက် သတိပေးလေရာ၊ တော်ပါသေး၏ ဘုရားကယ်လို့ နို့မဟုတ်ရင် သူ့သား၏ဓားချက်အောက် မှာ အသက်ပျောက်သွားနိုင်၏။ ဤသာဓကကိုကြည့်ခြင်းအားဖြင့်လည်း မိခင်မေတ္တာ ပို၍ကြီးမားကြောင်းထင်ရှားလှပေသည်။

၅။ မဟာပုဒ္ဓသည် ယခုဘဝ မိခင်ရင်းမဟုတ်တော့ပဲ ဘဝခြားနေသည့် မယ်တော်၏ မွေးကျေးဇူးကို တမလွန်အထိလိုက်ပြီး တရားဓမ္မဖြင့် ကျေးဇူးဆပ်ပြသွားသည်ကိုထောက် လျှင် မိခင်၏ဂုဏ်ကျေးဇူး အတိုင်းအဆမရှိ ပို၍ကြီးမားကြောင်းကို သိရှိနိုင်၏။

၆။ သပြေကန်ဆရာတော်ကြီးက "မိမိကိုယ်တိုင် ကိုးလဆယ်လလွယ်ကာ မွေးဖွား လာခဲ့ရသောကြောင့်လည်းကောင်း၊ အမြဲနီးနီးကပ်ကပ် ကိုယ်နှင့်မကွာ ယုယပိုက်ထွေး နို့ချိုတိုက်ကျွေးလျက် ပြုစုခဲ့ရသောကြောင့်လည်းကောင်း ဖခင်ထက် မိခင်၏မေတ္တာစိတ်က သာလွန်ကြောင်း သိသာနိုင်ပါသတဲ့"၊ (မာတာယထာ နိယံပုတ္တ မာယုသာ ဧကပုတ္တ မနုရက္ခေ - ပရိတ်ကြီးနိဿျသစ်မေတ္တသုတ်အဖွင့်)။

မှတ်ချက်- ၎င်းပါဠိစကား၏ ဆိုလိုရင်းကို ရှင်းရှင်းပြောရလျှင် "သတ္တဝါများကို မေတ္တာပို့တဲ့အခါ မင်းတို့ကိုယ်မင်းတို့ အမေလိုသဘောထားလိုက်ပါ၊ မွေးတဲ့အမေလို သဘောထားပြီး မိခင်ကတစ်ယောက်တည်းသောသားကို အသက်ရှည်လိုမှုနှင့်စောင့်ရှောက်

သလို သတ္တဝါအများကိုလည်း မေတ္တာပွားပါ''ဟု ဆိုလို၏။ မိမိကိုယ်ကို အဖေလိုသဘောထားပြီး မေတ္တာပွားပါ–ဟု မမိန့်ကြားသဖြင့် ဖခင်ထက် မိခင်၏မေတ္တာက ပို၍ကြီးမားလှကြောင်း သိသာနိုင်၏။

၇။ နောက်အကြောင်းတစ်ချက်က အိမ်တက်မင်္ဂလာပြုလုပ်ရာဝယ် ဘုရားရှင်ဟောကြားသည့် ဒေသနာတော်၌ (နတ်တွေကို အမျှအတန်းပေးဝေပါ၊ အမျှအတန်းဝေရင် နတ်တွေကစောင့်ရှောက်ပါလိမ့်မယ်၊ နတ်တွေရဲ့စောင့်ရှောက်မှုကို ဘယ်လိုရမလဲဆိုရင် မိခင်က သူ့ရင်ခွင် နှပေါက်ဖွားလာတဲ့ သားအပေါ်မှာစောင့်ရှောက်သလိုမျိုး စောင့်ရှောက်ပါလိမ့်မယ်)ဟု မိခင်မေတ္တာပမာထား၍ ဟောကြားတော်မူခြင်းဖြင့် မိခင်ကျေးဇူး မိခင်မေတ္တာသာလွန်ကြောင်း သိရှိရ၏။

၈။ ရပ်ထဲရွာထဲတွင် မိခင်ထက် ဖခင်ကပို၍ ကျေးဇူးများတာကို တွေ့တဲ့ပုဂ္ဂိုလ်များရှိကောင်းရှိပါလိမ့်မည်၊ ဒါကတော့ စိတ်နေစိတ်ထားက အဓိကပဲဟု ထင်စရာလည်းရှိနိုင်၏။ လူသားအားလုံး ကိုယ့်စိတ်နှင့်ကိုယ်မို့ မိခင်ကလည်း သူ၏ရိုးရင်းစွဲမိခင်စိတ်ဖြင့် အမိမေတ္တာသာကြောင်း ပြောပေလိမ့်မည်၊ ဖခင်ကလည်း သူ၏ဖခင်စိတ်ဖြင့် အဖေ့ကျေးဇူးပို၍ကြီးမားကြောင်း ယူဆပေလိမ့်မည်၊ ယင်းသို့ဖြင့်လျှင် တစ်ဘဝတည်းမှာ မိခင်လည်းဖြစ်ဖူး ဖခင်လည်းဖြစ်ဖူး၍ မိခင်စိတ်ဖခင်စိတ်နှစ်မျိုးလုံး ထားဖူးသည့်ပုဂ္ဂိုလ်တစ်ယောက်၏ ရင်ထဲမှ ထွက်ပေါ်လာသည့်စကားသံကို နားထောင်ကြည့်၍ မှန်ကန်သောဆုံးဖြတ်ချက်ကို ချရပေလိမ့်မည်။

သောရေယျသူဌေးသားဝတ္ထု၊ လူတိုင်းကြားဖူးနားဝရှိကြသော ဇာတ်လမ်းတစ်ပုဒ်၊ ကျီးယောင်ဆောင်သောဒေါင်း–ဇာတ်ကားကိုကြည့်ဖူးမည်ဆိုလျှင် ဖုန်းကညာတစ်ပါး, လုံးရာက ပြားသွားရှာသည့် မောင်မစ္စက အကြောင်းကို အမှတ်ရကြပေလိမ့်မည်၊

အိမ်ထောင်ကျပြီး ဇနီးမယားနှင့်သားနှစ်ယောက်၏ဖခင်ဖြစ်သူ သောရေယျသူဌေးသား၊ သူငယ်ချင်းများနှင့် ရေကန်အတွင်း ရေဆင်းချိုးစဉ် မြင်လိုက်ရသည့် အရှင်မဟာကစ္စည်းမထေရ်ကို ''ဒီလောက်ချောလှတာ ငါ့မယားဖြစ်ရင် သိပ်ကောင်းမှာပဲ''ဟု ပြစ်မှားလိုက်သည်နှင့် ယောကျ်ားဘဝမှ မိန်းမဘဝသို့ ချက်ချင်းပြောင်းသွားတော့၏၊ ရှက်လွန်းလှသဖြင့် တခြားမြို့ရွာသို့ထွက်ပြေးကာ အမျိုးသမီးဘဝနှင့် လင်ယောကျ်ား တစ်ယောက်ထပ်ရ၊ မွေးဖွားလာသည်က သားနှစ်ယောက်တောင်၊ နောင်အခါ အရှင်မဟာကစ္စည်းမထေရ်ကို ပြန်၍တောင်းပန်သဖြင့် မိန်းမဘဝမှ

ယောက်ျားဘဝသို့ပြန်၍ ပြောင်းသွားခဲ့ရ၏၊ ကြားရသူတိုင်း အံ့သြစရာ မယုံကြည်နိုင်လောက်အောင် ဖြစ်သွားကြရပါသတဲ့။

သောရေယျသည် ဘဝတစ်ခုတည်းမှာ မိခင်လည်းဖြစ် ဖခင်လည်းဖြစ်ခဲ့ရသော်လည်း စိတ်ဓာတ်ကတော့ တစ်ခုတည်းပင်၊ သူ့အား (လင်ယောက်ျားဘဝက ရခဲ့တဲ့သားနှစ်ယောက်နှင့် မိန်းမဘဝမှာရခဲ့တဲ့သားနှစ်ယောက် မည်သူ့ကိုအချစ်ပိုပါသလဲ)ဟုမေးမြန်းကြရာ "မိန်းမဘဝနဲ့ ဝမ်းဗိုက်ထဲမှာ သန္ဓေတည်ပြီးမွေးဖွားလာရတဲ့ သားနှစ်ယောက်အပေါ်မှာ အချစ်ပိုလှပါတယ်"ဟု ဖြေကြားခဲ့သည်ကိုထောက်၍ အမေ့မေတ္တာပို၍ကြီးမားကြောင်း သိသာထင်ရှားလှပေ၏။

၉။ မိခင်၏ကျေးဇူး မိခင်၏မေတ္တာက သာလွန်သည်ဟုပြောကြရာ၌ အထက်ပါအကြောင်းအရာများအပြင် တခြားအကြောင်းများကိုလည်း စဉ်းစားကြည့်မိသေး၏၊ မိဘနှစ်ပါးလုံး သားသမီးအတွက် အသက်စွန့်ဖို့ကြုံလာလျှင် မိခင်ကသာ အသက်စွန့်သွားသည့် ဖြစ်ရပ်တွေက များလွန်းလှ၏၊ ရင်သွေးအတွက်အသက်စွန့်ရဲသည်မှာ သားသမီးများ လူလားမြောက်ကာ ချစ်စရာကောင်းသည့် အရွယ်သို့ရောက်မှ မဟုတ်၊ မွေးဖွားစဉ်ကတည်းကပင် ကိုယ့်အသက်ကို သားသမီးအတွက် တစ်ဝက်ပေးထားခဲ့ပြီးဖြစ်၏၊ ။

မွေးဖွားပြီးသည့်နောက် ပြုစုယုယသည့်အခါမှာလည်း မိခင်ကသာရင်အုပ်မကွာ ပြုစုရသောကြောင့် ဖခင်ဖြစ်သူထက် အချိန်ပို၍ရ၏၊ ချစ်ခင်ယုယသည့်အခါမှာလည်း မိခင်ဖြစ်သူက သူမ၏အချစ်ကို ရင်သွေးလေးများ သိသာထင်ရှားအောင်ပြုလုပ်ပြတတ်၏၊ ကိုယ်အမူအရာဖြင့် ပြတတ်သလို၊ နှုတ်ကလည်း ချိုချိုသာသာနှင့်နားဝင်အောင်တဖွဖွပြောတတ်၏၊ ဒါကြောင့်မို့လည်း သားသမီးကိုမေးကြည့်လျှင် "မိခင်ကိုပိုချစ်တယ်"ဟုသာဖြေကြတာများ၏။

အိမ်ထောင်တစ်ခုပြိုကွဲပြီဆိုရင်လည်း များသောအားဖြင့် သားသမီးလေးများသည် မိခင်နှင့်အတူ ကျန်ရစ်ခဲ့ကြတာများ၏။ အမေကိုပိုကပ်လို့-အမေကိုပိုချစ်လို့-အမေကပိုချစ်လို့-အဖေကတာဝန်မယူလို့ မိခင်ကတော့ ကိုယ်ဝန်ဆောင်ကာ လွယ်မွေးခဲ့ရသူမို့ သားသမီးကို မရက်စက်နိုင်သည့်အပြင် ဖခင်ထက်ပင် ပို၍သံယောဇဉ်ကြီး၏၊

ကိုယ်ဝန်ဆောင်သည့်အချိန်မှစကာ ရင်သွေးများအတွက် မိခင်မှာ တိုက်ရိုက်တာဝန် အရှိဆုံးဖြစ်၏၊ ဖခင်ဖြစ်သူများမှာတော့ တာဝန်ကိုရှောင်လွှဲနိုင်သည့် အနေအထားမျိုးမှာရှိ၏၊ ရင်သွေးလေးများအပေါ် သံယောဇဉ်ထားကြရာ၌ ဖခင်တွေထက် မိခင်တွေက

ပိုလေ့ရှိတယ်ဆိုတာ ဘယ်လိုမှငြင်းချက်ထုတ်စရာမရှိလောက်ပေ၊ လူသားတွေမဆိုထားနှင့် တိရစ္ဆာန်လောကမှာပင် ဤအတိုင်းဖြစ်၏။

သားအိမ်ရှိရတာမို့ မွေးဖွားဖို့တာဝန်ယူခဲ့ရခြင်း၊ ရင်နှင့်လွယ်၍မွေးဖွားရသည်မို့ ရင်သွေးအပေါ် သံယောဇဉ်ပိုကြရခြင်း၊ မိခင်စိတ်ဓာတ်၏တန်ခိုးအာနိသင်တွေကြောင့် သားသမီးအပေါ် ချစ်မဆုံးအောင် ပြုစုစောင့်ရှောက်ကာကွယ်ပေးခြင်းတို့သည် မိခင်တစ်ယောက်၏ ထူးခြားမှုဂုဏ်ရည်တွေဟု ဆိုသင့်၏၊ အထက်ပါအကြောင်းတရားများကို ထောက်ဆကြည့်ခြင်းအားဖြင့်လည်း မိခင်ကျေးဇူး မိခင်မေတ္တာက သာလွန်ကြောင်း သိသာထင်ရှားလှပေ၏။

ဤကဲ့သို့ မိခင်ကျေးဇူး မိခင်မေတ္တာ ပို၍ကြီးမားသောကြောင့် ရှေးပညာရှင်များက…

* ကလေးငယ်တို့၏ကံကြမ္မာကို သူ့မိခင်ကသာ ဖန်တီးသည်၊ ကျွန်ုပ်နှင့် ကျွန်ုပ်၏အောင်မြင်မှုသည် ကျွန်ုပ်မိခင်၏ ကျေးဇူးတရားများသာ ဖြစ်ပေသည်။

* မိမိသားငယ်၏ ကောင်းမွန်သောကံကြမ္မာကိုကြည့်၍ ပီတိဖြစ်နေသော မိခင်လောက် ပျော်ရွှင်သူသည် လောက၌မရှိ။

* မွေးမိခင်၏ခြေရင်းတွင်ထိုင်ကာ (အမေ့ဒူးပေါ်မေးတင်၍) နားဆင်ခဲ့ရသော အဆုံးအမများသည် ကျွန်ုပ်၏နှလုံးသားတွင် အမြဲထာဝစဉ် စွဲထင်နေမည်သာ ဖြစ်လေသည်။

* ကလေးငယ်၏အနာဂတ်သည် မိခင်တို့၏လက်တွင်း၌သာရှိသည်။

* တေးကဗျာတို့အနက် အမေ့အကြောင်းကို ဖွဲ့သီသောတေးကဗျာတို့သည် အသာယာဆုံးဖြစ်သည်။

* မိခင်ကောင်းတစ်ယောက်၏စွမ်းရည်သည် ဆရာပေါင်းမြောက်များစွာ၏ စွမ်းရည်နှင့် ညီမျှ၏။

* မိခင်တို့၏နှလုံးသားသည် ကလေးငယ်များ၏ ဘဝသင်ခန်းစာများပင် ဖြစ်သည်။

* မိခင်တိုင်းသည် ရှိသေအထူးကိုခံထိုက်သူများ–ဟု သိနားလည်မှုမရှိသော သားသမီးသည် လူဖြစ်ရကျိုးမနပ်ပေ။

* ဘယ်တော့ကြည့်ကြည့် ဘယ်လိုကြည့်ကြည့် ရိုးမသွားသည့် ရှုမျှော်ခင်း တစ်ခု၊ ကျွန်တော်တို့၏ဘဝများတွင် ဘယ်လိုအမောမျိုးနှင့်ကြုံကြုံ–ဘယ်လိုဆင်းရဲပင်ပန်းမှုမျိုးဖြစ်ဖြစ် ထိုရှုမျှော်ခင်းကို ကြည့်လိုက်ရုံနှင့်သော်လည်းကောင်း၊ ရှုမျှော်

ခင်းထဲ စိတ်ရောကိုယ်ပါ နှစ်မြုပ်လိုက်ခြင်းအားဖြင့်လည်းကောင်း၊ ဘဝအမောများ ပြေပျောက်သွားရပါသည်၊ ထိုရှုမျှော်ခင်း၏အမည်ကား "အမေ" ဖြစ်ပါသည်။

ဤသို့အစရှိသော အဆိုအမိန့်များစွာဖြင့် မိခင်အားဂုဏ်တင်ကာ ချီးမွမ်းခဲ့ကြလေသည်။

မေတ္တာတရားနယ်ပယ်မှာ မိခင်သည်သာ မေတ္တာအင်အား အကြီးမားဆုံးဖြစ်၏။ ဖခင်မေတ္တာထက် မိခင်မေတ္တာက ပို၍ကြီးမားကာ ပြိုင်ဘက်အကင်းဆုံး မေတ္တာပိုင်ရှင်ဟာလည်း မိခင်ပင်ဖြစ်၏။

ထို့ကြောင့် မေတ္တာတရားအင်အား အကြီးမားဆုံးဖြစ်တဲ့ မိခင်အပေါ်မှာ မေတ္တာတရားဖြင့် တုံ့ပြန်ပြီးတော့ စောင့်ရှောက်ကြပါ၊ ပြုစုကြပါ၊ ရိုသေကြပါ၊ လေးစားကြပါ၊ ထိုကဲ့သို့ပြုစုစောင့်ရှောက်လေးစားခြင်းဖြင့် တကယ့်ကို ပစ္စုပ္ပန်သံသရာ နှစ်ဖြာစလုံး ကောင်းကျိုးချမ်းသာများ ရရှိနိုင်ကြပါလိမ့်မည်၊ ရနိုင်အောင်လည်း ကြိုးစားကြပါ–ဟု တိုက်တွန်းလိုပါသည်။

## မိခင်တိုင်းက မကောင်းကြ

လောကမှာ လူရယ်လို့ဖြစ်လာကြတဲ့ပုဂ္ဂိုလ်များသည် လူသားတွေရဲ့ ဖွဲ့စည်းတည်ဆောက်ပုံအောက်မှာ ရှိကြပေမယ့် ဆူကြံ့နိမ့်မြင့် ကွဲပြားကြသလို၊ အယုတ်အလတ်အမြတ် စိတ်နေစိတ်ထားကလည်း မည်သို့မျှမတူညီနိုင်၊ ၎င်းမတူညီမှုများကပင် အမျိုးမျိုးအထွေထွေသော မိခင်တွေကို ပေါ်ပေါက်လာစေခဲ့တော့၏။ မိခင်တစ်ယောက်နှင့်တစ်ယောက် သားသမီးအပေါ် ချစ်ခင်တွယ်တာမှုပမာဏသည်လည်း ဘယ်လိုမှ တစ်ထပ်တည်းမကျနိုင်၊ သားသမီးတို့၏သိတတ်မှု ချစ်ခင်တတ်မှုနှင့် ရောင်ပြန်ဟပ်နိုင်စွမ်း ရှိမှုအပေါ်မှာလည်း မူတည်ပေလိမ့်မည်၊

ကောင်းတဲ့မိခင်တွေများစွာရှိသလို၊ ဆိုးတဲ့မိုက်တဲ့ မိခင်တွေလည်းရှိပါ၏။ အကျင့်စာရိတ္တမကောင်းတဲ့မိခင်၊ ရင်သွေးကို အမှိုက်ပုံထဲ ပစ်ထားခဲ့တဲ့မိခင်၊ သားသမီးကို ရောင်းစားတဲ့မိခင်၊ အိမ်ထောင်ရေးဖောက်ပြန်တဲ့မိခင်၊ ပညာသင်မပေးတဲ့မိခင်၊ နောက်ယောကျ်ားယူကာ သားသမီးများကို ဖခင်နှင့်ပစ်ထားခဲ့တဲ့မိခင်၊ သားသမီးကို မဆုံးမတဲ့မိခင် (ဒါကြောင့်မို့လည်း "အမေ မဆုံးမခဲ့လို့ ကျွန်တော်သူခိုးဖြစ်ရတာ–ဆိုပြီး သားလူဆိုးက မိခင်၏နားရွက်ကို ကိုက်ဖြတ်ခဲ့သည်မဟုတ်ပါလား)။ ငယ်ငယ်ထဲက မဆုံးမသော် မိဘတစ်လီရန်သူမည်၏–တဲ့။

မှူခင်းဂျာနယ်၌ဖော်ပြထားသော လင်တစ်ယောက်ရဖို့အရေး သမီးရင်းလေး မနီနီဝင်း (၇)နှစ်အား ဇက်ချိုးလိမ်ပြီးသတ်ပစ်လိုက်တဲ့ ရောဝတီတိုင်း မြန်အောင်မြို့နယ် ဆယ်ရွာအုပ်စု၊ တလုပ်ကုန်းကျေးရွာမှ မပေါက်စ။

မူးယစ်ဆေးသုံးစွဲသဖြင့် စိတ်မမှန်ဖြစ်ကာ ရင်သွေးငယ်သုံးဦးအား (၁၄)ထပ်မြင့် သည့်တိုက်ပေါ်မှ ပစ်ချခဲ့သည့် အမေရိကန်ပြည်ထောင်စု ဘရိုနစ်အရပ်မှ မိခင်ဖြစ်သူ ချီကွာ–စသည်ဖြင့် ကမ္ဘာကြီးမီးမလောင်ပဲ သားသမီးကိုတောင် သားကောင်သဖွယ်ချနင်း သည့် မိခင်မိုက်များလည်း ရှိပါ၏။

ကိုယ့်ရင်သွေးကို ပြန်သတ်သည့်မိခင်မှာ အင်မတိအင်မတန် အလွန်တရာဖြစ် ခဲလှသည်မို့ ထည့်မပြောလိုတော့ပေ။ ကျန်သောမိခင်မိုက်များ ဆိုးမိုက်သည်မှာ ကိုယ်နှင့်မဆိုင်၊ သူ့ထိုက်နှင့်သူ့ကံ သူသာခံရလိမ့်မည်၊ 'မိခင်တွေဆိုးမိုက်ကြလို့' မိမိတို့ကို မပေးမကျွေးပဲပစ်ထားခဲ့လို့များ ''အနန္တဂုဏ်ရှင်မဖြစ်''ဟု မမှတ်လေနှင့်၊ မိမိကို လူ့လောက အလယ်ရောက်အောင် ကိုးလလွယ် ဆယ်လမွေးထုတ်ပေးလိုက်သည့် မွေးကျေးဇူးတစ်ခုတည်းနှင့်ပင် အနန္တဂုဏ်ရှင် ဖြစ်နေလေပြီ။

မွေးခါစရင်သွေးငယ်လေးအား လမ်းဘေးအမှိုက်ပုံကြားပစ်ထားခဲ့ပြီးနောက်၊ ၎င်းရင်သွေးလေးက ကံကောင်းထောက်မစွာ လူလားမြောက်လာခဲ့ရာ၊ ငယ်စဉ်ကပစ်ထား ခဲ့သည့်မိခင်ကြီးအား စိတ်နာကျည်းစွာဖြင့်ပြန်သတ်ကြည့်ပါလား၊ မာတုဃာတကကံ ပဉ္စာနန္တရိယကံကြီး ထိုက်မည်ကေန်ပင်၊ အကြောင်းကတော့– မွေးကျေးဇူး တစ်ခု တည်းနှင့်ပင် မိခင်မှာ အနန္တဂုဏ်ရှင်ဖြစ်နေသောကြောင့်တည်း။

မြတ်စွာဘုရားရှင်သည်ပင် မယ်တော်၏ မွေးကျေးဇူးကို တမလွန်ထိအောင် လိုက်၍ ဆပ်တော်မူခဲ့သည့် သာဓကကို ထောက်ခြင်းအားဖြင့် မိခင်၏ မွေးကျေးဇူး အထူးကြီးမားကြောင်း ထင်ရှားနေပါလျက်၊ တချို့ပုဂ္ဂိုလ်များက ''ငါ့တို့ အမေက မွေးရုံသာမွေးပြီး ပစ်ထားခဲ့တာမို့ 'ပေးလည်းမပေးနိုင်ဘူး ကျွေးလည်းမကျွေးနိုင်ဘူး ကျေးဇူးတင်စရာလည်းမလိုဘူး'–ဟု ပြောနေလိုက်ကြသည်မှာ ဝမ်းနည်းစရာတော့ ကောင်းလှ၏။ မြတ်ဗုဒ္ဓ၏သာဝကအားလုံး ဗုဒ္ဓပြသည့်သာဓကကို သတိရကြစမ်းပါ– ဟုသာ တိုက်တွန်းချင်ပါသည်။

## အဖေ့ကျေးဇူးမှ သာကြတယ်ထင်

မိခင်က သားငယ်သမီးငယ်များကို **ဖခင်နှင့်ပစ်ထား၍ လင်ငယ်ယူသွားသည်ဆို ပါစို့** ဖခင်ဖြစ်သူကလည်း နောက်အိမ်ထောင်မပြုပဲ **သားသမီးလေးများကို** လူလားမြောက်အောင် ကျွေးမွေးပြုစုစောင့်ရှောက်လာခဲ့ရာ **ဘွဲ့ရပညာတတ်တွေဖြစ်လာခဲ့သည့်**အထိပင်၊ ၎င်းသားသမီးများ၏စိတ်တွင် **ဖခင်က ပို၍ကျေးဇူးများသည်**–ဟု မှတ်ယူကြပေလိမ့်မည်။

ထိုသို့ **အဖေ့ကျေးဇူးကသာတယ်**–ဟု ထင်သောကြောင့် "အမေ့ခြေရာဇာတ်ကား ရိုက်သလို **အဖေ့ခြေရာလည်းရိုက်သင့်တယ်၊** အမေနေ့ဆိုတာ ကျင်းပသလို အဖေနေ့လည်း **ကျင်းပသင့်တယ်၊** အမေ့အိမ် အမေ့နေရာ–ဆိုတာရှိသလို အဖေ့အိမ် အဖေ့နေရာ–**ဆိုတာလည်းရှိသင့်တယ်**"ဟု ပြောလာကုန်တော့၏။ ဤနေရာ၌ တိပိဋကဓရ ဦးသုမင်္ဂလ **၏ အမေနေ့သုတ္တန်တရားတော်**မှ လေသံအတိုင်းပြောရလျှင် တစ်သက်လုံး ကျွေးမွေးပြုစုလာခဲ့သည့် အဖေ၏ကျွေးကျေးဇူးသည် အသက်နှင့်ရင်းကာ ကိုးလလွယ် ဆယ်လဖွားပေးခဲ့သည့် မိခင်၏မွေးကျေးဇူးကိုတော့ မမီနိုင်ပါလေ။

"ဘုရားရှင်သည် **မယ်တော်မိနတ်သားအား အမေ့နို့ဖိုးကို ကျေးဇူးဆပ်ရာ၌ နို့တစ်လုံးဖိုးသာကျေသတဲ့**"ဟု အမှတ်မှားစွာပြောနေကြပြန်ရာ– အမှန်စင်စစ် အမေ့နို့ဖိုး–ဟု ပြောရလောက်အောင် သိဒ္ဓတ္ထမင်းသားသည် မယ်တော်၏နို့ကို ကာလကြာရှည်စွာ စို့ခဲ့ရသူမဟုတ်ချေ၊ မယ်တော်နတ်ရွာမစံမီ ခုနစ်ရက်အတွင်းမှာသာ စို့ခဲ့ရခြင်းဖြစ်၏။

(ရွှေမန်းတင်မောင်၏ လေးတော်တင်ခန်းဇာတ်ထုပ်၌ကား သုပ္ပဗုဒ္ဓမင်းက သူ့သမီးယသော်ဓရာနှင့် မတူမတန်ကြောင်း အပြစ်ရှာရာ၌ သိဒ္ဓတ္ထမင်းသားအား "ပညာချို့တဲ့ နို့ပုန်းစား"ဟု ခေါ်ခဲ့သဖြင့် မိခင်ရင်း၏နို့ကို မစို့ခဲ့ရ–ဟု ဆိုလိုဟန်ရှိ၏)။ မည်သို့ပင်ဖြစ်စေ–အမေ့နို့ဖိုး–လို့ပဲဆိုဆို၊ မွေးကျေးဇူးဆပ်သည်–ဟုပဲပြောပြော ဘုရားရှင်က တမလွန်ဘဝအထိလိုက်၍ ကျေးဇူးဆပ်ရလောက်အောင် မိခင်၏ဂုဏ်ကျေးဇူးကား ကြီးမားလွန်းလှပေ၏။

ဒါတောင်မှ တချို့သားသမီးများက မိမိတို့အား ဖခင်နှင့်အတူ ပစ်ထားခဲ့ရုံမျှဖြင့် အဘယ့်ကြောင့် ကျေးဇူးရှင်–ဟု မသတ်မှတ်နိုင်ရပါသနည်း၊ အမှန်စင်စစ် အသက်ကို အရင်းအနှီးပြုကာ မွေးထုတ်ပေးခဲ့သည့် မိခင်၏ကျေးဇူးတရားကိုတော့ မမေ့စကောင်း၊ အခွင့်သင့်လျှင် ထိုကျေးဇူးကို ဆပ်ရာသကဲ့သို့၊ အခွင့်မသင့်သေးလျှင်လည်း ထိုကျေးဇူးတရားကို အောက်မေ့ဆင်ခြင်နှလုံးသွင်းရာသည် မဟုတ်ပါလော။

## အမေနေ့အစ ဦးသုခ

မန္တလေးမြို့ အမေနေ့ကိုတော့ ပရိယတ္တိသာသနာ့ဗိမာန် (ဦးလှသိန်းဗိမာန်)ကြီးမှာ ဆရာကြီးဦးသုခ ဟောပြောခဲ့ပါသည်။ ၎င်းအမေနေ့၏ရည်ရွယ်ချက်သည်– တချို့အကြောင်းအမျိုးမျိုးကြောင့် မိဘကို မွေးတုံ့မွေးလှည့် , ကျွေးတုံ့ကျွေးလှည့်ကလေးမှ သတိမရနိုင်သူများကို သတိပေးနှိုးဆော်လို၍ ကျင်းပရခြင်းဖြစ်ကြောင်း သိရ၏။

**တစ်နည်းအားဖြင့်**– အမေ့ကျေးဇူးသိရှိသာမက အမေ့ကျေးဇူးကိုပြန်ဆပ်တဲ့ သားကောင်းသမီးကောင်းအရေအတွက် များများပေါ်ထွန်းလာစေလိုသော ရည်ရွယ်ချက်ဖြင့် ကျင်းပခဲ့ခြင်းဖြစ်၏။ ဦးသုခ၏ အမေ့အကြောင်း လာရောက်နားထောင်သည့် ပရိသတ်အချို့က **''အမေမရှိတော့တဲ့ ကျွန်တော်ကျွန်မတို့ကော အမေနေ့မှာ ဘာတွေလုပ်နိုင်သလဲ''** ဟုမေးသည့်အခါ – – –

ဆရာကြီးဦးသုခက (အမေဆုံးတယ်လို့ တယ်လီဖုန်းအသံလာတော့) အစချီသော ကဗျာလေးကို ရွတ်ဆိုပြ၍ ''လမ်းမှာအမေနှင့်တန်းတူ ရွယ်တူ အဖွားအိုများကိုတွေ့လျှင် 'ဩော်– ငါ့အမေသာ အသက်ထင်ရှားရှိသေးမယ် ဆိုရင် **ဒီအဖွားအရွယ်လောက်တော့ရှိရော့မယ်'ဟု သဘောထားကာ၊ အမေ့ ကိုယ်စား ပြုစုပါ၊ ကူညီပါ၊ စောင့်ရှောက်ပါ၊ ဒါဆိုရင် ဤကမ္ဘာမှာ အမေ–ဆိုတာ ဘယ်တော့မှ မသေပါ''**ဟု ပြောကြားသွားသည်ကို တွေ့ရ၏။

မိဘအရိပ်နှင့်ပတ်သက်၍ မိမိပြောခဲ့သလိုပင် ဤနေရာ၌လည်း မိဘမရှိတော့သူများအတွက် ဖြေသိမ့်နိုင်စရာ နည်းလမ်းလေးတစ်ခု ထပ်ပေးခဲ့ချင်သေး၏။ မိဘနှစ်ပါး အသက်ထင်ရှားရှိနေသေးသော်လည်း ဂုဏ်ကျေးဇူးကိုမသိ၊ ကျေးဇူးကိုပြန်မဆပ် ဆုံးမစကားနားမထောင်၊ မိဘမျက်ရည်ကြီးငယ်ကျအောင်လုပ်၊ မိဘမသေခင်က အမွေခွဲခိုင်းနေလျှင် ၎င်းသားသမီးများအတွက် မိဘနှစ်ပါးအသက်ထင်ရှားရှိနေသေးသော်လည်း သေသွားတာနှင့် အတူတူပင်၊

(စုန်ရေဇာတ်ကား၌ မလိမ္မာသည့် သားနှင့်သမီးအား သူ့အဒေါ်ဖြစ်သူက **''နင်တို့ဘဝ နင်တို့ကမ္ဘာမှာ အဖေဆိုတာ မရှိတော့ဘူး၊ သေသွားပြီ၊ ပြန်မလာနိုင်တဲ့ အဝေးဆုံးတစ်နေရာဆီ ထွက်သွားပြီ၊ ဟောဒါ နင်တို့အဖေ စီးခဲ့တဲ့ ဖိနပ်အစုပ်၊ ဟောဒါက နင်တို့ သုံးနိုင်ဖြုန်းနိုင်ဖို့ ညဘက်စားသောက်ဆိုင်မှာ အလုပ်ဝင်လုပ်ရင်းဝတ်တဲ့ စားပွဲထိုးအင်္ကျီ၊ ယူသွားကြ၊ ဒါတွေ အကုန်သာယူသွားကြ''**ဟု ဒေါသတကြီး အော်ဟစ်ပြောကြားခဲ့ခြင်းဖြစ်၏။ မလိမ္မာသည့်သားသမီးများအတွက်

အသက်ထင်ရှားရှိဆဲ အဖေကိုပင် "သေသွားပြီ" ဟု စကားသုံးလိုက်ခြင်းကို သတိပြုရမည်)။

အကယ်၍ မိဘနှစ်ပါးလုံးကွယ်လွန်သွားကြသော်လည်း မိဘကျေးဇူးကို အမြဲသတိရ၊ ဆုံးမစကားနားထောင်၊ ကွယ်လွန်သည့်နေ့ရောက်တိုင်း ကုသိုလ်ပြုအမျှအတန်း ပေးဝေနေလျှင် ၎င်းသားလိမ္မာ သမီးရတနာများအတွက် မိဘအရိပ်သည် မည်သည့်အခါမျှ ပျောက်မသွား၊ အေးမြတဲ့မိဘအရိပ်သည် အမြဲထာဝရ လွှမ်းမိုးနေလိမ့်မည်၊ မိဘများ အမြဲတမ်း ရှင်သန်နေပါလိမ့်မည်၊ ဘယ်တော့မှ သေဆုံးမသွားပေ၊ ဒီလိုလိမ္မာတဲ့သားသမီးတွေကတော့ တစ်ခါတလေ အမှတ်တမဲ့နဲ့ ကိုယ့်မိဘမကြိုက်တာလေးများ တစ်ခုခုပြုလုပ်မိပလားဆိုမှဖြင့် မရှိတော့သည့်မိဘတွေကိုပင် မျက်နှာပူနေလိုက်ကြသေး၏၊ ကိုယ့်ကိုယ်ကိုလည်း အပြစ်တင်လို့မဆုံးတော့၊ ဟိုတရုတ်ကားထဲက စကားတစ်ခွန်းလိုပေါ့၊ နောင်တရကာ မချိတင်ကဲလေသံနှင့် "**တမလွန်က မိဘတွေကို ကျွန်တော်တို့ ဘယ်လိုမျက်နှာပြမှာလဲဗျာ**"တဲ့၊ မိဘများ ပေးအပ်ခဲ့သည့်တာဝန်မကျေပွန်ရာ၌လည်း ထိုစကားမျိုးကိုပြောတတ်ကြ၏၊ ဒီသားနှင့်ဒီသမီးအတွက် (**နင်တို့မိဘ မရှိတော့ဘူး၊ သေသွားပြီ**)ဟု မည်သူပြောလို့ရမည်နည်း။

## တန်းတူထားကြ မိနှင့်ဖ

မိခင်၏မေတ္တာကို ဖော်ကျူးသော အမေ့ခြေရာ၊ အမေ၊ စမ်းရေပမာမိမေတ္တာ၊ အမေနှို့ဖိုး၊ သားတို့ရုပ်ရှင်-စသောဇာတ်ကားများ- အမေနေ့ဟောပြောပွဲအခမ်းအနားများစသည်ဖြင့် အမေချစ်သူများ လှုပ်လှုပ်ရှားရှားဖြစ်နေသည့်အချိန်တွင် အဖေချစ်သူများ၏ရင်ဝယ် မည်သို့တွေးကြခံစားကြရလေမည်မသိ၊ တချို့များ "အထိမခံ ရွှေပန်းကန်" ဖြစ်ကုန်ကြလိမ့်မည်ထင်၏။

**အဖေချစ်သူများ-** ဟူသည် အကြောင်းအမျိုးမျိုးကြောင့် အမေ့ကျေးဇူး အမေ့မေတ္တာကို မခံစားခဲ့ရပဲ၊ ဖခင်မေတ္တာ ဖခင်ကျေးဇူးဖြင့်သာ နားလည်ခံစားကြီးပြင်းလာခဲ့သူများ ဖြစ်ကြပေလိမ့်မည်၊ ထိုသူများကပြောကြသည်မှာ-

"အမေနေ့ အမေ့ကျေးဇူး အမေ့မေတ္တာတွေချည်းပဲ ဂုဏ်ဖော်နေကြတော့ မိသားစုအပေါ်မှာထားတဲ့ အဖေ့ကျေးဇူး အဖေ့မေတ္တာကို တစ်ဖက်သတ်ချိုးနှိမ်ပစ်ရာရောက်မနေဘူးလား-တဲ့၊ မိသားစုဝင်အချင်းချင်း တစ်ဦးတစ်ယောက်ကိုတော့ မိုးလောက်ကြီးမွန်း၊ နောက်လူကို ဗိလိန်လူကြမ်းနေရာမှာထားတာ သဘာဝမကျပါဘူး"တဲ့။

သားသမီးတွေမပြောနှင့်၊ ဖခင်ကိုယ်တိုင်က ဘဝင်မကျရှိလှပုံကို ကာတွန်းဆရာက ပြောင်ထားသည်မှာ– သားဖြစ်သူက သူ့အဖေအား "ကျွန်တော် အမေနေ့ကို ဂုဏ်ပြုချင်လို့ ပိုက်ဆံပေးစမ်းပါ"ဟု တောင်းရာ၊"ဟ–ငါလဲ မင်းအဖေပါပဲဟ"ဆိုပြီး သားဖြစ်သူ၏ ရင်ဘတ်ကို ခြေထောက်နှင့်ဆောင့်ကန်လိုက်ရာ ခြေရာထင်သွားသတဲ့၊ သည်လိုနဲ့ အမေနေ့ ဟောပြောပွဲကိုအလာ၊ လမ်းမှာတွေ့သည့် သူငယ်ချင်းများက "မင်းရင်ဘတ်က ဘာတံဆိပ်ကြီးလဲ"ဟုမေးတော့၊ စိတ်ပျက်လက်ပျက်နှင့် ပြန်ပြောလိုက်ပုံက "ဒါ ငါ့အဖေပေးတဲ့ ခြေရာ– အဖေ့ခြေရာလေကွာ"တဲ့။

ယင်းကဲ့သို့မကျေမနပ်ဖြစ်နေသည့်အဖေမျိုးနှင့်တွေ့ခဲ့လျှင် "ကျွန်တော်ဂုဏ်ပြုတဲ့ အမေတွေထဲမှာ အဖေ့ရဲ့အမေ ကျွန်တော့အဖွားလည်း ပါတယ်လေဗျာ–ဟု ပြန်ပြောလိုက်ပါ ကျေနပ်သွားပါလိမ့်မည်"ဟု ဖြေဆေးလေးတစ်ခုပင် ဆရာကြီးဦးသုခက ထည့်ပေးထားပါသေး၏။ တချို့ကလည်း "မိဘနှစ်ပါးနေ့လုပ် အမေနေ့ချည်း မလုပ်ပါနဲ့"ဟု ဆိုကြ၏၊ မိမိအထင်ကတော့ အမေနေ့–ဟု ဆိုလိုက်ခြင်းအားဖြင့် အဖေကိုလည်း ပစ်ပယ်ထားခဲ့တဲ့ သဘောမျိုးမဖြစ်နိုင်၊ အမေ–ဆိုတာ အဖေရှိလို့သာ အမေရယ်လို့ဖြစ်ပေါ်လာရခြင်း မဟုတ်ပါလား။

ထို့မှတစ်ဖန် ကျွဲကူးတော့ရေပါ–ဆိုတာလို၊ အမေနေ့ အမေ့ခြေရာ–ဟုဆိုလိုက်သည်နှင့် အဖေနေ့ အဖေ့ခြေရာလည်း အလိုလိုပါပြီးသားဖြစ်ကြောင်း ဆရာတော်ကြီးတစ်ပါးက အောက်ပါအတိုင်း မိန့်ကြားခဲ့ဖူး၏။

"လောကမှာပြောဆိုနေကြတာကြည့်–ကျောင်းသားထုကြီးဆိုတာနဲ့ ကျောင်းသားရော ကျောင်းသူတွေရောပါသွားပြီ၊ ဆရာဆိုတာနဲ့ ဆရာမတွေလည်း ပါသွားပြီ၊ အမျိုးသားကျန်းမာရေးကော်မတီ – အမျိုးသားပညာရေး ကော်မတီဆိုတာနဲ့ အမျိုးသမီးတို့ရဲ့ ကျန်းမာရေး ပညာရေးတွေလည်းပါသွားပြီ၊ ပြည်သူလူထု ဆိုတာနဲ့ ပြည်သားတွေလည်း ပါသွားပြီ၊ ဘိက္ခဝေ–ရဟန်းတို့–ဟုဆိုလိုက်တာနဲ့ ရဟန်းမတွေလည်းပါသွားပြီ (ဘိက္ခဝေ–ငါ၏ချစ်သား ချစ်သမီးတို့)တဲ့။

အဲဒါကို သဒ္ဒါနည်းအလိုအရ ကေသေသ–အရပ်စကားနဲ့ဆိုရင် ကေသိသ် တစ်ခုကြွင်းပြုခြင်းလို့ခေါ်တယ်၊ မာတာပိတု–ဆိုတဲ့စကားနှစ်လုံးမှာလည်း (**မာတာစ ပိတာစ မာတရော**)လို့ သုတ်မတူဘဲ တစ်ခုကြွင်းပြုတဲ့ ဝိရူပေကသေသ–ဆိုတာရှိတယ်၊ **မာတာစ–အမိလည်း**ကောင်း၊ ပိတာစ–အဖလည်းကောင်း၊ မာတရော–အမိအဖတို့–လို့ **အဓိပ္ပါယ်ရတယ်၊ မိဘနှစ်ဦးလုံးကို** မာတာ–အမိလို့ပဲ ကေသိသ်ပြုထားတာ။

မာတရော–အမိလို့ဆိုလိုက်တာနဲ့ အဖလည်းပါပြီးသားပါကွာ၊ ဒီနေရာမှာ အမိရဲ့ ဂုဏ်ကျေးဇူးက ပိုပြီးကြီးမားဘဲ့အတွက် ပိတု–ဆိုတဲ့ နောက်ပုဒ်ကိုချေပြီး မာတရော–လို့ပဲ တစ်ခုကြွင်းထားကာ ကေသိသ်ပြုရတယ်၊ ဒါ့ကြောင့် 'အမေနေ့' လို့ဆိုလိုက်တာနဲ့ အဖေတွေလည်းပါပြီးသားမို့ အဖေကိုပိုချစ်သူများ မကျေမနပ် မဖြစ်ကြလေနဲ့''ဟု မိန့်ကြားခဲ့ဖူး၏။

၂၀၀၄–ခု (၁၀)လပိုင်းလောက်ဆီက ဘုရားကျောင်းဆောင်လှူရန်အတွက် မိမိကျောင်းသို့ရောက်လာသော မသော်ဇင်ထွေး၊ သူ့ရင်ခွင်မှာ အတူပါလာသူက သူ့သမီးငယ်ကလေး အင်ကြင်းမွှေး၊ သည်သားအမိနှစ်ယောက်ကိုကြည့်၍ မိမိက ''အမေ့အကြောင်း ကောင်းတာတွေချည်းအမွှန်းတင်နေကြတော့ တစ်ဖက်ကအဖေက အလိုလိုနေရင်း မကောင်းသလိုဖြစ်နေတယ်''ဟု ပြောသည့်အခါ၊ ''**အဖေထက် အမေကပိုပြီး ကျေးဇူးများတာမို့ မိခင်ကို ပိုပြီးအမွှန်းတင်သင့်တာပေါ့ဘုရား၊ ဒီသမီးငယ်လေးကို တပည့်တော်မ မျက်စိအောက်က အပျောက်မခံနိုင်တာပဲ ကြည့်ပါ တော့**''ဟု ပြောသွားပါသေး၏။

မြန်မာနိုင်ငံတွင် အမေမရှိသည့်အိမ်ထောင်စုက ဆယ်ရာခိုင်နှုန်း၊ အဖေမရှိသည့် အိမ်ထောင်စုက ဆယ်ရာခိုင်နှုန်း၊ မိဘနှစ်ဦးလုံးမရှိသည့်အိမ်ထောင်စုက ဆယ်ရာ ခိုင်နှုန်း၊ မိဘနှစ်ပါးလုံးရှိသည့်အိမ်ထောင်စုက ခုနှစ်ဆယ်ရာခိုင်နှုန်း–ဟု အကြမ်းဖျင်းခွဲကာ သတ်မှတ်ကြည့်နိုင်၏။

အမေကို တခမ်းတနား ဂုဏ်ပြုညွှန်းဖွဲ့သူများသည် ''**အမေ့ဂုဏ်ကျေးဇူးက သာလွန်၍ ကြီးမားလှသည်**'' ဟူသော အသိစိတ်ဓာတ်ဖြင့် ပြုလုပ်နေကြသည်ဟုမထင်၊ အများစုမှာ မိခင်အပေါ်တာဝန်မကျေခဲ့သူများ , မမွေးမီကတည်းက ဖခင်ကောင်းနှင့် မကြုံခဲ့ရပဲ ဖခင်မေတ္တာ ဖခင်ကျေးဇူးကို မခံစားဖူးသူတွေဖြစ်နေ၍ တစ်ဦးတည်းသော မိခင်အပေါ်စုပုံချစ်ကာ ကျေးဇူးတင်နေကြသူများ ဖြစ်ပါလိမ့်မည်၊ အရေအတွက်နည်းကာ ဆယ်ရာခိုင်နှုန်းမို့ လူနည်းစုသာဖြစ်၏။ (အမေနေ့ကို စတင်ဖန်တီးသူ ဆရာကြီးဦးသုခ သည်ပင်–– ''ကျောင်းပေါင်းများစွာကို မိဘမေတ္တာ လိုက်ဟောသဖြင့် ကျူပ်ကို သားလိမ္မာတစ်ယောက်ဟုထင်လျှင် မှားလိမ့်မည်၊ အမေရှိသေးသော ကလေးသူငယ်တို့ကို ကျွန်တော့လို ''မိုးလွန်မှ ထွန်ချ–အမေဆုံးမှ သတိရ'' ဆိုသလိုမျိုးမဖြစ်ရလေအောင် ကိုယ်မိုက်တာ ကိုယ်ဖော်ပြီး သူတော်ကောင်းကလေးများဖြစ်စေချင်၍ အမေနေ့အကြောင်း ဟောပြောရခြင်း ဖြစ်ပါသည်''ဟု ပြောခဲ့ဖူး၏)။

ထိုနည်းတူစွာ ''အဖေနေ့ အဖေ့ခြေရာ–စသည့် ကျင်းပပြုလုပ်ကာ ဖခင်ကို ဂုဏ်ပြုသင့်တယ်''ဟု ပြောနေသူများကလည်း မိခင်ဆိုးများနှင့်သာ တွေ့ကြုံခဲ့ရပြီး မိခင်မေတ္တာ မိခင်ကျေးဇူးကို မခံစားဖူးသူတွေ ဖြစ်ကြပေလိမ့်မည်၊ ဒါလည်းပဲ ဆယ်ရာခိုင်နှုန်း လူနည်းစုသာဖြစ်၏။ ထိုသို့သော လူနည်းစုပုဂ္ဂိုလ်များ၏ စိတ်ခံစားမှုအရ မိခင်ကို ပို၍ အမွှန်းတင်နေကြသောကြောင့် မိစုံဖစုံသားသမီး (ရာခိုင်နှုန်းအများစု)က တသီးတသန့် အမေနေ့ – အဖေနေ့– ဘာနေ့ညာနေ့များကို နားမယောင်ကြပဲ၊ အမေ့အကြောင်းကို အမွှန်းတင်လျှင် အဖေကိုပိုချစ်သူများက မုဒိတာ–ဝမ်းသာပေးလိုက်ရုံသာရှိ၏၊ အဖေ့ ... သတင်းကျော်ကြားလျှင်လည်း အမေကိုပိုချစ်သူများက မုဒိတာစိတ်ကိုပင် ပွားများပေးသင့်၏၊ နောက်ဆုံးပြောချင်သည်မှာ– **(မိဘနှစ်ပါးလုံး ဂုဏ်ကျေးဇူးကြီးမားလှသည်မို့ ကျေးဇူးကိုသိအောင်ကြိုးစား , စွမ်းနိုင်သမျှပြန်၍ဆပ် , အကယ်၍ မဆပ်နိုင်သေးလျှင် မိဘစိတ်ဆင်းရဲအောင်မလုပ်နှင့်)** ဟူသော အမေ့နို့ဖိုးဇာတ်ကားထဲက ဆရာတော်ဘုရား၏ စကားကိုသာ အမြဲနှလုံးသွင်းပါတော့ဟု တိုက်တွန်းလိုက်ရပေတော့မည်။

* 'အဖေဆုံးတဲ့နေ့ဟာ ကျွန်တော့အတွက် ရွှေတောင်ကြီးပြိုခဲ့ရပါတယ်' ဆိုရင်၊ အမေကွယ်လွန်တဲ့နေ့ကို ပင်ညောင်ညို လဲပြိုခဲ့ရတယ်လို့ပဲ ပြောပါရစေ၊ အခုတော့ ကျွန်တော့ဘဝမှာ ရွှေတောင်ကြီးလည်း ပြိုကျခဲ့ရပါပြီ၊ ပင်ညောင်ညိုလည်း လဲပြိုခဲ့ရပါပြီ။

[သိုင်းပြောင်းပြန်ဆရာကြီး ဦးအောင်သိန်း]

* အမေ့ခြေရာရုပ်ရှင်ကိုကြည့်ပြီး သူတို့အမေရဲ့ခြေရာကို အမှတ်တရ ယူနေကြတဲ့ သားသမီးတွေကို ငါမုဒိတာစိတ်အပြည့်နဲ့ ပြုံးပြုံးကြီး ကြည့်နေမိတယ်၊ အကြီးကောင်က ငါ့ကို ''အဖေ့ခြေရာလေးလည်းပေးပါဦး''လို့ လာတောင်းတော့ ငါပြောလိုက်တာက ''မင်းဝို့ မမွေးခင်ကတည်းက အဖေ ဆိုက္ကားနင်းကျွေးနေရတာမို့ အခု အဖေ့ခြေရာ မြေမချအားသေးဘူးသားရယ်၊ သားလိုချင်တဲ့အဖေ့ခြေရာဟာ အဖေနင်းနေကျဆိုက္ကားရဲ့ ခြေနင်း...က်ဒယ်ပေါ်မှာပဲ ရှိနေပါတယ်၊ အဲဒါကိုဖြုတ်ပြီး နံရံမှာချိပ်ထားလိုက်ရင် ဒါဟာ အဖေ့ခြေရာပဲပေါ့ကွာ''။ (ရဲမြင့်– ဆိုက္ကားဆရာ မြောက်ဥက္ကလာပ)

အမိမဲ့သား ရေနည်းငါး–ဟု ပမာတင်စားဆိုကြသည်၊ သို့ဆိုလျှင် **အဖမဲ့သားကို** ရေခန်းငါး–သတ်မှတ်ရချေတော့မည်။ (မောင်ဝါခေါင်)

## အမေနာမည်မတပ်လို့ မကျေနပ်ကြပြန်ဘူး–တဲ့

ဘွဲ့တံဆိပ်အောင်လက်မှတ်တွေမှာ အမေနာမည်မပါခြင်းကို သဘာဝမကျကြောင်း ပြောကြသည်မှာ ယခုမှမဟုတ်၊ ၁၃၄၀–ခုနှစ် မိမိအစိုးရအငယ်တန်းအောင်စဉ်ကပင် စာအောင်လက်မှတ်ကိုကြည့်၍ အမေက(ကျုပ်နာမည်လည်း မပါပါလားတော်၊ မတရားလိုက်တာ)ဟု ပြောခဲ့ဖူးကြောင်း ရှေ့ပိုင်းမှာ ရေးသားခဲ့ပြီးဖြစ်၏။

မှန်ပါသည်– အောင်လက်မှတ်မှာဖြစ်စေ ဆုလက်မှတ်မှာဖြစ်စေ "ဦးဘယ်သူ၏သား ဦးဘယ်ဝါ၏သမီး"စသည်ဖြင့် အဖေနာမည်တွေပဲ ထည့်ရေးလေ့ရှိကြ၏၊ ယင်းကိစ္စသဘာဝမကျပုံကို အမျိုးသမီးတစ်ဦးက ပြောသည်မှာ – (သူမဟာ သမီးတွေစာကျက်တဲ့အခါမှာ ကူပြီးကျက်ပေးပါသတဲ့၊ စာကူကျက်တယ်–ဆိုတာ စာကိုမှတ်မိအောင် အကျိုးနဲ့အကြောင်း ဘယ်လိုဆက်စပ်ယူရမယ်ဆိုတာ နည်းပေးတယ်၊ သမီးလေးစာကျက်တော့ ညဘက်မှာ အားရှိအောင် အတူနေပေးတယ်၊ မအိပ်ချင်အောင် လက်ဖက်သုပ်ပေးတယ်၊ ကော်ဖီဖျော်ပေးတယ်၊ သမီးနားမလည်တဲ့စာကို ကူဖတ်ပြီးရှင်းပြပေးတယ်၊ သမီးကစာကိုပြန်ပြီးရွတ်ပြချင်ရင်လည်း နားထောင်ပေးတယ်၊ ဒါတွေကို သမီးနဲ့အတူ စာကူကျက်တယ်လို့ပြောတာပါ၊

အဲဒီအချိန်မှာ အဖေလုပ်သူကတော့ သိုးနေအောင် တခေါခေါဟောက်ကာအိပ်ပျော်နေပါသတဲ့၊ မိခင်ဖြစ်သူ ဒီလောက်ဂရုစိုက်မှတော့ ဒီကလေးဆုရပြီပေါ့၊ ဆုတက်ယူလို့ အမည်ကိုကြေညာတဲ့အခါ တကယ်ကြိုးစားပြီးသွန်သင်ပေးတဲ့ သူမရဲ့နာမည်ကမပါ၊ ဦးဘယ်သူရဲ့သမီးဆိုတာပဲ ပါသတဲ့၊ ဘေးနားမှာကပ်ထိုင်နေတဲ့ အဖေကြီးက ပြုံးပြုံးကြီးရှိနေသလောက် အမေကြီးခမျာ ပြုံးသာပြုံးရတယ် နှံးချိချိဆိုတာမျိုး ဖြစ်သွားရပါသတဲ့။ **"အမယ်လေးတော် ငါကဒီလောက်ကြိုးစားပေးရတာ ဘာဖြစ်လို့များ ငါ့နာမည်ကို ဆုလက်မှတ်မှာ ထည့်မရေးနိုင်ရတာလဲ၊ ဆုယူတဲ့အခါ အမေနာမည်ကို ဘာဖြစ်လို့ထည့်ပြီး မကြေညာရတာလဲ"**လို့ တွေးခဲ့မိပါသတဲ့။

ဒါတောင်မှ သားသမီးကို မိဘနှစ်ပါးစုံက တာဝန်ယူနေကြသည့်အမေတွေဖြစ်ပါ၏၊ တကယ်လို့များ မသိတတ်တဲ့ဖခင်က သားပစ်သမီးပစ်နေကြပြီး သားသမီးရဲ့တာဝန်ကို အမေတစ်ယောက်တည်းကပဲ ကုန်းကာရုန်းကာ ကြိုးစားခဲ့ရသည်ဆိုပါစို့ ဟော–ဆုလည်းရရော ဘွဲ့လည်းရရော ဘယ်လိုမှတာဝန်မကျေခဲ့တဲ့အဖေ့နာမည်ကြီးနဲ့ထွက်လာခဲ့သော် မိခင်ဖြစ်သူ ရင်မကျိုးရပါကလား၊ စဉ်းစားစရာတော့ကောင်းလှ၏။

သည်ကိစ္စဂျာနယ်များတွင် အတော်ဂယက်ထခဲ့၏၊ ဒေါက်တာမတင်ဝင်းသည်ပင် ငယ်စဉ်က သည်ခံစားချက်မျိုးရှိခဲ့ကြောင်း သိရ၏၊ ဆရာမကြီးကပြောသည်

မှာ- (လူတွေကိုခွဲခြားချင်လို့ အဖေ့နာမည် ထည့်ရတယ်ဆိုရင် အဖရောအမိပါ နာမည် ထည့်ရင် ကွဲပြားတာပိုပြီးသိသာပါတယ်၊ ပြီးတော့ ကျွန်မတို့မြန်မာဓလေ့မှာ အမိကို သိပ်ဦးစားပေးပါတယ်၊ ဘာဖြစ်လို့များ အဖေနာမည်ပဲ နေရာတကာပါရသလဲ-လို့ အမေများက စောဒကတက်နေကြပါတယ်)တဲ့။

နောက်ပြီး သည်စောဒကရဲ့ ဖြစ်နိုင်ချေရှိသည့် အဖြေကိုလည်း ဆရာမကြီးက ဆက်လက်ပြောသည်မှာ (အဖြေက ဒီလိုပါ၊ နိုင်ငံရပ်ခြားမှာတော့ အမည်တွေမှာ မျိုးရိုး အမည်ပါတတ်လေတော့ ရတ်တရက်နာမည်တူမှာ မစိုးရိမ်ရတော့ဘူးပေါ့၊ မြန်မာမှာ မျိုးရိုးအမည်မရှိတော့ နာမည်တူတွေများတတ်တာနဲ့ အဖေရဲ့နာမည်ကိုပဲ ထည့်ခဲ့ဟန်တူ ပါတယ်၊ ဘာပဲဖြစ်ဖြစ် အမေနာမည်ပါရင် ပိုပြီးကွဲပြားသွားမှာပါပဲ၊ ကဲပါလေ အမေအမည် ကို ဘွဲ့လက်မှတ် ဆုလက်မှတ်တွေမှာ ထည့်သွင်းပေးဖို့ သက်ဆိုင်သူတွေကို ပြောချင်ပါ တယ်၊ မဟုတ်မဟတ်တဲ့ တရားခံရဲ့အမည်နဲ့ အမေနာမည်ပါတွဲလျက်ပါလာရင်လည်း ကံတရားပဲပေါ့လေ)ဟု ပြောသွားခဲ့၏။

## နောက်ဆုံးကျတော့လည်း မိဘကမိဘပါပဲ

အကောင်းဆုံးကတော့ မိဘကို မိဘလို့ပဲမြင်တာကောင်း၏၊ အမေနေ့ အမေ့နို့ဖိုး အမေ့ခြေရာ အဖေ့နေရာ- စသောဝေါဟာရစကားလုံးများဖြင့် ထပ်ပြီးမခွဲခြမ်းတာ အကောင်းဆုံးဖြစ်ပါလိမ့်မည်၊ တချို့ကလည်း ပုဂ္ဂလိကခံစားချက်ဖြင့် အမေ့မကောင်း ကြောင်း-အဖေ့မကောင်းကြောင်းတွေ စာဖွဲ့ကြ၏။

**(မိမိသည်ပင် သည်စာမူကိုရေးသားရာ၌ မိဘနှစ်ဦးလုံး၏ ဂုဏ်ကျေးဇူးနှင့် မေတ္တာတရားကို အတတ်နိုင်ဆုံးမျှတအောင် ရေးမည်-ဟု ဆုံးဖြတ်ခဲ့သော်လည်း စာမူကိုအချိန်ယူကာ ပြန်လည်မဆန်းစစ်မိသဖြင့် မည်သည့်ဘက်ကို အားသာသွား မှန်းတောင် မသိလိုက်တော့ပေ)၊**

သို့သော် စာအုပ် စာစောင် ဂျာနယ်တွေမှာတော့ ''အမေကသာတယ်၊ အဖေကသာတယ်၊ အမေကိုနေရာပေးသင့်တယ်၊ မိခင်စိတ်က မြင့်မြတ်တယ်၊ အဖေကိုပဲ ရှေ့တန်းတင်နေကြတယ်''ဆိုပြီး ငြင်းနေကြဆဲ၊ ရေးနေကြဆဲပင် ဖြစ်ပါ၏။

သည်အကြောင်းအရာများကို စာမျက်နှာပေါ်တင်ပြီး ငြင်းခုံနေကြသည်မှာ စ-တဲ့လူကစ ချေပတဲ့လူကချေပနှင့် ပင့်ကူမြွေးလို အမျှင်တွေတန်းနေလိုက်သည်မှာ

ကြာလာတော့ သပွတ်အူလို ရှုပ်ထွေးကုန်တော့၏။ အမယ်ဘုတ်ရဲ့ သူ့ချည်ခင်ပမာ ဖြည်လို့မရ ရှင်းလို့မရ မပြီးနိုင်မဆုံးနိုင်၊အမေအဖေပြိုင်ပွဲလုပ်နေကြသည်ကို အတွေး နုနယ် ကလေးအရွယ်များကကြည့်၍ "ဟာ–အမေကိုတော့ နေရာမပေးကြဘူး၊ အဖေတွေကချည်း နေရာယူနေတယ်၊ ဟော–အဖေတွေက မကောင်းပြန်ဘူး၊ အမေကသာ တော်တယ် ကောင်းတယ်" ဆိုတဲ့ နောက်ဆက်တွဲ အံချော်မှုတွေဖြစ်လာနိုင်၏။

အတွေးအခေါ် အယူအဆ ခံစားချက် အမှားအယွင်းတွေ ကူးစက်သွားနိုင်၏။ ဒါကြောင့်မို့ အထူးပြောချင်သည်မှာ– ဘွဲ့လက်မှတ် ဆုလက်မှတ်တွေမှာ အမေနာမည် မပါလို့ ဝမ်းမနည်းလေနှင့်၊ အဖေနာမည်မပါရင်သာ ဝမ်းနည်းစရာကောင်းလှ၏။ ပုဂ္ဂလိကခံစားချက်မပါပဲ စဉ်းစားကြည့်လျှင် သိသာနိုင်ပါသည်။

"ဘယ်သူဘယ်ဝါဘာပဲပြောပြော နောက်ဆုံးကျတော့လည်း မိဘကမိဘပါပဲ၊ မိဘဆိုတဲ့စကားလုံးကို အမေ့ခြေရာ အဖေ့နေရာ–ဆိုတာတွေနဲ့ထပ်ပြီး မခွဲခြမ်းပါနှင့်" ဟုသာ ပြောချင်ပါ၏။

## ကိုယ့်တာဝန်သာကျေပါစေ မိဘကိုမဆန်းစစ်လေနှင့်

အမေပဲဖြစ်ဖြစ် အဖေပဲဖြစ်ဖြစ် သူတို့ဘယ်လောက်မှားမှား အသိဉာဏ်ဘယ်လောက်နည်းနည်း နောက်ဆုံးမပြုလုပ်သင့်တာတွေ ပြုနေစေဦးတော့ ကိုယ်က အသိဉာဏ်ရှိတဲ့ သားသမီးဆိုလျှင် ခွင့်လွှတ်တတ်ရမည်၊ အသိဉာဏ်နည်းတဲ့အမေ–မိုက်မဲတဲ့အဖေနှင့် တွေ့ရစေကာမူ မိဘကို မုန်းဖို့မလိုပါ၊ ဖခင်မရှိတော့မှ ဖခင်ရဲ့မေတ္တာကို သိသွားတဲ့ အဇာတသတ်လိုမျိုး မဖြစ်ကြစေနှင့်၊ ဘုရား တရား သံဃာနှင့်တစ်ဂိုဏ်းတည်းထားသည့် မိဘ၊ ဘုရားရှေ့မှာဝတ်ပြုနေစဉ် အမေကလှမ်းခေါ်ရင်တောင် ဘုရားရှိခိုးတာကိုရပ်ပြီး အမေခေါ်တာကို ပြန်ထူးသင့်ပါသတဲ့။

ဗုဒ္ဓဘုရားရှင်ကိုယ်တိုင် မိဘနှစ်ပါးကို အကြီးမားဆုံးကျေးဇူးရှင်အဖြစ် သတ်မှတ်ထားသောကြောင့် "ငါတို့အပေါ် မိဘကတာဝန်ကျေရဲ့လား"လို့ မဆန်းစစ်လေနှင့်၊ တာဝန်ကျေ–မကျေက သူတို့ကိစ္စ ကိုယ်နှင့်မဆိုင်၊ "ငါတို့သားသမီးတွေက မိဘအပေါ် ဘယ်လောက်များတာဝန်ကျေခဲ့သလဲ" လို့ ကိုယ့်ကိုယ်ကိုသာ ပြန်မေးကြည့်ပါ၊ "ငါဟာ ငါ့မိဘကောင်းကျိုးတွေကို မိဘများစိတ်နှလုံးငြိမ်းချမ်းအောင် ဆောင်ရွက်ပြီးပြီလား"လို့ မေးကြည့်စမ်းပါ၊ မိဘဝယ်ကျွေးခဲ့တဲ့မုန့်ကိုသာ သားသမီးတွေ အကြိမ်ကြိမ်အခါခါ နေ့စဉ်နှင့်အမျှ စားခဲ့ကြရ၏၊ ကိုယ်က မိဘကိုကျွေးဖို့ကျတော့ အခါကြီးရက်ကြီးလောက်မှာသာ

သတိရတတ်ကြသည်မဟုတ်ပါလား၊ (အားလုံးကိုတော့ မဆိုလို)၊

**"လောကကြီးမှာ မိဘကျေးဇူး ပြန်မဆပ်တဲ့လူက မိုက်၏၊ ကျေးဇူးမဆပ်သည့်အပြင် ကျေးဇူးကန်းကာ ကျေးစွပ်တဲ့လူက ထို့ထက်ပို၍မိုက်၏၊"** မိဘဆီက စုန်ရေ–ကို သောက်သုံးခဲ့ပြီး၊ ကိုယ့်တက်က ဆန်ရေ–ပြန်သွားဖို့ကျတော့ အဘယ့်ကြောင့် တွန့်တိုနေတတ်ကြပါသနည်း၊ မြစ်ရေမှာပင်ကျရေ , တက်ရေရှိသကဲ့သို့ ကိုယ့်အလှည့် ရောက်လာသည့်အခါ ဆန်ရေပမာ အားရပါးရနှင့် မိဘတို့၏လိုအင်ဆန္ဒမှန်သမျှအားလုံး ဖုံးလွှမ်းသွားအောင် ဆန်တက်ပစ်လိုက်ကြစမ်းပါ။

## ကျေးဇူးတော်မြတ် ကျေအောင်ဆပ်နည်း

**ဒွိန္နာဟံ ဘိက္ခဝေ န သုပ္ပတိကာရံ ဝဒါမိ၊ ကတမေသံ ဒွိန္နံ မာတုစ ပိတုစ** (အံ– ပါ– ၁၊ ၆၃)၊ ရဟန်းတို့ ပုဂ္ဂိုလ်နှစ်ဦးတို့ရဲ့ကျေးဇူးကို လွယ်ကူစွာဆပ်နိုင်တယ်လို့ ငါဘုရားမဟော၊ အဲဒီပုဂ္ဂိုလ်နှစ်ဦးက မည်သူတွေလဲဆိုတော့ မိဘနှစ်ပါးပါပဲ။

**ဧကေန ဘိက္ခဝေ အံသေန မာတရံ ပရိဟရေယျ၊ ဧကေန အံသေန ပိတရံ ပရိဟရေယျ ဝဿသတာယုကော ဝဿသတဇီဝီ–** ချစ်သားရဟန်းတို့ အသက်တစ်ရာတမ်းမှာ လူဖြစ်လာကြတဲ့ သားသမီးများသည် နှစ်ပေါင်းတစ်ရာတိုင်တိုင် အမိကို လက်ယာပခုံးပေါ်မှာတင်၊ အဖကို လက်ဝဲပခုံးပေါ်မှာတင်ပြီး ပြုစုလုပ်ကျွေးစောင့်ရှောက်သော်လည်း မိဘတွေရဲ့ကျေးဇူးဟာ မကျေနိုင်သေးပါဘူး–တဲ့။ မိဘတို့၏ မျှော်လင့်ချက်အားလုံးကို ဖြည့်ပေးရုံ/သားသမီးဝတ္တရားငါးပါး ကျေရုံမျှနှင့် မိဘကျေးဇူးကျေပြီ–ဟုမမှတ်လေနှင့်။

**တံ ကိဿဟေတု ဗဟုပကာရာ ဘိက္ခဝေ မာတာပိတရော ပုတ္တာနံ–** ထိုကဲ့သို့ ကျေးဇူးဆပ်မကုန်နိုင်ရခြင်းအကြောင်းမှာ မိဘနှစ်ပါးတို့၏ကျေးဇူးသည် သားသမီးများအပေါ်၌ အလွန်တရာ များပြားလှသောကြောင့်ဖြစ်ပါသတဲ့၊ လောကီနည်းနှင့်ဆပ်လို့ကတော့ မိဘတို့၏ လုံးရပ်သဏ္ဍာန်နှင့်ညီစွာ ရွှေရုပ်ငွေရုပ် ထုလုပ်၍ပေးသည်က**တစ်သွယ်**/ဘယ်ညာပခုံးတွင် နှစ်တစ်ရာလုံးတင်၍ လုပ်ကျွေးသည်က**တစ်နည်း**/စည်းစိမ်ရှိသမျှ ဗြဟ္မာ့ပြည်တိုင်အောင် စုပုံ၍ပေးသည်က**တစ်ဖြာ**/ စကြာမင်းမိဖုရားအရာမှာထား၍ ပူဇော်သည်က**တစ်ဖုံ**/ မျိုးစုံအောင် ကျေးဇူးဆပ်ပါသော်လည်း မိဘကျေးဇူးကတော့ မကျေနိုင်ပေ၊ လောကုတ္တရာဥစ္စာဖြစ်သော ဓမ္မဖြင့်ကျေးဇူးဆပ်မှသာ ကျေနိုင်ပါလိမ့်မည်၊ မြတ်စွာဘုရားရှင်နှင့် အရှင်သာရိပုတ္တရာ မထေရ်မြတ်ကြီးတို့လည်း ဓမ္မနှင့်သာ ကျေးဇူးဆပ်တော်မူခဲ့ကြပါသည်။

တစ်နည်းအားဖြင့် ပစ္စည်းဥစ္စာဖြင့် ကျေးဇူးဆပ်ခြင်းသည် မိဘတို့၏ ပစ္စုပ္ပန်တစ်ဘဝအတွက်သာကြည့်၍ ဆပ်ခြင်းမျိုးဖြစ်သောကြောင့် ကျေးဇူးမကျေနိုင်၊ ဓမ္မဖြင့်

ဆပ်ခြင်းသည်ကား မိဘတို့အား ပစ္စုပ္ပန်,သံသရာ နှစ်ဖြာကောင်းကျိုးတိုးပွားစေနိုင်သောကြောင့် မွေးကျေးဇူးကို အကုန်ကျေစေနိုင်သောဆပ်နည်းမျိုးဖြစ်ပါ၏။

၁။ ရတနာသုံးတန် ကံ,ကံ၏အကျိုးကို မယုံကြည်သေးတဲ့ မိဘတွေကို ယုံကြည်လာအောင် ပြောပြခြင်း၊ မိမိကမစွမ်းဆောင်နိုင်လျှင် ဆရာသမားထံ ချဉ်းကပ်စေ၍ တရားဓမ္မနာကြားစေခြင်းဖြင့် **သဒ္ဓါ**နှင့် ကျေးဇူးဆပ်ပါ။

၂။ အမေတို့ အဖေတို့ ခေါင်းမြီးစုတ် (ခေါင်းခု)တွေ ချွတ်ကြတော့၊ ခါးတောင်းကျိုက်တွေဖြုတ်ကြတော့၊ သားတို့သမီးတို့ လူလားမြောက်အောင် နဖူးကချွေး ခြေမ, ကျအောင် ရှာဖွေကျွေးမွေးခဲ့ပြီးပြီ၊ မလုပ်မကိုင်ကြတော့နဲ့ ဟောဒီမှာ လျှော်ဘွယ်ဝတ္ထုပစ္စည်းလေးယူ၊ ကျောင်းကန်ဘုရားသွား၊ သီတင်းသီလများ ဆောက်တည်ကြပါ–ဟု **သီလ**နှင့်ကျေးဇူးဆပ်ပါ။

၃။ အမေ–အဖေတို့ ကာယအားဉာဏအားနဲ့ ရှာကြံထားတဲ့ စီးပွားဥစ္စာတွေ၊ သားတို့သမီးတို့လည်း လူလားမြောက်ပြီမို့ ချန်မထားနဲ့၊ ဘဝသံသရာခရီးအတွက် ရိက္ခာသဖွယ်ဖြစ်အောင် စွန့်ကြဲပေးကမ်းလှူဒါန်းကြ၊ အမေအဖေတို့နောက်ပါအောင်သာ ယူသွားကြ–လို့ **ဒါန**နှင့်ကျေးဇူးဆပ်ပါ။

၄။ ရုပ်နာမ်ခန္ဓာ နှစ်ဖြာကြောင်းကျိုး မကွဲပြားသေးတဲ့ မိဘတွေကို သာသနာ့ရိပ်သာတွေဆီပို့အပ်ပြီး ရုပ်နာမ်အဖြစ်အပျက်ကိုသိအောင် **ပညာ**နှင့်ကျေးဇူးဆပ်ပါ။

သားသမီးတို့၏ တိုက်တွန်းနှိုးဆော်အားပေးမှုကြောင့် မိဘနှစ်ပါးလုံး **သဒ္ဓါ သီလ စာဂ ပညာ** ဤတရားလေးပါးနှင့်ပြည့်စုံသွားပြီဆိုလျှင် မိဘကျေးဇူးအကြွင်းအကျန်မရှိ ကျေလေတော့၏။ (အင်္ဂုတ္တရနိကာယ် ဒုကနိပါတ် သမစိတ္တသုတ်)

မိဘကျေးဇူးကျေအောင်ဆပ်ရာ၌ လူဝတ်ကြောင်များထက် ရဟန်းတော်များက ပို၍စွမ်းနိုင်ကြပေလိမ့်မည်၊ မိဘများက သားရဟန်း၏စကားဆိုလျှင် ပို၍နားဝင်လွယ်ကြသည် မဟုတ်ပါလား။ (ပဌမပိုင်း၌တင်ပြခဲ့သည့် ဆရာတော်ကြီးများ မိဘကျေးဇူး ဆပ်ကြသည်မှာ အားရစရာ) ဒါတောင်မှ ယခုခေတ်မိဘတွေက သားယောကျ်ားလေးဆိုလျှင် သာသနာ့ဝန်ထမ်းရှင်ရဟန်းအဖြစ်ထက် ဆရာဝန် စစ်ဗိုလ်ဖြစ်စေလိုသည်ကများ၏။ သူလည်းလေ လောကီအားပေးမို့ လောကဂုဏ်ကို ပို၍လိုလားကြသည်မှာ ဆန်းတော့မဆန်း၊ သို့သော် သားဆရာဝန်အိမ်မှာ နေရသည့်မိဘနှင့် သားဆရာတော်ကျောင်းမှာ နားခိုသည့်မိဘ မည်သူကပို၍ စိတ်ချမ်းသာလိမ့်မည် ထင်ပါသနည်း။ ၃၁–ဘုံတွင် လူ့ဘဝသည်အမြတ်ဆုံး လူ့ဘဝတွင်လည်း ရဟန်းဘဝသည် အမြင့်ဆုံးဖြစ်သည်ကို မိဘများ မမေ့ကြလေနှင့်၊ (ဤနေရာ၌ သားသမီးများ၏ ပါရမီနှင့်ဆန္ဒကိုထည့်မတွက်ပဲ)၊ မိဘတို့၏မျှော်လင့်ချက်သက်သက်ကိုသာ တင်ပြလိုရင်းဖြစ်ပါသည်။

## ငွေပုံပေးကာ ကျေးဇူးဆပ်ရုံနှင့် လုံလောက်ပြီလား

လူတိုင်းလူတိုင်း အခွင့်သာလျှင် မိဘကျေးဇူးကို ဆပ်ချင်ကြသည်ချည်းပင်၊ **တချို့က "မိဘကျေးဇူးဆပ်တာပဲ ငွေပေးလိုက်ရင်ပြီးတာပဲ"** ဟု ထင်နေတတ်ကြ၏။ **မိဘကျေးဇူးကို** ငွေကြေးနှင့်တန်ဖိုးဖြတ်ကာ ဆပ်နေလိုက်ကြသည်မှာ– မိန်းမကလည်း **သူ့မိဘဆီကို** တစ်လတစ်ခါပို့လိုက်၊ ယောကျ်ားကလည်း အားကျမခံပို့လိုက်၊ သည်လိုနှင့် ကိုယ့်လိပ်ပြာ ကိုယ်လုံအောင် ကြိုးစားကာ အများအမြင်မှာတော့ သားကောင်း သမီး အလိမ္မာကြီးတွေပေါ့။

"မိဘကို ငွေပေးရုံနဲ့ လုံလောက်ပါပြီ" လို့ဆိုတဲ့ ထိုပုဂ္ဂိုလ်များအတွက် မိမိလေ့လာ ဖတ်ရှုဖူးသော ဇာတ်လမ်းလေးတစ်ပုဒ်ကို နောက်ဆုံးပြောပြလိုက်ချင်သေး၏။ ရပ်ကွက်တစ်ခုတွင် အင်မတန် စရိုက်ဆိုးသည့် လင်မယားနှစ်ယောက်ရှိ၏။ တစ်ယောက်က အရက်ကို အလွန်အကျွံသောက်ကာ မူးလာရင် လူမှန်းသူမှန်းမသိတဲ့ ဆိုက္ကားသမား၊ တစ်ယောက်က ဈေးထဲမှာ ငါးရောင်းရရှာသည့် ငါးစိမ်းသည်၊ သူတို့နှစ်ယောက် ရေစက် ဆုံပုံဆုံနည်းကလည်း ရပ်ကွက်ထဲမှာ ဩချစရာ၊ အရက်မူးလွန်ပြီး ကင်းတဲတစ်ခုမှာ အိပ်ပျော်နေတုန်း၊ (ကားသမားတွေရန်ကိုကြောက်လို့ ခိုကိုးရာမဲ့ ပြေးလွှားလာခဲ့သည့်) အမျိုးသမီးက ဖြုန်းဆို သူ့နောက်မှာ ဝင်ပုန်းရင်း မထင်မှတ်ဘဲ ညားခဲ့ကြရသည့် ဇနီးမောင်နှံ၊ နာမည်က ကိုထွန်းရင်နှင့် မသိန်းမြ–တဲ့၊ ချစ်ခြင်းမေတ္တာလည်းမပါ၊ သံယောဇဉ်လည်းမရှိ၊ ဟိုကြောက်သည်ကြောက်နှင့် ညားခဲ့ကြသည်မို့ နေ့လည်း တကျက်ကျက် ညလည်းတကျက်ကျက် ရန်ဖြစ်တတ်ကြ၏။ ရပ်ကွက်ထဲမှ အိမ်နားနီးချင်း များ ဆယ်အိမ်မှူး ရာအိမ်မှူးများ နေ့စဉ်နှင့်အမျှ ဖြေရှင်းပေးလို့ကမဆုံးနိုင်၊

(လင်နဲ့မယား လျှာနဲ့သွား–ဆိုတာလို လင်ကရှာရှာလာသမျှ မယားကသွားသွား ဖြုန်းလို့ လျှာနှင့်သွားပမာ တစ်ခါတစ်ရံမှ ထိမိခိုက်မိကြသည်မဟုတ်)၊ ကိုထွန်းရင်ကလည်း အရက်သမားပီပီ စရိုက်ကြမ်းကြမ်း၊ မသိန်းမြကလည်း ငါးစိမ်းသည်ပီပီ နှုတ်သီးကစွာ တာတာ၊ ဝါသနာမတူညီ၊ စရိုက်ကိုယ်စီမို့ ခုနစ်သံချီပြီး ရန်ပွဲကို အမြဲနွှဲနေကျ။

သည်လိုနှင့်နေလာခဲ့ကြရာ တစ်နေ့မှာတော့ သူတို့လင်မယားနှင့် ဘယ်လိုမှပတ် သက်ဆက်နွယ်သည်ဟု မထင်ရလောက်အောင် ချောမောလှပသည့် အသက်နှစ်ဆယ် အရွယ် မိန်းမပျိုလေးတစ်ယောက် သူတို့အိမ်ကို ဆိုက်ဆိုက်မြိုက်မြိုက်ရောက်လာခဲ့တော့ ၏။ အလှတွင် အယဉ်ဆင့်–ဆိုတာလို မျက်နှာလေးက လှပရုံမက ကျက်သရေရှိလွန်းလှ ၏။ မျက်နှာအချောအလှလေးကို မြင်လိုက်သည်နှင့် သဘောမနောကောင်းမည့်သူလေး

ဖြစ်ကြောင်း မသိန်းမြက မှတ်ချက်ပြုလိုက်၏။

ငင်းမိန်းကလေးသည် ကိုထွန်းရင်၏ ပထမအိမ်ထောင်မှ မွေးခဲ့သော သမီးကလေး မေမိုးဝသန်-ပင်ဖြစ်ပါသတဲ့၊ မိခင်ဖြစ်သူ ကွယ်လွန်သွားပြီမို့ အဖွားတွေ လက်ထဲမှာ ကြီးပြင်းလာခဲ့ရသည့် မေမိုးဝသန်၊ ယခုသူမ၏ဖခင် ကိုထွန်းရင်ဆီကို ဘာလာလုပ်တာလဲ-ဟု ထွန်းရင်ကိုယ်တိုင်က နားမလည်နိုင်၊ ငိုင်တိုင်တိုင်နှင့် ငေးကြည့်နေသည့်ဖခင်အား သမီးလေး မေမိုးဝသန်က "သမီး အဖေ့ကျေးဇူးတွေ ဆပ်ချင်လို့လာခဲ့တာပါ၊ အဖေ သမီးကို တစ်နှစ်တော့ လက်ခံပါ"ဟု ပြောသည့်အခါ၊ အဖေရင်းဖြစ်တဲ့ ထွန်းရင်ကတော့ ဘာပြောနေမလဲ၊ စကားတစ်လုံးတည်း "သမီး နေမယ်ဆိုနေပေါ့"တဲ့၊

ဒါပေမယ့် အဖေ့မိန်းမ မသိန်းမြက သိပ်မကြည်ချင်၊ ဘဝင်ကမကျ နှုတ်က ရေရွတ်သည်မှာ "အဖေ့ကျေးဇူး ဆပ်ချင်တယ်ဆိုရင်လည်းပဲ ငွေလေးဘာလေး ထောက်ပံ့ပေးရင်ပြီးရောပေါ့"တဲ့၊ ဒီလိုနဲ့ပဲ လမ်းလုံးကျော် ရပ်လုံးကျော် အိမ်တော်ကြီးမှာ မိသားစုသုံးယောက်ဖြစ်သွားလေတော့၏။

သမီးလေး မေမိုးဝသန် ရောက်ပြီးနောက်တစ်နေ့မနက် ဝေလီဝေလင်းအချိန်မှာ အရက်သမားထွန်းရင်နှင့် ငါးစိမ်းသည် မသိန်းမြတို့၏ အိမ်ထဲမှ အင်မတန်သာယာတဲ့ကြေးစည်သံလေး ထွက်ပေါ်လာ၏။ မေမိုးဝသန်ရဲ့ ဘုရားရှိခိုးသံ မေတ္တာပို့သံတွေကြားရသည့်အခါ အားလုံးတအံ့တဩ ဖြစ်ကုန်ကြ၏။ ကလေးမလေးသည် မြန်မာ့ရိုးရာယဉ်ကျေးမှုတွင်မကပဲ စစ်မှန်သည့်ဗုဒ္ဓဘာသာဝင်တစ်ယောက်လို ပီပီပြင်ပြင် ရှိသေကိုင်းရှိုင်းသူတစ်ယောက်ဖြစ်မှန်း တစ်ရပ်ကွက်လုံးသိလိုက်ကြရတော့၏။

ဘယ်တုန်းကမျှ ဆွမ်းလောင်းလေ့မရှိတဲ့ သူတို့ရဲ့အိမ်ကို ဆွမ်းခံကိုယ်တော်လေးတွေ ပင့်ဖိတ်ပြီး ကလေးမလေးက ဆွမ်းလောင်း၏။ ညဘက်ရောက်သည့်အခါ အဖေကို တစ်လှည့် မိထွေးကိုတစ်လှည့် နှိပ်နယ်ပေးရင်း ဘုရားအကြောင်း တရားအကြောင်း သူ့အသိပညာအတိုင်းအထွာလေးနှင့် ပြောပြလေ့ရှိပါသတဲ့။

**(မှတ်ချက်**-မိခင်နှင့်အဘွားတို့၏ ထိန်းကွပ်မှုအောက်မှာ လူလားမြောက်ခဲ့ရသည့် မေမိုးဝသန်၊ သည်ကလေးမ၏ လိမ္မာရေးခြားရှိပုံကို တွေ့မြင်ရသည့်အခါ လောကနီတိဆရာ၏ **အဆိုပြုချက်တစ်ရပ်ကို** သွား၍သတိပြုမိတော့၏-

* **အမိအုပ်ထိန်းသောသမီးနှင့်** အဘအုပ်ထိန်းသောသမီး မတူ၊ အမိအုပ်ထိန်း**သော သမီးက သိမ်မွေ့သည်၊** ကျွန်ရှိသည်၊ လိမ္မာရေးခြားရှိသည်။

* **အမိအုပ်ထိန်းသောသားနှင့်** အဘအုပ်ထိန်းသောသားသည်မတူ၊ အဘအုပ်ထိန်းသောသားက လိမ္မာရေးခြားရှိသည်။

* အမိရောအဘရောနှစ်ဦးစလုံးအုပ်ထိန်းသော သားသမီးများသည် ပို၍လိမ္မာရေးခြားရှိသည်၊ လူတော်လူကောင်းလေးများ ဖြစ်လာတတ်သည်၊ သမီးမိန်းကလေးကိုအုပ်ထိန်းရန် အမိတွင်ပို၍တာဝန်ရှိသည်၊ သားယောကျ်ားလေးကိုထိန်းသိမ်းကွပ်ညှပ်ရန် အဖတွင် ပို၍တာဝန်ရှိဘိ၏၊ ဤသည်မှာ လောကနီတိ၏အဆိုဖြစ်၏။)

မေမိုးဝသန်က သူ့အဖေကိုလည်း (**အရက်မသောက်ပါနဲ့လား အဖေရယ်**) ဟု တစ်ခွန်းမှမပြော၊ ထိုနည်းတူ သူ့မိထွေးကိုလည်း (**ငါးမရောင်းပါနဲ့လား အမေရယ်**) ဟု တစ်ခွန်းမှမဟ၊ ဘာမျှမကြာလိုက်တဲ့ တစ်နှစ်တာမပြည့်တပြည့် အချိန်ကလေးမှာ ကိုထွန်းရင်တစ်ယောက် အရက်ပြတ်သွား၏၊ ဒီတစ်ယောက်ပဲလားဆိုတော့ မဟုတ်သေးပါ၊ မသိန်းမြလည်း ငါးမရောင်းတော့ပဲ မိန်းကလေးအဝတ်အထည်တွေချုပ်တဲ့ အပ်ချုပ်ဆိုင်ကလေးဖွင့်လိုက်ပါတော့၏၊ (အချိန်ကလည်း တက္ကသိုလ်ကျောင်းသူတွေ မြန်မာဆန်ဆန်အဝတ်အစားတွေ ဝတ်ရမည့်အချိန်အခါဖြစ်နေလေတော့ အဆင်ပြေလိုက်သည်မှာ အတိုင်းထက်အလွန်ပင်)

မထင်မှတ်လောက်အောင် ပြောင်းလဲသွားသော သည်မိသားစုလေးကိုကြည့်၍ တစ်ရပ်ကွက်လုံး တအံ့တသြဖြစ်ကုန်ကြ၏၊ သူတို့အိမ်ကလေးထဲမှထွက်ပေါ်လာသည့် ဝတ်ရွတ်သံကိုနာခံရင်း နေ့စဉ်နှင့်အမျှ ကြားနေရသည့် သမီးလေးမေမိုးဝသန်၏ ဘုရားရှိခိုးသံ ကြေးစည်သံများကြောင့် အားလုံးမှာ ဝမ်းသာပီတိဖြစ်ကာ စိတ်ချမ်းသာသွားကြ၏၊ သြော်– တစ်နှစ်ဆိုသည်မှာ ဘာမျှပင်မကြာလိုက်၊ အဘွားတွေက မေမိုးဝသန်ကိုပြန်လာခေါ်ကြပြီမို့ လင်မယားနှစ်ယောက်လုံး ဗြုန်းခနဲဝမ်းသာ, ဗျာကယာဝမ်းနဲ့ဆိုတာလို ဖြစ်ကုန်ကြတော့၏။

သို့သော် သမီးလေးရဲ့ရှေ့ရေးအတွက် ကိုထွန်းရင်နဲ့ မသိန်းမြတို့လည်း – မငြင်းသာတော့ပဲ ဝမ်းနည်းစွာနှင့် ပြန်ခွင့်ပြုလိုက်ကြရ၏၊ ပြန်ခါနီးလေးမှာ မေမိုးဝသန်က သူ့မိထွေး မသိန်းမြကို မေးသည်မှာ "မေမေ သမီးကိုချစ်ရဲ့လား"တဲ့၊ မသိန်းမြကလည်း ရှိုက်ကြီးတငင်နဲ့ "ချစ်တာပေါ့ သမီးလေးရယ်"ဟုပြောကာ ငိုရှာလေ၏၊ "**သမီးကိုချစ်ရင် သမီးကိုယ်စား ဖေဖေ့ကိုချစ်ပါနော်၊ ဖေဖေ့အတွက် သမီးအကောင်းဆုံးကျေးဇူးဆပ်နိုင်တာ မေမေပါပဲ**"လို့ပြောပြီး မိဘနှစ်ပါးကို ရှိခိုးဦးချကာ သူ့အဘွားတွေရဲ့ပါရာဒိုကားကြီးနဲ့ ရပ်ကွက်ထဲမှ ထွက်ခွါသွားပါတော့၏၊ ထွန်းရင်တို့ မသိန်းမြတို့နည်းတူ တစ်ရပ်ကွက်လုံး စိတ်မကောင်းကြ။

"**သည်ကလေးမနှယ် အဖေကိုကျေးဇူးဆပ်ချင်ရင် ပိုက်ဆံလေးဘာလေးပေးလည်းပြီးရော**"ဟု ပြောခဲ့ကြသည့်ပုဂ္ဂိုလ်များ ပြောမိသည့်စကားအတွက် နောင်တရကြ

လိမ့်မည်ထင်ပါကြောင်း။

## ဆဋ္ဌမပိုင်း ပြီး၏

## အဖေရင်းအမေရင်းကို ပယ်ရှင်းနိုင်ကြပါစေ

ဤမျှသောစကားအစဉ်ဖြင့် မိဘနှင့်သားသမီးတို့၏အကြောင်းကို လောကုတ္တရာ လောကီနှစ်လီသောသာဓကများဖြင့် တန်းဆာဆင်ကာ ကောင်းနိုးရာရာရွေးချယ်တင် ပြခဲ့ပြီးဖြစ်၏။

ဤသီတာရေစင်ကို ဖတ်ရှုပြီးသည့်နောက် အမိ–အဖတို့၏ အေးမြကြည်လင်သည့် အနှိုင်းမဲ့မေတ္တာရေစင်ကို လိုက်လိုက်မြမြ ခံစားသောက်သုံးပြီး မိဘနှစ်ပါးအား တစ်ပြန်တစ်လှန် လုပ်ကျွေးမွေးမြူကာ မငြီးမငြူ ပြုစုနိုင်သော သားလိမ္မာ သမီးရတနာများ ထောင်သောင်းသိန်းသန်းမက ပေါ်ထွန်းလာနိုင်ပါစေ၊ ကမ္ဘာပေါ်မှာ ရှိရှိသမျှ မိဘတိုင်း သားသမီးများ၏ နွေးထွေးလုံခြုံသည့် မေတ္တာအေးရိပ်ကို ခိုလှုံနိုင်ကြပါစေ၊ ထို့ထက်ပို၍ဆိုရလျှင် မိရင်းဖရင်းကို ပယ်ရှင်းလျက် ဗုဒ္ဓဘာသာဝင်တို့၏ပန်းတိုင် နိဗ္ဗာန်တိုင်အောင် မျက်မှောက်ပြုနိုင်ကြပါစေ–ဟု ဆုတောင်းမေတ္တာပို့လိုက်ရပါသည်။

ရှင်းပြဦးအံ့–လောကလူသားများ၏ အဖေရင်းအမေရင်းဟူသည် တရားသဘောနှင့်ကြည့်လျှင် နိဗ္ဗာန်မရမီ ဘဝသံသရာခရီးသွားကြရာ၌ တစ်ဘဝနှစ်ဘဝမျှသာ မဟုတ်ပဲ၊ ဒီဘဝမှာလည်း အဖေ၊ နောင်ဘဝမှာလည်းအဖေ–စသည်ဖြင့် ဘဝဆက်တိုင်း အဖေအမေဖြစ်နေမှသာ အဖေရင်း အမေရင်းဟု ခေါ်ထိုက်၏၊ ဒီဘဝမှာ ခေတ္တခဏတော်ရုံ မျှနှင့်တော့ အဖေရင်း အမေရင်း မခေါ်ထိုက်ပေ၊ ဒီဘဝအဖေတော်သူသည် နောင်ဘဝမှာ ကိုယ့်သားဖြစ်ချင်ဖြစ်မည်၊ ယခုဘဝ အမေတော်သူဟာလည်း နောင်ဘဝမှာ ကိုယ့်သမီး ဖြစ်ချင်ဖြစ်မည်။

ကရွတ်ခွေပေါ်ကင်းလျှောက်နေသလိုမျိုး၊ ကြက်ဥတစ်လုံးပေါ် ပုရွက်ဆိတ်လေးတစ်ကောင် လမ်းလျှောက်နေသလိုမျိုး အစကဘယ်မှာ အဆုံးကဘယ်ဆီ မသိနိုင်ပြီဖြစ်တဲ့ ဘဝသံသရာ ခရီးရှည်ကြီးအတွင်းမှာ ပြေးလွှားနေကြရသည့်သတ္တဝါတွေက အနန္တ၊ တစ်ဦးနှင့်တစ်ဦး တစ်ယောက်နှင့်တစ်ယောက် အတိုင်အဖောက်အပြန်အလှန် အဖေ အမေမတော်ခဲ့ဖူးတဲ့ပုဂ္ဂိုလ်တွေမရှိသလို၊ သားသမီးမတော်ဖူးတဲ့ပုဂ္ဂိုလ်တွေလည်း ရှိနိုင်မည် မဟုတ်ပေ၊ ရှေးဘဝရေစက်ကြောင့်သာ ဒီဘဝမှာ ခေတ္တခဏ မိဘအဖြစ်လာ၍ ဆုံးစည်းကြရခြင်းသာဖြစ်၏၊ ထို့ကြောင့် မိရင်း၊ဖရင်း–ဟု မခေါ်သာ။

အမှန်စင်စစ် ဘဝဆက်တိုင်းတော်စပ်နေသည့် အမေရင်းအဖေရင်းတို့မှာ တဏှာနှင့် အသ္မိမာနတို့ပင်ဖြစ်၏။ သုံးပါးသောဘဝတို့၌ သတ္တဝါတို့ကို ဖြစ်စေတတ်သောကြောင့် အမိကိုတဏှာဖြင့် နိုင်းနှိုင်းရခြင်းဖြစ်၏။

**(ဇာီသု ဘဝေသု သတ္တာနံ ဇနနတော တဏှာ မာတာ နာမ)**၊ အဖကို အသ္မိမာနဖြင့် နိုင်းနှိုင်းရခြင်းကတော့ "ငါသည် ဤမည်သောမင်း၏လည်းကောင်း ဤမည်သောအမတ်၏လည်းကောင်း သားတည်း"ဟု အဖကိုမှီ၍ ငါဟူသောမာန၏ ဖြစ်ခြင်းကြောင့်–ဤသို့ နိုင်းနှိုင်းရခြင်းဖြစ်ပါသတဲ့၊ **(အဟံ အသုကဿ နာမ ရညောဝါ ရာဇမဟာမတ္တဿဝါ ပုတ္တောတိ ပိတရံ နိဿာယ အသ္မိမာနဿ ဥပ္ပဇ္ဇနတော အသ္မိမာနော ပိတာ နာမ)**။ [ဓမ္မပဒ ပါ– ၄– ၂၁၊ ပကိဏ္ဏကဝဂ်]

ဘဝသံသရာအဆက်ဆက် ဖြစ်လေရာဘဝတိုင်းမှာ အမြဲတမ်းပါ၍ ခန္ဓာကိုယ် အမျိုးမျိုးကို မွေးဖွားပေးနေသည့် တဏှာနှင့်အသ္မိမာန–ဟူသော မိရင်းဖရင်းတို့ကိုထောက်ဆပါက ယခုဘဝခေတ္တတော်စပ်ရသော အမေနှင့်အဖေမှာ မိထွေးပထွေးအဆင့်သာရှိတော့၏၊ သို့သော်လည်း သည်တစ်ဘဝအတွက် အလွန်တရာကျေးဇူးများသော ပုဂ္ဂိုလ်များ ဖြစ်နေကြသောကြောင့် (မိရင်းဖရင်းကိုရှင်းပါဆိုလို့) ၎င်းပုဂ္ဂိုလ်နှစ်ယောက်ကိုတော့ သွားမသတ်လေနှင့်၊ ပဉ္စာနန္တရိယကံကြီးထိုက်သွားလိမ့်မည်၊ အမှန်တကယ်ပယ်သတ်ရမည့် မိရင်းဖရင်းမှာ တဏှာနှင့်အသ္မိမာနပင်ဖြစ်၏။

ထို့ကြောင့် ဤသီတာရေစင်အမည်ရသောစာအုပ်ကို ဖတ်ရှုသူအားလုံး ဝိပဿနာ ဉာဏ်ပညာတည်းဟူသော အစွမ်းထက်သည့်လက်နက်ဖြင့် ဘဝအဆက်ဆက် တော်စပ်နေသော (ဝါ) ဘဝများစွာ၌ ခန္ဓာအမျိုးမျိုးကိုမွေးဖွားပေးနေသော တဏှာတည်းဟူသော အမိရင်းကိုလည်းကောင်း အသ္မိမာနတည်းဟူသော အဖရင်းကိုလည်းကောင်း ရှင်းလင်းပယ်သတ်နိုင်အောင် ကြိုးစားနိုင်ကြပါစေ။

**မာတရံ ပိတရံ ဟန္တွာ အနီဃော ယာတိ နိဗ္ဗာနံ**–ဟု ဆိုသည့်အတိုင်း ဘဝသံသရာအဆက်ဆက် ခန္ဓာများစွာကို ပုံစံအမျိုးမျိုး၊ နေရာဌာနအမျိုးမျိုးမှာ မွေးဖွားပေးနေသည့် တဏှာနှင့်အသ္မိမာန မိရင်းဖရင်းတို့ကို အကြွင်းမဲ့ပယ်သတ်နိုင်၍ နိဗ္ဗာန်တိုင်အောင် မျက်မှောက်ပြုနိုင်ကြပါစေ– ဟု ဆန္ဒပြုလိုက်ရပါတော့သည်။

**အရှင်သီရိကဥ္စနာဘိဝံသ**

**၀၅၇–၂၄၀၃၄**


သီတာရေစင်
အရှင်သီရိကဉ္စနာဘိဝံသ
ဤသီတာရေစင်စာအုပ်သည်
မိဘနှင့် သားသမီးတို့၏ အကြောင်းကို
ထူးခြားသော အတွေးအခေါ်
ပေါ်လွင်သော အရေးအသား
ထင်းရှားသော အဖြစ်အပျက်
ထက်မြက်သည့် အယူအဆ
စုံလှသည့်အကြောင်းအရာ
သာယာသည့် စကားလုံးအသုံးအနှုန်းတို့ဖြင့်
ယထာဘူတကျကျ ခြယ်မှုန်းတင်ပြထားသည်။
ဒွါဒသမအကြိမ်